
www.burmeseclassic.com

# လရောင်ကျေးရှင်

## သုံးပါးသွားလေးကချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

# လရောင်ကျော်ဦးရှိုင်

သုံးပါးသွားလေးကချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁]

'ပြောတော့မပြောချင်ပါဘူး' လို့ အစချီကာ ပြောသွားလိုက်တာတွေက မပါမပြီးတာတွေရော .. ပါမှ ပြည့်စုံမှာဆိုတွေရော ..။

အမိကအကြောင်းရင်းကျတော့ ဒီအိမ်မှာ ကြာကြာနေလို့မဖြစ်တဲ့ အကြောင်း ..၊

"ငါတို့က ဆွေမျိုးနီးစပ်တွေဆိုပေမယ့် ဟိုးအရင် မိဘဘိုးဘွားတွေတုန်းက တောမှာ တော်စပ်ခဲ့ကြတာလေ ..၊ မြို့ကိုရောက်လာပြီးကတည်းက အမေတို့လည်း တောကို တစ်ခါမှ မပြန်ဖြစ်တော့ဘူး၊ ငါတို့ကနေ ထပ်ဆင့်ပွားလာတဲ့ သားသမီးတွေဆို တောကလူတွေ တစ်ခါတလေလာရင်တောင် ဘာဆိုင်လို့ အိမ်မှာလာတည်းကြတာလဲ လို့ မေးသေးတာ၊ ဘယ်လိုတော်တယ် ဘယ်လိုစပ်တယ်ဆိုတာကို မိဘက ပြောပြနေရတယ်"

ဒေါ်မြနွယ် က အကျီတွေ မီးပူတိုက်ပေးနေသည့် သက် ရဲ့ဘေးက ကုလားထိုင်မှာထိုင်ကာ အပေါ်စီးကနေ ကျကျနန ပြောနေတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း ညည်းကို ငါ့သားတွေနဲ့ မောင်နှမဝမ်းကွဲတော်ပါတယ်ဆိုတာ ပတ်ဝန်းကျင် သိပ်ယုံကြတာ မဟုတ်ဘူး၊ ညည်းလည်း ခုလောက်ဆို သိနေမှာပါ၊ ငါ့ရဲ့သားတော်မောင် သားကြီးသြရသ လေ.."

အကြီးဆုံးသား အောင်ဦး ကို ဒေါ်မြနွယ် က ပြောဆိုမကောင်းလို့ စိတ်တိုလာတိုင်း သားကြီးသြရသ လို့ ခေါ်နေကျ ..။

သားသုံးယောက်ရှိနေပြီး သုံးယောက်စလုံးက ခပ်ချောချော ခပ်ပွေပွေတွေဖြစ်ကာ အကြီးကောင် အောင်ဦး က နာမည်ကျော် ဖြစ်သည်။

ကျောင်းပြီးစတုန်းက တစ်ခါ မိန်းမခိုးလာပြီး မိန်းကလေးရှင်ဘက်နှင့် ဘယ်လိုမှညှိနှိုင်းမရသောအကြောင်းတွေဖြစ်လာကာ နှစ်ဖက်စလုံး နောက်ပြန်ဆုတ်လိုက်ကြသည်။

သမီးရှင်က ကိုယ့်သမီး အပျိုပြန်မဖြစ်နိုင်တော့မှန်းသိတာတောင် အောင်ဦး နှင့် ဘယ်လိုမှသဘောမတူသောကြောင့် မရအရ ပြန်ခွဲသွားခဲ့၏။ အောင်ဦး ကတော့ သူ့ကိုယ်သူ လူပျိုအညွန့်ကျိုးမခံနိုင်ဟုဆိုကာ မိန်းမခိုးလာတာမှန်းသိနေပြီးကြသည့် ပတ်ဝန်းကျင်ကို မိန်းမ မဟုတ်ဘူးလို့ ပြောင်ညာသည်။

တောက ညီမဝမ်းကွဲ ခဏလာနေတာဟု သတင်းလွှင့်ပစ်၏။ ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်မြနွယ် က အကြောင်းပြကောင်းကာ ...

"သူ့ကို မယုံကြတဲ့လူတွေက ညည်းကို အောင်ဦး နဲ့ထင်တဲ့လူက ထင်နေတယ်၊ ကိုယ်က မောင်နှမတွေပဲဆိုပြီး နေရဲပေမယ့် လမ်းပေါ်ထွက်လိုက်တိုင်း ကိုယ် မသိဘဲ သိက္ခာကျနေမှာ"

သက် က မီးပူကို ဘေးမှာထောင်ထားလိုက်ကာ ခလုတ်ပိတ်၍...

"သက် ကလည်း ဒီမှာနေချင်လွန်းလို့ မဟုတ်ပါဘူး အန်တီမြရယ်.."

"ဩော် .. ညည်းကိုလည်း နေချင်တာပါလို့ ငါက ပြောနေတာ





မဟုတ်ဘူးလေ၊ ဒီမှာက သားလူပျို သုံးယောက်ရယ် .. သမီးကြီးရဲ့ ယောက်ျား ကျော်ဇင် ရယ် .. သမီးကြီးက ဆုံးသွားပြီဆိုတော့ ဒီမှာပဲ ယောက်ျားလူလွတ် လေးယောက် .. ငါက မိုးလင်းမိုးချုပ် အိမ်မြဲတာ မဟုတ်ဘူး"

သက် က ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်ကဲ့ပါ .. သက် ပြောတာကို ခဏလေး နားထောင်ပါဦး၊ သက် ဒီတစ်ခါပဲ တောင်းဆိုမှာပါ"

လုပ်ပြန်ပြီဆိုသည့်မျက်နှာနှင့် ဒေါ်မြနွယ် နှုတ်ခမ်းတွေ ဖိကပ်ပြီး မဲ့သည်။ ကြမ်းပေါ်ချထားသည့် ခြေထောက်နှစ်ဖက်ကို ဆွဲတင်၍ ကုလားထိုင်ပေါ်မှာ တင်ပလ္လင်ခွေပြောင်းထိုင်လိုက်တာ မညင်မသာစွာဖြင့်...

"ပြော .. ဘာလဲ"

"မမတို့သားအမိ ဒီကိုလာမှာပါ၊ သူလာမယ်ဆိုလို့ စောင့်နေရင်းနဲ့ သက် ဒီမှာပဲ သောင်တင်နေတာ အန်တီမြ သိပါတယ်"

"သိတယ်လေ .. အခု တစ်လပြည့်တော့မယ် ညည်းအစ်မ လာလို့လား၊ နောက်ပြီး ညည်းပြောပုံအရဆို ချိုအေး ခမျာလည်း သနားစရာပဲ၊ တစ်ဆွေတစ်မျိုးလုံးမှာ ဒီတစ်ယောက်ပဲ သဘော်သားနဲ့ညားပြီး အခြေအနေလေးနဲ့ ဖြစ်သွားတယ်၊ တစ်မျိုးလုံးက ဝိုင်းမှီခိုနေကြတယ်၊ ဟိုမှာလည်း သူ့အိမ်ထောင်နဲ့ သူ၊ ယောက္ခမ ယောက်မ ဆိုတာလည်း ပြောစရာ အကွက်ရှာနေတာမျိုးအေ့၊ ညည်းတို့ကို သူ ဘယ်လောက် ထောက်ပံ့နိုင်မှာလဲ"

"အဲဒါက ဟုတ်ပါတယ်၊ ဒါပေမယ့် အခု မမက အိမ်ခွဲနေဖို့ လာမှာပါ၊ သူ့ယောက်ျားနဲ့တိုင်ပင်ပြီး အားလုံး အဆင်ပြေလို့ လာမှာပါ၊ သူ့မှာ ကလေးတစ်ယောက်နဲ့ဆိုတော့ သက် ကလည်း ရန်ကုန်မှာ အလုပ် လာလုပ်နေပြီး နေရေးထိုင်ရေး အဆင်မပြေဖြစ်နေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ငါ တွက်မိတာပဲ၊ ညည်း ဒီမှာ ဒုက္ခရောက်နေတယ် ဆိုကတည်းက အစ်မဖြစ်တဲ့သူက ဟိုမှာ သက်ပြင်းမချနိုင် ဖြစ်နေမှာပေါ့၊ ဒါကြောင့် ရှဥ်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်အောင် ယောက်ျားကို စည်းရုံးပြီး လုပ်လာတာနေမှာ၊ အေးပေါ့လေ .. သူလည်း ဟိုမှာ သွားလာဖို့ အဆင်မပြေသေးလို့ ဖြစ်မှာပါ"

"မဟုတ်ဘူး အန်တီမြ၊ သူ့ယောက်ျား သင်္ဘောပြန်တက်မယ့် အချိန် တစ်လနောက်ဆုတ်သွားလို့ မလာဖြစ်သေးတာပါ၊ သူ သင်္ဘောတက်သွားတာနဲ့ မမက ဒီမှာလာပြီး အခြေချမှာ"

"အေး .. စောင့်တော့စောင့်ပေါ့၊ ဒါပေမယ့် ဒီတိုင်းတော့မဖြစ်ဘူးနော်၊ အချိန်ကန့်သတ်မှ ရမှာ ..၊ အဲဒီအချိန်ထိ စောင့်လို့မှ မလာသေးရင်တော့ ညည်း ပြောင်းပေးရမယ်"

"ဟုတ်ကဲ့ပါ"

"ငါကလည်း တွက်ကြည့်ပြီးမှ ကန့်သတ်မှာပါ၊ ဒီကြားကာလမှာ အကယ်၍ ညည်းအစ်မ မလာခဲ့ရင် ပြောင်းရွှေ့နိုင်အောင် ညည်းလည်း ကြိုတင်စီစဥ်ထားလို့ ရတာပေါ့"

သက် ခေါင်းညိတ်လိုက်သည်။ မီးပူကို ခလုတ်ပြန်ဖွင့်ပြီး အလုပ်ဆက်လုပ်နေလိုက်တာနှင့် ဒေါ်မြနွယ် လည်း ထထွက်သွားလေသည်။

ဘဝကံကြမ္မာ မျက်လှည့်အပြကောင်းလွန်းတော့ သက် တို့ ညီအစ်မနှစ်ယောက်ရဲ့အခြေအနေက ဟိုတုန်းက ရွှေမင်းသမီး .. နောက်တစ်လှည့်မှာ ငွေမင်းသမီး ..၊

ဒီနေ့ အချိန်အခါမှာကတော့ သူများတကာရဲ့ အပစ်ပယ်ခံ.. မလိုလားထိုက်သော ချေးထုပ်တစ်ထုပ်လို ..၊ ဒီထဲမှာ မမတော့ မပါခဲ့ပါ..။

အိမ်မှာ ဖေဖေ ကျန်းမာရေးချို့တဲ့သွားကတည်းက စီးပွားရေးအခြေအနေမကောင်းတော့ဘဲ ဖေဖေ ဆုံးသွားတော့ ရှိတဲ့စီးပွားရေးပါ ပြုတ်သွားသည်။





ဘာမှမကြာလိုက်ဘဲ နောက်ထပ် တစ်ခုပြီးတစ်ခု ပျောက်ပျက်ဆုံးရှုံးကုန်ကာ မေမေ ဆုံးသွားတာနှင့် ဖေဖေဆုံးသည့်အချိန်ဟာ တစ်နှစ်ကျော်ကျော်လေးပဲ ကြာသည်။

ညီအစ်မနှစ်ယောက် တက်ညီလက်ညီ ကြိုးစားကြဖို့ တိုင်ပင်တုန်းက အကောင်း၊ ဆွေမျိုးထဲမှာ သက်ကြီးပိုင်းထဲက အဒေါ်နှစ်ယောက်ကို အိမ်မပေါ်ခေါ်တင်ကာ မိဘအုပ်ထိန်းသူလို နေရာပေး၍ ရှိတာလေးနဲ့ ထူမတ်ရပ်တည်ကြဖို့ ဖြစ်သည်။

ဒါပေမယ့် ဘာမှမထူမတ်နိုင်သေးခင် အဒေါ်နှစ်ယောက်၏ စုဆောင်းကောင်းမှုကြောင့် တောပိုင်းက တစ်ဆွေတစ်မျိုးလုံး အိမ်ပေါ်ရောက်လာခဲ့ကြသည်။

ရန်ကုန်မြို့ကြီးနဲ့စာရင် တောလို့ခေါ်နိုင်ပေမယ့် သက် တို့ မြို့လေးပေါ်ကနေ ပိုဝေးသည့်နေရာတွေကို မြို့ရဲ့တောပိုင်းလို့ ခေါ်သေးသည်။ နောက်တော့ ခြံကျယ်ဝင်းကျယ်နှင့် နှစ်ထပ်တိုက်ကြီးပေါ်ကနေ သက် တို့ ခြံကျဥ်းကျဥ်း ပျဥ်းခင်းထရံအိမ်သေးသေးလေးပေါ် ရောက်သွားခဲ့၏။

သက် က ကံတရားလို့ သတ်မှတ်နိုင်ပေမယ့် မမက ပိုပြီး စိတ်ပျော့တဲ့သူမို့ ဒီဒဏ်တွေကို မခံနိုင်ပေ။

သံတွဲမြို့က သူဌေးသားဆိုသည့်လူကို ဘယ်လိုလူမှန်းမသိ၊ လူရိုးလား လူကောင်းလား မခွဲခြားဘဲ သက် က တားနေသည့်ကြားကနေ ခိုးရာလိုက်ပြေးသွားခဲ့သည်။

"အဲဒါတော့ ကံတရားပဲ သက်၊ ဆွေမျိုးတွေနှိပ်စက်လို့ ငါတို့အိမ်နဲ့ခြံလည်း ပြုတ်ပြီ၊ ဘာမှလည်း မရှိတော့ဘူး၊ ကိုယ်က ခေါ်မိတာကိုယ့်အပြစ်လို့ နင် ဖြေနိုင်ပေမယ့် ငါ မဖြေနိုင်ဘူး၊ လူလိမ်ခံရရင်တောင် သံတွဲမှာ ငါ ဘဝပျက်နေလည်း ဒီမြို့ကို ငါ ပြန်လာမှာမဟုတ်ဘူး"

လို့ပြောကာ ပြောပြီးတဲ့နောက်နေ့မှာ လိုက်သွားခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့လိုက်မှာပဲဆိုတာ သိပေမယ့် ဒီနေ့မနက်ဖြန်ဆိုတာ မထင်ခဲ့တော့ စာဖတ်ရမှပဲ သိခဲ့ရသည်။ ဒါပေမယ့် မမ ကံကောင်းခဲ့ပါသည်။ သူ့ယောကျ်ားက သူ့ကို ချစ်သည်။ ပြီးတော့ မမနဲ့လက်ထပ်ပြီးမှ သင်္ဘောမှာ Second Officer ဖြစ်သွားခဲ့၏။

ယောက္ခမဖြစ်သူတွေကတော့ ငါ့ချွေးမ လာဘ်ကောင်းလှသည်လို့ မတွက်ဘဲ ရာထူးမြင့်သွားသည့် သားနဲ့ မထိုက်တန်သည့်ပုံစံတွေ ဖြစ်လာခဲ့သည်လို့ မမက စာထဲမှာရေးသည်။

ဘာပဲဖြစ်နေနေ မမ အဆင်ပြေပြီဆိုကတည်းက သက် အတွက် ငွေကြေးကအစ အဝတ်အစားအထိ အားလုံးပဲ မမက ဒိုင်ခံ ပို့ပေးခဲ့သည်။ ဒေါ်လေးတို့ကလည်း မမကပို့လေ သုံးလို့ကောင်းလေ ..၊

ထို့ကြောင့် သက် ရန်ကုန်ကို အရဲစွန့်ပြီး ထွက်ခဲ့မိခြင်းဖြစ်သည်။ မမက သိတော့ တားပါသေးသည်။ မမ ပို၍ နစ်မွန်းမှာစိုးသည့်စိတ်နှင့် သက် ကိုယ့်ဘာသာ အလုပ်တစ်ခုရအောင် လုပ်ရင်း ဝင်ငွေကောင်းကောင်းရသည့်အလုပ် လုပ်နိုင်အောင် သင်တန်းတွေပါ တက်ခဲ့၏။

ခုတော့ ပို၍အဆင်ပြေကြပြီလို့ ထင်ခဲ့ပြီးမှ ..၊

မမ မြန်မြန်ရောက်လာပါစေ ..။





## အခန်း [၂]

"ငါ သွားတော့မယ်"

"အေးဟာ .. နင် အများကြီး လျှောက်ရဦးမှာနော်၊ စိတ်ညစ်လိုက်တာ"

စုစု ပြောတာကို သက် က ဂရုမစိုက်သလိုလေး ရယ်ပြကာ ...

"ညနေစောင်း လမ်းလျှောက်ထွက်သလိုပါပဲ စုစု ရယ် .."

ကားပေါ်ကဆင်းကြပြီးမှ နှစ်ယောက် လမ်းခွဲရမယ့်ထိပ်လေးမှာ ထမင်းချိုင့်လေးတွေ ကိုယ်စီကိုယ်ငှနှင့် မျက်နှာချင်းဆိုင် ရပ်မိကြပြန်သည်။ စုစု က သက် ကို တစ်ကိုယ်လုံး ဝေ့ပတ်ကြည့်ကာ ...

"နင့်အဖြစ်က သေချင်တဲ့ကျား တောပြောင်း ဆိုသလိုပဲနော်"

"ဒီလိုလည်း မဟုတ်ပါဘူးဟာ .. ငါ အဆောင်မှာနေပြီး အလုပ်လုပ်တယ်ဆိုတာ မမ မသိဘူးလေ၊ သိရင်လည်း သူ စိတ်ဖြောင့်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် အန်တီမြ အိမ်မှာနေတာလို့ ပြောထားတဲ့ အတိုင်း အဲဒီကပဲ သွားစောင့်ရတာပေါ့"

"နင့် အန်တီမြ ကုရော အဲဒီလိုပြောဖို့ ပိတ်ထားရဲ့လား၊ သူတို့ ပုံစံကြည့်ရတာ နင့်အပေါ်မှာ ဆွေမျိုးဆိုပြီး နွေးထွေးတဲ့ပုံ[illegible]ကို မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခွေမျိုးဆိုတာ စပ်နိုင်မှတော်တာကိုးဟ၊ ငါကလည်း ဘူးသီးမှ အရိုးတော်သလို ဖြစ်သွားတယ်လေ၊ ရန်ကုန်ရောက်နေပေမယ့် ခွေမျိုးတွေရှိနေတာကို လူစုံအောင်တောင် မြင်ဖူးတာ မဟုတ်ဘူး၊ တကယ် တစ်ခါမှကို မရောက်ဘူး အဲဒီကို .."

"နင့်အစ်မ ပြောင်းလာတော့မယ်ဆိုမှ သွားတာပေါ့"

"ဟုတ်တယ်၊ အောင်ဦး တို့ညီအစ်ကိုဆိုရင် ငါ့ကို သိတောင်မသိကြဘူး"

"လုပ်မနေပါနဲ့ သက် ရယ် .. နင့်အဒေါ်ပုံစံက ခုဖြစ်ဖြစ် .. တော်ကြာဖြစ်ဖြစ် အချိန်တိုင်းအတွက် အလိုရှိမှာမဟုတ်တဲ့ မျက်နှာကြီးပါ"

"အေးပါဟယ်၊ ကဲ .. သွားပါတော့ .. ငါလည်း နောက်ကျနေပြီ"

"သွားမှာပါ၊ နင့်ကို မေးမလို့"

"ဘာလဲ"

"နင့်ကို ပြောင်းပေးဖို့ပြောထားတဲ့ရက်က သုံးရက်ပဲ လိုတော့တာဆို .."

"အင်း .."

"နင့်အစ်မ မလာသေးရင် ဘယ်လိုလုပ်မှာလဲ၊ သူ့ယောက်ျား သင်္ဘောထွက်မယ့်ရက်လည်း ကျော်လာပြီဆို၊ ဘာလို့ မလာဖြစ်တာလဲဆိုတာ အကြောင်းလေး ဘာလေး မကြားဘူးလား"

ပြန်မလို့ လမ်းဘက်ကိုလှည့်လိုက်ပြီးမှ စုစု ဘက်ကိုပဲ ပြန်လှည့်လိုက်၍ ...

"အကြောင်းရှိလို့ ဖြစ်မှာပေါ့ စုစု ရယ် .. သူ့မှာ ယောက္ခမကရှိသေးတယ်လေ၊ ငါ့ဆီ အကြောင်းကြားဖို့က စာရေးဖို့ပဲရှိတယ်၊ ဖုန်းဆက်ရအောင်လည်း အနီးအနားမှာ လာခေါ်ပေးမယ့်ဖုန်းက မရှိဘူး၊ အလုပ်များတတ်တဲ့လူအတွက် စာရေးဖို့ကလည်း လွယ်တာမှ မဟုတ်တာ"





"ဒါလည်း ဟုတ်တာပါပဲ၊ တကယ်လို့ နင့်အတွက် အကျဉ်းအကျပ်ဖြစ်လာရင် ငါ့အဒေါ်အိမ်မှာပဲ လာငှားနေနော်၊ အိမ်ငှားရတာချင်းတော့ အတူတူပေါ့ဟယ်၊ ဒါပေမယ့် ငါ့သူငယ်ချင်းဆိုတော့ နင့်အတွက် အခွင့်အရေးရမှာပါ၊ နင့်အစ်မနဲ့ အဆင်မပြေသေးခင် တစ်လတန်သည် .. တစ်ပတ်တန်သည် နေမှာမျိုးဆို တခြားမှာ မဖြစ်နိုင်ဘူးလေ"

"အေးပါ စုစု ရယ် .. ငါကလည်း နင့်ကိုအားကိုးပြီး အန်တီမြပြောတဲ့အချိန်ကို လက်ခံလိုက်တာပါ၊ မမ အဲဒီလောက်ထိတော့ မကြာနိုင်ဘူးလို့ ထင်လို့လေ"

စုစု နဲ့ လမ်းခွဲလာတဲ့အထိ မမကို သတိရရင်း ခြေလှမ်းတွေက မလှုပ်တလှုပ် လှမ်းနေသလို ဖြစ်လာခဲ့သည်။ ထိုစဉ် ...

"ကရင် .."

"အမေ့!..."

ဆိုက္ကားဘဲလ်သံကို အနီးကပ် ကြားလိုက်ရသဖြင့် ထိတ်လန့်ကာ ဘေးကို အတင်းကပ်ပစ်လိုက်မိသည်။

"သတ္တိကတော့ကွာ .. ဆိုက္ကားဘဲလ်သံကိုတောင် ကဆုန်ပေါက်ထွက်သွားတယ်"

ဆိုက္ကားက အနားမှာပဲ ရပ်သွားသဖြင့် ကဲ့ရဲ့သံနှင့်အတူ လူကိုပါ မြင်လိုက်ရ၏။ သက် ရင်တုန်မပြေသေးဘဲ စိတ်တိုသွားသည်။

"အနားကပ်မှ တီးလိုက်တော့ လန့်သွားတာပေါ့၊ လူကို ကဆုန်ပေါက်သွားတယ်လေး ဘာလေးနဲ့ .."

အသားဖြူဖြူ ဆံပင်အလယ်ခွဲမကျတကျနှင့် မျက်နှာက ပြုံးစိစိရှိနေဆဲနှင့် ...

"အဲဒီအတိုင်းဖြစ်သွားတာ မင်းကိုယ်မင်း မသိပေမယ့် ဒီတိုင်းပဲမြင်လိုက်တာကိုး၊ ဟုတ်တယ်မို့လား ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုက္ကားသမားကိုတောင် ဆွဲထည့်လိုက်သေးသည်။ လူပုံက ရင်ခွင်ထဲမှာ သားရေအိတ်တစ်လုံးနှင့် ကျောနောက်မှာ ကလေးနှစ်ယောက်ကို ကပ်ကပ်သပ်သပ် တင်ထားသေးသည်။

ရှေ့တိုးကြည့်ပြီး ရန်တွေ့တော့မည့်ပုံ ပေါက်နေသည့် သက်ကြောင့် ဆိုက္ကားဆရာကြီး ခေါင်းတစ်ချက်ကုတ်ရင်း ...

"ကဲပါ ငါ့တူရာ .. လိပ်စာမေးမလို့ဆိုလည်း သိချင်တာပဲ မေးလိုက်ပါ၊ အပြောအဆိုမတည့်ရင်းနဲ့ ရန်ဖြစ်ကြပါဦးမယ်"

"ဟုတ်တယ် .. ဟုတ်တယ်၊ မေ့လို့ .. ဆောရီးနော်"

ပါးစပ်ပြင်လိုက်ပြီးမှ ဆောရီး ဆိုတော့ နားရင်းပြေးအုပ်ချင်စိတ်တွေ ဖြစ်သွား၏။

"မင်းကိုနောက်နေတာ မဟုတ်ပါဘူး၊ ဒီပါးစပ်ကိုက ရယ်စရာမောစရာတွေပဲပြောတတ်တာ အကျင့်ပါနေလို့"

ဆိုပြီး သက် ဘာမှပြန်မပြောရသေးခင် သူပဲ ဆက်၍ ...

"ဆောရီးနော် .. ကျေနပ်ပါ၊ ဟို .. မြဋ္ဌာလမ်းက ..."

"ရှေ့ကလမ်းပဲ"

"ဖြည်းဖြည်းပြောပါ .. ဒေါ်သက အလုံးလိုက် ပြန်ပါလာတယ်"

လှပ်ပြန်ပြီ ဒီလူ ..၊ သက် စူးစူးရဲရဲကြည့်လိုက်တော့ သူက နောက်ထပ် တောင်းပန်သည့်အပြုံးနှင့် လက်ကာ၍ ...

"ပြီးအောင်တော့ ဖြေခဲ့ပါလို့ ပြောချင်တာပါ၊ မြဋ္ဌာလမ်းက အိမ်နံပါတ် ၈၆ ၊ ဒေါ်မြနွယ် တဲ့ .. အဲဒီအိမ် ..."

"ဒေါ်မြနွယ် .."

"မင်း သိလား .."

လူကဲခတ်ကလည်း ကောင်းပါသည်။ သက် ကို ကြည့်ပြီး ချက်ချင်း သဘောပေါက်သွား၏။

"ဘာလုပ်မလို့လဲ ရှင်က ..."





"မင်း သိလား .. မသိဘူးလား အဲဒါ အရင်ဖြေစမ်းပါ၊ ဒီမှာ အရေးကြီးနေလို့"

"သိတယ်၊ ကျွန်မက ..."

"ရပြီ .. ရပြီ၊ အိုခေ"

သူ့ဘာသာ တွက်နည်းမဆုံးသေးဘဲ အဖြေချရေးသည်။ ပြီးတော့ ဆိုက္ကားပေါ်ကဆင်းကာ ကလေးနှစ်ယောက်ကိုပါ ချပေးပြီး ပိုက်ဆံထုတ်ပေး၏။

"ကျေးဇူးပဲ ဦးလေး"

လို့တောင် နှုတ်ဆက်လိုက်သေးသည်။ သူများဆီ မေးမြန်းလာတဲ့လူက နာမည်တစ်ခုကိုသိတာနဲ့ပဲ နာမည်တူတာလား၊ ဒီလိပ်စာ သေချာလား ဘာညာ မစုံစမ်း ..။

လမ်းပေါ်မှာ အထုပ်နဲ့ ကလေးတွေနဲ့အတူ ဆင်းကာ ကိုယ့်အိမ်ကိုယ့်ရာပဲ ပြန်ရောက်လာသလိုလို ..၊ ဒေါ်မြနွယ် ကို မေးထားတာမို့ သက် လည်း နေရာမှာပဲ ရပ်နေခဲ့သည်။

"ကဲ .. သွားရအောင်"

"ဘာ!..."

"မင်း အဲဒီဘက်ကိုပြန်မှာမို့လား၊ တို့ကို ဒီအိမ်ပဲလို့ လက်ညှိုးထိုးပြရုံပဲလေ"

"ရှင်ပဲ မေး .. ရှင်ပဲ သေချာနေပါလား၊ ဘယ်သူက လိုက်ပြပါ့မယ် ပြောနေလို့လဲ"

"ဟား .. မင်း မြန်မာလူမျိုးပဲကွ၊ ဒီလောက်လေးတောင် ကူညီရိုင်းပင်းလိုစိတ် မရှိဘူးလား"

"မြန်မာ ဟုတ်ဟုတ်မဟုတ်ဟုတ် ကူညီချင်မှကူညီမယ်၊ ရိုင်းပင်းသင့်မှ ရိုင်းပင်းမယ်၊ အပိုတွေ ပြောမနေနဲ့ ..၊ ရှင် ကျွန်မ မေးတာ အရင်ဖြေ"



www.burmeseclassic.com

www.burmeseclassic.com



"မေး .."

ပြုံးစိစိမျက်နှာက မှုန်ကုတ်ကုတ် ဖြစ်စပြု၏။ ဆိုက္ကားပေါ်က ဆင်းလိုက်မှ အရပ်ကြီး ဂလန်ဂလားနှင့် ပုဆိုးတိုတို၊ ခါးပေါင်စရှည် ရှည် ဝတ်ထားသည့်ပုံက ဆံပင်ရှည်အလယ်ခွဲ မျက်နှာဝင်းဝင်းပုံနှင့် တခြားစီ ဖြစ်နေတာ သိသာသွား၏။

မစုတ်ပေမယ့် ဟောင်းနေသည့် ကျောင်းသားလွယ်အိတ်သေး သေးလေးကို ပခုံးမှာ လွယ်ထားသေးသည်။ ပြီးတော့ ...

ကြိုးတစ်ဖက်ပြတ်ကာ တန်းလန်းကျနေသည့် သားရေအိတ်ကြီး ကို ဒီတိုင်းပိုက်ထားသဖြင့် ကြိုးစတန်းလန်းက မြင်လို့မကောင်း ..။

"ဟော့ .. ဘာကြည့်နေတာလဲ၊ မေးလေ .. ကလေးတွေက ဘာမှ စားရသေးတာ မဟုတ်ဘူး"

ဩော် .. ခရီးသွားရင်း စရိတ်ပြတ်လာတာထင်ပါရဲ့ ..၊ ဒါကြောင့် ဆိုက္ကားခပေးတာကို ငါးရာတန် နှစ်ရာတန်လေးတွေ ပွတ်သပ် ရေနေ ရှာတာပဲ။

သူတို့ကို မော့မော့လေးတွေ ငေးနေကြသည့် ကလေးနှစ်ယောက် ကို ပြန်ကြည့်မိပြီး သက် ကရုဏာစိတ်တွေဖြစ်သွားကာ ...

"ဘာမှမမေးတော့ပါဘူး၊ ကျွန်မက ဒေါ်မြနွယ် အိမ်မှာ နေတာ"

"ဟင်!... ဘယ်လို .. မင်းက ..."

ထိုလူသည် ပြုံးတူးပြဲတဲဖြစ်သွားကာ အိတ်ထဲမှ အလွယ်တကူ ဆောင်ထားပုံရသော ဓာတ်ပုံတစ်ပုံကို ထုတ်ယူကြည့်၏။

ပြီးတော့ သက် ကို ပြန်ကြည့်သည်။ အပြန်အလှန်ကြည့်နေပေ မယ့် အဖြေရှာမရသည့်ပုံနှင့် သက် နား တိုးကာ ငုံ့ကနေ မျက်နှာ တိမ်း၍ ခေါင်းတိုက်ကြည့်လိုက် ..၊ အထက်အောက် မျက်လုံးတွေ စုန် ဆန်သွားလိုက် ..။

သက် သူကြည့်လိုက်တိုင်း လက်က ဟိုကာမိ ဒီကွယ်မိနှင့် ကိုယ့်





ကိုယ်ကိုလည်း ဘာဖြစ်နေမှန်း မသိတော့ဘဲ ...

"ဒီမှာ .."

"ဟင် .."

"ရှင် ဘာကြည့်နေတာလဲ၊ အကျိုးအကြောင်းပြောနော် .. မဟုတ် ရင် ပါးဆွဲရိုက်ပစ်မှာ"

"ကြည့်ဖို့လိုလို့ ကြည့်နေတာပေါ့၊ မင်းကိုယ်ခန္ဓာကို သုံးဆယ့် လေး .. သုံးဆယ့်ခြောက် ရှိမရှိ ကြည့်နေတယ် မှတ်လို့လား"

"ဘာပြောတယ် .. ရှင် .."

"မင်းက ခါးသက်ချို လား .."

"ဟင်!..."

မေးခွန်းကြောင့် ဒေါသတွေ ဘယ်ဆီ လွင့်ပြေးကုန်မှန်း မသိ..။

"ရှင် .. ရှင် .. ဘယ်သူလဲ"

"အင်း .. ဟုတ်သွားပြီ၊ ဒါပေမယ့် ဓာတ်ပုံထဲကနဲ့ တခြားစီပဲ"

မေးတာကိုမဖြေဘဲ သူ့ရဲ့ရှုစားခြင်းအစီအစဉ်က ပြီးဆုံးခြင်းသို့ မရောက်နိုင်။ ဓာတ်ပုံနဲ့လူကို နောက်ဆုံးယှဉ်ကြည့်ပြီးမှ ပုံကို အိတ်ထဲ ပြန်ထည့်လိုက်၏။

"ဓာတ်ပုံထဲမှာတော့ ကျစ်ဆံမြီးတိုနံ့နံ့၊ မေးချွန်လေးနဲ့"

"စကားတွေ ရှည်မနေပါနဲ့၊ ရှင် ဘယ်သူလဲ"

"မင်းက ခါးသက်ချို ဆိုရင် .. ချိုကြည်အေး ကို ..."

"ဟင်!... မမ ..၊ ရှင်က မမယောက်ျားလားဟင်"

"ဟား!... မင်း တော်တော် စကားဖြတ်တဲ့မိန်းကလေးပဲ"

"ရှင်ကရော လိုရင်းမရောက်နိုင်ဘူးလေ၊ မေးတော့လည်း မဖြေ ဘဲနဲ့ ပြောချင်ရာ ပြောတယ်"

"ဘာပြောပြော မင်းလည်း ဆုံးအောင် နားထောင်ပါလား"

"ဒီမှာ မမနဲ့ ကျွန်မကြားမှာ ဘာတွေရှိနေလဲ ရှင် သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကြားမှာ ဘာတွေရှိရှိ ငါက ဘာလုပ်ရမှာလဲ"

"ပြဿနာရှိတာကို မေးတာရှင့်"

"မင်း မေးတာကိုပဲ ပြောတာလေ၊ ရှုပ်ကုန်ပြီကွာ .. မင်းတို့ကြောင့် ငါတို့သားအဖပါ..."

"အဲဒါကြောင့် ရှင့်ကို မမယောက်ျားလားလို့ မေးနေတာ"

"လာပြန်ပြီ .. မင်း .."

သူက ထူးဆန်းစွာ ဒေါကန်သွားလျက် ...

"ပြောတာကို ပြီးဆုံးအောင် နားထောင် နော် မယ်မင်းကြီးမ.. ခင်ဗျားကို ကဲစမ်းမဲပါ ထည့်ပေးမယ်"

သူ ပြန်အော်မှ သက် အံလေးကြိတ်၍ ငြိမ်ကျသွား၏။ မျက်လုံးတွေကလည်း ကလေးနှစ်ယောက်ဆီကိုပဲ ဝေ့နေမိသည်။

ခုမှ ဂရုစိုက်ကြည့်မိသည်။ ဆံရစ်ဝိုင်းဝိုင်း ဆံပင်တိုတိုလေးနှင့် ဖြူဖြူပုံ့ပုံ့ ကလေးမလေးက မျက်ခုံးတန်းလေးတွေ တန်းနေတာရော၊ မေးရိုးကားသယောင်ရှိတာလေးရော မမနဲ့ တော်တော်တူနေသည်။

ကောင်လေးကတော့ ပိုကြီးပုံရကာ ခုနစ်နှစ်သားလောက်ရှိမည်ထင်၏။ ပြီးတော့ အရွယ်လေးငယ်ငယ်နှင့် နဖူးက ကျယ်သေးသည်။ အသားကညိုသည့်ဘက်ကိုလုနေလျက် မျက်ခုံးကြီးတွေ ထူနက်နေပုံကလည်း အလွန်အမင်းမို့ ကြည့်မကောင်း။

မမမှာ ကလေးတစ်ယောက်ပဲ ရှိသည်။ အဲဒါ မိန်းကလေးဖြစ်၏။ ဒီကောင်လေးက ..၊

"ဒီကောင်လေးက ငါ့သား .."

သူပဲ စိတ်မရှည်သံနှင့် ရှင်းပြလာပြီး ...

"ငါတို့သားအဖက မင်းအစ်မနဲ့ ရထားတစ်တွဲတည်း အတူစီးလာတာ၊ အဲဒါ လမ်းမှာ ရထား မိုင်းထိပြီး ..."

"ဘုရား!.. ဘုရား .."





သက် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ ဘာမှမပြောသေးပေမယ့် တစ်စုံတစ်ခုဖြစ်ခဲ့ပြီကို စိတ်ထဲမှာ ခံစားလိုက်မိပြီဖြစ်၏။

"ဘာဖြစ်သွားတာလဲ၊ မင်း အဲဒီလိုဆို ဆက်ပြောဖို့ ခက်ပြီနော်"

"ပြောပါ .. မမ ဘာဖြစ်သွားပြီလဲ"

"သူ ဆေးရုံရောက်ပေမယ့် အသက်မရှင်ခဲ့ဘူး"

သက် တောင့်မတ်စွာရပ်နေရင်း မျက်ရည်စတွေ ရှိုက်သံမဲ့ စိမ့်ကျလာကြ၏။ ခံစားမိလိုက်သည့်အာရုံကြောင့် ကလေးငယ်လေးကို လှမ်းကြည့်နေရင်း ဘာမှမမြင်လောက်အောင် မျက်ရည်တွေက အားကောင်းနေသည်။

"သူနဲ့ငါက ကလေးချင်း ခင်မင်သွားကတည်းက ပြုံးပြရယ်ပြနဲ့ သူ့အကြောင်းမေး ကိုယ့်အကြောင်းမေး ဖြစ်သွားကြတာ၊ အဲဒါကြောင့် သူ စကားသိပ်မပြောနိုင်တော့ပေမယ့် မင်းဓာတ်ပုံရယ်၊ အထုပ်လေးတစ်ထုပ်ရယ်၊ ပြီးတော့ ကလေးကိုအပ်ခဲ့ပြီး မင်းဆီပို့ပေးဖို့ အမူအရာတချို့နဲ့ အကူအညီတောင်းခဲ့တယ်၊ ငါကလည်း နားလည်နေလို့ ကတိပေးခဲ့တယ်"

သူက အိတ်ကြီးထဲက အထုပ်လေးတစ်ထုပ်ကို ထုတ်လိုက်ပြန်သည်။

"ဘာလဲတော့ မသိဘူးနော်၊ သူပေးလိုက်တဲ့အတိုင်းပဲ၊ မင်းအစ်မရဲ့ ရှာပနက်စွကို သေချာ ထပ်သိချင်ရင်တော့ ..."

"ရပါပြီ .. မပြောပါနဲ့တော့"

သက် အင့်ခနဲရှိုက်ကာ မျက်ရည်တွေကို ဘယ်လိုသုတ်ပစ်ပစ် မကုန်နိုင်။

နောက်ဆုံး ဒီတိုင်းနဲ့ပဲ ကလေးနှစ်ယောက်ရှေ့မှာ ဒူးထောက်ထိုင်လိုက်ပြီး ...

"သမီးလေး .."



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်အရွယ်လောက် ဖွေးဖွေးဖြူဖြူ နုနေသည့် မျက်နှာလေးနှင့် ကလေးမလေးက သက် ရင်ခွင့်ထဲဆွဲသွင်းလိုက်တဲ့အတိုင်း ပါလာကာ...

"တီတီက မီးမီးရဲ့ တီတီသက် လားဟင် .."

"သမီးရယ် .."

"ဟာ!... ဟော့ .."

သက် ဘယ်လိုမှမခံစားနိုင်တော့ဘဲ သက်ပြင်းတစ်ရှိုက်မှာ ကျပ်ခဲ အောင့်တက်သွားသည့်ရင်ဘတ်နှင့်အတူ ခွေခနဲ လဲကျသွား၏။

လမ်းနံဘေးမှာ ကလေးနှစ်ယောက်နှင့် မိန်းမတစ်ယောက် အတွက် ယောကျ်ားတစ်ယောက်က ပျာယာခတ်လျက် ..၊

ကြည့်လို့တော့ မကောင်း ..။





အခန်း [၃]

အထုပ်လေးထဲမှာ သက် အတွက် ပထမဆုံး မမ ပို့ပေးခဲ့သည့် ပန်းလက်ကောက်နှင့်ပုံစံတူ လက်ကောက်လေးတစ်ကွင်းရယ်၊ မိသားစု ပုံလေးထည့်ထားသည့် လော့ကက်လေးတပ်ထားသော ကလေးဆွဲကြိုး လေးတစ်ကုံး ..၊

ပြီးတော့ ယောကျ်ားနောက်လိုက်သွားတုန်းက ပါသွားခဲ့သည့် မိဘလက်ထက်ကတည်းက ပန်ဆင်ထားခဲ့သော ချယ်နားကပ်လေး တစ်ရန် ..၊ နောက်ထပ်ပါသည့် လက်ကောက်လေးတစ်ကွင်းနှင့် လက် စွပ်နှစ်ကွင်းကိုတော့ သက် သေချာမကြည့်မိခဲ့ပေ ..။

ပန်းလက်ကောက်လေး ပို့ပေးလိုက်တုန်းက 'မမလည်း ညီမလေး နဲ့ဆင်တူ တစ်ကွင်းဝတ်ထားတယ် သိလား'လို့ စာထဲမှာထည့်ရေးထား သောကြောင့် ထိုလက်ကောက်လေးကို တယုတယ ကိုင်တွယ်နေမိ ခဲ့၏။ သူမရဲ့လက်ကောက်လေးကိုတော့ သက် တစ်ခါမှထုတ်မဝတ်ဘဲ သိမ်းထားခဲ့သည်။

တစ်နယ်တစ်ကျေးမှာ ကိုယ်ရှိနေတာ မမက မသိပေမယ့် ကိုယ့် အတွက်က ရွှေနဲ့ ငွေနဲ့ ပြောင်ပြောင်လက်လက်ကြီး ဝတ်စားနေဖို့ မသင့်တာကို တွေးမိ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လော့ကက်လေးထဲက မမနဲ့ သူ့ခင်ပွန်းရယ်၊ သမီးလေးရယ် သုံးယောက်က ကြည်နူးဖွယ် အပြုံးတွေကိုယ်စီနှင့်..၊

လက်ကောက်နဲ့ ဆွဲသီးလေးကိုကြည့်နေရင်း မျက်ရည်စတွေ တစ်စက်ချင်း ကျနေခဲ့တာ ရပ်တန့်သွားသည် မရှိ ..။

"ကဲ .. အချိန်လေးရှိတုန်း ပြောင်းဖို့ရွှေ့ဖို့ လုပ်ရအောင်ပါဟယ်၊ နင် မငိုပါနဲ့တော့ သက် ရယ် .. သမီးလေး သနားပါတယ်၊ ကြည့်ပါဦး .. သူ့ခမျာ ကလေးမို့ ငိုလွယ်ရယ်လွယ်တာပဲ ရှိရင်ရှိမယ်၊ ဒ်သတာ ရှင်တာတွေကို နားလည်နေပြီ သိရဲ့လား"

စုစု ပြောလိုက်မှ သတိလက်လွတ် ငိုကြွေးနေမိခြင်းကို ဆင်ခြင်ဖို့ သတိရသည်။ ကြည့်လိုက်တော့ ရှေ့မှာ ကလေးက ဆောင့်ကြောင့်ထိုင်ရင်း ဒူးလေးနှစ်လုံးကိုပြန့်ပိုက်ထားကာ သက် ကို မော့ကြည့်နေသည့် မျက်ဝန်းလေးတွေမှာ မျက်ရည်တွေ ပြည့်ဝိုင်းလျက် ..။

"သမီး .."

သမီးလေးကို ရင်ခွင်ထဲမှာ ပွေ့ချီထားလိုက်ကာ သက် တသိမ့်သိမ့် ရှိုက်မိ၏။ ထိန်းချုပ်ဖို့ကြိုးစားကာမှ သည်းလှိုက်အူလှိုက် ငိုချလိုက်သဖြင့် ကလေးကလည်း ဟီးခနဲ အသံလေး ထွက်လာရှာ၏။

စုစု ခေါင်းတခါခါနှင့် ဖြစ်သွားကာ တိတ်ပါတော့လို့လည်း မပြောရက်တော့ပေ။ ကိုယ့်ဘာသာပဲ လက်ဝတ်လက်စားတွေကို အထုပ်လေးထဲ ပြန်ထည့်ချည်၍ သက် လွယ်မယ့် ဆလင်းဘက်ခ်ထဲ ထည့်ပိတ်လိုက်သည်။

ပြီးတော့ အတိုအထွာလေးတွေ ကောက်ထည့်နေစဉ် ...

"ဟဲ့ .. သိမ်းဆည်းနေကြတာ မပြီးသေးဘူးလား၊ အိမ်ထောင်ပြောင်းတာကျနေတာပဲအေ..၊ လာတည်းက အဝတ်အိတ်တစ်လုံးနဲ့ ဆလင်းဘက်ခ်လေးပဲ ပါတဲ့ဟာ ..."

စကားသံနှင့်အတူ ဒေါ်မြနွယ် က အခန်းဝမှာ ပေါ်လာသည်။





ထိုအခါကျမှ ထိတ်ခနဲဖြစ်သွားကာ ကိုင်တွယ်ထားခဲ့သည့် ရွှေတိုရွှေစလေးတွေကို သက် ပြန်ငုံ့ကြည့်မိ၏။

မရှိတော့မှ စုစု သိမ်းဆည်းပြီးပြီမှန်းသိကာ စိတ်အေးသွားရသည်။ ဘာရယ်တော့ မဟုတ်ပါ၊ အန်တီမြ တို့ မိသားစုကလည်း သိပ်ပြေလည်ကြတာ မဟုတ်တော့ ဒါတွေမြင်လိုက်တာနှင့် စိတ်ညစ်စရာတွေ ဖြစ်လာနိုင်တာ သေချာသည်။ ဒီပစ္စည်းလေးတွေဟာ သက်အတွက် ဝမ်းစာ မဟုတ်ပေ။

ကိုယ့်ရဲ့ကိုယ်ပိုင်ပစ္စည်းကိုတောင် ဘယ်လောက်ပဲ ဒုက္ခတွေ့တွေ့ သက် လုံခြုံအောင် သိမ်းနိုင်ခဲ့သည်။ ခုဆို မမ ထားရစ်ခဲ့တာ သမီးလေးအတွက် မိဘအမွေပဲ ဖြစ်သည်။ ထို့ကြောင့် ဘာအကြောင်းနဲ့မှ ထိပါးမခံနိုင် ..။

ဒေါ်မြနွယ် ကလည်း မက်လောက်စရာလို့ မမြင်သည့်ပြင် ဒီတူဝရီး ဘယ်လိုရှေ့ဆက်ကြမလဲဆိုတာကိုတောင် တစ်ခွန်းမှ မမေးခဲ့ပါ။ မေးလျှင် ပေးဖို့ကျွေးဖို့တွေ စကားထဲက ပါလာရင် ဘယ်လိုလုပ်မလဲ ..။

"ဪ .. သိမ်းပြီးနေပြီပဲ၊ ငါ ဆိုက္ကားခေါ်လိုက်ရတော့မလား"

ကိုယ့်အတွေးနှင့်ကိုယ် သက် တို့ကို အကုသိုလ်နှစ်ယောက်လိုပဲ မြင်နေကာ ဒေါ်မြနွယ် က အချိန်မဆိုင်း နှင်ချဖို့ကိုသာ အလိုရှိနေခဲ့သည်။

"ရပါတယ် အန်တီ၊ လမ်းထိပ်မှာ ဆိုက္ကား မှာထားပြီးပါပြီ"

မေးလိုက်တော့ စုစု ဆိုသည့်ကောင်မလေးကပဲ ဝင်ဖြေနေကာ သက် က မျက်ရည်လည်ရွဲဖြစ်တုန်း ကလေးကလည်း ငိုနေလိုက်တာ ပခုံးလေးတွေပါ သိမ့်ခနဲ သိမ့်ခနဲ တုန်နေ၏။

"တော်ပြီပေါ့အေ၊ သေတဲ့လူအတွက် ညည်း လုပ်စရာရှိတာလည်း လုပ်ပေးပြီးပြီ၊ တကယ်ဆို ဟိုဘက်ကယောက္ခမတွေကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားလိုက်ရင် ပြီးတာပဲ၊ ဒါမှမဟုတ် ရထားမိုင်းထိပြီး လူတွေဒုက္ခရောက်တဲ့သတင်း သူတို့ မကြားဘဲနေမလား၊ ဘယ်သူသေလဲ၊ ဘယ်သူရှင်လဲဆိုတာ သိသွားရင် အဲဒါ သူတို့တာဝန်ပဲ၊ ခုတော့ စားစရာမရှိ လျှော်စရာရှိ၊ တစ်ယောက်တည်းတောင် မတ်တပ်အိပ်နေရတာ၊ ကလေးက တို့လို့တွဲလောင်း”

“တို့လို့တွဲလောင်းရုံမကလို့ ရထားတွဲကြီးလိုဖြစ်သွားလည်း မမက သက် ဆီကိုပဲ ပို့ခိုင်းခဲ့တာ၊ ဟိုကိုမယုံလို့ သက် ကို ပုံအပ်ခဲ့တာပါ”

‘မဟုတ်ဘူး .. အဲဒါ ဗြဟ္မာကြီးဦးခေါင်းထက် ဆယ်ဆ..’

လို့ အသံတိတ်ပြောမိရင်း ဒေါ်မြနွယ် မသိမသာ မဲ့၏။

“သမီးလေးကို သက် အစွမ်းအစနဲ့ လူတစ်လုံးသူတစ်လုံးဖြစ်အောင် မွေးနိုင်တယ်၊ တကယ်လို့ မမွေးနိုင်တော့ဘူးဆိုရင်တောင် သက် ဘယ်သူ့ကိုမှ ကယ်ပါယူပါ မခေါ်ဘူး၊ ရှုပ်လာရင်း ရှင်းလိုက်ရုံပဲ”

“ဟုတ်ပါတယ် .. ကိုယ့်ပြဿနာ ကိုယ်ပဲ ရှင်းရမှာပေါ့၊ ငါကလည်း အဲဒါကိုပဲ ပြောချင်တာ၊ လူဆိုတာ မွေးကတည်းက လာသောကောင်းခြင်းနဲ့ လာမလား ..၊ မကောင်းသောလာခြင်းနဲ့ လာသလား ဒီနှစ်ရပ်ပဲ၊ ညည်း ရောက်လာတာလဲ ကယ်ပါယူပါပြောပြီး တက်လာတာလေ၊ အခု ဒီကလေး ရောက်လာတာရော ..”

“တော်ပါတော့ အန်တီမြ ရယ် .. အန်တီမြ အိမ်ကို သက် ဘယ်တော့မှ အကူအညီ လာမတောင်းတော့ဘူးလို့ ကတိပေးပါတယ်၊ အဲဒီစကားတွေကို ရပ်လိုက်ပါတော့”

ကိုယ့်ကို ဘယ်လိုပြောပြော ကလေးကိုထိတော့ မချိအောင် နာမိသည်။ ထို့ကြောင့် မျက်ရည်မခြောက်သေးဘဲ အိမ်ပေါ်က ဆင်းလာခဲ့၏။ ဘာတွေဆွဲထွက်ခဲ့ပြီး ဘာတွေကျန်ခဲ့မှန်း မသိပေမယ့် စုစု က ဘာမှမကျန်ခဲ့အောင် ကမန်းကတန်း ဆွဲလွဲသိမ်းဆည်း၍ နောက်က ပါလာခဲ့၏။





“အဲဒါကြောင့် နင့်ကို စောစောကတည်းက သွားရအောင်ပါလို့ ပြောနေတာကို မရဘူး၊ ခုတော့ ဆင်းလဲဆင်းရသေးတယ် အပြောခံရပြီးမှ ..”

လွတ်ရာကင်းရာရောက်သည်နှင့် ရေခဲလို မာနမျက်နှာပြင်ဟာ နေရောင်တိုက်ရိုက်ထိသွားသလို ရေပူစမ်းတို့ တအိအိ ပြိုဆင်းလာပြန်ကာ ...

“ငါ နားလည်ပါတယ် စုစု ရယ် .. ငါ တမင် အားရပါးရငိုချပစ်လိုက်တာပါ၊ ဒါ နောက်ဆုံးလို့ ကတိပေးပါတယ်၊ သမီးလေးအတွက် ငါ ပျော့ညံ့လို့မဖြစ်ဘူးဆိုတာလည်း ငါ သိတယ်”

“ဟုတ်တယ် ..”

သမီးလေးကို လက်တစ်ဖက်ကဆွဲလျက် သက် မျက်ရည်တွေကို သုတ်ပစ်၏။

ရှေ့ဆက်ကြဖို့အတွက် နေ့ရက်များစွာ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"နေဦး သမီး .. လွယ်အိတ်ကို အောက်မချလိုက်နဲ့နော်"

"ချပါဘူး တီတီရဲ့ .."

အိမ်တံခါး မြန်မြန်ဖွင့်နေရင်း လွယ်အိတ်လွယ်ထားပြီး အရုပ်တွေပါ မနိုင်မနင်း ဆွဲကိုင်ထားသည့် မနော ကို လှည့်ကြည့်မိသည်။

ဒီနေ့ ကျောင်းစတက်တာမို့ သက် အလုပ်ဖျက်ပြီး ကိုယ်တိုင်ကြိုပို့လုပ်ရသည်။ နောက်နေ့တွေမှာတော့ ဟိုဘက်တစ်လမ်းကျော်က မနော နဲ့ ကျောင်းအတူတူ တစ်တန်းတည်းတက်သည့် ကလေးရဲ့မိခင်ရှိသည်။

စုစု နဲ့ ရင်းနှီးသည်မို့ ကလေးကို ပြန်ကြိုပြီးခေါ်လာပေးဖို့ စုစုက ပြောပေးထား၏။ စိတ်ချရသည့်လူတွေမှန်း သိနေသဖြင့် သက်ကိုယ်တိုင်လည်း အကူအညီတောင်းခဲ့သေးသည်။

နောက်နေ့တွေအတွက်တော့ မနက်ပိုင်း အလုပ်သွားရင် ကလေးကို ကျောင်းပို့ပြီးတာနှင့် အပြန်ကြိုဖို့က အဆင်ပြေမှာပါ။

ကျောင်းအပ်ပြီးတဲ့အထိ အဆင်ပြေသွားသဖြင့် သက် ကျေနပ်နေမိကာ ...





"ဒီနေ့ ကျောင်းမှာ ဘယ်လိုလဲ သမီး"

အိမ်ထဲရောက်တော့ အထုပ်တွေကို နေရာမချနိုင်သေးဘဲ အိမ်ရှေ့ခန်း ဖျာပေါ်မှာပဲ ကလေးကို ပေါင်ပေါ်တင် ဖက်ထားရင်း အလျင်စလိုမေးမိသည်။

မနော က စကားသွက်တာလေးကလည်း ချစ်ဖို့ကောင်းနေကာ...

"အားလုံး မိုင်နာပါ တီတီရဲ့ .. နော က အားလုံးရပြီးသားတွေ ဥစ္စာ၊ တီချယ်က ပြောတယ် သိလား"

"ဟုတ်လား .. ဘာတဲ့လဲ"

"မနောချို က အရမ်းတော်တာပဲတဲ့၊ ပြီးတော့ တီချယ်က အခုမသင်ရသေးတဲ့ကဗျာတွေပါ ဆိုနိုင်းသေးတယ် သိလား"

"ဟုတ်လား၊ သမီးကရော ..."

"ဆိုနိုင်တာပေါ့ တီတီကလည်း .. နော အားလုံးရတယ်၊ မေမေက မီးမီးကို ကျောင်းကပြန်လာရင်လည်း သင်ပေးတာပဲ၊ တီချယ်ဆိုနိုင်းတာတွေ နော အကုန်ဆိုပြနိုင်တယ်"

"ဟာ .. သမီးလေးက တော်တာပေါ့"

"တော်တာပေါ့ အဟီး၊ တီချယ်ကလေ မနောချို က မူကြိုတက်ခဲ့တာလားတဲ့၊ ဆုတွေဘာတွေ ရခဲ့မှာပေါ့တဲ့"

"အဲဒါ မီးလေးက ဘာပြောလိုက်လဲ"

"ရတယ်လို့ .. နှစ်ခါလို့"

မျက်နှာကို ရင်ခွင်ထဲကနေ ပြန်မော့ကြည့်ပြီး ပြည့်ဖောင်းနေသည့် လက်ချောင်းလေးနှစ်ချောင်း ထောင်ပြနေတာကို အသည်းယားကာ တအား ကျုံးဖက်လိုက်မိ၏။

ပြီးတော့ ရယ်နေရင်း ငိုချင်လာ၏။ မမကို သတိရတိုင်း ကျလာတတ်သည့်မျက်ရည်တွေကို ကုန်ခန်းစေချင်ပါပြီ။

မျက်ရည်အစား ခွန်အားတွေပဲဖြစ်စေကာ သမီးလေးရဲ့အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကြိုးစားချင်၏။ ဒါပေမယ့် မျက်ရည်ကိုသာ စီးမျောကျမလာအောင် တားဆီးနိုင်ပြီး လည်ချောင်းတွေကျပ် နှာခေါင်းထဲမှာ စပ်လာတာကို ချက်ချင်း ဖျောက်လို့မရ ..၊

ကလေးက မူကြိုတက်ထားပြီး စာတွေရနေတာကို ဆရာမက အံ့သြနေရှာပေသည်။ ကျောင်းအပ်ခဲ့စဉ်က ကလေးအတွက် စာရွက်စာတမ်း မပြည့်စုံတာကအစ မိဘမဲ့လေးအဖြစ်နှင့် အပ်နှံခဲ့ရသည်။

ဘာမှနားမလည်ရှာသည့် မျက်နှာလေးကို ထပ်ငုံ့မကြည့်ရက်ဘဲ သက် ကိုယ့်စိတ်ကိုပဲ ဖြေနေရ၏။

"တီတီ နော မိုက်ဆာတာယ်"

"သြော် .. ဟုတ်တယ်၊ တီတီက ဒီနေ့ သမီးလေး ပထမဆုံး ကျောင်းတက်တဲ့နေ့မို့လို့ မေးချင်တာတွေများပြီး မေ့သွားတာ၊ ဒါဆို ထ .. ဝယ်လာတဲ့ ဦးထုပ်လေးတွေ၊ ကျောင်းစိမ်းဝတ်စုံလေးတွေကို ပြီးမှ ဖွင့်ကြည့်မယ် .. ဝတ်ကြည့်မယ်၊ ဟုတ်ပြီလား"

"ဟုတ်"

"ထမင်းစားကြရင်းနဲ့ သမီးနဲ့ အတန်းဖော်တွေ ဘယ်သူတွေလဲ၊ နာမည်တွေရော တီတီ့ကို ပြောပြနော်၊ ဘယ်သူ ဘယ်လို ဘာညာ အားလုံး ပြောပြ"

"ပြောမယ်"

ကလေးနဲ့ဆုံရတဲ့အချိန်လေးမှာ ကြင်နာရွှေးထွေးမှုတွေ ပုံးပေါ လအော ပေးချင်သည်။ အဖေနဲ့ အမေ ဆိုတာကို သတိရချိန်မရှိအောင် စကားတွေ ပြောနေချင်၏။

သူမ အဲဒီလောက် တတ်နိုင်မလား..၊

"ဒုန်း"

"ဟဲ့ .."

ကျောမှီထားသည့် ထရံကို ဟိုဘက်က တစ်စုံတစ်ခုနဲ့ ဆောင့်





တိုက်လိုက်သလိုမျိုး သက် ကျောလေးကော့သွားသည်။

ခါးထဲမှာတောင် အောင့်သက်သက် ကျန်ရစ်၏။

"ဖေကြီးကလည်း ဖြည်းဖြည်းလုပ်တာ မဟုတ်ဘူး"

"အံမာ .. ဒီလောက်လေးတာကြီးကို အိမ်ပေါ်ရောက်နေကာမှ ပစ်မချဘဲနဲ့ ငါက ခေါင်းပေါ်တင်ပြီး ထိုင်ရမှာလား"

"ခေါင်းပေါ်မတင်ရဘူးလေ၊ သားက ပစ်မချဖို့ပြောတာ"

"တော်စမ်း .. ဟေ့ကောင်"

စကားသံတွေ ထရံလေးပဲခြားသည်မို့ ဟိုဘက်ကပြောနေသမျှ ဒီဘက်က အတိုင်းသား ကြားနေရ၏။ ဒီအသံ ကြားဖူးသည်ဟုထင်ကာ နောက်ထပ် စကားသံကို နားစွင့်ရင်း ခေါင်းက ထရံနားကို ကပ်မှန်းမသိ ကပ်သွားမိ၏။ ထိုစဉ် ....

"ဘုန်း"

"အမေ့!..."

ထရံကို လာရောက်ထိမှန်သွားသည့် တစ်စုံတစ်ရာသည် သက်ရဲ့ နားတစ်ဖက်ကို မိတ်ဆက်တော့မလို့ တဲတဲလေး။ ကိုယ့်နားတစ်ဖက်ကို ယောင်ရမ်းအုပ်မိကာ စပ်စုချင်မိသည့် ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်သွား၏။

ကံကောင်းလို့ ..၊

"တွေ့လား .. အိတ်ကွဲသွားပြီ၊ ဖေကြီးကို အဲဒါပြောတာ .."

"ဟာ!... ချစ်ကိုကိုချစ်"

"ဗျာ .."

"မင်းနာမည်ကောင်းလို့ ခေါ်တာ မဟုတ်ဘူး"

"ဖေကြီးပဲ အစအဆုံးခေါ်တာ"

"မင်း ငါ့ကို မတ်တပ်ရပ်ကြည့်ပြီး လက်ညှိုးထိုး ဆရာလုပ်နေမယ့်အစား ငါ ပစ်ချသမျှ လိုက်ကောက် .. နေရာချ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီးပဲ ဘာတွေလျှောက်ဝယ်နေတာလဲ သား မေးတော့ ငါ ဘာလုပ်ဖို့ဝယ်တာ ငါ သိတယ်၊ မမေးနဲ့ဆို .."

"ဘာ!..."

"မမေးဘဲနေတော့ သားက ဘာမှမသိဘူးလေ၊ ဖေကြီးလုပ်ဖို့ ဝယ်လာတာတွေ ဖေကြီးပဲ သိမှာဥစ္စာ၊ ကိုယ်သိတာ ကိုယ်ပဲလုပ် .."

"ကိုချစ် .."

"ထူးရမှာလား .."

"ငါ နော် .. မင်း ..."

"ဖေကြီး ကတိတည်နော်၊ လက်မပါကြေး .."

"အံမာ .."

ဘာတွေလဲ ..၊ သားအဖလား .. ညီအစ်ကိုလား ..။

သိနေရက်နဲ့တောင် ဟိုတွေးဒီထင် ဖြစ်သွားမိသည်။ စကားပြောနေတာ မိဘကလည်း နေရာမကျ၊ သားလုပ်တဲ့လူက မရှိသေ။

မိဘနဲ့ သားသမီးကြားမှာ ပွင့်လင်းကြတယ်ဆိုတာ ဒီလိုနေရာမျိုးထိတော့ မကောင်းဘူး ထင်သည်။

စပ်စုကြည့်ဖို့ စိတ်ကူးတွေပျောက်ကာ မျက်လုံးလေးအဝိုင်းသားနှင့် နားစွင့်နေသည့် မနော်ချို လက်လေးကိုဆွဲ၍ နောက်ဖေးခန်းထဲ ဝင်လာခဲ့မိသည်။

ဒီလိုမိသားစုတွေနဲ့ ထရံလေးတစ်ချပ်ပဲ ခြားနေရသည့်အဖြစ်ကိုလည်း ရင်မောသွားမိ၏။

တကယ့်တကယ်ကျတော့ ပတ်ဝန်းကျင်ဆိုတာ ကမ္ဘာမြေကြီးရဲ့ လေထုပမာဏထက် သိပ်သည်းကျစ်လျစ်စွာ ရှိနေခဲ့သော ..၊





အခန်း [၅]

"တော်ပါတော့ ဖေကြီးရာ၊ လူပျိုလည်း မဟုတ်ဘဲနဲ့"

"အဲဒါကို ခဏခဏပြောနေရတာ မင်း ဝါသနာပါတယ် ဟုတ်လား"

"ဖေကြီး မေ့သွားတတ်တာ သိလို့ပါ၊ အန်တီချောချောလေးတွေကလည်း သားအဖပါလို့ ပြောနေတာတောင်မှ ညီအစ်ကိုမို့လား၊ သားအဖနဲ့လည်း မတူပါဘူးနဲ့ .. ဖွတ်ပဲ"

ဘုရားရေ ...

ခေါင်းဖြီးနေသည့်ဘီးတောင် လွတ်ကျမတတ် ဖြစ်သွားသည်။ ကလေးပြောလိုက်သည့်စကားက ကိုယ့်ကို ပြောလိုက်သလိုကြီး ခံစားမိကာ တစ်ယောက်တည်း မလုံမလဲနှင့် ...

"တကယ်တော့ သူတို့က ဖေကြီးကို ချောတယ်လို့ ထင်နေတာပါ"

"ဟော့ကောင် .. မင်း တော်တော့"

"တော်ပါပြီ၊ ဖေကြီး မြန်မြန်လုပ်"

ဒီကောင်လေး စကားတတ်လှချေလား ..။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကပဲ ညီအစ်ကိုတွေလားလို့ တွေးခဲ့မိတာကို ရှက်သွားမိသည်။ စကားပြောတာတွေက သားအဖနဲ့မှ မတူဘဲ၊ ပြီးတော့ သူတို့ကို သက် ခုထိ မြင်ဖူးတာမဟုတ်။

ကိုယ့်ဖာသာ ဖြေသိမ့်တွေးရင်း သမီးလေးအတွက် သနပ်ခါးသွေးပြီးသားကို နောက်ထပ် ရေလေးထပ်ချ နှူးလိုက်ပြီး ...

"သမီးလေး မြန်မြန်ချိုးလေ၊ သနပ်ခါးတွေ ဒီတစ်ခါ ထပ်ခြောက်ကုန်တော့မယ်"

"ဟုတ် .. တီတီ"

ကလေးအတွက် ထမင်းချိုင့်လေးကို မုန့်နဲ့ ရောဘူးရယ်၊ လက်သုတ်ပဝါလေးပါ ထည့်ကာ ဆွဲခြင်းလေးနဲ့ သပ်သပ်၊

ကိုယ့်အတွက် ထမင်းချိုင့်သပ်သပ်ဆွဲကာ အိမ်ကထွက်လာခဲ့သည်အထိ ဟိုဘက်က သားအဖ ဆူညံနေတုန်း ...။

နှစ်ယောက်စလုံး ကိုယ့်အသံ လူကြားအောင်ပြောရတာ တော်တော် ဝါသနာကြီးကြသလား မသိ၊ ညနေပြန်ဆုံချိန်ကိုတောင် တွေးပူလာမိသည်။ ဟိုဘက်က စကားပြောနေတာ ဒီဘက်မှာ ဘာမှပြောလို့မရ ...။

"ဆိုက္ကား အားလားဟင်"

"ဟင် .. အဲ .. မအားဘူး ညီမ"

"မအားဘူး .. ဟုတ်လား"

မနက်အစောကြီး လမ်းကြားထိပ်လေးမှာ ဘယ်သူမှလည်း မတွေ့၊ လူရှုပ်သည့်နေရာလည်း မဟုတ်ပါ ...။

သူ့ဟာသူ အားတာမအားတာထက် ဒီအချိန်မှာ ဆိုက္ကားရှားတတ်တာမို့ တစ်စီးတည်းရှိသည့်ဆိုက္ကားကို လက်လွှတ်မခံချင် ...။

"ဘာစောင့်စရာရှိလို့လဲဟင်၊ ကလေးက ကျောင်းချိန်နောက်ကျမှာ စိုးလို့ပါရှင်"





"ဟုတ်ပါတယ်၊ အစ်ကိုကလည်း ကျောင်းပို့ရမှာမို့လို့ပါ၊ ပြီးတော့ တစ်လစာ ကြိုပေးထားတာ"

"ဒုက္ခပါပဲရှင်"

"ဟိုမှာ .. လာပြီ"

ပြောပြီးတာနှင့် ဆိုက္ကားသမားက ဆိုက္ကားကို နေရာပြင်၏။ သက်လှည့်ကြည့်လိုက်တော့ သားအဖဆိုတာကို ချက်ချင်းမှတ်မိလိုက်သည်။

မနော်ချို ကို ခေါ်သာပေးသော ...၊ သက် ကို အိမ်တိုင်ရာရောက်ပို့ပေးခဲ့ပြီး နာမည်တောင်မှ ပြောမသွားခဲ့သော ...

"ရှင် ..."

"ဩော် .. မင်း .."

"ဦးဦး .."

သုံးယောက် အသံထွက်သွားသည့်ထဲမှာ မနော ရဲ့အသံလေးက ဝမ်းသာအားရ ဖြစ်လျက် ...

"ကိုကိုချစ်"

လို့ ဟိုကောင်လေးကို ထပ်ခေါ်လိုက်တော့ သက် သမီးရဲ့ပခုံးလေးကို ဆွဲဖက်ထားမိသည်။ ကလေးက လမ်းမှာရင်းနှီးခဲ့ကြသည့်လူတွေမို့ အားပါးတရနှုတ်ဆက်တာကို သားအဖနှစ်ယောက်စလုံးပုံစံက အင်တင်တင် ...။

သူက ကလေးနဲ့ သက် ကို ကြည့်ကာ ...

"မနေ့ညက မနော်ချို အသံ ကြားလိုက်ပါတယ်လို့ထင်တာ၊ တို့ရဲ့ခြေရင်းခန်းမှာနေတာ မင်းတို့လား"

"ဟုတ်တယ်"

"ထင်သားပဲ"

"ဘာထင်တာလဲ"

ကျေးဇူးတင်နေပေမယ့် စကားပြောရိုင်းသည့် မချေမင်မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



သက် နည်းနည်းတော့ တင်းနေ၏။ သူကလည်း ဂရုမစိုက်ပါ။

"မင်း အဲဒီအိမ်ကမိသားစုဝင် မဟုတ်ဘူးဆိုတာလေ .. မင်း သတိလစ်နေလို့ လိုက်ပို့လိုက်တဲ့ခဏလေးမှာပဲ အဲဒီကမိန်းမကြီး သရုပ်ဖော်ပေးလိုက်တာ"

သက် မျက်နှာလေး ငယ်သွားသည်။ ဒါပေမယ့် ချက်ချင်းပဲ ပြန်မော့ကာ ...

"အစစအရာရာအတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်"

မပြောလိုက်ရသည့်စကားကို ပြောခဲ့လိုက်ကာ သက် လမ်းဘက်ကို ထွက်လာခဲ့သည်။

"ဟော့ .. ဒီမှာ ..."

သက် လှည့်ကြည့်တော့ သူက ဆိုက္ကားထိုင်ခုံကို ပုတ်ပြကာ...

"မနော်ချို ကို ပို့မလို့မို့လား၊ သားနဲ့ အတူတူတင်ပေးလိုက်လေ"

"ဟင် .. ရှင်ကရော .."

"တို့က အလုပ်သွားမှာ"

သူက ကလေးကို ဒီတိုင်းတင်လွှတ်လိုက်မှာကိုး။

"သမီးလေးကို သက် က ကျောင်းထဲထိ လိုက်ပို့မှာ"

"ဒါဆိုလည်း မင်းပါ ထိုင်ပြီး ကလေးကို ပေါင်ပေါ်တင်ပေါ့၊ အဲဒါလည်း အဆင်မပြေဘူးဆိုရင်တော့ မတတ်နိုင်ဘူး"

သူက ဘာမှထပ်မပြောတော့ဘဲ ဟိုတုန်းက ကျောင်းသားတွေ လွယ်သည့် ကချင်လွယ်အိတ် ခပ်စုတ်စုတ်ကို ပခုံးပေါ်ထပ်ဆွဲတင်၍ လမ်းမဘက်ကို လျှောက်ထွက်သွား၏။

ဂျင်းဘောင်းဘီဖြူဖျော့ဖျော့၊ ကြိုးပွန်းနေသည့်ကတ္တီပါညှပ်ဖိနပ် ဟောင်းနှင့် အပြာနုရောင် ရှပ်အင်္ကျီလက်ရှည်က ဘောင်းဘီထဲမှာ ခါး တစ်ဖက်ဝင်လျက် တစ်ဖက်စက ရှည်ကျနေ၏။

ထို့ပြင် ရှေ့ကကြည့်တော့ မသိသာပေမယ့် နောက်ကမြင်ရတော့





ဆံပင်ရှည်တွေက ပခုံးကျော်အောင် ခွေကျနေတာ ဖရိုဖရဲဆန်သည်။

တစ်ကိုယ်လုံးကလည်း မသေမသပ်ပုံပဲ ဖြစ်၏။ ပုံစံမြင်လိုက်တာ နှင့် ကိုယ်တိုင်လည်း ဖြစ်သလို နေ၊ သားကိုလည်း ပျော်ပျော်ထားခဲ့ သည့်လူမှန်း ပြေးကြည့်ဖို့ မလို ..။

"တီတီ ဆိုက္ကားပေါ်တက်လေ"

"ဩော် .. အင်း .."

ငေးလိုက်သည့်အဖြစ်ကို ဆိုက္ကားပေါ်အတက်မှာ ကိုကိုချစ် ဆို သည့် ကောင်လေး ပြုံးစိစိလှည့်ကြည့်လိုက်တာမြင်မှ မျက်နှာမှာ နွေး ခနဲ ဖြစ်သွားသည်။ ထို့ပြင် ...

"အန်တီက ခုမှမြင်ပေမယ့် သားတို့က အသံကြားနေကတည်းက အန်တီတို့ပဲဖြစ်မယ်လို့ တွက်နေကြတာ"

လို့ ထပ်ပြောလိုက်သေးသည်။ ဒီကောင်လေး ရိုးရိုးပြောတာ လား၊ ကိုယ်ကြည့်နေမိတာကို တမင် စချင်တာလား၊

ဘာမှန်းမသိပေမယ့် စကားတတ်မှန်းသိနေတော့ ရှက်စိတ်က မပြေ။

"ဟုတ်တယ် .. အံ့သြသွားလို့"

ဟု ရောယောင် ပြောမိသည်။ ပြီးတော့ ...

"သားတို့က ခရီးဝေးလာပြီးမှ ဒီမှာနေဖြစ်တာလား၊ ရန်ကုန်မှာပဲ အစတည်းကနေပြီး ခုမှ ပြောင်းလာတာလား"

"နှစ်ခုစလုံး ဟုတ်တော့ဟုတ်တယ် အန်တီ၊ ဒါပေမယ့် သိပ်တော့ မဟုတ်မသေးဘူး"

"ဘယ်လို .."

"ခရီးဝေးကလာတာလည်း ဟုတ်တယ်၊ နေရာပြောင်းလာတာ လည်း ဟုတ်တယ်၊ ဒါပေမယ့် ခုမှပြောင်းလာတာ မဟုတ်ဘူး"

"ဩော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလာငှားထားတာ ကြာပြီ၊ နှစ်ညလည်း လာအိပ်ဖူးတယ်၊ အတည်ပြောင်းလာနေတာက သားကို ကျောင်းအပ်တော့မှာမို့လို့"

ချစ်ကိုကိုချစ် ဆိုတာ ကောင်လေးရဲ့နာမည်ဖြစ်ကာ ဒုတိယတန်းရောက်နေပြီမို့ သမီးလေးထက် အသက်ပိုကြီးသည်။

ကျောင်းကိုရောက်ပြီး ဆိုက္ကားပေါ်ကဆင်းလိုက်မှ မနော က သူ့ဆွဲခြင်းလေးကို ပြောင်းယူလိုက်ကာ ...

"ကိုကို ညီမလေးကို လိုက်ပို့"

"အေး .. ပို့မယ်"

ကြည့်စမ်း ...၊

မနော က ကိုချစ် လက်ကို ပြေးဆွဲသည်။ ကိုချစ် က ဆွဲလိုက်သည့်လက်ကိုဖြုတ်၍ ဆွဲခြင်းလေးကို ယူသည်။ ဘယ်လောက်ထိတောင် ရင်းနှီးလာခဲ့ကြသည် မသိ။

ဒါကြောင့် မနေ့က ဟိုဘက်ကစကားသံတွေကြားတိုင်း ခေါင်းလေးထောင်သွားလိုက်၊ မျက်လုံးလေးဝိုင်းသွားလိုက်နှင့် ဂနာမငြိမ်တာပဲ ..။

တစ်ခုခုပြောတော့မလို့ နှုတ်ခမ်းလေးပြင်လိုက်တိုင်း မဟုတ်တဲ့ပြောဆိုဆက်ဆံပုံတွေကို အတုယူမှာစိုးသည့်စိတ်နှင့် ဘာမှမမေးဖြစ်အောင် သူမပဲ စကားတွေ လှီးလွှဲပြောခဲ့မိ၏။

သူတို့ချင်း ရင်းနှီးပြီးသားမှန်း သိတာတောင် ဒီလောက်ထိတော့ မထင်ခဲ့သဖြင့် ငေးမိပြန်ပြီ မျက်စိတစ်ဆုံး ..။





အခန်း (၆)

"ကိုကို .. ညီမလေးလည်း တက်မယ်"

"ဟာ!... မိန်းကလေးက သစ်ပင်မတက်ရဘူး"

"အောက်နားကကိုင်းပေါ်ထိ ညီမလေး တက်နိုင်တယ်"

"ဒါဆို တက်လေ .. ကိုကို ဆွဲတင်ပေးမယ်"

ဂါဝန်လေး လွင့်ခနဲ ဝဲသွားအောင် ခြေထောက်တစ်ဖက် လှမ်းချိတ်သည်။ လက်ကလေးတစ်ဖက်က မာလကာပင်ကိုဖက်လိုက်ပြီး တစ်ဖက်ကို မြှောက်ထားပေး၏။

အပေါ်ကလူက ခြေထောက်တစ်ဖက် အောက်ဂွကြားထဲ ပြန်ချကာ မနော မြှောက်ထားပေးသည့်လက်ကလေးကို မမီမကမ်း ငုံ့ဆွဲဖို့လုံးပမ်းသည်။

"မတက်ရဘူး .. မတက်ရဘူး၊ မီးလေး ခြေထောက်ပြန်ချစမ်း"

အိုးတိုက်မလို့ ဆပ်ပြာမှုန့်ထည့်ပြီး ကိုင်ထားသည့်ဇလုံလေးကို လွှတ်ချပစ်ခဲ့ပြီး နောက်ဖေးလှေကားနှစ်ထစ်ကို ဘယ်လိုဆင်းလိုက်မိမှန်း မသိ။ မြေပြင်ကိုခြေချမိပြီးမှ မာလကာပင်ဆီမရောက်ခင် ခလုတ်တိုက်တာ နှစ်ခါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အမြင့်ကို ကြည့်စမ်း .. ယောက်ျားလေးနဲ့ လိုက်တုရသလား"

မနော ကို ခါးလေးကနေ ဖွေ့ခနဲ ပွေ့ချီကာ အရုပ်ပိုက်သလိုပိုက်ထွက်လာတော့ အပင်ပေါ်ကနေ ခြေကားယား လက်ကားယားပုံစံအတိုင်း ကိုချစ် ဆိုတဲ့ကောင်လေး ပြုံးတုံးပြုံးတဲ့ ကျန်ရစ်၏။

ဒီကောင်လေး လူကဲခတ်ကောင်းသည်၊ လည်လည်း လည်သည်။ ဘာဖြစ်ဖြစ် မတတ်နိုင် ..။

ယောက်ျားလေးနဲ့ မိန်းကလေးမို့ ကွယ်ရာမှာ ဆော့တာလည်း မကြိုက်။ ဒီကောင်လေး လိုတာထက် ပိုတတ်၊ ပိုလည်လွန်းလို့လည်း မရင်းနှီးစေချင် ..။"

"တီတီကလည်း မီမီးက ..."

"မီးမီးက မပြောနဲ့ သမီး၊ ယောက်ျားလေးနဲ့ မိန်းကလေးက အသွင်မတူဘူး၊ အဲဒါကြောင့် သူငယ်ချင်း မလုပ်ရဘူးလို့ တီတီ ပြောထားတယ်လေ၊ နောက်ပြီး ဒီကောင်လေးက ဖအေကို ခွန်းတုံ့မကျန်ခံပြောတဲ့အကျင့်ရှိတယ်၊ မီးမီးကို အဲဒီလိုအကျင့်တွေ ကူးစက်မခံနိုင်ဘူး"

"မီးမီးက ခံမပြောပါဘူး"

"အို .. တီတီ မကြိုက်ဘူး၊ ကျောင်းမှာ ကစား .. ကျောင်းဆင်းတဲ့အချိန် ဆော့ခဲ့ပြီးပြီလေ၊ တော်ပြီပေါ့"

ဘာမှထပ်မပြောပေမယ့် နှုတ်ခမ်းလေးစူပွပွနှင့် မနော က လက်မောင်းလေးကို ဖိပွတ်နေသည်။

ပြီးတော့ နောက်ဖေးပြတင်းကနေ မြင်နေရသည့် မာလကာပင်ပေါ်က ကိုချစ် ဆီလည်း ကွက်ကြည့်ကွက်ကြည့် ..။

"ကိုကိုချစ် ဘာလုပ်နေတာလဲကွ၊ အထဲမှာ ဖအေတစ်ယောက်လုံး ပြန်ရောက်လာတာကို မသိဘူးလား"

"မြင်သားပဲ ဖေကြီးကို၊ ဒီမှာ မာလကာသီးတွေက အနီသီးလေး





တွေ .. ခဏနေပါဦး၊ မီသလောက် ခူးလိုက်ဦးမယ်"

"ဟော့ကောင် .. မင်း ကြည့်လုပ်နော်၊ အန်တီစန်း က သူ့နောက်ဖေးဝိုင်းထဲက အပင်တွေကို ခူးတာ မကြိုက်ဘူး"

"ကြိုက်ကြိုက်မကြိုက်ကြိုက် ဖေကြီးရာ .. နောက်ဖေးရော အိမ်ရှေ့ရော သားတို့ ငှားထားတာပဲ"

ကြည့်ပါဦး .. လည်လိုက်တဲ့ ကောင်လေး၊

အိမ်ထဲနဲ့အပြင် အပြန်အလှန်ပြောနေတာတွေ ကြားကာ သက်နှာခေါင်းရှုံ့မိသည်။

သားအဖနှစ်ယောက်စလုံး စည်းမရှိကမ်းမရှိ နေတတ်တဲ့ပုံတွေက ကြာလေ သိသာလေ။ သား စည်းကမ်းမရှိ ကျူးလွန်တာကို ဖအေက မဆုံးမ ..။

"ခဏလေးပဲ စောင့်နော် .. တီတီ အိုးနှစ်လုံးနဲ့ ထမင်းချိုင့်တွေဆေးပြီးရင် ထမင်းကျွေးမယ်"

လှည့်မကြည့်ဘဲ လှမ်းချော့ပြီး ရေဇလုံချထားသည့်ဘေးမှာ ဆပ်ပြာမှုန့် တစ်ဝက်လောက် ဖိတ်စင်ကျလျက် စောင်းနေသည့် ဆပ်ပြာခွက်ကို နေရာတကျ ပြန်ထားလိုက်သည်။

ဆန်အိုးပေါ်မှာတင်ထားခဲ့သည့် ထမင်းချိုင့်နှစ်လုံးကို ကိုယ်တစ်ခြမ်းစောင်းလှည့်၍ လှမ်းယူလိုက်လျှင် ...

"ဒေါင် .."

"အမလေး .."

"ဒုန်း .."

ချိုင့်နဲ့လက် မထိခင် အရှိန်နှင့်ပစ်ဝင်လာသည့် မာလကာသီးက ချိုင့်ကို ထရုံနဲ့ ဆွဲရိုက်ပစ်လိုက်သလို ဒေါင်ခနဲမြည်ပြီးကာ ကြမ်းပေါ်ကို ဒုန်းခနဲ ဖြုတ်ချပစ်၏။

"ကြည့်စမ်း .. ကြည့်စမ်း၊ ကုန်ပါပြီ .. သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



မာလကာသီးအရှိန် ဘယ်လောက်ပြင်းထန်သည် မသိ ..၊ စတီး ချိုင့်တစ်ခြမ်းမှာ ချိုင့်ခွက် ကျန်ရစ်လေသည်။

"ကန်တော့နော် .. အန်တီ .. ကန်တော့ .. အဟီး .. သားက မနော ကို ပစ်ပေးလိုက်တာ"

ပြတင်းတံခါးနား ပြေးကပ်လာကာ စပ်ဖြဲဖြဲ တောင်းပန်နေသည့် မျက်နှာလေးကို ဘန်ဆောင်ပန်ဆောင်လေးတောင် ခွင့်လွှတ် ပြုံးမပြ နိုင်ခဲ့ဘဲ ...

"မင်းနယ်ကွာ .. မနော ကို ပစ်ပေးတဲ့အရှိန်က ဒီလောက်ကြီးနဲ့ ပေးရတယ်လို့၊ ကလေးက ဖမ်းမိရင်တောင် မာလကာသီးကို စားနိုင် မှာ မဟုတ်ဘူး၊ ဆေးခန်း အရင်ရောက်မှာ"

ချိုင့်ကို ပြန်ဖောင်းမလာနိုင်မှန်း သိလျက်နှင့် ဟိုကဖိဒီကဖိ ပြုစု ရင်း သက် မျက်နှာလေး နီရဲနေခဲ့၏။ ကိုချစ် ကလည်း မူလကနေရာ ဆီ နောက်ပြန်ဆုတ်သွားပြီး ရယ်လက်စ မျက်နှာနှင့်ပဲ ရှိကာ ...

"ဖမ်းတတ်ရင် လွယ်လွယ်လေးပါ အန်တီကလည်း ..၊ သူကမှ မဖမ်းတာ"

"ဖြစ်ရလေနော် .."

ချိုင့်ကို ဒုန်းခနဲ မြည်သွားအောင် ဘေးမှာ ချထားလိုက်မိတာ တမင်တကာတော့ မဟုတ်ပါ ..။

"မနော က လူမသိအောင် ယူနည်းပေးနည်းတွေ မင်းလို ကျွမ်း ကျင်နေပါ့မလား"

"ဟော့ .. ဟော့ .. မင်း စကားပြောတာ ဘောင်ကျော်နေပြီ"

ထွက်လာသည့်ပုံက အပေါ်အင်္ကျီ မပါ ..၊ ပုဆိုးကို ရင်ခေါင်းထိ တက်ဝတ်ထားသဖြင့် မွေးညှင်းရှည်တွေ ထူနေသည့် ခြေသလုံးတွေက ကြည့်ရဆိုးနေသေးသည်။

ဖအေက သားဘေးမှာရပ်လျက် ရန်စွယ်နဲ့ပေါ်ငေါ ..။





"ကလေးကို ကလေးတန်အောင် ပြောမှပေါ့၊ မင်းကို ငါ့သားက တောင်းပန်နေတာပဲ"

"ဩော် .. တောင်းပန်လိုက်ပေမယ့် ဒီမှာ ချိုင့်က ချိုင့်ဖြစ်ရှုံး ပြီလေ"

"လူဖြစ်ရှုံးတာမှ မဟုတ်ဘဲ၊ အဲဒါ ပြန်လျော်ပေးမယ်"

"ရှင် ငွေစကား မပြောပါနဲ့၊ ဒါက ချိုင့်ကို ထိသွားလို့ .. လူကို သာ ထိရင် တစ်ရက်နှစ်ရက်နဲ့ အဲဒီဒဏ်ရာ ပျောက်မှာမဟုတ်ဘူး"

"ကဲ .. လာပါ ဖေကြီးရာ .. မိန်းမတွေနဲ့ ဖက်မဖြစ်ရဘူးတဲ့၊ တီချယ်က ပြောတယ်"

"အံမာ .. ကြည့်စမ်း ရိုင်းလိုက်တာ၊ ရန့်ပွဲတွေ ဘယ်လောက်များ နဖူးတွေ့ဒူးတွေ့ ဆင်နွှဲခဲ့သလဲ မသိဘူး၊ လူကြီးကို ဒီလိုပြောစရာလား"

"ကလေးက စကားလုအောင် ဘယ်သုံးတတ်မလဲ၊ သူ့အလုံးကို မကြည့်နဲ့ အဓိပ္ပာယ်ကိုပဲ ယူ .."

"ဘာ!..."

"စကားလုံးလေ .. ကလေးက ကလေးလိုပဲ ပြောတတ်မှာပေါ့၊ ငါ့သားက ခုမှ ရှစ်နှစ်ပဲ ရှိသေးတာ၊ မင်းက ကလေးနဲ့ ဖက်ဖြစ်နေတာ လား"

"ဖက်ဖြစ်နေတာ မဟုတ်ဘူး၊ မိဘက မဆုံးမလို့ ကျွန်မက ဆုံးမ နေတာ၊ ကလေးက အပြောမတတ်ရင် လူကြီးက တည့်မတ်ပေးရ တယ်၊ လူတစ်ယောက်က ကလေးအရွယ်နဲ့ပဲ သေသွားမှာမဟုတ်ဘူး"

"ခါးသက်ချို .. မင်းက စွာလှချေလား"

စွာတယ်ဆိုတဲ့စကားကိုက ရိုင်းစိုင်းတာ၊ နားထဲမှာ ဒီသားအဖ တွေ ပြောလိုက်သမျှ ကန့်လန့်ချည်းပဲ ဝင်၏။

သူကတော့ ခါးတောင် ထောက်လိုက်သေးသည်။

"တကယ်ဆို မင်းနဲ့ ငါတို့က မကင်းရာမကင်းကြောင်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စခဲ့ကြတာ၊ ဒီလို ဖြစ်ပျက်ပြောဆိုနေရဖို့ မရှိဘူး”

သက် က ဆံပင်တွေပါသွားအောင် မျက်နှာလေး မော့ပစ်လိုက်သည်။

“ဘာလဲ .. ကျွန်မအစ်မကို ကူညီခဲ့တာ၊ ကလေးကို ခေါ်လာပေးတာတွေလား”

“မင်း မမေ့တတ်ရင် သိမှာပေါ့”

“သိတယ် .. အဲဒီအတွက် ကျေးဇူးတင်ပါတယ်လို့ ပြောခဲ့ပြီးပြီ”

“ဩော် ..”

“အဲဒါတွေ အားလုံး ပြီးပြီးသား”

“ကျေးဇူးဆပ်ပွဲက ပြီးပြီကိုး”

“ဟွန်း ..”

သက် စိတ်ထဲမှာ ဒီလိုတော့ မဟုတ်ပေမယ့် မျက်စိအောက်မှာ မြင်တွေ့ခံစားနေရတာက ဘယ်လိုမှ ကျေနပ်ဖွယ်မရှိသောကြောင့်...

“တစ်ခါတည်းပဲ ပြောလိုက်ဦးမယ် .. အဲဒီဘက်က မနက် မျက်စိနှစ်လုံးပွင့်တာနဲ့ ဆူညံပွက်လောရိုက်နေအောင် စကားတွေ အကျယ်ကြီးပြောတာ နည်းနည်း ဆင်ခြင်ပေးပါ”

“အကျင့်ဆိုတာ ဖျောက်ဖို့ခက်တယ်”

“ပတ်ဝန်းကျင်ကို ဂရုစိုက်ဖို့လိုတယ်ဆိုတာတော့ သိရမှာပေါ့”

“မသိဘူး .. မေ့နေတတ်တာ များတယ်”

မျက်နှာက ‘ဘယ်ခွေးမှ လူမထင်ဘူးကွ’ လို့များ အော်ချင်သေးလား မသိ ..။ သက် ကို တည်တည်တင်းတင်း စိုက်ကြည့်၍ သူ့သားကို လက်ဆွဲထွက်သွားသည်။

“ဟွန်း .. ဝဋ်ရှိသမျှတော့ နေရဦးမှာပဲ”

စိတ်ရှိလက်ရှိ မျက်စောင်းထိုးမိကာ ချိုင့်ကို ပြန်ကောက်၍ လှည့်ပတ်ကြည့်နေမိဆဲ ကလေးကို သတိရပြီး ကြည့်လိုက်မိလျှင် ...





“ဟင်!... မီးလေး ဘာဖြစ်လို့လဲ”

မျက်ရည်ပြည့်ဝိုင်းသော မျက်ဝန်းပြာလေးတွေက သနားစရာ..၊ သက် က အနားသွားပြီး မျက်နှာလေးကို မော့ယူလိုက်ကာမှ မျက်ရည်တွေ လိမ့်ဆင်းကျလာရင်း ...

“မီးမီး နောက်ကို မာလကာသီး မတောင်းတော့ပါဘူး”

“အို .. မီးမီးမှာ အပြစ်မရှိဘူး၊ တီတီက သူတို့ကို ဒေါသဖြစ်လို့ ပြောနေတာပါ၊ မီးလေးမှ မမှားတာ .. သူတို့ပဲ မှားတာ”

သက် က ကလေးအငိုတိတ်အောင် ချော့နေတာပေမယ့် တစ်ဖက်က အောင်မြင်ခန့်ညားစွာ ထွက်လာသည့်အသံက ...

“ငါ့သား မမှားပါဘူး၊ ကျုန်တဲ့လူတွေ မှားတယ်၊ ငါ့သားက မှန်တာတွေပဲ လုပ်တတ်တဲ့ ကလေး”.

ကြည့်စမ်း ဒီလူ ..၊ မိန်းမလို မိန်းမရ ..၊

တက်ခေါက်မိတော့မတတ် စိတ်တိုသွားပေမယ့် ကျေးဇူးဆိုတာ ရှိသေးသည်။ သို့သော် ဒီနေ့ကစပြီး ကျေးဇူးကို သိမ်းထားမည်။

ခါးဆို ခါးချင်း၊ လုံ့ဆို လုံ့ချင်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

တူဝရီး အတူတူပြန်လာကြပြီး ညစာနဲ့ မနက် ထမင်းချိုင့်အတွက် စီစဉ်ချက်ပြုတ်နေတုန်း သမီးလေး အသံတိတ်နေသဖြင့် အမှတ်တမဲ့ ထွက်ကြည့်လိုက်မိသည်။

အိမ်တစ်လုံးကို တံခါးတစ်ဖက်စီက ထွက်လို့ရအောင် အလယ်ဝရန်တာလေးကိုချန်ပြီး ဟိုဘက်ဒီဘက် လှေကားတစ်ခုစီ ထုတ်ပေးထား၏။ အခန်းနှစ်ခန်းရဲ့အလယ်က လျှောက်လမ်းလေးပေါ်မှာ သမီးလေးနဲ့ ကိုချစ် ...။

"သမီး အဲဒါ ဘာလုပ်နေတာလဲ ...၊ ဖဲချပ်တွေနဲ့"

"ဖဲ မဟုတ်ပါဘူး အန်တီရဲ့ .. UNO ကစားတာပါ"

"ဘာ!..."

ဘာပြဿနာ ထဖြစ်ဖြစ် မနော မျက်လုံးအဝိုင်းသားလေး ဖြစ်သွားကာ ရုတ်တရက် ဖြေရှင်းပြတတ်သည့်အကျင့်လည်း မရှိ ...။

စီခနဲ ထွက်လာပြီဆို သူ့အသံ ...။

ကိုချစ် ရဲ့မျက်ခုံးထူထူ နဖူးကျယ်ကျယ်နှင့် အညိုရောင်သမ်းသည့်မျက်နှာကို သက် စိတ်ပျက်စွာ ကြည့်မိသည်။





ဒီကောင်လေးကို မုန်းတာလည်း မဟုတ်ဘဲ ဘယ်လိုမှကို ခင်မင်စိတ် မဝင်နိုင်တာ ဖြစ်သည်။

"မသိဘူး.. ဖဲ ဟုတ်ဟုတ်မဟုတ်ဟုတ် ကိုင်တွယ်နေပုံက ဖဲရိုက်နေတာနဲ့ တစ်ပုံစံတည်းပဲ၊ အဲဒါတွေ သိမ်းမလား .. မသိမ်းဘူးလား"

ဒီကောင်လေးနဲ့ ဆော့နေရာကနေ ဆွဲခေါ်လိုက်တိုင်း သမီးလေးမျက်နှာလေးငယ်ကာ လုံးဝ အသံတိတ် ငြိမ်သက်သွားတတ်သဖြင့် ကိုယ့်ဒေါသကို ပြန်လျှော့နေရသည်။

"ဘာမှမဖြစ်ပါဘူး အန်တီရာ .. သား ကခုန်ပေါက် ဆော့ချင်တာ၊ အန်တီက မကြိုက်လို့ မနော နဲ့အတူတူ ဆော့လို့ရတဲ့ ကစားနည်း ရွေးရတာ"

ပြောရဲလိုက်တာ လူကြီးလေးအတိုင်း ...၊ အကြောက်အလန့်ဆိုတာ ဘာမှကို မရှိ၊ တစ်စက်မှလည်း သိပုံမပေါ် ...။

"ကိုကို .. ညီမလေး မဆော့တော့ဘူး"

အဒေါ်မျက်နှာကို မော့ကြည့်နေပြီး မနော ချက်ချင်း ခေါင်းခါသည်။ UNOအချပ်တွေကိုပါ ကိုချစ် အောက် တွန်းပို့ပြီး ထရပ်လိုက်၏။

"ဟာ!... မသွားပါနဲ့ ညီမလေးရ .. ဒါပဲ ညီမလေး ကစားချင်တယ်ဆိုလို့ပါ၊ မကြိုက်ရင် တခြားဟာ ပြောင်းဆော့မယ်နော် .. ပြန်ထိုင်"

လက်ကိုဆွဲထားသည့် ကိုချစ် က တစ်ဖက်နှင့် သက် ကို မနော မော့ကြည့်၏။ ကိုယ့်သမီးလေးကိုလည်း သနားသွားသည်မို့ ...

"တခြားဟာ ပြောင်းဆော့မယ်ဆို ဆော့လေ .. အလောင်းအစားလုပ်တဲ့နည်းတွေ မပါစေနဲ့နော်"

ပြန်လှည့်ဝင်ခဲ့ရင်း ဒီကလေးနှစ်ယောက် အတူဆော့နေတာ မြင်တိုင်း မနှစ်မြို့ချင်သည့် ကိုယ့်စိတ်ကို ပြန်ဆန်းစစ်မိသည်။ မုန်းနေတာလည်း မဟုတ်ဘဲနှင့် ...။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုချစ် .. မင်းက မနောချို့ ကျမှ အလိုလိုက်လှချေလား"

ရင်အပူကို သံပူရည် ထပ်ဆင့်လောင်းလိုက်သလို စကားသံက နားထဲဝင်လာ၏။ နောက်ဖေး ပြန်မရောက်သေးဘဲ သက် ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။

"ဖေကြီးပဲ လေဒီဖက်စ် ဆို .. သားမှာ ညီမလေးမှ မရှိတာ၊ မနော က ချစ်ဖို့ကောင်းတယ်"

ရှေ့ကစကားတွေ နားထဲမဝင်ဘဲ 'မနော က ချစ်ဖို့ကောင်းတယ်' ဆိုတာပဲ ပစ်ဆောင့်ဝင်သည်။ သက် ဒေါသထွက်သွား၏။

ဒီကလေးတွေ ဘာဖြစ်လို့ ဟိုခရီးအစကတည်းက ဆုံစည်းလာခဲ့ကြတာလဲ ...။ အထိန်းအကွပ်မဲ့ စည်းမရှိ ကမ်းမရှိတွေ ...။





အခန်း [၈]

"ကိုကို့ .."

"ဟင် .."

"ကိုကို့ မေမေရော"

"ဖေကြီး မိန်းမလား"

"ဟင်!..."

ရုတ်တရက် မနော မျက်လုံးလေးပြူးသွားတော့ ကိုချစ် က ရယ်သည်။

"ဖေကြီးက မုဆိုးဖိုလေ ..၊ အဲဒီတော့ ဖေကြီးရဲ့သား ဖြစ်နေတဲ့ ကိုကိုက ဘယ်လိုလုပ် အမေရှိတော့မလဲ"

"ကိုကို ဘာတွေ ပြောနေတာလဲ၊ မုဆိုးဖိုဆိုတာ ဟို စာအုပ်ထဲမှာ တွေ့ရတဲ့ သမင်လေးတွေလို အကောင်လား ..၊ သမင်နဲ့ မုဆိုး ဆိုတာ တွေလေ .."

"မဟုတ်ပါဘူး ညီမလေးရာ .. ဟား .. ဟား .."

ကိုချစ် က အားရပါးရရယ်ပြီးမှ နားမလည်နိုင်သည့် မနော ခေါင်းလေးကို ပုတ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မုဆိုးဆိုတာ တောကြီးထဲက သမင်တို့၊ ယုန်တို့ကို လိုက်သတ်တဲ့လူ ..၊ မုဆိုးဖိုဆိုတာက မိန်းမသေသွားတဲ့ ယောကျ်ား .."

မနော က မျက်တောင်လေး တဖျတ်ဖျတ်ခတ်၍ စဉ်းစားနေပြီးမှ...

"မိန်းမသေသွားတဲ့လူကို ဘာဖြစ်လို့ မုဆိုးဖိုလို့ ခေါ်တာလဲဟင်"

"ကိုကိုလည်း ဘယ်သိမလဲ"

"ယုန်လေးကို သတ်တဲ့လူကို မုဆိုးလို့ ဘာဖြစ်လို့ ခေါ်တာလဲ"

"မသိဘူးလေ"

"မဟုတ်ဘူး ကိုကိုရဲ့ .. အဲဒီလူနှစ်ယောက်ကို မုဆိုးဖို၊ မုဆိုးလို့ ဘာဖြစ်လို့ တူတူခေါ်တာလဲလို့ .."

"မသိပါဘူး ဆိုမှ .."

"ဟွန့် .. ကိုကို ဘာမှလည်း မသိဘူး"

"မသိတာကို မသိပါဘူးလို့ တွင်တွင်ပြောနေတဲ့ဟာ၊ ကိုကို မသိတာတွေချည်း မေးနေပြီးတော့ .."

မသိခြင်းတွေထပ်အောင် ပြောနေတာကို ရယ်စရာပြောနေသည်ထင်ကာ မနော က ခိုးခိုးခစ်ခစ် ရယ်သည်။ သံသေးသေးလေးတွေနှင့် ခိုအိမ်ကလေးဆောက်နေရင်း ကိုချစ် ကလည်း မော့မကြည့်ဘဲ ရယ်ငံနေ၏။

"ကိုကို့ .."

"ဘာလဲ .."

"ကိုကိုနဲ့ ဦးဦးက တူလည်း မတူဘူး"

"လာပြန်ပြီ"

"ညီမလေးနဲ့ မေမေဆို အရမ်းတူတာပဲ၊ ပြီးတော့ မေမေက ပြောတယ်၊ ညီမလေးရဲ့ နဖူးထောင့်လေးတွေ .. နှုတ်ခမ်းထောင့်ချွန်းလေးတွေကျတော့ ငါ့သမီးက ဖအေတူတဲ့"





"အဲဒါ ဘာဖြစ်လဲ .. အဖေ အမေနဲ့ မတူကြတဲ့လူတွေလည်း ရှိတာပဲဟာ .."

"နောက်ပြီး ကိုကို့ဖေဖေက တီတီ့လိုလည်း ကိုကို့ကို သိပ်မချစ်ဘူး"

"ချစ်ချစ်မချစ်ချစ်ဟာ .. နင်ကလည်း စပ်စုလိုက်တာ၊ ဒီမှာ ခိုဝင်ပေါက်လေး ချန်ထားတာ လှလား ကြည့် .."

မနော က ဟိုဘက်မှာပဲ အာရုံများနေသည့်မျက်နှာလေးနှင့် 'လှတယ်'လို့ ပြီးစလွယ်ဖြေကာ ...

"ညီမလေးတီတီက ကုမ္ပဏီကြီးမှာ လုပ်တာ၊ ဦးဦးက ဘာလုပ်တာလဲဟင်"

"ဖေကြီးက ဂျာနယ်တိုက်မှာ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ခုခေတ် ဂျာနယ်တိုက်တွေက လမ်းမပေါ်က ကျင်းတွေချိုင့်တွေ ထက်တောင် များသေးတယ်၊ မင်း ဒီလို အလုပ်ကို ဂရုမစိုက်ပုံမျိုးနဲ့ ငါ ဘယ်လို ခွင့်လွှတ်ရမလဲ .."

စကားသံ ထွက်မလာပေမယ့် 'ခွင့်မလွှတ်လည်း မတတ်နိုင်ဘူး' ဆိုသည့် မျက်နှာက တစ်ပတ်မည့်ူး ...၊ ပြီးတော့ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်လိုက်ပြီး တစ်ဖက်နဲ့ နှာခေါင်းပွတ်သည်။

အယ်ဒီတာ ဦးပြည်ကျော် ခေါင်းတရမ်းရမ်းနှင့် ကိုင်ထားသည့် ဖလင်ဆွဲပြီးသားတွေကို အထပ်လိုက် ပစ်ချလိုက်၏။

နောက်ထပ် စာရိုက်ပြီးသားတွေကို ကောက်ဖတ်လိုက်၊ ပစ်ချလိုက်နှင့် ...၊ ပြီးတော့မှ နေရာမှာ ထိုင်ချလိုက်ကာ ...

"အမှားဆိုတာ တစ်ကြိမ်တစ်ခါကိုပဲ အမှားလို့ ခေါ်တာကွ၊ နှစ်ကြိမ်၊ သုံးကြိမ်မက အထပ်ထပ် ဖြစ်လာရင် အဲဒါ ဂရုမစိုက်တာ"

"ကိုယ့်ကိုယ်ကိုယ်တော့ ဂရုစိုက်လုပ်နေတယ်ထင်တာပဲ ဦးကျော်"

"ဘာပြောလိုက်တယ် ရေခါး .."





"စိတ်ထဲရှိတဲ့အတိုင်း ပြောတာပါ၊ အလုပ်လုပ်နေမှ ထမင်းစားရမယ့်လူက ကိုယ့်အလုပ်ကို တော်ရုံနဲ့တော့ ပြီးပြီးရော မလုပ်ဘူး၊ မှားမှာစိုးနေလေ ပိုမှားလေဖြစ်တာမျိုးတွေလည်း ရှိတတ်တာပဲ"

"မင်းကိုတော့ မှားမှာစိုးလို့ ပိုမှားရတဲ့လူလို့ ငါ မထင်ဘူး"

"ဟုတ်ပါတယ်.. မထင်လို့ အလုပ်ဖြုတ်ဖို့စာရင်းထဲ ထည့်တာပေါ့"

"မင်းကို အလုပ်ဖြုတ်တော့မယ်ဆိုတာ သိနေတယ်ပေါ့"

မေးပြီး ဦးပြည်ကျော် က ပြုံးလိုက်၏။

သူကလည်း ထပ်တူပြုံး၍ ခပ်နွဲ့နွဲ့ရပ်နေသည့်ကိုယ်ကို မတ်မတ်ပြင်ရပ်သည်။

"ယောက်ျားဝန်ထမ်းတွေကို အလုပ်ဖြုတ်ရတာ ဦးကျော် တို့အတွက် သိပ်မခက်ခဲလောက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးတွေလို မျက်ရည်ခံထိုးနေကြမှာမှ မဟုတ်တာ"

"ဟွန်း .. မျက်ရည်ခံထိုးတဲ့ကောင်တွေ မင်း မမြင်ဖူးဘူး ထင်တယ်၊ ခြေသလုံးဖက်မတတ်ပဲ"

"အဲဒီထဲမှာ ကျွန်တော် မပါဘူး"

ပြောပြီး သူ ချာခနဲ လှည့်ထွက်လိုက်သည်။

"နေဦး .. ရေခါး၊ မင်း လုပ်ထားတာ ဒီဘက်လထဲမှာ တစ်ပတ်ကျော်စွန်းထားတာ ရှိတယ်"

ရေခါး က ပြုံးနေသည့် မျက်နှာတစောင်းနှင့် ပြန်ငဲ့ကြည့်ကာ...

"နေပါစေ .. ဒီလအတွက် ဦးကျော် မှင်အိုးတွေ စာရင်းဖျောက်ဖို့ မလိုတော့ဘူးပေါ့"

"ဘာကွ!.."

"ဟွန်း .."

ရေခါး က မျက်ခုံးတွေ တွန့်သွားအောင် မဲ့ပစ်လိုက်ကာ ...

"လိုအပ်နေတဲ့နေရာမှာ ထည့်လိုက်လို့ ရတယ်လို့ ပြောတာ



www.burmeseclassic.com

အံ့ဩစိတ်မကောင်းစွာ ကြည့်နေကြသည့် မျက်လုံးတွေကို ကျော်ဖြတ်၍ သူ ထွက်လာခဲ့သည်။

ဒီနေ့ သူ ဒီလိုဖြစ်ဖို့ရှိနေတာကို သူမှလွဲပြီး အားလုံး သိနေပြီးသားလား ..၊ ဝင်လာပြီး စားပွဲတောင်မထိုင်ရသေးဘဲ အယ်ဒီတာက ခေါ်သည်ဆိုလို့ ဝင်သွားခဲ့သည်။

ပြန်ထွက်လာရတော့ လမ်းပေါ်ကို ..၊

ဒီနေ့အဖို့ ရာသီဥတုက မသာယာ ..။





## အခန်း [၁၀]

"နင် ဘယ်လိုလုပ်လိုက်တာလဲ ခါးသက်ချို"

"အဲ့ .. အဲဒါလေ .."

"တော့က် .. သွားပါပြီ .. အားလုံး သွားပြီ"

မန်နေဂျာ ဦးမောင်မောင်လတ် ပျာယာခတ်သွားပုံက မကြာမီ ရဲတွေရောက်လာပြီး လက်ရဖမ်းဆီးခြင်းခံရတော့မည့် လူသတ် ဝရမ်းပြေးလိုလို ..။

"နင် .. နင်က မီးခဲမပဲ"

စားပွဲဟိုဘက်ကနေ အံကြိတ်သံနှင့်ပြောကာ မျက်လုံးတွေက မီးတောက်မတတ် ..။

"အဲဒီ ဖိုင်နှစ်ထပ်က အရောင်လည်း မတူဘူး၊ ထားတဲ့နေရာကလည်း တခြားစီ၊ နင် တမင်တကာ ရှာယူပြီး MDကို အပ်လိုက်တာမို့လား .."

"အို .. မဟုတ်ရပါဘူး၊ အဲဒီလို မဟုတ်ပါဘူး ဂျာကြီးရယ်"

"မဟုတ်ရင် ဘာလဲ ..၊ အခု ငါ့ပြဿနာတွေ ပေါ်ကုန်ပြီ၊ ငါ့အတွက် ရှော့ခ်အကြီးကြီး အဲ့ဒါ .."

www.burmeseclassic.com



"ဒုန်း .."

စားပွဲကို လက်သီးဆုပ်နဲ့ ထုချလိုက်ကာ ခေါင်းငိုက်စိုက်ကျ၏။ သက် ထိတ်လန့်နေပေမယ့် ကိုယ် ဒီလိုလုပ်ခဲ့တာ မဟုတ်သည်မို့..

"တကယ်ပါ ဂျာကြီးရယ် .. ဂျာလေးက ခု မြန်မြန်ယူထုတ်ခဲ့ဆို ပြီး သော့ပေးလိုက်တယ်၊ သူ ပြောလိုက်တာလည်း အဲဒီအထပ်မှာပဲ.."

"တော်စမ်း"

ဆတ်ခနဲ မော့လာသည့် မျက်နှာကြီးက ခရမ်းချဉ်သီးမှည့်လို အနီရောင်ရင့်လျက် ရှိကာ ...

"စိုးမင်း ကို ငါ မေးပြီးပြီ၊ သူ ပြောလိုက်တာ အတိအကျပဲ၊ နင် တမင်တကာ ငါနဲ့ ရှော့ခ်ရှိဖူးလို့ မကျေနပ်ချက်နဲ့ လုပ်တာ"

"မဟုတ်ဘူး .."

"ဟုတ်တယ် .. အလုပ်သမားတွေက ကိုယ့်အပြစ်တွေကို ဘယ် တော့မှ ပြန်မကြည့်ဘူး၊ အထက်လူက ဆူတော့ မစာနာတာတွေ မညှာတာတာတွေနဲ့ ကွယ်ရာမှာ အတင်းပြော မေတ္တာတွေ ပို့"

"ကျွန်မ အဲဒီလို တကယ် သဘောမထားခဲ့တာ အမှန်ပါ၊ အလုပ် မှာ အမှားအယွင်းဖြစ်တိုင်း ဂျာကြီးက ဆူပေမယ့် ခွင့်လွှတ်ခဲ့တာပဲ၊ ကျေးဇူးတောင် တင်နေခဲ့တာပါ"

"အေး .. အခု မတင်နဲ့တော့၊ ဒီအပြစ်အတွက် နင့်ကို ငါ လုံးဝ ခွင့်မလွှတ်ဘူး၊ ငါ့အပြစ်ကြောင့် MDအပြစ်မပေးမချင်း ငါ့မှာ အာဏာ ရှိသေးတယ်၊ အဲဒီတော့ နင် ထွက်စာတင်ခဲ့ ..၊ နောက်နေ့ လာစရာ မလိုတော့ဘူး"

"ဂျာကြီး .."

"သွားတော့ .. မြန်မြန်သွားတော့"

စားပွဲကို နောက်ထပ် ထုပစ်လိုက်ကာ စားပွဲပေါ်မှာပဲ မျက်နှာ မှောက်ချလိုက်သဖြင့် သက် ပါးစပ်ပြန်ပိတ်လိုက်သည်။





သူ့အပူက ကိုယ့်ထက်ကြီးနေပြီဆိုတော့ ထပ်လည်း မပြောချင် တော့ပါ ..၊ မှားခဲ့တာကလည်း သူမပဲ ဖြစ်သည်။

ကိုယ်နဲ့ မကြာခဏ ရင်ဆိုင် ကြိမ်းမောင်းခံရခြင်းတွေ ရှိခဲ့ဖူးတဲ့ သူကိုမှ သူ မဟုတ်တာ လုပ်ထားခဲ့သည့် အောက်လိုင်းအားလုံး ပေါ် ကုန်အောင် လုပ်ပစ်လိုက်သလို ဖြစ်ခဲ့ရသည်။

တကယ် မရည်ရွယ်ခဲ့တာတွေပါ..၊

မရည်ရွယ်ဘဲ အလုပ်သစ် ရှာရတော့မည့်အဖြစ်ကို ရောက်လာ ခဲ့တဲ့အတွက်လည်း စိတ်လက်ချမ်းသာစွာ ဖြတ်သန်းဖို့ ကြိုးစားရဦး မည်ဆိုတာ မရည်ရွယ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၁]

သူများတွေ ရုံးတက်နေပြီဖြစ်သည့်အချိန်မှာ ထီးလေးဆောင်း၍ သက် လမ်းပေါ် ပြန်ရောက်လာခဲ့သည်။ ဒီနေ့ကျမှ သမီးလေး ညတည်းက သိပ်နေမကောင်းလို့ ထမင်းချိုင့်ထည့်မလာနိုင်ခဲ့တာ အလုပ်ပြုတ်ရဖို့ နိမိတ်လား ...။

သနားခံစာတွေတင်ပြီး အခွင့်အရေးပြန်ရဖို့ ကြိုးစားပါလားတဲ့...။

သူငယ်ချင်းတွေက ပြောကြသည်။ စုစု ဆို မျက်ရည်တွေပါကျရှာ၏။ သက် ခေါင်းခါလိုက်မိသည်။ အကြိမ်ကြိမ်အခါခါ ဆူခံထိနေတာလည်း ခါးသက်ချို ...။

'ဂျာကြီးကတော့ မျက်မုန်းကျိုးနေတာ သေချာပြီနော်'လို့ အချင်းချင်း လက်တို့ သတိပေးခံရတာလည်း ခါးသက်ချို ...၊

ဒီတစ်ခါကျမှ ဒီဂျာကြီး အလုပ်ပြုတ်တော့မှာပဲဆိုပြီး သူ့အမိန့်ကို မနာခံလျှင် ဂျာကြီး စွပ်စွဲတဲ့အတိုင်း အတည်ဖြစ်သွားမှာပဲ အဖဝ်တင်မည်။

အိမ်ပြန်ရမလား ...၊ အလုပ်ရှာဖို့ လမ်းပေါ်ဆက်လိမ့်ရမလား စဉ်းစားရင်း မျက်လုံးက လမ်းဟိုဘက်ခြမ်းကို ရောက်သွား၏။





ဟိုလူ ...၊ ခုချိန်ထိ နာမည်မသိရသေးပေမယ့် မေးကြည့်ဖို့လည်း သတိတရ မရှိခဲ့ပေ ...။ ဒီလူ 'သောက်ရှူးကြယ်'ဂျာနယ်တိုက်မှာ လုပ်တာလား ...။

မျက်နှာမှုန်ကုတ်ကုတ်နှင့် လွယ်အိတ်နဲ့ ပြန်ထွက်လာပုံက စိတ်ထဲမှာ ဟိုထင်ဒီထင်ဖြစ်သွားမိကာ ငါ့လို အလုပ်ပြုတ်လာတာတော့ မဟုတ်လောက်ပါဘူး ...။

ထင်လိုက်ခြင်းနှင့် ပယ်ချခြင်း ပြိုင်တူဖြစ်ကာ ဒီလောက်ထိတော့ ကိုယ့်လို ဘယ်သူမှ ကံဆိုးခြင်း တိုက်ဆိုင်စွာ လာဖြစ်မှာမဟုတ်ဟု သံသယကို ပြည်ဖုံးကားချလိုက်၏။

ဒါပေမယ့် ကားမှတ်တိုင်မှာ အတူတူ ယှဉ်လျက်သား ရပ်မိကြတာ သိပ်မကွာ ...။ နှစ်ယောက်ပြိုင်တူ လှည့်ကြည့်မိကြပြီး သူကလည်း ကိုယ့်ပုံစံကို အကဲခတ်သည်။

သက် အလုပ်ပြုတ်လာတာ သိသာနေသည်လား ...၊ မျက်နှာကို တမင်ချိုပြီး တင်းပစ်လိုက်သည်။ သို့သော် ...

"အဟွန်း .."

ခပ်သဲ့သဲ့ရယ်လိုက်သံက လှောင်ရယ်သံ ...၊ စိတ်ထိန်းလိုက်ဖို့ မေ့သွားကာ သက် ဆတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

မချိုမချဉ်မျက်နှာ ဟိုကြည့်ဒီကြည့် လုပ်နေတာမြင်မှ လှည့်ကြည့်လိုက်မိသည့် ကိုယ့်ကိုယ်ကိုယ် နဖူးပြန်ထုပစ်ချင်စိတ်တွေ ဖြစ်သွားသည်။ ရှက်စိတ်ကြောင့် ဖြစ်ချင်ရာဖြစ် မည်းသည်း အော်ပစ်ချင်၏။

ကားလာတော့လည်း ဘယ်လိုမှ မရည်ရွယ်ဘဲ ပြိုင်တူ လှမ်းတက်မိကြကာ ပခုံးချင်းတိုက်မိပြီး ပြိုင်တူ ပြန်ပြုတ်ကျ၏။

"မင်း ဘယ်လို ဖြစ်တာလဲ"

"အံမာ .. ရှင်က ယောကျာ်းကြီးတန်မယ့် လုတက်တာလေ"

"ငါက လမ်းလျှောက်လာတာ၊ မင်းက ပြေးတက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့ ဟုတ်နေသည်မို့ သက် မျက်နှာလေး ရဲသွား၏။

"ကဲ .. တက်ကြပါဗျာ .. အစ်ကိုတို့ အစ်မတို့ ကားပေါ်က ပြန်ဆင်းမှ ဆက်ဖြစ်ကြပါ"

"အေးလေဟယ်"

နောက်လူတွေ တက်မရသဖြင့် ပွစိပွစိ ရေရွတ်သံတွေ ထွက်လာသည်။ ဒီလူနဲ့ ရေစက်မကုန်နိုင်တာ ကားပေါ်ရောက်တဲ့အထိ ..။

"ဒီမှာ .."

အမျိုးသမီးရဲ့ ဒေါသသံကြောင့် ပြဿနာတော့ စပြီဆိုတာ သိလိုက်၏။ ထိုင်ခုံမှာ နေရာရသဖြင့် ထိုင်ရင်းကနေ သက် မော့ကြည့်လိုက်မိသည်။ မြင်လိုက်ရတော့ တစ်မျိုး ..။

"နင့်ရဲ့လက်က ဘယ်ရောက်နေတာလဲ .."

"ဘာလဲ .. ဘာတွေ လာပြောနေတာလဲ"

အမျိုးသမီးက ဆံပင်တွေ တစ်ခေါင်းလုံးကောက်ထားကာ အထူးတလည်ချုန်နေသည့် နှုတ်ခမ်းအစုံက တော်တော်စွာမည်ဆိုတာ သံသယဖြစ်ဖွယ် မရှိ ..။

သူမသည် သူ့ကိုပဲ ဒေါသတကြီး လှည့်ကြည့်၍ ...

"လူကို ဘာမှတ်နေသလဲ .. ဟွန်း .. ရုပ်လေး သနားကမားနဲ့ ပါးဆွဲရိုက်လိုက်ရရင် မကောင်းဘူး"

"ဘာဗျ .. ခင်ဗျား ကျွန်တော့်ကို ပြောနေတာလား"

"နင်ပဲ ငါ့ဖင်ကို .. တောက် .."

"မဟုတ်ဘူးနော် .. ဒီမှာ ရုပ်ကို သေချာကြည့်၊ ဒါမျိုး ဝါသနာပါရင် ကားလိုက်စီးပြီး ချွေးပြန်အောင် ကြံစည်နေဖို့ မလိုဘူး၊ ကိုယ့်အသက်အရွယ် ကိုယ့်ပုံစံလည်း ပြန်ငုံ့ကြည့်ဦး"

"ဘာပြောတယ် .. ဟဲ့ .."

"ဒီမှာ အစ်မ .."





အမျိုးသမီးက လက်မြန်ခြေမြန်နှင့် တကယ်ရိုက်ဖို့ပြင်လျှင် သက် နေရာမှ ထရပ်လိုက်ကာ ...

"အစ်မကို လက်လျှိုနေတာ ဒီဘက်က ဘူတာလွန်ကြီးရယ် .."

မဆိုင်ရင်တော့ လူမှားမှားမမှားမှား အနေသာကြီးပါ။ ဒါပေမယ့် ကြည့်မရတာက တခြား၊ သူက ကိုယ့်အတွက် ကျေးဇူးရှိတဲ့လူ ..။

"ကိုယ့်အသားထိတာ မခံနိုင်ပေမယ့် တရားခံကို သေချာရှာမှပေါ့ အစ်မရယ် .. ကိုယ်မဟုတ်ဘဲနဲ့ ဘယ်သူက ခံချင်မှာလဲ"

ဘေးမှာ အပေါ်တန်းကို ဆွဲရပ်နေသည့် ခပ်ဖိုင့်ဖိုင့် ကိုယ်လုံးတောင့်တောင့်နှင့် အသက်ငါးဆယ်လောက် လူကြီးက မျက်ထောင့်နီကြီးနှင့် သက် ကို စားမတတ်ဝါးမတတ် ကြည့်သည်။ သက် က ဂရုမစိုက်ပါ ..။

"အဲဒီလို လုပ်တတ်တဲ့လူတွေက အရောင်ကောင်းတယ်၊ ဟွန်း.. သေခါနီးမှ ရှုံ့စရာ"

လို့ ထပ်ပြောပြီးမှ နေရာမှာ ပြန်ထိုင်လိုက်သည်။

ကားပေါ်ကဆင်းတော့ သက် ဘယ်ကို ဆက်သွားရမလဲ စဉ်းစားနေစဉ် ...

"ခါးသက်ချို .."

သူက ဘေးမှာ ရောက်လာကာ ...

"ကျေးဇူးပဲ"

"ဘာအတွက်လဲ"

"ငါ့အတွက် သက်သေလိုက်ပေးလို့"

"ဟွန်း .."

သက် က နှာခေါင်းလေး တွန့်ပစ်ကာ ...

"ရှင့်လိုလူက သက်သေ မလိုပါဘူး .. ရန်တွေ့ကောင်းတာပဲ ဟာ၊ ဘယ်သူနဲ့ ဘာဖြစ်ဖြစ် ရှင် နိုင်မှာပဲ၊ ကျွန်မကလည်း ဟို[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြီး လူမသိသူမသိ အရှောင်ကောင်းနေတာကို ဒေါသထွက်လို့”

“ဒါဖြင့် အဲဒါတွေကို မင်း တကယ့်မြင်တာပေါ့”

“ဘာ!...”

သက် အသံလေး စူးသွားသည်။ တစ်ဖက်လှည့်လိုက်ပြီးမှ ဆတ်ခနဲ ဒီဘက်ပြန်လှည့်တော့ ပခုံးအောက် ဆံပင်တွန့်တွန့်လေးတွေ ဝှေ့ခနဲ လွှဲယမ်းသွား၏။

“ရှင့်ကို ကာကွယ်ပေးဖို့အတွက်နဲ့များ ကျွန်မက မဟုတ်ကဟုတ်က ဝင်ပြောပေးလိုက်တယ် ထင်လို့လား ..”

“မဟုတ်ဘူးလား ..”

“လဲသေလိုက် .. အဲဒီမှာ”

သက် ဒေါကန်သွားတော့ သူက စပ်ဖြဲဖြဲဖြစ်သွားပြီး ...

“ဘာပဲဖြစ်ဖြစ် ကျေးဇူးက တင်ပြီးသားပါ”

“အံမာ ..”

ကလေးဆန်နေနေ ဘာဖြစ်ဖြစ် စိတ်တိုလွန်းကာ ခါးတစ်ဖက်ထောက်လိုက်မိသည်။

“ဒီလောက် လူညစ်ပတ်ကြီးက သူ့ကို မဟုတ်ကဟုတ်က သွားပြီး လက်ညှိုးထိုးရင် ဒီတိုင်း ငြိမ်နေမှာတဲ့လား .. သူများကို အသားယူ ပြောချင်ရင် ရှေ့နောက် စဉ်းစားပြီးမှ ပြော ..”

“အင်း .. စဉ်းစားမိတာ ပြောရရင် မင်း ဒီနေ့ပဲ အလုပ်ပြုတ်လာတယ်၊ ဟုတ်တယ်မို့လား ..”

“ဟုတ်တော့ ဘာဖြစ်လဲ ..”

ပက်ခနဲ ပြောလိုက်ပြီးမှ ရယ်ချင်ပက်ကျိဖြစ်သွားသည့် မျက်နှာကြောင့် မှားပြန်ပြီကို သိလိုက်၏။ အဲဒါ သူများကိုပဲ ဒေါသတွေထားရန်များတာကိုး ..။

ခါးသက်ချို .. အဲဒီပုဂ္ဂိုလ် နင့်ကို ခင်ချင်လွန်းလို့ အကြောင်းရှာ





ပြီး လာဖောနေတယ် ထင်သလား..၊

ခွေးဒေါသထွက်အောင် ခဲနဲ့ပေါက် ရန်စနေတာမျိုး ..။

နင် ခွေးမဟုတ်ဘဲနဲ့ ဒီလောက်တောင် ခဲနဲ့ပေါက်တိုင်း လိုက်ဟောင်နေရသလား ..၊ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိတော့သည်။ ဒါပေမယ့် ဝန်ခံခြင်းကိစ္စကတော့ ပြီးမြောက်သွားပြီဖြစ်၏။

“စိတ်မပျက်ပါနဲ့ ..၊ ရန်ကုန်မြို့မှာ အလုပ်တွေ အများကြီးပဲ၊ ငါလည်း ဒီမနက် အလုပ်ပြုတ်လာတာ”

“ဟင်!...”

သက် အံ့သြသွားတာကို သူက တည်ကြည်သည့်မျက်နှာနှင့် လူကြီးလူကောင်းပုံစံ ပြုံးလိုက်သေးသည်။

“မင်းကို လှောင်ပြောင်ချင်လို့ မေးတာမဟုတ်ဘူး၊ ကိုယ်လည်း အလုပ်ပြုတ်လာတော့ ကြည့်လိုက်တာနဲ့ မျက်နှာပေါ်က မှဒ်က ငါနဲ့ တူနေပါလားလို့ ခံစားမိလိုက်တာမျိုးပေါ့၊ ကျေးဇူးပဲ .. သွားမယ်”

ပြောနေရင်း တစ်ခါတည်း နှုတ်ဆက်ပြီး လှည့်ထွက်သွားသဖြင့် သက် က အလျင်စလို တားလိုက်ကာ ...

“ရှင့်ကို မေးမလို့ဟာ နာမည်လည်း မသိတာနဲ့ ခေါ်ရခက်ပြီး မမေးဖြစ်တာ”

“ဘာလဲ .. နာမည် သိချင်တာလား”

မေးပုံက တင်စီးသည့်လေသံအပြည့် ..၊ သက် မျက်နှာလေး တည်သွား၏။

“သိချင်တာ မဟုတ်ဘူး၊ နာမည်ခေါ်မှ အဆင်ပြေမှာတွေ ရှိတော့ မေးဖို့ကို သတိရလာတာ”

“မင်းက မာနတော့ကြီးသားပဲ ခါးသက်ချို”

“ကြီးတယ် .. ဆင်းရဲတယ်ဆိုပြီး ရှင်က တော်တော်လျှော့တွက်ထားပုံ ရတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မတွက်ပါဘူး၊ မင်းကို မြင်လိုက်တဲ့အခါကျမှ ပွေးမိတာမျိုးပေါ့"

ခေါင်းထဲထည့်လောက်စရာ မဟုတ်ဘူးလို့ ကြေညာတာလား..၊ ထည့်ဖို့ မလိုကြဘူးဆိုတာလည်း မှန်ပေမယ့် ရင်ထဲမှာတော့ အောင့်သက်သက် ဖြစ်၏။

"မင်း အကြီးကြီး ချဲ့ကားတွေးလိုက်တာမျိုးတွေ ငါ့စိတ်ထဲမှာ ဘာမှမရှိဘူးဆိုတာကို ပြောချင်တာပါ၊ ဥပမာ နာမည်သိချင်တာလားလို့ မေးမိတာမျိုး .."

သူက ပြန်ရှင်းပြနေရင်း ...

"မင်း မာနကြီးတယ်လို့ ပြောတာလည်း ဘာပြောပြော နည်းနည်းမှ စကားတင်မခံတတ်တာကိုပဲ ရည်ရွယ်တာ ..၊ အများကြီးမဟုတ်ဘူး"

"စကားဆိုတာ ပြောတိုင်းရပေမယ့် ပြောလိုက်တဲ့ စကားလုံးလေးသံတွေမှာ သက်ရောက်မှုတွေ ကွာခြားသွားတယ်၊ အဲဒါကျတော့ ရှင် မသိဘူးလား"

"မသိဘူး ..၊ အခု ငါ့နာမည်ကို ပြောလိုက်ရင်လည်း မင်းမျက်နှာတစ်မျိုးဖြစ်ချင်ဖြစ်သွားဦးမှာ၊ မင်းရဲ့နာမည်ကို သိလိုက်ကာစက ငါပြုံးမိပေမယ့် မင်းက အကြီးကြီး ချဲ့ကားတွေးမှာလေ"

"ဘယ်လို .."

"ငါ့နာမည်က ရေခါး"

'ရေခါး .. ခါးသက်ချို' စိတ်ထဲမှာ ယှဉ်လျက်သား မြည်ဟီးသွား၏။ ဒီလိုတူပုံမျိုးက တိုက်ဆိုင်ဖို့ဆိုတာတောင် သိပ်မဖြစ်နိုင်ဘဲနဲ့ သူပြောသလို စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတာတော့ သေချာကာ သူပြောထားလို့ပဲလား မသိ၊ နောက်ထပ်တော့ အရှည်ကြီး မတွေးမိခဲ့ပါ။

"ဘယ်လိုလဲ .."





"ဘယ်လိုမှ မလဲဘူး၊ ဒါဆို ရှင့်ကို ပြောစရာရှိတယ်၊ မမ ပေးလိုက်တဲ့ ကျွန်မဓာတ်ပုံ ပြန်ပေးပါ"

"မရှိတော့ဘူး"

"ဘာ!..."

"ဟုတ်တယ် .. ငါက စည်းကမ်းရှိတာမဟုတ်တော့ ဘာပစ္စည်းဘယ်မှာထားထား မှတ်မှတ်သားသား မလုပ်တတ်ဘူး"

"အို .. ရှင့် သူများပစ္စည်းကိုတော့ ဒီလိုလုပ်ဖို့ မသင့်ပါဘူး၊ အဲဒီနေ့ကတည်းက ပြန်ပေးလိုက်ရင်လည်း ပြီးတဲ့ဟာကို .."

"ဆောရီးလို့ ထပ်ပြောတယ်ကွာ .. မင်းဓာတ်ပုံကို အမှိုက်ပုံမှာ ကောက်တွေ့လည်း မင်းမှန်း ဒီမှာ ဘယ်သူမှ သိကြမှာ မဟုတ်ပါဘူး၊ တူတာ ဘာမှမှ မရှိတာ"

သူပဲ ခွဲခြားစီရင်ပြီး ဒီတိုင်း လှည့်ထွက်သွားသည်။ ဓာတ်ပုံတကယ်ပျောက်သွားသလား .. ပြန်မရှာချင်လို့ အလွယ် ပြောလိုက်တာလား ..၊ ဘာမှ မရေရာဘဲ ဘာမှလည်း မမေးနိုင်တော့ပေ ..။

ဒီလူ ဘယ်လိုလူလဲ ..။

ရေခါး ဆိုသည့်နာမည်ကို ထပ်ရွတ်ကြည့်ရင်း စိတ်ထဲမှာ တစ်မျိုးကြီး ထပ်ဖြစ်ပြန်သည်။ ကလေးတစ်ယောက်စီ လက်ဆွဲလျက် ကပ်လျက်မှာ လာဆုံကြ၏။ ဆင်းရဲကြတာလည်း တူသည်။ အလုပ်ပြုတ်တဲ့အထိ တစ်ချိန်တည်း အတူတူ ..။

နာမည်တောင်မှ ဆင်ဆင်တူနေခဲ့တာ ဘယ်လိုရေစက်တွေလဲ မသိ ..။ နောက်ထပ် တူတာတွေ မရှိဖို့ ဆုတောင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ရေခါး .. မင်းရော အဆင်ပြေရဲ့လား"

"ပြေစရာလားကွ .. မပြေတဲ့နေရာ ရောက်နေရတဲ့ဟာ"

ရွှေသွေး က သက်ပြင်းရှည်ကြီးချ၍ ခေါင်းကုတ်သည်။

"မင်း ဖြေလိုက်မှပဲ ငါ ပြောမယ့်ကိစ္စတောင် ဘယ်ကစပြောရမှန်း မသိတော့ဘူး"

"ကောင်းတယ် .. စဉ်းစားလိုက်ဦး၊ ငါ မျိုကျအောင် ခဏ တိတ်တိတ်နေပေး"

ရွှေသွေး က ခေါင်းပဲကုတ်နေကာ ဆံပင်တွေ ပြန်ခါထုတ်ရင်း ရှုံ့မဲ့နေ၏။ City Garden မှာ ဆုံနေကျအတိုင်း လူစုံစုံမစုံစုံ အကြောင်းရှိတာနှင့် နီးတဲ့လူကို လှမ်းခေါ်ပြီး ဒီလိုပဲ ဆုံနေကျ ..။

ကျောင်းမှာကတည်းက ကျောင်းပြီးတဲ့အချိန်ထိ ယောက်ျားလေး .. မိန်းကလေး မခွဲခြားဘဲ ခင်မင်ရင်းနှီးကြတဲ့ သူငယ်ချင်းတွေ အများကြီးပဲ ဖြစ်သည်။ များလို့ပဲ ရှုပ်ကုန်တာလား မသိ ..။

ကျောင်းပြီးလို့ တစ်ယောက်တစ်နေရာဆီ ခွဲကြရတော့မည်ဆိုတော့ ခင်တာတွေကနေ ချစ်တာတွေ ဖြစ်ကုန်ကြသည်။





ဖွင့်ပြောကြ .. ချစ်သူဖြစ်ကြနှင့် ဘဝအနိမ့်အမြင့်တွေ အဆင့်အတန်းတွေနဲ့ ဆုံးဖြတ်ဖို့ရှိလာတော့ မိဘတွေက ပေတံကြီးတွေ ကိုင်လာသည်။ ထို့ကြောင့် မိဘသဘောမတူလို့ ခိုးပြေးတဲ့စုံတွဲတွေ၊ သဘောတူပေမယ့် အိမ်တွင်းရေးပြဿနာတွေရှိလာကြတော့ ကြုံလာရတဲ့ စိတ်ဆင်းရဲမှုတွေ ..၊ အားလုံးဟာ ဖြူစင်သည့်ရင်းနှီးမှုကနေ အချစ်ကြောင့် ကြုံဆုံလာရတာတွေပဲ ဖြစ်၏။

"အေး.. မင်းကတော့ စားကောင်းသောက်ကောင်း နေနိုင်မှာပေါ့"

စောင့်တော့ စောင့်နေပေမယ့် စားသောက်ပြီးစီးတဲ့အထိ မစောင့်နိုင်သဖြင့် လက်စမသတ်ခင်မှာပဲ ရွှေသွေး ပြန်စလာသည်။

"ပြီးပြီလား .. ပြောလို့ ရပြီလား"

"မရလည်း ပြောချင်လွန်းလို့ ပျွမ်းပစ်ချင်နေပြီ၊ သိတယ်..ပြော"

တူကို အသာပြန်ချကာ အအေးဘူးကို ဖောက်လိုက်သည်။ ရွှေသွေး က ဖန်ခွက်တိုးပေးတော့ ခေါင်းခါလိုက်ပြီး ဒီတိုင်း မော့၏။

"ရေခါး .. ငါ မနေနိုင်တော့ဘူးကွာ .. ဘယ်လိုမှ ဆက်မအောင့်နိုင်တော့ဘူး"

"ဟား!..."

အအေးဘူးကို ကိုင်လျက် ရေခါး ရှုံ့မဲ့ကြည့်၏။

"မနေနိုင်ရင် သွားလေကွာ .. သိပ်ဝေးတာလည်း မဟုတ်ဘဲနဲ့၊ တော်ကြာ အန္တရာယ်ဖြစ်ဦးမယ်"

"မဝေးပေမယ့် ငါတစ်ယောက်တည်း မရလို့ပေါ့ကွ"

"ဘာ!..."

ရေခါး နောက်ထပ် မျက်လုံးပြူးကြည့်ပြန်သည်။

"ဘာလဲ .. ငါပါ ဝိုင်းညှစ်ပေးရမှာလား .. နေပါဦး .. မင်းတွိုင်လက် သွားမှာလား၊ ကလေး သွားမွေးမှာလား"

"ဟာ!... သေပါတော့ .."



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေး ကိုယ့်နဖူး ကိုယ်ရိုက်၍ ပစ်စလက်ခတ် ညည်း၏။

"ရေခါး ရာ .. မင်းလည်း ကလေးအဖေဘဝ ရောက်သွားတာနဲ့ ဦးနှောက်ပါ မှိုတက်ကုန်ပြီလား"

"ဘာလဲ .. မင်း တွိုင်လက်ဝင်ချင်လို့ ညည်းနေတာ မဟုတ်ဘူးလား .. မသိဘူးလေကွာ .."

"မသိဘဲ မသိနိုင်လွန်းတယ် ခွေးကောင်၊ ငါ အဲဒါ သွားချင်တာ မင်းကို တိုင်တည်ပြီး ညည်းနေစရာလား .."

ရေခါး ကိုယ့်ဖာသာ သဘောပေါက်သွားကာ မလုံမလဲ ရယ်မိသည်။ တကယ် ထင်လိုက်တာ အဲဒီအတိုင်း ..။

"ငါနဲ့ သစ္စာ နဲ့ဝေးနေကြတာ ကြာပြီလေကွာ.. မာမီတို့က အပြော မတတ် သူ့မိဘတွေက ဆင်းရဲပေမယ့် မာနတံခွန် အလံထူနေတာ.."

"အေးလေ .. မင်းအစွမ်းအစနဲ့ အိမ်တစ်ဆောင် မီးတစ်ပြောင် ထားနိုင်မှ သူ့သမီးကို လာခေါ်ဆိုတာ မင်း ကြိုးစားလိုက်ပေါ့"

"ဘယ်လိုလုပ် ကြိုးစားမလဲ .. ဘဏ်မှာထည့်ပေးထားတဲ့ ငါ့ မုန့်ဖိုးတွေတောင် မာမီတို့က ပြန်ထုတ်ပစ်လိုက်ပြီ၊ နောက်ပြီး ငါ ဘာအလုပ်မှ လုပ်မရအောင် ဒက်ဒီက သူ့မိတ်ဆွေတွေရဲ့ လုပ်ငန်းမှန် သမျှ အားလုံး လိုက်ပိတ်ထားတာ၊ ငါ့ကို ပန်းရန်ခေါ်ခိုင်းမယ့်လူ တောင် မရှိဘူး"

"ဘာဖြစ်လဲကွာ .. မင်းတို့က ခြောက်လလောက်တောင် ပေါင်း ပြီးကြပြီ၊ ခိုးပြေးထားကြတာလည်း လူတိုင်း သိတယ်"

"အဲဒါနဲ့ ငါက ငုတ်တုတ်ထိုင်နေရမှာလား"

"သူတို့ကလည်း သမီးရှင်ပဲကွ၊ ဖက်ပေါက်မှာတွေ ဇကောရော ဆန်ကာရော ရှုံးမှာတွေ သိနေကြမှာပါ၊ သစ္စာ ကလည်း ရှိသေးတယ် သူ တကယ် မင်းလိုဖြစ်နေရင် တစ်နေ့နေ့ ထွက်ပေါက်ရှာပြီး မင်းဆီ ရောက်လာမှာပါ"





"ဟုတ်တယ် .. ရှာလာတယ်၊ ငါက တွေ့ချင်တယ်ပြောတော့ သူလည်း တွေ့ချင်တယ်တဲ့၊ ဒါပေမယ့် နောက်ထပ်တစ်ခါ ခိုးပြေးကြ မယ်ဆိုတော့ လက်မခံဘူးကွ၊ သူ့အဖေ ကျောင်းဆရာကြီးက ဒေါသ ကြီးသလောက် သွေးတိုး၊ နှလုံးရောဂါတွေ ရှိတယ်တဲ့"

"ဒါဆိုလည်း လင်မယားချင်းပေမယ့် ချိန်းတွေ့ကြပေါ့"

"အဲဒါ မင်းကို တိုင်ပင်တာပဲ၊ မင်းပဲ တတ်နိုင်မှာ၊ လုပ်ပါကွာ.. ငါ့ကို ကူညီဖို့ အကြံလေးဘာလေး .."

"လုပ်ပြီ .. မင်းတို့ ငါ့ကို ဟိုဆိုင်ခေါ်တွေ့ ဒီဆိုင်ခေါ်တွေ့နဲ့၊ ပြီးတော့ စားရတာလေးနဲ့မမျှဘူး ဟိုဟာ လုပ်ပေးပါ၊ ဒီဟာ လုပ်ပေးပါ"

"ဘယ်သူလဲ .. ဟံသာ လား .."

"ဟုတ်တယ်"

ရေခါး က စီးကရက်မီးညှိပြီး မီးခိုးတစ်ရှိုက် ပါးစပ်ထဲ ငုံကာ ဘေးဘီကို လှမ်းကြည့်နေလျက် ...

"ဒီကောင်က မင်းထက် ဆိုးတယ်၊ အစတည်းက သူ့မိဘက ဆု နဲ့ သဘောမတူဘူး"

"ဟုတ်တယ်"

လူကုံထံ အသိုင်းအဝိုင်းချင်း တူကြသော်လည်း ဆု တို့တွေက အရောင်းအဝယ် ကုန်သည် စီးပွားရေးသမားတွေဖြစ်ကာ လူနေမှု အဆင့်အတန်း ပွင့်လင်းလွန်းသည်။

ဟံသာ တို့က မောင်နှမနှစ်ယောက်ပဲ မွေးထားပေမယ့် မိဘတွေ အစဉ်အဆက်ကိုက ရာထူးရာခံနှင့် ပညာတတ်မျိုးရိုးတွေဖြစ်သလို ဟံသာ တို့ကို စနစ်တကျ ပြုစု စောင့်ရှောက်ခဲ့ကြတာ ဖြစ်သည်။

ယဉ်ကျေးမှုကိုသာ အဓိက အလေးထားသည့်မိသားစုနှင့် အဆင့် အတန်းဆိုတာ ခေတ်မီစွာ ဝတ်စား သွားလာ နေထိုင်တတ်ခြင်းလို့ သတ်မှတ်သည့် မိသားစုတို့ ဘယ်လိုမှ မပြေလည်နိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



"အခု သူတို့က ဘယ်လိုတွေ ဖြစ်ကုန်လို့လဲ ..၊ နှစ်ဦးနှစ်ဖက် အကြီးအကျယ် လက်ထပ်ပေးထားပြီးမှ .."

"ဆု ကလည်း ကိုယ်ဝန်နဲ့ဆိုတော့ ဟိုကောင့်ကို အနားမှာ ရှိစေ ချင်တာပေါ့ကွာ၊ ဟံသာ က သူ့အစ်မ ကားအက်ဆီးဒင့်ဖြစ်ကတည်း က ပဲခူးမှာ သွားနေပြီး အစ်မကို ပြုစုနေရတာ"

"အဲဒါကိုက သဘာဝမကျတာကွ၊ ရေခါး .. မင်း စဉ်းစားကြည့် ဦး၊ ဟိုက သူ့အိမ်ထောင်နဲ့သူ ဗိုးလ်ချဲစီးရတဲ့အဆင့်လည်း မဟုတ် တော့ဘူး၊ ခု ကောင်းနေပြီလို့ ငါ ကြားတယ်၊ သူ့အမေတွေက တမင် ခွဲချင်လို့ လုပ်တာ"

"အသိသာကြီးပဲဟာ .. ဆု တို့ဘက်က စီးပွားရေးတွေ သည်း မည်းရှာပြီး သားသမီးတွေလည်းများတော့ ဒီသမီးကို သေချာ ဂရု မစိုက်နိုင်ဘူး၊ ယောက္ခမတွေနဲ့ နေတာပဲဆိုပြီး စိတ်ချနေတာလည်း ပါမှာပေါ့"

ရွှေသွေး က ခေါင်းညိတ်လိုက်ကာ မွန်းကျပ်သည့် နောက်ထပ် သက်ပြင်းတစ်လုံး မှုတ်ထုတ်၏။

"ပညာတွေတတ်ပြီး စိတ်ထားကျတော့ မနူးညံ့ကြဘူးနော်၊ ဆု ခမျာ ယောက္ခမတွေကြားမှာ လှုပ်ရဲမှာမဟုတ်ဘူး .. သနားပါတယ်၊ ကိုယ့်ကိုယ်ကိုယ် အပူသည်မှန်းတောင် မေ့သွားတယ်၊ ဒီကောင်တွေ အဖြစ်က တစ်မျိုး .."

အမျိုးမျိုးသော သောက အခက်အခဲတွေကို ညည်းညူ ရှုံ့မဲ့ရင်း လမ်းခွဲခဲ့ကြတော့ ဘာတွေ တိုင်ပင်ပြီး ဘယ်လို အတည်ပြုခဲ့ကြသလဲ မသိ ..။ အပူသည်တစ်ယောက်နဲ့ တွေ့ဆုံခြင်း ဒီမှာ တစ်ခန်းရပ်လေ သည်။





အခန်း (၁၃)

"ဗိုက်ဆာလိုက်တာဟာ .."

မနော ကို ထမင်းစားဖို့ ထွက်ခေါ်မည့် ခြေလှမ်းတွေ တံခါးနား မှာပဲ ရပ်တန့်သွားခဲ့၏။

"ကိုကို့ဖေဖေက ဘာဖြစ်လို့ နောက်ကျမှ ပြန်ပြန်လာတာလဲ ဟင်၊ ကျောင်းပြန်ကျတော့လည်း ကိုကိုတစ်ယောက်တည်းပဲ ပြန်လာ ရတာ"

"ဆိုက်ကားနဲ့ပါ"

"တီတီဆိုရင် ဆိုက်ကားနဲ့လည်း စိတ်မချပါဘူး"

"နင်က မိန်းကလေးမို့လို့ပါ"

"အဲဒါကြောင့် မဟုတ်ပါဘူး၊ ကိုကို့ဖေဖေက တီတီ့လောက်လည်း မချစ်ဘဲနဲ့"

"တော်ပါတော့ဟာ .. နင်ကလည်း ငါ့ဖေကြီးအကြောင်း စလာ ရင် ဒါပဲ"

"ညီမလေးက ကိုကို့ကို သနားလို့ပါ"

"မသနားပါနဲ့တော့ .. နင် သနားလည်း ငါ ဗိုက်ဝမှာမှ မဟုတ် တာ၊ ဖေကြီး ပြန်လာမှ စားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မီးဖိုချောင်ထဲမှာ ဘာမှ မရှိဘူးလားဟင်"

"ဘယ်လိုလုပ် ရှိမှာလဲ ..၊ ရေခဲသေတ္တာရှိရင်တော့ ပြေးဖွင့်ပြီး ပန်းသီးတွေ၊ စပျစ်သီးတွေ မျိုချလို့ရမှာပေါ့၊ ပေါင်မုန့်မီးကင်စက်လေး ရှိရင်လည်း ခလုတ်နှိပ်လိုက်ရုံနဲ့ ကင်ပြီးသား အဆင်သင့် ထွက်ဦးမယ်"

"ပေါင်မုန့်က ခလုတ်နှိပ်ရုံနဲ့ မီးကင်ပြီးသားဖြစ်တယ် ဟုတ်လား"

"အေးပေါ့ .. ဖေကြီးက မမိုက်ပါဘူးဟာ"

"ကိုကိုက အဲဒီလို လုပ်စားနေကျလား"

ဖြေသံကို နားစွင့်နေမိပေမယ့် ကိုချစ် က တော်တော်နဲ့ မဖြေဘဲ ခဏကြာမှ ...

"ငါ သွားမှောက်နေလိုက်ဦးမယ် ညီမလေးရာ .. နင်လည်း အထဲဝင်တော့"

"မှောက်နေပြီး ကိုကို ဘာလုပ်မှာလဲ"

"မှောက်နေမယ်ဆိုတာ ဗိုက်မှောက်အိပ်မှာကို ပြောတာ၊ ငါ ဗိုက်ဆာတယ်ညည်းတိုင်း ဖေကြီးက ဗိုက်မှောက်ပြီး ငါ့ကိုလည်း မှေ ထားကြည့်လိုက်၊ အိပ်ပျော်သွားတာနဲ့ အဆာပြေသွားလိမ့်မယ်တဲ့"

"ဟင်!... မဟုတ်ဘဲနဲ့"

သက် ရှေ့ကို နည်းနည်းထပ်တိုးကာ ကိုချစ် မျက်နှာလေးကို ခပ်လှမ်းလှမ်းကနေ ကြည့်မိသည်။ ဗိုက်ဆာလိုက်တာလို့ ညည်း ကတည်းက ရင်ထဲမှာ ကရုဏာစိတ်တွေ ဖြစ်နေခဲ့သည်မို့ စားမယ်ဆို ရင်တော့ သမီးလေးနဲ့အတူ လာစားလို့ ပြောဖို့ပင် ..။

"ကိုကို အဲဒီလို ခဏခဏ မှောက်အိပ်ရလားဟင်"

"အိပ်ရတာပေါ့၊ ဖေကြီးက ခဏခဏ အလုပ်ပြုတ်တော့ ဗိုက်ဆံ ပြတ်တယ်၊ ပြတ်တော့ ငတ်တာပေါ့"

"ဘာဖြစ်လို့ အလုပ် ခဏခဏ ပြုတ်တာလဲ"

"ဖေကြီးက ပြောတော့ ပြုတ်တာ မမြဲလို့ပေါ့တဲ့"





သက် တစ်ယောက်တည်း ပြုံးလိုက်မိကာ အပြင်ကို ထွက်ခဲ့ပြီး...

"ကိုချစ် .. ညီမလေးနဲ့အတူတူ လာစားမလား"

"ဗျာ!..."

ကိုချစ် ဆတ်ခနဲမော့ကြည့်ပြီး ဝမ်းသာအားရဖြစ်သွားပုံလေးနှင့်...

"အန်တီ ဘာချက်လို့လဲ .. သား တကယ် စားရမှာလား"

"သြော်.. စားရမှာပေါ့၊ ငါးပတ်ကို မမွှေဘဲနဲ့ ဒီတိုင်းတုံးပြီး အချဉ် ဆီပြန်လေး ချက်ထားတာ၊ ပဲပင်ပေါက် ပဲပြားကြော်လည်း ရှိတယ်"

"ဟား!... စားမှာပေါ့၊ အရမ်း ဗိုက်ဆာနေတာ"

အပြောနဲ့အဟောက ညီသည်။ တစ်ခါတည်း ထရပ်ပြီးသားဖြစ် ကာ မရမက ပြုပြင်ဖာထေးနေဆဲ နင်ဂျာရှပ်လေးကိုလည်း မနော လက်ထဲ ထည့်ပေး၏။

"ကိုကို နောက်မှပြင်ပေးမယ်နော်၊ အခု အပျက်ပဲ ခဏယူထားဦး"

"ကိုကိုကလည်း အစုတ်ကြီး"

"အစုတ်ကြီး မဟုတ်ပါဘူး မနော ရာ .. အဲဒါ အသစ်ဆိုရင် လေးသောင်းကျော် တန်တယ်"

ရှေ့ကနေ ဝင်လာရင်း သက် မျက်မှောင်ကုတ်သွားမိသည်။

ထမင်းစားတော့လည်း ကိုချစ် က ဇွန်းနဲ့စားတာတောင် ဘာသံမှ မထွက်။ ပါးစပ်ထဲမှာ ပါးလေးဖောင်းနေအောင် စားနေပြီး ဗိုက်တာ စင်တာ ဘာမှမဖြစ်ဘဲ သေသေသပ်သပ်လေး ဖြစ်သည်။

သက် က ခူးခပ်ထည့်ပေးပြီး ပိုက်ဆံအိတ်ယူထုတ်နေရင်း လှမ်း ကြည့်နေတာမို့ အံ့ဩစိတ်လေးတော့ ဖြစ်မိ၏။ ဗရမ်းဗတာ လှုပ်ရှား ပြောဆိုနေတာတွေ ဒီဘက်က ကြားနေရသမျှ ဒီသားအဖရဲ့ စရိုက် လက္ခဏာတွေကို မမြင်ရဘဲ စိတ်ထဲမှာ ပုံပေါ်နေခဲ့သည်။ ဒါပေမယ့် သူမ မြင်ယောင်ခဲ့တာ ဒီလိုပုံစံတော့ မဟုတ်ပေ ..။

"ကိုကို ငါးကြိုက်လား .."



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ်.. ကိုကိုက စားကောင်းတာဆို အကုန်ကြိုက်တယ်"

"အရိုးစူးမှာ မကြောက်ဘူးပေါ့"

"မကြောက်ပါဘူး .. ကိုကိုက အရိုးထွင်ပြီးသားပဲ စားတဲ့ဟာ"

"ဟုတ်လား .. ကိုကို့ကို ဦးဦးက ထွင်ပေးတာပေါ့"

"ပေးပါလိမ့်မယ် .."

"ဒါဆို မေမေကလား"

သက် လှမ်းကြည့်နေတုန်း ကိုချစ် ထမင်းဝါးနေသည့် ပါးလေးတွေ ခဏရပ်သွား၏။ စဉ်းစားသလို ဖြစ်သွားပြီးကာမှ ...

"ဟုတ်တယ်"

"ညီမလေးကျတော့ မေမေနဲ့နေတုန်းက ငါး မကျွေးဘူး၊ အရိုးစူးမှာစိုးလို့တဲ့၊ ကျွေးရင်လည်း မေမေပဲ အရိုးထွင်ပေးတယ်၊ တီတီနဲ့ကျတော့ အရိုးနည်းတဲ့ငါးပဲ တီတီက ချက်တယ်၊ ပြီးတော့ ထပ်ပြီးတော့လည်း အရိုးဖယ်ထားသေးတယ်"

မနော က ခေါင်းလေး ဟိုဘက်စောင်းလိုက် ဒီဘက်စောင်းလိုက်နှင့် ကလေးပီသစွာ ကြွားနေသေးသည်။ ကိုချစ် ကလည်း ခေါင်းညိတ်ရယ်နေကာ ...

"အမေတွေနဲ့ နေရတာ ကောင်းတယ်ဟ၊ ကိုကိုလည်း မေမေနဲ့တုန်းကတော့ ဒီတိုင်းပဲ"

"ဦးဦးက ကိုကို့ကို ဘာမှမလုပ်ပေးဘူးပေါ့ .. ဟုတ်လား"

"လုပ်ပေးချိန်လည်း မရှိဘူးလေ .. ဖေကြီးက တစ်လတစ်ခါ အလုပ်ရှာနေရတာ"

သက် စိတ်မကောင်း ဖြစ်သွားမိသည်။ မိခင်မရှိတော့သည့် ကလေးတစ်ယောက်၏ ရင်ထဲမှာ ကလေးပီပီ ပေါ့ပေါ့ပါးပါး နေတတ်တာ ရှိချင်ရှိမည်။ တိုက်ဆိုင်တာတွေ ရှိလာတဲ့အခါ တောင့်တကြေကွဲမိသည့် ခံစားချက်လေးတွေတော့ ဖြစ်မလာဘဲ နေပါ့မလား ..။





"ကဲ .. သမီးနဲ့ ကိုချစ် တို့ ထမင်းစားပြီး နေခဲ့ကြဦးနော်..၊ ပြီးသွားရင်လည်း နောက်ဖေးမှာ ဆပ်ပြာနဲ့ လက်တွေ သေချာ သွားဆေး၊ တီတီ ဟိုဘက်လမ်းထဲ ခဏသွားဦးမယ်၊ အလုပ်ကိစ္စ ပြောထားတာလေး သွားမေးချင်လို့ .."

"ဟုတ်သားပဲ.. ဒီနေ့ အန်တီလည်း ပိတ်ရက်မဟုတ်ဘဲနဲ့ အလုပ်မဆင်းဘူးနော်၊ နေလည်း ကောင်းသားနဲ့ ဘာဖြစ်လို့လဲ ..၊ ဖေကြီးလို အလုပ်ပြုတ်သွားတာလား"

သက် ရှက်မိသလိုဖြစ်သွားကာ ရုတ်တရက် ဝန်မခံဖြစ်ဘဲ 'အင်းအဲ' လုပ်နေပေမယ့် ...

"ဟုတ်တယ် ကိုကို၊ တီတီ အလုပ်ရှာနေတာ နှစ်ရက်ရှိပြီ"

"ဟာ ..ဖေကြီးနဲ့ အိမ်ချင်းကပ်လျက်နေလို့ အန်တီ လိုင်းပူးသွားပြီ ထင်တယ်"

"ကဲ .. ကဲ .. ထမင်း ကောင်းကောင်း စားကြ"

ရယ်နေသည့် ပါးစပ်လေးကို မနှစ်မြို့စွာ ကြည့်မိရင်း ပိတ်ပြောပေးလိုက်သည်။ အဲဒီ ကိုချစ်လေး က လည်ကို လည်တာပါ။ ပြောပြီဆိုလည်း ဘယ်မျက်နှာမှ မကြည့် ..။

ထို့ကြောင့် ကစ်ခါတလေ ကြည့်မရဖြစ်ရရင်း တစ်ခါတလေတော့လည်း သနားသလိုလို ..၊ ဒါတောင် နောက်မှာ ပြောကျန်ရစ်တာကို ကျောခိုင်းခဲ့ပြီးမှ ကြားဖြစ်အောင် ကြားလိုက်သေးသည်။

"ဒါပေမယ့် နင့်တီတီက အလုပ်မရှိလည်း ငါးဟင်းနဲ့ ပဲပင်ပေါက်ကြော်နဲ့ ဟင်းကောင်း ချက်နိုင်တယ်၊ ကိုကို့ဖေကြီးကတော့ အလုပ်ပြုတ်ပြီဆိုတာနဲ့ ရေသောက် ဗိုက်မှောက်ပဲ၊ တစ်ခါတလေ ဝွင်ကောင်းလေးဘာလေးမိရင်တော့ စားရတာပေါ့ဟာ"

ဘာလဲ .. ဝွင်ကောင်းလေးဘာလေးဆိုတာ ..၊ အတွေးကသမ်း ထိပ်ရောက်တဲ့အထိ ပေါ်လ[illegible]သည်။ ဟိုဘက်လမ်းထဲ ဝင်ခဲ့ပြီး ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ အပြန်ဆုံနေကျ မယု ဆိုသည့် စာရေးမအိမ်ကို ရှာမရမှ ထို အတွေးက အဆုံးသတ်၏။

"မနက်ဖြန်ညနေ ညီမ လာခဲ့လေ ..၊ တို့ အဆင်ပြေအောင် ပြောထားပေးပါ့မယ်"တဲ့ ..။ အလုပ်ရဖို့အတွက် ကူညီမယ့်သူမို့ အိမ်လိပ်စာကို ရှာမရတော့ စိတ်ညစ်သွား၏။

"ဟိုဘက်အခြမ်းမှာ ဖြစ်မယ် သမီးရဲ့ .. ဒီဘက်ခြမ်းမှာ အိမ်နံပါတ်က တစ်ရာမကျော်ဘူး၊ တစ်ရာကျော်ဆို လမ်းဟိုဘက်မှာ သွားရှာကြည့် .."

တစ်ရာမကျော်သည့်လမ်းကိုက အစအဆုံး လျှောက်လိုက်ရတာ တမျှော်တခေါ် ..၊ လမ်းမကြီးကို ပြန်ဖြတ်၍ ကူးရဦးမည်။ ရှာရဦးမည်ဆိုလျှင် အိမ်မှာ ကလေးတွေချည်းပဲ ထားခဲ့တာမို့ စိတ်ကမချနိုင် ..။

လမ်းထိပ်ရောက်လာတော့ ဟိုဘက်ကိုပဲ ဆက်ကူးသွားရမလား၊ ကိုယ့်လမ်းကိုယ် ပြန်ဝင်လိုက်တော့မလား စဉ်းစားရင်း ခြေလှမ်းတွေ တုံ့နှေးနေဆဲ ...

'ဟိုမှာ ရေခါး ဆိုတဲ့လူ' ပလက်ဖောင်းအတိုင်း ဘောင်းဘီထဲ လက်တစ်ဖက်ထည့်ပြီး လျှောက်လာပုံက မင်းသားစတိုင်လ်အပြည့် ..၊ အိမ်မှာ ကလေးတွေချည်းပဲ ထားခဲ့တဲ့အကြောင်း သူ့ကို ပြောလိုက်ပြီး ဟိုဘက်ဆက်ကူးသွားဖို့ ဆုံးဖြတ်လိုက်ပေမယ့် ...

ဘာလဲ ..၊

သူ့ဘေးမှာ မီးခိုးရောင် လင်န်ခရီဇာကားကြီး နီးကပ်စွာ ရပ်သွားသဖြင့် သက် သူ့ဆီ ဆက်မသွားဖြစ်ဘဲ နေရာမှာပဲ ရပ်နေလိုက်၏။

သိပ်အလှမ်းမကွာတော့ပေမယ့် ရေခါး က သက် ကို မမြင်ပါ။ ကားပေါ်က ဆင်းလာတာက အသက်လေးဆယ်ကျော်လောက် အမျိုးသမီးကြီးဖြစ်ကာ ဗီဒီယိုကားတွေထဲမှာ ကြည့်ဖူးနေသော မေသဉ္ဇာဦးတို့ ပုံစံမျိုး၊ မရိုင်းမယဉ်လေးနှင့် ဖွေးဖွေးနုနုလေးပဲ ဖြစ်၏။





ထို့ပြင် ရေခါး နဲ့လည်း တော်တော် ရင်းနှီးနေပုံရှိလျက် ...

"ခါးလေး ရယ် .. မင်း နေစိမ့်လိုက်တာကွာ၊ တကယ်ပဲ မင်း မလိုအပ်ရင် မမကို နည်းနည်းမှကို သတိမရတော့ဘူး ဟုတ်လား.."

ဘုရားရေ ..၊ သက် သေချာကြားလိုက်ရဲ့သားနဲ့ မယုံနိုင်စွာ ငေးကြည့်နေမိသည်။ ရေခါး က အပြစ်ရှိသူလို မင့်တင့်နှင့်ရယ်နေကာ...

"မဟုတ်ပါဘူး မမကလည်း .."

"မဟုတ်ရင် ဘာလဲ ပြော .."

မမ ဆိုသည့် အမျိုးသမီးသည် ရေခါး လက်မောင်းကို ရိုက်ပစ်လိုက်တာရော ဆွဲဆိတ်တာရော စုံနေကာ ...

"မင်း ရှုပ်နေတာတွေ မမ မသိဘူး မှတ်နေသလား"

"အဲဒါတွေ ကျွန်တော် ရှင်းပြမလို့ပါ"

"အေးပါ .. မင်း ကိုယ့်အပြစ်နဲ့ကိုယ် ရှောင်နေတာ မမ သိတယ်၊ မင်းရဲ့တစ်ဘဝလုံးကို တာဝန်ယူထားခဲ့တဲ့ မမရဲ့မေတ္တာတွေကိုကျတော့ မင်း ဘာမှမသိဘူးမို့လား"

"မဟုတ်ပါဘူး မမ်ရာ.. အခု ကျွန်တော် ကလေးတစ်ယောက်နဲ့.."

"သိပြီးပြီ .. ကလေး တစ်ယောက်ဖြစ်ဖြစ် တစ်ရာဖြစ်ဖြစ် မင်း ရှုပ်ထားတာတွေ အားလုံး မမ ရှင်းပေးနိုင်တယ်၊ အခု ဘယ်မှာနေတာလဲ၊ မမနဲ့ လိုက်ခဲ့ .."

"ဟာ!... မဖြစ်ဘူး"

"မရဘူး .. မရဘူး၊ လာ .. ခု ကားပေါ်တက်"

နှုတ်ခမ်းတွေပါ ပွင့်ဟသွားခဲ့မှန်း သက် ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိခဲ့ ..။ အဲဒီလောက်ထိ တအံ့တသြ ဖြစ်ခဲ့မိသည်။

ရပ်လေး သနားကမားနဲ့ ကြည့်စမ်း ..၊ သူ ဒီလိုပဲ ဝှင်တွေ ရှာနေတာလား ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၁၄]

"ကိုချစ် .. ဟောကောင် ကိုကိုချစ် .."

သူများတွေ အိပ်တော့မယ်ဆိုမှ ရေခါး ပြန်ရောက်လာသံ ကြားရ၏။ ဒီလိုပဲ ဟိုဘက်က ခေါ်ပြီဆို ဒီဘက်က ကြားသည်။

ဟိုဘက်က နိုးနေပြီဆိုလည်း ဒီဘက်မှာ ဘယ်လိုမှ ဆက်အိပ်လို့ မရတော့ပေ ..။

သမီးလေးကို အိမ်စာတွေ ရေးခိုင်းထားပြီး အိပ်ရာခင်းနေတုန်း ကိုချစ် ရဲ့အိပ်ချင်မူးတူးအသံလေးကိုပါ ကြားနေရ၏။

"ဖေကြီးကလည်း နောက်ကျလိုက်တာ"

"တံခါး မြန်မြန်ဖွင့်စမ်းပါကွာ .. တစ်နေကုန် သွားလာနေရတာ ညောင်းလှပြီ"

တံခါးဖွင့်သံ အထဲဝင်လာသည့်လှုပ်ရှားသံတွေကို ကြားနေရပြီး...

"ဟာ .. မွှေးနေတာပဲ .. ဘာတွေ ဝယ်လာတာလဲ၊ ဖေကြီး ပွင်မိလာပြီလား"

"ဘာကွ!.."

"ဟုတ်တယ်လေ .. အလုပ်ရတယ်ဆိုလည်း ရတာနဲ့ ပိုက်ဆံရမှာမှ မဟုတ်တာ"





ရေခါး ဒေါပွသွားသည်။ အရေးထဲမှာ စကားတတ်သလောက် နှိုက်ချွတ်စပ်စုနေတာကို မဖြေဘဲနေလည်း ရမှာ မဟုတ် ..။

"သား သိပါတယ်၊ ဖေကြီး ခြေတိုအောင် လှုပ်ရှားလိုက်တာနဲ့ တပွင့်ပွင့်တော့ မိလာမှာပါ"

"ကိုကိုချစ် .."

"ဗျာ"

"မထူးနဲ့ .. မင်းကို ခေါ်နေတာ မဟုတ်ဘူး"

"ဒါဆိုလည်း နာမည်မခေါ်ဘဲ ပြောပါလား ဖေကြီးရာ .. သားကတော့ ခေါ်ရင် ထူးမှာပဲ"

"အေး .. အဲဒါ ပီဇာနဲ့ ကြေးအိုးဆီချက်၊ စားချင်တာကို စား၊ ပြီးရင် အိပ်တော့"

"စားပြီးလို့ အိပ်နေတာပဲ၊ ဖေကြီး ဝယ်လာတာတွေကို သားက ဝတ္တရားအရ စားပေးရမှာ"

"ဘာကွ .."

ကိုချစ် က ဆရာကြီးမျက်နှာလေးနှင့် အထုပ်တွေဆွဲ၍ နောက်ဖေးဝင်သွားပြီးမှ ပြန်လှည့်ကြည့်၏။

"ဟုတ်တယ် .. အန်တီသက် ကျွေးလို့ ထမင်းစားလိုက်တာ တဝပဲ၊ ငါးပတ်ဆီပြန်နဲ့ ပဲပင်ပေါက်ကြော်နဲ့ .. ဖေကြီးမိန်းမယူရင်တောင် အဲဒီလိုလက်ရာမျိုး စားရဖို့ မလွယ်ဘူး .."

"ဟောကောင် .."

ဟိုဘက်က ကြားသွားမှာစိုးကာ ကုလားထိုင်မှာ ထိုင်ချလိုက်မလို့ပြင်ပြီးမှ ရေခါး ကိုယ်ကြီး ကွခနဲ ပြန်ဖြစ်၏။ ကိုချစ် တို့က ဝင်သွားတာတောင် ပြောလို့ကောင်းတုန်း ..။

"အဲဒါကြောင့် ဟင်းကောင်းကောင်းချက်တတ်တဲ့မိန်းမ ရှာယူပါဆိုတာ ဖေကြီးက ခေါင်းမာနေတာကိုး၊ ခုတော့ အိမ်မှာ ထမင်းဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဟင်းအိုးတွေ ဟန်ဆောင်ပန်ဆောင် ဝယ်ထားပြီး အထုပ်ထဲကတောင် မထုတ်ရသေးဘူး"

"ထုတ်ချင်တာများကွာ မင်းဖာသာ ထုတ်ထားလိုက်ပေါ့"

စိတ်တိုတိုနှင့် အရွဲ့တိုက်ပြောကာ ကုလားထိုင်မှာ ဆောင့်အောင့် ထိုင်မိ၏။ ဒီကလေးကိုက ပြောလိုက်ပြီဆို စကားလုံးနဲ့လူက မလိုက်..။

ကိုယ်ကလည်း လူကြားကောင်းအောင် မပြောတတ်တာနှင့် ပတ်ဝန်းကျင်မှာလည်း နာမည်တွေပျက်ရတာ များပြီ..။

"ဖေကြီးက ပြောလိုက်ရင် ဒီလိုပါပဲ၊ နောက်တစ်ခါ အန်တီသက် ဆီမှာ ဟင်းချက်သင်ပြီး သား ကိုယ်တိုင် ချက်တော့မယ်"

"လုပ်စမ်းပါကွာ .. စားရတာပေါ့"

"တကယ်ပြောတာ .. အန်တီသက် က ဟင်းချက် အရမ်းတော်တာ၊ သန့်လည်း သန့်ရှင်းတယ်၊ ဖေကြီး တစ်ခါမှ မချက်ရသေးဘဲ ဟန်ဆောင်ပန်ဆောင်ဝယ်ထားတဲ့ အိုးတွေထက် အန်တီသက် မီးဖိုချောင်ထဲက အိုးတွေက ပိုသန့်တယ်၊ ပြောင်လက်နေတာပဲ၊ မှန်ထောင်ကြည့်လို့ ရတယ်"

"ကိုချစ် .. သူများမီးဖိုချောင်ထဲထိ မင်း ဘာဝင်လုပ်တာလဲ"

"ထမင်းစားတော့ မီးဖိုချောင်ထဲ ရောက်တာပေါ့ ဖေကြီးကလည်း .. သားတို့လို ဆိုင်ကနေ အိတ်ဆွဲစားတာမှ မဟုတ်တာ"

"ကိုချစ် ငါ မေးတာကိုပဲ ဖြေ .."

"ဟုတ်တယ်လေ"

မပြီးနိုင်အောင် ရှေ့ဆက်ပြောနိုင်ဖို့ ကိုချစ် က ပန်းကန်တွေ ထပ်ကိုင်ကာ အိတ်တွေဆွဲလျက်နဲ့ပဲ မီးဖိုချောင်ထဲက ပြန်ထွက်လာ၏။ သူ့ရှေ့ကျမှ စားပွဲပေါ်တင်ပြီး ပန်းကန်တွေထဲ ထည့်နေရင်း...

"သားတို့က ဆိုင်ကနေအိတ်နဲ့ဝယ်လာပြီး ပန်းကန်တွေကို ခုလိုယူထုတ်စားတော့ ဘယ်နေရာမှာဖြစ်ဖြစ် ကြုံသလို စားလိုက်ရတာ"





"နေပါဦး ကိုချစ် .. မင်း ဒီလောက်အသက်လေးနဲ့ လူကြီးကို အပြစ်ထောက်ဖို့ .. သက်သေသာဓကတွေနဲ့ ချောက်တွန်းဖို့ ဘာမှကို မတတ်တာ မရှိပါလား၊ မအေ မမွေးခင်ကတည်းက ဗိုက်ထဲမှာ တုံ့ပြန်တော်လှန်ရေးသင်တန်းတွေဘာတွေ တက်လာသေးလား"

"ဟဲ .. ဟဲ .. မေမေ ပြောတာတော့ သားကိုမွေးတာ မျက်နှာဖုံးလေးနဲ့တဲ့၊ ဆရာမက ဖြုတ်ယူပြီး လာပေးလို့တောင် သိမ်းထားသေးတယ်တဲ့၊ ဖေကြီး ပြောသလိုဆိုရင် သားက ဗိုက်ထဲမှာကတည်းက အပြင်ကို မျက်မှန်တပ်ပြီး ကြည့်ထားလို့ ဖြစ်မှာပေါ့၊ ဟီး .. ဖေကြီးကတော့ ဒါတွေ ဘယ်သိမလဲလေ.."

"ခေါင်းရိုက်ခွဲမိတော့မယ်၊ ခွေးကောင်လေး .."

ရေခါး ကျောမှီမှာ ကျောကပ်လိုက်ရင်း ရယ်မိသည်။ ဘယ်နေရာကပဲ အမောတွေနဲ့ပြန်လာလာ ကိုချစ် မျက်နှာလေးနဲ့ အဲဒီလို ကတ်သီးကတ်သပ်စကားလုံးလေးတွေကို ကြားလိုက်ရပြီဆို အရာအားလုံးကို ခဏတဖြုတ်တော့ မေ့သွားတတ်လေသည်။

သူ့အတွက် အမောဖြေဆေးလေးလို ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၅]

"ဟုတ်ရဲ့လား သက် ရယ် .. နင်ကလည်း"

"ဒါပဲရှိတာလေ ..၊ လူက မင်းသားရုပ်းအောင် နေတာ ကြည့်ပါလား"

"လူပုံစံကိုက ခပ်မိမိ ခပ်ဖြောင့်ဖြောင့်မို့ပါဟယ်၊ ထိုင်နေနေ သွားနေနေ စမတ်ကျတဲ့လူက ကျကိုကျတာဟ၊ မင်းသားရုပ်းအောင် နေတယ် ပြောရအောင် ထွက်သွားတဲ့ပုံစံကို ကြည့်ရတာ ပြင်ဆင်ထားတာလည်း ဘာမှမတွေ့ဘူး၊ ဂျင်းဘောင်းဘီက အဟောင်း၊ ဖိနပ်က အစုတ်"

"တမင်ထွင်တာ ဖြစ်မှာပေါ့"

"မဖြစ်နိုင်တာ"

အစက အတင်းအဖျင်း မပြောတတ်ပေမယ့် ရေခါး ဆိုတဲ့လူနဲ့ အခန်းချင်းကပ်နေမိကာမှ သက် ဝါသနာကြီးနေခဲ့ပြီး ...

"မဖြစ်နိုင်ဘူး မပြောနဲ့ ..၊ အလုပ်ပြုတ်တုန်းက ငါနဲ့ တစ်နေ့တည်းပဲ၊ ခုထိ အလုပ်လည်း ထပ်မရှာဘူး၊ တစ်ရက်မှလည်း အိမ်မကပ်ဘူး"





"နင်က အလုပ်သွားနေပြီးတော့ သူ အိမ်မကပ်တာ ဘယ်လိုလုပ်သိလဲ"

သက် မျက်နှာလေး ရဲခနဲ ဖြစ်သွား၏။ စုစု က ခစ်ခနဲရယ်ကာ...

"ပြောပြတာပါဟယ် .. နင် မမြင်တာတွေလည်း ရှိမှာပေါ့လို့ ပြောချင်လို့ပါ၊ နင် ပြန်လာတဲ့အချိန်မှာ သူ ရှိနေတာရော မဖြစ်နိုင်ဘူးလား"

သက် က ရေခါး ပျောက်ကွယ်သွားသည့် လမ်းတစ်လျှောက်ကို လှမ်းငေး၍ ...

"အခန်းချင်းကပ်နေတဲ့ဟာ သူတို့ ပြောတာတွေ အကုန်ကြားနေရတာပဲ၊ နောက်ပြီး ကိုချစ် က ပြောလိုက်တာမှ ဘာမှကို မေးစရာမလိုဘူး"

စုစု က အိမ်ရှေ့မှာပဲ ပလတ်စတစ်ခုံလေးတွေ ချထိုင်နေရာကနေ ထရပ်လိုက်ကာ သစ်သားတန်းလေးကို တင်ပါးနဲ့ထိရုံလေး ကပ်မှီ၍...

"အဲဒါတွေ မတွေးပါနဲ့ သက် ရယ် .. တခြားမှာ သူ ဘယ်လိုလူပဲဖြစ်ဖြစ် နင်တို့သားအမိအပေါ်မှာ ဆက်ဆံပုံ တည်ကြည်တယ်မို့လား၊ သူ့သားလေးကိုလည်း နင် သံယောဇဉ် ရှိနေတဲ့ပုံပါ"

"ဒါပေမယ့် ငါ စိုးရိမ်တယ် စုစု၊ ဒီကောင်လေး ခုတည်းက လည်နေတာ .. ကြီးလာရင် သူ့အဖေလို လာမှာပဲ၊ ငါ့သမီးနဲ့ ရင်းနှီးနေတာကို ကြည်ဖြူသွားတဲ့စိတ်တွေ မလိုလားနိုင်တဲ့စိတ်တွေနဲ့ ငါ့ရင်ထဲမှာ ရှုပ်ထွေးနေပြီ၊ နင် ငါ့ကို အိမ်ရှာမပေးချင်လို့လားဟင်"

စုစု က ခေါင်းတွင်တွင်ရမ်းကာ လက်ပိုက်လေး ဖြစ်သွားလျက်...

"မဟုတ်ပါဘူးဟာ .. ငါက နင် အရမ်းပင်ပန်းမှာစိုးလို့ပါ၊ အိမ်ငှားစရိတ်တွေက ကြာလေ ပိုကြီးလာလေ၊ ပြီးတော့ အိမ်ကောင်းဖို့ နေရာသန့်ဖို့ဆိုတာလည်း သိပ်မလွယ်ဘူး၊ အိမ်ငှားမယ်ဆိုရင် နင် ဒီမှာ စာချုပ်မပြည့်သေးတဲ့ လစာတွေအတွက် ပထမ ဆုံးရှုံးမယ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ငှားဖို့အတွက် ငွေထပ်ရှာဖို့ ဒုတိယပင်ပန်းမယ်၊ ယောကျ်ား သားမရှိတဲ့ မိန်းမတစ်ယောက်အတွက် ကလေးတစ်ယောက်နဲ့ နင့်ကို ရောက်တဲ့နေရာသစ်တိုင်းက နွေးထွေးစွာ ကြိုဆိုမယ်ထင်လို့လား .. အဲဒါ တတိယ အဆိုးဝါးဆုံးအချက်ပဲ သက် ..”

စုစု က သူမအပေါ်မှာ နားလည်လွဲမှာစိုးသဖြင့် သေချာ ရှင်းပြ နေသည်။ သက် ကတော့ ခုတလောကျမှ ညနေစာဟင်းချက်တိုင်း အနားမှာနေပြီး ဝိုင်းကူလုပ်ပေးတာလည်း ရှိကာ သားကို သင်ပေးပါ လို့လည်း တောင်းဆိုထားသည့် ကိုချစ် ကို သတိရနေ၏။

သမီးလေးကိုလည်း ဒီစာဖတ်နေ၊ ဒီစာပြီးအောင် ရေးထားလို့ အရင်လို ပြောဆိုမကောင်းတော့ဘဲ ဖြစ်လာတာ ရင်ပူစရာကောင်း၏။

ကိုချစ် သူမနားမှာ ဟင်းရွက်ခြွေ၊ အိုးဆေး ပန်းကန်ဆေး လုပ် နေသမျှ မနော က မကြာမကြာ ရောက်လာတတ်ကာ အဖော်မင်သည့် အရွယ်မို့ စာသွားကြည့်ဖို့ ပြောလည်း မနာခံချင် ..။

ဒါတွေမဖြစ်ရအောင် ‘ကိုချစ် စာမကြည့်ဘူးလား .. သွားကြည့် လေ’လို့ ပြောဖူးသည်။

“သားက ညကျမှ အိမ်စာလုပ်တာ၊ ရပါတယ် .. ကျောင်းမှာ စာမရလို့ သား တစ်ခါမှ အရိုက်မခံရဖူးဘူး”တဲ့ ..။

သူ့ကြောင့် သမီးလေး အရိုက်ခံရရင် ဘယ်လိုလုပ်မလဲ ..။

ဒါတွေကို လုံးစေ့ပတ်စေ့ မပြောဖြစ်ဘဲ တစ်ယောက်တည်း သက်ပြင်းတွေပဲ ချနေမိသည်။

“သက် .. နင်ရော အလုပ်အဆင်ပြေရဲ့လား .. ငါလည်း နင်နဲ့ အတူ မလုပ်ရတဲ့နောက်ပိုင်းမှာ အလုပ်လုပ်ရတာ စိတ်မပါသလိုပဲ ဟာ”

“ငါလည်း နင့်လိုပါပဲ စုစု ရယ် ..”

စဉ်းစားရင်း တခြားလမ်းကြောင်းပေါ် ရောက်သွားပေမယ့် ဘာ





ပဲပြောဖြစ်ပြောဖြစ် စိတ်ညစ်စရာအကြောင်းတွေချည်းသာ ..။

“ဟဲ့ .. အခုလေ ဂျာကြီး ထောင်ကျဖို့ သေချာနေပြီ သိလား .. သူ့မှာ အဲဒီလောက်အပြစ်ကြီးတာကို ဘယ်လောက်ထိ ဖုံးဖိထားနိုင်မှာ လဲ၊ သက်သက် နင့်ကို ကုလားမနိုင် ရခိုင်မဲတာ”

စုစု မျက်နှာလေးက တက်ကြွသွားလိုက် ဒေါကန်သွားလိုက်နှင့် သူများဒုက္ခရောက်တာကို ဝမ်းသာနေတာတော့ မဟုတ်ပါ ..။

ကိုယ့်သူငယ်ချင်း ဒုက္ခရောက်သွားအောင် လုပ်ပစ်ခဲ့တာကို မကျေနပ်ခြင်းသာ ဖြစ်လျက် ...

“နင်က ကွဲနေတဲ့အိုးကိုမှ ဟိုဘက်နည်းနည်းတိုး သွားလုပ်မိတာ ကိုး၊ သူ့ကြောင့် ကွဲတာ ကိုယ်ကြောင့် ဖြစ်တာပေါ့”

“အေးလေ .. သူ့အပြစ် ဘယ်လောက်ကြီးကြီး ငါက ဖော်လိုက် သလို ဖြစ်သွားတာကိုးဟ”

“ဂျာလေးကတောင် ပြောနေသေးတယ်၊ နင့်ပုံစံ နင့်အရည် အချင်းနဲ့ဆို အဆင်ပြေမယ့်နေရာ ရှိတယ်တဲ့၊ ဒါပေမယ့် သူကိုယ်တိုင် ပြောပေးမှ ရမှာမို့လို့ သူ မအားသေးလို့တဲ့”

ပြောနေရင်း ခုံနေရာလေးမှာပဲ ပြန်ထိုင်လိုက်ကာ ...

“ငါထင်တာတော့ သူ့အစ်မပိုင်တဲ့ ရိုးရှမ်းတစ်ခုမှာ ဖြစ်မယ် သိလား ..၊ အဲဒီက ဝတ်စုံတွေက နင့်ကိုယ်လုံး နင့်အရပ်အမောင်းနဲ့ဆို အရမ်းလှမှာ၊ ရင်ထိုးလေးတွေကအစ တကယ် မိုက်တယ်”

“ငါတော့ ဂျာလေး ကူညီမယ်ဆိုလည်း မလိုချင်ပါဘူးဟာ”

“ဘာဖြစ်လို့လဲ ..”

“သူက နာမည်ပျက်ရှိတယ်ဟ၊ သူ့ဆီကအကူအညီက အန္တရာယ် ရှိနိုင်တယ်”

“အဲဒီလိုရှိပေမယ့် ဂျာလေးက သဘောကောင်းပါတယ်၊ ပြီး တော့ သူ့ဟာသူ ဘယ်မှာ ဘယ်လိုပွေရှုပ်တယ် မသိဘူး၊ အလုပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆို ဘယ်မိန်းကလေးကိုမျှား မရိုးမသား ဆက်ဆံဖူးတာ နင် မြင်လို့လဲ၊ မကောင်းတဲ့လူပေမယ့်လည်း တချို့က စည်းကမ်းမမဲ့ပါဘူး"

"အေးပါဟာ .. ကဲ .. သူ ပြောလာတော့လည်း လုပ်သင့်ရင် လုပ်မှာပေါ့၊ နင် ငါ့ကို ဈေးသင့်သင့်နဲ့ နေရေးထိုင်ရေး အဆင်ပြေနိုင်မယ့် တစ်နေရာလောက်သာ ရှာထားပေးစမ်းပါ၊ အေးဆေးရှာရင် တွေ့မှာပါဟာ၊ အန်တီ့အိမ်က ဆင်းဖို့လုပ်တုန်းကလို ဖုတ်ပူမီးတိုက်မှ မဟုတ်တာ .. နော် .."

"ဪ .. ခက်တော့တာပဲ၊ အေးပါဟာ .. အေးပါ၊ ငါ ကြိုးစားပေးပါ့မယ် မိသက် ရယ် .. နင်ကတော့ အိမ်ငှားလိုက် ပြန်အပ်လိုက်နဲ့ ဒုက္ခကို အရည်ကျိုသောက်ဖို့ ကြိုးစားနေသလိုပဲ သိလား" တဲ့ ..။

ဘာတတ်နိုင်မှာလဲ ..။





အခန်း [၁၆]

"ဘုန်း .."

"ဟယ်!... ကုန်ပါပြီ"

ဟိုဘက်က တံခါးဖွင့်သံ ကြားလိုက်တာကို အမှတ်တမဲ့ ဖြစ်သွားခဲ့ပြီး 'ဘုန်း' ခနဲ ကြမ်းခင်းတစ်ခုလုံး တုန်ခါသွားမှ လန့်သွားခဲ့၏။ သေချာ ချဆွဲထားသည့် ဒီနိုင်းကြမ်းပေါ်မှာ ဆေးစက်တွေ ပြန့်ကျဲကုန်လျှက် ...

"တောက် .."

ဖျော်လာသည့် ကော်ဖီခွက်ကို ခုံပုလေးပေါ် လှမ်းတင်လိုက်ကာ ခြေလှမ်းတွေက အိမ်ရှေ့ကနေ ပတ်ကွေ့သွားခဲ့ပြီး ...

"ဘုန်း .."

သူ့အခန်းရှေ့က မျက်နှာစာထရံကို တအား ပုတ်ပစ်လိုက်သည်။

"ဒီမှာ ကိုရေခါး .."

"လာပြီ"

ဆိုပြီး လူက သက် ရှေ့ကို မြန်မြန်ဆန်ဆန် ရောက်လာ၏။

လက်ထဲမှာ အထည်ထုပ်နှင့်တူသော စက္ကူအိတ်တစ်အိတ်က ပါလာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .."

"ရှင် ဒီဘက်ကနေ ထင်သလို ဝှန်းဒိုင်းကျဲနေတာတွေ တော်တော်များနေပြီ သိလား .. မပြောချင်လို့ သည်းခံနေတာ"

"ဘာတွေဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ .. စောစောက ဘာပစ်ချလိုက်တာလဲ၊ ဟိုဘက်မှာ ကျွန်မ ဒီဖိုင်းကြမ်းရေးထားတာတွေ အားလုံး ပျက်ကုန်ပြီ"

"ဘာပစ်ချလိုက်တာလဲဆိုတာ မသိရင်လည်း လာကြည့်ပါလားကွ၊ ဘယ့်နှယ် မင်းချည်းပဲ ဒေါသတွေ စွတ်ထွက်နေတာလဲ"

"လာကြည့်ဖို့ မလိုပါဘူး၊ ရှင့်ဟာရှင် စကြဝဠာတစ်ခုလုံးပဲ ထမ်းလာလာ .. လူဆိုတာ ကိုယ့်အရေးချည်းပဲ ကြည့်လို့ မရဘူး"

"ဘယ်သူ့အရေးတွေပဲရှိရှိ မင်းဆိုရင်ရော ပခုံးပေါ်မှာ ဆန်ဆယ့်ရှစ်ပြည်အိတ်ကြီးကို ကိုယ့်အိမ်ပေါ်ရောက်နေကာမှ ဒူးထောက်ဝမ်းလျားမှောက်ပြီး အသံမထွက်အောင် နေရာယူနေရဦးမလား"

သူ ဆန်အိတ်ထမ်းလာပြီး ပစ်ချလိုက်တာလား ..။

သက် မျက်လုံးတွေ သူ့ဆီ ရောက်သွားသည်။ ခု ရဲဝင်းစိုနေသည့် အသားအရေက မျက်နှာပြင်နှင့် ခြေလက်တွေအဆုံး တစ်ရောင်တည်း ဒီတိုင်းပဲ ဖြစ်သည်။

ကြည်ပြာရောင် စပို့ရှပ်အဟောင်းက သူ့ကိုယ်ပေါ်မှာ အဟောင်းဆိုသည့်သရုပ်ကို ဖော်ကျူးခွင့်မရဘဲ ရှိနေ၏။ ပြောရမည်ဆို စုတ်စုတ်ပြတ်ပြတ်ပုံစံထဲမှာပဲ လက်ကြောတင်းပုံမရှိသည့် နုဖတ်ဖတ် သူ့ပုံစံက ဆန်အိတ်ထမ်းလာတယ်ဆိုတာ အံ့ဩဖွယ်ပင် ..။

"မင်းနဲ့ငါ တွေ့လိုက်ရရင် ဘာဖြစ်လို့ မတည့်ဖို့တွေချည်း ဖြစ်ဖြစ်နေတာလဲ"

သူ့စကားသံ ပြန်ထွက်လာကာ မျက်နှာက ရှုံ့မဲ့မဲ့နှင့် ...

"တည့်ချင်လွန်းလို့ ပြောနေတယ် မထင်နဲ့၊ ခဏခဏ ရှင်းနေရ





တာ အလုပ်ရှုပ်လွန်းလို့"

"ဘာ!..."

"မင်းတို့တူဝရီး ညည ချိုးချိုးချွတ်ချွတ်ထပြီး အပေါ့သွား အလေးသွား လုပ်ကြတာတွေရော ဘာသံမှမထွက်ဘူး မှတ်နေသလား"

ကြည့်စမ်း .. မိုက်ရိုင်းလိုက်တာ ..၊ သက် ပါးပြင်လေးတွေ ရဲတွတ်သွားသည်။

"စကားပြောကြတာတွေ ပြောတာ"

အဓိပ္ပာယ်တစ်မျိုးမဖြစ်အောင် ရေခါး က ထပ်ရှင်း၍ ...

"ပြန်အိပ်မရဘူးလား ..၊ မုန့်လေး တစ်ခုခုစားပြီး ရေသောက်မလား ..၊ ဆီးအောင့်လို့လား ..၊ ဘာညာတွေ"

"ရှင် ကက်ဖွဲ့မပြောနဲ့နော်၊ သန်းခေါင်တလွဲကြီးမှာ ကျန်းမာရေးကြောင့် ပြောရဆိုရတာရှိရင်လည်း သူများ အနှောင့်အယှက် မဖြစ်ရအောင် ကျွန်မတို့က ဆင်ခြင်ပြီးသား"

"လာသေးတယ်"

ရေခါး က နှုတ်ခမ်းမဲ့လိုက်ပြီး ကိုင်ထားသည့်အိတ်ကို အိမ်ထဲကိုရောက်ချင်ရာရောက် လှမ်းပစ်ထည့်လိုက်၏။ ပြီးမှ ...

"မင်းတို့ပြောကြသမျှ ငါ ကြားနေရလို့ အခု ပြန်ပြောပြတာလေ၊ ဘာလဲ .. အားလုံး ပြောပြရဦးမလား"

"ရှင် .. နော် .."

"ဟွန်း .. ကိုယ့်ကိုယ်ကိုယ် ပြန်မကြည့်ဘဲ သူများကို လက်ညှိုးထိုးဖို့ချည်းပဲ သိနေတာကို ပြောတာပါ၊ ငါကလည်း အနားမှာ ဗုံးပဲကွဲကွဲ အိပ်နေလို့ရတယ်၊ အဲဒီ ကကျိ ကကျိအသံဆို အသေမုန်းတာ..၊ မင်းတို့ တရေးနိုးထတဲ့အချိန် ငါ နိုးသွားတဲ့ညဆို နှစ်နာရီလောက်ကို စီးကရက်ထိုင်သောက်ပြီး အချိန်ဖြုန်းပစ်ရတယ်၊ အဲဒါ သိရဲ့လား"

"သိတော့ ဘာလုပ်ပေးရမလဲ၊ ကိုယ် ကြိုက်တတ်လို့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သောက်တာ"

"ဩော် .. ဩော် ... မင်းပဲ အပြောကောင်းပါလား"

ရန်ဖြစ်လို့ မပြီးသေးခင် တက္ကစီတစ်စီး အိမ်ရှေ့ကို ရောက်လာ၏။ သူက လှမ်းကြည့်လိုက်ကာ ...

"ကဲ .. ပြောဖို့ကျန်နေသေးရင်လည်း အိမ်ထဲဝင်ထိုင်လိုက်တော့၊ ငါ့အလုပ်က ခုမှ စမှာ .."

လို့ ပြောကာ လှေကားကနေ ဆင်းချသွား၏။ သက် ချာခနဲ ပြန်လှည့်လာခဲ့သည်။

"တီတီ ဘာဖြစ်လို့လဲဟင်"

နောက်ဖေးမှာ ဆော့နေသည့် ကလေးနှစ်ယောက်က တစ်ယောက်က သက် ဆီ ပြေးလာကာ တစ်ယောက်က ရေခါး တို့ဆီ..။

"ဘာမှမဖြစ်ဘူး၊ လာ .. လာ .."

မနော လက်ကလေးကို အိမ်ထဲ ဆွဲခေါ်ခဲ့ပြီး တံခါးပြန်ပိတ်ထားလိုက်သည်။

"ဟယ် .. တီတီ ပုံဆွဲထားတာတွေ ပေကုန်ပြီ၊ ဘယ်သူ့ကြောင့်လဲဟင်"

"မတော်တဆပါ သမီးရယ် .. ဘာမှမဟုတ်ဘူး၊ ရေပတ်တိုက်အကျီလဲပြီးရင် ညစာ စားမယ်နော်"

"မီးမီး ဆော့ထားတာ ညစ်ပတ်နေပြီ တီတီရဲ့ .. ရေမချိုးရဘူးလား"

"ဒီနေ့ မိုးအုံ့နေတယ်လေ၊ ပြီးတော့ ညနေစောင်းကြီးမို့လို့ မချိုးနဲ့တော့"

ကျောင်းပိတ်ရက်ဆို မနော နဲ့ ကိုချစ် တို့ ဆော့ကြတာ ထမင်းမေ့ ဟင်းမေ့ ...၊ မကြိုက်ပါဘူးဆိုမှ အခန်းကပ်လျက်နေကြတော့လည်း သက် ဘာမှမတတ်နိုင် ...။





ထို့ပြင် ကိုချစ် ကို ကွယ်ရာမှာ မလိုလားစိတ်တွေ ဘယ်လိုဖြစ်ဖြစ် မျက်နှာလေးမြင်လိုက်တာနှင့် စိတ်ထဲရှိသလောက် ဘာမှမပြောဖြစ်ဘဲ ရှိခဲ့၏။

ကိုချစ် ကိုယ်တိုင်ကလည်း အရိပ်အကဲသိတာက သပ်သပ်၊ သူ့ကို သက် ဘာပြောပြော မျက်နှာမှာ တစ်ချက်မှ အပြုံးမပျက်ခဲ့ပေ..။

"ထမင်းစားပြီးရင် လမ်းထိပ်က ဘက်ထရီဆိုင်မှာ ဘက်ထရီအိုး သွားငှားရဦးမယ်၊ ဒီည မီးပျက်မယ့် ည"

"မီးမီးပါ လိုက်ရမှာလား"

"မလိုက်ရပါဘူး .. မီးလေးက စာကျက်ဖို့ ပြင်ဆင်ထားရမှာ၊ တီတီ ဒီနားတင် သွားမှာလေ"

"ဟုတ် .."

မနော အတွက် ငါးခြောက်ကြော်ထဲက အရိုးမပါသည့် အဖတ်လေးတွေ သေချာရွေးထည့်ပေးနေရင်း ပြောနေတာ မဆုံးသေး ..။

"သော့ပေးထားခဲ့ပါကွာ .. ငါ့ကို ဒီလောက်တော့ ယုံကြည်စမ်းပါ၊ ကျွေးမွေးထားတာတွေကို သတိရခြင်းအားဖြင့်ပေါ့"

"နွားသိုး ကြိုးပြတ်လာတဲ့ရုပ်ကြီးနဲ့ လာရစ်မနေနဲ့၊ မျိုချထားရတာနဲ့ ကျွိုင်တက်လို့ ရှင်းရမှာက မမျှဘူး၊ ရော့ .. နာရီဝက်ပဲ ငါ ပြန်လာမယ်"

"ဟာ!... ရေခါး မလုပ်ပါနဲ့ကွာ .. တစ်နာရီတော့ ပေးပါ၊ မင်းလည်း ပြန်မလာပါနဲ့ .. ငါတို့ထွက်လာကြရင် မင်းနဲ့ ဆုံမှာပဲဟာ"

"ပြီးရော .. ပြောတာထက်တော့ ပိုမကြာစေနဲ့"

ချွင်ခနဲ သော့ပစ်ပေးသံ ကြားလိုက်ရသည်။ ခဏကြာတော့ ရေခါး နဲ့ ကိုချစ် တို့ အိမ်က ထွက်သွားကြလေသည်။

ကြားနေကျအတိုင်း ဟိုဘက်က ပြောဆိုသမျှတို့သည် ဒီဘက်ကို လေဟုန်စီး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သစ် ရယ် .. မောင်တို့ တွေ့ရတဲ့အချိန်က ရင်နာစရာကောင်းလိုက်တာကွာ"

"လွှတ်ပါဦး မောင်ရယ်.. အရေးကြီးတဲ့စကားတွေ ပြောရဦးမှာ"

"ဒီတိုင်းပဲ ပြောရအောင်ကွာ .. အရမ်းလွမ်းနေတဲ့ မောင့်ကို မသနားဘူးလား"

"ကြည့်ပါလား .. ဒီမှာ ပြောစရာတွေ ရှိ .. ကဲ .. အို!..."

သက် ခေါင်းနားပန်းကြီးသွားသည်။ မျက်လုံးပြူးလေးနှင့် နားထောင်နေသည့် သမီးရဲ့နားလေးနှစ်ဖက်ကို လက်ဖဝါးတွေနဲ့ ယောင်ရမ်း အုပ်ပစ်လိုက်မိပြီး ...

"ပြန်လာမှပဲ ဆက်စားတော့ သမီးလေး၊ သွားရအောင် .."

"ဟင် .. မီးမီးကို မခေါ်ဘူးဆို .."

"ခေါ်မယ် .. အခု ခေါ်သွားမယ်၊ ထားလိုက်တော့ လက်ဆေး"

ဟိုဘက်က နိုးနိုးခစ်ခစ်ရယ်သံတွေ ဒီဘက်ထိ တိုးမပေါက်အောင် သက် ခြေသံပြင်းပြင်းနင်း၏။ ပြီးတော့ သမီးလေးကို လက်ဆေးပေးရင်း ရေခွက်တွေ၊ ဒန်အိုးဖုံးတွေကို အသံမြည်အောင် ပစ်ပျက်လွှတ်ချပစ်၏။

"မြန်မြန်လုပ်စမ်းပါ မီးလေးရယ် .. ဆိုင်မှာ ငှားတဲ့လူတွေ များနေရင် ကိုယ့်အတွက် မကျန်ဘဲ နေဦးမယ်"

စကားတွေ အော်ဟစ်ပြောရင်း တစ်အိမ်လုံး သံစုံမြည်သွားခဲ့ပြီး စိတ်ထဲမှာတော့ ..၊

လူညစ်ပတ် .. သင်းက ဒီလို လုပ်စားနေတာ ..။





## အခန်း [၁၇]

"ခရီးရောက်မဆိုက် ပြောရရင် မင်းအတွက် သတင်းကောင်းတော့ မဟုတ်ဘူး ရေခါ .."

နန္ဒာ က ရေခါး ဝင်ထိုင်လိုက်တာနှင့် စကားစ၏။ သူကတော့ လူက ထိုင်လိုက်ပြီးပေမယ့် မျက်လုံးတွေက တစ်နေရာမှာပဲ စိတ်ဝင်စားခြင်း ကြီးစွာဖြင့် ...

"မမြလေးငုံ သတင်းပို့လိုက်တာ ဖြစ်မယ် သိလား .. နင့် မမလတ် အားလုံး သိသွားပြီတဲ့"

"သိသွားလည်း ဘာဖြစ်လဲဟာ .. ကလေးက ကိုယ့်ဘက်မှာပဲ၊ ကိုကိုချစ် က ရေခါး ကို သိပ်ချစ်တာ"

မိန်းကလေးနှစ်ယောက်က သတင်းပေးဖို့ စောင့်နေကြတာပေမယ့် တစ်ယောက်ကတော့ ဖြေသိမ့်မှုလေး ပေးချင်ပုံပါ ..၊ ဒါပေမယ့် ရေခါး က သူတို့ပြောနေတာတွေမှာ အာရုံမဝင် ..။

"ရေခါး .. နင့်မျက်လုံးတွေက ဘယ်ကိုရောက်နေတာလဲ"

နန္ဒာ က သတိထားမိသွားကာ ရေခါး ကိုပြောပြီး သူမကိုယ်တိုင် နောက်လှည့်ကြည့်လိုက်၏။ အသားဖြူဖြူ ဆံပင် ပခုံးသာသာ အဖျား လိပ်လေးတွေနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .."

ရှေပြန်လှည့်ပြီး နှာခေါင်းတစ်ချက်တွန့်၏။ ပြီးတော့ ယုယကို မျက်ခုံးပင့်ပြကာ ...

"ဒီကောင် မမှတ်သေးဘူး သိလား"

"ဘာလဲ .. ဟို အပြာရောင်လေးလား"

"ဟုတ်မှာပေါ့"

"အေးလေ .. ဒီလောက်လည်း မဟုတ်ဘဲနဲ့"

မိန်းကလေးတွေ ရှုံ့မဲ့ ကဲ့ရဲ့နေကြကာမှ ရေခါး မျက်လုံးတွေ ဒီဘက် ပြန်ရောက်၏။

"ဘာလာဖြစ်နေတာလဲ .. နင်တို့က တစ်မျိုး"

"ငါတို့က ဖြစ်နေတာ မဟုတ်ဘူး၊ ဖြစ်နေတာက နင် .."

ယုယ က အထင်မြင်သေးသည့် မျက်လုံးတွေ ဟိုဆီ တစ်ချက်ဝေ၍ ...

"ကြည့်ပါဦး .. နွမ်းဖတ်ဖတ်ဒီဇိုင်းနဲ့ အရုပ်ဖယောင်းကြီး"

"သူက အဲဒါမျိုးတော့ မဟုတ်ပါဘူး"

လို့ ပြောမိသေးသည်။ ဒါပေမယ့် မြင်နေရတာက အဲဒီပုံစံပဲဖြစ်နေ၏။ ခါးသက်ချို ဆိုသည့်မိန်းကလေး ဘယ်တစ်ယောက် ညာတစ်ယောက်နှင့် ...

"ဘယ်လိုဖြစ်နေကြတာလဲ .. လက်ကို ဖယ်စမ်းပါ"

"ဖယ်လို့ ရမလား၊ ငါ လွှတ်လိုက်ရင် နင် သူ့နောက် လိုက်သွားမှာ"

"မလိုက်ပါဘူး .. ငါ ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ နင်တို့ ဘာဖြစ်လာကြတာလဲ .. အရင်ပြော .."

"မရဘူးနော် ခါးသက် .. ငါ့အတွက် နင် မပါလို့ မဖြစ်ဘူး၊ အငယ်ကောင် .. မင်း ပြန်တော့"





"မပြန်ပါဘူး"

သက် စိတ်ညစ်လိုက်တာဆိုပြီး ဒီနေရာကနေ ထွက်ပြေးချင်မိ၏။ အောင်ဦး သည် ဆံပင်ရှည်ခပ်အုပ်အုပ် ဂျင်းဂျက်ကက်နှင့်ဖြစ်ကာ ပုံစံကိုက လူမိုက်ရုပ်ပေါက်နေတာမို့ တစ်ဖက်ကနေ လက်ကိုဆွဲထားသည့် လင်းထူး က ရှန်းလေဆွဲလေနှင့် သူ့မပုံစံ ဘယ်လိုဖြစ်နေပြီလဲ။

မောင်နှမဝမ်းကွဲတွေပါဆိုတာ ဘယ်သူမှ တွေးမိမှာ မဟုတ်သလို ဘာပြဿနာတွေ ရှင်းမရဖြစ်နေမှန်းရော ဘယ်သူ သိမှာလဲ..။

သမီးလေးအတွက် ကြက်သားလုံးနဲ့ ပေါက်စီ ဝယ်ချင်လို့ ဒီဆိုင်ထဲ ဝင်ခဲ့မိတာ မှားပြီ။

"အငယ်ကောင် မင်းကို ငါ ပြောနေတယ်နော် .. ခါးသက် ကို လွှတ်လိုက် .."

"မင်းလည်း မင်းရဲ့အစီအစဉ်ကို လက်လျှော့ပြီး ပြန်လေ၊ ငါကတော့ သူ့အတွက် မရမက တိုက်ပွဲဝင်ရမှာပဲ"

"တောက် .. မင်း အထိုးခံရတော့မယ်၊ ခါးသက် လာ .. ခဏလေးပဲ"

"အယ် .. နေဦး ငါ မှာထားတာတွေ .. ဟဲ့ .."

"ကိုအောင် .. မင်း နော် မင်း .."

မရမက ဆွဲချခေါ်သွားသည့်နောက်ကို သက် ဆလင်းဘက်ခ်လေး ဖရိုဖရဲ ဆွဲလျက်ပါသွားခဲ့၏။ ခေါ်တဲ့သူက ထမင်းချိုင့်ကို ဆွဲထားပြီးသားဖြစ်ကာ နောက်က ပြန်ဆွဲထားတော့မလို လိုက်တဲ့သူက ချိုင့်ကိုဖြစ်ဖြစ် ပြန်ဆွဲထားတော့မယ့်အတိုင်း ...

သုံးယောက်စလုံး ဆိုင်ထဲကနေ ရထားတွဲကြီးလို ဗရုတ်သုတ်ခ ထွက်သွားခဲ့ကြလျှင် ရှိသမျှလူတွေ မျက်လုံးက သူတို့ဆီမှာ ...

"ဒုက္ခပါပဲ .. ဒီနေရာမျိုးမှာတောင် အရှက်မရှိ .."

"အေးလေ.. ဘာလဲ ရေခါး .. အဲဒါကို စိတ်ဝင်စားနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးကို လှည့်ကြည့်ပြီး ရေခါး က လက်ကာပြ၍...

"နင်တို့ မသိပါဘူး"

"အေးလေ .. မသိလို့ မေးတာပေါ့"

"မမေးနဲ့ .."

လို့ ပြောကာ ဆိုင်နောက်ထဲကနေ ပါဆယ်ထုပ်နှင့် ထွက်လာပြီး ဟိုကြည့်ဒီကြည့်ဖြစ်နေသည့် ဝိတ်တာကို ရှူးခနဲ အသံပေးသည်။

လှည့်ကြည့်လာမှ လက်ယပ်ခေါ်ကာ ...

"ဒီကို ယူခဲ့"

"ဘာလုပ်မလို့လဲ အဲ့ဒါ .."

နန္ဒာ က မျက်လုံးပြူးနှင့်မေး၏။ ရေခါး က ရှိစုမဲ့စု ပိုက်ဆံလေး ကုတ်ခြစ်ရေပြီး ပါဆယ်အတွက် ရှင်းပေးနေရင်း ...

"နင်တို့ကလည်း စပ်စုလိုက်တာဟာ .. အဲဒါကြောင့် ရည်းစားတွေက ပစ်သွားတာ"

"အံမာ .. ဟဲ့ .. နင့်လို လူလည်တောင်မှ စွန့်ပစ်ခံရသေးတာ၊ ငါတို့က မလိမ်မိုးမလိမ္မာလေးတွေပဲ"

"ဟား .. ဟား ..."

ရေခါး က ကိုယ့်ကိုလာထိလည်း ထိသည်မထင်၊ အပြုံးမပျက်၊ အရယ်မပျက်နှင့် ...

"ရည်းစားပစ်ခံရတာ နာမည်သာ ဆိုးတာ၊ ဂုဏ်တော့ ရှိသား"

"တွေ့လား .."

ယုယ က အမုန်းမပါသည့် မျက်စောင်းတစ်စင်းနှင့် မဲ့၏။

"အဲဒါ အကန်းရေတွင်းကျစကားလေ၊ ကန်းလို့ ရေတွင်းထဲကျတာကို ဝန်မခံချင်တော့ ငါ ရေဆာလို့ ခုန်ချလိုက်တာ ဆိုတာမျိုး.."

"မဟုတ်ဘူး .. တကယ် အတည်၊ ဥပမာဟာ နင်တို့လို သူငယ်ချင်းကောင်းလေးတွေက ငါ့သူငယ်ချင်းလေး ရည်းစားပစ်ခံရရှာတယ်





ဆိုပြီး သနားကြတယ်၊ ခုလိုမျိုး အကြောင်းမရှိ အကြောင်းရှာပြီး ကျွေးမွေးပြုစုဖို့ ချိန်းလာတာမျိုး .."

"အံမာ .. ခွေးစုတ်ကောင်၊ ပြောပုံက .."

"သူ့လို တစ်ခုလပ် ကလေးအဖေကြီးကိုများ .. ဟွန်း .."

"တစ်ခုလပ်ဆိုတာ ပြစရာမရှိတဲ့ ဒဏ်ရာပါဟာ၊ သေချာကြည့်ပါဦး .. ရေခါး ဆိုတဲ့ကောင်၊ လပ်တာ ဘယ်နေရာရှိသလဲ၊ ဒင်းပြည့်ကျပ်ပြည့်ပဲ"

နန္ဒာ တို့ လက်တွေ သူ့ကိုပစ်ပေါက်စရာ ပစ္စည်းရှာရင်း ဟိုကိုင်ဒီကိုင်ဖြစ်သွားပြီး ခိုးခိုးခစ်ခစ် ရယ်ကုန်ကြ၏။

ဟိုအရင်ကဆို ပျော်ခဲ့ရတာတွေ ဒီ့ထက်မက များစွာတို့နှင့် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၈]

အလုပ်လုပ်ရတာ ကြာလေ အသားကျလေ ဖြစ်ရမယ့်အစား ကြာလေ စိတ်ညစ်ရလေ …။ သူများအလုပ်ချိန်တွေလို လေးနာရီခွဲမှာ ဖြုတ်တာမဟုတ်ဘဲ ငါးနာရီခွဲမှ ဆင်းခွင့်ရသည်။

ကိုယ့်စာရင်းဇယားတွေကို ကိုယ် သိမ်း၊ ခြေဆန့်လက်ဆန့် ဟိုလုပ်ဒီလုပ်နှင့် မှတ်တိုင်ကိုရောက်တော့ အချိန်က လင့်နေပြီ။

အလုပ်က ညပိုင်းမထားတော့ ဖယ်ရီတွေဘာတွေလည်း မရှိပေ။ ကားနှစ်ဆင့်စီးရသည့်အချိန်နှင့် အိမ်ပြန်ရောက်တော့ မိုးချုပ်သွားပြီ ဖြစ်သည်။

သမီးလေးက ကိုချစ် နဲ့အတူ အိမ်ပြန်ရောက်နေတတ်တာမို့ ပို၍ ရင်ပူနေရသည်။ ဒီလိုအကျင့်ဖြစ်သွားခဲ့တာလည်း ဘယ်သူမှ ကြိုတင်စီစဉ်ထားခဲ့တာ မဟုတ်တော့ ဒီတိုင်းနဲ့ပဲ ရှေ့ဆက်နေခဲ့ရသည်။

ကလေးတွေကို အတူတူ ပြန်ကြိုနေကျ အမျိုးသမီးက သူမ မအားသည့်တစ်ရက်မှာ သူ့ကလေးကို ဆိုက်ကားနဲ့ ကြိုခိုင်းလိုက်၏။

ဆိုက်ကားသမားက ကလေးတစ်ယောက်ကိုပဲ ကြိုသွားတော့ မနော က ကျောင်းမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။





ထိုနေ့က ကိုချစ် က သူ့ဆိုက်ကားနဲ့ ပြန်ခေါ်လာလို့သာ သမီးလေး ဒုက္ခမရောက်ခဲ့တာ …။ ကျေးဇူးတင်တာလေးတော့ ရှိသည်။ ကိုချစ် ရဲ့စိတ်ဓာတ်လေးကို နားလည်လာလို့ပါ …။

ဒါပေမယ့် ကိုယ့်ကလေးကို အချိန်မတော်အထိ ကစားဖော်နှစ်ယောက်တည်း မျက်နှာလွှဲခဲပစ်ထားရသည့်အဖြစ်ကြောင့် စားလည်း မဖြောင့်၊ သွားလည်း မဖြောင့် …။

ဒီနေ့ သူဌေးတို့က သူတို့အဘွားဆုံးသည့် နှစ်ပတ်လည်အတွက် တစ်ရုံးလုံးကို ကျွေးမွေးဖို့အတွက် အိမ်ကို ခေါ်ထားသည်။

နေ့လယ်တစ်ပိုင်းကို ရုံးပိတ်ပေးသဖြင့် သက် ကတော့ လိုက်မသွားတော့ဘဲ ပြန်လာခဲ့တာ ဖြစ်သည်။

စိတ်ထဲမှာ အလုပ်သစ်ရှာဖို့အတွက်မှလွဲ၍ ဘာမှမရှိဘဲ ကိုယ့်အိမ်ရောက်တဲ့အထိ ပတ်ဝန်းကျင်ကို သတိမထားမိသေး …။

အခန်းတံခါး ဖွင့်နေတော့မှ မျက်လုံးက ဟိုဘက်ခန်းက ဖိနပ်ချွတ်နေရာကို ရောက်သွားခဲ့သည်။ မိန်းမစီး စလစ်ပါဖိနပ်အဖြူရောင်လေးက ကျောက်တွေတန်းစီနေလျက် အနည်းဆုံး လေးသောင်းတော့ ကျော်နိုင်၏။

ဒါမျိုးလေးတွေကို သဘောတော့ကျပေမယ့် ကိုင်၍ ဈေးနှုန်းဖတ်ကြည့်ပြီး ပြန်ချထားခဲ့ရတာ အကြိမ်ကြိမ် …။

မြင်လိုက်တာနှင့် တန်ဖိုးကို တွက်လိုက်မိကာ ဤကဲ့သို့ စွန့်လွှတ်ခဲ့ရသည့် ဗဟုသုတများစွာကြောင့် ဖြစ်၏။ ဟိုဘက်မှာ ဘယ်သူရောက်နေတာလဲ …။

ဖိနပ်တစ်ရံတည်းနှင့် တံခါးက ခပ်ဟဟဖွင့်နေတာမို့ ရေခါး မရှိတာလည်း သေချာသည်။ ဒါဆို သူမဖာသာ သော့ဖွင့်ဝင်နေတာပေါ့ …။ ဟိုတစ်ခါ ချွင်ခနဲ သော့ပစ်ပေးလိုက်သံကို ချက်ချင်း သတိရသွား၏။ လုပ်ပြန်ပြီ ဒီလူ …၊ ဒီလူ ဘာတွေ လုပ်နေတာလဲ …။



www.burmeseclassic.com

www.burmeseclassic.com



ညနေစာအတွက် ဈေးဝယ်ပြန်ထွက်မလို့ ပိုက်ဆံလေး ရေ‌နေတာက စိတ်က တခြားရောက်နေတော့ တော်တော်နှင့် မပြီးနိုင်..။

တစ်ထောင်တန်ကို သပ်သပ်ခွဲထားလိုက်ပြီး ငါးရာတန်နှစ်ရွက်ကို ထပ်တင်လိုက်သည်။ ပြီးမှ နှစ်ရာတန်လေးတွေချည်း ရေတွက်ကြည့်လိုက်၏။

ရှစ်ရွက်ဆိုပြီး ချထားလိုက်ကာ တစ်ရာတန်တွေကို ကိုင်ပြီးကာမှ နှစ်ရာတန် ဘယ်နှစ်ရွက်ပါလိမ့် ဇဝေဇဝါ ပြန်ဖြစ်၏။

"ကျွတ် .. ဒုက္ခပါပဲ"

နှစ်ရာတန်တွေကို ပြန်ကိုင်ကာ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိ နောက်ထပ် ရေတွက်နေဆဲ ...

"ကို .."

"ဆု ရောက်နေတာ ကြာပြီလား"

စကားသံနှင့်အတူ ဝင်လာသံ၊ တံခါးပြန်ပိတ်သံတွေပါ ဖြစ်လျက် ...

"ရေခါး ကို ကိုယ် သေချာပြောထားတာ၊ သူ ဂရုစိုက်ရဲ့လား"

"ကိုရယ် .. ဆု ကို ဂရုစိုက်ရမှာက ရှင်လေ၊ ရှင်တောင် ဆု ကို တစ်နာရီလောက် စောင့်ခိုင်းပြီးမှ ရောက်လာတာ"

"မဟုတ်ရပါဘူး ဆု ရာ .. ကိုယ်က အနီးအနားကနေ ထလာရတာမှ မဟုတ်တာ"

"တော်ပါပြီ .. တော်ပါတော့ ကိုရယ် .. ဆု က ကို့မိဘတွေ မျက်စိထဲမှာ အမျိုးယုတ်တဲ့မိန်းမပါ"

"ဆု .."

"ဟင့်အင်း.. အခု ဆု သိချင်တာ တစ်ခုတည်းပဲ၊ အဲဒါကိုဖြေပါ"

"ဆု ရယ် .. မင်း ပြောမှာ ကိုယ် သိပြီးသားပါ၊ ကိုယ်တို့ ရှေ့ရေးအတွက် .."





"မသိချင်တော့ဘူး .. အခု ဆု မှာ ကိုယ်ဝန်ရှိနေပြီ၊ ကို ဘာလုပ်ပေးမှာလဲ၊ ဆု ကို ဒီတိုင်းပဲ သည်းခံနေပါဦးဆိုရင်တော့ .."

"ဆု .."

"မကိုင်ပါနဲ့ .. ဆု အဲဒါကိုပဲ သိချင်တယ်"

မြတ်စွာဘုရား!... အခန်းတံခါးပိတ်၍ ထွက်လာခဲ့ရင်း လက်ကနာရီကို ငုံ့ကြည့်မိသည်။ ကျောင်းဆင်းချိန်က လိုနေသေးလို့ တော်သေးသည်။ ဒီလိုအဖြစ် .. ဒီစကားမျိုးတွေကို သမီးလေး ကြားပါများရင် မေးခွန်းတွေ မေးလာတော့မည်။

သက် ရင်တွေပူကာ လည်ချောင်းတွေတောင် ခြောက်လာသလိုပင် ..၊ တခြားအလုပ်တစ်ခုပြောင်းဖို့ စိတ်ကူးနှင့် အိမ်ပြောင်းရေးအစီအစဉ် နှစ်ရပ်ကြားမှာ သူမဘာဝ ဘယ်တော့ အေးချမ်းမှာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၁၉]

"ကိုရေခါး .."

"ဟင်.."

ဖိနပ်လေးအသစ်တစ်ရံ ဝယ်လာပြီး အထွက်တိုက် အဝင်တိုက်နှင့် တသသ လုပ်နေသည့်မျက်နှာ ဖျတ်ခနဲ မော့လာသည်။

ပြီးတော့ ထရပ်လိုက်ကာ ...

"ပြော .."

"ပြောမလို့ မဟုတ်ဘူး၊ မေးမလို့ .."

"ဘာလဲ .."

"အခန်းထဲမှာ ဘယ်သူတွေလဲ"

"ဟမ်!..."

သူက အံ့ဩသွားသည့်မျက်နှာနှင့် သက် ကို တပြန်စီးကြည့်၍

"မင်း စပ်စုတာ အဆင့်လွန်နေပြီနော်၊ အခန်းထဲမှာ ဘယ်သူဖြစ်တော့ ဘာလုပ်မလို့လဲ"

"အဲဒီလူတွေကို စစ်တမ်းကောက်မလို့ မေးနေတာ မဟုတ်ဘူး၊ ရှင့်ရဲ့လုပ်ရပ်တွေကို ရှင် ရပ်မလား .. ကျွန်မ အိမ်ရှင်ကို သွားတိုင်ရလား"





"ဘာ!..."

"ဟွန်း .."

သက် က ဒေါသဖြစ်လွန်းနေသည့် မဲ့ပြုံးနှင့် ရေခါး တစ်ကိုယ်လုံးကို ရွံရှာသလို ကြည့်၍ ...

"သော့လေး တချွင်ချွင်နဲ့ ရှင် အခန်းတစ်ခန်း ငှားထားတာ တော်တော်မြတ်တာပဲနော်၊ အခန်းကို လခနဲ့ ငှားထားပြီး နာရီပိုင်းနဲ့ အမြတ်ထုတ်နေတာ"

"ဟော့ .. မင်း .."

"ကြီးကြီးကျယ်ကျယ် အမူအရာတွေလုပ်ပြီး ပြူးပြဲပြဲမနေနဲ့၊ ရှင် လုပ်နေတဲ့အလုပ်ကို မရပ်နိုင်ဘူးဆိုရင် တခြားမှာ သွားလုပ် ..၊ ဒီအခန်းမှာ မနေနဲ့၊ အဲဒါဆို ရှင် အရှက်မကွဲဘဲ သွားရမှာ"

"ခါးသက်ချို"

"ဘာလဲ"

"မင်း ငါ့အခန်းထဲကို နားကပ်ကပ်ပြီး ပခုံးပုအောင် ချောင်းနေတာ အဲဒါတွေ သိဖို့လား"

"ရှင်နော် .. ရှင် .. ဘာစကားပြောတာလဲ"

"ငါ သိတယ် .. မင်းရဲ့နားတွေ မျက်လုံးတွေ အချိန်ပြည့် ဒီဘက်မှာဆိုတာ၊ ဟိုတစ်ညနေက မင်းရဲ့ပါဆယ်ထုပ် ငါယူလာပြီး မင်းကို ပေးမလို့ အဲဒီရှေ့မှာ သွားရပ်လိုက်တာ"

ဟင်!... သက် ဖျတ်ခနဲ ငုံ့သွားကာ ပါးပြင်တွေ နီမြန်းသွား၏။ ဒါပေမယ့် ခဏလေးပဲဖြစ်ကာ ...

"ဘာ ပါဆယ်ထုပ်လဲ"

"ဘယ်သိမလဲ ..၊ မင်း မယူအားဘဲ ဘဲနှစ်ပွေနဲ့ ပါသွားတဲ့နေ့က.."

"ရှင် .."



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို လက်ညှိုးထိုးလိုက်မိပြီး ပါးစပ်က ဘာမှလည်း မထွက်တော့ ..၊ ရေခါး က ခါးနှစ်ဖက်ထောက်လိုက်ရင်း မချိုမချဉ် မျက်နှာနှင့် ...

"အဲဒီတုန်းက ရှေ့မှာ ငါရောက်နေတာ မသိဘဲ မင်းက ထရံမှာ နားကပ်ပြီး .."

"နားကပ်နေတာက ဟုတ်တယ် .. အဲဒါတွေကို စပ်စုနေတာ မဟုတ်ဘူး သိလား"

"ပြောပါဦး ဘာဖြစ်လို့လဲ"

"သူများကို မသေချာဘဲ မစွပ်စွဲချင်လို့"

"သေချာအောင် ချောင်းနားထောင်တယ်ပေါ့၊ ဘာတွေ ကြားရလဲ"

"ရှင် တော်တော့နော်"

"ဘာလို့ တော်ရမှာလဲ .. မင်းကစပြီး ငါ့ကို စော်ကားတာ"

"စော်ကားတယ်ထင်ရင် ရှင် ရှင်းပေါ့၊ မိန်းမလိုမိန်းမရ ဘာလို့ ကပ်ဖဲ့ပြောနေလဲ"

"ဟ .. ယောကျ်ားလေး စကားများများ မပြောရတော့ဘူးလား၊ မင်းတို့ပဲ ပြောခွင့်ရှိသလား"

"ယောကျ်ားစကား ပြောလေ"

"ယောကျ်ားစကားက ဘာလဲ၊ ယောကျ်ားဆိုတာ မိန်းမတွေကို နိုင်အောင်ပြန်မပြောရလို့ ပြဋ္ဌာန်းချက် ရှိခဲ့သလား"

ဒီလူဟာ တော်တော်ကြောက်စရာကောင်းတဲ့ လူပါလား ..၊

ယောကျ်ားနဲ့မိန်းမ ပြိုင်မပြောနိုင်လို့ ဒါမှမဟုတ် မပြောချင်လို့ ပါးစပ်ပိတ် အံကြိတ်ကျန်ခဲ့မယ့်ထဲမှာ ဒီလူမပါဖို့ သေချာ၏။

သက် ကလည်း အရှုံးပေးဖို့ အစပျိုးခဲ့တာ မဟုတ်ပေ..၊

"ဟိုတစ်ခါက တစ်တွဲ၊ အခု တစ်တွဲ၊ ဒါ ကျွန်မ မသိလိုက်တဲ့





အချိန်တွေမှာလည်း ရှိချင်ရှိဦးမှာ၊ ရှင်က အလုပ်လက်မဲ့ဖြစ်လည်း ဂရုမစိုက်ဘဲ အိမ်မှာနေနိုင်တဲ့လူလေ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ကျွန်မတို့က မိန်းမသားတွေချည်း နေတာ"

"ယောကျ်ားရှိချင်ရင် ယူလိုက်ပေါ့ကွ"

"ရှင် လုပ်စားနေတဲ့အလုပ်တွေအတိုင်း တန်ကြေးမရှိ မပြောနဲ့..၊ တစ်လောကလုံးမှာ မိန်းမတိုင်း ပျက်စီးနေတာ မဟုတ်ဘူး"

"လူတွေက ကိုယ့်ကိုယ်ကိုယ်တော့ တော်တယ်၊ ကောင်းတယ် ထင်တာပါပဲကွာ၊ မင်း ငါ့ကို ဝေဖန်သလို မင်းကို ငါ ပြန်ထောက်ပြရမယ်ဆိုရင် ..."

"မလိုပါဘူး .. ကျွန်မက အဲဒီလိုမိန်းမ မဟုတ်တဲ့အတွက် ရှင့်မှာ ထောက်ပြဖို့လည်း ရှိမှာမဟုတ်ဘူး၊ အဲဒီဆိုင်ထဲမှာ ရှင် မြင်လိုက်တာ ကျွန်မရဲ့မောင်ဝမ်းကွဲတွေ"

"ဟား .. ဟား .. ဟား ..."

"ရှင် .. ရှင် .. ဘာရယ်တာလဲ"

ရယ်ချလိုက်တာ ဝါးလုံးကွဲ ..၊ ဟိုဘက်အိမ်က ပန်းစင်ဆောက်နေကြသည့်လူတွေပါ လှမ်းကြည့်ကြ၏။

"လုပ်မနေပါနဲ့ကွာ .. တချို့ကိစ္စတွေက ရှင်းရင် ပိုရှုပ်တယ်၊ ဖုံးလာမှ ပေါ်တာတွေလည်း ရှိတာပဲ၊ မင်းနဲ့ငါ ကိုယ့်ဘာသာ နေလိုက်ကြရင် ပြီးတာပဲ"

"မနေနိုင်ဘူး .. ကျွန်မသမီးလေး မဖွယ်မရာတွေ ကြားရမြင်ရမှာ မျိုး လုံးဝမဖြစ်စေရဘူး၊ ကျွန်မက ထွက်သွားဖို့လည်း မဖြစ်နိုင်တော့.."

"နေလိုက်ပေါ့၊ ငါ့မှာလည်း သားရှိတာပဲ"

"အို .. မကြားချင်ဘူး၊ ရှင်ပဲ ဒီကသွားမလား၊ ကျွန်မ အိမ်ရှင်ကို သွားတိုင်ပြီး မောင်းထုတ်ခိုင်းရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ညီမ .."

တံခါးပွင့်သွားပြီး အထဲကနေ စုံတွဲတစ်တွဲ ထွက်လာကြသည်၊ နှစ်ယောက်စလုံး လူငယ်တွေပဲဖြစ်ကာ ချောချောလှလှတွေပါ။

မိန်းကလေးက ဒေါသမကင်းသည့်မျက်ဝန်းတွေနှင့်ဖြစ်လျက် ရေခါး နဲ့ ရွယ်တူလောက်ရှိသည့်လူကပဲ ...

"မင်း ထင်သလို မဟုတ်ပါဘူး၊ ရေခါး နဲ့ ကိုယ်တို့လင်မယားက ကျောင်းနေဘက်သူငယ်ချင်းတွေပါ"

လင်မယား ဆိုပါလား ...၊ ဒါဆို ဘာလို့ချိန်းတွေ့နေကြတာလဲ...

"သူနဲ့ကိုယ့်ကို လူကြီးချင်း အဆင်မပြေဖြစ်ပြီး ပြန်ခွဲထားကြလို့ ရေခါး အကူအညီနဲ့ ဒီမှာ လာချိန်းတွေ့နေရတာ၊ ဟိုတစ်စုံတွဲကလည်း ကိုယ်တို့အုပ်စုထဲက သူငယ်ချင်းတွေပါပဲ၊ သူတို့က ကိုယ်တို့ထက် ပိုပြီး ဒုက္ခရောက်ကြတဲ့စုံတွဲတွေပေါ့၊ မင်း ထင်သလို လုံးဝမဟုတ်ဘူး၊ ကိုယ်တို့ ဘော်ဒါကဏ္ဍနဲ့ အကူညီတောင်းရတာပါ၊ ငွေကြေးအကန့် တွေလည်း မပါဘူး"

"ဒီမှာ .. တို့တွေက မောင်နဲ့ ရေခါး တင်မကဘူး တို့ရော ဆုတို့ရော အားလုံး သူငယ်ချင်းတွေချည်းပဲ၊ ရှင်လည်း ကိုယ့်ရဲ့အိမ်နီးချင်း အပေါ်မှာ ရိုင်းပင်းကာကွယ်လိုစိတ် မထားနိုင်ရင်တောင် ခုလို ချောက်တွန်းစကားတွေနဲ့ စွပ်စွဲတာ မကောင်းပါဘူး"

"သစ် ကလည်းကွာ .. မသိလို့ဖြစ်ကြတာပါ"

မိန်းကလေးက ကျေနပ်ပုံမရ၊ တစ်ယောက်က တောင်းပန်နေသည်။ ရေခါး က ခါးထောက်မပျက်သေးပေ။ ထိုစဉ် ...

"ဟိုမှာ .. ဟိုမှာ သမီး .."

"မေမေ တို့ .."

ပတ်ဝန်းကျင်မှာ ရုတ်တရက် အခြေအနေက တစ်မျိုးဖြစ်သွား၏။ အငှားကားနှင့်ရောက်လာကြသည့် လူကြီးနှစ်ယောက်က ခုခံအား





မဲ့သလို ဒီတိုင်း ကြောင်ငေးနေသည့်မိန်းကလေးကို ကားပေါ်ဆွဲတင် သွားကြပြီးမှ ...

"မင်းတို့က ဘာတွေလဲဟေ့ .. ဟင်၊ ငါ့သမီးကို ပူးပေါင်းဖျက် ဆီးဖို့ ကြံတာလား"

"ဟာ!... ဦး ကျွန်တော်နဲ့ သစ် က လက်ထပ်ပြီးသားပါ"

"ဘယ်သူ အသိအမှတ်ပြုခဲ့လို့လဲ၊ မင်းကို ငါ အပြတ်ပြောပြီး သား၊ အခု ဒီနေရာမှာ မင်းတို့နှစ်ယောက် ငါ့သမီးကို ခေါ်ပြီး .."

"အန်ကယ်လ် စကားပြောတာ ဆင်ခြင်ပြောပါ"

"ဘာလဲ .. ရေခါး ဆိုတာ မင်းလား၊ လူပွေလူရှုပ် .. ဆယ့်နှစ်ကြိုး ကဝေ .. မင်းလည်း နာမည်ကြီးပဲ၊ မင်းတို့ကို ငါ့သမီးကို သွေးဆောင် ဖြားယောင်းခေါ်မှုနဲ့ တရားစွဲမယ်"

"ဘယ်သူက ဖြားယောင်းတာလဲ၊ သူတို့မှာ လက်ထပ်ပြီးသား တရားဝင်စာချုပ် ရှိတယ်"

"အေး .. စာချုပ်အားကိုးနဲ့ဆိုရင် မင်းတို့ ကြည့်လိုက်လေ၊ ငါ လုပ်ပြမယ်"

လူကြီးက အသက်အရွယ်နဲ့မမျှသော ဒေါသများနှင့် ပုဆိုးစ နှစ်ဖက်ကို အောက်ဖျားကနေ ပြန်ဆွဲ 'မ'ထားသည်။

ကားထဲကနေ ခေါင်းပြူကြည့်နေပြီး မိန်းကလေးကလည်း ဒီဘဝ ဒီမျှပါပဲဆိုသည့် ကြေကွဲမျက်နှာနှင့် ...၊

ဘာမှမပြောနိုင်ဖြစ်နေသည့် ရွှေသွေး ဆိုသူက သူမကိုပဲ လှမ်း ကြည့်နေကာ ဘာဝင်ပြောစေချင်သည် မသိ...။

"ဒီထဲမှာ အားလုံးရဲ့တရားခံက မင်းပဲ"

တောင်းပန်မှ ပြောင်ဆန်နေသည့်လူကြီးက ရေခါး ကို လက်ညှိုး ထိုး၍ ...

"အပေါင်းအသင်းတွေကို စားသောက်ကောင်းအောင် မင်းမြှောက်



www.burmeseclassic.com

www.burmeseclassic.com



ပင့်ပေးနေတာ"

"ဘာဗျ.."

"ငါတို့က ဆင်းရဲပေမယ့် မာနနဲ့ကွ၊ သိက္ခာကို အသက်နဲ့ လဲယူနိုင်တယ်၊ မင်း သူတို့ကို ဒီမှာ လက်ခံပြီး ..."

"ခင်ဗျား ထင်ရာတွေ လျှောက်မပြောနဲ့"

"အံမာ .. မင်းက လူကြီးကို ..."

"လူကြီးက လူကြီးလို ပြောပါလား၊ လူငယ်မှာလည်း ဒေါသရှိတယ်၊ ခင်ဗျား ဒီ့ထက်လွန်လာရင် ကျုပ် သည်းမခံဘူး"

"သည်းမခံတော့ ဘယ်သူက ဂရုစိုက်ရမှာလဲ၊ မင်းကို သိသွားအောင် ငါ အခုပဲလုပ်ပြမယ်၊ ရပ်ကွက်ထဲမှာ မင်း ဒီလိုပဲလုပ်စားနေတာတွေ ..."

"ဒီမှာ ဦးလေး .."

ကိုယ်ပြောခဲ့ဖူးသလို ဒီလူကြီး ပြောလာတော့ သက် မခံချင်စိတ်တွေ ဖြစ်လာ၏။

သူမပြောခဲ့တာက ဒီလိုပဲမြင်၊ ဒီလိုကြားနေခဲ့တာတွေအပေါ် သုံးသပ်ပြီးမှ ကိုယ့်အတွက် ထိခိုက်လာနိုင်ဖွယ်ရှိနေတာကို ကာကွယ်ဖို့..၊

ခုဟာက တစ်ဖက်လူကို ကြိုးကွင်းစွပ်နိုင်ဖို့ လေလုံးနဲ့ဖိပြီး အပိုင်အနိုင် နင်းချေနေတာ ဖြစ်သည်။

သက် ရဲ့စိတ်ကိုက အမြင်မတော်တာဆို ဒီတိုင်းကြည့်မနေတတ်ခဲ့။

"ဦးလေး စကားပြောတာကိုက လွတ်နေတာ၊ စကားကို ထင်တိုင်း ပြောလို့ရပေမယ့် အဖြစ်တစ်ခုကို လိုသလိုဆွဲယူပုံဖော်လို့ မရဘူး၊ ဒီမှာ ပတ်ဝန်းကျင်ရှိတယ်"

"နင်က ဘာဆိုင်လို့ ဝင်ပါတာလဲ"

"ပတ်ဝန်းကျင်လေ..၊ ကျွန်မက ရေခါး ရဲ့ပတ်ဝန်းကျင်ပဲ၊ ဦးလေးသမီးက ဆယ့်ခြောက်နှစ်သမီးလေး မဟုတ်ဘူး၊ ရှူးနေတာ





လည်း မဟုတ်ဘူး၊ သူတို့နှစ်ယောက်ကလည်း ခုမှချစ်တဲ့ ချစ်သူတွေလား .."

"ကောင်မလေး .. နင့်ပါးစပ် ပိတ်ထားစမ်း"

"အံမာ .. ဘာလို့ပိတ်ရမှာလဲ၊ သူများရွာမှာ ကြက်မ .. ကိုယ့်ရွာမှာ ကြက်ဖ တဲ့၊ ဦးလေးပဲ ကိုယ်ရောက်နေတဲ့အရပ်ကို ပြန်ငုံ့ကြည့်လိုက်ပါ၊ သူများကို ဒုက္ခမပေးနိုင်သေးခင် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြစ်ပျက်ပြီး ပြန်သွားရမလဲဆိုတာ စဉ်းစား .."

သက် က အိမ်ပေါ်ကနေ နှုတ်ခမ်းလေးလုံးထော်နေအောင် ပြောသွားလိုက်တာ စက်သေနတ်ပစ်တဲ့အတိုင်း။ ပြောတုန်းက အမြင်မတော်လို့ပေမယ့် ဒီလူကြီး ကိုယ့်ကိုပါ ပတ်ရမ်းပြောလိုက်တော့ ဒေါသက သူ့ပြဿနာ ကိုယ့်ပြဿနာ ခွဲခြားဖို့ မေ့၏။

"သမီးရှင်ဆိုတာ ဘာမှမမှားယွင်းအောင် နေတတ်ပြောတတ်ရတယ်၊ ဒီဘက်မှာ ယောကျ်ားလေးတွေမို့လို့၊ မဟုတ်ရင် ဦးလေးမျက်နှာအိုးမည်းတင်မကဘူး ကတ္တရာပုံးလိုက် အလောင်းခံရတာထက် ဆိုးသွားအောင် ပြောပေးလိုက်လို့ရတယ်"

သစ္စာ တို့မိသားစု ရှူးရှူးရှားရှား ပြန်ထွက်သွားကြတော့ ရေခါး က ရယ်သည်။ အင်္ကျီလက်စနှစ်ဖက်ကို ပြန်ချနေရင်း သက် က မျက်စောင်းထိုး၏။

အမှတ်တမဲ့ကနေ အမှတ်တရအဖြစ် ပါဝင်လာသည့် သက် ကို ရွှေသွေး က နှစ်ထပ်ရှိမှ မှတ်မိတာမျိုး ပေးလို့ကောင်းနေခဲ့၏။

ဒီကောင်မလေးက ဘာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

"ဟယ်!... ခါး .."

ပခုံးချင်းချိတ်မိမတတ် အရှိန်လွန်သွားခဲ့ပြီးမှ နှုတ်ဆက်သည့်လူကို ကြည့်မိသည်။

"ဖြူဖြူစင်"

နှုတ်ဖျားမှမဟုတ်ဘဲ စိတ်ထဲမှာ တိုးတိတ်စွာရေရွတ်၍ ပြန်လည်ပျောက်ဆုံးသွား၏။ ဖြူဖြူစင် ဆိုပေမယ့် သူမက အဖြူရောင်မကြိုက်ပါ။

ရှုးတောက်နေသည့်အရောင်တွေကိုပဲ နှစ်သက်တတ်ပြီး သက်ရောက်မှုတိုင်းအတွက် တုံ့ပြန်ဖို့တစ်ခုတည်းကိုသာ အာရုံထားသည့်မိန်းမမျိုး။

"ဘာလဲ .. မတွေ့ကြတာ နှစ်နဲ့မချီသေးပါဘူး၊ တို့ကို မမှတ်မိလို့လား"

"မှတ်မိပါတယ် .. မေးစရာမှ မဟုတ်တာ"

"အပြွန်း .. ယူ အခု တော်တော်အပိုးကျိုးနေတယ် ထင်တယ်"

သူ့တစ်ကိုယ်လုံးကို မိန်းကလေးမျက်လုံးနဲ့ မတူလောက်အောင် ရှုးရှူးရဲရဲ စိုက်ကြည့်၍ ...





"အံ့သြဖို့လည်း ကောင်းတယ်၊ စိတ်လည်းမကောင်းဘူး သိလား၊ ယူ့ဘက်မှာ ဒီလောက်ထိ ပြင်းပြင်းထန်ထန် ပေးဆပ်ရဖို့ရှိနေမှန်း သိခဲ့ရင်..."

"ပြင်းထန်တယ်ထင်ရပေမယ့် ပျော်ဖို့ကောင်းပါတယ်"

ရေခါး က ကုမ္ပဏီဝင်းထဲဝင်ခဲ့ပြီမို့ တခြားလူတွေဆီ လှမ်းကြည့်ပြီး အပြုံးမပျက်သည့်မျက်နှာဖြင့် ...

"ကိုယ် ပြန်ရောက်လာခဲ့တာ အမိပ္ပာယ်ရှိသွားတာပေါ့"

"စာမေးပွဲကျသွားလို့လား"

"ဒါတွေမဖြစ်ကြခင် ဟိုအရင်က ကိုယ့်အကြောင်းပါ"

"တစ်ခုလပ် ကလေးအဖေဖြစ်သွားရတာကို ပျော်တာတော့ မဟုတ်ဘူး ထင်တယ်"

"ဘာတွေဖြစ်နေနေ ကိုယ် ဝမ်းမနည်းတတ်ဘူး ဖြူ၊ နောင်တဆိုတာလည်း ဘာမှန်းမသိဘူး၊ လူ့ဘဝကြီးက အရမ်းပျော်ဖို့ကောင်းပါတယ်၊ မင်းရော ပျော်အောင် နေတတ်ရဲ့လား"

ဖြူ ကွက်ခနဲ မျက်နှာပျက်၏။

ရေခါး က သွားတွေပေါ်အောင် ရယ်သည်။ ဖြူဖြူစင် ပြန်မော့ကြည့်ပြီး ဘာမှမပြောနိုင်တော့ သူ့နှုတ်ခမ်းတွေကို ဖိကပ်မဲ့လိုက်ကာ...

"လူတိုင်းပဲ ကိုယ့်စိတ်ကို မထိန်းနိုင်ကြလို့ အမှားတွေ နောင်တတွေ ဖြစ်လာတာ၊ ကိုယ်ကတော့ စိတ်ကိုမထိန်းနိုင်ပေမယ့် အမှားကို လက်ခံနိုင်တဲ့သူ ထင်တယ်၊ နောင်တ မရခဲ့ဖူးဘူး"

"ကောင်းပါတယ်၊ အဲဒီလို သဘာဝကို ဆန့်ကျင်တဲ့စကားတွေ ယူ အမြဲပြောနိုင်အောင် ကြိုးစားစမ်းပါ"

"မကြိုးစားပါဘူး၊ မဖြစ်နိုင်တာကိုရော ဖြစ်ချင်တာကိုရော ကိုယ်ဘယ်အခြေအနေကိုမှ ဖန်တီးမယူဘူး၊ စကားဆိုတာ လူအထင်ကြီးအောင်ပြောဖို့ လွယ်တယ်၊ တကယ်လက်တွေ့ လုပ်ပြဖို့ မလွယ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လူအထင်ကြီးဖို့လည်း ကိုယ့်အတွက် မလိုတော့ မင်း ပြောသလို မဟုတ်ဘူးဆိုတာ သေချာပါတယ်"

ဖြူဖြူစင် က မချိုပြုံးနှင့် ပြန်စိုက်ကြည့်၏။

"ယူ စကားတတ်ပါတယ်၊ မိန်းကလေးတွေအပေါ်တင်မကဘူး ဘယ်အခြေအနေမှာဖြစ်ဖြစ် နိုင်အောင်ပြောနိုင်တယ်၊ ခုလို သူများရဲ့ စကားတစ်ခွန်းအောက်မှာ ကိုယ့်ကိုယ်ကိုယ် နှစ်မွန်းခံနေတာမျိုး မမြင်ရဘူးဆိုရင် အထင်ကြီးစရာပဲ"

"ဒါလည်း ကိုယ့်အမှန်တရားနဲ့ကိုယ်ပါ၊ မင်း အခု ဒီကိုလာတာ.."

"ယူ ဘယ်လိုထင်လဲ"

"ဒီကသူဌေးက မင်းနဲ့ တစ်နည်းနည်းနဲ့ ပတ်သက်တော်စပ်နေတဲ့သူများ ဖြစ်နေသလား"

"ဟွန်း .."

ဖြူဖြူစင် က နှစ်ဖက်ခွဲစည်းထားသည့် ဆံပင်တွေကို လက်နဲ့ တမင်ပွတ်သပ်လိုက်ရင်း ရယ်သည်။ ရေခါး ကလည်း သဘောပေါက်သွားသည့် အပြုံးယဲ့ယဲ့နှင့် ...

"မှန်သွားတယ်ပေါ့"

"မှန်တယ် ခါး၊ ဒါပေမယ့် ယူ တခြားကို ရှောင်ထွက်သွားဖို့ မလိုအပ်ပါဘူး၊ ကလေးတစ်ယောက်နဲ့ ဆင်းရဲပင်ပန်းခြင်းကို ယူက ကျော်နပ်နေခဲ့ပေမယ့် မြင်နေတဲ့သူက မကြည့်ရက်ဘူး"

"သြော် .. သြော် ..."

"ယူ ဒီမှာ အလုပ်လုပ်နေတယ်မို့လား၊ တခြားကိုမပြောင်းပါနဲ့"

"ပြောင်းသွားတော့မယ့်ပုံများ ပေါက်နေလို့လား ဖြူ"

ရေခါး မျက်နှာက ရယ်ကျဲကျဲပုံ ..။

"ကိုယ့်ကိုယ်ကိုယ် အဲဒီလောက် မာနမကြီးဘူး ထင်ထားတာ၊ မာနရုပ်ကြီးပေါက်နေတယ် ထင်တယ်"





"ဟုတ်တယ် .. ယူ့ကိုယ်ယူ ပျော်ဖို့ကြိုးစားနေပေမယ့် ပျော်လည်း ပျော်နေတယ်ဆိုပေမယ့်ပေါ့နော်၊ အခု ဖြူ နဲ့ ဒီအခြေအနေမျိုးမှာတော့ ယူ ရှိနေချင်မှာ မဟုတ်ပါဘူး၊ မှန်ရင် ဝန်ခံနော် .. မညာနဲ့"

"ဘာညာစရာရှိလဲ ဖြူ၊ မင်းနဲ့ကိုယ်တို့က ရင်းနှီးတဲ့မိတ်ဆွေတွေပဲ၊ ဘယ်အခြေအနေမှာဖြစ်ဖြစ် ဘယ်မှာတွေ့တွေ့ ဖော်ရွေစွာပြုံးပြခဲ့ရင် သောင် ကျေးဇူးတင်ရဦးမှာ၊ ခုဆိုရင် မင်းက ကိုယ့်ရဲ့သူဌေးဖြစ်သွားပြီ ထင်တယ်၊ နောက်ထပ် လမ်းမှာတွေ့ရင် ခေါ်ခွင့်ရှိမရှိဆိုတာတောင် မသေချာတော့ဘူး .. ဟွန်း"

ရေခါး က ကိုယ်ကိုပြင်ရပ်ပြီး အလေးပြုသလိုလုပ်လိုက်တော့ ဖြူဖြူစင် မျက်နှာလေး ညိုသွားသည်။

"ယူ တို့ကို ရွဲ့နေတာလား"

"ကိုယ်ပြောသင့်တဲ့ စကားတွေပဲလေ .. မင်းအတွက် တစ်မျိုးထင်စရာဖြစ်သွားရင် ဆောရီးပါ၊ ကိုယ် အလုပ်ဆင်းရမှာမို့လို့ သွားမယ်နော်"

နှုတ်ဆက်တာက စကားကောင်းတွေပေမယ့် စေ့စေ့ကြည့်ပြီး မဲ့သလို ရယ်သလို လုပ်သွားသည့်မျက်နှာက မျက်ခုံးနှစ်ဖက် မသိမသာ ပင့်လိုက်သေးသည်။

ဖြူဖြူစင် အံကလေးကြိတ်၍ ကျန်ရစ်၏။ ကိုယ်က ငြင်းပယ်ခါထုတ်ပစ်ခဲ့သူအဖြစ် ရေခါး ကို သူမ အထက်စီးဆန့်ဆန် ပြောချင်သည်။ ကြည့်ပြီး ပြုံးချင်၏။ အောင်နိုင်သူ အပြုံးမျိုးနှင့် ...၊

ဒါပေမယ့် .. တကယ်ဟာမ်းတွေ့လိုက်တော့ ဒီလိုမဟုတ် ...၊

ရေခါး ကို သူမ ရှုံးခဲ့သည်။ အချစ်သချာအတွက် သူမ ဘယ်လိုပဲ ရှုပ်ထွေးပျက်ပြားကုန်အောင် ကြိုးစားကြိုးစား အဖြေက တစ်ခုတည်း အတိအကျထွက်ခဲ့၏။ ငြင်းပယ်ခဲ့တာက မချစ်လို့ မဟုတ် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၂၁]

တစ်ခန်းတည်းကို ဦးတည်လာကြတာပေမယ့် သွားလာရင်း ပြန်ငုံ့ကြည့်လာရသည့် လက်ထဲက စာရင်းဇယားတွေကြောင့် တစ်ယောက်ကို တစ်ယောက် မမြင် ...။

"ဟ!.."

"အ!.."

အခန်းပေါက်ကျဉ်းကျဉ်းမှာ လုကပ်ဝင်သလိုဖြစ်ကာ ပခုံးချင်းတိုက်မိကာမှ ...

"ဟင်!..."

"မင်းပဲ .."

သိလိုက်ကြတာတောင် တအံ့တသြဖြစ်သွားပြီး တော်တော်နှင့်မျက်လုံးမလွှဲမိကြ ...။

"မင်း ဒီမှာလုပ်တာလား"

"ဟုတ်တယ်၊ ရှင်ရော .."

"အတူတူပဲ"





အမုန်းဓာတ်ခံမရှိသည့် အိမ်နီးချင်းဆိုသောစိတ်နှင့် ဖျတ်ခနဲကြည်လင်သွားပေမယ့် သက် မျက်နှာလေး မကြာမီမှာပဲ ပြောင်းလဲသွားခဲ့လျက် ...

"အလုပ်ရသွားတာလား၊ ကျွန်မက ရှင် အလုပ်ရှာဖို့ သတိရမှာမဟုတ်ဘူးထင်တာ"

ရေခါး က သက် ကို ခပ်ချဉ်ချဉ် တစ်ချက်ကြည့်၍ ပြုံးသည်။

"ဟုတ်တယ် .. ငွေရှာရတာ လွယ်ပါတယ်၊ ယောက်ျားပဲ လှုပ်ရှားရင် မုန့်စားရတာပေါ့၊ ဟွန့် .. ဒါပေမယ့် အလုပ်အကိုင်လေးတစ်ခုခုတော့ စားသောက်ကောင်းအောင် ရှာထားရတယ်၊ လူရှိန်တာပေါ့"

"ဟွန်း"

သက် က မဲ့လိုက်ပြီး ခန်းဆီးစလေးကို ဖယ်ရှားဖို့ လက်လှမ်း၏။ သူကလည်း လက်လှမ်းလိုက်သဖြင့် လက်ချင်းတိုက်ပြန်၏။

ရေခါး ကပဲ ပြန်ရုပ်လိုက်ကာ ...

"ဝင်ပါ"

ကိုယ်တစ်ခြမ်းစောင်းပြီး အလျှော့ပေးသည်။ သူမကိုယ်က သနပ်ခါးနံ့လား၊ ရေမွှေးနံ့လား မသိသော ကိုယ်သင်းနံ့တစ်ချက်ဝေ့သွား၏။

ရေမွှေးနံ့ပေါင်းစုံနှင့် ယဉ်ပါးခဲ့သော်လည်း ထိုရနံ့ကို သူ့စိတ်ထဲမှာ ထူးခြားသွား၏။ ပြီးတော့ နှစ်သက်ခြင်းတွေ ဖြစ်သွားသည်။ သူမ ဘာရေမွှေး သုံးသလဲ ..။

သေချာတာကတော့ မိန်းမလှလေးတစ်ယောက်နှင့် အလွန်လိုက်ဖက်သော နူးညံ့ဆွတ်ပျံ့သည့်မွှေးရနံ့ ဖြစ်နေခြင်း ..။

"ဟော .. လာ .. ညည်းကို ဒီနေ့ ဒုက္ခပေးဖို့ အစီအစဉ်တွေရှိတယ်"

စာရင်းကိုင်မန်နေဂျာက သက် ကို မြင်တာနှင့် နေရာမှထကာ နံရံကပ်ဗီရို အလယ်ထပ်ထဲမှ ကြိုးနဲ့စည်းထားသည့်ဖိုင်တစ်ထပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲချလာသည်။ ရှေ့မှာထိုင်နေသည့်လူက သက် ကို လှည့်ကြည့်ရင်း နောက်မှာပါလာသည့် ရေခါး ကို မြင်လိုက်တော့ မျက်ခုံးနှစ်ဖက် တွန့်ကျသွား၏။

"ဆရာ .. ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

သက် ကို ဖိုင်တွေချပေးသည့် စာရင်းကိုင်မန်နေဂျာက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် .. မင်းတို့ အတူတူရောက်လာတာ အတော်ပဲ၊ မင်းက ခါးသက်ချို နဲ့စာရင် လူသစ်ဖြစ်နေတော့ အခု သူယူသွားမယ့်စာရင်းတွေထဲက အကျိုးအမြတ်တွေချည်းသက်သက်ကို ငါတို့ ဝက်ဘ်ဆိုက်မှာ ထည့်ထားလိုက်"

"ဝက်ဘ်ဆိုက်မှာ အကျိုးအမြတ်တင်တာ သိပ်မကောင်းဘူး ဆရာ၊ ရုံးခန်းမှာပဲ ဖိုင်နဲ့သိမ်းထားလိုက်တာ ကောင်းပါတယ်"

မနေ့တစ်နေ့ကမှရောက်လာတဲ့လူက ညွှသည်ရှေ့မှာ ဆရာလုပ်သလိုပြောလိုက်သဖြင့် မန်နေဂျာမျက်နှာကြီး နီမြန်းသွားသည်။ ဒါပေမယ့် ဟန်ဆောင်ထိန်းချုပ်၍ ...

"ငါပြောတဲ့ အကျိုးအမြတ်ဆိုတာ ကိန်းဂဏန်းတွေ မင်း တင်ထားဖို့ပြောတာ မဟုတ်ဘူး၊ ငါတို့အတွက် ရှယ်ယာဝင်တွေ လိုနေတဲ့အတွက် .."

"ရှယ်ယာဝင်လာမယ့်လူဆိုတာလည်း ပြောတိုင်းယုံတဲ့လူမျိုးတွေ မဟုတ်ဘူး ဆရာ၊ တကယ်ကျန်းမာချင်တဲ့လူက အားဆေးတွေသောက်ရမှာထက် ကိုယ့်ခြေထောက်နဲ့ကိုယ် လမ်းလျှောက်ချင်ကြတာ၊ ခေတ်က ကြော်ငြာခေတ်ဆိုပေမယ့် ကြော်ငြာကို အထင်မကြီးတဲ့လူတွေလည်း အများကြီးပဲ၊ ကျွန်တော်တို့ကုမ္ပဏီက သေးသေးလေးကနေ ဒီအခြေအနေအထိ လှမ်းတက်လာခဲ့ပြီပဲ၊ အကျိုးအမြတ်တွေချပြပြီး ရှယ်ယာဆွယ်ဖို့ မလိုပါဘူး .. ရောက်လာမှာကို ထိုင်စောင့်ရုံပဲ၊ ကုမ္ပဏီ





တိုးတက်မှုကို တကယ်နားလည်ပြီး ရောက်လာတဲ့လူတစ်ယောက်က ငွေပိုလေးရှိလို့ ဒါလေး ရှယ်ယာထည့်ပါရစေဆိုပြီး ရောက်လာတဲ့သူ ဆယ်ယောက်ထက် အဖိုးတန်ပါတယ်"

ဆရာလုပ်သွားတာကို ခံပြင်းနေပေမယ့် ဘာမှပြောစရာမရှိတော့တာမို့ မန်နေဂျာက ခေါင်းညိတ်ပြုံးကာ ...

"အေး .. မင်း ပြောတာလည်း မဆိုးပါဘူး၊ လောလောဆယ် မင်း သူ့ကိုပဲ ကူလိုက်တော့၊ ဒီအစီအစဉ်ကို သူဌေးလာရင် ငါ တင်ပြလိုက်မယ်၊ သူက ခိုင်းထားတာဆိုတော့ မင်းက ဆရာလုပ်တယ်ထင်သွားရင်တော့ မတတ်နိုင်ဘူးနော်"

ရေခါး က ပြုံးလိုက်ရင်း ...

"မိမိအကျိုးစီးပွားကို တိုးတက်စေမယ်ဆိုရင် သူဌေး ဒီလိုမထင်လောက်ပါဘူး၊ အကြံကောင်း စိတ်ကူးကောင်းတွေတိုင်း သူဌေးတွေခေါင်းထဲကပဲ ထွက်နေတာမှ မဟုတ်တာ၊ ကျွန်တော်က ဘာအကျိုးအမြတ်မှ မမျှော်လင့်တဲ့အပြင် ကိုယ်ကျိုးစွန့်ပြီး အကြံပြုတာပါ"

မန်နေဂျာ ဟန်မဆောင်နိုင်လောက်အောင် မျက်နှာတစ်ပြင်လုံး သိုမည်းသွား၏။ သူ အပြုံးမပျက်ပြောနေပေမယ့် သက် က အခြေအနေကို ရိပ်မိသည်။ ထို့ကြောင့် ဖိုင်တွေကို ကောက်ပွေ့ယူလိုက်ကာ...

"ဒါတွေ ဒီနေ့ ပြီးရမှာလား ဆရာ"

စကားစပြတ်သွားအောင် ကြိုးစားလိုက်မိ၏။ မန်နေဂျာက နေရာမှာပြန်ထိုင်ရင်း ခေါင်းညိတ်၍ ...

"ဟုတ်တယ်၊ အဲဒါပြီးမှ ညနေ အလုပ်သိမ်းရမယ်"

"ဟုတ်ကဲ့ .."

ခါတိုင်းဆို ဒီလိုခိုင်းလိုက်တာနှင့် ပြန်ချိန်ကိုကြိုတွက်မိကာ စိတ်ညစ်လက်ညစ်ဖြစ်သွားတတ်ပေမယ့် ဒီနေ့ သက် ဒီနေရာကနေ သူ့ အတူထွက်ခွာဖို့သာ စိတ်စောနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် လိုက်ခဲ့လေ .."

"နေပါဦး"

တားလိုက်သံက ထိုင်နေသူထံမှ ဖြစ်ကာ ...

"ငါ့တူက 'မိုးခါးခါး'သူဌေးနဲ့ ဘယ်လိုများ ပတ်သက်ပါလိမ့်"

မျက်နှာသာမက ထိုင်လျက်ကနေ တစ်ကိုယ်လုံး လှည့်ထိုင်ကာ ရေခါး ကို မျက်နှာမူပြီးမှ သေချာ မော့ကြည့်မေးတာ ဖြစ်သည်။

ထွက်သွားမလိုပြင်ပြီးမှ သက် နဲ့ သူ ခြေလှမ်းတုံ့သွား၏။ ရေခါး က လူကြီးကို တစ်ချက်စိုက်ကြည့်ပြီးမှ ခေါင်းခါ၍ ...

"မပတ်သက်ပါဘူး အန်ကယ်လ်"

"ဩော် .. လူပုံလည်း တော်တော်တူတယ်၊ မင်း ပြောလိုက်တဲ့ အယူအဆ အရှည်အချင်းကအစ သူနဲ့ တစ်ထပ်တည်းပဲ၊ အေးပါကွာ မပတ်သက်ဘူးဆိုလည်း ထားလိုက်ပါတော့၊ အန်ကယ်လ်က 'ရှီကော ဒင်း'ကုမ္ပဏီကပါ၊ စိတ်ဝင်စားရင် ဘယ်သူ့မေးမေး သိပါတယ်"

"ဟုတ်ကဲ့ပါ"

"အေး.. အေး.. မင်းကိုတော့ အန်ကယ်လ် စိတ်ဝင်စားတယ်ကွ"

တကယ်ဆို လုပ်ငန်းအချင်းချင်း ဒါဟာ စည်းကျော်ခြင်းပဲဖြစ် သည်။ လူကြီးပုံစံအရ ယဉ်ကျေးမှုမရှိလို့ မဟုတ်ဘဲ စာရင်းကိုင်မန်နေ ဂျာကို ရှိသည်လို့ကို မမှတ်တာမျိုး ..။

လိပ်စာကဒ် ထုတ်မပေးပေမယ့် ပြောသွားတဲ့ပုံက သိသာလွန်း ၏။ အပြင်ထွက်လာသည်နှင့် သက် က သူ့ကို မော့ကြည့်၍ ...

"အဲဒါကို ဘဝင်လေဟပ်မသွားနဲ့ ...၊ တချို့က သွေးထိုးရုံသက် သက် မြှောက်ထိုးပင့်ကော် လုပ်သွားတာမျိုးတွေရှိတယ်၊ ကိုယ့်ကိုယ် ကိုယ် သူများ အလုပ်လုပ်နေရတယ်ဆိုတာလည်း မမေ့နဲ့ပေါ့ရှင်"

"ငါက ဘာဖြစ်နေလို့လဲ"

"ဟင်!... ဘာဖြစ်နေလို့လဲ ဟုတ်လား .."





သွားနေသည့်ခြေထောက်တွေကို ရပ်ပစ်လိုက်ပြီးမှ ...

"ရှင် ကိုယ့်ကိုယ်ကိုယ် အစည်းအဝေးမန်းမထဲ ရောက်နေတဲ့ ဒါရိုက်တာဂိုက် ဖမ်းနေတာလေ"

"အဟွန်း"

ပြောလိုက်ရင် မျက်နှာမှာ လေးလေးနက်နက် အတွေးဝင်သွား တာမျိုး ဘယ်တော့မှမရှိ။ ထို့ကြောင့် ကြည့်မရသည့်မျက်စောင်းနှင့် ငဲ့ကြည့်မိသည်။ ရေခါး က ပြန်ငုံ့ကြည့်၍ ...

"ဂိုက် မဖမ်းပါဘူးကွာ .. ကိုယ့်ပုံစံကိုက သူဌေးနဲ့တူနေတာဖြစ် မှာပေါ့"

"ဟုတ်လောက်ပါတယ်"

သက် က မဲ့ပစ်သည်။ ရေခါး က ရယ်၏။ သူရယ်နေတာတွေထဲ မှာ ဘာကိုမှ ဂရုမစိုက်တတ်သော အောင်နိုင်သူ၏ အငွေ့အသက်တွေ ပါနေသလို စိတ်ထဲမှာ ခံစားမိလာသည်။

ဂျာနယ်တိုက်မှာတုန်းကလည်း သူ ကွန်ပျူတာဘက်မှာပဲ လုပ် တာလို့ သိရသည်။ ဒီမှာလည်း သူ့ပုံစံက ကွန်ပျူတာမှာ ကျွမ်းကျင် အဆင့်လောက် ရှိနေ၏။

လူသစ် ဆိုပေမယ့် သူ့အဆင့်နဲ့ ကိုသ့်အဆင့်က အကွာကြီးပင်။ ပြီးတော့ ဟိုလူကြီးပြောသည့် 'မိုးခါးခါး'ဆိုတာ သူ့နာမည်နဲ့ ဘာလို့ တူနေတာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၂]

"ပြီးနေပြီမို့လား .. မပြန်သေးဘူးလား"

သက် က သူ့ကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြီးမှ ခေါင်းခါ၍..

"ပြန်မှာပါ၊ ဒီထဲမှာ မသိတာလေး ရှာချင်လို့"

"ဘာလဲ .."

ရေခါး က လွယ်အိတ်ကိုပြန်ချထားလိုက်ပြီး သက် ဘေးမှာ လာရပ်ကြည့်သည်။

"မင်း ဝင်တာ မှားနေပြီ၊ ပြန်ထွက်လိုက်"

သက် ဘာရှာနေမှန်း ကြည့်တာနှင့်သိသွားသည်။ ထို့ပြင် မောက်စ်မှာ တင်ထားသည့် သက် ရဲ့လက်ချောင်းလေးပေါ် သူ့လက်တင်၍..

"ဒါ .. ရှာတာမို့လား"

"အင်း"

သူက လက်ပြန်ရုပ်လိုက်ပြီး မတ်မတ်ရပ်၏။

"မင်း ဆက်သွားဖို့ မလိုပါဘူး၊ အဲဒါက လက်ထောက်ဆီပို့ရမှာ မဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သက် က အကောင်းတိုင်း အပ်လိုက်ရဲ့သားနဲ့ အဆူခံရပြီဆိုရင် တစ်ဖက်က ထောက်တဲ့ အပြစ်တွေကို သက် ဘာမှမသိဘူး ဖြစ်ဖြစ်နေတယ်၊ အဲဒါကြောင့် ကိုယ့်ဘာသာ ဆက်လုပ်ကြည့်တာ"





"သိချင်ရင် ဒါကို မင်း ပြန်ကူးထားလိုက်ပေါ့၊ အချိန်ပိုမှ လေ့ကျင့်ရင် ရတာပဲ"

သူက နာရီမော့ကြည့်လိုက်ပြီး ...

"ဒီနေ့ ငါ သွားစရာရှိလို့ အပြန်နောက်ကျဖို့ မျှားဘယ်၊ သားကို မင်း ခဏကြည့်ပေးထားလို့ ရမလား"

"ရရမရရ အမြင်မတော်ရင် ကြည့်ပေးရတာပဲ၊ တစ်လောကလုံးမှာ ရှင့်လောက်အလုပ်များတဲ့သူ ရှင်ပဲ ရှိတာကိုး"

စောစောက 'သက်' ဆိုတာလေး ထည့်ထည့်ပြီး ချိုချိုသာသာရှိနေတာ အကောင်း ...၊ မော့မကြည့်ဘဲ ချက်ချင်းကြီး ထဖောက်သွားသည့် သူမကို စိုးမိုးကြည့်ရင်း ရေခါး ပြုံးမိသည်။

"ဟုတ်တယ် .. မင်းပဲ အားနေလို့ အကူအညီတောင်းရတာ"

"ဘာရယ် .."

ပြောလိုက်တော့လည်း မခံ။

"မဟုတ်ဘူးလား .. ဒီကပြန်ရင် မင်းက အားပြီလေ၊ အလုပ်အများဆုံးက ငါပဲ"

"ဟွန်း"

မျက်စောင်းရှယ်တဟ်သည့်မျက်ဝန်းဂတွကို မကြည့်တော့ဘဲ သူ လှည့်ထွက်လာခဲ့လျှင် ...

"ဒီမှာ ခဏ .."

ခေါ်လိုက်ပြီး သက် ကိုယ်တိုင် ကွန်ပျူတာရှေ့ကနေ ခလုတ်တိုက်မတတ် ထရပ်လိုက်ကာ ...

"မနက်ဖြန်ညနေပိုင်းဆို ကျွန်မ အလုပ်ပါးသွားပြီ သိလား၊ ရှင်က အလုပ်လုပ်တာ မြန်ပါတယ်၊ သက် ကို ကွန်ပျူတာနဲ့ပတ်သက်တာ တချို့ သင်ပေးပါလား"

ဖြစ်သွားပြန်ပြီ မျက်နှာကတစ်မျိုး ..၊



www.burmeseclassic.com

'ကျွန်မ'တွေ .. 'သက်'တွေ ကပြောင်းကပြန် စုံလင်လျက် ...

"သင်တန်းအောင်လက်မှတ်တွေရှိပေမယ့် တကယ့်အလုပ်မှာကျ တော့ အခက်အခဲတွေ အများကြီးပဲ ဖြစ်လာတယ်၊ ရှင့်ကျတော့ ... တတ်မြောက်တာနဲ့ မတူဘူး"

"ဘာနဲ့တူသလဲ ပြောပါဦး"

စိတ်တော့ တိုစပြုပြီ ဖြစ်၏။ သူမပါးစပ်ထဲမှာ ရေခါး ဆိုတဲ့ ကောင် ဘဝအမျိုးမျိုး ပြောင်းနေပြီ။ သက် က သူ့မျက်နှာကိုကြည့်ပြီး တောင်းပန်သလို ရှုံ့မဲ့မဲ့လေး ဖြစ်လျက် ...

"ရှင် တော်တာကို မြင်လာလို့ ပြောတာပါ၊ အဲဒါကြောင့် သက်.. ကျွန်မကို ပြန်သင်ပေးပါလားလို့ .."

"သင်ပေးရအောင် မင်းက သင်တန်းလာတက်တာလား ..၊ ဒါ လည်း သင်တန်းဆရာ မဟုတ်ဘူး၊ အလုပ်ချိန်မှာ ကိုယ်လုပ်ချင်တာ လုပ်နေကြလို့မှ မဖြစ်တာ"

"အဲဒါကြောင့် အလုပ်အားတဲ့အချိန်ကို ပြောတာလေ၊ သက် အလုပ်တွေကို မြန်မြန်ပြီးအောင် လုပ်လုပ်ထားမယ်"

"မင်းပြီးနေလည်း ငါက ပြီးချင်မှပြီးမှာ၊ တစ်လောကလုံးမှာ အလုပ်အများဆုံးလူလေ"

"ရှင် အဲဒီလိုစကားနာထိုးတာတွေ ကျွန်မနဲ့မတည့်တာ"

"မတည့်တော့ ပျော်ဖို့ကောင်းတာပေါ့၊ ငါက ရန်ဖြစ်နေရတာကို ကြိုက်တယ်"

ပြောပြီး သူ ပြန်လှည့်သွား၏။ သက် စိတ်တိုသွားကာ ...

"ရှင် သင်မပေး... းပေါ့"

"မပေးဘူး"

"မပေးနဲ့"





## အခန်း [၂၃]

"တီတီ"

"ဟင်"

"ဟိုဘက်မှာလေ .. ဟိုဘက်မှာ ..."

"ဘာလဲ သမီး .. ဘာဖြစ်လို့လဲ .."

မနော ရင်ဘတ်လေးမောက်ကြွနေအောင် အမောတကော လာ ပြောသဖြင့် သက် စိုးရိမ်သွားမိသည်။

ထိုစဉ် နှာခေါင်းထဲမှာဝင်လာတာက တူးနံ့၊ ပြီးတော့ နောက်ဖေး ဘက်က တရိပ်ရိပ်လွင့်တက်လာသည့် မီးခိုးငွေ့တွေ။

"ဟဲ့ .. ဟဲ့ .. ဟိုဘက်မှာ ကိုချစ် ဘာတွေလုပ်နေတာလဲ"

စိုးရိမ်စိတ်ကြောင့် တစ်ကိုယ်လုံး ပူထူသွားသလိုပင် ...။

ဒီကောင်လေး စောစောကပဲ ပေါင်းအိုးနဲ့ ထမင်းချက်မလို့ ရေ ဘယ်လိုထည့်ရတာလဲ လာမေးသွားခဲ့သည်။

"ကိုချစ် ရေ .. ကိုချစ် .. ဘာတွေလုပ်နေတာလဲ"

သက် ဟိုဘက်အိမ်ကို ချက်ချင်းရောက်သွားသည်။ မနော က ပြေးလိုက်လာရင်း ...

www.burmeseclassic.com



"ကိုကို စာကလေးကြော်နေတာ"

"ကိုချစ် .. အို!... ဒုက္ခပါပဲ"

နောက်ဖေးကနေတက်သွားတာမို့ အိမ်ပေါ်ရောက်ဟာနှင့် မီးဖိုနဲ့ ကိုချစ် ကို တန်းတွေ့၏။ ခရီးဆောင် ဂက်စ်မီးဖိုသေးသေးလေးနှင့် ချိခန်းနေပြီဖြစ်သည့် ဒယ်အိုးလေးက အငွေ့ဖြူတွေ ထောင်းထောင်း ထ,နေ၏။

"ဆီမှမရှိတော့တာ .. မီးလည်း မလျှော့ဘူး ကိုချစ် ရယ် .. ဖယ် .. ဖယ် .."

"ဟဲ .. ဟဲ .. သား စာကလေးနှစ်ကောင် ပစ်လို့ရလို့ ကြော်နေတာ"

နဖူးမှာ ချွေးသီးတွေထလျက် လက်မောင်းလေးနဲ့ ပွတ်သုတ်ပစ်ပြီး ရယ်သည်။ သက် ဘာစကားမှမပြောအားဘဲ မီးပိတ်ပစ်လိုက်ပြီး တူးခြစ်နေသည့် စာကြော်ကို ယောင်းမနဲ့ လှန်လှောကြည့်မိ၏။

တစ်ခြမ်းက အစိုကြီးပဲရှိသေးကာ တစ်ခြမ်းက မီးသွေးဖြစ်နေသည်။ ထို့ပြင် စာကို အမွေးနုတ်တာပဲရှိလျက် ဗိုက်လည်း မခွဲ၊ ခြေထောက်တွေလည်း မဖြတ်။

"ဖြစ်ရလေ ကိုချစ် ရယ် .. သား ဗိုက်ဆာလို့လား"

အချိန်က မိုးချုပ်နေပြီမို့ ထမင်းချက်ဖို့ ဟင်းချက်ဖို့ပြင်နေသည့် ကလေးရဲ့ရင်ထဲကို နားလည်သွားမိသည်။

ကိုချစ် ကတော့ ကလေးပေမယ့် ဆာနေတာကို ဝန်ခံချင်ပုံမပေါ်။

"မဟုတ်ဘူး အန်တီရဲ့ .. သားက လုပ်ကြည့်ချင်လို့ပါ"

"ဒါက စမ်းလုပ်ကြည့်ကောင်းတဲ့အရာ မဟုတ်ဘူး ကိုချစ်၊ မီးဆိုတာ မသုံးတတ်ရင် ရန်သူပဲ၊ ခုနကလို အိုးအရမ်းတူးနေတုန်း မီးဝင်တောက်တတ်တယ်၊ လူကြီးတောင်မှ မီးကိုကြောက်ပြီး ပျာယာခတ်သွားတတ်တယ်၊ တချို့ဆို ကြောင်ပြီး ဒီတိုင်းကြည့်နေတာ၊ တချို့ကျ





တော့ ထားခဲ့ပြီး ထွက် ပြေးတယ် .. ကလေးဆိုရင်တော့ မပြောနဲ့တော့ပဲ၊ အဲဒီတော့ မီးကို မပေါ့ဆရဘူး၊ ကလေးက မီးကိုကိုင်ရင် အန္တရာယ်က ကိုးဆယ့်ကိုးရာနှုန်း ရှိနေတာ"

"သား အန်တီ့ဆီ ယူလာမလို့ပါ၊ အန်တီက သား စာကလေးပစ်တာကို ဆူမှာစိုးလို့"

သနားသည့်စိတ်လေးနှင့် ကိုချစ် ခေါင်းလေးကို အသာလေး ဖိပွတ်လိုက်မိသည်။ ဆယ်နှစ်မပြည့်သေးသည့်ကလေးပေမယ့် ရဲတင်းသည်လို့ ထ ရသော်လည်း ကိုချစ် က ကျွေးတိုင်း မစားရှာပါ..။

တကယ်ဟန်မဆောင်နိုင်အောင် ဆာနေမှ စားသည်။ ခေါ်မကျွေးဘဲ စားသောက်ချိန်မှာ ရစ်ဝဲနေတာမျိုးလည်း မရှိတတ်ခဲ့ပေ။

ကလေးမျက်နှာကြည့်ကာ တစ်ချိန်လုံး သံသယတွေနှင့် မနှစ်မြို့စိတ်တွေထားခဲ့မိသမျှ အားလုံး ပျောက်ရှသွားခဲ့၏။

သနားစဖွယ်ရှိနေသည့် ကလေးက ဖအေနဲ့မဆိုင်သလို၊ ဖအေအချိုးမပြေတိုင်း စေတနာမရှိဖြစ်ခဲ့ရတာလည်း သားဖြစ်တဲ့ကလေးနဲ့ သက်ဆိုင်သင့်သလား ..၊

ဖြစ်ပေါ်လာသည့်စေတနာကို ဆက်လက်မွေးမြူဖို့ပဲ ဆုံးဖြတ်ကာ ကိုချစ် လက်လေးကိုဆွဲ၍ သက် ဒီဘက်ပြန်ကူးလာခဲ့သည်။ ပြီးတော့ ထမင်းစားဖို့ ပြင်ဆင်ပေးလိုက်ရင်း ...

"ညီမလေးနဲ့ ထမင်းတူတူစားလိုက်တော့၊ နောက်နေ့တွေလည်း အနားမှာ ဖေကြီး မရှိတဲ့အချိန် အန်တီတို့ ထမင်းစားနေရင် လာစားရမယ်နော်၊ အဲဒီအတွက် မင်းအဖေ ဘာမှမပြောစေရဘူး"

"ဟုတ်"

ပျော်သွားသည့် ကိုချစ် မျက်နှာလေးက သနားစရာ ..၊

"ပြီးတော့ အန်တီနဲ့ရှိနေတဲ့အချိန်တွေမှာ အန်တီပြောတဲ့စကားကို နားထောင်ရမယ်၊ မတော်လို့ တားဆီးရင် နားထောင်ပြီး နေရ



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်လိုက်တာမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

ဒီကလေးကို အစစအရာရာအတွက် လိုအပ်နေတာလေးတွေကို သင်ပြပေးဖို့ ဆုံးဖြတ်လိုက်မိသည်။ မိဘကို ပြန်လှန်မေးခွန်းထုတ်တာတွေ၊ တစ်ခွန်းမကျန် တုံ့ပြန်ပြောတတ်တာတွေ ..၊

ပြီးတော့ ခုလိုမျိုး သူများအသက်ကိုသတ်ဖို့အတွက် လက်ယဉ်နေတာတွေ ..၊

"ကိုကိုချစ် .. ဟိုကောင် .. ဘယ်ရောက်နေလဲ"

တွေးနေတုန်း ကြားလိုက်ရသည့်အသံက သာယာနာပျော်ဖွယ်မရှိ။ ဖအေကိုက ဒီလိုကြမ်းတမ်းနေတာ၊ သားက ဘယ်လိုလုပ်ပြီး ထူးခြား လိမ္မာပါ့မလဲ ..။

"ဖေကြီးရေ .. သား ဒီဘက်မှာ"

"ဟုတ်လား .. ဒီမှာ မင်းအတွက် ပဲပြားမြေအိုးနဲ့ မနော အတွက်လည်း ဘာဂါ ဝယ်လာတယ်၊ မနော ကိုပါ ခေါ်ခဲ့"

စကားပြောရင်း အထဲဝင်သွားတာဖြစ်ကာ အသံသည် နောက်ဖေးခန်းမှာ တိတ်ကျသွားခဲ့ပြီး ...

"ဟာ ... ဘာတွေလုပ်ထားတာလဲ၊ ဒယ်အိုးထဲမှာ ဘာကောင်ကြီးလဲ .. ဟား!... ချစ်ကိုကိုချစ် .."

ဒယ်အိုးအသစ်က မည်းသည်းနေကာ အထဲမှာလည်း ဘာကောင်သေနေမှန်းမသိတော့ ရေခါး ပြူးပြဲငုံ့ကြည့်၍ အသံကုန်အော်သည်။

ထို့နောက် ကိုချစ် အသံ လုံးဝတိတ်နေသဖြင့် သူပဲ နောက်ဖေးကနေ တလွှားလွှား ကူးသွားခဲ့ပြီး ...

"ကိုကိုချစ်"

"ကလေး ထမင်းစားနေတာကို ဖြောင့်ဖြောင့်စားပါစေ"

"ထမင်းက ဘာဖြစ်လို့ဝင်စားနေတာလဲ၊ ငါ အချိန်မီပြန်လာတာ





ပဲဟာ၊ ပြီးတော့ ဟိုဘက်မှာ ဘာတွေကြော်လှော်ထားတာလဲ"

ကိုချစ် က ထမင်းစားနေရင်း ပြုံးတော့မလို၊ မဲ့တော့မလိုနှင့် မော့လာကာ ...

"မာလကာပင်ပေါ်က စာကလေးနှစ်ကောင် သား ဗစ်ချလိုက်လို့ ကျလာတာနဲ့ ..."

"ဟား!... မင်းကွာ ..၊ အလုပ်အကိုင်က မကောင်းရတဲ့အထဲ အိမ်ကနေ အကုသိုလ်တွေ ရှာဖွေနေတယ်၊ မင်းကို အဲဒါ ပစ်၊ အဲဒီလို ကြော်စားရတယ်လို့ ဘယ်သူ ပြောထားသလဲ"

"ရှင် မပြောခဲ့ဘူးဆိုရင်တော့ ကလေးကို သူ့ဗိုက်က ခိုင်းနေတာပဲ ဖြစ်မှာပေါ့၊ တစ်နေကုန် ဆော့နေတဲ့ကလေး အချိန်တန်ရင် ဆာမှာပဲလေ"

"ဟ .. ဆာတာကို ငါက မကျွေးဘဲထားလို့လား"

ကလေး ထမင်းစားပျက်သွားတာကိုကြည့်ကာ သက် စိတ်တိုသွားသည်။ ထို့ကြောင့် ကလေးမန်းကန်ထဲကို ဟင်းထည့်ပုံပေးလိုက်ရင်း ...

"မနက်ထမင်း၊ ညထမင်း တစ်နေ့ နှစ်နပ်စားနေတာပေမယ့် စားတဲ့အချိန်မမှန်တော့ ဆာတဲ့အချိန်လည်း မမှန်တော့ဘူးပေါ့၊ ရှင်ရော ညနေ ပုံမှန် ပြန်ကျွေးနိုင်သလား"

"မင်းလိုမိန်းမနဲ့တော့ တူမလား ခါးသက်ချို၊ ငါက ယောကျ်ားလေး"

"ယောကျ်ားလေးလည်း ရှင်က ကလေးအဖေ၊ ခေါင်းဆောင်ဆိုတာ ခေါင်းဆောင်ပီသဖို့ ကြိုးစားရမှာပဲ၊ သူ့မှာ အမေမရှိလို့ ထမင်း အချိန်မှန် မစားရဘူးဆိုတာ သဘာဝမကျသလိုလိုရှိပေမယ့် တစ်ရက်တည်း တစ်လတည်းမှ မဟုတ်တာ၊ ကလေးကို ရှင် ဒီတိုင်း ဘယ်လောက်ထိ ထားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာပြောချင်တာလဲ၊ ဆက်ပြော .."

"တတ်နိုင်သလောက် ချက်ပြုတ်ကျွေးမွေးဖို့ပေါ့၊ မနက် မထွက်ခင်ဖြစ်ဖြစ်၊ ညတည်းကဖြစ်ဖြစ် ကလေး ဆာရင် ပြေးဖွင့်စရာ ထမင်းဟင်းတော့ ချက်ထားခဲ့သင့်တယ်၊ ဆီပြန်ခြောက်ခြောက် ဒါမှမဟုတ် ငါးခြောက်ငါးခြမ်းလေး ကြော်လှော်ထားရင် ..."

"ငါ ဘာမှမလုပ်တတ်ဘူး"

"ကလေးအဖေဖြစ်နေကာမှတော့ သူ့အတွက် ရှင် ဖြစ်နိုင်အောင် ကြိုးစားရမှာပဲ"

"ဒါဆို မင်း ချက်ပေးမလား၊ အစီအစဉ်ကို မင်း ပြောကဲ့အတိုင်း ဖြစ်စေရမယ်"

တံခါးဝကနေ အထဲမဝင်ဘဲ အကျအန ခါးထောက်၍ သူက ပြန်မေးနေသေးသည်။ ထမင်းစားနေကြသည့် ကလေးနှစ်ယောက်မျက်နှာကလည်း သက် ကို မျှော်လင့်တကြီး မော့ကြည့်လိုက်ကြကာ နှုတ်ခမ်းလေးတွေ တလှုပ်လှုပ်ဝါးနေကြတာတောင် ရပ်တန့်ကုန်ကြ၏။

သက် ကလည်း ကလေးကို ကျွေးမွေးချင်သည့် စေတနာတွေဖြစ်နေခဲ့ပါပြီ။ ဒါပေမယ့် ကိုယ်ကချည်းပဲ စေတနာတွေ ပုံးပေါလအောပေးနေတာမျိုးဆို သိပ်မဖွယ်ရာဘူးထင်လို့ ပြောသင့်တာကို ပြောနေရတာပဲ ဖြစ်သည်။ ထို့ပြင် ...

"ဟော့ .. ပြောလေ၊ မင်းပြောတာကို ငါ လက်ခံပေးမယ်၊ တကယ်ကို ဘာမှမလုပ်တတ်ဘူး၊ ရှေ့ဆက်ပြီး မင်းပဲ အမြင်မတော် ကျွေးနေရတာတွေ များလာမှာလည်း သေချာတော့ ငါပြောတာကို စဉ်းစားသင့်တယ်မို့လား"

သက် က ခေါင်းညိတ်ကာ ...

"စဉ်းစားမယ်လေ .. ရှင်ပြောတဲ့ မင်းရဲ့အစီအစဉ်အတိုင်းဆိုတာ ဘာလဲ .."





"စားသောက်ရေးအတွက်ပါ၊ ငွေကြေးကိစ္စ .."

"ဟုတ်ပြီလေ.. နှစ်ခုရှိတာက ကျွန်မ လက်ခံဖြစ်ရင်တောင် ရှင့်အတွက် မပါဘူး"

သူ့မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ကျုံ့သွားသည်။ ဒါပေမယ့် ...

"ဆက်ပြော .. နှစ်ခုဆိုတော့ နောက်တစ်ခု .."

"နောက်တစ်ခုက အဲဒီအတွက် ဘယ်လောက် အပန်းကြီးလဲဆိုတာ တကယ်လုပ်ကြည့်မှ သိမှာဆိုတော့ လောလောဆယ် ငွေကြေးနဲ့ မဟုတ်ဘဲ သဘောတူညီမှုတစ်ခုခုနဲ့ အရင် အလဲအလှယ် လုပ်ထားမယ်"

ရေခါး က ဘာမှမပြောဘဲ စိုက်ကြည့်နေသည်။

"ရှင် ဘယ်လိုလဲ"

"မင်းပဲ ပြောပါ"

"အင်း .. ဟိုတစ်ခါ ကျွန်မ ပြောဖူးတဲ့ ရှင် ကျွန်မကို သင်ပေးပါဆိုတဲ့ကိစ္စ ရှင် သဘောတူရင်ပေါ့"

တော်တော်လည်တဲ့ ခါးသက်ချို ..၊

ရေခါး နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြတ်ပြေး၏။ ငွေရေးကြေးရေး မလိုပါဘူးဆိုတာမျိုးလည်း မဟုတ်ဘဲ ခုလည်း သူမကို ကျွန်ပျူတာ သင်ပေးရဦးမည်၊ နောက်လည်း ပိုက်ဆံကိစ္စက ပါလာဦးမည်။

တော်တော်နံ့ရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၄]

"ကိုကို စားလေ"

"ညီမလေး စားပါ"

"ကိုကို စားပါ၊ ကိုကိုက ငါးခြောက်မှမကြိုက်တာ၊ ညီမလေးက ငါးခြောက်နဲ့ စားမှာပေါ့"

"ကိုကိုလည်း စားတာပဲဟာ၊ ရော့ ..."

ပုဇွန်ကြော်လေးတွေ အတူတူထည့်ပုံပေးကာ ငါးခြောက်ကြော်ကိုတော့ ပန်းကန်ထဲမှာ ခပ်ထည့်ပေးထားသည်။ ပြီးတော့ ဘူးသီးဟင်းကျဲလေးနှင့် ...၊

မနော က ပုဇွန်ဟင်းကို လက်လေးနဲ့သဲ့ယူပြီး ကိုချစ် ထမင်းပန်းကန်ထဲ ထည့်ပေး၏။ ကိုချစ် က ပြန်ယူပြီး မနော ပန်းကန်ထဲထည့်ပေးရင်း ပုဇွန်ဟင်းက ထမင်းပန်းကန်နှစ်ချပ်ထဲမှာ ကူးလူး ပျော်ပါးနေ၏။

မနော ရဲ့ ကျောင်းစိမ်းဂါဝန်အပြာလေး ပြန်ချုပ်နေရင်း အသံတွေကြားနေရသဖြင့် လှည့်ကြည့်မိသည်။ ပြီးတော့ သက် တစ်ယောက်တည်း ပြုံးလိုက်မိ၏။





ကိုချစ် က ဖအေကို ရင်းနှီးလွန်းကာ သူငယ်ချင်းပုံစံ ပြောဆိုဆက်ဆံနေသဖြင့် မရိုသေတတ်သူလို့ ထင်ရပေမယ့် စရိုက်ဆိုးလေး မဟုတ်ပေ။

သက် ဆီမှာ ပို၍ရင်းနှီးလာလေ သက် ပြောသမျှကို နာခံတတ်လာလေမို့ ချစ်ဖို့လည်း ကောင်းလာ၏။ ထို့ပြင် ...

သမီးလေးအတွက် အစ်ကိုရင်းတစ်ယောက်လို စိတ်ချထားလို့ရသောကြောင့် ပိုတုန်းက ကိုချစ် နဲ့ ဘာမှမဆိုင်တော့သလိုပင်။

"ခါးသက်"

စိတ်ကူးလေးတွေနဲ့ ပြုံးနေမိစဉ် အိမ်ရှေ့ကခေါ်သံကြောင့် သက် ခေါင်းထောင်သွား၏။ ထိုအသံကို သူမ သိသည်။

"ခါးသက်"

နောက်ထပ်ခေါ်သံက ပိုနီးလာကာ သက် နေရာမှထရပ်လိုက်တာနှင့် အထဲနဲ့အပြင် မျက်နှာချင်းဆိုင် လှမ်းမြင်သွားကြသည်။

"တော်သေးတာပေါ့ .. ခေါ်သာခေါ်ရတယ် အိမ်မှားနေမှာစိုးလို့"

"နင် ငါ့အိမ်ကို ဘယ်လိုလုပ်သိလဲ အောင်ဦး"

အောင်ဦး က မဖြေသေးဘဲ အိမ်ပေါ်တက်လာပြီး သင်ဖြူးပေါ်မှာ တင်ပလ္လင်ခွေ ထိုင်ချလိုက်ကာ ...

"နင်က မတွေ့အောင် တမင်ပုန်းနေတဲ့သူမှ မဟုတ်တာ၊ မေးလိုက်တာနဲ့ တန်းသိတာပေါ့"

တမင်ပုန်းနေတာ မဟုတ်ပေမယ့် ကိုယ့်ကို နှင်ချလွှတ်လိုက်တဲ့ ဒေါ်မြနွယ် ရဲ့မေတ္တာထားပုံကိုတော့ တစ်သက်စာ မေ့လို့ရမှာ မဟုတ်ပါ။

အောင်ဦး တို့ဆိုတာလည်း ကိုယ့်ပေါ် ကူညီရိုင်းပင်းလိုစိတ်နှင့် ဆက်ဆံမပျက်နေကြတာ မဟုတ်ပေ၊ ကိုယ့်ရှေ့ရောက်လာသမျှက သူတို့သောကနဲ့ သူတို့...၊



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မလေးက နင့်တူမဆိုတာ .."

"ဟုတ်တယ်"

ခေါင်းညိတ်လိုက်ရပေမယ့် အောင့်သက်သက်နှင့် ..။

ကိုယ့်တူမတော်သလို သူတို့နဲ့လည်း တူမတော်တာပဲဖြစ်သည်။ မနော ကို ခေါ်လာတုန်းကလည်း သူတို့နဲ့ မတွေ့လိုက်သေးမီ အိမ်ပေါ်က ဆင်းလာခဲ့ရသလို ဒီလောက်ထိ မရင်းနှီးခဲ့သည့် ဆွေမျိုးတွေဆိုတာကို စကားပြောလေ နားလည်လာလေ ..။

ဒါကြောင့်လည်း ဒေါ်မြနွယ် စိမ်းကားပြတ်သားခဲ့တာ ဖြစ်လိမ့်မည်။ သူမကတော့ ..။

"နင့်ဆီရောက်လာတာ ကောင်မလေးတစ်ယောက်တည်းမို့လားဘာဖြစ်လို့ နှစ်ယောက်ဖြစ်နေတာလဲ"

"ဘယ်နှစ်ယောက်ဖြစ်ဖြစ်ပေါ့ အောင်ဦး ရယ် .. အခု နင် လာတာ ကိစ္စရှိလို့လား၊ ဟိုတစ်ခေါက်ကလိုတော့ ငါ့ကို ပြဿနာအထုပ်လိုက်မပေးနဲ့"

"ဘာ!..."

"နင်တို့ညီအစ်ကို ဗရမ်းဗတာလုပ်သွားတာ ငါ့ကို တခြားလူတွေဘယ်လိုထင်သွားသလဲ သိလား"

"ဘယ်လိုထင်ထင်ပေါ့ဟာ .. မောင်နှမတွေပဲဟာ"

"မောင်နှမတွေပါလို့ ငါလည်း လိုက်ရှင်းမပြနိုင်ဘူးလေ၊ သူတို့ကလည်း ဘာတော်ကြသလဲလို့ မေးကြတာမှမဟုတ်တာ"

"အဲဒါ ပြီးတာပဲ ခါးသက် ရာ .. ကိုယ့်အကြောင်းနဲ့ကိုယ် .."

"ငါ့အကြောင်း ဘာမှမပါဘူး၊ နင်တို့အကြောင်းတွေချည်းပဲ၊ ကဲ ပြော .. ခု ဘာလဲ"

ဒေါသမကင်းဖြစ်လာသည့်အသံက ချိုသာမှုလည်း နည်းပါးလေ၏။ အောင်ဦး ကလည်း သူ့ပြဿနာသာ အဓိကမို့ သက် ပြောသွ





တာတွေကို ဂရုမစိုက်ဘဲ ...

"ငါနဲ့ အငယ်ကောင် ကွဲခွင်တက်ပြန်ပြီ"

"နင်တို့ အမြဲတမ်းရော တည့်ကြလို့လား"

"ဟုတ်တယ်၊ အခု ပိုဆိုးသွားတာ မင်းဥမ္မာ ကြောင့် ..."

"မင်းဥမ္မာ ဟုတ်လား .. နင်တို့ မပြတ်သေးဘူးလား၊ ဒါနဲ့ ဟိုတစ်ခါတုန်းက နင် သူ့ကို စိတ်ပျက်လို့ အပြတ်ဖြတ်ချင်လို့ဆို.."

"နင်ကလည်း မပေါက်လိုက်တာ ခါးသက် ရာ .. မင်း က ငါ့ကို တောက်တဲ့ကပ်သလိုကပ်နေတာ မသိဘူးလား"

"သိတယ်လေ .. ဒါပေမယ့် နင်က တကယ်မချစ်ဘူးဆို"

မင်းဥမ္မာ ကို လင်းထူး က တစ်ဖက်သတ် ကြိတ်ချစ်နေပြီး အမြဲတမ်း အလိုလိုက် သည်းခံသည်။ သူငယ်ချင်းအဖြစ်က အဆင့်ကိုတက်ဖို့ အထိလည်း မမျှော်လင့်ရဲရှာ ..။

အထူးသဖြင့် အစ်ကိုဖြစ်တဲ့သူကို သူမ ကြိုက်နေမှန်းသိနေသည်မို့ ဖွင့်မပြောတော့ဖို့ ဆုံးဖြတ်ခဲ့တာလည်း ဖြစ်နိုင်သည်။

ဒါပေမယ့် အောင်ဦး ကတော့ သူ တန်ဖိုးထားသည့် မင်းဥမ္မာ ကို တစ်စက်မှ အလေးမထားခဲ့ပေ။

ညီအစ်ကိုနှစ်ယောက်၏ မသင့်မြတ်ခြင်းက ထိုမှစခဲ့တာ ဖြစ်သည်။ ဟိုတစ်ခါ စားသောက်ဆိုင်ထဲမှာတုန်းက ဖြစ်ကြတာလည်း အောင်ဦး က မင်းဥမ္မာ ကို အဆက်ဖြတ်မည်၊ အပြတ်ပြောမည်ဆိုပြီး သူမ အထင်လွဲအောင် ဘေးမှာ ခဏလေးနေပေးဖို့ အတင်းဆွဲခေါ်တာ ဖြစ်သည်။

မောင်နှမ ဖြစ်နေကြသည့်အတွက် မဖြစ်နိုင်ဘာလို ဆွေမျိုးဆက်အရမ်းဝေးတဲ့သူတွေမို့ ပိုပြီး မဖွယ်ရာပေ။ ထို့ကြောင့် သက် က ခေါင်းခါနေတာ ဖြစ်၏။

လင်းထူး ကတော့ သူချစ်တဲ့မိန်းကလေးကို စိတ်သောကရောက်



www.burmeseclassic.com

www.burmeseclassic.com



စေချင်သည့်စေတနာနှင့် အောင်ဦး အရွဲ့တိုက်ပြမှာကို တားဆီးနေတဲ့ သူ ..။ ခု ထပ်ပြီး ဘာဖြစ်ကြပြန်ပြီလဲ။ သူမက ဘယ်အခန်းက ထွက်လာ ပါနေရဦးမှာလဲ ..၊

"ဒုန်း .."

"ဂလွမ် .."

ကလေးနှစ်ယောက်က ထမင်းစားပြီးလို့ နောက်ဖေးမှာ ဆော့ဖို့ ဆင်းသွားကြပြီ ဖြစ်သည်။ အောင်ဦး နဲ့ သက် တို့ ဟိုဘက်အခန်းက ပြိုလဲသံတွေကြောင့် ရုတ်တရက် နားစွင့်မိပြီးသား ဖြစ်သွားကြ၏။

ဒီနေ့ ရုံးပိတ်ရက်မို့ ဒီဘက်မှာ သူမတို့ အေးဆေးနေပေမယ့် ဟိုဘက်မှာ လူရှိနေမှန်းတော့ သက် ကိုယ်တိုင် ခုမှသိတာ ဖြစ်၏။

ပိတ်ရက် ဟုတ်ဟုတ်မဟုတ်ဟုတ် အလုပ်ရှိသည်ဖြစ်စေ၊ မရှိ သည်ဖြစ်စေ ရေခါး အိမ်ကပ်သည့်ရက်က လက်ချိုးရေလို့ ရနိုင်၏။

ဒီနေ့လည်း သူ ထွက်သွားတာတော့ သေချာသည်။ ပြန်ဝင်နေ လိုက်တာကို မမြင်။

ရေခါး ကတော့ မှောက်လို့လှန်လို့ကောင်းနေတုန်းဖြစ်ကာ ခြေ ထောက်အဆန့်မှာ ခြေရင်းက ခွေးခြေပုလေးကို ကန်မိသွား၏။

ခွေးခြေပေါ်တင်ထားသည့် ခတ်မီးအိမ်လေးပါ လဲကျသွားကာ ကြမ်းပေါ်ကပစ္စည်းတချို့နှင့် ဆက်လက်တိုက်ခိုက်ပြီး သံစုံမြည်သွား ခြင်း ဖြစ်သည်။

အိပ်ကောင်းကောင်းနှင့် နားထဲမှာ အသံတွေစူးသွားတာတောင် မျက်လုံးက ဖွင့်မရချင်။ အိပ်ခန်းက ကျဉ်းတော့ သူ့အရပ်ကြီးနဲ့က အဆင်မပြေ။

ညှိခန်း အိပ်ခန်းအပြင် ခြေရင်းမှာ လှူသွားလမ်း ထားရသော သည်။ ဟိုသယ်ဒီသယ် လုပ်နေတတ်သည့် ပစ္စည်းတစ်ခုတလေကို ခုလိုမျိုး မလွှတ်မလပ်ချထားမိတော့ သံစုံမြည်၏။





အိပ်ချင်မူးတူးနှင့် လဲပြိုသွားတာတော့ကို လှမ်းကြည့်ကာ ကိုချစ် ဘယ်ရောက်နေလဲဆိုတာ တစ်ချက်တော့ နားစွင့်ကြည့်လိုက်သေး သည်။ အသံပျောက်နေကတည်းက ဟိုဘက်မှာပဲဆိုတာ သိလိုက် သဖြင့် နေရာပြင်ကာ ပြန်အိပ်မလို့ ကြိုးစားအားထုတ်နေဆဲ ...

"ဘာ .. ဘာပြောတယ် အောင်ဦး၊ ကိုယ်ဝန်ရှိနေတာကို နင် .. နင်က တာဝန်မယူနိုင်ဘူး ဟုတ်လား"

"ကျွတ် .. ဖြစ်ပြီဟာ၊ ငါပြောတာကို ဆုံးအောင် နားထောင် စမ်းပါ"

"အို!... မထောင်နိုင်ပါဘူး၊ နင် ယောကျ်ား မဟုတ်ဘူးလား၊ ကိုယ် ကျူးလွန်ခဲ့တာ ကိုယ်ပဲ တာဝန်ယူရဲရမှာပေါ့"

"မဖြစ်နိုင်ဘူး ခါးသက် .. ငါ မချစ်ဘဲနဲ့ နှစ်ဦးနှစ်ဖက် အနေ အထိုင် မှားကြတာ၊ အဲဒါ ငါ့မှာပဲ အပြစ်ရှိတာ မဟုတ်ဘူး"

"ဘာ .. ပြောတယ်"

သက် ရဲ့ဒေါသသံက နားစည်ကို တင်းပုတ်နဲ့ ထုလိုက်တဲ့ အတိုင်း..၊ လေးလံနေသည့် ရေခါး မျက်လုံးတွေပြူးသွား၏။ ဘာ ပြဿနာကြီးလဲ ..။

"ငါသွားမယ်"

"နေဦး .. အဲဒီကိစ္စ ..."

"မပြောချင်တော့ဘူး၊ နင့်ကိုပြောနေလေ ညစ်ရလေဖြစ်မှာပဲ၊ ဒီကိုယ်ဝန်ကိစ္စ ငါ့တာဝန်မဟုတ်တဲ့အကြောင်း ပြောပြီးသား၊ အငယ် ကောင် ရှိတယ်"

"အောင်ဦး .. နင် ဒီလိုမလုပ်နဲ့ သိလား"

"တော်ပါပြီ မယ်မင်းကြီးမ၊ ဖယ်ပါ"

ဆင်းထွက်သွားသည့်ခြေသံ ကြားတော့ ရေခါး ငုတ်တုတ်ထိုင် လိုက်ပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက် .."

သက် ရဲ့ ကြိတ်မနိုင်ခဲမရ တက်ခေါက်သံ ..၊

"အယုတ်တမာကောင် .."

လို့ ဆက်လက်ကျိန်ဆဲ၏။ ကိုယ့်နားကိုယ်ပြန်ကိုင်ပြီး နင်ကြား တာ ဟုတ်ရဲ့လားလို့ မေးရတော့မလိုလို ..၊

ဟိုတစ်ခါ ဗရုတ်သုတ်ခ မြင်လိုက်တုန်းကလည်း သူမထံမှ မဟုတ်ဘူးလို့ ငြင်းလိုက်ကတည်းက ဘာမှဟော့ မပြည့်စုံပေမယ့် သူ ယုံကြည်ခဲ့သည်။

ခါးသက်ချို ရဲ့ တင်းတင်းစေ့နေတတ်တဲ့ နှုတ်ခမ်းပါးလေးနဲ့ ညိုလဲ့တောက်ပနေသည့်မျက်ဝန်းညိုလေးတွေက သိပ်မလှသည့် သူမ မျက်နှာလေးပေါ်မှာ ချစ်စရာပုံစံလေး ဖြစ်နေသည်။

အလှအပ တရားလွန်ပြင်ဆင်ခြင်းမရှိဘဲ တူမလေးတစ်ယောက် နဲ့ စားဝတ်နေရေးအတွက်သာ လုံးပမ်းနေရှာတာမြင်ရတော့ သူမကို သန့်စင်သူလေးအဖြစ် အမှတ်ပြည့်ပေးပြီးသားပါ။

ဒီစကားတွေက ဘာလဲ ..၊

ကိုယ်ဝန်ဆောင်ထားရတဲ့သူက ဘယ်သူလဲ ..၊

ပြဿနာအကြီးကြီးတစ်ခု အထင်အရှားရှိနေတာတော့ သေချာ၏။





အခန်း [ ၂၅ ]

"တီတီ .. ကိုကိုပါရင် ကောင်းမှာပဲနော်"

"ဩော် .. သူလည်း ကျန်ခဲ့တာမှ မဟုတ်ဘဲ သမီးရယ် .. သူ့ အဖေနဲ့ လိုက်သွားတဲ့ဟာပဲ"

"ဟုတ်တယ် .. ကိုကိုလည်း လျှောက်လည်မှာ ထင်တယ်နော် တီတီ၊ အကျီအသစ်တွေဝတ်ပြီး ကိုကို အရမ်းပျော်နေတာ သိလား"

"အဲဒါကြောင့် ပြောတာ၊ သမီးလည်း သတိရမနေနဲ့တော့၊ ပန်းအိမ်ကလေးပေါ် တက်မလား .. ကြိုးဖလှကားလေးနဲ့"

"ဟုတ် .."

"တီတီ အောက်မှာပဲ ထိုင်နေမယ်နော်၊ မီးလေး ကြိုက်သလို ဆော့ .."

ကလေးဆိုတော့ သတိရလည်း ခဏ၊ ငိုနေလည်း ခဏ၊

ကလေးတွေ စုရုံးလုံးထွေးနေကြသည့်ထဲမှာ သမီးလေးက ပျော်သွားလိုက်၊ ပေါ်လာလိုက် ..။ ပန်းနုရောင်ဂါဝန်လေး တဝေ့ဝေ့ နှင့် ခေါင်းစည်းကွင်းလေးတွေနဲ့ ကြက်တောင်စည်းထားသည် ဆံပင် တိုလေးတွေက ထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မနော က လူလုံးပျောက်သွားလဲ ခဏပဲဖြစ်ကာ အားလုံးထဲမှာ ထင်းနေ၏။

သက် ဟိုနားရပ်လိုက်၊ ညောင်းတော့ ထိုင်စရာရှာပြီး ထိုင်လိုက်နှင့် ကလေး လှမ်းမြင်နိုင်သည့် အကွာအဝေးထဲမှာပေမယ့် နည်းနည်းတော့ အလှမ်းကွာသွား၏။

ထိုစဉ် မျက်လုံးတွေက ဘေးကဖြတ်သွားသည့် ကားထဲကို လှမ်းကြည့်မိလျက်သား ဖြစ်ကာ ...

“ကိုချစ် ပါလား”

လက်တောက် ကြွားရွားနေသည့် ကားအကောင်းစားကြီးပေါ်မှာ ကိုချစ် နှင့် အမျိုးသမီးတစ်ယောက်..၊ ရေစပ်က ဆိုင်တစ်ဆိုင်ရှေ့မှာ ကားရပ်သွားကာ နှစ်ယောက်စလုံး ဆင်း၏။

ကိုချစ် က အိမ်ကထွက်သွားသည့်ပုံစံအတိုင်းပဲ ဖြစ်လျက် အမျိုးသမီးက အသက် သုံးဆယ်နီးပါးလောက် ရှိနိုင်၏။

ရွှန်းတောက်နေသည့် နက်ပြာရောင် ယော်ဆင်ကို မရိုင်းမယဉ်လေး ဝတ်ထားသည်။ ပခုံးလောက်ပဲရှိသည့် ဆံပင်အဖြောင့်က ဘေးခွဲဖြစ်လျက် မျက်နှာတစ်ခြမ်းပေါ် ခပ်ဝဲဝဲ ပြိုဆင်းနေသောကြောင့် နုပျို လှပခြင်းတွေ အပြည့် ...။

ကိုယ်လုံး အနည်းငယ်ဝသလို ထင်ရပေမယ့် ဟိုတုန်းကဆိုရင်တော့ တောင့်တောင့်ဖြောင့်ဖြောင့်နှင့် မြင်သူ ဘဝင်ဖိုစေသည့် ကိုယ်လုံးမျိုး ဖြစ်သည်။

“သားသားရယ် .. ကိုယ့်မအေကိုတောင် သတိတရ လာမေး တွေ့မယ် မရှိဘူး၊ ရေခါး ကို အဲ့ဒီလောက်တောင် ချစ်တယ် ဟုတ်လား ..”

သက် စိတ်နောက်ကိုယ်ပါ ကားရပ်ထားတဲ့နားကို မယောင်မလည် လျှောက်လိုက်သွားသဖြင့် အမျိုးသမီးရဲ့အသံကို ပီပြင်စွာ





ကြားလိုက်ရ၏။

“မေမေကလည်း ဖေကြီးက သားကို အရမ်း အလိုလိုက်တာ”

“အဲ့ဒါကြောင့် မေမေ စိတ်မချတာ၊ ပြောတော့ တစ်မျိုး၊ ပြီးတော့ ထင်သလိုနေတာ .. မာမီတို့ကို အဲဒီကိစ္စ လှမ်းတိုင်မှ ဖြစ်တော့မယ်”

“ဟာ!... မေမေကလည်း .. မေမေလည်း မအားဘဲနဲ့ သား ဖေကြီးနဲ့ပဲ နေချင်တယ်”

သားအမိနှစ်ယောက် ကားနဲ့ ကွယ်ရပ်ထဲကနေ ဆိုင်ဝင်းထဲ လျှောက်ဝင်သွားသဖြင့် သက် ခြေလှမ်းသွက်သွက်နှင့် ပြန်ဆုတ်ခဲ့ရသည်။ သူတို့ထိုင်ပြီးမှဆို ဒီကားအကွယ်ကနေ ပြန်လစ်ထွက်ဖို့ လွယ်မှာ မဟုတ် ..၊

“တီတီက ဘယ်သွားနေတာလဲ”

“ဟင်!... မကစားတော့ဘူးလား သမီး”

“ကစားတယ်လေ .. မီးမီး လှမ်းကြည့်လိုက်တော့ တီတီ့ကို မမြင်ရတော့ဘူး၊ အဲဒါကြောင့် ပြန်ဆင်းလာတာ”

“ဩော် .. ကဲ .. ကဲ .. ချော ပစီးရသေးဘူးမို့လား သွားစီးသွား ..၊ တီတီ ဒီနားမှာပဲ ရှိနေမယ်၊ လှမ်းကြည့်လို့ မမြင်လည်း မကြောက်နဲ့၊ သမီး ဆော့နေတဲ့နားကို တီတီ လာခေါ်မှာ ..”

ကလေးက အားတက်သရော ပြန်လှည့်ပြေးသွားသည်။ သက် လက်လေးပိုက်၍ သက်ပြင်းချမိ၏။ လူက ဘယ်မှပြန်ထွက်မသွားတော့သော်လည်း စိတ်က မြင်နေရသည့်ကားကြီးဆီ ရောက်သွားပြန်သည်။

ကိုချစ် မှာ အမေ ရှိနေသေးသည်။ ဒါကို ဘာဖြစ်လို့ အမေ မရှိတော့ဘူးလို့ ပြောခဲ့တာလဲ ..၊ ရေခါး ကိုယ်တိုင် သူ့ကိုယ်သူ နှိုင်းဖို့ လိုလို ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကလေးမိခင်က ဒီလောက်ချမ်းသာနေတာကို ကလေးကို မိခင်နဲ့မထားဘဲ ဆင်းရဲတွင်းထဲ ခေါ်သွင်းထားသည်။ ဂရုတစိုက် ယုယကြင်နာတာလည်း မဟုတ် ..။

ဒီလူ ဘာတွေနာကြည်းပြီး ဘာတွေ လျှို့ဝှက်နေတာလဲ ..၊ သူ့ပုံစံကြည့်ရသမျှမှာလည်း တစ်ခုခုကို နာကြည်းမုန်းတီးနေသည့် လေးနက်သည့်ခံစားမှုမျိုး ဘယ်အချိန်၊ ဘယ်နေရာမှာမှ မတွေ့ ..။

သားကို လက်ဆွဲပြီး ဆင်းရဲပင်ပန်းစွာ ရုန်းကန်နေတာကတော့ ဟုတ်သလိုလိုရှိပေမယ့် ဘာတစ်ခုမှ မလေးနက်ခဲ့သော ရေခါး နေထိုင်ပုံတွေကို ဘယ်လိုမှကို နားမလည်နိုင်..။

သူမပဲ အမြင်မှား အကြားမှားလေသလား ..၊ နှစ်ယောက်စလုံး ချောမောပြည့်စုံကြသည့်ပြင် ကိုချစ် လို သွက်လက်သည့် သားလေးလည်းရှိတော့ ဘာပဲဖြစ်ဖြစ် သူတို့လင်မယား နှစ်ပါးသွားကြဖို့တွေ ရှိလာနိုင်သည်ပဲ ..။

ကိုချစ် ကို မိခင်ရင်ခွင်မဲ့ရှာသည့်ကလေးဆိုပြီး ကရုဏာပိုခဲ့သမျှ ခုလို မိဘအစုံအလင်ရှိနေသေးတာ သိလိုက်ရတော့ ရင်ထဲမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းနှစ်ရပ်က ပြိုင်တူ ..။

ကိုချစ် အတွက် ဝမ်းသာမိသော်လည်း ဒီလို ပြည့်စုံမှုမျိုး ဘယ်တော့မှ မရနိုင်တော့သည့် သမီးလေးအတွက် ရင်နင့်မိသည်။

ကံကောင်းခြင်းဆိုတာ တောင့်တတိုင်း မရနိုင်ပါလား ..။





အခန်း [၂၆]

"ဒီနေ့ ငါ စောစောပြန်မှာနော်၊ မင်း မသိတာရှိရင် မေး .."

တကူးတကကြီး သင်ပေးနေတာ မဟုတ်ပေမယ့် သက် ကလည်း တတ်မြောက်နေပြီးသားမို့ မသိတာမေးလိုက်၊ သူက ရှင်းပြလိုက်နဲ့ပဲ သက် ပညာတွေ တော်တော်တိုးတက်နေပြီ ဖြစ်သည်။

ကံကောင်းတာတစ်ခုက သက် နဲ့သူ စားပွဲချင်း နီးကပ်နေတာပင်..။

"ရှင့်ကျတော့ စောစောပြန်ချင်လည်း ရတာပဲလား"

"စောစောဆိုတာ ပုံမှန် အလုပ်ဆင်းချိန် ပြန်မှာကို ပြောတာလေ၊ ဒီမှာက အချိန်ပိုတွေချည်း များနေတာ၊ ပုံမှန်ပြန်မယ်ဆိုရင် စောတယ်လို့ ပြောနိုင်တာပဲ"

သက် က နာရီလေး ငုံ့ကြည့်လိုက်ကာ ...

"သက် လည်း ဒီနေ့ ပြန်ရမှာပဲ၊ သူဌေးအိမ်ကို ပစ္စည်းထုပ် ဝင်ပေးခိုင်းထားလို့"

"သူဌေးအိမ်ကို ဟုတ်လား .."

"အင်း .."



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ တစ်မျိုးပြောင်းသွားသဖြင့် သက် က လှမ်းကြည့်မိသည်။ ဘာမှမပြောတော့မှ ...

"ဘာဖြစ်လို့လဲဟင်"

"ဒီကသူဌေး မင်း မြင်ဖူးလား"

"ဟင့်အင်း"

ရေခါး က လက်ပ်တော့ပ်ကို ပိတ်လိုက်ပြီး ဖိုင်တစ်အုပ်ကို ရှေ့တိုဆွဲယူလိုက်ရင်း ...

"နာမည်ရော သိလား"

"ဦးကျော်ဇော ဆို .. သူဌေးကတော်က ဂျပန်ကပြန်ရောက်တာ ဘယ်နှစ်လောက်ပဲ ရှိသေးတယ်တဲ့၊ သူတို့က ကွဲနေတာ မဟုတ်ဘဲနဲ့ အတူတူ နေကြတယ် သိပ်မရှိဘူးတဲ့"

ရေခါး က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် .. ပြီးတော့ရော"

"ဒါပဲလေ .. ဘာဖြစ်သေးလို့လဲ"

"မင်းကို အဲဒါတွေ ဘယ်သူ ပြောပြတာလဲ"

"အချင်းချင်း ပြောကြတာ ကြားတာပေါ့"

"ဒါပဲလား"

"ဟုတ်တယ်"

"သူဌေး ဘာဖြစ်လို့ ကုမ္ပဏီကို ကိုယ်တိုင်မလာတော့တာလဲဆိုတာ မပါဘူးလား"

"သူတို့တောင် ဘာဖြစ်လို့လဲ မသိဘူးလို့ ပြောနေကြသေးတယ်၊ မသိကြဘူးနေမှာပေါ့ .. ရှင် သိထားရင်လည်း ပြောလေ၊ တစ်ခုခုပြောဖို့အရေး ရှင်ကလည်း .."

စိတ်တောင် တိုသွားမိသည်။ ဒါပေမယ့် ရေခါး က မပြောခဲ့ပါ။ အတူတူ ပြန်ဖြစ်ကြတဲ့အခါကျမှ သက် ကိုင်ထားတဲ့အထုပ်ဆိုတာကို ငုံ့ကြည့်ကာ ...

"မင်း အဲဒါမျိုး ဘယ်နှစ်ခါလောက် ပို့ပေးခဲ့ရလဲ"

"ဒါနဲ့ဆိုရင် သုံးခါပဲ"

"အဲဒါလည်း သူဌေး ဦးကျော်ဇော ကို မမြင်ဖူးခဲ့ဘူးလား"

"သူဌေးကတော်နဲ့တောင် တစ်ခါပဲ တွေ့ဖူးတယ်၊ နိုင်ငံခြားမှာ နေလို့လား မသိဘူး၊ သူဌေးကတော်က နုဖတ်အိစက်ပြီး အသက်ထက် အများကြီး နုပျိုတယ်၊ ပြင်တတ်တယ် သိလား"

မိန်းမပီသစွာ အလှအပတွေကိုပဲ စိတ်ဝင်တစားပြောလာသဖြင့် ရေခါး က သက် ကို ကြည့်၏။ ရုံးဆင်းချိန်မို့ အဝင်အထွက် အသွားအလာတွေ ရှုပ်နေကာ စကားပြောရင်း လူရှောင်ရ၊ လှည့်ကြည့်ရနှင့် ခြေလှမ်းလည်း မြန်လို့မရ ..။

"ရှင်က သူဌေးအကြောင်း တစ်ခုခု ပြောမလို့မို့လား၊ ပြောလေ"

စိတ်တိုခဲ့တာကို ကိုယ်ပဲပြန်မေ့လိုက်ရကာ သက် ပြန်စမေးမိ၏။

"ပြောရမှာတော့ ခက်တယ်ကွ၊ ဘာဖြစ်လို့လည်းဆိုတော့ ငါလည်း သေချာ မသိဘူး၊ ဒါပေမယ့် အဲဒီသူဌေးက နာမည်ကောင်း သိပ်မရှိဘူး၊ သူ ရှိနေသလား .. ခရီးသွားနေတာလား ဘာမှန်းမသိပေမယ့် အလုပ်ကို လုံးဝ ပစ်ထားတဲ့အထိ နေတာက ထူးဆန်းတယ်၊ မင်း အဲဒီမှာ ဝင်ထွက်နေတာဆိုတော့ သတိထားဖို့ ပြောချင်တာ၊ နောက်ပြီး .."

ဆိုပြီး ဆက်မပြောသဖြင့် သူ ပြောလာမှာကို မော့ငေးရင်း သက် ခလုတ်တိုက်လေသည်။ အမှတ်မထင် သူက လက်ဖဝါးချင်း ထပ်ဆုပ်ပြီး သူ့ဘက်ကိုပဲ ကပ်လိုက်သဖြင့် သက်သာရာ ရသွားခဲ့သည်။

"ရှင်ကလည်း ပြောမှာကို ပြောတာမဟုတ်ဘူး၊ အဲဒါ ရှင့်ကို မော့ကြည့်နေရလို့"

"မင်း မော့ကြည့်နေတာနဲ့ပဲ ငါက ပြောရမှာလား၊ စကားဆိုတာ






www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်မပြောသင့် ချင့်ချိန်ရသေးတယ်၊ ပြီးတော့ ယောက်ျားချင်း အတင်းအဖျင်းပြောတာမျိုးက ရှက်ဖို့ကောင်းတယ်"

"အတင်းအဖျင်းမှ မဟုတ်တာ၊ ရှင်လည်း သက် အတွက် ပြောပြသင့်တယ်ထင်လို့ပဲ စပြောခဲ့တာမို့လား .. သက် ကလည်း စပ်စုချင်လွန်းလို့ မဟုတ်ဘူးလေ"

ခါးသက်ချို ဆိုသည့် သူမသည် တစ်ခုခုကို အံ့ညသွားပြီဆို နှုတ်ခမ်းလေးတွေ ဟနေတဲ့အထိ ဖြူစင်စွာ ငေးနေတတ်ခဲ့ပြီး စိတ်ထဲမှာ မတွေ့တော့ဘူးဆိုရင်တော့ ပက်ခနဲ ပြော၊ ရန်တွေ့ကောင်းနှင့် မျက်စောင်းထိုးတာလည်း ပါ၏။

သက် ကို စိုက်ကြည့်လိုက်မိရင်း လျှောက်လှမ်းနေသည့် ခြေဦး ထိပ်ဆီ မျက်လုံးတွေ ပြန်ရောက်ပြီးမှ ပြုံးမိသည်။

မမေ့နိုင်အောင် ဆွဲဆောင်သွားနိုင်သည့် အလှတရားတွေ သူမထံမှာ ဘာမှမရှိပေမယ့် တွေ့လိုက်ရတိုင်း အားလုံးက အမှတ်တရတွေချည်းသာ ..။ ပို၍ အမှတ်တရရှိနေစေတာက ကိုယ်က ရေခါး ဖြစ်ခဲ့ပြီး သူမက ခါးသက်ချို ဖြစ်နေခဲ့၏။

"ကိုရေခါး ပြောလ .."

မပြောဖြစ်လိုက်မှာစိုးကာ သက် က ခြေလှမ်းရပ်ပစ်လိုက်သည်။ ပြီးတော့ ...

"နောက်ပြီး ဘာဖြစ်လဲ"

"အင်း .. ငါလည်း သူများပြောပြလို့ သိတာ၊ မင်းလိုပဲ အိမ်ကိုပစ္စည်းလှူကြုံပါးနိုင်းဖူးတဲ့ မိန်းကလေးတစ်ယောက် ရှိခဲ့တယ်၊ အဲ့ဒီမိန်းကလေး သုံးလလောက်ကြာတော့ အလုပ်ထွက်သွားတယ်တဲ့"

"ဟုတ်တယ် .."

"ပြောကြတာပဲလေ၊ အဲဒါ သူဌေးကုမ္ပဏီကို ရောက်မလာတော့တဲ့နောက်ပိုင်းကျမှ ဖြစ်တာဆိုတော့ .."





"ဟုတ်တယ် .. တစ်မျိုးတော့ တစ်မျိုးပဲ"

သက် နားလည်သွားသည်။ ဒါပေမယ့် သူမ သွားတိုင်း သူဌေးနဲ့ တစ်ခါမှ မတွေ့ခဲ့ပါ ..။ ကိုယ်လည်း ဘာမှမကြုံခဲ့သေးတော့ သူများ ဘာဖြစ်သွားသလဲဆိုတာကို တွေးကြည့်ရုံနဲ့ သိဖို့တော့ မလွယ်ပေ..။

"ဘာပဲဖြစ်ဖြစ် သွားတာလာတာ သတိထားပါ"

"အင်း .. ရှင့်ကို ကျေးဇူးတင်ပါတယ်"

မေးစရာကုန်မှ သက် က ဆက်လျှောက်၏။ နှစ်ယောက်အတူတူ ထွက်ခဲ့ကြပြီး အပြင်ကို ရောက်လာကြလျှင် မျက်နှာချင်းဆိုင်ကို ရောက်လာကြတာ လေးယောက်။

"ဟော .. ဟိုမှာ ခါး"

"ခါးသက်"

ရင်ဆိုင်မိကြသည့်လေးယောက်မှာ နှစ်ယောက်က မိန်းကလေးတွေဖြစ်ကာ ဒီဘက်နှစ်ယောက်က ယောက်ျားလေးတွေ..။

သက် တို့ကို မြင်လိုက်ကာမှ နှစ်ယောက်တွဲစီ ပြိုင်တူ အသံတွေ ထွက်လာကြလျက် အချင်းချင်း တအံ့တသြ ကြည့်ကြ၏။

ပြီးတော့ ယောက်ျားလေးနှစ်ယောက်ရဲ့အကြည့်တွေ ရေခါး ဆီ ရောက်သွားကာ မိန်းကလေးတွေက သက် ကို ကြည့်၏။

ခရော်ဇင် ဖြတ်သန်းသွားကြသည့် မျက်ဝန်းတွေမှာ သူတို့ ခေါ်လိုက်မိကြသည့် နာမည်နှစ်ခု ဆင်ဆင်တူနေခြင်းကြောင့်သာ ပဟေဠိတွေ ဖြစ်ကုန်တာမျိုး ..။

"နန္ဒာ .. လာလေ .. ဘာလဲ"

ရေခါး ဆီက အရင် အသံထွက်၏။ သက် ကတော့ အောင်ဦး တို့ညီအစ်ကိုကို ကြိုဆိုချင်တဲ့သူ မဟုတ်ပေ။ ထို့ကြောင့် မျက်နှာပေါ်မှာ အလိုမကျခြင်းတွေ ဖြစ်သွားခဲ့၏။

"ဘာလဲ အောင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ပျော့ခြင်းမာခြင်းမမြည်သောလေသံနှင့် မေးကာ ကိုယ်ပြန်ရမည့်ဘက်ကိုပဲ လှည့်ထွက်လာခဲ့၏။

"ခါးသက် .. နင်က အဲဒီဘဲနဲ့ ဘာလဲ"

"ဘာဘဲလဲ .. ငါက ဘာပုံစံဖြစ်နေလို့လဲ"

"အတူတူ တွဲလာလို့လေ၊ နင်က ပုံစံကြည့်တော့ ရှိုးပုံရှိုးကန်းနဲ့"

သက် အမြန်နှုန်းနှင့် လျှောက်နေသည့် ခြေလှမ်းတွေ ရပ်တန့်ကုန်၏။

"ကုမ္ပဏီတစ်ခုလုံးမှာ လူတွေအများကြီးပဲ ရှိနေကြတာ၊ စကားပြောရင်း အတူလျှောက်လာတာ မြင်တာနဲ့ပဲ နင် စွပ်စွဲတာ မြန်လှချေလား"

သက် မျက်နှာ ရှုံ့မဲ့သွားကာ ...

"နင်တို့ညီအစ်ကို ငါ့ဆီ ရောက်လာကြပြီဆို စိတ်ရှုပ်စရာ စကားနဲ့ အကြောင်းတစ်ခုခုတော့ ပါပြီးသားပဲ၊ အခု ဒီထိ လိုက်လာကြတာ ငါ ဘယ်လို နေထိုင်နေသလဲဆိုတာ သိချင်လို့လား"

"နင့်ကို အဲဒီလောက်ထိ ငါတို့ စိတ်မဝင်စားပါဘူး ခါးသက်ရာ .."

"ဟုတ်တယ် .. သိတယ်၊ ခုကျမှ နင်တို့ ရောက်ရောက်လာပြီး ငါ့ကို ပြဿနာတစ်ခုပြီးတစ်ခုထဲ ဆွဲထည့်နေလို့ အံ့လည်း အံ့သြမိတယ်"

"ဒါကတော့ မောင်နှမချင်းမို့လို့ပါဟာ"

အငယ်ကောင် လင်းထူး က ဝင်ပြောလိုက်တာ ဖြစ်ကာ ...

"အိမ်မှာ အမေနဲ့ နင် ဘာဖြစ်သွားလဲဆိုတာလည်း ငါတို့ ဘာမှ သေချာမသိဘူး၊ အဲဒါ တကယ်ပါ .. နင် ပြန်သွားပြီဆိုမှ နင့်အစ်မဆုံးတဲ့ကိစ္စတွေအထိ ငါတို့ သိရတာ၊ အမေကလည်း ပြောပါတယ်၊ အိမ်မှာ မပြေလည်တော့ တစ်ပူက နှစ်ပူ မဖြစ်ချင်လို့တဲ့၊ စိတ်တော့





မကောင်းပါဘူးတဲ့"

ပြောဖော်ရတာပဲ ကျေးဇူးကြီးပါပေ့လို့ မှတ်ရတော့မည်။ သက်က နှုတ်ခမ်း မသိမသာမဲ့၍ ပြုံးသည်။

"အခု ဘာလာလုပ်ကြတာလဲ၊ နင်တို့ညီအစ်ကိုကိစ္စတွေရော အဆင်ပြေသွားပြီလား"

မေးလိုက်ကာမှ ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ မျက်ဝန်းတွေမှာ သိပ်ပြေလည်ပုံတော့ မရှိ ..။

ပြီးတော့မှ မျက်နှာတင်းတင်းနှင့် တစ်ဖက်လှည့်ပစ်လိုက်သည့် အောင်ဦး ကို လင်းထူး က မချိတရိကြည့်ပြီး သက် ဆီ ပြန်လှည့်၍...

"မင်းသမီးနဲ့ လူကြမ်း ညားကြတဲ့ဇာတ်လမ်းမျိုး နင် မကြည့်ဖူးသေးဘူးမို့လား .. အခု ကြည့်ရတော့မယ်၊ ဟွန်း .. ချစ်ရတဲ့သူတိုင်း ပေးဆပ်ဖို့အတွက် ဝန်မလေးတတ်ကြဘူးဆိုတော့ ..."

"အငယ်ကောင် .. မင်း စကားပြောတာ ကြည့်ပြောနော်"

"မင်းက ငါ့အစ်ကိုပဲလေ၊ သူကလည်း ငါချစ်တဲ့သူပဲ၊ ငါက နှစ်ယောက်စလုံးအတွက် .."

"တော်စမ်းပါ .. လမ်းပေါ်မှာ အမှိုက်မချရလို့ တားမြစ်ထားတာ တားမြစ်ချက်ပဲ၊ ကျလာသမျှ အမှိုက် မင်း ခေါင်းပေါ်ကောက်တင်ဖို့ ဘယ်သူ ခိုင်းခဲ့လို့လဲ"

လင်းထူး မျက်နှာ တင်းခနဲ ဖြစ်သွားပြီးမှ စိတ်ပြန်လျှော့လိုက်ပုံနှင့် ...

"ကျွတ်!.. တော်ပြီ၊ ငါ မင်းနဲ့ အဲဒါတွေ အခုပြောဖို့လာတာ မဟုတ်ဘူး"

"ငါလည်း မင်းနဲ့ လာဆုံမယ်မှန်းသိရင် လုံးဝ မလာဘူး"

ဒီတော့မှ ညီအစ်ကိုနှစ်ယောက် အတူတူလာကြတာ မဟုတ်မှန်း သက် သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ တော်ကြပါတော့၊ ငါလည်း သွားစရာရှိသေးတယ်၊ နင်တို့ ဘာလာလုပ်ကြတာလဲ၊ တစ်ယောက်စီ ပြော .."

လင်းထူး က မပြောချင်တော့သည့် မျက်နှာနှင့် ဟိုလွဲဒီလွဲ လုပ်နေပြီးမှ ...

"ငါက စကားပြောရုံသက်သက်ပါ၊ နင့်အလုပ်ဆင်းချိန်ကိုစောင့်နေတာ တစ်နာရီကျော်ပြီ"

ဒါဆို လင်းထူး က အရင်ရောက်နေတာပဲ၊ ခုကျမှ သူတို့အတွက် သက် က ဘာဖြစ်လို့ လိုအပ်နေရတာလဲ ..၊ စိတ်ဆင်းရဲစွာ တွေးဖြစ်ရင်း သက် မျက်နှာမဲ့သွား၏။ အောင်ဦး က မထိတထိ ပြုံးလျက် ...

"အေးပေါ့ .. ခါးသက် ဆီလာပြီး သူများမကောင်းကြောင်း ကိုယ့်ကောင်းကြောင်းလေးတွေ ပြောမလို့"

"မင်း ကောင်းအောင်နေရင် ငါ ပြောမယ့်စကား ဘယ်သူ့ အကြောင်းဖြစ်ဖြစ် ပူစရာ မလိုပါဘူး"

"ကဲ .. တော်ပါတော့ဆိုမှ ဒုက္ခပါပဲ"

သက် ထမင်းချိုင့်လေး တစ်ဖက်ဆွဲကာ အထုပ်က တစ်ဖက်နှင့် ဘောက်ဆတ်ဆတ်လေး လျှောက်ထွက်သွားသည်။

အောင်ဦး က မလှုပ်မယှက် ရပ်ကျန်ခဲ့သည့် လင်းထူး ကို တစ်ချက်ကြည့်ပြီး သက် နောက် ပြေးလိုက်ကာ ...

"ခါးသက် နေဦး ..၊ နင့်ကို အမေမှာလိုက်လို့"

သက် ခြေလှမ်းတွေ နှေးကျသွားကာ ...

"ဘာလဲ .."

"အိမ်ကို ဧည့်သည်တစ်ယောက် လာမေးတယ်တဲ့"

"ဘယ်သူလဲ .."

"မသိဘူး .. ပဲခူးကလို့ ပြောတယ်တဲ့၊ နင့်ကို ဒီနားမှာ မြင်လိုက်လို့ မေးပြီး ရောက်လာတာတဲ့"





"ပဲခူးက ဟုတ်လား .."

"နင့်အသိ ရှိလား"

"မရှိပါဘူး"

"အမေကတော့ နင့်အစ်မယောကျ်ားဘက်က တစ်ယောက် ထင်တယ်လို့ ပြောတာပဲ၊ သူတို့ကိုက ဘာမှပြောမသွားဘူးတဲ့၊ ကလေးက ဒီရောက်လာတာလားလို့ပဲ သတင်းမေးသလို မေးသွားတာမျိုး"

"သတင်းမေးမယ့်လူက မသိဘဲနဲ့ ရှာဖွေရောက်လာမှာတဲ့လား"

သက် စဉ်းစားလို့မရအောင် ရှုပ်ထွေးသွား၏။

"မဖြစ်နိုင်ဘူး၊ သူတို့ဘက်က .."

မမကို အလိုရှိကြတာမှ မဟုတ်တာ ..။

မဖြစ်နိုင်တာကို တပိုင်းတစတော့ ပြောမိပြီးမှ သက် ရဲ့အသံ တစ်ဝက် ပျောက်ကွယ်သွားသည်။ ပြီးတော့ ကလေးကိုတောင် မညှာတာဘူးလို့ မမ ပြောခဲ့ဖူးတာကိုလည်း သတိရမိသည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်နာမည်မေးပြီး ရှာဖွေလာသည်ဆိုသော အကြောင်းအရာက ခေါင်းထဲမှာ အလေးအနက် နေရာယူသွားခဲ့သည်။ သမီးရဲ့အဖေလည်း မဖြစ်နိုင်တာ သေချာနေသည်မို့ တွေးလေ စိတ်ညစ်လာလေ ..။

ခုချိန်မှာ သမီးလေးကို တစ်စုံတစ်ယောက်နှင့် လုယူရတော့မည့် အဖြစ်များ ရှိလာခဲ့လျှင် ..၊

သက် တို့လူစု ကွဲသွားတဲ့အထိ ရေခါး က မျက်စိတဆုံး လိုက်ကြည့်နေသဖြင့် နန္ဒာ က စိတ်မရှည်တော့ဘဲ ...

"ကိုရေခါးကြီး ရယ် .. ကျွန်မတို့ ပြောခွင့်ရပြီဆိုရင် ရွှေမျက်နှာတော် ဒီဘက်ကို ပြန်လှည့်လိုက်ပါ"

"ဟုတ်ပ .. ခါး တစ်ယောက်ဟာ အဲဒီတစ်ယောက်ကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ငုတ်တုတ် မေ့မေ့သွားတယ်၊ ခုလည်း အလုပ်တစ်ခု အတူ ထင်တယ်၊ နင် ဟုတ်သေးရဲ့လား ခါး"

နှစ်ယောက်၏ ဒေါသသံတွေ ထွက်လာကာမှ သူ ခေါင်း ချက်ကုတ်ကာ ...

"မဟုတ်ပါဘူးဟာ၊ နင်တို့ ရှိနေတိုင်း ငါလည်း သူ့ကို ဒီတို ချည်းပဲ မြင်နေရတော့ ငါ အံ့ဩနေတာပဲ နင်တို့ မြင်နေရတာပေါ့"

"နင်က ဘာကို အံ့ဩနေတာလဲ၊ မိန်းကလေး တော်တော်များ များက ဆင်းရဲလာပြီဆို လွယ်လွယ်ကြီးပွားဖို့ .. စားရချောင်ဖို့လောက် ပဲ တွေးတော့တာ၊ သူ့လိုပုံစံကို ဒီပုံစံမြင်ရတာ ဘာမှ အံ့ဩစရာ မရှိဘူး"

ဒီ့ထက်ပိုပြီး အံ့ဩဖို့မကောင်းတာတွေပါ သူ သိထားသေးသည်၊ သက် မှာ ဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်ရဲ့ ကိုယ်ဝန် ရှိနေ၏။ ဒါပေမယ့် မြင်လည်း မြင်နေရသည်။ ဒီလိုဖြစ်နေကြတာကို ကိုယ် တိုင်လည်း နားနဲ့ ဆက်ဆက် ကြားခဲ့ပါလျက်နှင့် သက် မျက်နှာကို မြင်လိုက်ရသည့်အချိန်မှာ ဒီအကြောင်းအရာ အဖြစ်အပျက်တွေကို ဘာကြောင့် မေ့နေတတ်ခဲ့မှန်း မသိ ...။

သူမကို ဒီလိုမိန်းကလေးလားဆိုသည့် သံသယနှင့် တစ်ချက်မှ မကြည့်မိခဲ့တဲ့အပြင် ဒါတွေနဲ့ပတ်သက် ငြိစွန်းသည့်စကားတွေ ပြော ခဲ့တာလည်း မရှိ ...။

ခု မြင်လိုက်ရပြန်ပြီ၊ ဒီနှစ်ယောက်နဲ့ ...၊

ဟိုနေ့ကတော့ သူမပဲ အောက်ကျနောက်ကျ လိုက်အော်ခေါ်ပြီး ဒေါသတွေထွက် တက်ခေါက်နေကာ ခုတော့ သူမကသွားလို့ ဟို ယောက်က လိုက်လို့ ...၊

"နန္ဒာ ဒီကောင် မလွယ်တော့ဘူး သိလား .. နှစ်ပါးသွား သားကြီး နှစ်ပါးသွားမကရတာကြာလို့ ရတာယူ အစီအစဉ်တွေ ခ





ပြီ ထင်တယ်"

"အံမယ် .. ရတာယူမယ်ဆိုလည်း ပြောပေါ့၊ ငါ့သူငယ်ချင်းကို ဒါမျိုးနဲ့တော့ မပေးစားနိုင်ပါဘူး"

"နင်တို့ကလည်း ကျိုင်ပဲ .. တကယ်"

တကယ် စိတ်ညစ်သည့်မျက်နှာနှင့် ရေခါး ထွက်လာတော့ နန္ဒာ တို့က တစ်ဖက်တစ်ယောက် နေရာယူ၍ လိုက်ပါသွားကာ ...

"ဟဲ့ .. နင့်ကို ငါတို့က ပြောစရာရှိလို့ လာတာ"

"ဘာလဲ .."

"ဟိုကောင်တွေနဲ့ ငါတို့အားလုံး ဆုံဖို့ 'ယုဇနဂါးဒင်း'မှာ ချိန်း ထားကြတယ်၊ အဲ့ဒါ နင့်ကို လာခေါ်တာ"

"အဲဒါ ငါ သိသားပဲ၊ နင်တို့က ဘာလို့ လာခေါ်တာလဲ"

ရပ်ထားသည့်ကားကြီးကို မျက်လုံးဝေ့ကြည့်ပြီး မေးပုံက နားဝင် မချို ...။

"ငါ့ဆီကို ကားတွေတဝီဝီနဲ့ ခဏခဏ မလာပါနဲ့လို့ ပြောထား ရဲ့သားနဲ့"

"ဟဲ့ .. ငါတို့က ကားနဲ့ပဲ သွားလာနေကြတဲ့ဟာ၊ နင့်ဆီလာကာ မှ ကားထားခဲ့ပြီး လိုင်းကားတိုးစီးနေရဦးမှာလား၊ တကတည်း မိန်း ကလေးထက်တောင် ဆိုးသေးတယ်၊ ငါတို့ ပြောဖို့လည်း ထားပါဦး"

စိတ်တိုနေပေမယ့် နန္ဒာ က သူမ ကိုယ်တိုင်ပဲ ကားတံခါးဖွင့်ပေး လျက် ...

"တက် .."

ရေခါး က မတက်သေးဘဲ ကားကိုမှီ၍ လက်ပိုက်ထားလိုက် ရင်း ...

"ငါ အားလုံးကို မေ့နိုင်ဖို့အောင် ကြိုးစားပြီး အဆင်ပြေသလို နေရတဲ့အချိန်မှာ မေ့နိုင်ဖို့က အဓိကပဲ၊ အဲဒါက နံပါတ်တစ်နံပါတ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်က ငါ ဆိုးခဲ့ဖူးပေမယ့် ယောကျ်ားကောင်းတော့ ဖြစ်ချင်တယ်၊ ဖြစ်ရဖို့အတွက် ပေးပြီးတဲ့ကတိကို တည်မှ ဖြစ်မယ်''

နန္ဒာ တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ စိတ်မကောင်း ဖြစ်သွားကြသည်။ ဟိုတုန်းကဆို မေဂျာအားလုံးထဲမှာ ကင်း ...၊

ရေခါး တို့ ချောသလောက် ပျော်အောင်နေသည်။ မိန်းကလေး လှလှမြင်တိုင်း လိုက်ငေး၏။ တစ်ခေါက်က နှစ်ခေါက် မျက်စိနောက် အောင် လိုက်ကြည့်ပြီးပြီဆို 'နှစ်ပါးသွားလေး ကချင်ပြီ'ဆိုသည့် စာ တစ်ကြောင်းနှင့် တစ်သျှူးတစ်စ ပို့တတ်တာ ရေခါး ရဲ့ ရည်းစား စကားပြောနည်း ဖြစ်သည်။ ဖွဲ့ဖွဲ့နွဲ့နွဲ့ ချစ်ခွန်းခြွေသံ မပါပေမယ့် စာတစ်ကြောင်းနဲ့ပဲ ချစ်သူတစ်ယောက် ရသွားတတ်တာလည်း သူ့ ရာဇဝင် ...။

သို့သော ရာဇဝင်သမိုင်းဆိုတာမှာ တသသ လွမ်းကျန်ရစ်ဖွယ် မဟုတ်ဘဲ အများအတွက် မဲ့ရွဲ့ကဲ့ရဲ့စရာ တင်ကျန်ရစ်တာမျိုး ဖြစ်ခဲ့ ရင်တောင် ...

''ငါတို့လည်း နင့်ကို အဲဒါတွေ ပြောချင်လို့ ဒီနေ့ စုဝေးဖြစ်ကြ တာပဲ၊ နင်တို့ရဲ့ပြဿနာမှာ စဖြစ်ကြကုန်းက ဘက်ညီပေမယ့် အခု လွမ်းအောင် ဘက်က မရိုးသားတာတွေ ငါတို့ တွေ့ထားတယ်''

''ဟုတ်တယ် ခါး .. ငါတို့ ပြီးခဲ့တဲ့ ဖရိုက်ဒေးက ဖြူ့ သူငယ်ချင်း တစ်ယောက်နဲ့ တွေ့တယ်၊ သူ့ဆီက ဘာတွေ သိရလဲ သိလား''

''မသိချင်ဘူး .. အားလုံးက ပြီးသွားပြီ၊ ကြိုးမိန့်ကျခံရတဲ့လူက သေရမှာပဲ၊ လည်ပင်းကို ကြိုးကွင်းစွပ်ပြီးကာမှ ကုလားကားတွေထဲမှာ လို ကယ်မယ့်သူ ရောက်လာမလားလို့ မျှော်နေရဦးမလား၊ ရောက်လာ ရင်တောင် ဒေါက်ဖြုတ်မယ့် အာဏာပါးကွက်သားက မင်းသား အက်ရှင်ခန်းကောင်းဖို့အတွက် စောင့်နေပေးမှာ မဟုတ်ဘူး၊ တကယ့် လက်တွေ့က ရုပ်ရှင်ပြကွက်တွေလို မလှဘူးဟ''





''မဆိုင်ပါဘူး ခါး ရယ် .. နင်တို့ဖြစ်ကြတာ အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်တာမျိုးပါ၊ ဘယ်လူကြီးရှေ့မှာမှလည်း ကတိ ကဝတ်တွေနဲ့ မှတ်တမ်းတင်ထားခဲ့ကြတာ မဟုတ်ဘူး၊ နင် ခုလို လုပ်နေလေ.. လွမ်းအောင် ရဲ့ငြိုးချက်ထဲမှာ နစ်မြုပ်လေပဲ၊ ဘာလဲ.. နင် ဒီဘဝမှာ တကယ် ပျော်နေပြီလား၊ ဒါမှမဟုတ် ရွဲ့နေတာလား''

''ပျော်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ရွဲ့မိတာမှန်ရင်တောင် ငါ့ကိုယ်ငါ အပြစ်ပေးလိုက်တာမျိုးပါ၊ ငါ ဆိုးခဲ့တာတွေအတွက် ကိုယ့် စိတ်ကို အဆိပ်ဖြေဆေး ကျွေးတာမျိုး''

''ကျွတ်!..''

''ကဲ .. တော်ပြီ၊ သွားမယ်''

နန္ဒာ ဖွင့်ပေးထားသည့်နေရာမှာ တက်မထိုင်ဘဲ နောက်ခန်းမှာ ဝင်ထိုင်လိုက်တော့လည်း နန္ဒာ တို့ စိတ်မကောင်း ဖြစ်ကြရသည်။

''မိန်းကလေးတွေ မောင်းတဲ့ဘေးမှာ လိုက်မစီးချင်ဘူး''ဆိုပြီး အုပ်စုလိုက် အတူတူ ဘယ်သွားသွား ကိုယ်တိုင်မောင်းခဲ့တဲ့ သူ ...။

ဟိုတုန်းက 'အချစ်မရှိရင် သေနိုင်တယ်'ဆိုတာတွေရော ခုတော့ သူပြောခဲ့ဖူးတာ မဟုတ်သလိုပါလား ...။

'ငါကတော့ ဓာတ်ပွဲတွေမှာ နှစ်ပါးခွင်ကို အကြိုက်ဆုံးပဲ'လို့ နင်ပဲ ပြောခဲ့တာ ...၊ နန္ဒာ သက်ပြင်းချမိလေသည်။

ပြောင်းလဲခြင်းတွေထဲမှာ သဘာဝပြောင်းလဲခြင်းတွေ မဟုတ်ဘဲ မယုံနိုင်အောင် ပြောင်းလဲခဲ့တာတွေကို ဘယ်လို လက်ခံရမလဲ ...။

အဖြစ်အပျက်အားလုံး ဟိုအရင်ကအတိုင်းသာ ပုံမှန် ပြန်လည် ရရှိခဲ့မည်ဆိုလျှင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၅]

သက် တို့ အခန်းထဲကနေ ယောကျ်ားသုံးယောက် ထွက်လာတော့ ရေခါး ကိုယ့်မျက်လုံးနဲ့ကိုယ် မယုံနိုင်အောင် ဖြစ်သွားမိသည်။

မြင်နေထင်နေတာတွေ ရှိဖူးပေမယ့် သက် ပုံစံလေးကို သူ မထင်ရက်ခဲ့ပေ ..။ ကိုယ်က အဝင်၊ သူတို့က အထွက်မို့ ဖိနပ်ချွတ် မရောက်ခင်လေးမှာ ကိုယ့်နားကနေ ထိုသုံးယောက် ဖြတ်လျှောက်သွားကြသဖြင့် ...

"ဦးလေးက စကားပြောမှ မတတ်တာ .. အိမ်မှာပြောတုန်းက ခဏတဖြုတ်ပဲဆိုပြီး ခုကျမှ .."

"မင်းကလည်းကွာ .. မျက်နှာ မြင်နေရမှတော့ စိတ်က တစ်မျိုးဖြစ်ပြီပေါ့၊ ဟုတ်ပါတယ် .. ငါ မှားသွားပါတယ်၊ ငါ သူလက်ခံအောင် ပြောသင့်တာ"

ဖြတ်လျှောက်သွားသည့် စကားသံတွေက ရေခါး နားထဲကနေ တစ်ကိုယ်လုံးမှာ သွေးတွေ ပူနွေးလာအောင် မီးပြင်းတိုက်သွားသည်နှယ်..၊ ဘယ်လိုမှကို မထင်ခဲ့ပေ။ ကြားရတာနဲ့တင် နားထဲမှာ မခံသာ..

"ခါးသက်ချို .."





"ဟင် .."

ပိုင်စိုးပိုင်နင်း ခေါ်သံနှင့် အိမ်တံခါးဝမှာ ပေါ်လာတော့ အပြင်သွားမလို့ ပိုက်ဆံအိတ်လေးကိုင်ပြီးမှ ငူငူငိုင်ငိုင်လေး ထိုင်နေသည့် သက် ခေါင်းထောင်သွား၏။

"ဘာလဲ"

"လာပါဦး ခင်ဗျား .. ခဏလောက်"

စိတ်ထဲမှာ အောင့်သက်သက်ဖြစ်သွားပေမယ့် ရေခါး မျက်နှာပေါ်က ဒေါသကို စိတ်ဝင်စားကာ သက် ကလည်း ထထွက်လာ၏။

"အို .. ဘာလုပ်တာလဲ"

"ခဏ လိုက်ခဲ့ .. ဒီမှာ မပြောချင်လို့"

သက် ရဲ့လက်ကလေးကို နာကျင်လာတဲ့အထိ အတင်းအဲကျပ်ဖိဆုပ်ထားကာ ခြံထောင့်က စိန်ပန်းပင်အောက်မှာ ရပ်လိုက်တဲ့အထိ ဆွဲထားဆဲ ..။

"မင်း ဘာတွေလုပ်နေတာလဲ ခါးသက်ချို၊ ဟိုကောင် နှစ်ကောင်ထဲက ဘယ်ကောင်နဲ့မှန်း မသိသေးဘူး၊ အခု နောက်ထပ် လူတစ်ယောက် .. ဘယ်လိုဖယားတွေ ခင်းနေတာလဲ၊ မင်းမှာ မင်းရဲ့တူမလေး ရှိနေသေးတယ်၊ အဲဒီကလေးက မိန်းကလေး.. မင်း ဒါကို သတိရရဲ့လား"

"ရှင် .. ရှင် ဘာတွေ ပြောနေတာလဲ"

သက် ရှက်လွန်းသဖြင့် ရင်ခုန်သံတွေက စည်တီးသလို တိုးဆောင့်လာကြ၏။ သူ ဘာကိုမြင်ပြီး ဘယ်လိုထင်လို့ စွပ်စွဲနေမှန်း သိလျက်နှင့် ရုတ်တရက် ဖြေရှင်းဖို့ စကားစ ရှာမရ ..။

"ငါ မင်းရဲ့အစ်မကို ရထားပေါ်မှာ စကားပြောခဲ့ဖူးပြီး ခင်မင်စိတ် ဖြစ်ခဲ့တယ်၊ ရထား တစ်ခုခု မဖြစ်ခင်အထိ သူပြောခဲ့တဲ့ စကား ထဲမှာ သူ့မိသားစု၊ သူ့ညီမကပဲ အဓိကဖြစ်နေတာ ကြားရလို့ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်တွယ်တတ်တဲ့ မိန်းမကောင်း မိန်းမမြတ်တစ်ယောက်အဖြစ် လေးစားခဲ့တယ်၊ အဲဒီမှာ ငါ့သားနဲ့ တကယ့်မောင်နှမတွေလို ခင်တွယ်လာခဲ့ကြတဲ့ မနော်လေး ကိုပါ သံယောဇဉ်ဖြစ်ခဲ့ရတာ၊ သူ ကျန်ခဲ့ပြီး မင်းနဲ့မတွေ့ခင်အထိ မနော ကို ငါ့သားနဲ့အတူတူ ကျွေးပြီး စောင့်ရှောက်ထားခဲ့လို့ သူ့ရှေ့ရေးအတွက် ငါ့မှာလည်း ပြောခွင့်ရှိတယ်"

"ရှိရှိမရှိရှိ မပြောနဲ့တော့၊ လွှတ် .. ကျွန်မလက်ကို"

ဒေါသထက် ပိုကဲနေသည့် ရှက်စိတ်ကြောင့် လက်ကို ဆောင့်ရုန်းကာ သူ့ပါးကို ရိုက်ချပစ်ဖို့ကလည်း မအောင်မြင် ..။

မျက်ရည်တွေသာ ပိုးပိုးပေါက်ပေါက် ကျလာခဲ့လျက် ...

"ရှင် ကျွန်မကို ဘယ်လို ထင်နေသလဲ၊ ကျွန်မက အဲဒီလိုမိန်းမမျိုး ဖြစ်ထိုက်လောက်အောင် စရိုက်ပျက်လက္ခဏာတွေ ပေါ်နေသလား"

"ဆုပ်ဖမ်းကြည့်လို့မရတာတွေနဲ့ အလုပ်ရှုပ်မခိုင်းနဲ့ ခါးသက်ချို၊ ငါကလည်း နေရာတကာ စပ်စပ်စုစုတွေ ဝါသနာပါခဲ့တာ မဟုတ်ဘူး၊ မင်း ဘယ်လိုနေနေ ကလေးကို ထည့်တွက်ဖို့ပဲ သတိပေးတာ"

"မပေးနဲ့ .. ရှင်က ဆိုင်တယ်ထင်ပေမယ့် ဘာမှမဆိုင်တဲ့ သူစိမ်းတွေပဲ၊ ကျွန်မတောင် ကိုယ့်ဘဝကို လောက်စားမလား၊ ခြကိုက်မလား မသိဘူး၊ မနောချို ရဲ့ ရှေ့ရေးနောက်ရေး ဘာဖြစ်ဖြစ် .."

"တောက် .."

မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်ပစ်ပြီး ချာခနဲ လှည့်ထွက်သွား၏။ ရေခါး တက်ခေါက် ကျန်ရစ်ခဲ့သည်။

ဘယ်သူမပြု မိမိအမှုပဲ ..။

နေရာတကာ ဝင်ပါချင်ဦး ဒီပါးစပ် ..။





အခန်း [၂၈]

အရိပ်ကို မျက်ဝန်းထောင့်မှာ မြင်လိုက်သည်။ သက် မျက်နှာကို တစ်ဖက်လှည့်ဖြစ်အောင် ဆေးကဖိုင်အထပ်ကို မလိုအပ်ဘဲ လှမ်းဆွဲဖွနေမိ၏။ သူ ဖြတ်ကျော်သွားတဲ့အထိ မျက်နှာလွှဲထားဖို့ ဖြစ်ပေမယ့် ...

"ခါးသက်ချို"

မတ်တတ်ကနေ ခေါ်ပြီး သက် ရဲ့ရှေ့မှာ လက်နှစ်ဖက်ထောက်၍ ရှေ့ကို ငုံ့ကြည့်ကာ ...

"အပြင်မှာ တစ်ခုခု သွားစားရအောင်"

"စားပြီးပြီ"

"မင်း ဒီနေ့ ထမင်းချိုင့်မပါပါဘူး၊ အပြင်လည်း မထွက်သေးဘူး မို့လား၊ ခဏ လိုက်ခဲ့ပါ .. မင်းကို ငါ ပြောစရာရှိလို့"

သက် ရဲ့မျက်လုံးတွေ ရူးခနဲ ဝင့်တက်လာ၏။

"ပြောစရာရှိလို့ပါဆိုပြီး မျက်စပစ်ခေါ်တိုင်း ကျွန်မ လိုက်တတ်ရင်တောင် ရှင့်ကိုတော့ ဆောရီးပဲ ကိုရေခါး"

ဒေါသတွေ ဘယ်ထိ ပြင်းထန်နေပြီကိုသိကာ ရေခါး ဘာမှထပ် မပြောတော့ဘဲ ဒီတိုင်း အကြာကြီး ရပ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သက် က လုပ်လက်စတွေကို ထားပစ်ခဲ့ပြီး နေရာမှ ထွက်သွားသည်။ သန့်စင်ခန်းဘက်ကို ထွက်သွားတာမို့ သူ လိုက်ကြည့်နေပြီးမှ ထိုနေရာက ခွာခဲ့မိသည်။

သက် နဲ့သူ စကားများပြီးကာမှ စကားမပြောဘဲ နေခဲ့ကြတာ နှစ်ရက်ရှိပြီ ဖြစ်၏။ ကိုယ်ကတော့ ပြောဆိုခဲ့ပေမယ့် သူမအပေါ်မှာ ခင်မင်မပျက်ခဲ့ပါ။ ဒါပေမယ့် ...

ဘယ်လိုမှ ပြေရာပြေကြောင်းဖြစ်ဖို့ မရှိသည့် မျက်နှာတင်းတင်းကိုတော့ ပြေလည်အောင် မကြိုးစားချင် ..။

'ငါလည်း စေတနာနဲ့ ပြောခဲ့တာ' ဆိုသည့် မာနနှင့် ..။ သူမက တင်းသလို ကိုယ်ကလည်း မကြည်၊ ညကမှ မနော ကို မေးကြည့်ရင်း အားလုံးကို သိခဲ့ရတာ ဖြစ်သည်။

"ညီမလေးက ဘွားဘွားကြီးတို့နဲ့ ခဏသွားနေရဦးမှာ သိလား ကိုကို၊ မနေ့က ဘိုးဘိုးကြီး လာသွားတယ်တဲ့၊ ညီမလေးတို့ တီချယ့် အိမ်မှာ ကျူရှင်သင်နေတုန်း"

ကလေးချင်း ပြောတာပေမယ့် စိတ်ဝင်စားသွားမိသဖြင့် မနော ကို သူ သေချာပြန်မေးခဲ့၏။

ဟိုညီအစ်ကိုကတော့ ဘာတော်မှန်းမသိပေမယ့် 'တီတီက ပြောတော့ မီးမီးတို့နဲ့ ဆွေမျိုးတော်တယ်' လို့ပဲ မနော က ဖြေသည်။

ဒါလည်း သူမ ပြောခဲ့သလို ကလေး နောက်ထပ် မစပ်စုတော့အောင် ညာပြောထားတာ ဖြစ်နိုင်ပေမယ့် ...

"ဟုတ်တယ် ဦးဦးရဲ့ .. မီးမီးတို့ မရှိတုန်း လာသွားတာ၊ ဘိုးဘိုးကြီးက မီးမီးဖေဖေရဲ့ ဖေဖေတဲ့၊ ပဲခူးကနေ အခု ရန်ကုန်ကို ရောက်နေကြတယ်တဲ့၊ မီးမီးကို ခဏခေါ်ထိန်းချင်လို့လို့ ပြောတာတဲ့၊ တီတီက မထည့်ချင်ဘူး၊ မီးမီးလည်း မလိုက်ချင်ပါဘူး၊ ဟိုမှာဆို ဘွားဘွားကြီးက မေမေ့ကိုပဲ ဆူနေတာ၊ မီးမီးကိုလည်း မချစ်ဘူး" တဲ့ ..။





ကလေးက ကလေးခံစားချက်လေးအတိုင်း ပြောသွားတာပေမယ့် သူ နားလည်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ဟိုနေ့ကတွေ့လိုက်တာ ထိုယောကျ်ားသုံးယောက်စလုံးဆိုတော့ သူတို့ ဆွေနီးမျိုးစပ်တွေဆိုတာလည်း ဖြစ်နိုင်တာပဲ ဖြစ်သည်။

သူ ထင်မြင်ခဲ့တာတွေက အနီးစပ်ဆုံးတွေ ဖြစ်သွားခဲ့သည့်အတွက် ဘယ်လိုမှ စဉ်းစားချင့်ချိန်ဖို့ သတိမရတော့ဘဲ ပြောဆိုပစ်ခဲ့မိသည်။

မှားသွားခဲ့တာက သေးသေးကွေးကွေးလေးတော့ မဟုတ် ..။ ထို့ကြောင့် မနက် အိပ်ရာထကတည်းက သက် ကို တွေ့ဖို့ တောင်းပန်ဖို့တွေ စိုင်းပြင်းခဲ့တာ ခုထိ မအောင်မြင်သေးပေ။

ညနေ အလုပ်ပြန်ချိန်ရောက်မှ ...

"ခါးသက်ချို"

ကားမှတ်တိုင်မှာ သက် က လှည့်ကြည့်ပြီး ခပ်တည်တည်လေး ပြန်လှည့်သွား၏။ သူ သက် လက်ထဲက ဖိုင်နဲ့ ထမင်းချိုင့်လေးကို ဆွဲယူလိုက်ကာ ...

"စိတ်ဆိုးနေတုန်းပဲလား"

သက် က မဖြေဘဲ ချိုင့်ကို ပြန်ဆွဲယူဖို့ လက်တော့ပြင်သေးသည်။ ပြီးမှ ရှေ့ပြန်လှည့်၍...

"မဆိုးပါဘူး၊ သက် ကိုက အနေမတတ်ခဲ့တာ"

"ဆောရီးပါကွာ .. အဲဒါကို တောင်းပန်ပါတယ်၊ ကလေးတွေ ပြောနေကြတာ ကြားလိုက်ရမှ ကိုယ် အမှန်အတိုင်း သိရတာ၊ မင်းမှာ ကလေးအတွက် ခံစားနေရတုန်း ကိုယ်က ထပ်ဇော်ကားသလို ဖြစ်သွားတယ်၊ အဲဒီအတွက် ထပ်တောင်းပန်ပါတယ်"

သက် ရဲ့ တွန့်ကုတ်နေတဲ့ မျက်ခုံးလေးတွေ ချက်ချင်း ပြေချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတာကိုက စိတ်ဆိုးမုန်းတီးခဲ့တာ မဟုတ်တော့ သူနားလည်ပါသည်လို့ ပြောလိုက်တာနဲ့ပဲ အားလုံး ပြေလေသည်။

ရေခါး က သက် မျက်နှာလေးကို ငုံ့ကြည့်ပြီး မျက်နှာချိုသွေးသလို ရယ်၍ ...

"ဘယ်လိုလဲ .. မကျေနပ်သေးဘူးလား"

"အစတည်းက စိတ်မဆိုးဘူးလို့ ပြောနေတာပဲ"

"ဒါပေမယ့် မင်း ငါ့ကို မခေါ်ဘူးလေ"

"ဒါကတော့ .."

"ဒီလိုရှိတာပေါ့နော်၊ အင်း .. သိပါပြီ"

နှုတ်ခမ်းစုချင်သေးသည့် မျက်နှာလေးက ရယ်လိုက်တော့ ကလေးဆန်သွားသလိုပင် ..၊ ပြီးတော့ ဆံပင်လေးသပ်လိုက်ရင်း သူ့ကို မော့ကြည့်၍ ...

"ရှင်ရော .."

"ဘာလဲ .."

"ရှင့်ကောင်မလေးတွေနဲ့ .."

"သူငယ်ချင်းတွေပါ"

"ဟွန်း .."

"ဟုတ်တယ် .. တခြား မိန်းကလေးတွေလည်း ရှိသေးတယ်၊ ကျောင်းမှာတည်းက တို့တွေက အုပ်စုအတောင့်ဆုံးပဲ၊ အဲဒီထဲကနေ ရိုးရိုးသားသားပဲ ခုချိန်ထိ ခင်နေကြတာလည်း ရှိကယ်၊ ညားကုန်ကြတာတွေရော.. ဟိုတစ်ခါ မင်း ကိုယ့်ကိုအထင်လွဲတဲ့ စုံတွဲတွေမျိုးပေါ့"

သူ့ကို စွပ်စွဲမိ၊ ကိုယ့်ကိုစွပ်စွဲလို့ စိတ်တိုမိနှင့် သက် နဲ့သူ အိမ်ချင်းကပ်နေပြီး နားလည်မှုတွေ လွဲနေခဲ့တာ ခုချိန်ထိ ..။

"ရှင်ကတော့ သူငယ်ချင်းဆိုတော့ ပြစရာ ရှိပါတယ်၊ ကျွန်မကသာ ဆွေမျိုးဖြစ်ပြီး ဆွေမျိုးလိုလည်း မကောင်းခဲ့ဘဲနဲ့ လာလာပြီး





ဒုက္ခပေးနေတာ"

"ဟိုနှစ်ယောက်လား .."

"အင်း .."

သက် က ကားလာတာမြင်တာနှင့် သူ့လက်ထဲက ချိုင့်ကို လက်လှမ်းသည်။ ရေခါး က သက် ရဲ့လက်ကို ဆုပ်ကိုင်ထားလိုက်ကာ...

"နောက်ကားလာမှ စီးပါ၊ စကားပြောရအောင်"

"ရှင်လည်း ပြန်မှာမို့လား၊ အိမ်မှာ ပြောလည်း ရတာပဲ"

"မရဘူး၊ မင်းလည်း အလုပ်ပါလာတယ်မို့လား"

သူက ဗိုင်ကိုပြပြီး ပြောလိုက်ရင်း ...

"အိမ်အလုပ်တွေက တစ်ဖက်နဲ့ ပြောဖြစ်ကြမှာလည်း မဟုတ်ဘူး၊ မင်းနဲ့ငါ နီးနီးလေးနေကြပြီး မပြောမဆိုဖြစ်တာတွေ များနေလို့ ခဏခဏ ရန်ဖြစ်နေရတာ၊ စကားတွေပြောရင်း နားလည်မှုယူထားကြရင် မကောင်းဘူးလား"

တကယ်တော့ သက် နဲ့ဟိုတစ်ယောက် ပြောခဲ့ကြသည့် ကိုယ်ဝန်ကိစ္စကို သူ သေချာသိချင်နေတာ ဖြစ်သည်။

ခါးသက်ချို ဆိုသည့် မိန်းကလေးကို စိတ်ဝင်စားလွန်းလို့တော့ မဟုတ်၊ ဒါပေမယ့် ဘယ်လိုမိန်းကလေးလဲဆိုတာ သိထားဖို့တော့ လိုသည် ထင်သည်။

ခုဆို ကလေးချင်းကလည်း ဟိုအိမ်ဒီအိမ် သတ်မှတ်ခွဲခြားနေတော့တာ မဟုတ် ..။

နှစ်အိမ့်တစ်အိမ်လို ကူးလူး ပြေးလွှားနေကြတာမို့ မသိသင့်ဘူးလား ..၊ မေးမလို့ အမျိုးမျိုး အားယူနေရင်း ပါးစပ်က ဘယ်လိုမှ မထွက်ခဲ့ပေ။

ကိုယ် စွပ်စွဲလိုက်တုန်းက ဘာမှမဖြေရှင်းဘဲ ငိုရှိုက်ရင်း ပြေးထွက်သွားသည့်ပုံရိပ်က 'သွားမမေးနဲ့ ထားလိုက်တော့'လို့ တားမြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်နှယ် ...။

"ရှင် တစ်ခုခုပြောဖို့ ရှိတယ်မို့လား၊ ပြောလေ .."

"ဩော် .. ထွေထွေထူးထူး မဟုတ်ပါဘူး၊ ငါတို့တွေ နီးနီးနေကြပြီး စိမ်းနေကြသလို ခံစားမိလို့ စကားပြောချင်တာ"

သက် က ပြုံးလိုက်ရင်း ...

"ကျွန်မတို့မှာ လိုအပ်နေတာက ချို့ယွင်းချက်တွေ၊ လိုအပ်ချက်တွေ မြင်ရတိုင်း ထင်သလို မြင်သလို ဆွဲမတွေးဖို့ပဲ"

"ဘယ်လို!..."

"ဟုတ်တယ်လေ .. ဥပမာ ဆင်းရဲတဲ့မိန်းကလေးဆိုရင် ချမ်းသာချင်မှာပါ၊ ဝတ်ချင် လှချင်နေမှာပဲလို့ တန်းတွေးကြတယ်၊ ပတ်ဝန်းကျင်မှာရော အဲဒီလိုမိန်းကလေးတွေကို ပြုံးပြုံရှာဖွေနေတဲ့ လိုင်စင်ရ စပွန်ဆာဘိုးဘိုးကြီးတွေရောပဲ"

"ဟား .. ဟား .."

သူ ရယ်တော့ သက် က ပြောနေရင်း လိုက်ရယ်မိကာ ...

"လိုအပ်ချက်ဆိုတာ လူတိုင်းမှာ ရှိနေကြပေမယ့် မိန်းကလေးတိုင်းမှာ အဲဒီလို တရားလွန်လောဘ မရှိကြပါဘူး၊ လိုအပ်နေတိုင်း လိုချင်နေကြတာ မဟုတ်ဘူး၊ ကိုယ့်ဘဝနဲ့ကိုယ် သင့်တင့်ရုံ ဘယ်လိုနေတတ်ရမယ်ဆိုတာ သိတဲ့ မိန်းကလေးတွေ အများကြီးပဲ၊ ရှင် ကျွန်မကို အဲဒီလို နားမလည်ခဲ့လို့ ကျွန်မတို့ ပြဿနာတက်ရတာ"

"မင်းလည်း ကိုယ့်ကို နားလည်ခဲ့လို့လား"

"အခု အားနည်းချက်တွေကို ရှာဖွေဖော်ထုတ်ပြတာလေ၊ ရှင့်ကိုပဲ အပြစ်တင်နေလို့လား"

"ပြီးရော"

"ဟွန်း .."

လူကိုက အနိုင်မခံ အရှုံးမပေးတဲ့စိတ်လေး လက်တစ်ဆစ်နဲ့..





သက် က မျက်စောင်းရှယ်ပြီးမှ မျက်နှာလွှဲပစ်တော့ ရေခါး က ကိုယ့်အပြစ်ကို သိပြီး ရယ်သည်။

ဘာလိုလိုနဲ့ ရေခါး ဆိုတဲ့ကောင် မိန်းကလေးတစ်ယောက်ကို အငမ်းမရ သေလုမြောပါး လိုက်ချော့နေရပါလား ...။

ဒီအချိန်မှာ ရာဇဝင်ဟောင်းကြီးကို ဖျတ်ခနဲ သတိရမိ၏။ ဟိုတုန်းကဆိုရင်တော့ 'နှစ်ပါးသွားလေး ကချင်ပြီ'လို့ စာတစ်ကြောင်း ရေးလိုက်တာနဲ့ ရေခါး ဘေးမှာ မင်းသမီးလေး တစ်ယောက် ...။

ခု မင်း ပြောကြည့်လိုက်စမ်း ရေခါး၊ ဘာဖြစ်သွားမယ် ထင်လဲ...။ အသေအချာ ကွဲသွားနိုင်တာပေါ့ ...၊ ပါး ...။

၊ ပြီ ၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၉]

"တီတီ .. မီးမီးကို လာခေါ်နော်"

"ကိုကို .. ညီမလေး ပြန်လာမှာ သိလား .."

သမီးလေးရဲ့စကားသံကို ထပ်တလဲလဲ ကြားနေမိကာ အလုပ်လုပ်ရတာလည်း စိတ်မပါတော့ပေ။

မနော ကို မနက်အစောကြီးကတည်းက သူ့အဘိုးကိုယ်တိုင် လာခေါ်သွားသည်။ ကျောက်မြောင်းအိမ်မှာ သူ့အဘွား စောင့်နေသည်လို့ ဆို၏။

"သံတွဲထိ ခေါ်မသွားပါဘူး၊ သူ့အဖေမှ မရှိတာ၊ ဟိုထိခေါ်လည်း ကလေးက လိုက်မှာမဟုတ်ဘူးဆိုတာ ဦးလေးတို့ သိပါတယ်၊ သူ့အဘွားက သူ့မြေး မသေမပျောက် ကျန်နေသေးတယ်ဆိုတာကို ဝမ်းသာလွန်းလို့ စိတ်ကျေနပ်အောင် ကြည့်ရုံပါပဲ"တဲ့။

အပြောကတော့ ယဉ်သည်၊ ကလေးကို အိမ်မှာပဲ ဂါဝန်အသစ်နဲ့ ဖိနပ်အသစ် လဲဝတ်ပေးကာ သက် ရှိစုမဲ့စုလေးနဲ့ ဆင်ထားသည့် ဂါဝန်ဟောင်းလေးကတော့ ပုံလျက်သား ကျန်ခဲ့၏။





"အန်တီ သူတို့က အပြီးခေါ်သွားရင် ဘယ်လိုလုပ်မလဲ" လို့ ကိုချစ် ကလည်း မေးရှာသည်။ နှစ်ယောက်တည်း အတူဆော့ ပြေးသွားနေကြသည်မို့ တစ်ယောက်ပဲ့သွားတော့ ကိုချစ် မျက်နှာလေး ငယ်ရင်း ကျန်ရစ်၏။

ဒီညနေ အိမ်ကို ဘယ်ရင်ဘတ်ကြီးနဲ့ ပြန်ရမလဲ ..။

သက် မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာပြန်သည်။ မျက်ရည်သုတ်လိုက်၊ အလုပ်လုပ်လိုက်နှင့် အပြစ်တွေ ဖြစ်သွားတာကိုလည်း သတိမရ ..။

"ခါးသက်ချို"

"ရှင်"

အနားမှာ စာရေးကြီး လာရပ်ခေါ်တော့ မော့ကြည့်လိုက်မိသည့် မျက်နှာမှာ မျက်ရည်စတို့ မစင် ..။

"ဘာတွေဖြစ်လာလို့ ဒီလောက် ကြေကွဲဝမ်းနည်းနေရတာလဲ"

"ဟို .. ကျွန်မ .."

သက် မျက်ရည် ထပ်သုတ်ပြီး ထရပ်လိုက်မိသည်။ တခြားစားပွဲက လူတွေကလည်း လှမ်းကြည့်နေကြသဖြင့် ကိုယ် ဘယ်လောက်ထိ သိသာနေသလဲဆိုတာ ပြန်တွေးဖို့ သတိရသွားမိသည်။ ဒါပေမယ့်...

"လူတိုင်းမှာ သောကတော့ ရှိတာပေါ့၊ ဒါပေမယ့် ဝမ်းစာရှာရတာလည်း လူတိုင်းရဲ့ဘဝပဲလေ၊ အိမ်က သောကတွေကို အလုပ်လုပ်တဲ့နေရာထိ ယူမလာသင့်ဘူးဆိုတာ ညည်း နားလည်သင့်တယ်"

"ဟုတ်ပါတယ် စာရေးကြီးရယ် .. ဟိုလေ .."

စာရေးကြီးက လက်ကာပြလိုက်ရင်း ...

"အဲဒါ မန်နေဂျာကိုသာ သွားပြောတော့၊ ညည်း တင်လိုက်တဲ့ စာရင်းတွေ ရှုပ်နေလို့တဲ့၊ အခု ခေါ်နေတယ်"

"ရှင် .. ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စက်တွေကျလို့ မှင်တွေပြားကုန်တာရော ရေးထွေးမှုတွေ တကယ်ရှိနေတာရော မန်နေဂျာ ဒေါ်မိမိလှ ကအားလုံး ထောက်ပြပြီး ဆူသည်။

သက် ခေါင်းငုံ့နေခဲ့ရ၏။ နောက်ထပ် ဆူခံထိပြီး ကျရောက်လာသည့် ရာဇသံတစ်ရပ်က ...

"ဒီညနေ မင်း ပြန်မသွားနဲ့၊ မနက်စောစော မညို စားပွဲမှာ ထပ်ရမယ့် ရီပို့တွေကို မင်း ပြီးအောင် လုပ်၊ အားလုံးရဲ့ ရီပို့တွေကို မင်းပဲ လုပ်ရမှာလို့ ပြောတာနော်၊ ပြီးရင် ငါနဲ့ သူဌေးအိမ်ကို လိုက်ပြီး စာရင်းကူရမယ်၊ ည ခုနစ်နာရီခွဲမှ မင်း ပြန်ခွင့်ရမှာ"တဲ့ ...။

သက် နာခံရုံအပြင် မရှိတော့ပါ။ ကိုယ့်ရဲ့ မှားယွင်းမှုတွေက အလုပ်က ထုတ်ပစ်နိုင်တဲ့အထိ ကြီးမားသွားတာကို သိသည်။ ထို့ပြင်...။

ဒီအလုပ်ကနေ ပြောင်းဖို့စိတ်ကူးရှိတာတောင် ပြောင်းမှာမို့လို့ အလုပ်ကို မျက်နှာလွှဲခဲပစ် လုပ်လိုက်သည်လို့တော့ နာမည်ပျက်နှင့် မကျန်ရစ်စေချင် ...။

"ဘယ်လိုဖြစ်တာလဲ သက်"

ခါတိုင်းလိုပဲထင်ကာ အလုပ်ဆင်းချိန်မှာ ရောသောထွက်ခဲ့ပြီး သက် ကို မမြင်တော့မှ ရေခါး ပြန်ဝင်လာပြီး မေးသည်။

သက် က ဒီနေ့ အချိန်ပိုဆင်းပေးရမှာကို ပြောပြရင်း လက်ကလည်း တစ်ချက်မှ မနား၊ ရေခါး စိတ်မကောင်းဖြစ်သွားကာ နာရီဆီ လှမ်းကြည့်မိ၏။

ဒီနေ့ကျမှ သူ့မှာလည်း သွားစရာက ရှိနေသည်။ သက် ဒီနေ့ စိတ်ဆင်းရဲ ကြေကွဲနေမှာကိုသိလျက်နှင့် သူမ အတိမ်းအစောင်း မရှိရအောင် နှစ်သိမ့်ဖေးမပေးရမှာကို သူ ပျက်ကွက်ခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိ၏။

"မင်းကို ငါ ဝိုင်းကူချင်ပါတယ်၊ ဒါပေမယ့် ငါလည်း .."





"မရဘူး .. မန်နေဂျာက တစ်ခါတည်း ပြောလိုက်တာ၊ ကိုယ့်တာဝန်ကို ကျေပြွန်အောင် ကိုယ့်ဖာသာပဲ လုပ်ပါတဲ့"

"မင်း ပြန်ချိန်နောက်ကျမှာကျတော့ သူ ဘာလုပ်ပေးမယ် ပြောလဲ"

"တစ်ခုခုတော့ စီစဉ်ပေးလိုက်မယ် ပြောတာပဲ၊ ရှင် စိတ်ဖြောင့်ဖြောင့်ပြန်ပါ၊ အိမ်မှာ ကိုချစ် က ကစားဖော်မရှိဘဲ တစ်ယောက်တည်း နေရရှာမှာ ..၊ ကျွန်မ ဒီအချိန် သွားလာဖူးပါတယ်"

ခါးတစ်ဖက်ထောက်၍ ဆံပင်တွေထဲ လက်ထည့်ဖွရင်း သူ တော်တော်နဲ့ ထွက်မသွားနိုင် ..၊ ပြီးတော့မှ ...

"ဒီလိုလုပ် .. မင်း ပြန်ချိန်လောက်မှန်းပြီး ငါတို့သားအဖ လာကြိုမယ်၊ မင်း ထွက်မလာခင် ကြိုရောက်နေရမယ်ကွာ .. ဖြစ်တယ်မို့လား"

ဒါကို စိတ်ပူရင်း ကြောက်စိတ်တွေလည်း ဖြစ်နေတာမို့ သူ့ကို ကျေးဇူးတင်သွားမိသည်။ တကယ် လှိုက်လှိုက်လှဲလှဲ ပြုံးပြပြီး ခေါင်းညိတ်လိုက်မိရင်း ...

"ကျေးဇူးတင်ပါတယ်၊ ဟိုလေ ကလေးနဲ့ ရှင် အဆင်ပြေပါ့မလား"

သက် ဝမ်းသာသွားတာကို သူ မြင်လိုက်သဖြင့် ရေခါး က ပြုံးသည်။

"ကလေးတော့ ကလေးပေမယ့် ကိုချစ် က အရမ်းပါးနပ်ပြီး နားလည်တတ်တဲ့ချာတိတ်ပါ၊ မင်း ဒီလိုကျန်ခဲ့တာကို ပြောပြလိုက်ရင် ကိုယ် မပြောဘဲနဲ့တောင် သွားကြိုရအောင်ပါလို့ သူ ပြောမှာ သေချာတယ်"

သက် ကြေကွဲနေတဲ့ ခံစားချက်တွေကြားထဲကနေ ကြည်နူးသွားမိသည်။ ရန်ကုန်ရောက်လာခဲ့ပြီးသည့်အချိန်မှစ၍ ဒီနေ့အထိ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ကို မဆိုထားနှင့်၊ မိန်းမသားချင်းဆီကတောင် ဒီလို နွေးထွေးသည့် နားလည် ကူညီမှုမျိုးကို မရခဲ့ဘူးပေ ..။

ခွေမျိုးဆိုတာလည်း ခွေမျိုးပါပဲ။

"ဒီမှာ ခဏထိုင်ဦး ..၊ ဖိုင်တွေကို မဖွနဲ့ဦးနော်၊ မင်းကို သူဌေးက ပြောစရာရှိတယ်တဲ့၊ ပြီးမှ အလုပ်လုပ်ကြမယ် .."

"ဟုတ်ကဲ့ မမလဲ့"

တဖိတ်ဖိတ်လက်နေသည့် မီးဆိုင်းတွဲကြီးကို မော့ကြည့်ရင်း သက် ရဲ့ မျက်လုံးတွေက ချမ်းသာကြွယ်ဝကြသူတို့၏ အဆောင်အယောင် အခမ်းအနားတွေဆီ ဝေ့ပတ် ငေးမိသွား၏။

ထိုစဉ် မွှေးပျံ့သင်း ရေမွှေးနံ့တစ်ချက် ဝေ့လာကာ သက် ရဲ့ နောက်ကနေ လျှောက်လာသည့်အရိပ်ကို တွေ့လိုက်၏။

"မင်းကို ပြောစရာရှိလို့ တမင် ခေါ်ခိုင်းလိုက်တာ"

သူဌေး ဒေါ်သီရိရတနာ သည် ပုံကျလှပသည့် ဆံပင်၊ နားကွင်းဝိုင်းကြီး လှုပ်ခတ်နေလျက် မိန်းမပျိုလေးတစ်ယောက်လို သက် ရဲ့ရှေ့ကို ရောက်လာ၏။

ပြင်သလောက် လှပဲ လှနိုင်လွန်းသူပါ၊ မိန်းမချင်းပေမယ့် သက် ငေးနေမိသည်။

ဒေါ်သီရိရတနာ က သက်·ကို စာနာသနားနေသည့် ကရုဏာ မျက်ဝန်းတို့နှင့် ကြည့်၍ ပြုံးပြ၏။

"မင်း ဒီကို လာဖူးတယ်နော်"

"ဟုတ်ကဲ့"

"တစ်ခါမှတော့ စကားမပြောဖြစ်ဘူးထင်တယ်၊ ဒါပေမယ့် မင်းကို မြင်ကတည်းက စိတ်ထဲမှာ ထူးခြားတဲ့ ရင်းနှီးမှုမျိုး ခံစားရတာ"

မန်နေဂျာ ဒေါ်မိမိလဲ့ ကို မတွေ့ရတော့ပါ။ တမင် ခေါ်ခိုင်းလိုက်သည်ဆိုတာ ဒီနေ့ညလား ..၊ ဒါဖြင့် သက် အလုပ်လုပ်တာ မှားယွင်း





လို့ အလုပ်ကြွေးဆပ်ရတာ မဟုတ်ဘူးပေါ့ ..။

ဒါမှမဟုတ် နှစ်ခုစလုံးက ဒီညမှာ တိုက်ဆိုင်သွားတာလား ..၊ သူဌေးက တွေ့ချင်သည်ဆိုတာမျိုးကို အထူးသဖြင့်တော့ ဝမ်းသာကြမှာပါ။ သက် ဝမ်းမသာခဲ့ဘဲ ရင်ခုန်သံတချို့ ခလုတ်တိုက်လာကြတာ ဘာကြောင့်မှန်း မသိ ..၊

အကြောင်းရင်းသည် ဝန်ထမ်းတွေထဲမှာ သူမသာလျှင် အမှားအယွင်းများစွာနှင့် ဆူခံထိခဲ့တာတွေ မကြာခဏ ရှိခဲ့သူ ..။

"မင်း အိမ်ပြန်ချိန်ဆိုတော့ ဆာနေမလား မသိဘူး၊ စားစရာတစ်ခုခု .."

"ရပါတယ် သူဌေးရယ် .. မဆာပါဘူး၊ သက် ကို တွေ့ချင်တာ ဘာများလဲဟင်"

"မင်းက အရမ်းချစ်ဖို့ကောင်းလို့"

"ရှင်!..."

"အဟွန်း တကယ်ပြောတာပါ၊ စာရွက်ဖြူလေးတစ်ရွက်လိုပဲ၊ မိတ်ကပ်ကာလာ ဘာမှမတင်ခဲ့တဲ့ မင်းရဲ့မျက်နှာလေးမှာ ချွေးတွေ စို့နေတာတောင် ပါးပြင်လေးတွေမှာ စိမ်းနု ဝင်းဖန့်နေတာ တို့ မြင်ခဲ့တယ်၊ ပြီးတော့ ကိုယ်လုံးလည်း လှတယ်၊ နှုတ်ခမ်းပါးလေးတွေနဲ့ မင်းရဲ့မျက်လုံးတွေက ချစ်ဖို့ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ်ကွာ .. မင်းကို သေချာမြင်လိုက်ရင် သဘောမကျတဲ့သူ မရှိနိုင်ဘူး"

ကိုယ့်ကို နတ်သမီးတမျှ လှပါသည်လို့ ပြောရင်တောင် သက် ဝမ်းသာဖို့ မေ့နေမိမှာ အမှန်ပဲ ဖြစ်သည်။

ဒီည ခေါ်တွေ့တဲ့ကိစ္စထူးက အလှတွေ ငှီကာချဲ့ဖို့ သက်သက်လား ..၊ မဟုတ်နိုင်မှန်း သိနေသဖြင့် သက် ရင်ခုန်သံတွေ အမြန်နှုန်းနှင့် ကြွတက်လာကြသည်။

ဒေါ်သီရိရတနာ ၏မျက်ဝန်းတွေက အစိမ်းရောင်နုနု ပြုံးလို့လဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ကော့တို့ဖြင့် သက် ရဲ့တစ်ကိုယ်လုံးကို ဝေ့ဝဲကြည့်လို့ မပြီးနိုင် ..။ ဘာတွေ ဖြစ်ကုန်ပြီလဲ ..။

ညသည် စောစီးစွာ ငိုက်မျဉ်းနေသကဲ့သို့ တိတ်ဆိတ်ခြင်းက အချိန်အခါမဟုတ်ဘဲ ကြီးစိုးနေ၏။

"ခါးသက်ချို"

"ဟုတ် .. ဟုတ်ကဲ့ ပြောပါ သူဌေး"

"မမလို့ပဲ ခေါ်လို့ ရပါတယ်၊ မင်းတို့အလုပ်ရဲ့ သူဌေးက တို့မှ မဟုတ်တာ၊ ဦးကျော်ဇော ပဲလေ"

"ဟုတ်ကဲ့"

သူဌေး ဦးကျော်ဇော ကို တစ်ခါမှ မမြင်ဖူးတဲ့အကြောင်းလည်း မပြောဖြစ်ခဲ့ပါ။ စိတ်ထဲမှာ ဒေါ်သီရိရတနာ ရဲ့စကားတွေ ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ချိတ်ဆက်နေသလဲဆိုတာကိုပဲ ပြင်းပြစွာ သိချင်နေခဲ့သည်။

"မင်းမှာ အစ်မကမွေးခဲ့တဲ့ တူမလေးတစ်ယောက်နဲ့ ရှန်းကန်နေရတာလို့ ပြောတယ်၊ ဟုတ်လား .."

"ဟုတ်ကဲ့ .. မမက ရန်ကုန်ကိုအလာမှာ မထင်မှတ်ဘဲ ဆုံးသွားတော့ သမီးလေးကို သက် ပဲ စောင့်ရှောက်ခဲ့တာပါ"

"မင်းတို့မှာ အုပ်ထိန်းသူတွေ၊ မိဘတွေ ဘာမှမရှိတော့ဘူးပေါ့"

"ဟုတ်ပါတယ် မမ၊ နယ်မှာ မိဘ လက်ငုတ်လက်ရင်းလေးတွေတော့ ပျက်တာပျက်၊ ရှိတာရှိတော့ ကျန်ပါသေးတယ်၊ ဒါပေမယ့် ဆွေမျိုးရင်းချာ အကြီးအကဲတွေလည်း မရှိတော့တာနဲ့ ညီအစ်မနှစ်ယောက် ဒီမှာ အတူတူနေကြဖို့ တိုင်ပင်ခဲ့ကြတာ"

"သြော် စိတ်မကောင်းစရာပဲ၊ မင်း သတ္တိကောင်းသားပဲနော်"

သက် ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ဒါပေမယ့် မပြည့်စုံတဲ့ဘဝနဲ့ မိန်းမပျိုနှစ်ယောက် ရပ်တည်ဖို့ဆို





တာ အဖက်ဖက်မှာ ချို့ယွင်းချက်တွေ ရှိလာမှာပဲနော်၊ ဆင်းရဲတဲ့အတွက် နေရတဲ့အိမ်က မလုံခြုံနိုင်သလို အပျိုစင်လှလှပပလေး ဖြစ်နေတော့ ဘဝအတွက် အန္တရာယ်ရှိလာမယ်"

"ဟုတ်ပါတယ် .. ဒါပေမယ့် ပေးလာတဲ့ကံကြမ္မာကို ရှောင်လွှဲလို့မှ မရတာ မမရယ် .. အားငယ်လာတဲ့အခါ ပတ်ဝန်းကျင်မှာ ငါ့လို လူတွေ အများကြီးရှိသေးတယ်ဆိုတဲ့ အသိလေးနဲ့ ဒီလိုပဲဖြေရတာပေါ့"

"ပတ်ဝန်းကျင်လူတွေနဲ့မှ မတူတာ၊ ညီမက အဲဒီထဲမှာ ရောသောလောင်ကျွမ်းမနေသင့်ဘူးလေ"

သူ့ဟာသူပြောရင်း ဘာကိုသဘောကျသွားမှန်း မသိဘဲ ဒေါ်သီရိရတနာ က ပြုံးလိုက်သည်။

"မင်းရဲ့ဘဝကို တို့က မယုံနိုင်အောင် မြင့်တက်သွားတဲ့အထိ 'မ'တင်ပေးလိုက်ချင်တယ်၊ ပေးလည်း ပေးနိုင်တယ်၊ တစ်ခုရှိတာက ဒီလိုပြောင်းလဲမှုကြီးကို မင်းလိုမိန်းကလေးက အလကားယူချင်မှာ မဟုတ်ဘူး၊ တို့ဘက်မှာလည်း လိုအပ်ချက်လေးတစ်ခု ရှိနေတော့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ကူညီတဲ့သဘောလေးတွေ ထားပြီး လုပ်ကြည့်မယ်၊ မကောင်းဘူးလား"

"ဘာလုပ်ရမှာလဲဟင်၊ မမ ပြောတာကို သက် သိပ်မရှင်းလို့ပါ"

"ဒီလိုကွာ .. မင်း အိမ်စုတ်စုတ်လေး ငှားနေရတဲ့ဘဝကနေ ခြံဝန်းကျယ်ကြီးနဲ့ နှစ်ထပ်တိုက်လှလှလေးနဲ့ ကိုယ့်ပိုင်ဆိုင်မှုနဲ့ ကိုယ်နေနိုင်ရမယ်၊ လုပ်ကိုင်စားသောက်ဖို့ ငွေအရင်းအနှီးပါ ထိုက်သင့်သလောက် ထည့်ပေးဦးမှာ"

"အဲ့ .. အဲ့ဒီအတွက် သက် မှာ ဘာလုပ်ပေးနိုင်တာများ ရှိလို့လဲ မမရယ် .. အလုပ်ထဲမှာတောင် သက် နဲ့ တန်တဲ့ရာထူးအဆင့်က.."

"အဲဒါတွေနဲ့ ဘာမှမပတ်သက်ဘူး ညီမ၊ တို့က မင်း အရမ်းလှတာကို သဘောကျတာ၊ ပြင်ဆင်ပြီး အစွမ်းကုန်လှနေတဲ့ အလှတွေ



www.burmeseclassic.com

www.burmeseclassic.com



ထက် နုနုသန့်သန့်လေးနဲ့ ဖြူစင်တဲ့အလှမို့လို့ ပိုပြီး ကျေနပ်တာ၊ သူလည်း ဒီတိုင်းပဲ ရှိနေတော့ ..”

“ရှင်!...”

“လာ .. ခဏလိုက်ခဲ့၊ မင်း နားလည်အောင် ပြောပြမယ်”

ဒေါ်သီရိရတနာ နေရာမှ ထလိုက်တော့ သက် ကိုပါ လက်ကမ်းပေး၏။ ကိုယ့်လက်ကို ယောင်နနလေး ထည့်ပေးမိရင်း ခြေလှမ်းတိုင်းမှာ ထိတ်လန့်တုန်လှုပ်ခြင်းက ကြီးစိုးလာခဲ့သည်။

ဒီလူတွေဟာ မဟုတ်မဟပ် စီးပွားရှာနေကြသည့် နာမည်ပျက်မျိုးတွေလည်း ရှိတယ်လို့ မကြားဘူးပါ။

မကြီးကျယ်သေးသည့် ကုမ္ပဏီတစ်ခုပေမယ့် အားလုံးက အမှန်အကန်တွေပဲဆိုတာ သက် သိသည်။

ထို့ကြောင့် ဒေါ်သီရိရတနာ နောက်ကို ထက်ချပ်မကွာ လိုက်ပါသွားခဲ့သည့် ခြေလှမ်းတို့ဟာ ...။





အခန်း [၃၀]

ရန်ကုန်မှာ ဆယ့်နှစ်ရာသီစလုံးပဲ မိုးရွာနေတော့မလား မသိ..။ နွေလည်း မိုး၊ ဆောင်းလည်း မိုး ..။

ခပ်ဖွားဖွားကနေ ခပ်စိပ်စိပ်ဖြစ်လာသည့် မိုးစက်တွေကြောင့် ထီးဖွင့်ဆောင်းလိုက်ရ၏။

“သား မလိုက်တော့ဘူး၊ ဖေကြီး ထီးယူသွားဦးနော်၊ မိုးဖွားတွေ ခဏခဏကျနေတာ”တဲ့။ သားရဲ့ အမြော်အမြင်ကြီးမှုကြောင့် ထီးတစ်ချောင်းပါလာတာကို တွေး၍ ပြုံးလိုက်မိ၏။

သူ ထွက်လာခဲ့တာ ခုနစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်ဆိုတော့ ကားစီးတာနှင့် ဒီမှာ ရောက်တဲ့အချိန် တွက်ကြည့်လျှင် ခုနစ်နာရီခွဲတော့ မကနိုင်တော့ဘူး ထင်သည်။

နာရီနဲ့ကိုယ် အိုးစားကွဲသွားသည်နှင့် အချိန်မှန်းရတာလည်း တစ်လုပ် တစ်ရှုပ်ပင် ..။

သူ့ခြေ ဦးကျော်ဇော၏တိုက်ကြီးကို မမြင်ရပေမယ့် ခြံထဲက ထွက်လိုက်တာနှင့် သက် ကို သူ တွေ့နိုင်သည့်နေရာမှာ စောင့်နေခဲ့တာ မိနစ်နှစ်ဆယ်လောက်ရှိပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စောစောပြန်ခိုင်းလိုက်လို့ သူ့ကို မစောင့်ဘဲ သက် ပြန်သွားတာလား ..၊ နာရီတစ်လုံးကို တမ်းတမိရင်း မှောင်မိုက်နေသည့် လမ်းထဲကို မျှော်ကြည့်မိပြန်သည်။

နာရီတကြည့်ကြည့်နှင့် စောင့်နေရရင်တောင်မှ ဘယ်လောက်ကြာသွားပြီး ဘယ်ထိ ဆက်စောင့်ဦးမည်ဆိုသည့် အစီအစဉ်တွေနှင့် ရင်မောရတာ အမိပွှာယ်ရှိလိမ့်ဦးမည်။

ခုတော့ ကိုယ်ကပဲ မျှော်နေရလို့ စိတ်စောနေတာလား၊ သက်တကယ်ပဲ ခုထိ မပြန်ရသေးတာလား ..။

ဘာမှန်းမှုကို မသိရတာ ဖြစ်သည်။

နောက်ဆုံး မီးကင်းပေါင်းပေါ်မှာ ထိုင်နေရာကနေ ထရပ်လိုက်မိသည်။ အမိုးမလုံတဲ့ပေါ်က ကျလာသည့် မိုးစက်တွေထက် တိုက်ရိုက်ပြေးဆင်းလာသည့် မိုးစက်တွေက ဒေါသပိုကြီးနေကြသည်။

ထီးကို အောက်ကိုထပ်နှိမ့်ဆောင်းကာ မှောင်ရိပ်ထဲကိုပဲ တိုးဝင်ခဲ့မိ၏။ အရိပ်အခြည်ကြည့်ပြီး လူတွေ့ရင်လည်း မေးဖို့ ဖြစ်သည်။ သို့သော် ...

"ခါးသက်ချို"

အံ့ဩသလို ဖြစ်ကာ သူ့ခြေလှမ်းတွေပါ ရပ်တန့်သွား၏။ သူ့ရှေ့ခြံဝင်းထဲကနေ ထွက်လာတာ ကားကြီးနဲ့လည်း မဟုတ် ..။

အချိန်မတော်ပြီမို့လို့ ထီးလေးဆောင်း၍ ချိုင့်လေးဆွဲရင်း ခြေလှမ်းသွက်သွက် လှမ်းလာတာဆိုလည်း သူ အံ့ဩမှာ မဟုတ်ပေ ..။

ခုတော့ သက် ကို သူ မြင်လိုက်ရတာ အားသွန်ခွန်စိုက် ပြေးထွက်လာတာ ဖြစ်သည်။ ငုံ့ထားသည့်မျက်နှာမှာ လက်ခုံနုနုနှင့် ဖိကပ်ထားခြင်းကြောင့် သူမ ငိုရှိုက်နေမှန်းလည်း သိလိုက်၏။

တစ်ချက်မှ မမော့ဘဲ အတင်းစွတ်ပြေးလာတာဖြစ်ကာ လက်ထဲမှာ ဘာပစ္စည်း တစ်ခုတလေမှ မပါ ..။





သူမ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ခဲ့ရပြီလား ..။

"ဟိတ် .. သက်"

"ကိုရေခါး"

ရှေ့ကနေ ပိတ်ကာ၍ ပခုံးနှစ်ဖက်ကို ဖမ်းဆွဲထားလိုက်မှ ပြူးဝိုင်းနေသည့် မျက်ဝန်းလေးတွေ သူ့ဆီ အလန့်တကြား ရောက်လာသည်။ ပြီးတော့ ...

"အဟင့် .."

ဘာမှမပြောဘဲ ရင်ခွင်ထဲမှာ ပြိုဆင်းခွေကျလာလျက် ရှိုက်ကြီးတငင် ငိုလေသည်။

"ဘာဖြစ်လာတာလဲ သက် .. ခါးသက်ချို ..၊ ခဏလေးရပ်ပြီး မော့စမ်းပါ"

"ဟင့်အင်း .."

သက် ခေါင်းခါပြီး ငိုနေလေ သူ့ရင်တွေ ယောက်ယက်ခတ်လာလေ ..၊

"မင်းကို ဟိုလူ ဦးကျော်ဇော .."

"ဟုတ်တယ် .. အဲဒီလူကြီး .."

"ဘာ!..."

ရေခါး ဆတ်ခနဲ တောင့်ခါသွားတော့ သက် ခေါင်းတခါခါနှင့် သူ့ခါးကို ဖက်ထားမိကာ ...

"သက် ဘာမှမဖြစ်ဘူး .. ဘာမှမဖြစ်ခဲ့ဘူး ရေခါး၊ ဒေါ် .. ဒေါ်သီရိ က သက် ကိုလေ .."

"ပြောစမ်းပါ .. ဘာတွေ ဖြစ်လာတာလဲလို့"

ထီးလည်း ဘယ်တုန်းက လွတ်ထွက်သွားသည် မသိ၊ နှစ်ယောက်စလုံး၏ကိုယ်မှာ မိုးစက်တွေကြောင့် ရေစိုရွဲကပ်လျက် ..

"သက် ကို .. သက်ကိုလေ .. သူ့ယောကျ်ားကို မြူစွယ်ပေါ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သက် မော့ပြီး ပြောနေတော့ မျက်ဝန်းမှာ မိုးရေတွေလား .. မျက်ရည်တွေလား မသိဘဲ ပြည့်သိပ်လျက်နှင့် ...

"သူ့ယောကျ်ားက လူ .. လူဖြစ်ရှုံးတဲ့ရောဂါ ရနေလို့ သက်က ပြုစုပေးမယ်ဆိုရင် ပြန်ကောင်းလာတာနဲ့ ခြံနဲ့ တိုက် .."

"တောက် .. တော်တော့"

တကယ် စော်ကားခံခဲ့ရသည့်အဖြစ်ထက်တောင် နားထဲမှာ ခါးသီးသွားခဲ့သည်။

ငွေရှိတိုင်း လဲယူနိုင်သည်ထင်ပြီး မိန်းမပျိုလေးတစ်ယောက်ကို ဒီလောက်ထိ ပက်ပက်စက်စက် ပြောရဲသည်။

ဘယ်လို သတ္တဝါတွေလဲ ...၊

နောက်ထပ် တက်ခေါက်မိပေမယ့် သက် ရဲ့မျက်နှာလေးကို လက်နှစ်ဖက်နဲ့ မော့ယူကြည့်မိတော့ အဆမတန် သနားမိသည်။

အိမ်ထဲထိခေါ်ကာ ဘာတွေပြပြီး ဘာတွေခိုင်းခဲ့သည် မသိ ...။ ဒီလောက် ရှက်ရွံ့ထိတ်လန့်ပြီး ငိုကြွေးလာတဲ့အထိ ဖြစ်ရသည်။

"မငိုနဲ့တော့ .. ငါ မင်းအတွက် အလုပ်တစ်ခုခု အဆင်ပြေအောင် ရှာပေးမယ်"

မငိုနဲ့တော့ဆိုမှ ငိုချင်သည်။ မျက်ရည်တွေ သုတ်ပေးနေကာမှ ထပ်ကျမိ၏။

မှောင်ရိပ်ရှိနေပေမယ့် တစ်ယောက်မျက်နှာကိုတော့ တစ်ယောက်က မြင်နေရတာမို့ မျက်လုံးချင်း စူးစိုက်ငေးမိစဉ် ယုံကြည်အားကိုးခြင်းတွေသာ ဖြစ်လျက် ...

"ကျေးဇူးတင်ပါတယ်၊ သက် .. သက် ရှင့်ကို တကယ်ပါ"

ရေခါး က ပြုံးလိုက်ပြီး သက် ရဲ့ဆံပင်ရေစိုစိုတွေကို နားသယ်စပ်လေးနှစ်ဖက်ကနေ သိမ်းဖယ်၍ မျက်နှာ ပိုင့်လိုက်သည်။

ပြီးတော့...





"မင်းလည်း တကယ်ပဲ ယုန်လေးတစ်ကောင်နဲ့ တူတယ်"

စိတ်ထဲမှာ တိမ်းမူးသွားခဲ့သော နူးညံ့ခြင်းတစ်ချက်နှင့် သက်ရဲ့ပါးလေးတစ်ဖက်ကို လက်ဖျားနှင့် ဆတ်ဆတ်လေး ပုတ်ဆော့မိသည်။ ပြီးတော့ ပခုံးလေးကိုဖက်၍ လာခဲ့တဲ့အတိုင်း အတူတူ ပြန်လှည့်၏။

မိုးစက်တွေအောက်မှာ ရေစိုစို ဝင်းစက်နေတဲ့ မိန်းမလှလေးကို ဖက်ပြီး ညဘက် အတူတူ ဘယ်ကောင် လမ်းလျှောက်ဖူးမှာလဲ ...။

သူ့ဘဝမှာလည်း ဒါဟာ ပထမဆုံး ရင်ခုန်ကြည်နူးခဲ့ခြင်း ...၊ ဒါပေမယ့် နှစ်ပါးသွားကခဲ့တာတော့ မဟုတ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၁]

"အန်တီကြူ .."

"ဟော .. ခါးလေး ပါလား၊ လာလေ သား .."

ဒေါ်ကြူကြူ က ဖုန်းပြောနေရင်း လှမ်းနှုတ်ဆက်တာ ဖြစ်ကာ..

"ကိုယ့်ပါတနာတစ်ယောက်ရဲ့သားပါ၊ ညကျမှ တို့ ဖုန်းပြန် ဆက်လိုက်မယ်၊ ဒါပဲနော် .."

ဖုန်းချလိုက်ပြီး ရေခါး ထိုင်ဖို့ လက်နဲ့ပါ ညွှန်ပြ၍ လက်ဖက် ရည်နဲ့ မုန့် သွားယူခိုင်းလိုက်သည်။

"ထူးထူးဆန်းဆန်း ဘယ်လို မျက်စိလည်ပြီး ရောက်လာတာလဲ"

"အန်တီကြူ့ ဆီကို တမင်လာတာပါ"

"ဟုတ်လား .. ကိစ္စအရေးတကြီးရှိပြီ ထင်တယ်၊ အန်တီလည်း စိုး ပြန်လာမယ်ကြားလို့ ဒီမှာ အလုပ်လက်စတွေပြတ်အောင် မနည်း ဖြတ်နေရတယ်"

"ဗျာ!..."

"ဩော် .. ကိုယ့်သူငယ်ချင်း ပြန်လာတဲ့အခါ ဒီမှာ အလုပ်တွေ ရှုပ်နေရင် အေးအေး ဘယ်လိုလုပ် တွေ့မလဲ သားရယ် .. ဒါနဲ့ ကလေး





ရဲ့အမေ နယ်ပြောင်းကနေ ပြန်လျှောက်တာ ရပြီဆို၊ ပြန်ရောက်လာ တာတောင် အန်တီ မသိဘူး၊ သမီးက မလတ် နဲ့တွေ့တယ်ပြောမှ အံ့သြသွားတယ်"

စိုး ဆိုတာက ကိုယ့်အမေ ဒေါ်ပြည့်ပြည့်စိုး ဖြစ်ကာ မလတ် ဆိုတာက သား ကိုချစ် ရဲ့အမေ နေရီဆုလတ် ဖြစ်၏။

ဒါပေမယ့် မာမီ မြန်မာပြည် ပြန်လာမယ်ဆိုတာလည်း သူ မသိ၊ မလတ် ရန်ကုန်ပြန်ရောက်လာတာ၊ တာဝန်နဲ့ ပြန်ခွင့်ရလာတာမှန်း လည်း မသိခဲ့ပေ ..။

ဒီနေရာကို ကိုယ့်ဖာသာ ရောက်လာပြီးမှ ဘာမှမပြောနိုင်ဘဲ ထိုင်လိုက်ရတဲ့အထိ ပါးစပ်ထဲမှာ 'အင်း' 'အဲ'ဖြစ်နေတုန်း ..။

"သားရေးသမီးရေးနဲ့ လာမယ်ဆိုတော့ ပိုပြီး အလေးထားရ တယ်လေ၊ ဒါနဲ့ မင်္ဂလာကိစ္စကို သားရဲ့မာမီက ပြောသေးလား"

"ဗျာ!..."

"သူ အခု အဲဒီကိစ္စ လုပ်ချင်တယ်ပြောတယ်၊ မထင်မှတ်ဘဲ မြန်မြန်ဆန်ဆန်ဖြစ်သွားမယ် ထင်တယ်၊ ဧကန္တ သား မြန်မာပြည်မှာ သားမာမီ စိတ်မချစရာတွေ လုပ်နေပြီထင်တယ်"

မဟုတ်တာတွေ ထင်နေပေမယ့် ဒေါ်ကြူကြူ မျက်နှာက အပြုံးပျက်ပေ ..။

Q Star စီးတီးမက်ရဲ့သူဌေး ဒေါ်ကြူကြူ က ရေခါး ဘာ ကြောင့် ရောက်လာတာကို မမေးသေးဘဲ သူ ပြောချင်တာတွေပဲ ပြော သွားသည်။

ဒေါ်ကြူကြူ ကို ဟိုအရင်ကတည်းက ရေခါး သိနေခဲ့သည်။ ဒက်ဒီ တစ်ယောက်တည်း နိုင်ငံခြားမှာ စီးပွားရေးလုပ်ငန်းတွေနဲ့ အခြေစိုက်ကြိုးပမ်းနေစဉ်တုန်းက ရန်ကုန်မှာ မာမီနဲ့ ကိုကြီးနဲ့ သူရယ် မိသားစု စုံစုံလင်လင် ရှိခဲ့ကြတာမို့ ဒေါ်ကြူကြူ အိမ်မှာ ဝင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးခဲ့တာ ဖြစ်သည်။

သူ့သမီးနဲ့ ကိုယ့်ကို လက်ထပ်ပေးမယ်ဆိုတာလည်း မာမီကိုယ်တိုင် စသလိုနောက်သလို ပြောနေကျမို့ သူ့အတွက် ဘာမှ မဆန်းပြားသည့်စကားသာ ...။

နောက်တော့ မာမီနဲ့ ကိုကြီးတို့ နိုင်ငံခြားနဲ့မြန်မာပြည်ကို အိမ်ဦးနဲ့ကြမ်းပြင်လို သွားလာရင်း သားရေးသမီးထက် စီးပွားရေးဘက်မှာ အားကြိုးမာန်တက် ဖြစ်သွားခဲ့၏။

ပြီးတော့ ကိုကြီးနဲ့ မလတ်တို့ လက်ထပ်ဖြစ်သွားသည်။ ထိုကိစ္စမှာလည်း ဒေါ်ကြူကြူ ကပဲ မိန်းကလေးရှင်ဘက်ကို ကမ်းလှမ်းပေးတာမို့ ဒေါ်ကြူကြူ နဲ့ကိစ္စက ထိုမှာပဲ ပြီးသွားပြီလိုလို ဘာလိုလို...။

ခု မပြီးသေးဘူး ဖြစ်ပြန်ပြီ ...၊

သူ့သမီးဆိုတာကို ခုချိန်ထိလည်း ရေခါး မမြင်ဖူးခဲ့ပေ။ သူ ရောက်လာခဲ့သည့်အကြောင်းက ...

"မေ့နေလိုက်တာ .. သား ရောက်လာတာကို မမေးမိဘူး၊ မြန်မာပြည်မှာ မိဝေးဖဝေးနဲ့ တစ်ယောက်တည်း နေတာဆိုတော့ အကူအညီများ လိုနေမလား၊ အန်တီကလည်း အိမ်ကိုပဲ သိတာလေ၊ သမီးကို မေးတော့လည်း အဲဒီအိမ်မှာ လူမနေဘူးဆိုတော့ .."

သူ့မျက်ခုံးတွေ ပင့်သွားပြန်သည်။ ကိုယ့်အိမ်ကို သူမက သိနေသလား၊ ဒါဆို သူကရော ...။

"သားက သူငယ်ချင်းတွေအိမ်မှာ နေတာ ထင်တယ်"

"ဟုတ်တယ် အန်တီ၊ သားလည်း ပျင်းနေမှာ စိုးတာနဲ့ .."

"အေးပေါ့ကွယ် .. ကလေးက ပျင်းရှာမှာပေါ့၊ အခု သူ့အမေ ပြန်လာပြီလေ၊ သူ့အမေနဲ့ ပေးမတွေ့ဘူးလား၊ ကလေးကရော မအေကို မတမ်းတဘူးလား"

"ပေးတွေ့ပြီးပါပြီ၊ မမ အပြီးပြန်လာတာကို ကျွန်တော် မသိဘူး





အဲဒါကြောင့် .."

"ဪ ဟုတ်လား .. မင်းနှယ်ကွယ် .. အဲဒါကြောင့် မလတ်က သူ့သားကို ရှာနေတာကိုး"

"ကျွန်တော် တမင် မတွေ့စေချင်လို့ ဝှက်ထားတာ မဟုတ်ပါဘူး၊ သူရှိနေမှန်း မသိလို့ သွားချင်ရာ သွားနေတာ"

"ဒါဆို အခု သားမာမီက မင်္ဂလာကိစ္စ စီစဉ်ဖို့ လာတော့မှာ၊ ကလေးကို သူ့အမေနဲ့ ပြန်ထည့်ဖို့ မင်း စိတ်မကူးသေးဘူးလား"

"အန်တီ အဲဒါတွေ ကျွန်တော် ဘာမှကို မပြောမဆိုဖြစ်လို့ ဘာမှ မသိသေးတာ တကယ်ပါ၊ အန်တီ မေးတာကို ပြန်မဖြေနိုင်တာလည်း ဆောရီးပါ အန်တီ ..၊ အခု လာတဲ့ကိစ္စက .."

"အန်တီက သမီးနဲ့တွေ့ပြီး စကားစမြည်လေးဘာလေး ပြောကြည့်ချင်လို့ အန်တီ့ဆီမှာ ခွင့်တောင်းတယ် မှတ်တာ"

ဖြစ်ရလေ .. ရေခါး ရဲ့ရာဇဝင်မှာ နှစ်ပါးခွင်မှာ ရယ်ရွှင်ဖွယ် ဖြစ်ဖို့ထက်ပိုပြီး အချစ်ရေး၊ အိမ်ထောင်ရေး ဘယ်တုန်းကမှ အရေး မပါခဲ့တာ မသိဘူးလား ..။

စိတ်ညစ်သွားခြင်းက ပြောလို့မထွက်ဘဲ ဆံပင်သပ်လိုက်ရင်း မျက်နှာလွှဲ၍ နှာခေါင်းတစ်ချက် ရှုံ့မိသည်။

"ပြောပါဦး ဘာများလဲ"

လို့ ဒေါ်ကြူကြူ ဆက်မေးလာမှ ...

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်အတွက် ဒီမှာ လောလောဆယ် အလုပ်တစ်နေရာလောက် ရနိုင်မလားလို့ပါ"

"ဘယ်လို !..."

ဒေါ်ကြူကြူ မျက်နှာကြီး ရှေ့ထွက်လာသည်။ ထို့နောက် ပြောင်းလဲနေသည့် ရေခါး ကိုယ်ပေါ်က အဝတ်အစားတွေကို ခုမှ သတိထားမိသလို အထက်အောက် အပြန်ပြန်အလှန်လှန် ကြည့်နေရင်း အံ့



www.burmeseclassic.com

www.burmeseclassic.com



တညြ ..။

"မင်း .. မင်း တစ်ခုခု ဖြစ်နေသလား ရေခါး၊ ဒါတွေ ဒီလို ဝတ်စားထားတာ .. မင်း .."

"ဟို .. ဒီလိုပါ .."

"အေးပါ .. ပြောစမ်းပါ၊ ကြည့်ပါဦး .. အန်တီ ခုမှ သတိထားမိတယ်၊ ပုံစံက မယုံနိုင်စရာကွယ်"

ဂျင်းအင်္ကျီချိုင်းပြတ်က ဖြူဖတ်ဖက် အစတွေ ထွက်နေသည်။ ဒါ ခုခေတ်လူငယ်တွေ ဒီဇိုင်းထွင်ပြီး ဝတ်ကြတာမျိုး မဟုတ်နိုင်မှန်း ဒေါ်ကြူကြူ သိနေ၏။

ဆံပင်တွေ ရှည်နေလိုက်တာလည်း ရှေ့မှာတင် ပခုံးကို ကျော်လွန်ပြီး တိုနံ့နံ့ ခွေခေါက်ခေါက်တွေ ပြန်ကျနေသေးသည်။ နောက်မှာ ဘယ်လောက်ထိ ရှည်နေလဲ မသိ ..။

ဖြူဝင်းနုစိုနေသည့် မျက်နှာကလည်း ညိုသွားသလိုလို ရင့်သွားသလိုလို ..၊ ဒီကောင်လေး ကလေးတစ်ယောက်နဲ့ကျမှ အိမ်တံခါးပိတ်ပြီး ဘာတွေ လျှောက်လုပ်နေခဲ့သလဲ ..၊ ဘာတွေဖြစ်နေတာလဲ ..။

"အန်တီ အံ့သြတယ်ဆိုတာ သား စိတ်မဆိုးနဲ့နော် .. ဟိုအရင် အန်တီ မြင်နေခဲ့တာ မင်း ဒီပုံစံမှ မဟုတ်တာ၊ မင်းရဲ့သူငယ်ချင်းတွေကလည်း နိမ့်နိမ့်ပါးပါးတွေထဲက မဟုတ်နိုင်ပါဘူး၊ သားက အပေါင်းအသင်းများပေမယ့် စည်းနဲ့ကမ်းနဲ့ နေတတ်တယ်၊ သူငယ်ချင်းတွေကလည်း လူကုံထံ အသိုင်းအဝိုင်းက မိကောင်းဖခင် သားသမီးလေးတွေကဲ့၊ မင်းရဲ့မာမီက သူ့သားကို အဲဒီလို ယုံကြည်ခဲ့တာ"

"ခုလည်း ကျွန်တော် စရိုက်မပျက်ပါဘူး အန်တီ၊ ကျွန်တော် အပေါင်းအသင်းတွေတိုင်းကိုလည်း မာမီတို့ သိချင်မှ သိမှာပါ၊ လူတိုင်း ချမ်းသာနေကြတာမှ မဟုတ်တာ၊ ကျွန်တော်ကိုယ်တိုင် ဘဝကို နားလည်ချင်လို့ ခုလိုနေတာ"





"ဘဝကို နားလည်ချင်လို့ .."

ဒေါ်ကြူကြူ သံယောင်လိုက်ရွတ်ရင်း အံ့သြမပြေနိုင် ..။

"သူက ကွန်ပျူတာလည်း ကျွမ်းကျင်တယ်၊ စာရင်းကိုင်သင်တန်း အောင်လက်မှတ်နဲ့ လက်တွေ့ ကျွမ်းကျင်အဆင့်နဲ့ပါ"

"နေပါဦး .. သူငယ်ချင်းက မိန်းကလေးလား"

"ဟုတ်ပါတယ် .. သူ့အတွက် စားဝတ်နေရေးက ရှိတော့ အလုပ်တစ်ခု အဆင်မပြေတုန်း နောက်တစ်ခု ဆက်လုပ်ထားမှ ဖြစ်မှာမို့ပါ၊ ကျွန်တော်လည်း အန်တီ့ကို သတိရတာနဲ့ ကူညီမယ်လို့လည်း ကတိပေးပြီးသား ဖြစ်နေလို့ လာခဲ့တာ၊ အဲဒါ .."

"ဟင်း .."

ဒေါ်ကြူကြူ ခေါင်းညိတ်ခြင်းနှင့်အတူ သက်ပြင်းချလိုက်ကာ...

"မင်းက တာဝန်ယူထားတယ်ဆိုတော့လည်း ဖြစ်ရမှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

BURMESE CLASSIC .com

"ဒီနေ့ ကျောင်းပိတ်တာပဲ၊ ဘယ်မှာလဲ သားသားရော .. သားလေး ဘယ်မှာ ကျန်ခဲ့တာလဲ"

"မမ .."

"တို့မေးတာကို ဖြေစမ်းပါ၊ ဘယ်မှာလဲ သားသား"

ကားရပ်လိုက်တာနှင့် ဘယ်ကလှမ်းမြင်ပြီး ပြေးလွှားရောက်လာမှန်း မသိ၊ မထင်မှတ်ဘဲ မြင်လိုက်ရလို့ အကြီးအကျယ် စိတ်ညစ်သွားပေမယ့် တမင်တကာ မတွေ့အောင် ရှောင်နေတာ မဟုတ်တော့ ဇွတ်ကြီးဖြစ်နေတာကို ဘာပြောရမှန်း မသိ ..။

"ခါးလေး .. မင်း တကယ် ရက်စက်တယ် သိလား၊ သားကို ဘယ်မှာ ထားတာလဲ .. တို့ ပြန်ရောက်နေတာ ကြာလှပြီ၊ သားသားနဲ့ တစ်ခါပဲ တွေ့လိုက်တယ်၊ နောက် လုံးဝ မတွေ့ရတော့ဘူး၊ ဘယ်မှာ နေကြမှန်းလည်း မသိ၊ ဘယ်သူ့ကိုမေးလို့မှ သေချာ မပြောပြဘူး မင်း ဘာတွေ လုပ်နေတာလဲ"

"မမကလည်းဗျာ .. မေးခွန်းတွေ ဆက်တိုက်မေးပြီး ပြန်ဖြေတာကျတော့ နားမထောင်ဘူး၊ တကယ်ကွိုင်ပဲ .."





"ဟဲ့ .. ခါးလေး ရဲ့ .. ငါ့ရင်ထဲမှာ ကွိုင်ပူတာထက် ဆိုးတယ် သိရဲ့လား .. တောကြားတောင်ကြားခရီးရှည်ကြီးကို ခေါ်မသွားချင်လို့ မင်းလည်း မြန်မာပြည် ပြန်လာနေမယ်ဆိုတော့ ခဏတော့ နေပါစေလို့ ထားခဲ့တာ၊ ဟိုရောက်တော့လည်း ကလေးကို ဘယ်လိုမှ ခေါ်ဖို့ မဖြစ်နိုင်လို့ ဒီတိုင်း ထားခဲ့ရတယ်၊ ကလေးကို မင်းက ကျောင်းတွေပြောင်း .. နေချင်သလိုနေတိုင်း ကလေးကို ထင်သလို ထားတယ်"

"ဟာ!... မမ အဲဒါတော့ ဇော်ကားတာပဲ"

"မသိဘူး .. မင်း အခု ဘယ်မှမသွားနဲ့ တို့ပါ လိုက်မယ်"

အိလက်ထရွန်းနစ်ဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ မလတ် တစ်ယောက်တည်း ပြေးလွှား အလုပ်ရှုပ်သွားခဲ့၏။

ရပ်ထားသည့်ကားဆီ ပြန်ပြေးကာ အေးဆေးရပ်ထားလို့ရသည့်နေရာကို ရွှေ့သည်။ မှန်တွေချ သော့ခတ်ပြီးမှ ဒီဘက် ပြန်ပြေးလာ၏။

ရေခါး ခေါင်းခါ ရှုံ့မဲ့နေ၏။ သွားလာရင်း တွေ့တုန်း တစ်ယောက်တည်းနေရသည့် သက် အတွက် လက်ဆွဲမီးအိမ်လေးတစ်လုံး ဝယ်ပေးချင်လို့ ဒီနား ရောက်လာခဲ့တာ ဖြစ်သည်။

ကလေးက ဒီနေ့ ကျောင်းပိတ်ရက်ပေမယ့် ကျောင်းမှာ အချိန်ပိုသင်နေသည်။ ပြီးရင် အပြန်မှာ ကျူရှင်ဝင်မှာ ဖြစ်၏။

တစ်ယောက်တည်း ထင်ချင်သလိုထင်ပြီး သေငယ်ဇောနဲ့ မျောနေသည့် မလတ် ကြောင့် စိတ်အပျက်ကြီး ပျက်မိကာ ...

"သွားမယ် .. လာ .."

"မမက လိုင်းကားတိုးစီးမှာလား"

"ဟင်!..."

ကားသော့ကို အိတ်ထဲ ထည့်ပိတ်ပြီးမှ မလတ် မျက်လုံးလေး ဝိုင်းသွားကာ သူ့ရဲ့ဘေးဘီကို ပြူးပြဲလိုက်ကြည့်သည်။

"မင်း .. မင့် ကားရော .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုဒေါင်ထဲမှာပဲ"

"ဘာ!..."

"ကျွန်တော် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်လာတာ"

"ဘုရား!... ဘုရား ..."

ပြူးနေသည့် မျက်လုံးက နောက်ထပ် အမြင့်ခုန် ချန်ပီယံတစ်ဦး၏ အမြင့်ဆုံးနှုန်းထိ ထပ်တက်သွား၏။

ရင်ထဲမှာ ဆို့ကျပ်ပူလောင်သွားတာက သူ့အတွက် မဟုတ် ..

"ဒါဆို .. သားလေးက မင်းလိုပဲ .."

"ဟုတ်တယ် .. အဲဒါတွေကို ရှင်းပြပါ့မယ်၊ တောင်းလည်း တောင်းပန်ပါတယ်၊ ခဏလေး အချိန်ပေးပါ မမရယ် .. မမချည်းပဲ ပြောနေရင် ကျွန်တော် ဘာမှ ပြောလို့ရမှာ မဟုတ်တော့ဘူး"

"ဘာကို တောင်းပန်ရမှာလဲ .. သား .. သားလေးကို မင်းက ကလေကချေလို .."

ဒေါက်တာ နေရီဆုလတ် ၏ မျက်ဝန်းမှာ မျက်ရည်တွေ ချက်ချင်း ပြည့်တက်လာကာ မြန်မြန်ဆန်ဆန်ကြီး ပိုးပိုးပေါက်ပေါက် ကျကုန်၏။

"မဟုတ်ပါဘူး .. သားကို မေးကြည့်ပါ၊ သူ့အတွက် ကျွန်တော် သေချာ စောင့်ရှောက်ထားခဲ့တာပါ၊ သူလည်း ပျော်ပါတယ်"

"ပျော်တယ် ဟုတ်လား .. ကလေးက လမ်းပေါ်မှာ ထင်သလို နေရရင် ပျော်မှာပေါ့၊ မင်း .. မင်းဟာလေ .."

ရှိုက်သံလေးတွေနဲ့ စကားမဆုံးခင် ဖုန်းသံ မြည်လာ၏။ မလတ် တော်တော်နဲ့ မကိုင်ဘဲ စကားဆက်ဖို့ပဲ ကြိုးစားနေသည်။

သူမ တော်တော် ခံစားသွားရမှန်းလည်း သိသာလျက် စကား ဆက်မပြောနိုင်အောင် ဖြစ်နေကာမှ ဖုန်းကို ဆလင်းဘက်ခ်ထဲက ထုတ်လိုက်သည်။





"ဟင်!... မာမီ .."

မလတ် က ကိုယ့်မိဘကိုတော့ မေမေလို့ ခေါ်တာမို့ မာမီလို့ ခေါ်လိုက်တော့ ရေခါး ခေါင်းဆယ်ဆလောက် ကြီးသွား၏။

"မာမီလားဟင်"

"... ... ..."

"ဟုတ်တယ် မာမီ .. သမီး မလတ် ပါ၊ မာမီ့သားလေ .. သမီး သားလေးကို ခေါ်ပြီး အိမ်မှာမနေဘဲ 'ကြမ်းကြားလေနဲ့ ဘူးခါးရေ' ကို လိုက်ရှာနေတယ် မာမီ"

"... ... ..."

"ဟုတ်တယ် .. ဟုတ်တယ် .. အခု သားသားကို ပြန်မပေးဘဲနဲ့ လမ်းပေါ်မှာပဲ .."

"မမ .. ဟား!... ရှုပ်ကုန်ပြီကွာ .."

ဖုန်းတစ်ဖက်နှင့် မလတ် က မျက်ရည်သုတ်လိုက်၊ စကားတွေ ပြောလိုက် ...။

ပြောတာကလည်း တိုးတိုးသက်သာ မဟုတ်ပေ၊ တကယ့် ကား လမ်းမကြီးဘေးက ဆိုင်ရှေ့ ကားကျပ်ကျပ် ပါကင်ထဲမှာ..။

ကောင်းတယ် .. ရှုပ်ချင်သလိုသာ ရှုပ်တော့ ..၊ အဲ့ဒါ နှစ်ပါးသွား ကချင်ခဲ့တဲ့ ချည်ခင်လို အရှုပ်အထွေး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၃]

"အဆင်ပြေတယ် .. ကုမ္ပဏီမှာလို အရာခပ်သိမ်းကို စိုးရိမ်နေရတာမျိုးလည်း မရှိဘူး၊ စာရင်းကိုင်တစ်ခုပဲ ဂရုစိုက်ရတာ"

သက် တကယ် ကျေနပ်နေတာ ဖြစ်သည်။ တစ်နေကုန် ကတ်စတန်မာတွေ မပြတ်သလောက် ရှိနေတာမို့ အလုပ်နဲ့လက်နဲ့ ပြတ်တယ်မရှိတော့ သမီးလေးကို လွမ်းဆွေးချိန်လည်း မရှိသလောက် ဖြစ်သွားသည်။

သက် မျက်နှာလေးကို ကြည့်၍ ရေခါး ကလည်း ပြုံးနေသည်။

"ဒါနဲ့ ကိုချစ် ရော .."

"ကိုချစ် .. သား .. သူ့အမေနဲ့ .."

ပါးစပ်က အမှန်အတိုင်း ထွက်မိသွားကာ သတိရပေမယ့် ပြန်ရုတ်သိမ်းဖို့လည်း မလွယ်တော့ရာ ...

"သူ့အမေနဲ့ ပါသွားတယ်၊ သူလည်း အစက မအေကို မတမ်းတဘူး၊ လာခေါ်ရင်တောင် ပြန်မလိုက်ဘူးလို့ ပြောနေတာ၊ ခုတော့ မနော မရှိလို့ထင်တယ် .. ဒီကောင် သိပ်လွမ်းတတ်မယ် မထင်ခဲ့ဘူး သိလား၊ ဒါပေမယ့် မနော ကို သူ တော်တော်လွမ်းတယ်ကွ .. သိသာတယ်"





စကားကို ပြီးဆုံးအောင် စောင့်ပြီးမှ သက် က ခြေလှမ်းတွေကို နှေးချလိုက်ပြီး မော့ကြည့်၍ ...

"အစတုန်းက ကိုချစ် မှာ အမေ မရှိတော့ဘူးဆို၊ သားအဖနှစ်ယောက်စလုံး ပြောပုံက ဆုံးသွားပြီလိုလို .. ဘာလိုလို"

"အဲ့ဒါကကွာ .."

"သက် က သိပါတယ်၊ မြင်လည်း မြင်ဖူးတယ်"

"ဘာကိုလဲ .."

"ကိုချစ် နဲ့ သူ့အမေကိုပေါ့၊ ဒါပေမယ့် သူများက မသိစေချင်လို့ မပြောဘဲထားတာပဲဆိုပြီး မမေးခဲ့တာ"

ရေခါး က ဘောင်းဘီအိတ်တွေထဲ လက်ထည့်၍ ကြည့်ကောင်းသည့် စတိုင်လ်တစ်မျိုးနှင့် ခပ်လှုပ်လှုပ်လျှောက်နေရင်း ...

"ခုလည်း မင်း မမေးပါနဲ့ဦး၊ နောက်တော့ အားလုံး သိရမှာပါ၊ ကိုချစ် နဲ့ ငါ ခုလိုမျိုး .."

"ခါး .. ခါး ရေ .. ခဏ"

နောက်က ခေါ်သံကြောင့် သူ့စကား ပြတ်သွား၏။ သက် ပါ လှည့်ကြည့်လိုက်တော့ ဟိုတစ်ခါ သူ့အိမ်ထဲကို ရောက်လာဖူးသည့် စုံတွဲပဲ ဖြစ်သည်။

"ဟိုဘက်ကြားထဲမှာ ကားရပ်သွားလို့ကွာ .. ဘာဖြစ်မှန်းလည်း မသိလို့ ထားခဲ့ရတယ်၊ မင်းတို့နှစ်ယောက်က ဘယ်က ပြန်လာတာလဲ"

ယောကျာ်းလေးက ကောင်းကောင်းမေးတာပေမယ့် မိန်းကလေး ကတော့ သက် ကို မျက်လုံးစွေကြည့်ပုံက အထင်အမြင်သေးစွာ ..။

အိမ်ကလည်း မြင်နေရပြီမို့ သက် ဘာမှမပြောခဲ့ဘဲ ဒီတိုင်း ဆက်လျှောက်လာခဲ့၏။

"မင်းကို ပြောစရာရှိလို့ ခါး ..၊ မင်းအိမ်ကိုတော့ မလိုက်တော့ဘူး၊ ငါတို့နဲ့ ခဏပြန်လိုက်ခဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ"

ရေခါး ရွှေသွေး တို့နဲ့အတူ နောက်ပြန်လျှောက်လာခဲ့၏။ လမ်းကွေ့ရောက်တော့ ရွှေသွေး ရဲ့ကားကို အဝေးကြီးမှာ လှမ်းမြင်လိုက်ရသည်။ သူတို့ ဒီတိုင်းပဲ အတူတူ လျှောက်ခဲ့ကြရင်း ...

"မင်းကို ဟိုတစ်ခါ နန္ဒာ တို့ ပြောသေးတယ်မို့လား .. လွှမ်းအောင် ဆိုတဲ့ကောင် တမင် ငြိုးချက်နဲ့ ရှုပ်သွားတာ၊ အခုပေါ်ပြီလေ၊ မင်းဘက်မှာ ရှောင့်ခ် မရှိတော့ဘူး၊ အားလုံး ပြီးပြီ"

ရေခါး က တစ်လှမ်းချင်း သွားနေသည့် ခြေဦးထိပ်ဆီမှာ မျက်တောင်ဖျားတွေ စင်းချကြည့်နေရင်း ဘာမှ ပြန်မပြောခဲ့ပေ ..။

"ဟုတ်တယ် ခါး .. အခု ငါတို့ ဖြူဖြူစင် နဲ့ ကိုယ်တိုင် သွားတွေ့ခဲ့တာ၊ သူကိုယ်တိုင် ဝန်ခံတယ်၊ နင့်ကို သူ တမင် ငြင်းလိုက်တာတဲ့၊ နင့်ကို ငြင်းပေမယ့် လွှမ်းအောင် ကို အဖြေပေးတဲ့စာရော ဖြတ်စာပါ သူ ပေးခဲ့တာ"

ရေခါး မျက်ဝန်းတွေ နည်းနည်းတော့ လှုပ်ရှားသွားခဲ့သည်။ ဒါပေမယ့် သစ် ရဲ့မျက်နှာဆီ အကြည့်မရောက်ဘဲ ရှေ့ပြန်လှည့်၏။

"နင့်ရဲ့ဂုဏ်သတင်း အထူးထူးကို သူ မုန်းလို့ တမင်တကာ လက်ဆင်နဲ့ပေးခဲ့တာတဲ့၊ သူ နင့်ကို ဟိုအရင်ကတည်းက ကြိတ်ကြိုက်နေခဲ့တာ၊ သူချစ်တဲ့သူရဲ့ ရည်းစားဦးဖြစ်ခွင့်မရတဲ့အပြင် နင့်ရဲ့ ပေါ့ပျက်ပျက်ရည်းစားစာနဲ့ စကားပြောပုံတွေကြောင့် အချစ်ကြီးလို့ အမျက်ကြီးတာမျိုး၊ အဲဒါတွေ သူကိုယ်တိုင် ဝန်ခံတာ ခါး၊ ပြီးတော့ နင့်ကို ဒီလို တကယ်နေနေတာ မြင်ရတော့ တော်တော် စိတ်ထိခိုက်သွားပုံပဲ၊ သူငယ်ချင်းချင်း ဒီလောက်ထိ အနိုင်ယူသွားရသလားဆိုပြီး လွှမ်းအောင် ကိုလည်း ဒေါသထွက်နေတယ်"

"ဒီကောင်က ဟိုအစကတည်းက မင်းလိုပဲ သူ ချောတယ်၊ အဆင့်အတန်းတူရက်နဲ့ မင်းကို ဘယ်နေရာဖြစ်ဖြစ် လိုက်မမီလို့ စိတ်





ထဲမှာ လျှို့ဝှက်နာကျင်နေခဲ့ဟာ၊ ငါတို့လည်း သူ့မျက်လုံးတွေကို တစ်ခါတစ်ခါ သံသယဖြစ်ခဲ့ကြတယ်၊ တို့ကပဲ ပေါ့ဆတာလား၊ သူကပဲ လျှို့ဝှက်တတ်လွန်းတာလား မသိဘူး၊ ဒီပြဿနာဖြစ်တဲ့အထိ ဒါကို အကြီးကြီး ဖြစ်လာမယ်လို့ မထင်ခဲ့ကြဘူး၊ မင်းက နိုင်ငံခြားကို ရှစ်လလောက် ပြန်ထွက်သွားသေးတယ်လေ၊ မင်းအစ်ကိုကီစွပေါ်လို့ ဆိုပြီး အဲဒီမှာ သူ ဖြူဖြူစင် ကို ပရိုပို့စ်လုပ်ခဲ့တာ .."

ဖြူဖြူစင် က လွှမ်းအောင် ကို ကောင်းကောင်းမွန်မွန် ပြန်လည်ပြောဆိုလာတဲ့အထိ သူတို့ချည်း အဆင်ပြေသွားခဲ့ကြသည်။

ဒါတွေက ဘယ်သူငယ်ချင်းမှ မသိလိုက်သည့် ခြေလှမ်းတွေဖြစ်၏။ ဒါပေမယ့် ဖြူဖြူစင် က မာနကြီးသလောက် မာကျောတဲ့ မိန်းကလေးဖြစ်ကာ နောက်မှ ထပ်သိရတာက သူ့ကို ရေခါး ရဲ့ သူငယ်ချင်းမှန်းသိလို့ ဘယ်တော့မှ လက်ခံမှာမဟုတ်ဆိုသည့်အချက် ဖြစ်သည်။

"မင်း သူ့ကို ချစ်နေတာတော့ မဟုတ်ပါဘူးနော်"

လွှမ်းအောင် က ဤမေးခွန်းနှင့် စခဲ့၏။

"ဘာဖြစ်လို့ အဲဒီလို ထင်တာလဲ"

"သိဘူးလေ .. ကိုယ်က သူ့ရဲ့ဘေးမှာဆို လမင်းဘေးက ကြယ်ပွင့်လောက်ပါ၊ သူ့ကို မြင်ထားတဲ့မိန်းကလေးတချို့ကို ကိုယ်တို့ထဲက ဘယ်ကောင်မှ ချဉ်းကပ်လို့ မရဘူး၊ အကြောင်းကတော့ သူ့ကို မြင်နေရရင် စိတ်နိုင်နိုင်ဖို့ မသေချာဘူးတဲ့၊ ရည်းစားကို သစ္စာဖောက်မိမှာ စိုးလို့တဲ့၊ မင်းကလည်း အဲဒီလိုများ .."

"သူက အဲဒီလောက်တောင်လား၊ ဖြူ ကတော့ အဲဒီလို မိန်းကလေးမျိုးတွေထဲမှာ မပါဘူး အောင်၊ ချောတာကို အရောင်တင်ပြီး ပွေရှုပ်ရတာမှာ ပျော်မွေ့နေတဲ့ ယောကျ်ားမျိုးကို အရမ်းရွံတယ်"

"ကိုယ်လည်း မင်းကို ယုံချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ယုံအောင် သူက ချစ်ပါရစေ .. ကြိုက်ပါရစေလို့ ပြောလာတဲ့ တစ်နေ့နေ့ကျမှ ပြန်ခွင့်ရမှာ"

ငြိတွယ်ခြင်းတွေ သူတို့ချင်း စခဲ့ကြပြီး ဘယ်သူမှမသိအောင် ခြေလှမ်းစတာက လွှမ်းအောင် ဖြစ်သည်။ ဒီထိ ပြောပြပြီး ရွှေသွေးက ကားနားရောက်တော့ ကားထဲမဝင်ဘဲ ရေခါး နဲ့ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်သည်။

"အဲဒါတွေ မင်းကို သေချာပြောပြချင်လို့၊ နန္ဒာ တို့က တွေ့ဖို့ ကြိုးစားတယ်၊ တွေ့တော့လည်း မင်းက အပြောမခံဘူးတဲ့၊ သူတို့က မင်းကို အံ့သြပြီး ဟိုလိုဒီလိုတောင် ထင်နေကြတာ"

"ထင်စရာပဲဟာ .. ဘယ်သူက ဆင်းရဲချင်မှာလဲ၊ ဘုရားရှိခိုးကြရင်တောင် ဒီဝဋ်ကြွေး ကျေပါစေလို့ ဆုတောင်းကြတာ၊ သူ့ကျမှ ပြေပါပြီ ကျေပါပြီပြောနေတာတောင် 'ဟင့်အင်း' လုပ်နေတယ်"

သစ် ကတော့ စိတ်ထဲရှိတဲ့အတိုင်း ချက်ချင်း ဝင်ပြောသည်။ ရေခါး က ကားကို နောက်ပြန်မှီလိုက်ပြီး ခပ်မဲ့မဲ့ ရယ်၏။

"အားလုံး တလွဲထင်လာကြတာက ခုမှပါ၊ ငါကိုယ်တိုင် လွဲလာခဲ့တာ တစ်လျှောက်လုံး"

"ဘာလဲ .. ဘာကိုပြောတာလဲ"

"မှားတယ်ဆိုတာ ကိုယ်ညွှန်လို့ပဲ သစ်၊ လွှမ်းအောင် နဲ့ ငါ အလောင်းအစား လုပ်ခဲ့တယ်၊ သူ့မျက်လုံးတွေ မရိုးသားဘူးဆိုတာ အမြဲတမ်း ငါ သတိထားမိနေရဲ့သားနဲ့ .. သူနဲ့မှ ငြိခဲ့တာ"

"ဒါကတော့ ဖြူဖြူစင် နဲ့သူ ငြိနေပြီးသားကြီးကို၊ ငါတို့မှ မသိခဲ့ကြတာ၊ သူ ဟိုဘက်ကို ပိုင်မှ နင့်ကို လောင်းရဲတာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ ရေခါး .. မင်းကို သူ သဝန်တိုနေခဲ့သမျှ သူရှိဖို့ သေချာနေတဲ့ လောင်းပွဲမှာ မင်းရဲ့ဘဝကို ကြိုးတုပ်ပြီး ရေနစ်ထဲကန်ချလိုက်တာ"





မျက်ခုံးနှစ်ဖက်သည် ထိစပ်လုမတတ် တွန့်ကုတ်နေခဲ့လျက် ရေခါး ၏ မေးရိုးနှစ်ဖက်မှာ တင်းခနဲ ဖျင်းခနဲ လှုပ်ခတ်နေ၏။

ဟိုတစ်ခါ နန္ဒာ တို့နဲ့တွေ့ပြီးကတည်းက သူ သံသယကြီးမားစွာ ညစဉ် တွေးမိနေသည့် လွှမ်းအောင် နဲ့ သူ့ရဲ့ကစားပွဲမှာ မှားယွင်းမှု ရှိခဲ့ပြီမှန်း နားလည်သွားခဲ့သည်။

တကယ်တမ်း သူငယ်ချင်းတွေ ပြန်လည် တွေ့ဆုံပွဲရဲ့ ပျော်ရွှင်စရာဖြတ်သန်းနေကြသည့်နေ့ရက်တွေဟာ ဒီလောက်ထိ အကျည်းတန်သွားရဖို့ မဟုတ်ပေ ..။

ဟိုတုန်းတည်းက ဟိုမရောက်ဒီမရောက် စကားလေးတွေနဲ့ စစ်ထိုး ကွေ့ရှောင်ရင်း ကစားရတာမျိုးကို သူ ပျော်သည်။

အထူးသဖြင့် ချစ်ဖို့ကောင်းသည့် မိန်းမလှလေးတွေရဲ့ ရှက်စနိုးအမူအရာလေးတွေမှာ ဘယ်ပန်းကလေးက အလှဆုံးလဲဆိုတာကို စိတ်ဝင်စား၏။

"မင်းက နှလုံးသားတွေကို ပန်းလို ပန်တဲ့ကောင်၊ ဒါပေမယ့် ပန်းစားဘီလူးလည်း မဟုတ်ဘူး၊ အဂ္ဂလိမာလလည်း မဟုတ်ဘူး"

"မင်း ဓာတ်ကနေတာ ပျော်စရာမကောင်းပါဘူးကွာ .. စွဲနှင့်ကျန်ရစ်တာလည်း မရှိဘူး၊ ဟိုမရောက်ဒီမရောက် ဓာတ်တွေကနေတော့ မင်းလည်း ဟိုမရောက်ဒီမရောက်ကောင်ပဲ" တဲ့ ..။

သူ မှတ်မိနေသေးသည့် လွှမ်းအောင် နှုတ်ဖျားက ထွက်လာသမျှ စကားတိုင်းဟာ ရေခါး မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ပြောခဲ့တိုင်း မီးမြှားတွေနှင့် တူ၏။

ကိုယ့်ကို မီးပူဟပ်သွားတိုင်းလည်း သိလျက်နှင့် လွှမ်းအောင်ကို သူ အပြစ်မမြင်ခဲ့တာလား ..၊ ဂရုမစိုက်ခဲ့တာလား ..။

'ဖြူဖြူစင် ကို သုံးရက်အတွင်း အဖြေရအောင် ချဉ်းကပ်နိုင်မည်' လို့ အပြန်အလှန် အနိုင်လုပြောကြရင်း လွှမ်းအောင် က [illegible]



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်သည်။

'မအောင်မြင်ခဲ့လျှင်'ဆိုသော အလျော်အစားတွေ ထပ်ပြောလာတော့ အနားမှာရှိသည့် သူငယ်ချင်းတွေက တားမြစ်ကြသည်။

"ဟာ!... အခိပ္ပာယ်မရှိတာ လွှမ်းအောင် ကလည်း .. ဒါလေးကို အရှုံးအနိုင် သိတာနဲ့ ဒီလောက်ထိ ကြေးမြင့်ဖို့ မလိုပါဘူး"

အထူးသဖြင့် မိန်းကလေးတွေက ရေခါး ကိုပဲ တားဆီးကြ၏။

"အဲဒါ သဘာဝမကျဘူးနော် ခါး .. နင် မလုပ်နဲ့၊ လောင်းကြေးက နင့်ဘက်မှာပဲ တစ်ဖက်သတ်ကြီး"

"ငါက လုပ်နိုင်တယ်လို့ လက်ခံလိုက်တာကိုး"

သူ ဒီလိုပဲ ပြန်ပြောခဲ့မိ၏။ ထို ကစားပွဲဖြစ်မြောက်ဖို့အတွက် လွှမ်းအောင် ကြိုးစားပတ်ခွေနေတဲ့ စကားစက်ဝိုင်းထဲမှာ သံသယကင်းစွာ မမောနိုင်မပန်းနိုင် ပတ်ပြေးနေခဲ့တဲ့အထိ သူ့ဦးနှောက်ထဲမှာ ဗိုင်းရပ်စ်ကိုက်နေခဲ့သည်လား ..။

"မင်း ကျေနပ်လို့ လက်ခံတာနော်၊ အလောင်းအစားကတော့ အက်စစ်ထက် ပြင်းတယ်၊ ဘယ်လိုလဲ .. ဘွာခတ်ချင်လား"

လွှမ်းအောင် က တစ်ရစ်ပြီးတစ်ရစ် ခိုင်မာချည်တုပ်သည်။ အပျော်ကနေ အပျက်ဆောင်လာပေမယ့် အရှက်နဲ့သိက္ခာအတွက် သူ ဘွာမခတ်နိုင် ..၊

သူငယ်ချင်းတွေ မကျေနပ်ကြသလို သူ တကယ် ခံစားမိလာသည့်အချိန်က ကြိုးဝိုင်းထဲကို ရောက်နေခဲ့ပြီဖြစ်ရာ ...

"ဒီပွဲမှာ မင်း ရှုံးရင် သင်တန်းတွေတက်ပြီး ပေါ့ပေါ့ပါးပါးပျော်ပျော်နေတတ်တဲ့ သူဌေးသား ရေခါး ဆိုတဲ့ဘဝကို စွန့်လွှတ်ပြီး ကလေးအဖေ မုဆိုးဖိုဘဝနဲ့ သားအဖနှစ်ယောက်ရဲ့ ဆင်းရဲတဲ့ဘဝကို အခု ဒီဇင်ဘာဆိုတော့ နောက်လာမယ့် အောက်တိုဘာအထိ မညည်းမညူ ဖြတ်သန်းရမှာ"





"လွှမ်းအောင် .. နင့်အလုပ်က အဲဒီလောက်တောင် ကြီးကျယ်နေသလား၊ ဘဝနဲ့ချီပြီးတော့ပဲ အလောင်းအစားလုပ်ရတယ်လို့"

"သူ မလုပ်ရဲရင် နေပေါ့၊ ငါကတော့ ဒါကို ပျော်စရာလို့ပဲ မှတ်တယ်၊ အခု သူ မြန်မာပြည်ရောက်နေတယ်၊ ကားသုံးစီးဆံ့တဲ့ ဂိုဒေါင်နဲ့ နှစ်လုံးတွဲတိုက်ကြီးထဲမှာ သူ့တူနဲ့ နှစ်ယောက်တည်း နေတယ်၊ သင်တန်းတွေတက်ရင်း ကလေးကိုလည်း စပီကင်သင်ဖို့ ဂိုက်ဆီမှာ သွားအပ်ခဲ့ရတယ်၊ ငါပြောသလို လုပ်လိုက်ဖို့က တိုက်ကြီးပေါ်က ဆင်းလိုက်ရုံပါပဲ၊ ဒါတောင် သူရှုံးမှပါ"

"နင်က နင်နိုင်မယ်လို့ အပိုင်တွက်ထားတဲ့ပုံပါလား"

"တွက်လို့ ငါ လောင်းရဲတာပေါ့၊ ဖြူဖြူစင် က မာနကြီးတယ်၊ အမျိုးမြတ်တယ်၊ သူ မာနကြီးတာက ဖွဲ့ကျောင်းတဲ့ကောင်နဲ့တွေ့ရင် ပါမှာမျိုး ..၊ ရုပ်ချောတဲ့ကောင် မတွေ့သေးလို့ပါဆိုတာမျိုး လုံးဝ မဟုတ်ဘူး၊ အဲဒါကို ငါ ယုံကြည်နေလို့ စိန်ခေါ်တာ၊ ရေခါး လည်း သူ့အရည်အချင်းကောင်းတွေနဲ့ အောင်မြင်ခဲ့တဲ့ အစဉ်အလာတွေအရ သူ့ကိုယ်သူ ယုံကြည်မှုရှိနေမှာပါ"

လွှမ်းအောင် က ဒီပွဲကို စတင်ခင်းကျင်းပြီဆိုကတည်းက သူငယ်ချင်းဆိုတဲ့ ဖြူစင်ရင်းနှီးခြင်းတွေ ပျောက်ကုန်ကာ တကယ့် ပြိုင်ဘက်တစ်ယောက်လို ကြည့်လာသည်။

'နှစ်ယောက် တစ်ယောက်ကျန်' အသက်လု ယှဉ်ပြိုင်ကြတော့မယ့်ပုံမျိုး လုံးဝ ပြောင်းလဲသွားခဲ့၏။ ထို့ပြင် ...

ကျုံပြီးကြသည့် ခြေလှမ်းတွေကို ဘယ်ဘက်ကမှ ပြန်ဆုတ်မရအောင် စကားတွေနဲ့ နှီးဆွ စိန်ခေါ်၏။

တိုက်ဆိုင်တာက ယှဉ်ပြိုင်ခြင်းမှာ အရှုံးအနိုင်ပေါ်ပြီးသည်နှင့် ဖြူဖြူစင် နဲ့ လွှမ်းအောင် တို့ စင်ကာပူကို ထွက်သွားကြတာခြင်းလည်း တူနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီး ရည်ရွယ်ချက်တွေ ခိုင်ခိုင်မာမာနဲ့ လက်တွဲသွားကြတာလိုလို ...၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့ပေမယ့် အလောင်းအစားက ကြီးတော့ ဒီပွဲအတွက် စိုးရိမ်စိတ်တွေ ရေခါး ဖြစ်ခဲ့သည်။

ဖြူဖြူစင် ကို သူ လုံ့လစိုက်၍ တကယ် ကြိုးစားခဲ့တာ ဖြစ်သည်။ ကြိုးစားပါလျက်နှင့် ရှုံးနိမ့်ရခြင်းအတွက် ရှက်လည်း ရှက်သည်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ပေါ့ပါးစွာ ဖြတ်သန်းမိခဲ့သမျှအတွက် နောင်တလည်း ရ၏။

ထို့ကြောင့် ကိုယ့်တူကိုပဲ သားလိုလက်ဆွဲပြီး ကိုယ့်အပြစ်အတွက် ကျေနပ်စွာ ဖြတ်သန်းခဲ့သည်။ ဘဝမှာ မကြုံဖူးတာတွေ ကြုံရတော့လည်း ပျော်စရာမဟုတ်ပေမယ့် ဘဝက အဓိပ္ပာယ်ပိုရှိသွားသလိုပင်...။

ပြီးတော့ ထွက်သွားပြီးမှ လွမ်းအောင် က အီးမေးလ်ပို့လိုက်သေးသည်။

"ဘယ်သူတွေ ဘာအကြောင်းနဲ့တားတား မင်း ယောက်ျားပီသစွာနဲ့ လမ်းဆုံးတဲ့အထိ လျှောက်မယ်ဆိုတာ ငါ ယုံကြည်တယ် ရေခါး၊ သစ်ပင်တစ်ပင်ကို ခုတ်လှဲနေတဲ့အချိန်မှာ ဒီသစ်ပင် လဲသွားရင် လျှော်လှုပ်လို့ပဲ လဲလဲ၊ လေကြမ်းတိုက်လို့ဖြစ်ဖြစ် သူလှဲတဲ့အပင် လဲသွားရင် သစ်ခုတ်ခတော့ ပေးရမှာပဲ၊ အကြောင်းပြချက်တစ်ခုခုနဲ့ မင်း ရှောင်ထွက်မှာမဟုတ်ဘူးလို့ ငါ ယုံကြည်ထားမယ်"တဲ့ ...။

ဒါကြောင့် သူ နန္ဒာ တို့ ပြောတုန်းက စကားဆုံးအောင် မထောင်ခဲ့ပါ။ ဖြူဖြူစင် နဲ့ ကိုယ်တိုင် တွေ့တုန်းကလည်း မရှက်တတ်အောင် ကြိုးစားခဲ့သည်။ ဒါတွေဟာ ...၊

"ခါး .. နင် ဘာဖြစ်သွားတာလဲ"

တိတ်ဆိတ်သွားသည့်ထဲမှာ သစ် အသံလေးက နှိုးဆော်သံအဖြစ် ပြန်ပေါ်လာ၏။ ကားကို နောက်ပြန်မှီကာ ဘောင်းဘီအိတ်တွေထဲက





လက်တွေကိုလည်း မထုတ်ဘဲ ခေါင်းငိုက်စိုက်ချပြီး ရေခါး ငြိမ်ကျသွားတာ ဇက်ကျိုးသွားတဲ့အတိုင်း ...။

ထို့ကြောင့် သစ် က သူ့လက်ကို ဆွဲကိုင်လှုပ်၍ ...

"ဘာလဲ .. ခုမှ ငါ ညံ့လေခြင်းဆိုပြီး မြေပွပွမှာ ခေါင်းစိုက်အောင် ပျမ်းထိုးတော့မလို့လား"

"မထိုးပါဘူး .. ဒါပေမယ့် ငါ တကယ် ညံ့ခဲ့တာတော့ အမှန်ပဲ"

"မင်း မညံ့ပါဘူး ခါး ရာ .. သူငယ်ချင်းတွေပဲကွ၊ လောင်းမလား.. ချမလားဆိုတဲ့ ငြင်းခုန်ပြိုင်ဆိုင်မှုတွေတော့ ရှိကြတာပေါ့၊ ဒီကောင်က သိုးရေခြုံပြီး ကောက်ကျစ်စဉ်းလဲသွားတာ၊ အစကတည်းက ကြံစည်ချင်လို့ သူ့စိတ်က မှောင်ရိပ်ခိုနေတာ ဘယ်သူက ကာကွယ်ရမှန်းသိမှာလဲ၊ ကစားစရာသေနတ်နဲ့ ပစ်ပြီးဆော့နေကြတုန်း စက်သေနတ်နဲ့ ပစ်သွားတာမျိုး၊ မင်း ရင်ဖွင့်ပေးလိုက်မိတာ ညံ့တာ ဖြစ်ရောလား"

"ငါတို့က နင့်ကို ညံ့တယ်လို့ ပြောရဖို့အတွက် ဒါတွေကို လာရှင်းပြကြတာ မဟုတ်ဘူး ခါး၊ ရှင်းပြတာကို နင်က လက်ခံချင်ပုံမပေါက်တာပဲ ဒေါသထွက်တာ၊ ပြီးတော့ နင် တကယ်တမ်း ရှုံးခဲ့တာ မဟုတ်ဘူး၊ နင် နိုင်တယ် .."

ရွှေသွေး က ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်တယ်ကွ .. ဖြူဖြူစင် က သူ့ကို ဖြတ်စာထည့်ပေးရင်း တစ်ခါတည်း ပြောလိုက်တယ်တဲ့"

"ရှင့်ကို မချစ်နိုင်တဲ့အတွက် ဆောရီးပါ အောင်၊ ဘာပဲဖြစ်ဖြစ်ရှင် သူ့ကို အနိုင်ရလိုက်တဲ့အတွက် ဖြူ့ ကို နားလည်ပေးပါ၊ သူ့ကို ဖြူ ဘယ်တော့မှ ပြန်ချစ်မှာ မဟုတ်ပေမယ့် ချစ်နေခဲ့တာတော့ အမှန်ပဲ"

ဖြူ ရှင်းပြလိုက်တဲ့အတိုင်း ရွှေသွေး နဲ့ သစ် တို့က သေချာ ပြန်ရှင်းပြသည်။

"ငါတို့ပြောတာတွေထက် ပိုပြီး သေချာချင်ရင် မင်း ဖြူ့ ကို



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ပါလား ..၊ သူ့ကြောင့် မင်း ဒီလောက်ထိ ဖြစ်ခဲ့ရတာကို ပြန်ကူညီတဲ့အနေနဲ့ သူ တတ်နိုင်တာရှိရင် အချိန်မရွေး ပြောပါတဲ့၊ မင်းကသာ သူ့ကို စိတ်နာမနေခဲ့ဘူးဆိုရင် မိတ်ဆွေသူငယ်ချင်းလိုပဲ သူ့ကို ဆွေးနွေး တိုင်ပင်နိုင်ပါတယ်တဲ့"

ရှိပါစေတော့ ..၊ ရေခါး ကိုယ်ကို မတ်မတ်ပြင်ရပ်လိုက်ကာ မီးလောင်ပြင်ကို ဖြတ်ပြေးလိုက်မိသလို ခဏဘဖြုတ် ပူလောင်သွားသည့် ရင်ဘတ်ကို ဖွင့်သည်။

အသက်ဝဝ ရှူသွင်းလိုက်ပြီး ပေါ့ပါးရယ်မြူးခြင်းတွေ မျက်နှာထက်မှာ ပြန်လည် မွေးမြူ၍ ...

"ဗိုက်ဆာတယ်ကွ .. ငါ့ကို တစ်ခုခု လိုက်ကျွေးဖို့ အစီအစဉ် မရှိဘူးလား"

"ရှိတာပေါ့ သူဌေးသားရာ .. မင်းလည်း ကိုယ့်ရာထူးကို ပြန်ယူပါတော့"

"ဟုတ်တယ် .. နင်က မမေးပေမယ့် ငါတို့ရဲ့ ဇာတ်လမ်းလေးကို လည်း ပြောချင့်လွန်းလို့ နားထောင်ပေးပါလို့ .. နော်"

"ဟာ!... ဟုတ်သားပဲ၊ နင့်တို့ အတူတူလာကြတာ ဘယ်လိုလဲ"

"ဟွန်း .."

သစ် က 'ခုမှ မေးဖော်ရတယ်'ဆိုသည့် နှုတ်ခမ်းမဲ့မဲ့နှင့် ...

"အဆင်ပြေကုန်ကြပြီ၊ အားလုံး ညားကြလေသတည်းတဲ့"

"ဟုတ်လား .. တယ် ဂွတ်ဒ်ပါလား"

ရယ်လိုက်ကြပြီး ကားထဲကို အသီးသီး ဝင်ထိုင်လိုက်ကြကာ...

"ဟုတ်တယ် .. မဂွတ်ဒ်သေးတာ နင်ပဲ ရှိတော့တယ်၊ ငါတို့ ကြားပြီးပြီ၊ နင့်မာမီ ပြည်တော်ပြန်မယ်၊ ရွှေလမ်းငွေလမ်း ခင်းမယ်တဲ့၊ အဲဒါကို လက်ခံလိုက်တော့၊ မလတ် လည်း တော်တော် ဒေါကန်နေပြီ ဆို .."





"ကန်ကန်ပေါ့ .. ငါ့သားက ငါ့ကို ခွဲမှာ မဟုတ်ဘူး"

"ဘာ ငါ့သားလဲ ဟေ့ကောင် .. တော်တော့ .. အစ်ကိုကလည်း ဆုံးသွားပြီ၊ တော်ကြာ ရှေးခေတ်က မင်းဆက်တွေလို မရီးတော်နဲ့.."

"ခွေးသူခိုးပါးစပ် .. သားဦးကလေး ရုပ်ဆိုးပါစေလို့ ငါ ကျိန်လိုက်ရမလား"

"ဟာ!... မလုပ်နဲ့ .. မလုပ်နဲ့ ကျေးဇူးရှင် ..၊ အဟွန်း .. အပျိုနုနု ထွတ်ထွတ်လေးနဲ့ ညားပါစေဗျာ"

"အဲဒီဆုတောင်း ပြည့်အောင် သူ့ကို အိမ်မြန်မြန်ပြန်ရောက်အောင်ခေါ်မှ .. မဟုတ်ရင် မလတ် နဲ့ညားတာထက် ဆိုးမယ်၊ ဟိုဘက်ခန်းက ဘာမှန်းညာမှန်းမသိတဲ့ တစ်ယောက်နဲ့ .."

သစ် က ကောက်ခနဲ ဝင်ပြောပြီး မျက်စောင်းထိုးသည်။ ရေခါး က ရယ်နေကာ ...

"ဘာမှန်းညာမှန်း သိပါတယ်ဟာ၊ သေချာကြည့်ရင် ချစ်စရာလေး"

"ရေခါး .."

"ဟေ .."

ကားထဲမှာ ရယ်သံတွေ ဖြစ်သွားသည်။

ရေခါး ဆိုတဲ့ကောင် .. နှစ်ပါးသွားခွင်လေး စလို့ရပြီ ထင်၏။

ဒါပေမယ့် မင်းသမီးက မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၄]

သူ အခန်းတံခါးဖွင့်နေတုန်း အထဲက စကားသံတွေ ကြားလိုက်ရသဖြင့် ဟိုဘက်ခန်းကို နားစွင့်ရင်း မျက်လုံးပါ ရောက်သွားခဲ့၏။

"သူ့အဖေကိုယ်တိုင်က မှာလိုက်တာပဲ ခါးသက်ချို၊ ဒီဘက်မှာ သူ့မိန်းမ ဆုံးသွားပြီဆိုတဲ့သတင်း ကြားပြီး သူလည်း အမြန်ဆုံး ပြန်လာနိုင်အောင် ကြိုးစားမယ်တဲ့၊ အခုကတ သူ့သမီးလေး မသေဘူးဆိုတာ သိသွားလို့ပဲ"

"သိသိမသိသိ အဲဒါ သက် နဲ့ မဆိုင်ပါဘူး၊ မမက ခရီးတစ်ဝက်မှာ သူ မဆုံးခင် ဒီကလေးကို သူ့ညီမဖြစ်တဲ့ သက် ဆီ ပို့ခိုင်းခဲ့တာ၊ ယောက္ခမဆီ ပြန်မပို့ဘူးဆိုကတည်းက ရှင်းနေတာပဲ၊ ဒါ ကွယ်လွန်သူရဲ့ ဆန္ဒအတိုင်းပဲ"

"ငါတို့ကတော့ ကွယ်လွန်သူရဲ့ဆန္ဒကို အဓိက မထားနိုင်ဘူး၊ ဂရုမစိုက်ခဲ့တဲ့ ကလေးရဲ့နောင်ရေးကို အဓိကထားပြီး စဉ်းစားရမယ်၊ ဒီကလေးမှာလည်း သူ့အဖေ ရှိနေသေးတယ်ဆိုတော့ အဒေါ်ဖြစ်ပေမယ့် မင်းမှာ ကလေးကို အုပ်ထိန်းပိုင်ခွင့် မရှိဘူး"

"ကျွန်မ သိတယ်၊ ဒါပေမယ့် သူ့အဖေ သဘောပြန်လာမှ ..."





"အခု ခေါ်ထားဖို့က သူ့အဖေရဲ့ဆန္ဒပဲ၊ သူ့အဖေနဲ့ မဆိုင်သေးဘူးဆိုရင်တောင် မင်းရဲ့ ဘာမှမပြည့်စုံတဲ့ ဒီလို စုတ်ပြတ်နေတဲ့အခြေအနေမှာ ငါတို့မြေးလေးကို မထားနိုင်ဘူး"

ကလေးကို ခဏဆိုပြီး ခေါ်သွားသည်။ လုံးဝ ပြန်တွေ့ခွင့်မရတော့ဘဲ သံတွဲကို ခေါ်သွားတော့မည့်အဖြစ်ကျမှ လာပြောကြ၏။

သက် မျက်ရည်တွေ တစ်စက်ချင်း အသံတိတ် ကျလာကြသည်။ ဝင်လာကတည်းက ဒီတိုင်းရပ်နေကြသည့် လူကြီးနှစ်ယောက်က တံခါးဝအတွင်းဘက်မှာပဲဖြစ်ကာ တစ်ယောက်က မနော ရဲ့အဘိုးဖြစ်၏။ လာခေါ်သွားတုန်းကလည်း ဒီလူကြီးပဲ ဖြစ်သည်။

ကလေးကို သူ့အဖေ အသိုင်းအဝိုင်းတွေ ကြားထဲကနေ ယှဉ်ပြိုင်အနိုင်လုပြီး ပြန်ဆွဲခေါ်ရအောင် ကိုယ်မှာ ဘာရှိလို့လဲ ..၊ တစ်လောကလုံးမှာ တစ်ကောင်ကြွက် မျက်နှာမွဲ အသိုင်းအဝိုင်းမဲ့ ..။

သက် ရဲ့အသံလေး တိတ်သွားတာကို နားစွင့်နေရင်း ရေခါးဒီဘက်ကနေ စိတ်မချမ်းသာစွာ ခေါင်းတခါခါ ဖြစ်နေခဲ့၏။

သက် နဲ့သူ နာမည်ချင်း ဆင်သလို ဘဝတစ်ကွေ့မှာ ရောင်စုံပြကွက်တွေ 'က'ခဲ့ရတာချင်းလည်း ထပ်တူနီးပါး ဖြစ်နေခဲ့တာ အံ့ဩစရာပင် ..။ အမေ့ဝမ်းထဲကနေ အချင်းတိုင်တစ်ခုတည်းနှင့် အမြွှာမွေးဖွားလာခဲ့သူတွေ တစ်ယောက်နေမကောင်းရင် တစ်ယောက်မှာလည်း ကိုယ်ပူသည်ဆိုတာ ကြားဖူးသည်။

တစ်ယောက်မှာ ထိခိုက်အနာတရဖြစ်လျှင် တစ်ယောက်မှာလည်း နာကျင်မှုဖြစ်သည်တဲ့ ..၊ ဒါလည်း ပုံမှန်မဟုတ်သော ထူးဆန်းမှုတွေပဲဖြစ်သည်မို့ အံ့ဩစရာ မဟုတ် ..။ သက် နဲ့ သူ့ကျတော့ ..။

လွှတ်လွှတ်လပ်လပ် ငိုချပစ်လိုက်သည့် ရှိုက်သံကြောင့် သူ့ခြေကူးတွေ ရပ်တန့်ကုန်၏။ စကားပြောသံတွေ တိတ်ဆိတ်သွားပြီမို့ လူကြီးတွေ ပြန်သွားကြပြီ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေခါး ခေါင်းအုံးအောက်က ပိုက်ဆံအိတ်ပြားလေးကို လိုချင်တာ ထုတ်ယူ၊ ပြီး နေရာမှာ ပြန်ထားလိုက်သည်။ ပြီးတော့ အိမ်ထဲသို့ လျှောက်ဝင်သွားပြီး လုပ်စရာရှိတာလုပ်ပြီးမှ ပြန်ထွက်ခဲ့၏။ ပြီးတော့မှ သက် ရဲ့အခန်းတံခါးဝမှာ သွားရပ်ကြည့်မိသည်။

"သမီးလေးရယ် .. မီးလေးကို တီတီ ဘယ်တော့မှ တွေ့ရမှာ မဟုတ်တော့ဘူး သိလား .. မီးလေးရော ငိုနေသလားဟင်"

သက် သည် ဖွင့်လျက်သား သံသေတ္တာသေးသေးလေးရှေ့မှာ ဒူးတုပ်လျက်လေး ပုံကျလျက် မနော ရဲ့ဂါဝန်လေးတွေ သူမပေါင်ပေါ်မှာရော ဘေးမှာပါ ပြန့်ကျဲနေ၏။ လက်ထဲမှာလည်း အင်္ကျီလေးတစ်ထည်ကို ကိုင်ထားကာ အင်္ကျီထဲမှာ မျက်နှာတစ်ခုလုံး ဖိနှစ်ထားလိုက်.. စကားတွေပြောပြီး ရှိုက်ငိုလိုက်နှင့် ...

"သမီးကတော့ သမီးရဲ့အဖေ ပြန်လာတာနဲ့ ပျော်သွားမှာပါ၊ တီတီကတော့ ရင်ကွဲနာကျပြီး သေရတော့မယ် သိလား .."

ပြောနေရင်း ဟီးခနဲ ငိုချပြန်သည်။

"ခါးသက်ချို"

ထရံကာထားပေမယ့် သက် ရဲ့ကိုယ်တစ်ခြမ်းကို လှမ်းမြင်နေရတာမို့ သူ ခေါ်လိုက်တော့ သက် ကလည်း အပြင်ကို လှမ်းကြည့်သည်။ သူ့ကိုမြင်မှ မျက်ရည်သုတ်၍ ရှိုက်သံမပျောက်ဘဲ ထထွက်လာသည်။

"ရှင် သိလားဟင်.. သက် ကို သမီးလေးနဲ့ ပေးမတွေ့တော့ဘူး"

"သိတယ်"

"သံတွဲကို အပြီးခေါ်သွားကြပြီ သိလား .. သက် က ဆင်းရဲလို့ သမီးကို မထိန်းရဘူးတဲ့"

"ကဲ .. တော်ပါတော့ကွာ .. မင်း ချစ်သလို သူ့ကို ချစ်တဲ့သူတွေကပဲ ခေါ်သွားတာပါ၊ ပြီးတော့ ကလေး ပြည့်ပြည့်စုံစုံ ဖြစ်သွားမှာကို မင်း တွေးပြီး ကျေနပ်လိုက်ပါ"





"ပြည့်စုံမှာတော့ ဟုတ်တာပေါ့၊ ဒါပေမယ့် မမတို့သားအမိကို သူတို့ ကြင်နာကြတာ မဟုတ်ဘူး၊ အဲဒါကြောင့် မမက သူ့ယောကျ်ားမရှိတဲ့အချိန် အိမ်မှာ မနေချင်လို့ ရန်ကုန်မှာ သက် နဲ့ အတူနေဖို့ ထွက်လာတာ .."

"အဲဒါ သိတယ်လေ .. ဒါပေမယ့် သူ့အဖေကတော့ သူ့သမီးကို မိတဆိုးလေး ဖြစ်သွားပြီဆိုပြီး ပိုချစ်မှာပါ၊ နောက်ပြီး ကလေးရဲ့အဖေနဲ့ပြိုင်ပြီး ရယူဖို့ မင်းဘက်မှာ အခွင့်အရေးမှ မရှိဘဲ"

သက် သူ့ရှေ့မှာ ခြေစုံရပ်လိုက်ပြီး မျက်နှာလေး ငုံ့သွား၏။ ငုံ့နေရင်း မျက်ရည်သုတ်တော့ သူမကို ပန်းလေးဖြစ်ဖြစ် ဖွဖွလေး ဖက်ထားပြီး နှစ်သိမ့်ပေးချင်စိတ်တွေ ဖြစ်လာမိသည်။

"နှစ်ယောက်တည်းရှိတာကို တစ်ယောက် ပါသွားတော့ သက်.. သက် ဘယ်လိုနေရမလဲ၊ ဒီမှာ တစ်ယောက်တည်း ဆက်နေရရင် သက် ရူးသွားမှာ သိလား"

ရေခါး သက်ပြင်းချမိရင်း သက် ရဲ့ နဖူးထိပ်က ဆံစလေးတွေကို သပ်တင်ပေးတာလည်း မဟုတ်ဘဲ မထိတထိ လှမ်းကိုင်မိ၏။

ဖြစ်လာတာက တကယ် ဖြူစင်သည့် သံယောဇဉ်နှင့် ငဲ့ညှာကြင်နာလိုခြင်းသာ ..၊ အခွင့်အရေးယူသွားလျှင် မကောင်း ..။

ထို့ပြင် သူ ပိုပြီး ရင်နင့်သွားတာက သူ့မှာလည်း သားကို စွန့်လွှတ်လိုက်ရပြီဖြစ်သလို သူကိုယ်တိုင် ဒီအိမ်ကနေ ထွက်ခွာရတော့မှာ ဖြစ်၏။ နှစ်လုံးတွဲ အိမ်ငှားဥယျာဉ်လေးတွေမို့ ပတ်ဝန်းကျင်မှာ အိမ်နီးချင်းတွေ ရှိပါသည်။ ခြံပိုင်ရှင်နှင့် လုံးချင်းတိုက်တွေလည်း ရှိ၏။

ဒါပေမယ့် မနက် အလုပ်သွားကြ၊ ညနေမှ ပြန်ကြကာ အားလုံး ကိုယ့်မိသားစုနဲ့ကိုယ် ရှန်းကန်ပြေးလွှားနေကြတာ ဖြစ်သည်။ ခရိုနီ... တစ်အိမ်နဲ့တစ်အိမ် ကူးလူးလည်ပတ်ကြတာမျိုးလည်း မတွေ့ခဲ့ပေ..။

ကိုယ့်မိသားစုနဲ့ကိုယ် စိုပြေနေနိုင်သူတွေအတွက် ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



က အစိကာမဖြစ်နိုင်သော်လည်း မိသားစုမရှိတဲ့ တစ်ယောက်တည်း သမားကျတော့ ...

"သက် အိမ်ပြောင်းတော့မယ်"

သက် က မျက်ရည်ထပ်မကျတော့အောင် မျက်နှာလေး မော့ထားလျက် ဆုံးဖြတ်ချက် ချ၏။ မိန်းကလေးတစ်ယောက် နေရာတကျမရှိဘဲ ဟိုရောက်ဒီရောက်ဖြစ်နေတာ မကောင်းမှန်းသိပေမယ့် မတားသင့်သည့်အခြေအနေမို့ ရေခါး အသံတိတ်နေမိသည်။

"ကိုချစ် ရော .. ပြန်မလာသေးဘူးလား"

မေးလာမှတော့ မဖြေဘဲနေလို့လည်း မဖြစ်တော့ရာ ...

"ကိုချစ် သူ့အမေနဲ့ပဲ နေတော့မယ် ထင်တယ်"

"ဪ .."

သက် ရဲ့အသံလေးက ထပ်ဆင့် ဆွေးမြည့်မှုတွေနှင့် လေးလံတိုးသွဲ့စွာ ...

"ကလေးအတွက် ပူစရာမရှိတော့ဘူးဆိုတော့ ကိုယ်လည်း အိမ်ကို ပြန်ချိန်တွေ မှန်မှာမဟုတ်တော့ဘူး၊ ပြန်မအိပ်ဖြစ်တဲ့ ညတွေလည်း ရှိလာနိုင်တယ်၊ ငါတို့က နှစ်ခန်းတွဲဆိုတော့ ဒီဘက်မှာ ဟိုဘက်ဆိုက်နေရင် မင်းတစ်ယောက်တည်း ပိုခံစားရလိမ့်မယ်၊ အဲဒီတော့ မင်း မိန်းကလေးဆောင်တစ်ခုမှာ နေဖို့အတွက် ကိုယ် ဝိုင်းရှာပေးမယ်"

စကားတွေပြောရင်း ကိုယ်တွေ ငါတွေ ဖြစ်နေမိကာ ကိုယ့်ကိုယ်ကိုယ်လည်း သိသည်၊ သက် အပေါ်မှာ သူ တွယ်တာနေမိတာ ညီမလေးတစ်ယောက်လိုလား .. ဟိုမရောက် ဒီမရောက် သံယောဇဉ်တွေလား၊ တစ်ခါမှ မတွေးခဲ့ဘူးဘဲ ရန်ဖြစ်မိကြတာတွေ ရှိလာလျှင် ဖြူစင်နေသလိုလို ...။

သနားစဖွယ်လေး မြင်ရသည့်အခါ ဒါမှမဟုတ် သူမ အလုတရားတွေကို ဘယ်လိုမှ ဥပေက္ခာထားလိုက်လို့မရဘဲ ငေးမိခဲ့သည့်





အခါ ...။ ထိုအခါတွေမှာ ရင်ထဲက လှုပ်ခတ်သွားတတ်ပုံတွေ ဗရမ်းဗတာ ဖြစ်နေသလိုလို ...။

"မရှာပါနဲ့ ...၊ မမနဲ့ မတိုင်ပင်ဖြစ်သေးခင်က သက် အရင်နေခဲ့တဲ့အဆောင် ရှိတယ်၊ အဲဒီမှာ သူငယ်ချင်းကလည်း ပြန်လာနေဖို့ ခေါ်နေတာပါ"

"ဒါဆို အဆင်ပြေတာပေါ့၊ မင်း ဘယ်နေ့ ပြောင်းမှာလဲ"

သက် က ဖျတ်ခနဲ စိုက်ကြည့်သဖြင့် အားတက်သရော မေးလိုက်မိသည့် ကိုယ့်အမူအရာကို ပြန်လျှော့ချမိကာ ...

"ကိုယ် အပြင်ရောက်နေတုန်းဆို မင်း တစ်ယောက်တည်း သယ်ပိုးနေရမှာစိုးလို့ပါ"

"ဟုတ်လား .. သက် ကတော့ ရှင့် အပျော်လွန်ပြီး သက် ကို ကရုဏာတွေ ပိုနေတာလို့ ထင်တာ"

မတည့်ဖို့စကားက စလာပါပြီ ...၊ ငိုထားသဖြင့် နီမြန်းမို့အစ်နေသည့် မျက်ဝန်းလေးတွေက သူ့ကို စူးစိုက်ကြည့်လျက် ခုနက ပြောရင်း ငိုရင်း ဖြစ်နေသည့်ပုံလေးနှင့် တခြားစီ ...။

"မိန်းမနဲ့ ပြန်ပေါင်းရဖို့အတွက် ကလေး ပါသွားပြီဆိုတော့ ခြေလှမ်းစလို့ ရပြီလေ .. အဲဒါကြောင့် ပျော်နေတာမို့လား"

"ဟာကွာ .. ပြဿနာပဲ"

တကယ့်ကို စိတ်ပျက်လက်ပျက် ညည်းမိတာ ဖြစ်သည်။ သူ့အဖြစ်တွေကို အစကနေ ခုချိန်ထိ ပြောမပြချင်လို့ မဟုတ်ပါ ...။

ပြောစရာတွေက မိုးတိုးမတ်တတ် ပြောရုံနဲ့လည်း ပြည့်စုံမှာမဟုတ်သလို သက် အတွက် ဒီအချိန်မှာ ခွဲသွားမယ့်လူအဖြစ် သူ နှုတ်မဆက်ရက်ပေ ...။

ထို့ကြောင့် ကိုယ်သွားဖို့ရှိတာကို မပြောဖြစ်တဲ့အတိုင်း ချက်ချင်း ထွက်မသွားသေးဘူးဆိုသည့် ဆုံးဖြတ်ချက်ပါ လောလောဆယ် ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးသားမို့ ရှင်းမပြနိုင် ...။

သက် ကတော့ 'ထင်'တစ်လုံးနှင့် စေလိုရာ စေနေသည်။

"ရှင့်မှာ မိန်းမရှိနေသေးတာကို ရှင် မပြောခဲ့ပေမယ့် သက် သိ သားပဲ၊ ပြန်ပေါင်းကြမယ်ဆိုရင် ဒါ ဝမ်းသာစရာပါ"

ငြိမ်သက် ငေးစင်းနေသည့် မျက်ဝန်းလေးတွေက နှုတ်ဖျားက ဆိုင်းတဲ့အတိုင်း ဝမ်းသာအားရ မဖြစ်တတ်ရှာ ...။

ဒါပေမယ့် သက် ရင်ထဲမှာ ကျေနပ်နိုင်ခဲ့တာတော့ အမှန်ပါ။ ကိုယ် ပူလောင်နေရသလို သူများ မပူရဘူးဆိုတာ မင်္ဂလာရှိတဲ့စကား ပဲ။ စူးစိုက်ကြည့်၍ ငြိမ်သက်နေသည့် သူ့မျက်နှာကို သက် ပြန်မော့ ကြည့်မိကာ ...

"ရှင့်ကို သက် ငေါ့လိုက်မိတာ အမှန်ပဲ၊ အဲဒါ ရှင် ဖုံးကွယ်ထားခဲ့ တာကို ရုတ်တရက် သတိရသွားလို့ပါ၊ ရှင့်မိသားစုအတွက် ရှင် လွတ် လွတ်လပ်လပ် ပျော်လို့ ရပါတယ်၊ သမီးလေးကို သက် ဒီကိုင်း ဆုံးရှုံး လိုက်ရပေမယ့် ရှင့်သားလေးက သူ့အမေနဲ့ ပြန်ပါသွားတာ၊ ပြီးတော့ ရှင်လည်း ပိုင်ဆိုင်ခွင့်ရှိတဲ့ သား .."

မင်းလိုပါပဲလို့ ပြောမယ့်စကားတွေ ရင်ဘတ်ထဲမှာပဲ လုံးထွေး ပျောက်ကွယ်၏။ ရေခါး သက်ပြင်းမောသာ ချမိလေသည်။

"ခွဲရတာချင်း တူရင်တောင် ရှင်က ခဏတဖြုတ်လေးနဲ့ သာယာ မှုတွေ ပြန်မျှော်လင့်ဖို့လည်း အခွင့်အရေးတွေ ရလာဦးမှာ"

"မင်းထင်တာတွေ လွဲနေတယ် ခါးသက်ချို ...၊ ဒါပေမယ့် ငါ ရှင်းပြဖို့လည်း ခက်နေတယ်၊ ဇောလောဆယ် မင်း ငါ့ကို မိတ်ဆွေ ကောင်းတစ်ယောက်လို ယုံယုံကြည်ကြည် အားကိုးမယ်ဆိုရင် ပဋိပက္ခ ဘာမှမရှိကြဘဲ အားလုံး အေးချမ်းစွာ ပြီးသွားမှာပါ"

"ဟုတ်ပါတယ် .. သက် အတွက် မိတ်ဆွေကောင်းပဲ လိုတာပါ၊ ရှင့်ကိုလည်း သက် ယုံကြည်ပါတယ်၊ ဒါပေမယ့် .."





သက် က ဆက်မပြောဘဲ ရပ်ပစ်၏။

"ပြောလေ .."

"ပြောဆိုရင်တော့ အများပါရင် တောင်းပန်ပါတယ်၊ ရှင့်ကို လေးစားယုံကြည်ပေမယ့် အိမ်ထောင်ရှိတဲ့ယောကျ်ားတစ်ယောက်နဲ့ ပတ်ဝန်းကျင်က ထင်ယောင်ထင်ဝါး မြင်လာမှာ ကျွန်မ မခံနိုင်ဘူး"

"မြင်စရာမရှိဘူးလို့ လုံးဝ အာမခံပါတယ်"

ရေခါး က အကောင်းပြောသလိုလို ရွဲ့တာလိုလိုနှင့် ကိုယ်ကို မတ်မတ်ရပ်ပြီးမှ လေးစားသည့်ပုံစံနှင့် ပြောသည်။

"ကိုချစ် ရဲ့အမေကလည်း ဒီနေရာထိ ရောက်လာဖို့မရှိသလို မှဆိုးဖိုလို့ သိထားတဲ့ လူတချို့ရဲ့ မျက်လုံးတွေလည်း မင်း ထင်နေ သလို ကြည့်မှာ မဟုတ်ဘူး၊ မင်းကို ကူညီချင်နေတဲ့ကောင်က မုဆိုးဖို၊ ကလေးအဖေအဖြစ်က နုတ်ထွက်လို့မရတဲ့အတွက်တော့ မင်းရဲ့ဂုဏ် သိက္ခာ ပွန်းရှထိခိုက်တာမျိုး ရှိချင်ရှိမယ်၊ မင်း စိုးရိမ်နေတာ အဲဒါ ဆိုရင် .."

"မဟုတ်ဘူး .."

"ဒါဆို ရပြီ .. မင်းကို ကိုယ် ဖုန်းနံပါတ်တစ်ခု ပေးထားမယ်၊ တကယ်လို့ မင်း ပြောင်းရွှေ့တဲ့အချိန် ဒါမှမဟုတ် အကူအညီတစ်ခုခု လိုအပ်ခဲ့ရင် ဆက်လိုက်ပေါ့ ...၊ ကိုယ် မဟုတ်ဘဲ တစ်ယောက်ယောက် ကိုင်လည်း ပြောချင်တာ ပြောလို့ရတယ်၊ ဒီကဆက်ရင်လည်း ငါးအိမ် ကျော်မှာ ဖုန်းဆက်လို့ ရတယ်လေ"

"အင်း .."

"ဒါဆို အခု အပြင်မှာ တစ်ခုခု သွားစားရအောင်၊ မင်း ထိုင်ငိုနေ မယ့်အစား စိတ်ပြေ လက်ပျောက်ပေါ့"

"ရှင် ပြောပုံက အခုပဲ ပြန်မလာဘဲ နေတော့မယ့်ပုံစံမျိုးပါလား၊ ခုနကပြောတော့ အိမ်ပြန်ချိန် မမှန်တာမျိုးလောက်ပဲ ဆို .."



www.burmeseclassic.com

www.burmeseclassic.com



သူ စကားမှားသွားသည်နှင့် သက် မျက်နှာလေးက အားကိုးမဲ့သွားသည့် ကလေးငယ်တစ်ယောက်လို သနားစရာလေး ဖြစ်လျက်...

"ဟင် .. ပြောလေ ရေခါး"

သက် ပါးစပ်ထဲမှာလည်း ရေခါး လို့ ခေါ်မိလိုက် .. ကိုရေခါး ဖြစ်သွားလိုက်နှင့်ပါ ..၊ သူ့ကို တစ်ခါတစ်ခါမှာ အရမ်း ခင်မင်ရင်းနှီးသွားသလိုဖြစ်ကာ တစ်ခါတစ်ခါကျတော့လည်း စိမ်းသက် ဝေးကွာနေသလိုပင် ...။

ရေခါး က သက် ကိုင်ပြီးထွက်လာသည့်သော့ကို လှမ်းယူ၍ သူ့ပဲ တံခါးပိတ်လိုက်ကာ ...

"အချိန်မှန် ပြန်ရောက်ဖြစ်မှာ မဟုတ်ဘူးလို့ ကိုယ် ပြောထားတယ်လေ ..၊ ကိုယ် မရှိနေတဲ့အချိန် မင်း လိုအပ်လာရင် လှမ်းခေါ်လို့ရမလား"

သက် က ဘာမှပြန်မပြောပေမယ့် သော့ခတ်လျက်ရှိနေသည့် ရေခါး တို့အခန်းဆီ မျက်ဝန်းတွေ ရောက်သွားခဲ့၏။

ပြီးတော့ သူပြောတာကို သံသယမျက်ဝန်းလေးတွေနှင့် မျက်တောင်တဖျတ်ဖျတ် ခတ်၍ စဉ်းစား၏။

ရေခါး သူမရှေ့ကနေ ဦးဆောင်ထွက်လာသလိုနှင့် ကျောခိုင်းလိုက်ရင်း ပင့်သက်ရှိုက်မိပြန်သည်။ သူမအတွက် သူ မောလျှော့သက်ပြင်းချခဲ့ရတဲ့ အကြိမ်ရေတွေ ဘယ်လောက်တောင် ရှိနေပြီလဲမသိ ...။

လူတွေကို နွမ်းကျပ်လာရင် သက်ပြင်းချလိုက်ဖို့ ဘယ်သူ သင်ပေးခဲ့တာလဲ ...။

❀ . ❀ . ❀





အခန်း (၁၅)

ရောက်ပြီဆိုကတည်းက ခရီးပန်းသမျှကို ရေချိုးခန်းထဲဝင်ပြီး သန့်စင် ချိုးချမပစ်ဘဲ ရေခါး မျက်နှာပေါ်မှာ ဒေါသတွေပါ အပိုဆောင်းလျက် ...

"မင်း မြန်မာပြည်မှာပဲ နေချင်တယ်ပေါ့၊ မုန့်ပူသလို ပူဆာပြီး ပြန်သွားတော့ အဲဒီလို လမ်းဘေးမှာ အိပ်ချင်လို့လား သားငယ် .. ပြောစမ်း"

"မဟုတ်ပါဘူး မာမီရာ .. အဲ့ဒါတွေ ကိုချစ် လည်း ပြောပြီးပြီဥစ္စာ၊ သားနဲ့ကျွန်တော် လွတ်လွတ်လပ်လပ် .."

"ဘာလွတ်လပ်တာလဲ ခါးလေး ရဲ့ .. သားသားခြေထောက်မှာ လဲကွဲထားတဲ့ ဒဏ်ရာတွေနဲ့ ဆူးခြစ်ရာဖြစ်ခဲ့တဲ့ အမာရွတ်တွေနဲ့ ခြင်ဖုကျန်ခဲ့တဲ့ အဖုလေးတွေရော .."

မလတ် က ဘယ်လိုဖြစ်ရပ် အဆိုးအကောင်းကိုမှ လုံးဝ လက်မခံ၊ သူ ရှင်းပြလည်း မရ၊ ကိုချစ် ပြောလည်း နားမထောင် ...။

"မာမီသား သူငယ်ချင်းတွေနဲ့ အလောင်းအစားလုပ်ပြီး သမီးရဲ့သားလေးကို .."



www.burmeseclassic.com

www.burmeseclassic.com



"မမသားက ကျွန်တော်နဲ့ရှိနေလို့ ခေါ်သွားရတာ.. သူ့ကို တမင် သုံးစွဲတာ မဟုတ်ဘူး"

"ဘာ မဟုတ်ရမှာလဲ .. နင် မုဆိုးဖိုလုပ်ဖို့အတွက် ဘယ်ကလေး ရှိလို့လဲ .. ငါ့သားလေးရှိနေလို့ ဒါတွေ လုပ်ဖြစ်သွားတာ၊ နန္ဒာ တို့ ပြောတယ် သိလား မာမီ .. မာမီ့သား လမ်းကြိုလမ်းကြားမှာ ကဲ ကောင်းလို့ မဟုတ်မဟပ်တွေနဲ့ မငြိတာ"

"ဟား!... သွားပြီ"

"ဘာ .. သွားတာလဲ"

ချွေးမပြောသမျှ မာမီက ပါးစပ်အဟောင်းသားနှင့် ခေါင်းညိတ် နေသည်။ သူ ပြောလိုက်ပြီဆို မြွေဟောက်ပါးပျဉ်းထောင်လိုက်တာ ထက် ဆိုး၏။ စိတ်ထဲမှာ ဖျတ်ခနဲ တွေးမိပြီး ရှုံ့မဲ့သွားကာ ငရဲကြီး သွားပြီလားလို့လည်း စိုးရိမ်မိသေးသည်။

"ပြီးခဲ့တာတွေကို ထားလိုက်တော့၊ သားကို အခု ကြူကြူ့ သမီး လေးနဲ့ လက်ထပ်ပေးမယ်၊ အဲဒီပွဲပြီးမှ ပြန်မယ်၊ မင်းအဖေ ဟိုမှာ စိန်တိုက်ဖွင့်မယ့်လုပ်ငန်းအတွက် မိုးကုတ်မှာ အင်ထရိုဝင်ဖို့ မင်း လက် ထပ်ပြီးတာနဲ့ တာဝန်ယူ .."

"ကျွတ်!..."

မိုးကုတ်လို့ အလွယ်တကူပြောနေကြပေမယ့် စိန်ကောင်းရဖို့က မိုးကုတ်မှာနေလို့ရတာ မဟုတ် ..၊ ဒက်ဒီကိုယ်တိုင် ဒီဘက်ကနေ ကိုယ်စားလှယ်လုပ်နေတုန်းက ဘယ်လောက်ထိ ပြေးလွှား ပင်ပန်းခဲ့ သလဲ ..၊

လူကြီးတွေ ဘာဖြစ်လို့ ဒီလောက်ထိ လောဘတွေမြင့်တက်နေ မှန်း မသိ။ ကိုယ့်နိုင်ငံမှာကိုယ် စိန်တိုက်ပိုင်ရှင်ဖြစ်နေရင်ပဲ မြင့်မား နေပါပြီ၊ နိုင်ငံခြားထိသွားပြီး ချဲ့ထွင်မှလား ..။

ဟိုတုန်းက ဒက်ဒီတစ်ယောက်ပဲ လောဘတွေမြင့်နေသည်ထင်ခဲ့





တာ၊ ခုတော့ မာမီကလည်း ဟိုမှာပဲ အခြေချချင်တော့သလိုလို ..၊

ရှုံ့တွတွ မျက်နှာလွှဲထားတာကို ခေါ်ပြည့်ပြည့်စိုး က စိုက်ကြည့် ကာ ...

"မျက်နှာက ဘာဖြစ်နေတာလဲ သား၊ ဒီဘက်ကို လှည့်စမ်း .. မာမီ့ကို ကြည့် .."

လူကသာ နိုင်ငံခြားမှာအနေများနေသည် စိတ်က ဘာများပြောင်း လဲလို့လဲ၊ စကားပြောပြီဆို မျက်လုံးချင်း ဆုံမှ ..၊

ပြောဆိုနေတုန်း မီးပျက်သွားတာများဖြစ်လျှင် ဒက်ဒီ့အိတ်ထဲက မီးခြစ်လှမ်းနှိုက်ပြီး မျက်နှာရှေ့မှာ မီးခြစ်ပြီးမှ ပြောသည်။

ပြောစရာကို မြန်မြန်ဆန်ဆန် လက်စသတ်ပြီးမှ မီးပြန်ငြိမ်း၍...

"ဟဲ့ .. မီး မြန်မြန်လုပ်စမ်း၊ ပြောလို့ကောင်းတုန်း" ဆိုတာမျိုး...၊

မာမီတို့က လှတပတ နုနုဖက်ဖက်ပုံစံလေးနဲ့ကတည်းက ဘာ ပြောပြော အဘွားအိုပေါက်စလေးနဲ့တူလေသည်။ မျက်နှာထားဟန်ပန် တွေက အစ ..၊

"မင်းကိုလေ သားလေးတစ်ယောက်တည်း ကျန်တော့တာဆိုပြီး အလိုလိုက် အကြိုက်ဆောင်ထားခဲ့တာ သိရဲ့လား၊ သားကြီးဆိုရင် ဒါလုပ်ဆို လုပ်တယ်၊ ဒီလိုနေဆို ဒီတိုင်းမရွေ့ဘူး"

ဆွေစုမျိုးစု ဆရာဝန်တွေပဲဖြစ်ပြီး သူ့ကျမှ ဆေးတက္ကသိုလ်တက် လက်စနှင့် စာမေးပွဲကျပြီး ထွက်လိုက်ရသည်။

ဒီအဖြစ်ကို မာမီနဲ့ဒက်ဒီ ဘယ်သောအခါမှ ကျေနပ်ခဲ့တာ မဟုတ် ...။ ဒက်ဒီကဆို ယောကျ်ားကောင်းဆိုသည့် လက်မထောင်နိုင်ဖို့ အရည်အချင်းကောင်းတွေ အပြည့် ...။

"ချမ်းသာတာလည်း လေထဲမှာတက်ပြီး ဘုံပေါက်နေပစေ ပညာ တတ်နဲ့တွေ့ရင် လက်ညှိုးထိုးခံရတာပဲ၊ သူတို့ကိုယ်ကို ပညာတတ် မျိုးရိုးဆိုပြီး လူချမ်းသာဆိုတဲ့ကောင်တွေကို သူတို့ခြေထောက်အောက်



www.burmeseclassic.com

www.burmeseclassic.com



က နင်းပြားလို ကြည့်တာ၊ ပညာတွေပဲ ဖီသင်ပြီး ငွေမရှိပြန်လည်း သူများခိုင်းတာကို ခံရတာပဲ၊ အဲဒီတော့ ပညာကို မြင့်မြင့်မားမားအထိ ကိုယ် တတ်ထားရမယ်၊ စီးပွားဥစ္စာက ထိပ်ဆုံးထိမရောက်ခဲ့ရင်တောင် သူများနဲ့ လွတ်ကင်းနိုင်တဲ့အထိပေါ့"

သူ့ကိုဆူပြီဆို ဒက်ဒီ့စကားတွေက ထိုလမ်းကြောင်းအတိုင်းပဲ သွားတတ်၏။

"ဆေးကျောင်း ဆက်တက်"

လို့ ပြောတာများလာတော့ နားခံသာအောင် အဝေးသင်နဲ့ ဘွဲ့ တစ်ခု ယူပြလိုက်သည်။ ဒါလည်း မပြီးနိုင် ..။

"မင်းကို ဘွဲ့တစ်ခုခုတော့ ယူထားလို့ ငါပြောခဲ့တာ မဟုတ်ဘူး ရေခါး"

လို့ ဒေါသနဲ့အော်သည်။ ဒါတောင် သူ့ရဲ့ပညာအရေးအခင်းတွေ ဖြစ်တော့ ဒက်ဒီ အနားမှာ ရှိတော့တာမဟုတ် ..။

"မာမီ ပြောနေတာတွေ ကြားရဲ့လား သားငယ်"

"ဗျာ!... ဟုတ်ကဲ့ .."

သူ့စိတ် လွင့်ချင်ရာလွင့်နေတာကို မာမီနဲ့ မလတ်က ထိုင်ရာမထ လိုက်ဖမ်းကြည့်ဖို့ ကြိုးစားနေကြ၏။ ကြားထဲမှာ ထိုင်ပြီး မုန့်တွေပဲ တဝတပြ သွတ်သွင်းနေသည့် ကိုချစ် ကတော့ ပြုံးစိစိနှင့် ..။

"အခု ဘာဖြစ်လို့ ပြန်မလာသေးတာလဲ၊ ဘယ်မှာနေနေတာလဲ"

"ရွှေသွေး နဲ့ပါ"

"မှန်မှန်ပြောနော် .. ဟိုအိမ်လေးမှာ မဟုတ်ဘူးလား"

စိတ်ပျက်သည့်ပုံနှင့် ရေခါး ခေါင်းကုတ်သည်။

"ယောက်ျားလေးဖြစ်တိုင်း ခေါင်ကျကျ ပြားကျကျ မာမီ မထားနိုင်ဘူး သား၊ အဲဒီလိုပစ်ထားရလောက်အောင်လည်း မာမီကို့ မဆင်းရဲဘူး၊ သားလည်း လူပေလူတေလေး မဟုတ်ဘူး၊ အဲဒီတော့ မင်း ဒီ





တစ်ရက်နှစ်ရက်အတွင်း အိမ်ကိုပြန်လာနေပါ"

"ဖေကြီးက အလုပ်လုပ်နေတာပါ ဘွားဘွားကြီးရ၊ ဘယ်မှလည်း လျှောက်မလည်ဘူး၊ ဘာမှလည်း လျှောက်မလုပ်ဘူး၊ ဖေကြီးကို သား ကောင်းကောင်းထိန်းထားတာပါ"

"အံမာ .. ကိုချစ် .."

"ဖေကြီးအတွက် ပြောပေးတာလေ"

"နားရင်းအုပ်ခံချင် ဆက်ပြော .."

"တွေ့လား .. မြေးလေးကို ဆက်ဆံတာ .."

"ဟုတ်တယ် မာမီ၊ ကလေးကို သားသမီးလိုလည်း ဂရုစိုက်ယုယ တာမဟုတ်ဘဲနဲ့ ဒီတိုင်းထားတာ သိလား၊ ညီအစ်ကိုတွေကျနေတာပဲ၊ နှစ်ယောက်စလုံး ထင်သလို နေနေကြတာ နေမှာ"

"မမကလည်း ထိုင်ကြည့်နေရတဲ့အတိုင်းပဲနော်၊ ထင်တာတွေ ဖွတ်ပြော၊ နေပါဦး တားလည်း မရ .. မဟုတ်ဘူးဆိုလည်း မယုံ"

"ယုံတော့ ဘာလုပ်ရမှာလဲ၊ ငါကလည်း နင်နဲ့မှ ထားခဲ့မိတယ်၊ ကလေးကလည်း ဖေကြီးလို့ပဲ ခေါ်နေကျ၊ ငါကိုက မှားတာ"

"ကဲပါ .. သမီးလည်း တော်ပါတော့၊ မြေးအတွက် မာမီကပဲ တောင်းပန်ပါတယ်"

"ဟာ .. ဘွားဘွားကြီးကလည်း သားမှ ဘာမှမဖြစ်တာ၊ ဖေကြီး.. ဖေကြီး ဦးရွှေသွေး ဆီသွားရင် သား လိုက်မယ်နော်"

"ဘာလိုက်လုပ်မှာလဲ မင်းက .."

ကိုချစ် က နှစ်ယောက်တည်းသိသော လျှို့ဝှက်ပြုံးလေးနှင့် သူ့ကို ကြည့်၍ ...

"လိုက်ချင်လို့ပါဆို ဖေကြီးကလည်း"

"မလိုက်ရဘူး မြေး၊ ဒါ လွမ်းစရာကောင်းတဲ့နေရာလည်း မဟုတ် ဘူး၊ ဒီမှာ သားငယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပြည့်ပြည့်စိုး က မြေးကိုပြောလိုက်၊ သားဘက်လှည့်လိုက်နှင့် ...

"အခု မာမီ ဖုန်းဆက်ထားတယ်၊ မင်း ကြူကြူ တို့ အိမ်ကိုသွား၊ သူ့သမီးလေးနဲ့ တွေ့ခဲ့"

"တွေ့ပါ့မယ် .. လက်ထပ်ဖို့လည်း မာမီ စီစဉ်ပါ၊ အခုတော့ အစီအစဉ်တွေ မစပါနဲ့ဦး မာမီရာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်ဘက်မှာလည်း မပြတ်သေးတဲ့ ဘော်ဒါကလွှာလေးတွေ ရှိသေးတယ်၊ ငါးရက် တစ်ပတ်လောက်တော့ အချိန်ပေးပါဦး"

"အဲဒါပဲ .. မာမီ့သားကို မာမီကိုယ်တိုင်ပဲ အကဲခတ်တော့ .."

မလတ်က သားလက်ကိုဆွဲပြီး နေရာမှထထွက်သွား၏။ ကိုချစ်က မအေနောက်ပါသွားရင်း ရေခါး ကို ပြန်လှည့်ကြည့်သည်။

ရေခါး က မကြည့်တော့ စားလက်စ လိမ္မော်ခွံနှင့် လှမ်းပစ်၏။ ပြီးတော့ နှုတ်ခမ်းရော နှာခေါင်းရော စုံအောင်မဲ့ပြကာ လက်မလေးထောင်ပြသွား၏။

ဘာဖြစ်ဖြစ် လိုက်မှာပဲ၊ လုပ်မှာပဲလို့ ပြောသွားတာမျိုး။

ကိုချစ် က ကလေးပေမယ့် လျင်သည်။ မာမီတို့ကို သူမပြောဘဲ ထိမ်ချန်ထားသမျှ ကိုချစ် ပါးစပ်ကနေ ဘာတစ်ခုမှ ယောင်ထွက်သွားခဲ့တာ မရှိ ..။

ညီအစ်ကိုလို ပေါင်းသင်းပြောဆိုနေပေမယ့် ကိုချစ်ကလည်း ငယ်ငယ်လေးကတည်းက ဖေကြီးလို့ပဲခေါ်တာမို့ တူလို သားလို ချစ်ကြပါ၏။ ရေခါး လိမ္မော်ခွံလေးကို ပြန်ငုံ့ကြည့်ရင်း ပြုံးမိသည်။

"ဘာတွေပြုံးနေတာလဲ၊ မြေးနဲ့ သားငယ်တို့ ဘာတွေ အချိတ်အဆက်ညီနေကြတာလဲ၊ မာမီ မသိပေမယ့် သိနေတယ်နော်"

ဒေါ်ပြည့်ပြည့်စိုး က တစ်ခါတည်း အလစ်အငိုက် ဖမ်းသည်။





"အေး .. ဘာတွေဖြစ်ဖြစ် မပြောလည်း နေ၊ ဒီနေ့တော့ မင်း သင်းလဲ့ကြူ နဲ့ သွားတွေ့ရမယ်"

"သင်းလဲ့ကြူ .."

သံယောင်လိုက်ရွတ်ရင်း ရေခါး မျက်မှောင်ကုတ်သွားသည်။

ဒီနာမည်ကို သူ တရင်းတနှီး သိနေသည်။ နာမည်တူ ရှိရင်တောင်မှ ရှားတော့ရှားမယ့်နာမည်ပဲ ဖြစ်လိမ့်မည်။

သင်းလဲ့ကြူ ဟာ သူတွဲခဲ့ဖူးသည့်ထဲက တစ်ယောက်ဆိုတာ ဖြစ်မည်မှန်း ချက်ချင်းသိလိုက်ပေမယ့် ဘယ်သူဖြစ်နိုင်မလဲဆိုတာ ပုံဖော်လို့ မရ ..။ သူငယ်ချင်းတွေကြားလျှင် ရယ်ကြလိမ့်ဦးမည်။

"ဖြစ်ရလေ ခါး ရယ် .. မမှတ်မိလောက်အောင် နင့်မှာ များနေရလား"လို့ ပြောမှာလည်း သေချာသည်။

ပိုသေချာတာက သူ လုံးဝ မမှတ်မိတော့ပါ ..။

"သားတို့လူငယ်တွေအပိုင်းကို မာမီ နားလည်တယ်၊ မင်း အပြင်မှာ လွင့်နေပေမယ့် ထင်သလိုမနေခဲ့တာ၊ မပျက်စီးခဲ့တာတွေအားလုံးကလည်း သူငယ်ချင်းအပေါင်းအသင်းဘက်က ပံ့ပိုးမှုတချို့ ပါတဲ့အတွက် မာမီ သူတို့ကို ကျေးဇူးတင်ပါတယ်၊ အဲဒါကြောင့် သားပြောတာကို မာမီ လက်ခံတယ်၊ ဒါပေမယ့် သင်းလဲ့ကြူ ကိုတော့ ဒီနေ့ သွားတွေ့လိုက်ပါ၊ လက်ထပ်ဖို့အစီအစဉ်ကို နောက်တစ်ပတ်ကျမှ မျက်နှာစုံညီ ပြန်စလို့ရတယ်"

"မဟုတ်ဘူး မာမီ .. လက်ထပ်ကြဖို့အတွက် စေ့စပ်ကြောင်းလမ်းပြီးပြီဆိုရင် သူ့မိဘက တစ်မျိုး .. သူကတစ်မျိုး .. ဘာလုပ်ဖို့ လာပါဦး၊ ဘယ်သွားမလို့ လိုက်ပို့ဦးနဲ့ လူကို ကယ်ရီလုပ်တော့တာ"

"ကယ်ရီတော့ မဟုတ်ပါဘူး သားရယ် .. မိဘကတော့ လူငယ်ချင်း ရင်းနှီးစေချင်တာ၊ သူ့သမီးအတွက် အကဲခတ်ချင်တာတွေပါ၊ မိန်းကလေးကျတော့ သူ့အပေါ်မှာ ယောကျ်ားလေးက ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



သည်းခံ လိုက်လျောသလဲ၊ ဘယ်လိုဂရုစိုက်သလဲ စသဖြင့် သိချင်တာပေါ့"

"အဲဒါတွေ မိန်းကလေးတွေပဲ စမ်းသပ် အကဲခတ်ခွင့်ရှိသလား မာမီ၊ ကျွန်တော်တို့က သူတို့ခေါ်တိုင်း ထပြေးမသွားနိုင်လို့ .. လိုတိုင်း မလိုက်လျောနိုင်လို့၊ အဲဒါတွေကို သူတို့ ဘယ်လောက်ထိ သည်းခံမလဲ ဆိုတာမျိုး ကျွန်တော်တို့ကျတော့ စမ်းသပ်ခွင့် မရှိဘူးလား"

"သားရယ် .. အိမ်ထောင်ဖက်ရွေးချယ်တဲ့နေရာမှာ မိန်းကလေးဘက်ကို အခွင့်အရေး အပြည့်အဝပေးလာခဲ့တာ ရှေးထုံးစဉ်လာပဲကွယ်၊ မင်းရဲ့မာမီ မင်းဒက်ဒီကို လက်ထပ်ခဲ့တုန်းကလည်း ဒီလိုပဲလေ၊ မင်းရဲ့ အဘိုးအဘွားတွေလည်း ဒီလိုပဲ"

ရေခါး ဆိုဖာမှာမှီလိုက်ပြီး မှဲ့သွားသည်။ ထိုအချိန်လေးမှာ တိုက်ဆိုင်မှုမရှိဘဲ အတွေးထဲကို ဝင်လာတာက ခါးသက်ချို ရဲ့မျက်နှာလေး..။

သူမနဲ့ နီးစပ်ပတ်သက်တာတွေဟာ ပြီးသွားခဲ့ပြီဆိုလည်း ရသည်။ မပြီးသေးပေမယ့် ထားလိုက်တော့မယ်ဆိုလည်း ရနေတာပဲဖြစ်၏။ ဒါပေမယ့် သူ့ရင်ထဲမှာ မပြီးနိုင် ..။

မထားခဲ့နိုင်တာလည်း ဘာကြောင့်မှန်း မသိ ..။

ခါးသက်ချို ရယ် .. မင်းနဲ့ငါ ရှေ့ဆက်ဖို့ မရှိတော့ဘူးဆိုပေမယ့် .. ငါ ...။





## အခန်း [၃၆]

အိမ်ပြန်နောက်ကျနေရသည့်အထဲ မိုးက ရွာလိုက်သေးသည်။ ကားကျပ်ကျပ်ထဲ တိုးဝင်စီးရင်း နောက်တစ်ဆင့် ကားဆက်စီးဖို့ ကားရှိပါ့မလားလို့ တွေးပူနေမိ၏။

လမ်းကြောင်းအတိုင်း မှတ်တိုင်တွေရှိပေမယ့် ကားတွေက လမ်းဆုံးလွန်းပြီဆို အချိန်နည်းနည်းလေးနှောင်းတာနဲ့ မတွေ့ကြတော့ပေ။

ပြီးတော့ ဒီနေ့ကျမှ မိုးက တဖြောက်ဖြောက်နှင့် ..၊

ဒီမိုး တိတ်ပါစေတော့လို့ ဆုတောင်းမိတုန်း မှန်တိုင်းရှိသည်လို့ ကြားလိုက်သဖြင့် စိတ်ဓာတ်ကျခဲ့ရသည်။

"ကျွီ .."

"အမလေး .."

"အား!... သေပါပြီ"

ကားက ရုတ်တရက် ဆောင့်ခါပြီး ထိုးရပ်သွား၏။ ကားပေါ်က လူတွေ ခြေထောက်တွေ တက်နင်းမိ၊ လက်ကိုင်တွေလွတ်ပြီး ထပ်လျက် ပြိုကျနှင့် အော်သံတွေ ဆူညံသွား၏။

"ဘာဖြစ်သွားတာလဲ .. ကားက"



www.burmeseclassic.com

www.burmeseclassic.com



"ပျက်သွားတာ ထင်တယ်"

ပြန်ဖြေသူမရှိဘဲ ထင်မြင်ဝေဖန်သံများနှင့် ကားထဲမှာ အနံ့ အသက်တွေက မကောင်း။ အရက်ဆီပြန်၊ ချွေးအဆီပြန်နေတဲ့ အသား တွေက ကပ်ညပ်နေတော့ မထိချင်လို့လည်း မရ။ သက် စိတ်ညစ်နေမိ တုန်း စိတ်ချမ်းသာဖွယ် သတင်းစကားကို ကြားလိုက်ရ၏။

"ကားက ချိုင့်ကျပြီး ရှပ်ကျိုးသွားတယ်၊ ရှေ့ နှစ်မှတ်တိုင် လောက်ပဲ ရှိတော့တာဗျာ .. အားလုံးပဲ ဒီကပဲ ဆင်းလိုက်ကြပါ"

"ဟား!... မိုးရေထဲ ဘယ်လိုလုပ် လျှောက်မလဲ"

"ပိုက်ဆံပြန်အမ်းပေါ့"

စပယ်ယာ၏ကြေညာသံနှင့် ညည်းညူသံတွေ ထပ်မံ ထွက်လာ ကာ ...

"ဒီလောက်လေးကျန်ကာကို ကပ်သပ်မနေပါနဲ့ဗျာ၊ မဆင်းချင် ရင်လည်း ကားပေါ်မှာပဲ ထိုင်စောင့်၊ အေးအေးပဲ"

ကားနဲ့ ခရီးသည်တွေရဲ့အရေးအခင်းကို သက် စိတ်မဝင်စား တော့ပါ။ ဒီကား မှတ်တိုင်ဆုံးတဲ့အထိသွားလည်း ကိုယ့်အတွက် ကား ရှိမရှိက မသေချာ ..။

ကားရှိဦးမှာပါဆိုပြီး ဖွဲနပဲနဲ့စောင့်ဖို့လည်း ကိုယ့်အတွက် အချိန် ကုန်မခံနိုင်တော့သည်မို့ ကားပေါ်ကဆင်းပြီးတာနှင့် တက္ကစီတစ်စီး လောက်တွေ့ဖို့ကိုပဲ သည်းမည်းရှာမိ၏။

လမ်းမဘက်မှာ ကားတွေ သွားလာနေကြပေမယ့် သက် စီးလာ သည့်ကားကြီးကတော့ မှောင်တဲ့လမ်းချိုးထဲမှာ ပျက်နေတာမို့ ကား တွေက အနီးအနား မရှိ ..။

သက် ဒီနေ့ အလုပ်အကိုင် မရှိသည့်နေ့ပါ။

ထို့ကြောင့် စုစု ပြန်အလာကိုစောင့်ပြီး အဆောင်ကိစ္စ အဆင် မပြေကြောင်း ပြောပြရင်း စကားတွေပြောနေခဲ့တာ အချိန်ကြာသွား





ခဲ့၏။ အဆောင်မှာ လောလောဆယ် လူပြည့်နေသည်မို့ လကုန်တဲ့ အထိ စောင့်ရမှာဆိုတော့ ဆယ်ရက်လောက် ကြာဦးမည်။

ကိုယ်က အဲဒီလောက် မစောင့်ချင် ..။

စုစု ကလည်း သက် တစ်ယောက်တည်းနေရသည်ဆိုတော့ စိတ် မကောင်းဖြစ်ကာ အလုပ်တစ်ရက်နားပြီး အဆောင်လိုက်ရှာကြဖို့ တိုင် ပင်နေကြတာ ဖြစ်သည်။

ဆလင်းဘက်ခ်အိတ်လေးကို ပခုံးမှာလွယ်ထားရာကနေ ဖြုတ်၍ ရင်ခွင်ထဲမှာပိုက်လိုက်သည်။ အလင်းတစ်ကွက် အမှောင်တစ်ကွက်နှင့် လမ်းထဲကနေ တက္ကစီရှိနိုင်မည့်နေရာထိ မိုးစက်တွေအောက်မှာ အပြေး တစ်ပိုင်း လျှောက်ရ၏။

စိတ်ထဲမှာတော့ စုစု နဲ့တိုင်ပင်ခဲ့တာတွေကို တွေးနေဆဲ ..။

"ဟိုကလေးရဲ့အဖေကလဲ တိုက်ဆိုင်လိုက်တာနော်၊ နင့်ကလေး မရှိတော့ကာမှပဲ သူ့သားလည်း မရှိတော့ဘူး၊ သူလည်း အိမ်မကပ်"

"ပြောတော့ပြောသားပဲဟာ၊ သူ့သားမရှိတော့ အိမ်ပြန်ချိန်မှန်မှာ မဟုတ်ဘူးတဲ့၊ ဒါပေမယ့် ပြန်မအိပ်တော့တဲ့အထိတော့ မပြောဘူးလေ"

"မနေ့ညက သူ ပြန်မအိပ်ဖူးပေါ့"

"မအိပ်ပါဘူး .. သေချာပါတယ်၊ သူပြန်လာရင် ညဉ့်နက်ပေမယ့် ငါ့ကို တစ်ခုခုလှမ်းပြောပြီး အသံပေးတတ်တယ်ဟ၊ ပြီးမှ ငါ ပြန်ပြော ပြော မပြောပြော သူ အထဲဝင်သွားတာ"

"အေးနော် .. လူရိုးလူကောင်းတွေဆိုရင် အသက်မရှည်ကြတာနဲ့၊ ကွဲကြကွာကြတာနဲ့၊ အဲဒါပေါ့ ရတာမလို၊ လိုတာမရတာတွေ၊ ဟိုအရင် ကတည်းက နင်က အဲဒီလူကို ဟိုထင်ဒီထင်ဖြစ်နေပေမယ့် ငါက မထင်ပါဘူး၊ နောက်ဆုံး သူ့ကာရိုက်တာ ချို့ယွင်းနေတာ ရှိရင်တောင် နင့်တူမကို နင့်လက်ထဲ အရောက်လာပို့တာရယ်၊ နင့်အစ်မ ပေးလိုက် တဲ့ ရွှေတိုရွှေစကအစ ရိုးရိုးသားသား ပြန်အပ်ခဲ့တာရယ် အဲဒါတွေက



www.burmeseclassic.com

www.burmeseclassic.com



သိသာပါတယ်"

"ဒါကတော့ သူ့မိန်းမက သူ့ငွေးဆိုတော့ .."

"သက် ရယ် .. ဘယ်အချိန်က ဘာကောင်ကြီးဖြစ်ခဲ့ဖြစ်ခဲ့ လော လောဆယ်မှာ သူလည်း တစ်ကျပ်တစ်ပြား ပြူးပြဲနေအောင် ရှာဖွေနေရ တာပဲ မဟုတ်ဘူးလား၊ ရွှေ နှစ်ကျပ်သားလောက်က ဆင်းရဲသား တစ် ယောက်အတွက် မက်လောက်စရာပါ"တဲ့။

စုစု က ဟိုတုန်းတည်းက ရေခါး အကြောင်း ပြောဖြစ်တိုင်း ဖေးဖေးမမ တွေးပေးခဲ့သူဖြစ်သည်။ သက် ကလည်း မယုံတာတွေ ချည်း စုပုံဆုပ်ကိုင်ထားခဲ့တာမို့ လက်မခံ ..။

ခုတော့ မျှော်နေကာမှ ပေါ်မလာခဲ့တော့ပါ။

စုစု က သူ့ရဲ့ဖြူစင်ခြင်းတွေကို ဖော်ထုတ်ပြောသွားသမျှ တရေး ရေး ပြန်မြင်လာတာက သက် ကို သူ တစ်ခါတလေ ရယ်မြူးရိပ်များ နှင့် စိုက်ကြည့်နေတတ်တဲ့ မျက်ဝန်းတွေ ..၊

ပြီးတော့ ခေါင်းပုတ်၊ ထိပ်ပုတ် လက်ပါ၍ ရယ်မောတတ်ခြင်း တွေ၊ မိန်းကလေးတစ်ယောက်အပေါ်မှာ အခွင့်အရေးမယူတတ်သည့် ယောက်ျားပီသသော စိတ်ဓာတ်ကအစ ဒီမှာ နားလည်တမ်းတနေပါပြီ ဆိုမှ သူက စွန့်ခွာသွားခဲ့ပြီလား ..။

တက္ကစီတစ်စီးကို လက်ပြတားပြီး ဈေးဆစ်ဖို့တောင် သတိမရဘဲ ဝင်ထိုင်လိုက်မိသည်။

"ဦးလေး ဓိဒဝါလမ်းဘက်ကို တစ်ထောင်ပဲမို့လား"

"ဟာ .. ဘယ်ရမလဲ၊ မိုးလည်းချုပ်နေပြီ၊ လမ်းကကောင်းတာ မဟုတ်ဘူး၊ အဲဒီဘက်ကို တော်ရုံတက္ကစီတွေ လိုက်တောင်မလိုက်ကြ ဘူး"

ကားပေါ်ရောက်နေကာမှ ဈေးမေးမိတာ ခံပေါ့။ သူများနိုင်ငံတွေ မှာလို ကားထဲဝင်ထိုင်၊ ဆင်းမယ့်နေရာကျမှ မီတာဖတ်ပြီး ကျ





သလောက် ပေးလိုက်ရုံဆို ဘယ်လောက်ကောင်းမလဲ ..။

ခုတော့ ငါ ဈေးမဆစ်ဘဲတက်မိလို့ဆိုသည့် အကုသိုလ်စိတ်က ရင်ထဲမှာ အတုံးလိုက်အတစ်လိုက် နှိပ်စက်၏။

တစ်ထောင်ပဲတန်တဲ့လမ်းကို ထောင့်ငါးရာတောင်းတာ မပေး ချင်ပေမယ့် ခေါင်းညိတ်လိုက်ရသည်။

အဲဒါ သူ့အကြောင်းပဲ တွေးနေမိလို့ ..၊

နောက်ထပ် အတွေးစိတ်ဝင်လာပြီး ကြေကွဲသွားမိသည်။ သူက တော့ သူ့သားနဲ့တွေ့ဖို့ ဒါမှမဟုတ် မိန်းမနဲ့အဆင်ပြေဖို့တွေ ကြိုးစား လုံးပမ်းရင်း ကိုယ့်ကို သတိရဖို့အချိန် ရှိမှာ မဟုတ်ပါ ..။

ဒီညလည်း သူ ပြန်လာမည် မထင်။

အရက်ဆိုင်တစ်ခုကိုလွန်လာပြီး မလင်းမမှောင် မိန်ပျပျလမ်း ကွေ့တစ်ခုကို သက် မျက်လုံးရောက်သွားစဉ် ...

"ဦးလေး .. ဦးလေး ဟိုမှာ ..."

"ကားတားနေတာလေ၊ ဘာလဲ ရပ်ပြီး တင်လိုက်ရမလား"

ကားဆရာက နောက်ပါစင်ဂျာတင်ရဖို့ အခွင့်အရေးမြင်သည်နှင့် အရှိန်ကိုလျှော့ချပြီးသား ..၊ သို့သော် ...

"ဟာ!... ဘာကြီးလဲ"

ကားတားသည့်လူက အမျိုးသမီးတစ်ယောက်ဖြစ်ကာ ကား အရှိန်လျှော့ချလိုက်တာ မြင်သည်နှင့် လမ်းပေါ်မှာ ခွေခနဲ လဲကျ သွား၏။

"ဘာဖြစ်တာလဲ မသိဘူး၊ ခေါင်းမှာလည်း သွေးတွေနဲ့"

"ဘာဖြစ်ဖြစ် ကိုယ့်ကို အမှုပတ်မယ်"

"အို!... မလုပ်ပါနဲ့ .. ကားရပ်လိုက်ပါ၊ ဒီနေရာမှာ ကားပြတ်တဲ့ ဥစ္စာ ..၊ လူတစ်ယောက်လုံးကို ထားခဲ့လို့ ဖြစ်မလား"

ကားက အမျိုးသမီးနဲ့ မလှမ်းမကမ်းမှာပဲ ရပ်သွား၏။ ကားဆရာ



www.burmeseclassic.com

www.burmeseclassic.com



က တင်ခေါ်ချင်လို့တော့ မဟုတ်ဘဲ စပ်စုလိုစိတ်နဲ့ ဖြစ်သည်။

သက် ဆင်းသွားပြီး အမျိုးသမီးကို တွဲထူနေတာတောင် ကားပေါ်ကနေပဲ ကြည့်နေ၏။

“အစ်မ .. ဘာဖြစ်တာလဲဟင်၊ လူရိုက်ပြီး ပစ္စည်းလုခံရတာလား”

“မ .. မဟုတ် .. အား!...”

“ဖြည်းဖြည်းထ အစ်မ .. သက် ကို သေချာမှီလိုက်”

အမျိုးသမီးက အသားဖြူဖြူ ချောချောသန့်သန့်ပဲဖြစ်ကာ သက် ထက် ငါးနှစ်လောက်တော့ အသက်ကြီးနိုင်၏။

မေးမိပြီးမှ လည်ပင်းမှာ တစ်ကျပ်သားလောက် လည်ကပ်ဆွဲကြိုး တစ်ကုံးကို မြင်လိုက်သည်။ ဆွဲကြိုးကို ပလက်တီနမ်တစ်ရစ်စီ မွတ်ထားတာဖြစ်လျက် သွေးတွေထပ်စွန်းနေသဖြင့် အဖြူအနီအဝါ အရောင်သုံးမျိုး မြင်နေရသည်။

ထို့ပြင် သက် ရဲ့လက်မောင်းကို အားပြု ဆုပ်ကိုင်လိုက်သည့် လက်မှာ လက်ထပ်လက်စွပ်ပုံ ပလက်တီနမ်ကွင်းပါးလေးက သွေးတွေ နီရဲနေသည့်အောက်မှာ အရောင်လေး မှိုန်မှိုန် လက်နေလျက် ...

“အစ်မ ဘာဖြစ်တာလဲ ပြောပါဦး၊ သက် ဘာကူညီရမလဲဟင်”

“အစ် .. အစ်မကို ကားနဲ့တိုက်ပြီး မောင်း .. မောင်းပြေးသွားတာ”

စကားကို အားယူပြော၍ သက်နဲ့အတူ ခယိုခယိုင် လိုက်ရပ်ရှာသည်။ အရပ်က မနိမ့်မမြင့်နှင့် ကိုယ်လုံးကလည်း အနေတော်ပါ။ ဆံပင်က ကျောလောက်ရှိကာ ဖားလျားချထားတာဖြစ်၏။

သူမကိုယ်က ရေမွှေးနံ့ ရလိုက်သောကြောင့် မျက်နှာမှာ မိတ်ကပ်တွေရှိနေမှာပဲဆိုတာလည်း တွက်မိလိုက်သည်။

ဆုပ်ကိုင်ခံလိုက်ရသည့်လက်မှာ လက်စွပ်ကိုကြည့်မိခြင်းနှင့်အတူ





လက်သည်းဆိုးဆေးအနက်နှင့် လက်သည်းရှည်တွေကိုပါ ခုနကတည်းက မြင်ခဲ့သည်။ ထို့ကြောင့် အလှအပခြယ်သခြင်းကို ဝါသနာထုံလိမ့်မည်ဟု တွေးမိခဲ့တာ ဖြစ်သည်။

“အစ်မကို တမင်လိုက်တိုက်တာလား၊ ဟို .. မတော်တဆတိုက်မိတာကို ဒီတိုင်းထားခဲ့ပြီး မောင်းပြေးတာလား”

“မတော်တဆ .. ပါ .. တို့ လမ်းဖြတ်ကူးလိုက်တာ .. ကားက မီးမထိုးဘဲ မောင်းလာတော့ .. အား!...”

“ဟော့ .. အဲဒါ မီးစနော် .. ကျုပ်ကားပေါ်တော့ အတင်မခံနိုင်ဘူး၊ ညည်း သူ့ကားကို မယုံနဲ့”

ကားဆရာက လှမ်းအော်ပြီး ပြတ်သားစွာငြင်း၏။ ကားကိုလည်း စက်နှိုးသည်။ ဒါပေမယ့် သက် ဆီက ကားခ မရသေးသဖြင့် ထွက်လည်း မသွား ...။

“မလုပ် .. မလုပ်ပါနဲ့၊ အစ်မ .. အစ်မကို မထားခဲ့ပါနဲ့နော်”

သူမသည် ဆက်မပြောနိုင်တော့ဘဲ လက်အုပ်ချီတော့မလိုပုံစံလေး လုပ်ပြရှာ၏။ သက် စိတ်မကောင်းဖြစ်သွားသည်။ မိုးရွာထားသဖြင့် လမ်းပေါ်မှာ ရေဗွက်တွေနဲ့ဖြစ်ကာ မိုးဖွဲတွေလည်း ကျနေဆဲ..။

သူမကို ဆေးခန်းထိ ဦးဆောင်ပြီးခေါ်သွားဖို့က သက် မှာ အချိန်မပေးနိုင် ..၊ ငွေလည်း မရှိ ..။

“ညီမလေး ဒီ .. ဒီမှာ ...”

သူမသည် ကားပေါ်ကိုပဲ ပို့ပေးစေချင်ပုံရှိကာ သက် လက်ထဲကို ပိုက်ဆံအိတ်ပြားလေးတစ်ခု ထည့်ပေး၏။ ပိုက်ဆံပါတာကို ပေးတာလား၊ ပိုက်ဆံ တကယ်ပါသည်လား .. မပါသည်လား မတွေးတော့ဘဲ သက် သူမကို ကားပေါ်ဆွဲတင်လိုက်သည်။

“ဟား!... ညည်းကတော့ အာဂသတ္တိပဲအေ၊ ကျုပ် ကားပေါ်မှာ သေသွားရင်တော့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ကလည်း လူမမာကို မစာမနာ မပြောပါနဲ့၊ ကျွန်မ အိမ်ကို ရောက်တော့မှာပါ၊ စကားမများဘဲ မြန်မြန်သာ မောင်း"

ကူညီချင်ပေမယ့် သက် မှာလည်း စိုးရိမ်စိတ်တော့ ရှိသည့်ပို 'မပြေးသော် ကန်ရာရှိ' ဆိုသလို ကားနံပါတ်နဲ့ ယာဉ်မောင်းနာမည် လိုင်စင်အမှတ် အားလုံး လှမ်းကြည့်ပြီး သေချာမှတ်ထားလိုက်သည်။

သူမကို ကိုယ်နဲ့အတူ သည်ယာဉ်မောင်းပါ အတူတူတွေ့ကြတာ ဖြစ်ကြောင်း သက်သေပြဖို့ လိုလာနိုင်သည်။

"အစ်မကို အိမ်ခေါ်သွားမယ်နော်၊ သက် တို့လမ်းထိပ်မှာ ဆရာဝန် ရှိတယ်၊ ခုနစ်နာရီခွဲဆိုရင်တော့ ဆေးခန်းပိတ်လောက်ပြီ၊ ဒါပေမယ့် အဲဒါ သူ့အိမ်ဆိုတော့ အရေးပေါ်ဆိုရင် ကုပေးမှာပါ"

သက် က အားပေးတာပေမယ့် ကားဆရာက အားရှိဖွယ် ထပြောပြန်သည်။

"သွေးထွက်သံယိုဖြစ်လာရင် ကိုယ့်ဟာကိုယ် လေ့ကားပေါ်က ပြုတ်ကျလို့ ခေါင်းကွဲတာတောင် အချိန်မတော်ရောက်လာလို့ကတော့ ဘယ်ဆရာဝန်မှ ရမ်းသမ်း ကုမပေးဘူး"

သက် စိတ်ကိုသွား၏။ အမျိုးသမီးက ကားပေါ်ရောက်သွားသည်နှင့် တအင့်အင့် ညည်းညူနေသည်မှလွဲ၍ ဘာစကားမှ မပြောနိုင်ရှာ။

ဒါကို စိတ်တင်းထားချင်အောင် အားမပေးဘဲ မြန်မြန်အသက်ထွက်အောင် ဖနောင့်နဲ့ပေါက်ဖနေသည့်အတိုင်း ..။

"ဦးလေးက ကိုယ့်အလုပ်ကိုယ် မလုပ်ဘဲနဲ့ မကူညီတဲ့အပြင် နှောင့်ယှက်နေတာပဲ"

"မဟုတ်ပါဘူး .. ညည်းတို့ မသိတာကို ပြောပြတာပါ၊ ဘယ်မှာလဲ .. ဒီဆေးခန်းလား၊ ဒီမှာပဲ ဆင်းမှာလား"

'ဟိန်း'ဆေးကုခန်းလေးရှေ့မှာ ကားကို ထိုးရပ်လိုက်သည်။

"ဦးလေးကို ဆေးခန်းဝင်မယ် ပြောမိလို့လား ..၊ ပိတ်ထားတာ





မြင်ရက်သားနဲ့ ဒီမှာဆင်းပြီး ဘာလုပ်ရမှာလဲ"

"ဪ .. ညည်းပဲ ဆေးခန်းဆိုလို့လေ ..၊ ကဲ .. ကဲ .. ပြော .. ဘယ်အိမ်လဲ .. လမ်းကလည်း ကျဉ်းလိုက်တာ"

"လမ်းကျဉ်းပေမယ့် ချိုင့်မရှိဘူး၊ ကွန်ကရစ်လမ်း၊ တည့်တည့်အတိုင်းသွားပြီး နှစ်လုံးတွဲ သုံးလုံးတွဲအိမ်တွေ တန်းစီနေတဲ့ခြံရှေ့မှာ ရပ်ပေး"

ကားက တိကျစွာ ရပ်၏။ လူနာကို အိမ်အထိ ကိုယ်တစ်ယောက်တည်း မတွဲနိုင်တော့သဖြင့် ကားဆရာကို ပြန်ပြီး တောင်းပန်ခေါ်ရသည်။

သူမနာမည်က နှင်းလဲ့စိုး ဟု ခေါ်သည်။ အသက်ကို မသိပါ။ သူမနာမည်ကို ပြောပြီးသည်နှင့် သတိလစ်သွားကာ သက် တစ်ယောက်တည်း ဘာလုပ်ရမှန်း မသိ ..။

"အစ်မ .. အစ်မ .. နှင်းလဲ့စိုး"

သူမသည် ခေါင်းကနာတိုင်း ခေါင်းကိုပဲ ဖိအုပ်ထားသဖြင့် လက်ဖဝါးနှစ်ဖက်မှာ သွေးတွေနဲ့ စိုရွှဲနေ၏။

အိမ်ထဲက မီးရောင်အောက်ရောက်ကာမှ ဆံပင်တွေ တင်ပါးကျော်အောင် ရှည်နေတာကို သေချာမြင်လိုက်ရသည်။

မျက်ခုံးပါးပါး၊ မျက်နှာလေးယောင့်ဆန်ဆန် ခပ်ပြည့်ပြည့်နှင့် ကရင်လူမျိုးနဲ့လည်း တူသည်။ သွေးထွက်လွန်ကာ ဖျော့ဆွတ်နေပြီဖြစ်သည့်မျက်နှာက သက် ဆရာဝန်ပြေးပင့်လာတော့ စက္ကူဖြာစ်ရွက်သို့ပင်..။

"ကားတိုက်မိတာ ဟုတ်ရဲ့လား ညီမ၊ ကျောနောက်မှာလည်း ဓားလိုချွန်တဲ့ထိပ်ဖျားနဲ့ အထိုးခံထားရတာမျိုး ဒဏ်ရာကြီးက မနည်းဘူး"

"ရှင်"

"ခြေသလုံးတစ်ဖက်က အရိုးကြေနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား!... ဘုရား .."

သက် မျက်လုံးတွေတောင် ပြာသွားသည်။

"သူ .. သူ ဒီဝိုင်းပဲပြောတာ ဆရာ၊ ဟို .. နောက်ပြန်လဲပြီး တစ်ခုခုနဲ့ထိုးမိတာရော မဖြစ်နိုင်ဘူးလား ဆရာ၊ ကျွန်မက သနားလို့ ခေါ်လာတာပါ၊ သိလည်း မသိ .. မြင်လည်း မမြင်ဖူးကြပါဘူး၊ သူ.. သူ့ဒဏ်ရာတွေ ဘယ်လိုအခြေအနေရှိလဲဟင်"

သက် အသံတွေတုန်လာတော့ ဆရာဝန်က သက်ပြင်းချလိုက်၊ ခေါင်းခါလိုက်နှင့် ...

"ခုနေ ဆေးရုံကိုရောက်နေတာဆိုရင်တော့ သုံးဆယ်ရာနှုန်းလောက် မျှော်လင့်နိုင်သေးတယ်"

"သုံးဆယ်ရာနှုန်းလောက် .."

"ဒါပေမယ့် ဒီအခြေအနေရောက်သွားပြီဆိုတော့ .."

"ဆ .. ဆရာ .."

"မင်း သူ့လိပ်စာကိုသိရင် အကြောင်းကြားလိုက်ပါ၊ ဒါမှမဟုတ်ရင် လမ်းလူကြီးတွေကို သွားအကြောင်းကြားထား၊ မဟုတ်ရင်တော့.."

"မဟုတ်ရင် ဘာဖြစ်မှာလဲ ဆရာ"

"မင်းလက်ပေါ်မှာ သူ သေသွားမှာပဲ"

"ဟင်!..."

ဆရာဝန်က ထပ်ပြီး စမ်းသပ်သည်။ ပြီးတော့ ခေါင်းခါနေရင်း ပါးစပ်ကလည်း ပြောနေ၏။

"သူ ဘာဖြစ်လာတယ်ဆိုတာ သေချာသိဖို့က ဆရာတို့အလုပ် မဟုတ်ဘူး၊ မှုခင်းဆရာဝန်တွေပဲ သိမှာ၊ ဆရာတို့လည်း ဒီလိုကေ့စ်မျိုးကို ကုသပေးခွင့် မရှိဘူး၊ ညီမက ကိုယ့်ရပ်ကွက်ထဲကမိန်းကလေး ဖြစ်နေလို့ ဒီလောက်ထိ ကြည့်ပေးတာ"

"ဟုတ် .. ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မ လူကြီးတွေကို သွားပြောပါ့





မယ်"

နှင်းလဲ့စိုး ဆိုသည့် အမျိုးသမီးကတော့ အိမ်ရှေ့ခန်း သင်ဖြူးလေးပေါ်မှာ လှဲချပေးလိုက်ကတည်းက အနည်းငယ် လှုပ်ရှားသွားပြီး ပြန်လည်ငြိမ်သက်သွားခဲ့တာ လုံးဝ မလှုပ်တော့ပေ ..။

သူမ ပိုက်ဆံအိတ်ကိုဖွင့်ကြည့်လိုက်တော့ တစ်ထောင်တန် သုံးရွက်နှင့် ငါးရာတန် ဘယ်နှစ်ရွက်လောက်ရှိသည်မသိ၊ ဘေးအိတ်ထဲမှာ လိပ်စာကဒ်နှစ်ခုကို တွေ့သည်။

ဘယ်သူ့လိပ်စာဖြစ်ဖြစ် သူမနဲ့သိတဲ့လူတွေပဲဖြစ်မှာမို့ ဖုန်းဆက်တဲ့အိမ်ကို ဝင်ပြောပြီး လှမ်းအကြောင်းကြားလိုက်ရ၏။

ရပ်ကွက်လူကြီးတွေ ပါလာကြပေမယ့် သက် ဦးဆောင်ပြီး အိမ်ပေါ်ပြန်ရောက်လာတော့ သူမက မျက်ဖြူလန်နေပြီ ဖြစ်၏။

"အမလေး!..."

မျက်နှာဖြူဖြူကြီးမှာ ဆံပင်တွေ ခေါင်းအုံးအောက်မှာ ဖရိုဖရဲပြန့်ကျကာ မျက်ဖြူလန်နေသဖြင့် သက် လန့်ဖျပ်အော်လိုက်မိ၏။

"မသေသေးပါဘူး၊ လာ .. လာ.. ဆေးရုံပို့ရအောင်"

"အေးမောင် တို့ အိမ်က ဆိုက္ကား သွားယူလာခဲ့၊ ဒီကောင် လိုက်မှာ မဟုတ်ဘူး"

အိမ်နီးနားချင်းတွေ အလျှိုလျှိုထွက်လာကြကာ တာဝန်ကိုယ်စီယူသွားကြသည်။

သက် ခြေဖျားလက်ဖျားတွေ အေးစက်ထုံကျဉ်လျက် လူတွေ 'မ' သယ်သွားကြသည့် နှင်းလဲ့စိုး ကို မျက်လုံးအပြူးသားနှင့် လိုက်ငေးနေခဲ့သည်။ ဘာမှလည်း ထပ်မပြောနိုင်၊ ပြောဖို့ရှိလည်း ဒီပါးစပ်က ထွက်တော့မှာမဟုတ် ..။

"ညီမက ဘယ်မှာတွေ့ပြီး ခေါ်လာတာတုံး"

"အလကား 'ဘုန်းကြီးအမှု ရှာပတ်'ဟယ် ..၊ ငါထင်တာတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမ သေနေပါပြီ"

"ဟုတ်တယ်၊ လူကြီး ဦးဆန်းထွန်း က ဒီကောင်မလေး ကြောက်နေမှန်းသိလို့ မသေသေးဘူး ပြောသွားတာ ဖြစ်မယ်"

တစ်ယောက်တစ်ခွန်း ပြောသွားကြသေးသည်။ နောက်ဆုံး သွေးကွက်ကြီး တစ်ဝက်လောက်နစ်နေသည့် ခေါင်းအုံးနှင့် သွေးကွက်ကြီးထင်နေသော ဖျာ ...၊

ပြီးတော့ အိမ်ရယ် .. သက်ရယ် .. ဒါပဲ ကျန်ရစ်၏။

"သူ မသေသေးပါဘူး၊ ငါ့အိမ်မှာ သေတာ မဟုတ်ဘူး၊ အဲဒါ ဟုတ်တယ်"

ဘယ်မှာပဲသေသေ ဒီမှာသေတာ မဖြစ်လျှင် တော်သေးသည်။ သက် စိတ်ကိုတင်းကာ ခေါင်းအုံးနဲ့ ဖျာကို ရောပတ်လိပ်လိုက်သည်။ နောက်ဖေးမှာ သွားပစ်ထားမလို့ ဖျာလိပ်ကို 'မ' ၍ ထရပ်လိုက်လျှင်...

"ဒေါက် .."

ဖျာလိပ်ထဲကနေ တစ်စုံတစ်ခု လျှောကျသွားတာကို သိလိုက်သည်။ လိုက်ငုံ့ကြည့်မိပေမယ့် ဘာမှမတွေ့သဖြင့် နောက်ဖေးကိုပဲ ထွက်လာကာ ပစ်စရာရှိတာပစ်ဖို့ ခလုတ်တိုက်မတတ် ထွက်ခဲ့၏။

အားလုံးပြီးစီးသွားသည့်အချိန်တွင် မိုးကတိတ်နေပြီဖြစ်ပေမယ့် မိုးခါတ်ကြောင့်လား၊ တစ်နေရာမှာများ စွန်းထင်းကျန်ရစ်သည်လားမသိ...၊ နှာခေါင်းထဲမှာ သွေးညှီနံ့လိုလို၊ မသန့်သည့်ရေပြင် တစ်ခုခုဆီက လာသည့်ညှီနံ့မျိုး သက် နှာခေါင်းထဲကို တစ်ချက်တစ်ချက် ဝေ့လာ၏။

ရုတ်ရုတ်သဲသဲ ဆင်းကြတက်ကြနှင့် ကြည့်ရှုမေးမြန်းကြသည့် လူပ်ရှားမှု အသံဗလံတွေအားလုံး ဆိတ်သုဉ်းခဲ့ပြီး သက် တစ်ယောက်တည်း ဘုရားစင်ရှေ့မှာ ငုတ်တုတ်။

ဒီနေရာမှာပဲ နှင်းလွဲ့စိုး သွေးကျသွားခဲ့သည်။ ဘုရားရှိခိုးနေရင်းကြောက်စိတ်ကိုဖြေရတာမို့ သူမ ဒီနေရာမှာပဲ ထိုင်ရ၏။





ပျင်းရိပျင်းတွဲ နှုတ်ဆက်နေဆဲ တံစက်မြိတ်ကကျသည့် မိုးစက်သံတို့က နားစည်ကိုရိုက်ပုတ် နှိပ်စက်လျက်...၊ သွေးညှီနံ့ကြောင့် ဘုရားရှိခိုးရင်း အာရုံတွေက ပျံ့လွင့်နေ၏။

နောက်ဆုံး မျက်လုံးမှိတ်၍ အာရုံပြုဖို့ကြိုးစားရင်း ဘယ်လိုမှ မအောင်မြင်တော့သဖြင့် မျက်လုံးတွေ ဖွင့်လိုက်ရသည်။

"မနှင်းလွဲ့စိုး မသေပါစေနဲ့၊ ကျန်းမာသွားပါစေ၊ ဆေးရုံကို အချိန်မီ ရောက်သွားပါစေ"

သူမရဲ့ပိုက်ဆံအိတ်ထဲမှာ လိပ်စာကဒ်တွေရှိနေသဖြင့် ပိုက်ဆံတွေနဲ့အိတ်ကို လူကြီးလက်ထဲ ထည့်ပေးလိုက်သည်။ သူတို့ပဲ ဆေးရုံပို့ပြီး လူနာရှင်တွေကို သူတို့ပဲ ဆက်သွယ်ကြမှာ ဖြစ်သည်။

သက် သူမအတွက် ဆုတောင်းနေရင်း သေလောက်အောင်ဖြစ်နေခဲ့သည့်လူတစ်ယောက်ကို အိမ်ထိခေါ်လာပြီး ပြုစုပေးဖို့ကြိုးစားမိသည့် ကိုယ့်အဖြစ်ကိုပဲ အထပ်ထပ် အပြစ်တင်နေမိသည်။

ကိုယ်ခေါ်လာပြီး ပြန်လည်ကောင်းမွန်သွားတဲ့အထိ ပြုစုစောင့်ရှောက်ပေးလိုက်နိုင်တယ်ဆိုလည်း ထားလိုက်တော့ ...၊

ခုတော့ .. လူနာရဲ့အခြေအနေ ဘယ်လိုရှိမှန်းမသိ၊ ဘာမှန်းမသိ။

ကိုယ်လည်း တကယ်တမ်း ဘာမှလုပ်ကိုင်တတ်တာ မဟုတ်ဘဲ အရပ်ကူပါလူဝိုင်းပါနှင့် ကျော်မကောင်း ကြားမကောင်း။

လမ်းကနေ ကူညီကယ်တင်ခဲ့ပါသည်ဆိုတာတောင် မယုံသလို မေးတဲ့သူက ရှိသေးသည်။

သက် ကတော့ တက္ကစီသမား သိသည်လို့ပဲ သက်သေထူခဲ့မိသည်။ အရာအားလုံး အကောင်းတိုင်း ဖြစ်ပါ့မလား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

စ,ဝင်လာကတည်းက သူမမျက်နှာထက်က မဲ့ပြုံးကို လှမ်းမြင်သည်။ မစ်ရှိတ်ကိုမွေ့နေရင်း ရေခါ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။

ပထမဆုံးတွေ့ဖို့ မာမီ လွှတ်လိုက်ပေမယ့် သူ မသွားခဲ့ပေ။ လူကြီးတွေ တွေ့ဖို့ စီစဉ်ပေးထားသည်ဆိုသည့်နေ့ရာကို အစောကြီး သွား၍ သူမ မလာခင် ထပြန်လာခဲ့သည်။

မာမီ မေးတော့ သူ့ နောက်ကျတာကို မစောင့်နိုင်လို့ဆိုသည့် အကြောင်းပြချက်နှင့် နေလိုက်တာ အေးဆေး။

သင်းလဲ့ကြူ ဆိုတာကို ပထမဆုံးမြင်လိုက်ရသဖြင့် သူ ပြုံးမိခြင်းကြောင့် ရှေ့ကို ရောက်လာသည်နှင့် ...

"ပြုံးလိုက်တာလေးကို သိပါရစေ"

ဆိုသည့် မေးခွန်းနှင့် ရှေ့တည့်တည့်မှာ ခုံဆွဲထိုင်သည်။ သူမသည် ဆံပင်အလယ်ခွဲမကျတကျမှစ၍ ပခုံး မထိတထိလောက် ဆံပင်တွေ၏အဖျားတွေကို ရေတံလျှောက်လို အလိပ်လိုက်ကောက်ထား၏။

အနက်နှင့်ခိုပြာရောင် ရောယှက်လက်နေသည့် ဆံပင်ရောင်နှင့် ဒီဇိုင်းက ဖြူဝင်းသောလည်တိုင်ရှင်းရှင်းလေးနှင့် လိုက်ဖက်တော့လိုက်သည်။





ဒါပေမယ့် ပြင်ထားသလောက်တော့ မလှပါ။ ဝတ်ထားတာက ခိမ်းပြာရောင်ရင့်ရင့် အပေါ့သားကိုယ်ကျပ်၊ စကတ်ရှည်ကျပ်ကျပ်နှင့် လက်မောင်းမှာ အပါးသားလေးကို ထီးလို အထပ်လိုက် ပွပွလေး တပ်ထား၏။ သူမ ကိုယ်လုံးနွဲ့နွဲ့သေးသေးနှင့် ဝတ်စုံက လိုက်သည်။ ခေတ်အမီဆုံး၊ အလှဆုံးပြင်ထားတာကြောင့် သူမ လျှောက်ဝင်လာတဲ့အတိုင်း တခြားစားပွဲက မျက်လုံးတွေပါ သူမဆီ ရောက်နေခဲ့ကြသည်။

သူမက သင်းလဲ့ကြူ ပဲဖြစ်ကာ သင်တန်းမှာတော့ 'ကဝေကြူ' လို့ ခေါ်ခဲ့ကြ၏။ စကားပြောလျှင် 'ကြူ ကလေ' လို့ ပြောတတ်ပြီး မျက်နှာချင်းဆိုင် စကားပြောပြီဆို ရှေ့ကလူကို မလွှဲတမ်း စူးစိုက်ကြည့်နေတတ်ခြင်း၊ ကလေးလို ခပ်ချွဲချွဲအသံလေးမို့ အများစုက သူမအသံကို နှစ်သက်ကြခြင်း၊ ထို့ပြင် ...

"သူ စိုက်ကြည့်နေပြီဆို ရင်ဘတ်ထဲထည့်လာတဲ့ အနုအရှ စာသားတွေအားလုံး ပျောက်ကုန်ရော၊ တကယ် ညှို့တာကွာ၊ ကဝေမလေးပဲ"

"ဖမ်းစားနိုင်လွန်းတယ်" စသဖြင့်သော အရှည်အချင်းကောင်းများဖြင့် 'ကဝေကြူ' ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် စိတ်ဝင်စားသွားခဲ့ပြီး ကဝေကြူ ဆိုသည့် ကဝေမလေးကို ရေခါး စာပို့ခဲ့၏။

'နှစ်ပါးသွားလေး 'က' ချင်ပြီ' .. လို့။

"ခါး ကို ကြူ မေးထားတာ ဖြေလေ"

"ဟင်!..."

နောက်ထပ်မေးခွန်းထွက်လာမှ စိုက်ကြည့်နေသည့်မျက်ဝန်းလေးတွေကို သတိရသွားသည်။ တကယ်ညှို့နိုင်လွန်းပါသည်ဆိုသော မျက်ဝန်းတွေက ရေခါး ရင်ထဲကိုတော့ မပေါက်ပါလား ..။

"ဘာမေးတာလဲ .. ပြန်မေးကြည့်လေ"

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ကြူ က လှလှပပလေး မဲ့သည်။

"ကြူ ကလေ ခါး ကို အဲဒါတွေကြောင့်ပဲ .."

"ဘာဖြစ်လဲ .. ပြောလေ"

"ပြောရမှာက ခါး ပါ၊ ကြူ နဲ့ ခါး ကို လက်ထပ်ပေးဖို့ ပြောနေကတည်းက ရှေ့ကစီနီယာတွေကို ပြန်ကြည့်ပြီး ကြူ ညစ်နေတာ"

"တစ်ယောက်တည်း ကြိတ်ညစ်မနေနဲ့လေ၊ လူကြီးတွေကို ပြောပေါ့"

"ခါး က ကြူ့ ကို ငြင်းနိုင်းနေတာလား"

"မင်း စိတ်ညစ်နေတယ်ဆိုလို့"

"ခါး ရော .."

"တို့ကတော့ စိတ်မညစ်အောင် နေတတ်ပါတယ်"

"သိပါတယ်"

နှုတ်ခမ်းလေးတွန့်သွားကာ ကက်ပူချီနို လှည့်မှာလိုက်တော့ နားမှာ တွဲလွဲလှုပ်ခါနေသည့် ငါးရပ်ပုံနားဆွဲလေးက ရောင်စုံလက်သွား၏။ လည်ပင်းနှင့် လက်ကောက်ဝတ်တွေမှာပါ နားဆွဲလိုပဲ ကာလာစုံ ခရစ်စတယ်ကုံးတွေနှင့် ကြူ့ ကိုယ်မှာ မရိုးနိုင်အောင် လှနေသည့် ဖမ်းစားခြင်းတွေ အပြည့် ...။

အလှအပဆို သဘောကျတတ်သည့်အကျင့်က ရေခါး သူမကိုပဲ ကြည့်နေမိကာ စိတ်ကူးတွေနှင့်ငြိသွားလိုက် ပြုံးမိလိုက် ...၊

ပြီးတော့ သတိရမိပြန်သည်။ နာမည်ခါးခါးနှင့် ဘဝကလည်း မချိုနိုင်သေးသည့် သူမ အကြောင်း ...၊ အလှအပများစွာကို ထိုင်ကြည့် ငေးမောနေတတ်ခဲ့ပြီး သူ့ရင်ထဲမှာ စွဲကျန်ခဲ့တာ ဘာမှမရှိ၊ ထိုင်လည်း မကြည့်၊ ငေးလည်း မငေးခဲ့ပါဘဲ ခါးသက်ချို ကို သူ သတိရနေသည်။

အမြဲတမ်း ဖျောက်မရတာမျိုး မဟုတ်သော်လည်း စားနေလည်း ဖျတ်ခနဲ သတိရ ...၊ လှတဲ့မျက်နှာလေးတွေ မြင်တဲ့အခါလည်း သတိရ





သူ့အတွက် သက်သောင့်သက်သာ အေးအေးလူလူရှိနေချိန်တိုင်းမှာ သူမ ဘယ်လိုနေရှာမလဲလို့ သတိရတာတွေဆို ခဏခဏ ...၊

ဒါဟာ ဘယ်လို သံယောဇဉ်မျိုးလဲ ...၊

"ဟိုတစ်ခါ ခါး လုပ်သွားတဲ့ပုံ အချိုးမပြေတာ ကြူ သိတယ်နော်"

"ဘာလဲ .."

"တမင် မစောင့်ဘဲ ပြန်သွားတာကို"

"စာရေးထားခဲ့တယ်လေ"

"စာတစ်ကြောင်းနဲ့ ရည်းစားထားလို့ ရချင်ရမယ်၊ ကိုယ်လက်တွဲမယ့်မိန်းကလေးကိုတော့ ဒီလောက်ပဲ သဘောထားလို့ မရဘူး"

သူ့စိတ်တွေ ဘေးကိုလွင့်သွားလိုက်၊ သူမ စကားပြောလိုက်တဲ့အခါ ရှေ့ပြန်ရောက်လိုက် ...။

"ဟွန်း .. မင်း ကိုယ့်အကြောင်း နားလည်ပြီးသားဖြစ်နေမယ်ထင်လို့ပါ၊ ရည်းစားပဲဖြစ်ဖြစ် .. လက်ထပ်မယ့်မိန်းကလေးဖြစ်ဖြစ် လက်မထပ်ရသေးခင်အထိတော့ အတူတူပဲ မဟုတ်ဘူးလား၊ အထူးသဖြင့် မိဘပေးစားမယ့်လူကို လက်ထပ်ဖို့ သဘောတူခဲ့ကြတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် နှလုံးသားအိမ်ပြန်ချိန်ကို စောင့်ဖို့ လိုဦးမှာ"

"ဘာ!... ဘယ်လို .."

မျက်နှာလေးပုံပျက်သွားပြီး ထပ်မေးသည်။ ဒါပေမယ့် ရောက်လာသည့် ကက်ပူချီနိုကိုတော့ သူ့ရှေ့ထိ သတိတရ တွန်းပို့၍ ...

"ဖျော်ပေး .."

လို့ ခိုင်း၏။ ရောက်လာသည်နှင့် သူ ဖျော်ပေးမလားလို့ ခဏကြည့်နေသေးသည်။ မသိတတ်တဲ့လူမှန်း နားလည်လိုက်လို့ တမင်ခိုင်းပစ်လိုက်တာ ဖြစ်သည်။ ကြူ့ မျက်နှာလေးက တင်းနေသည်။

ရေပဲခါးခါး လေပဲခါးခါး 'မိုးခါးခါး' ဆိုတဲ့ နိုင်ငံကျော်သူဌေးကြီးရဲ့သား နှစ်ပါးသွား မင်းသားချောက အခု ကိုယ့်ရှေ့မှာ ကိုယ့်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အလိုလိုက် အကြိုက်ဆောင်ရမည့် ခင်ပွန်းလောင်း ဖြစ်နေပြီ။

"သမီး 'မိုးခါးခါး' ကုမ္ပဏီပိုင်ရှင် ရတနာကုန်သည်ကြီး ဦးမိုးခါးရဲ့သားနဲ့ လက်ထပ်ရမယ်၊ သူ့အမေကလည်း မေမေ့ရဲ့ သူငယ်ချင်း" တဲ့ ...။ လက်ထပ်ဖို့ စပြောလာတုန်းက ထိုယောကျ်ားကို 'ရေခါး' မှန်း ကြူ မသိခဲ့ပါ။ မေမေက နာမည်ပြောပြီး ဓာတ်ပုံပါ ထုတ်ပြတော့မှ...

"သမီးတို့ သဘောမကျနိုင်တဲ့ရုပ်ရည်ပုံစံမျိုးလည်း မဟုတ်ဘူး၊ မေမေက အပိုင်ပြောထားပြီးပြီနော်၊ လုံးဝငြင်းဖို့ စိတ်မကူးနဲ့" လို့ အမိန့်ပါ ချမှတ်၏။

ဘယ်လိုလုပ် ငြင်းနိုင်မှာလဲ ...၊ ရေခါး ဆိုတဲ့လူဟာ ကိုယ့်ကို ချစ်ပါရစေဆိုပြီးမှ 'ဆောရီး' တစ်ခွန်းနှင့် နှုတ်ဆက်သွားခဲ့သည်။

ဒေါ်သတွေ .. ရှက်တာတွေနဲ့ အံကြိတ် ကြိမ်းဝါးမိတော့ သူငယ်ချင်းဟွေကဲ ပြောသည်။

"အဲဒီကောင် ဒီလိုပဲဟ၊ နင့်ကို ငါတို့ ပြောသားပဲ၊ ဘယ်လောက် လှနေနေ သူက ခဏပဲ စိတ်ဝင်စားတတ်တယ်"တဲ့။

ခုရော လက်ထပ်မယ့်မိန်းမတစ်ယောက်အပေါ် သူ ဘယ်လို သဘောထားမလဲ။ တည်မလို ပြုံးမလို နှုတ်ခမ်းစေ့စေ့နှင့် ကော်ဖီမှုတ်နေသည့်မျက်နှာကို ကြူ စိုက်ကြည့်မိရင်း ...

"မေးလိုက်တိုင်း မဖြေတတ်တဲ့အကျင့်ကို ရှင် နှစ်သက်ပုံရတယ်"

စကားပြန်စမှ သူက မျက်လွှာပင့်ကြည့်ပြီး ပန်းကန်ကို သူ့မျှော့ပြန်ပို့၍ ...

"အဲဒီလို သတ်သတ်မှတ်မှတ်ရှိနေတဲ့အကျင့်တော့ မဟုတ်ဘူး။ မင်း မေးတာတွေကလည်း မေးခွန်းအဆက်ကျဲနေတော့ မဖြေဖြစ်တာမျိုးပါ၊ ကိုယ့်အပေါ်မှာ တစ်ခုခု ဖောင်းပွနေပုံပဲ .. အဟွန်း .."

ပခုံးတွန့်ပြီး မဲ့လိုက်ပုံက မထိတထိ။

"တစ်ခုခု ဘယ်ကမလဲ ရေခါး၊ မေးချင်တာတွေရော .. မတော်





မကျ ရှိနေတာတွေရော .. သိချင်တာတွေရော .."

"တော်တော်များတာပဲ"

"ခါး ကတော့ မရှိဘူးလို့ ပြောချင်တာလား"

"ဟုတ်တယ် ...၊ ခုတော့ မရှိသေးဘူး"

"ကိုယ် အသည်းခွဲပစ်ခဲ့တဲ့မိန်းကလေးတစ်ယောက်ကို လက်ထပ်ရမယ့်မိန်းမအဖြစ်နဲ့ ပြန်တွေ့ရတာ ခါး ဘာမှမဖြစ်ဘူးလား၊ ဥပမာ ကြူ့ စိတ်ထဲမှာ နာကြည်းမှုတစ်ခုခု ရှိနေနိုင်မလား၊ ဒါမှမဟုတ် ခါး ဘက်က ရှိခဲ့တဲ့အပြစ်အနာအဆာတစ်ခုအနေနဲ့ မျက်နှာပူ အားနာတာမျိုး..."

"မဖြစ်ဘူး၊ လက်ထပ်ဖို့ စိတ်ကူးခဲ့တာတောင် အကြောင်းသိဓာတ်သိဆိုတော့ ကောင်းသားပဲလို့ တွေးမိသေးတယ်"

"ဩော် ..."

"မင်းက ကိုယ့်ကို စိတ်နာခဲ့တာလား"

"ရှင်က တော်တော်စီးကြောချင်တဲ့လူပဲ ခါး"

"အဲဒါလည်း လုံးဝ မဟုတ်ဘူး"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ ခါး လုပ်ခဲ့သမျှ ဘာမှအပြစ်မရှိဘူးလို့ ထင်ခဲ့တာလေ"

"မဟုတ်လို့လား ကြူ၊ တို့က ရည်းစားစာပေးတယ်၊ တစ်ဖက်က လက်ခံတယ်၊ လိုချင်တာ အဲဒါပဲ၊ ကိုယ့်ရဲ့အောင်မြင်မှုလေ...၊ ရည်းစားထားဖို့ ဝါသနာမပါဘူး"

ဒီအချိန်ထိ ပြောနေတုန်း ဒီပါးစပ် ...၊ စိတ်ကို မချိမဆံ့ ဖြေလျှော့ထားရပေမယ့် ကြူ့ နှုတ်ခမ်းလေးတွေ စေ့ပိတ် တင်းကပ်နေ၏။

"ဝါသနာမပါတဲ့လူက တစ်နေ့ကို ရည်းစားစာ အစောင်ရှစ်ဆယ်လောက်ရေးပြီး အပျင်းဖြေတာပေါ့"

"နှစ်ဦးနှစ်ဖက် အပျင်းပြေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့စကားကို ကိုယ် မရမက မတောင်းဘူး၊ ဟိုသွားဒီသွား တွဲကြဖို့လည်း မတောင်းဆိုဘူး၊ ကိုယ့်စာကိုရပြီး လက်ခံကယ်ဆိုရင် မုန့် အတူစားဖြစ်တယ်၊ ဟိုမေးဒီမေး မေးခွန်းလေးတွေ မေးကြ ရယ်ကြ ရင်း ပျော်စရာတွေဖြစ်သွားတယ်၊ ကိုယ် နားလည်တဲ့ ပျော်စရာကြီးက အဲဒီလောက်ပဲ .."

သူက ခဏရပ်လိုက်ပြီးမှ ကြူ ကို မျက်ခုံးပင့်ကြည့်၍ ...

"ဆိုတော့ ညစ်ညမ်းမှုကင်းပါတယ်၊ ရည်းစားစာပေးမှ နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ထိုင်ပြီး ပြောခွင့် ရယ်ခွင့် ရတာလေ၊ ကိုယ် သတ်မှတ်တဲ့ အောင်မြင်မှုတစ်ခုပေါ့"

"သူများအတွက် အကြီးအကျယ် ကျရှုံးခဲ့တာဆိုရင်ရော .."

"မတတ်နိုင်ဘူး"

"ခါး ကိုယ့်ကိုယ်ကိုယ် စည်း နဲ့ ကမ်း နဲ့ပျော်တယ်လို့ ထင်နေပေမယ့် အရက်ကို ဆေးဖြစ်ဝါးဖြစ် ...က်တာပါလို့ ကြွေးကြော်နေသလိုပဲ"

"အဲဒါလည်း မတတ်နိုင်ဘူး"

"မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်နဲ့ နှစ်ယောက်တည်း တွဲသွားတွဲလာလုပ်မိပြီဆိုရင် အဲဒီမှာကတည်းက နစ်နာမှု ရှိနေပြီ"

"ကိုယ်က မိန်းကလေးမှမဟုတ်တာ"

မိန်းကလေးက တွေးရမှာပေါ့လို့ မပြောပေမယ့် သူ့မျက်နှာမှာ အေးစက်ရီဝေခြင်းက ဂရုမစိုက်စွာ ရပ်ကည်နေခဲ့၏။

"ကိုယ်တို့ ခုတွေ့ကြတာ မိန်းကလေးထု၊ ယောကျ်ားလေးထုဘက်က ကိုယ်စားလှယ်နှစ်ဦး တွေ့ဆုံဆွေးနွေးသလိုလား၊ ဒါမှမဟုတ်.."

"ခါး ပြောသလိုပဲလေ၊ စကားအဆက်တွေ ဟိုရောက်ဒီရောက် ဖြစ်ကုန်တာမျိုးပေါ့၊ ဒါဆို ကြူ တို့အကြောင်းပဲ ပြောရအောင်"





ရေခါး က မျက်ခုံးခပ်တွန့်တွန့်နှင့် စိုက်ကြည့်နေပြီး ဘာမှ မပြော။ အောင့်သက်သက် မကြည်လင်ခြင်းတို့ ဖြန့်ခင်းလာသည့်မျက်နှာကိုကြည့်ကာ ကြူ ကလည်း ဂရုမစိုက်သည့် မထိတထိအပြုံးနှင့် ...

"ကြူ ကလေ ခါး ရဲ့သတင်းတချို့ကို ကြားပြီး ခါး ဆိုတဲ့ယောကျ်ား ပြောင်းလဲနေပြီလားလို့ ထင်ခဲ့တာ"

"ဘာသတင်းတွေလဲ .."

"မလတ် ဆီကပေါ့ .. မလတ် ရဲ့သားကို ကိုယ့်သားလုပ်ပြီး ကုမ္ပဏီတွေမှာ အလုပ်လျှောက်လုပ်နေတယ်ဆို .."

"ကိုချစ် က အစကတည်းက ကိုယ့်သားဆိုလည်း မှန်တာပဲလေ၊ မလတ် က ဆရာဝန်ဖြစ်ပြီးမှ ဘွဲ့တွေထပ်ယူဖို့ နိုင်ငံခြားထွက်တယ်၊ သူ့အဖေကလည်း ဒက်ဒီနဲ့အတူ ခရီးတွေထွက်၊ ကျန်းမာရေးမကောင်းလို့ အနားယူနဲ့ ကိုယ့်ကိုပဲ ဖေကြီးလို့ခေါ်ပြီး ခင်တွယ်နေရှာတာ"

"ခါး ကတော့ ကလေး ခင်သလောက် ဟုတ်ပုံမရပါဘူး၊ ချစ်တတ်တဲ့လူတွေတောင်မှ ကြင်နာတတ်ကြတာ မဟုတ်ဘူး"

ရေခါး က ပြုံးလိုက်ကာ ...

"ကလေးက ပိုပြီး ခံစားတတ်ပါတယ်၊ သူ အခု သူ့အမေနဲ့မနေချင်ဘူး"

ကြူ သိပါသည်။ မလတ်ကိုယ်တိုင် ဒီတိုင်းပဲ ညည်းနေတာဖြစ်သည်။ "သားသားက မိဘနဲ့ အတူတူနေရတယ် သိပ်မရှိတော့ သူ့ကိုပဲ ခင်တွယ်နေရှာတာ၊ ခါးလေး ကလည်း သားကိုချစ်ပါတယ်၊ ဒါပေမယ့် ဂရုစိုက်တတ်တာ မဟုတ်ဘူး ကြူ ရဲ့ .. အဲဒါကြောင့် စိုးရိမ်တာ" တဲ့။

"ခါး ကို လက်ထပ်ဖို့ ကြူ့ ဘက်က သတ္တိမွေးထားပါတယ်"

"ဟွန့် .."

"ခါး ရော ကြူ့ ကို ဘယ်လိုမြင်လဲ"

"မာမီက သင့်တော်တယ်ထင်လို့ ရွေးထားတဲ့ရွေးမကောင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခါး က လုံးဝ မငြင်းဘူးဆိုတာ သေချာလား"

"ဘာလို့မေးတာလဲ ကြူ။ အဲဒီမေးခွန်း ကိုယ်ကမေးရမှာ မဟုတ်ဘူးလား"

"ရှင်က မမေးဘူးလေ၊ ကြူ ကပဲ မေးရတာပေါ့"

မကျေနပ်စိတ်လေးဖြစ်သွားပြီဆို ရှင်လို့ထွက်လာလျက် နူးညံ့သွားပြန်သည့်အခါ 'ခါး' ဖြစ်သွားတတ်သည်။ ရေခါး က မြည်သံနှင့် ဟုန်ခါလာသည့်ဖုန်းကို အိတ်ထဲက ထုတ်ယူလိုက်ရင်း ပြုံးကာ ...

"အဲဒီမေးခွန်း မေးချင်လာရတဲ့အကြောင်းကို ကိုယ် ပြန်မေးရင် မင်း ဖြေမလား"

"ဖြေလို့ရပါတယ်၊ ခါး မှာရှိခဲ့တဲ့ အချစ်ဟောင်း အချစ်သစ်တွေကြောင့် ဒါမှမဟုတ် အခုလက်ရှိ ရည်းစားဖြစ်ဖို့ ဖြစ်ဆဲ ဖြစ်လတ္တံ့တွေ ရှိနေခဲ့ရင် လက်ထပ်လိုက်ဖို့ အခက်အခဲ ဖြစ်နေမှာပဲပေါ့"

"အဲဒါဆို မင်းဘက်က ငြင်းပေးမလား"

"ခါး က ငြင်းစေချင်လို့လား"

"မင်း ဆုံးဖြတ်ပြီးဖြစ်မှာပါ၊ အဲဒါကို မေးတာ'

"နီး .."

ကြူ က တစ်လုံးတည်းပြောပြီး ပခုံးတွန့်မဲ့သည်။ ရေခါး ကတော့ ရိုးရိုးပဲ ရယ်လိုက်ပြီး ...

"ခဏလေး .."

နံပါတ်ကို မသိပေမယ့် သူ နေရာမှ ထထွက်လာခဲ့သည်။

"ဟလို .."

"ဒီဖုန်းက ကိုရေခါး နဲ့ ဆက်သွယ်လို့ရတဲ့ ဖုန်းလားဟင်၊ သူ့ကို မှာစရာရှိလို့ပါရှင်"

သက် ပါလား ..၊ ရေခါး တံတွေးတစ်ချက်မျိုမိရင်း လည်ပင်းကို လက်တစ်ဖက်နဲ့ နည်းနည်း ဖိညှစ်၍ ...





"ဟုတ်ပါတယ် .. ဘာများပြောချင်လို့လဲ မသိဘူး"

"သူ့ကို ပြောပေးပါနော် ..၊ ဒီနေ့ Q Star ကို ခဏဖြစ်ဖြစ် လာခဲ့ပေးပါလို့၊ အရမ်း အရေးကြီးလို့ပါလို့"

"ဟုတ်ကဲ့ .. ဘယ်သူလို့ ပြောပေးရမလဲ"

"ခါးသက်ချို လို့ ပြောပေးပါရှင်၊ မမေ့ပါနဲ့နော် .. အရေးကြီးလို့ပါ"

ဘာတွေအရေးကြီးနေတာလဲလို့ မရမက မေးလိုက်ချင်၏။ ဒါပေမယ့် မမေးဖြစ်ခဲ့ပေ ..။

"ကိုယ်တို့ သွားရအောင် ကြူ။ မင်း ဘယ်ကိုသွားဖို့ရှိသေးလဲ"

"ဟင်!..."

ကြူ က ကက်ပူချီနိုကို မကုန်သေးဘဲ ဘေးကိုရွှေ့ထားလိုက်၍...

"ဘာဖြစ်လို့လဲ ..၊ ဘယ်သူ့ဆီက ဖုန်းလဲ"

"ကိုယ့်မိတ်ဆွေပါ၊ အရေးတကြီးခေါ်လို့ ခုပဲသွားရမယ်"

"ကြူ က ခါးကို အိမ်ခဏခေါ်ချင်လို့"

"ဒါဆို နောက်မှလိုက်ခဲ့မယ်၊ ဆောရီးကွာ .. ကိုယ် လစ်ပြီ"

"ခါး .."

ခေါ်လိုက်မိပေမယ့် အသံမထွက်ဖြစ်လိုက် ..။

ဆက်တားလည်း ကျန်ခဲ့ရမှာ သေချာနေပြီမို့ ဒီတိုင်းပဲနေခဲ့လိုက်တာ ကောင်းပါသည်။ ကိုယ်နဲ့လက်ထပ်ပြီးရင်တောင် ဒီလိုမျိုး ကိုယ့်ထက် အရေးကြီးတာတွေ သူ့မှာ များပြားစွာရှိမနေဘူးလို့ မပြောနိုင်..။

လက်ထပ်ပြီးတဲ့အခါ သူမ အဖြစ်ချင်ဆုံးက နံပါတ်တစ်လည်း ကိုယ် ..၊ နံပါတ်နှစ်လည်း ကိုယ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၈]

Q Star ကနေ ကားမှတ်တိုင်ကို အဝေးကြီး လျှောက်ရသည်။ ရေခါး မလာသေးသဖြင့် ခြေလှမ်းကို အနှေးဆုံးလှမ်းရင်း မျက်လုံးတွေက လိုင်းကားတွေဆီ ရောက် ..၊ မှတ်တိုင်ဆီ ရောက် ..။

နာရီငုံ့ကြည့်ရင်း သူ လာပါ့မလားလို့လည်း တွေးမိပြန်သည်။

အလုပ်ပြန်ကာတည်းက Q Star ရှေ့မှာ ရပ်စောင့်နေခဲ့တာလည်း ဆယ့်ငါးမိနစ်လောက် ရှိသည်။ တစ်လှမ်းချင်းသွားနေသည့် ခြေလှမ်းတွေအရ အလုပ်သိမ်းတာ နာရီဝက်လောက်ရှိပြီ ဖြစ်၏။

သူ ရောက်လာချင်တုန်းကတော့ အပြင်ထွက်လိုက်တာနှင့် ရှေ့မှာ အဆင်သင့် ရပ်စောင့်နေတာမို့ သူ လာမယ်လို့လည်း မထင်တော့ပါ..

အိမ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုရင်လည်း နှုတ်ဆက်သွားပါလား ရေခါး ရယ် ..၊ ချောမောတည်ကြည်သည့် မျက်နှာဝင်းဝင်းကို သတိရရင်း ရင်ထဲမှာ နာကျင်သွားသည်။

သူက မှုဆိုးဖို မဟုတ် ဇနီးကွဲနေတာပဲဖြစ်သည်။ အခန့်မသင့်လို့ ခဏတဖြုတ် ကွဲနေတာလား၊ ကွာရှင်းပြတ်စဲပြီးတာမျိုးလား ..။ ဒါတွေ ထဲက တစ်ခုခုဖြစ်စေဖို့ သေချာနေတာတောင် သူ့ကို သက် ယုံကြည်နေသည်၊ တွယ်တာခဲ့သည်။ မရှိတော့ဘူးဆိုကတည်းက တမ်းတမိသည်





စိတ်ကို ဘယ်လိုမှဖျောက်မရခဲ့ပေ။ ဒါ ဖြစ်သင့်ရဲ့လား..၊ ကားမှတ်တိုင် မရောက်ခင် လမ်းဘေးက ဗန်ဒါပင်ရိပ်မှာ ခဏ ဝင်ရပ်မိလိုက်သည်။

ငိုချင်လောက်အောင် နင့်သွားသည့် ကိုယ့်ရင်ထဲကို နောက်ထပ် ဝင်မကြည့်ရဲလောက်အောင် စိတ်တွေ ဂယောက်ဂယက် ဖြစ်လာ၏။

ညကလည်း တစ်ယောက်တည်း ကြောက်စိတ်တွေဖြစ်နေလေ သူ့ခြေသံကို နားစွင့် တမ်းတမိလေ။ သန်းခေါင်ကျော် ဖျတ်ခနဲ နိုးလာခဲ့တဲ့အထိ သူ့အိပ်ခန်းဆီကို နားစွင့်မိခဲ့၏။

လူမရှိသောအိပ်ခန်းဆီမှ တိတ်ဆိတ်ခြင်းကို မလိုလားစွာ ဖြစ်ခဲ့ရင်း သူ့ကို တမ်းတနေခဲ့တာ တစ်ညလုံး ..၊ သူဝို့သားအဖ ရောက်လာခဲ့တဲ့နေ့ ..၊ ပြီးတော့ နောက်နေ့တွေမှာ နားထောင်ရင်း နားဝင်မချိုဖြစ်ခဲ့ရသည့် သူ့စကားသံနဲ့ သက် တို့ စကားများခဲ့ရတာတွေ ..၊

စိတ်က အတိတ်ထဲမှာ နစ်မြုပ်ရင်း မိုးလင်းခဲ့ရသည်။ တမ်းတနေရင်း သူ ပေါ်မလာလေ ပိုလွမ်းလေ ..၊ နင် သူ့ကို ရှိုးသားရဲ့လား ခါးသက်ချို..၊ လူတွေကို လိုက်ငေးနေရင်း မဖြူစင်တော့သည့် ကိုယ့်ရဲ့ တမ်းတခြင်းတွေကို သံသယစိတ်တွေ ဖိစီးလာခဲ့၏။

နင် မရိုးသားဘူးဆိုရင်လည်း အရှုံးပဲ ..၊ တွယ်တာနဲ့ မေ့သွားတဲ့ လူ့ရဲ့ရင်ထဲမှာ နင့်ကို ဘယ်နေရာမှာ ထားမှာတဲ့လဲ။ တင်းထားလိုက်စမ်း ..၊ သူက ကလေးအဖေ တစ်ခုလပ်၊ နင်က အပျိုလေး...၊

တစ်ယောက်တည်း မျက်နှာမော့ ခေါင်းခါမိလိုမိ၊ နှုတ်ခမ်းကိုက်မိ၊ အံကြိတ်မိ၊ မတွေးတော့ဘူးဆိုလို့လည်း မရပါလား ..။

သက် ကျုံ့ရှုံးခဲ့ပြီကို နားလည်လိုက်မိသည်။ သူ့ဘက်က နေရာခဲ့သမျှ ကိုယ့်ဘက်မှာတော့ ဒီအဖြေပဲ ထွက်နေခဲ့သည်။ ကားမှတ်တိုင် ဆီ ဆက်လျှောက်တော့ဖို့ မျှော်နေမိသည့်မျက်နှာကို ငုံ့ချလိုက်ပြီး ခြေလှမ်းပြင်မိကာမှ ...

"အန်တီ .. အန်တီသက် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

လှည့်ကြည့်လိုက်တော့ သိပ်မကျယ်သည့်လမ်းရဲ့ ဟိုဘက်ကနေ လက်ပြခေါ်နေတာ ကိုချစ် ဖြစ်နေ၏။

သက် မြင်သွားသည်နှင့် လက်ပြရင်း ဒီဘက်ကို ဖြတ်ပြေးလာသည်။ သက် ဝမ်းသာအားရဖြစ်သွားကာ သူမလည်း ပြေးဆင်းလိုက်မိ၏။ သမီးလေးနဲ့ အရင်းနှီးဆုံး ချစ်ခင်တွယ်တာခဲ့သည့်ကလေးမို့ ကိုချစ် ကို မြင်လိုက်ရတာ သမီးလေးကို ပြန်တွေ့လိုက်ရသလိုပင်...။

သို့သော် တစ်စီးနဲ့တစ်စီး ကျော်တက်လာသည့်ကား၏အရှိန်ကို သက် လှမ်းမြင်လိုက်ကာ ...

"ကိုချစ် .. ကိုချစ် .."

ကလေးက ကားကိုမြင်မှာ မဟုတ်သဖြင့် စွတ်ပြေးလာသည်။ သက် အတင်းပြေးတက်ကာ ကိုချစ် ကို တားဆီးဖို့ ကြိုးစားပေမယ့်...

"ကျွိ .."

"အား!..."

"အမလေး .. သား .. သေပါပြီ"

သား ပါလာပြီထင်ကာ မိုဘိုင်းစင်တာထဲကို အေးဆေးဝင်လိုက်ပြီးမှ ပြန်လှည့်ကြည့်လိုက်မိတော့ မြင်ကွင်းကြောင့် မလတ် ကြက်သေသေသွား၏။ သား ပြေးသွားတာ၊ ဟိုဘက်က မိန်းကလေးတစ်ယောက် ပြေးလာနေတာ၊ ပြီးတော့ ဖြတ်ဝင်လာသည့်ကားနှင့် သားကို တွန်းပစ်လိုက်ပြီး ဒလိမ့်ခေါက်ကွေး လိမ့်ထွက်သွားသည့် မိန်းကလေး...၊

မလတ် ဆွဲထားသည့်လက်ထဲက အိတ်တွေ၊ ပစ္စည်းတွေ အားလုံး လွတ်ကျကုန်၏။ နှစ်ယောက်စလုံး မသက်သာမှာကိုသိကာ ပူလောင်သွားသည်က ကိုယ့်သားအတွက် ဖြစ်လျက် ...

"သားလေး .."

လူတွေ ရက်ရက်သဲသဲဖြစ်သွားသည့်ထဲ အရူးလို ပြေးဝင်လိုက်မိ





သည်။ လမ်းဘေးထိ လွင့်စဉ်ထွက်သွားခဲ့သော သုံးဆင့်ထမင်းချိုင့်က တစ်အံစီလွင့်ထွက်နေကာ သားကလည်း ပြန်ကျူးထသည်။

မိန်းကလေးကလည်း သားလက်တစ်ဖက်ကို မလွှတ်တမ်း ဆုပ်ထားလျက် ရှုံ့မဲ့ရင်း ပြန်ထဖို့ ကြိုးစားနေသည်။

"ဘာဖြစ်သွားသေးလဲ သမီး ..၊ ကလေးကို သူ ပြေးတွန်းတာ"

"တွန်းပြီး ပြန်ဆွဲထားလိုက်လို့ .. မဟုတ်ရင် ကလေးက ဟိုဘက်လိမ့်ပြီး နောက်ကကား တက်ကြိတ်သွားနိုင်တယ်"

"တောင်းပန်ပါတယ်ကွယ်၊ ဦးလေးကားက ဒရိုင်ဘာက လောဘကြီးတာပါ၊ မကျော်နဲ့ဆိုတာကို အတင်းကျော်တက်ပြီး မောင်းတယ်"

အသက်ငါးဆယ်လောက် လူကြီးက လူကြားထဲ ဝင်လာပြီး တောင်းပန်သည်။ ကိုချစ် က ကလေးပီပီ နာတာကျင်တာကို ပွတ်သပ်ခါနေရင်း သက် ဘေးကို ရောက်လာ၏။

"အန်တီ သားကြောင့်ဖြစ်သွားတာ"

"မဟုတ်ပါဘူး၊ အား!... မင်းကို မြင်လိုက်တော့ အန်တီလည်း ဝမ်းသာပြီး ပြေးဆင်းလာလို့ .."

ကိုချစ် က လက်ကောက်ဝတ်မှာ သွေးတွေနီရဲနေလျက်၊ သက် က တံတောင်ဆစ်နဲ့ ဒူးနှစ်ဖက်စလုံး အကြီးအကျယ် ပွန်းရှသွားခဲ့၏။

ပွန်းရုံပေမယ့် ပေါက်ပြဲသွားသည့်ဒဏ်ရာမှ သွေးတွေ အရမ်းထွက်နေပြီး မြင်လို့မကောင်း ...။

"ဦး ဆေးခန်းလိုက်ပို့ပါ့မယ်၊ ဝိုင်းကူ တွဲပေးကြပါ"

"အို .. ရပါတယ်၊ ဒါ ကျွန်မသားလေးပါ၊ ကျွန်မက ဆရာဝန်ပါ"

မလတ် က သားနဲ့ သက် တို့ကို သူမပဲ တာဝန်ယူကာ ကားပေါ် တွဲတင်လိုက်သည်။ မှားယွင်းခဲ့သည့် ကားပိုင်ရှင်ကလည်း တာဝန်ကျေချင်ပေမယ့် ဘာမှမလုပ်လိုက်ရဘဲ ဒီတိုင်း ရပ်ကျန်ခဲ့၏။

"ကိုချစ် .. ခြေထောက်တွေ ဘာတွေ ထိသွားသေးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မထိပါဘူး၊ သားက လက်ကောက်ဝတ်မှာ ပွန်းသွားတာ၊ ဖင် နည်းနည်းနာနေတယ်၊ တခြား ဘာမှမဖြစ်ဘူး၊ အန်တီ့မှာသာ ထဘီမှာ လည်း သွေးတွေနဲ့ .."

"အန်တီလည်း ပွန်းရုံရှရုံပါပဲ၊ ကားနဲ့မလွတ်မှာစိုးလို့ လိမ့်ပစ် လိုက်တာ အကျနာသွားတာ"

ကားက တစ်နေရာကိုထွက်လာပြီးမှ လမ်းဘေးမှာရပ်သွားကာ..

"ညီမ ဒီဘက်လှည့်ပါဦး"

မလတ် နောက်တံခါးဖွင့်၍ သက် ရဲ့ဘေးမှာ ထိုင်လိုက်သည်။

"သွေးထွက်လွန်သွားမှာစိုးလို့၊ နီးရာဆေးခန်းမှာ ဝင်လိုက်တော့ မယ်"

ဒဏ်ရာကို အထဲရောအပြင်ရော မိန်းမသားချင်းမို့ သေချာကြည့် ပြီး စစ်သည်။

"ဒူးမှာဆိုတော့ အရိုးထိသွားနိုင်တယ်၊ ဓာတ်မှန်ရိုက်ထားမှ ဖြစ် မှာ၊ ဆေးခန်းမှာ ပြပြီးမှပဲ အိမ်ကိုသွားကြတာပေါ့နော်"

"သက် အိမ်ကိုပဲပြန်ပါ့မယ်၊ ဘာမှမဖြစ်ဘူးဆိုတာလည်း သက် သိပါတယ် မမ၊ ဒါလေး နည်းနည်းပဲ ..."

"ဘယ်ကလာ နည်းရမှာလဲ ညီမရယ်၊ ညီမက သားရဲ့အသက်ကို ကယ်ခဲ့တဲ့သူ၊ တို့ကလည်း ဆရာဝန်လေ"

"ဟုတ်ကဲ့၊ သက် ဒီနေ့ အိမ်ပြောင်းရမှာလည်းရှိလို့ အချိန်မရလို့ ပါ၊ ဒီဒဏ်ရာလေး ဆေးထည့်ပြီးရင် ရပါပြီ၊ မမကိုလည်း တောင်းပန် ပါတယ်နော်၊ ကလေးက ပြေးလာတာကို မတားဘဲ သက် ကလည်း ပြေးသွားမိတယ်၊ သူ့အရွယ် သက် ရဲ့တူမလေးရှိတော့ သူ မရှိတဲ့အချိန် မှာ ကိုချစ် ကို မြင်လိုက်ရပြီး စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားတာပါ"

"ညီမက ခါးသက်ချို ထင်တယ်၊ သားက အားလုံး ပြောပြထား ပါတယ်၊ ညီမလေး ကျွေးမွေးတဲ့ထမင်းကို စားထားလို့လည်း သားရဲ့





ထမင်းရှင်ဖြစ်သလို တို့ကလည်း ကျေးဇူးရှင်လို့ပဲ မှတ်ထားတာ၊ အခု အသက်ကိုကယ်လိုက်ပြန်ပြီ၊ အရမ်းကျေးဇူးတင်ပါတယ်ကွာ .. တကယ် ပါ၊ ဆေးခန်းပြပြီး အိမ်ကိုမလိုက်တော့ဘူးဆိုရင်လည်း ညီမအိမ်ကို တို့ လိုက်ပို့ရင်း ကြည့်ပါရစေ"

သက် စိတ်တွေမလုံမလဲနှင့် ခေါင်းခါလိုက်မိသည်။

"တို့နာမည်က နေရီဆုလတ် တဲ့၊ မှတ်ထားနော်"

ခေါင်းညိတ်လိုက်မိပြန်၏။ ပြီးတော့ ရှက်စိတ်တွေလည်း ဝင်မိ သည်။ စိတ်ထားနူးညံ့သိမ်မွေ့ကာ လှပပြေပြစ်သည့်မျက်နှာနှင့် နေရီ ဆုလတ် သည် ဆရာဝန်တစ်ယောက်လည်း ဖြစ်နေသေးသည်။

ကိုယ်ကတော့ သူ့ယောက်ျားအပေါ်မှာ မရိုးမသားစိတ်တွေနှင့် တောင်တွေးမြောက်တွေး ..၊

"အန်တီ .."

"ဟင်!..."

"အန်တီ မသိလို့ရယ် .. မေမေနဲ့ ဖေကြီးနဲ့က တကယ်တော့.."

"အား!..."

သက် ခေါင်းထဲမှာ ဒိန်းခနဲမြည်သွားသလား မသိ၊ ဆစ်ခနဲ ပြာ ခနဲ မူးမိုက်သွား၏။ ကိုချစ် စကားစလိုက်သည်နှင့် ထိုအကြောင်းအရာ ဟာ လူတစ်ကိုယ်လုံးကို ချောက်ကမ်းပါးနက်ကြီးထဲ တွန်းပို့တော့မည့် လက်နက်ကြီးသဖွယ် သူမ ထိတ်လန့်ချောက်ချားကာ ...

"ကိုက်လိုက်တာ"

"ဟင်!... ခေါင်းကိုက်တာလား"

"ဟုတ် .."

သက် မှသားပြောခြင်း မဟုတ်ပေ။ လမ်းပေါ်မှာ ပစ်စလက်ခတ် လဲကျသွားတုန်းက ကိုချစ် ကို လွတ်ထွက်မသွားအောင် ပြန်ဆွဲထား ရခြင်း၊ လွတ်ထွက်သွားလို့ မရဘူး ဆိုသည့်အသိနှင့် စိုးရိမ်ခဲ့ခြင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသောစိတ်တို့ဆောင်ကာ သွေးထွက်သည့်ဒဏ်ရာကိုပဲ နာရမှန်း သိခဲ့၏။ ခေါင်းပေါ် မှုးနောက်ပြာဝေတာ ခုမှ ...။

ကိုချစ် ဘာမှ ကြီးကြီးကျယ်ကျယ်ဖြစ်မသွားခဲ့ဘူးဆိုတာ သေချာသည်နှင့် သူမအတွက် အရေးကြီးတာက စကားတတ်လွန်းသည့် ကိုချစ် ဘေးကနေ အမြန်ဆုံး ထွက်ခွာနိုင်ဖို့ ...။

"ရပြီ မမ .. သက် ဘာသာ ပြန်တော့မယ်"

"မဟုတ်တာ ညီမရယ်"

"အန်တီကလည်း သားလည်းပါတဲ့ဥစ္စာ .. လိုက်ပို့မယ်လေ"

"ဟင့်အင်း .. ရပါတယ်"

လိပ်ပြာမလုံခြင်းကို ဒီတစ်ခါပဲ ခံစားခဲ့ဖူးသည်။ နေရီဆုလတ်ရဲ့ ရှေ့မှာ ရပ်မနေချင်။ ကိုချစ် ကို ချစ်ခင်ပွေ့ပိုက်ပြီး အလွမ်းဖြေချင်ခဲ့သည့်စိတ်တွေလည်း ပျောက်၏။ ထို့ကြောင့် ဆေးခန်းဝင်ပြီးသည်နှင့် သက် ရပ်ပျက်ဆင်းပျက် ငြင်းကာ တက္ကစီပေါ်ပဲ အတင်းတက်မိသည်။

"အန်တီ .. အန်တီ ထမင်းချိုင့်တောင် မပါတော့ဘူး၊ ဒါလေး ယူသွားပါ အန်တီ"

ကိုချစ် ပြေးလိုက်လာပြီး ဘေးတံခါးကနေ ပိုက်ဆံအိတ်ပြားလေး သက် ရင်ခွင်ထဲထိ လှမ်းပေးနေသည်။

သက် မယူကာမှ ပိုက်ဆံအိတ်ကို လွှတ်ချပေးလိုက်ပြီး ...

"သားနဲ့ဖေကြီး လာလည်ဦးမယ်၊ အန်တီ ငါးဟင်းချက်ထားပေးနော်"

သက် ခေါင်းညိတ်လိုက်ရပေမယ့် ရင်ထဲမှာ ခေါင်းခါနေမိသည်။ ပြော် .. မတွေ့ဖြစ်ခဲ့ရင်လည်း အကောင်းသား ...၊

တစ်ကိုယ်လုံးမှာ ပွထနေခဲ့သည့်ဒဏ်ရာတွေထက် ပို၍နာကျင်နေခဲ့သော ရင်ထဲမှာ ...၊





အခန်း [၃၉]

နာရီကြည့်လိုက်တော့ ခြောက်နာရီခွဲတော့မည်။ ရာသီဥတု ဖောက်ပြန်နေသဖြင့် မိုးမပြတ်သေးပေမယ့် ဆောင်းနာရီမို့ မိုးစုပ်စုပ် ချုပ်ပြီ ဖြစ်၏။ သက် ဘာဖြစ်လို့ ခုထိ အိမ်ပြန်မရောက်သေးတာလဲ..။

သူမဆီက ဖုန်းရတာနဲ့ သူ တန်းသွားခဲ့တာဖြစ်သည်။ ဒါပေမယ့် Q Star ကိုတော့ မသွားချင်သဖြင့် လှမ်းမြင်နေရသည့် ကော်ဖီဆိုင်ထဲမှာ ထိုင်စောင့်နေခဲ့သည်။

ထိုအချိန်မှာသာ နန္ဒာ ဆီက ရွှေသွေး ကားအက်ဆီးဒင့်ဖြစ်သည့် သတင်း အကြောင်းမကြားလျှင် သက် အပြင်ထွက်လာတာနှင့် သူနဲ့ တွေ့မှာ ဖြစ်သည်။ ဒါတောင် ရွှေသွေး အခြေအနေမဆိုးမှန်းသိတာနှင့် သူ ချက်ချင်း ပြန်လာခဲ့တာ ..။

အခန်းနှစ်ခန်းကြား ကော်ရစ်ဒါလေးမှာ မတ်ကတ်ရပ်နေရင်း အောက်ကိုဆင်းလိုက်ကာမှ ရှေ့မှာ တက္ကစီတစ်စီး ရပ်လာသည်။

ဆင်းလာတဲ့သူက သက် ဖြစ်နေ၏။ ထို့ပြင် လက်နှစ်ဖက်စလုံးမှာ ပတ်တီးတွေ .. ပလာစတာတွေနှင့် ..၊

"သက် .. မင်း ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်လိုက်တော့ သက် မျက်ရည်တွေ အိခနဲ ဝေ့တက်လာ၏။ အားငယ်နေသည့် ကလေးငယ်လေးတစ်ယောက် သူ့ရဲ့ရှေ့မှာ အဖေ၊ အစ်မ တစ်ယောက်ယောက် ဘွားခနဲ ပေါ်လာတာကို တွေ့လိုက်ရသလိုမျိုး ..၊ ဒါဟာ အားကိုးသမှုရှိခဲ့ဖူးသောစိတ်မှ ဖြုန်းခနဲ သတိလက်လွတ် ခံစားလိုက်မိခြင်းသာ ..၊

မဟုတ်ဘူး၊ အားမကိုးနဲ့ .. နင်နဲ့ ဘာမှပတ်သက်ဖို့မရှိတဲ့လူ..၊

သက် ချက်ချင်းဆင်ခြင်ကာ မျက်နှာလေးငုံ့ပစ်၍ ...

“လမ်းမှာ ကားတစ်စီးနဲ့ နည်းနည်းပွတ်မိတာ”

“ကားတိုက်မိတာလား .. ဘယ်နေရာမှာလဲ၊ ဘယ်ကကားလဲ၊ မင်းကို ဒီတိုင်း ထားသွားတာလား”

“ဟင့်အင်း .. မဟုတ်ပါဘူး၊ ဆေးခန်းပို့ပေးသွားတယ်”

“ဟာကွာ!... ကျွတ် ..”

သူ သက် ဆီရောက်လာပြီး လက်မောင်းလေးတစ်ဖက်ကိုတွဲသည်။ ဒူးဆစ်က အရမ်းနာနေသဖြင့် သူတွဲထားတဲ့အတိုင်းပဲ သက် ငြိမ်နေလိုက်ရ၏။ ဆရာဝန်မ လှလှပပလေးနဲ့ သားတစ်ယောက်လုံး ရှိနေတာတောင် သက် ခေါ်လိုက်တာနဲ့ သူ ဘာလို့ ရောက်လာတာလဲ ..၊

ဒီပုံစံ သက် ကိုမြင်လိုက်တာနဲ့ ဘာဖြစ်လို့ စိုးရိမ်တဲ့မျက်နှာကြီး ဖြစ်သွားတာလဲ ..၊ အတွေးတွေပြေးလွှားသော်လည်း ထိုအတွေးထဲမှာ ရေခါး က လှေနံနှစ်ဖက်နင်းချင်တဲ့သူအဖြစ် ရှိမနေခဲ့ပေ ..။

သူ့ကို ဘာဖြစ်လို့ ဒီလောက်ရင်းနှီးခဲ့တာလဲ၊ ဒီလောက်ထိ ဘာဖြစ်လို့ ယုံကြည်နေတာလဲ ..၊ သူမ အကြီးအကျယ် မှားယွင်းနေပြီမှန်း သိပေမယ့် ရုန်းဖို့ ကြိုးစားလေ နစ်ဝင်သွားလေ ..။

“ခြေထောက်တွေ ဘာမှမဖြစ်ဘူးလား၊ ဘယ်လို တိုက်မိသွားတာလဲ၊ မသေကောင်းမပျောက်ကောင်းကွာ .. ကိုယ်လည်း ဒီနေ့ [illegible] သူငယ်ချင်းတစ်ယောက် ကားအက်ဆီးဒင့်ဖြစ်လို့ ပြေးလိုက်ရတယ်၊





မင်း ဒီမှာဖြစ်တဲ့အချိန်ပဲ ထင်တယ်၊ ဘာတွေဖြစ်ကုန်တာလဲ”

သက် ကို ခုံပေါ်မှာထိုင်ခိုင်းတဲ့အထိ ရေခါး စုပ်သပ်နေတုန်း။

သူ့အခန်းထဲမှာ မရှိဘူးဆိုတာတောင် ရှေ့ခန်းမှာ ကုလားထိုင်နှစ်လုံးတွဲတစ်လုံးနှင့် လုံးချင်းနှစ်လုံးတော့ ချထားနိုင်သေးသည်။

သက် တို့ရှေ့မှာ သင်ဖြူးလေးနှစ်ချပ်ဆက် ခင်းထားသည်မှလွဲ၍ ဘာမှမရှိ။ ထို့ကြောင့် ခြေထောက်နာနေသည့် သက် ကို သူ့အခန်းထဲက ကြိမ်ကုလားထိုင်တစ်လုံး သွားယူလာပြီး ထိုင်ခိုင်းသည်။ ပြီးတော့ သူက သက် ခြေထောက်ရှေ့ ကြမ်းပေါ်မှာ ထိုင်ချလိုက်ကာ ...

“ထဘီ နည်းနည်း ‘မ’ ပါလား”

“အို!... မဟုတ်တာ .. ရေခါး ကလည်း .. ထပါ”

“ဒဏ်ရာရှိတယ်မို့လား၊ ခြေထောက်ဆိုတာ အရေးကြီးတယ်၊ ကိုယ့်ကိုရှက်နေရင် မင်း ဘယ်သူ့ကိုပြမှာလဲ သက်”

“မဟုတ်ဘူး .. ဓာတ်မှန်ရိုက်ပြီးပြီ၊ ဘာမှမဖြစ်ပါဘူး၊ ဒဏ်ရာကို ဆေးထည့်ထားတယ်”

ထဘီကို ကိုင်မလို့ပြင်နေသည့် သူ့လက်ကိုပါ ဖယ်ချလိုက်မိကာ သက် ထွက်ပြေးမိတော့မတတ် ဖြစ်နေ၏။

ရေခါး က ဆံပင်တစ်ချက်ဖွ၍ သက် ကို စူးစိုက်မော့ကြည့်သည်။

“မင်းတစ်ယောက်တည်း ကျန်ရစ်ကာမှ ဘာဖြစ်လို့ အဆင်မပြေတာတွေချည်း ဖြစ်နေတာလဲ”

သက် မျက်နှာလွှဲပစ်ရင်း ငြိမ်နေ၏။

“ညနေက ဖုန်းဆက်တာ စောပါတယ်၊ ဒါကြောင့် မဟုတ်ဘူးမို့လား၊ ဘာဖြစ်တာလဲ ပြောလေ”

“သက် အောက်မှာဆင်းထိုင်ချင်တယ်”

“မလိုပါဘူး .. နေမကောင်းလို့ပဲ ဘာမှမဖြစ်ဘူး၊ ဒီတိုင်းနေပါ”

“ဟင့်အင်း .. ဒီလိုကြီး မနေချင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် .. ခဏ"

သူ ပြန်ထွက်သွားပြီး သူ့အခန်းကပဲ ခွေးခြေပုလေး ယူလာကာ သက် ရဲ့ဘေးမှာ ထိုင်လိုက်၏။

"ပြော .."

အဝါရောင်မီးသီးရဲ့အောက်မှာ သက် ရဲ့မျက်နှာလေးက ဝင်းစက်စက်လေး ဖြစ်နေသည်။ နှာတံချွန်ချွန်နှင့် နှုတ်ခမ်းပါးလေးတွေက ကြည့်လိုက်တိုင်း ချစ်ဖို့ကောင်း၏။

သူမပုံစံလေးသည် တော်ရုံသင့်ရုံ ပြင်ဆင်လိုက်တာနှင့် လှလှပပလေး ဖြစ်သွားတတ်သည့် ယဉ်စစ လှပုံမျိုးလေး ..။ သူ စိတ်ဝင်စားခဲ့သည်က သူမဘဝလေးဟာ ကြမ်းတမ်းသည့် လှိုင်းတံပိုးတွေကြားက သေးငယ်လှသည့် လောင်းလှေနဲ့ တူနေခြင်းကြောင့် ဖြစ်သည်။

ထက်ထက်မြက်မြက် သတ္တိရှိတာမျိုးလည်း မဟုတ်၊ ပျော့ညံ့အားငယ်ခြင်းလည်း မရှိ၊ စိတ်ညစ်ရင် ညစ်သလို ညှိုးငယ်နေတတ်ကာ တစ်ခါတလေ ကိုယ့်ခွန်အားလေးနဲ့ကိုယ် သူမပုံစံလေးက တက်ကြွသွက်လက်နေပြန်၏။ ခုတော့ သူမ တစ်ယောက်တည်းပါ ..။

မဆိုင်သူတွေလို မနေနိုင်ပေမယ့် ပတ်သက်ခွင့်မရှိတဲ့သူတွေ ..၊

"ပြောလေ ခါးသက်ချို ..၊ မင်း ဘာတွေ အရေးတကြီးဖြစ်နေတာလဲ"

"သက် .. ကားတိုက်ခံရတဲ့လူနာတစ်ယောက်ကို အိမ်ထိခေါ်လာပြီး ကယ်တင်ဖို့ ကြိုးစားခဲ့တယ်"

"ဘယ်လို!..."

"ညဘက်ကြီး ကားလမ်းမှောင်မှောင်မည်းမည်းပေါ်မှာ ကားတစ်စီးက သူ့ကိုတိုက်ပြီး မောင်းပြေးသွားတာ"

"ဟာ!... အဲဒါ မင်းနဲ့မဆိုင်ဘူးလေ .. ကူညီချင်တဲ့စိတ်ရှိတိုင်း ကူညီလို့ ဖြစ်မလား ..၊ သူ့ကိုကူညီဖို့ တတ်နိုင်ပါ့မလား ကိုယ့်ကိုယ်





ကိုယ် ပြန်ကြည့်ဦးပေါ့"

ပြီးဆုံးအောင် မပြောပြရသေးခင် ရေခါး အသံထွက်လာသဖြင့် တက္ကစီသမား တားမြစ်ညည်းညူနေတာကို သတိရလိုက်မိ၏။

သက် မျက်နှာလေးငယ်ပြီး ငြိမ်သွားတော့ ရေခါး ပင့်သက်ရှိုက်လိုက်ပြီး စိတ်ကို ပြန်လျှော့၍ ...

"ကဲ .. ပြောပါဦး၊ ဒါက စေတနာရှေ့ရောက် ဖြစ်သွားတာပဲ၊ ဘာတွေဖြစ်လာသေးလဲ"

သက် သူ့မျက်နှာကိုပြန်ကြည့်သည်။ ပြီးမှ တစ်ဆင့်ချင်းပြောပြ၍ မှောင်မည်းနေသည့် အပြင်ဘက်ကိုလည်း လှမ်းကြည့်မိကာ ...

"သက် ဒီည တစ်ယောက်တည်းအိပ်ရမှာ ကြောက်နေလို့ ..၊ ဟိုဘက်မှာ ရှင် ရှိနေတော့ အဖော်ရမှာပဲလို့ တွေးပြီး .."

ဆက်မပြောမိတော့ပါ၊ သူရောက်လာပုံက ကိုယ့်အခန်းကို ပြန်လာတာမျိုးမဟုတ်ဘဲ သက် က ခေါ်လို့ ခဏတဖြုတ် ရောက်လာတာမျိုး..။

"ဆက်ပြောလေ .."

"ရှင်က ပြန်မလာတော့ဘူးလို့ ပြောမသွားခဲ့တော့ ပြန်လာဦးမှာပဲ ထင်လို့ပါ"

"ခုတော့ ပြန်မလာတော့ဘူးလို့ ထင်သွားတယ်ပေါ့"

"ဘာပဲဖြစ်ဖြစ် ရှင် သက် ကို ပြောသွားခဲ့ဖို့ ကောင်းပါတယ်"

"ဘာကိုလဲ .."

"ပြန်မလာတော့ဘူးဆိုတာ .."

သက် မငိုပေမယ့် အသံလေးတုန်သွားသည်။ ကိုယ့်ရဲ့ဝေဒနာတွေ သူမြင်သာတဲ့ ပြယုဂ်တစ်ခု ဖြစ်မသွားအောင် မျက်နှာငုံ့လိုက်မိရင်း ဆံပင်တွေကို နားတစ်ဖက်စီမှာ ထိုးသိပ်ထည့်မိ၏။ ပြီးတော့ မဲ့ချင်နေသည့်နှုတ်ခမ်းသားတွေကို ဟန်လုပ် ဖိပိတ်ရင်း ...

"အခု သက် က ခေါ်လို့ ရောက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



မမေးသင့်ပေမယ့် မေးလိုက်မိ၏။ သူက သက် ကို ဘေးတိုက်က နေ မလွှဲတမ်း ကြည့်နေလျက် ...

"မင်းခေါ်လို့ ရောက်အောင်လာခဲ့တယ်ဆိုရင်ပဲ ကိုယ့်ဘက်က သံယောဇဉ်က မှတ်ကျောက်တင်ခံနေပြီ သက်၊ အဲဒါ သေချာတယ်"

မိန်းကလေးတစ်ယောက်က ဖုန်းဆက်ခေါ်တိုင်း ပြေးလွှားခစားဖို့ အသင့်နဲ့ ပျာယီပျာယာ ရှုပ်ယှက်ခတ်နေတတ်တဲ့ကောင်မျိုး သူ မဟုတ်တာက သေချာပြီးသား ...။

ရည်းစားများခဲ့တာ မှန်ပေမယ့် ရင်ဘတ်နဲ့ ခံစားကြည့်ခဲ့ဖူးတာ ရှိလို့လား ...၊ ဘယ်သူ သိသိမသိသိ သူ့ကိုယ်သူ သိသည်။

"ခါးသက်ချို ကိုယ့်ကို ခဏလေး လှည့်ကြည့်ပါလား"

သက် သူ့ကို လှည့်ကြည့်လိုက်တော့ သူက နှုတ်ခမ်းမဖွင့်ဘဲ ရယ်မြူးရိပ်ထင်နေသည့်မျက်ဝန်းတွေနှင့် စိုက်ကြည့်၍ ...

"ငါ မင်းရဲ့ဘေးမှာ တစ်ညလုံးထိုင်ပြီး လူနာစောင့် လုပ်ပေးချင်ပါတယ်"

"မဖြစ်နိုင်လို့ပါဆိုတာ ရှင် ပြောဖို့မလိုပါဘူး၊ သက် နားလည်တယ်"

သူတို့ရဲ့ အိမ်ထောင်ရေးအခြေအနေကို အသိမိတ်ဆွေ တစ်ယောက်လို သတင်းမေးတာမျိုးလောက်တောင် သူမ ဟန်ဆောင် မမေးရဲခဲ့ပေ ...။ အရှင်းဆုံးဝန်ခံရလျှင် ဒါ ကိုယ့်ဘက်က မရိုးသားခြင်းပဲဖြစ်၏။ ပန်းမပွင့်နိုင်မှန်းသိလျက်နှင့် ဒီအပင် ရှင်သန်အောင် ပြုစုပျိုးထောင်ခဲ့သည်။ ပွင့်လာနိုးနိုး မျှော်ကိုးခဲ့မိ၏။

'ရှင်ပဲပြောတော့ ကလေးရဲ့အမေက မရှိတော့ဘူးဆို'လို့ ကလေးကလား အော်ဟစ်မေးပြီး ထုရိုက် ကုတ်ဖဲ့ပစ်ချင်သည်။

အမြဲမြင်နေခဲ့တုန်းက အကြားမတော်တိုင်း ဒေါသထွက်၊ အမြင်မတော်တာ တွေ့တိုင်း သံသယတွေဝင် ...၊ ခုတော့ ရေနည်းသွားသည်





နှင့် အလျားလိုက် ပေါ်ထွန်းခဲ့သည့် ဇရာဝတီမြစ်ပြင်ထဲက သဲသောင်ပြင်ကြီးလို ...၊ တမ်းတတတ်ခဲ့ခြင်း၊ အားကိုးနေမိခြင်း စသည့် မသိစိတ်မှာ ငုပ်လျှိုးကိန်းဝပ်နေခဲ့သည့် တိတ်တခိုး တွယ်တာစိတ်တို့ဖြင့် ...

"သက် ကို ငဲ့ညှာမနေပါနဲ့၊ ရှင် ဒီမှာမနေတော့ဘူးဆိုရင်လည်း သွားပါ"

"ဟုတ်တယ် .. မနေတော့ဘူး၊ ဒါပေမယ့် မင်းကြောင့် ကိုယ် ဝေးဝေးမသွားဘဲ နေခဲ့တာ၊ ညဘက် ပြန်မအိပ်ဖြစ်တဲ့အထိ တကယ် မပြန်ဖြစ်ခဲ့တာကတော့ မင်း ထင်စရာဖြစ်သွားအောင် တိုက်ဆိုင်ခဲ့တာတွေပါ၊ ကိုယ် ခုလည်း ပြန်သွားရဦးမယ်၊ အက်ဆီးဒင့်ဖြစ်ထားတဲ့ သူငယ်ချင်း အခြေအနေကို ပြန်ကြည့်ရမှာ၊ ပြီးတာနဲ့ ပြန်လာမယ်"

သွားပါလို့ ကိုယ်ပဲပြောခဲ့ပြီး ပြန်သွားရဦးမယ်ဆိုတော့ သက် သူ့ရဲ့မျက်နှာကို ပြန်ကြည့်မိ၏။ ရေခါး မျက်နှာမှာ မိန်းမကိုပြန်ပေါင်းရဖို့ ဖက်ဖက်မောအောင် ကြိုးစားနေရင်း သက် ကိုလည်း ငဲ့ညှာနေချင်သည့် မပြတ်သားခြင်းမျိုးတော့ မမြင် ...။

"သိပ်မကြာဘူး၊ တစ်နာရီကျော်ကျော်လောက်ပဲ"

"ခု ပြန်သွားတော့မှာလား"

"ဒါမှ ညဥ့်မနက်ခင် မင်းဆီ ပြန်ရောက်မှာပေါ့"

"ဟို .. သက် အိပ်နေပြီဆိုရင် မခေါ်နဲ့တော့နော်၊ ရှင့်အခန်းမှာ ရှင် ဝင်အိပ်တော့"

"မင်းရဲ့ဘေးမှာ လာအိပ်မှာ စိုးရိမ်နေလား"

"ရှင်ကလည်း .."

သက် ရဲ့ပါးပြင်လေးတွေ နီမြန်းသွားသည်။ သူ ငေးကြည့်နေရင်း ပြုံးလိုက်မိ၏။

"အိပ်ရာထဲ ဝင်လှဲနေမလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီအပြင်မှာပဲ ကိုယ် အိပ်ရာခင်းပေးခဲ့မယ်"

"အို!... ရပါတယ်၊ သက် ဖာသာ ဖြည်းဖြည်းလုပ်သွားမှာပေါ့"

"ကိုယ်ပဲ လုပ်ပါ့မယ်၊ ပြုစုချင်လွန်းလို့"

စပ်ဖြဖြဖြစ်သွားသည့် မျက်နှာကို သက် မျက်စောင်းထိုးမိသည်။ သူက သက် တို့အိပ်ခန်းထဲဝင်သွားကာ သူ့အိမ်ရာလိုပဲ တရင်းတနှီး ကိုင်တွယ်လှဲကျင်းပေး၏။ ပြီးတော့ သက် ကို တွဲထူကာ ...

"လာလေ .. အိပ်ရာထဲမှာ သက်သက်သာသာ လှဲနေလိုက်၊ ဆေးသောက်စရာရှိသေးရင်လည်း ကိုယ်ပြန်လာမှ သောက်ကွာ .. ဖြစ်တယ်မို့လား"

"အင်း .."

သူ တွဲထူပြီး အိပ်ရာဆိုသော ခေါင်းအုံးချထားသည့် သင်ဖြူးပြန့်ပြန့်ပေါ် ခပ်ဖြည်းဖြည်း ထိုင်လိုက်ကာမှ ...

"အား!..."

"ဟ!.."

"ဒုန်း .."

သက် ခြေထောက်နာသွားကာ ပုံခနဲ ကျသွားသဖြင့် ရေခါး က ထိန်းရင်း နှစ်ယောက်စလုံး လဲကျကုန်၏။ သူ့ကိုယ်ကြီး သက် ကိုယ်ပေါ် ဖိကျမသွားအောင် တံတောင်နဲ့ လှမ်းထောက်ဖို့ ကြိုးစားလိုက်သောကြောင့် ဒုန်းခနဲမြည်ကာ သူပဲ ပစ်စလက်ခတ် ..။

"အား!... ကျွတ် .. ကျွတ် .."

"ရှင် .. ရှင် .. နာသွားလားဟင်၊ သက် .. သက် တောင်းပန်ပါတယ်၊ ခြေထောက်က အရမ်းနာသွားလို့"

"ရပါတယ်ကွာ .. မင်းက ဒဏ်ရာရှိတဲ့လူ"

နာကျင်သွားသည့် ကျောနဲ့တံတောင်ကို ဖိသပ်ပွတ်ချင်ပေမယ့် သက် စိုးရိမ်သွားမှာစိုးလို့ အောင့်ထားလိုက်ရသည်။





"နည်းနည်း ဖယ်လေ"

"ဟုတ် .. ဟို .. သက် .. သက် ထလို့မရဘူး"

သက် လက်ကိုအားပြုလို့လည်း မရ၊ ခြေထောက်ကလည်း နာနေသည်။ သူ့ရင်ဘတ်ပေါ်မှာ မှောက်လျက်လေး ဖြစ်နေလျက် ထဖို့ ကြိုးစားရင်း ဖက်ထားသလိုပဲ ဖြစ်နေခဲ့၏။ ထိုအချိန်လေးမှာ သူ့မေးဖျားထိ မထိတထိ ဝေ့ဝဲနေသော သက် ရဲ့ဆံပင်တွေကို အသာလေး သိမ်းဖယ်၍ စူးစိုက်ကြည့်လိုက်သည့် သူ့မျက်ဝန်းတွေကြောင့် ...

"ဟို .. သက် ..."

သက် ကြောင်ငေးကြည့်နေမိရင်း ကမန်းကတန်း မျက်နှာလွှဲကာ သူ့ရင်ဘတ်ပေါ်က လျှောချမိသည်။ ရေခါး က သက် ရဲ့ခါးလေးကို သိမ်းဖက်၍ ...

"အ!..."

သက် ကိုယ်လေးကို ညင်သာစွာကျသွားအောင် ဖြည်းဖြည်းလေး လွှဲသိပ်လိုက်၏။ ပြောင်းလဲသွားခြင်းက သက် ကျောပြင်လေး အိပ်ရာပေါ်မှာ နေရာကျသွားခဲ့ပြီး သူ့လက်တစ်ဖက်က ခါးအောက်မှာ..၊ စီးမိုးသွားသည့်မျက်နှာက သက် ရဲ့မျက်နှာလေးထက်မှာ နီးကပ်စွာဖြင့်...

"မင်းက မေ့လျော့သွားပြီ ထင်နေလားမသိဘူး၊ ကိုယ်ကတော့ မင်းမျက်နှာလေးကို ခဏခဏ သတိရနေတာ"

"အို!..."

ရေခါး က သက် ရဲ့ခါးအောက်ကလက်ကို အသာလေးဆွဲထုတ်လိုက်ရင်း ပြေနုသည့် နဖူးပြင်လေးကို အမှတ်တမဲ့ နမ်းသွားခဲ့၏။

သက် တစ်ကိုယ်လုံး ထုံကျင်အေးခဲသွားသလားမသိ ...၊

နှလုံးခုန်သံသည် စက္ကန့်ပေါင်းများစွာ ရပ်တန့်သေဆုံးသွားခဲ့ပြီ..၊

ရှင် ကျွန်မကို မပြုစားပါနဲ့ ...။



www.burmeseclassic.com

အခန်း [၄၀]

"မင်းက ဘာဖြစ်နေတာလဲ"

"ချစ်နေတာ ထင်တယ်"

"ဘာ!..."

ချက်ချင်းကြီး ဝန့်ခံလိုက်သဖြင့် လူနာခုတင်ပေါ်ကနေ ရွှေသွေး တအံ့တသြကြည့်မိရင်း ...

"မင်း တကယ်လား"

"မသိဘူး"

"ဟား!... ရေခါး ရာ .. မင်း ဘာလဲ၊ ရှေးခေတ်က ရုပ်ဖျက်ပြီး တိုင်းပြည်ထဲမှာ လှည့်လည်လှေ့လာတဲ့ ဘုရင်တွေကို အားကျလို့လား"

ရေခါး မဖြေနိုင် ...။

"အဲဒီလိုမျိုးနဲ့ ပဥ္စပါဝီ ကို မိဖုရားမြှောက်လိုက်တာ မှန်ပေမယ့် ပဥ္စပါဝီ က ခုနစ်ပြည်ထောင်မင်းတွေ ခုနစ်ပိုင်းပိုင်းပြီး ခွဲဝေယူချ လောက်တဲ့ ကောင်းခြင်းအဖြာဖြာတွေနဲ့ ပြည့်စုံခဲ့တာ၊ စွဲလမ်းမြတ်နိုး ထိုက်တဲ့ မိန်းမမျိုး၊ မင်းရဲ့ ခါးသက်ချို က ..."

"ငါ့မျက်လုံးထဲမှာ အဲဒီအတိုင်း ဖြစ်နေတယ်ထင်တယ်၊ ချစ်နေ တာလားလို့ သံသယတွေ ခဏခဏဖြစ်နေမိရင်း သူ ငါ့ရင်ခွင်ထဲ ရောက်လာတဲ့ခဏလေးမှာ .."





"မင်း ချစ်နေပြီပေါ့"

"အချစ်နဲ့ ငါ စိမ်းသက်ခဲ့မှန်း ခုမှသိတယ်၊ ငါ ခုထိ သူ့ကိုချစ်မိပြီ ဆိုတဲ့ အဖြေကို မထုတ်နိုင်ဘူး"

"အဲဒါ မချစ်လို့ပေါ့ကွ"

"မဟုတ်ဘူး .. အချစ်ဆိုတာထက် ပိုနေတာဖြစ်မှာပါ"

ရွှေသွေး က ခေါင်းကပတ်တီးကို တစမ်းစမ်းနဲ့ မဲ့ရွဲ့နေ၏။ ဒဏ်ရာ က နာနေတာလား၊ ရေခါး ကို ကဲ့ရဲ့နေတာလား ဘာမှန်းတော့ မသိ။

"ငါ သူ့အတွက် အမြဲတမ်း အဆင်သင့်ဖြစ်နေတယ်၊ ငါ့မျက်စိ အောက်မှာ မရှိကာမှ လူကြီးဆန်ဆန် စိုးရိမ်ပူပန်တတ်တဲ့စိတ်တွေ သူ့အတွက်ပဲ ဖြစ်နေခဲ့တာ၊ သက် က သနားစရာလေးပါ"

"အဲဒီသနားစရာလေးကို မင်းရဲ့မာမီ လုံးဝ လက်ခံမှာမဟုတ်ဘူး နော်၊ ဆေးချာစဦးစား .. ငါနဲ့ နန္ဒာ တို့အုပ်စု မနေ့ကပဲ ပြောမိကြသေး တယ်၊ မင်း ခုချိန်ထိ အိမ်မပြန်နိုင် ဖြစ်နေတဲ့အကြောင်း .."

ရေခါး က စီးကရက်မီးညှိရင်း ငြိမ်နေ၏။ ရွှေသွေး ပြောတာကို နားစွင့်နေတာ မဟုတ် ...။

သူ မနေ့က ရင်ဘတ်မှာ အပြာရိပ်နှစ်စင်းပါသည့် ရှပ်အင်္ကျီအဖြူ နှင့်ဘောင်းဘီရှည်အဖြူရယ်၊ အောစတားအပြာစင်းကို စီးထားခဲ့သည်။

ထိုပုံစံအတိုင်း သက် ဆီကို ရောက်သွားခဲ့၏။ သူ့ကိုမြင်တော့ အံ့သြဟန်လေးနှင့် သက် မျက်ဝန်းလေးတွေ လက်ခနဲ အရောင်ပြောင်း သွားခဲ့သည်။ ဘာမှတော့မမေးခဲ့ဘဲ ဒဏ်ရာတွေကြောင့် ဟိုပြောဒီပြော နှင့် ပြီးခဲ့၏။ သက် ကို သူ ရှင်းမပြချင်၊ ဒါပေမယ့် မေးလာရင်တော့ ပြောပြရတော့မှာ ဖြစ်သည်။ သက် ဘာလို့မမေးခဲ့လဲ သူ မသိ ...။

"ဒီမှာ ရေခါး .. မင်း စဉ်းစားဖို့ ငါ ပြောပြမယ်"

ရေခါး ငိုင်နေသည်ထင်ကာ ရွှေသွေး က ခုတင်ပေါ်မှာပဲ ဖင်ထိုင် ထိုင်လိုက်ပြီး ...

www.burmeseclassic.com



"အန်တီတို့က ပစ္စည်းမမက်ဘူး၊ အဆင့်အတန်း မခွဲဘူးပဲထား၊ ပညာတတ်လေးတော့ဖြစ်စေချင်မှာ၊ မင်း ပညာမဆုံးပေမယ့် ဆေးကျောင်းသားလေ၊ သက် က ရိုးရိုးဘွဲ့လေးတစ်ခုနဲ့ မိဘမဲ့ အခြေအနေမဲ့၊ တစ်ကောင်ကြွက် .."

"ကျွတ်!... နားငြီးလိုက်တာကွာ"

"ငြီးလို့မရဘူးလေ၊ မင်းမိဘနှစ်ပါးစလုံးက မင်းအကြိုက် လိုက်ပြီး ဘာဖြစ်ဖြစ် သဘောတူတယ်ဆိုရင်တောင် မိဘဂုဏ်သိက္ခာကို မင်းထိန်းသင့်တယ်၊ 'မိုးခါးခါး'ကုမ္ပဏီရဲ့ ရတနာကုန်သည်ကြီး ဦးမိုးခါးဆိုတာက ..."

"ငါ့ရဲ့မွေးသဖခင်၊ သက် နဲ့ ငါနဲ့ညားရင် သက် ရဲ့ယောက္ခမကြီးဖြစ်မယ့်လူ .. ဘာမရှင်းတာရှိလို့လဲ"

ရေခါး က စိတ်မရှည်သလိုပြောရင်း နေရာမှ ထရပ်လိုက်၏။ ပြီးတော့ ...

"ငါ မသေချာသေးလို့ တွေဝေနေတာ၊ သေချာပြီဆိုရင် ဘာတွေဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး"

ရေခါး က မတုန်မလှုပ်နေခဲ့သမျှ မျက်နှာမှာ ဂျစ်တိဂျစ်ကန်ပုံစံတွေ ဖြစ်နေလျက် ...

"ရည်းစားဆိုတာ ခရီးသွားမိုင်တိုင်တွေနဲ့ တူတယ်ဆိုရင် ချစ်သူက ပန်းဝင်ကြိုးပဲ၊ ချစ်သူနဲ့လက်ထပ်ပြီး ပန်းဝင်နိုင်မှ ဘဝက ပြည့်စုံချမ်းသာမှာ .. ငါလိုချင်တာ ငါချစ်တဲ့သူ"

ရွှေသွေး ခေါင်းတညိတ်ညိတ် ကျန်ရစ်လေသည်။

လက်ခံသွားတာတော့မဟုတ် ..၊ ပြောကိုမပြောချင်တော့တာ ..။





အခန်း [၄၁]

"ငါ ပြန်တော့မယ်နော် သက်"

"အေးပါ၊ ငါ လိုက်မပို့တော့ဘူးဟာ"

ပြန်မလို့ ထရပ်ပြီးကာမှ စိတ်မဖြောင့်နိုင်စွာ စုစု ပြန်လှည့်ကြည့်သည်။ လက်ဖျံမှာ ထိထားသည့်ဒဏ်ရာက သိပ်နက်ရှိုင်းတာမဟုတ်ဘဲ အကြောထိပြီး နီရဲကြွတက်နေ၏။ ထိုလက်ကို ခုံပုလေးပေါ်မှာတင်ထားကာ သက် ငုတ်တုတ်လေး ကျန်ခဲ့ပုံက ဘယ်လိုမှ တစ်ယောက်တည်းထားပြီး ထွက်မသွားရက်နိုင်အောင်ပင် ..။

"သက် ရယ် .. နင့်ဒဏ်ရာ သောက်ဆေးနဲ့ သက်သာပါ့မလား၊ မနက်က ဆေးခန်းသွားထားတော့လည်း ဘာဖြစ်လဲ၊ ခု အနာရင်းလာလို့ ထပ်သွားတယ်ပေါ့"

ပြောပြီး နှာရှိုင့်ကြည့်ကာ ...

"ခုမှ ခုနစ်နာရီပဲရှိသေးတယ်၊ ငါရှိနေတုန်း သွားလိုက်ပါလား၊ နင့်ကို ပြန်ပို့ပြီးမှ ငါ ပြန်မယ်လေ"

"စိတ်ဖြောင့်ဖြောင့်ပြန်စမ်းပါ စုစု ရယ် .. ရာသီဥတုက လေအေးတွေ တစိမ့်စိမ့်နဲ့ ..၊ တော်ကြာ မိုးရွာရင် ခက်ဦးမယ်၊ နင် ပြန်ရောက်လည်း နီးတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သက် ထိုင်ရာကနေ အားကြိုးမာန်တက် ထရပ်တော့ စုစု ပြန်လှည့်တွဲသည်။ စိတ်မကောင်းဖြစ်နေရတာက သူ့ခမျာ မကောင်းပါဘူးဆိုမှ ကိုယ်က ထပ်ပြီး စိတ်ဆင်းရဲစရာတွေ ပြောလိုက်မိသည်။

မနေ့ညနေပိုင်းက ကိုချစ် ဆိုတဲ့ ကလေးလေးနဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရကာ သက် ပြောနေတဲ့ ဒေါက်တာနေရီဆုလတ်မှန်းလည်း သိလိုက်၏။ အလှမ်းသိပ်မကွာပေမယ့် သူတို့သားအမိ ပြောနေတဲ့စကားတွေအရ မိသားစု ပြန်လည်ပေါင်းစည်းဖို့တွေပဲ ဖြစ်၏။

စကားတွေမပီပြင်လို့ သူတို့မျက်နှာကို သေချာအကဲခတ်ကြည့်ခဲ့သည်။ ကလေးက အရမ်းပျော်ပြီး တက်ကြွနေကာ နေရီဆုလတ် ကမနို့တရို့ ရှက်ပြုံးတွေလား၊ ကလေးက ရှက်စရာတွေ စ,နောက်ပြောနေလို့ ချစ်စနိုး ဒေါသထွက်နေတာလား ...။

အမူအရာတွေကတော့ ဒီတိုင်းပဲ ဖြစ်နေခဲ့သည်။

"ငါလည်း ကိုချစ် ကို သိပ်မမှတ်မိဘူး၊ နှင့်ဆီလာတုန်းကပဲ မနော နဲ့ နောက်ဖေးမှာ ဆော့နေတာကို မြင်ဖူးလိုက်တာလေ၊ ဒါပေမယ့် ထင်လို့ သေချာကြည့်နေတုန်း သေချာသွားတာ၊ ကလေးက ဖေကြီး ဖေကြီးနဲ့ မိုးမွှန်နေတာပဲ၊ သူ့အမေက ချစ်စနိုး ရှက်ပြုံးနဲ့ သိလား .. သူတို့ ပြန်ပေါင်းကြမှာ သေချာပါတယ်"

သူက သက် ကို ဤသို့ပြန်ပြောပြခဲ့မိသည်။

တကယ့်စေတနာက ရေခါး ဆိုတဲ့လူကို သက် အားကိုးစိတ်ဖြစ်နေမှန်း သိလို့ပါ။ ဘာလေး အကြောင်းရှိရှိ ...

'ငါ သူ့ကို အကူအညီတောင်းကြည့်မယ်'

'ရပါတယ်၊ ရေခါး ကို မှာလိုက်မယ်' စသဖြင့် ...၊

ခုလည်း သူမ စရောက်လာကတည်းက မနေ့ညက ရေခါး ဘယ်လိုကူညီခဲ့ကြောင်း၊ နောက်နေ့တွေမှာလည်း ပြန်လာမှာဖြစ်ကြောင်း၊ သူ ဟိုဘက်မှာရှိနေတော့ ကြောက်စိတ်တွေလည်း မဖြစ်တော့ဘူး -





ဒါတွေပဲပြောကာ ရေခါး အပေါ် အားကိုးသမှုတွေ ဘယ်လောက်ရှိနေသလဲဆိုတာကို ဖော်ပြနေခဲ့သည်။

ဒီထက် သံယောဇဉ်နယ်ကျွံမိရင် မခက်ဘူးလား ...၊

ရေခါး ဆိုတဲ့လူကလည်း ကလေးအဖေသာပြောသည့် လူအိုလို့ သတ်မှတ်ထိုက်သည့် စရိုက်အမူအရာ၊ ပြီးတော့ ရုပ်ရည်လက္ခဏာ ဘာဆိုဘာမှ မတွေ့လောက်အောင် ချောနေ၏။ စုတ်စုတ်ပြတ်ပြတ် ဘယ်လိုနေနေ ပြုံးတိုင်း ချောသည်၊ ကြည့်တာနှင့် ငြိချင်အောင် မိ၏။

ဒါတွကို သက် သာယာစိတ်တွေဖြစ်ပြီး နစ်မွန်းမှာ မလိုချင်...။

"ဘာတွေငိုင်နေတာလဲ၊ လူကိုကြည့်ပြီးတော့ ...၊ ပြန်မှာသာ ပြန်၊ မနေနဲ့"

စုစု ကိုယ်ပြောမိသည့်စကားအမှားအတွက် ဘယ်လိုပြန်ပြင်ရမှန်း သိဘဲ ပြန်မယ်ဆိုသည့်ခြေထောက်တွေက အိမ်အောက်ကို မရောက် ...။ သူမပဲ စိတ်ထင်နေလို့လား မသိ...၊

ရေခါး အကြောင်း ပြောလိုက်ပြီးကာမှ သက် မျက်နှာလေး ကျနေရှာတာ၊ ရယ်မောခြင်းတွေပါ ပျောက်ဆုံးသွားသလိုပင်။

ဒဏ်ရာက နာနေလို့ပဲ ဖြစ်ပါစေ ...။

"ငါ သွားတော့မယ်နော်၊ ဒဏ်ရာက အခြေအနေမဟန်ရင် ...ည်း .."

"အနာနာတာလောက်ကတော့ ငါ ခံနိုင်ပါတယ် စုစု ရယ်...၊ လေးမှ မဟုတ်တာ၊ သောက်ဆေးတွေလည်း ရှိပါသေးတယ်"

အသည်းက နာလာရင်တော့ ဘယ်လိုလုပ် ဆေးသောက်မလဲ ...၊

စုစု ချောက်ချားစွာ တွေးလိုက်မိသည်။ သက် အဲဒီအဓိပ္ပာယ်နဲ့ ပြောလိုက်တာများလား ...၊

သူမ ပြောမိတုန်းက 'နင် သူ့ကို သိပ်အားကိုးမနေနဲ့၊ သူ့မှာ ...ည်း သူ့အာရုံနဲ့သူ' ဆိုပြီးတော့ ပေါ့ပေါ့ပါးပါး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သက် မျက်နှာလေးပျက်ကျသွားတာမြင်မှ ကိုယ့်စကား ဘယ်လောက်ထိရှသွားခဲ့မှန်း သိရသည်။ ဒီမှာ အတူတူလာအိပ်ပေးဖို့ကျတော့လည်း အိမ်ကလူကြီးတွေက ခွင့်မပြုသည်မို့ နှစ်သိမ့်ပေးချင်တာတွေလည်း မအောင်မြင်၊ ပြောချင်သေးတာတွေလည်း မပြောရတော့ဘဲ ပြန်ခဲ့ရ၏။

စုစု ရဲ့ကျောပြင်လေး မြင်ကွင်းထဲကနေ ပျောက်သွားတဲ့အထိ သက် နေရာမှာပဲ တောင့်မတ်စွာ ရပ်နေမိဆဲ ..။

တစ်ယောက်တည်းနေတဲ့ရက်တွေကျမှ ရာသီဥတုက မသာယာ လုပ်မိကိုင်မိတာတွေက မှား၊ ညရောက်ပြီဆို တိတ်ဆိတ်ခြင်းက တစ်ကမ္ဘာလုံးမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိနေတော့တဲ့အတိုင်း ..။

သက် အိမ်ရှေ့မှာပဲ ထိုင်မလို့ပြန်လှည့်ပြီးကာမှ မထိုင်ဖြစ်။ ဒီနေရာမှာ နှင်းလဲ့စိုး လဲလျောင်းခဲ့ပြီး သွေးစွန်းထားခဲ့သည့်အဖြစ်ကို အာရုံထဲက ဖျောက်ထားနိုင်ရင်တောင် ကျောချအိပ်စက်ဖို့ထိတော့ သတ္တိမရှိသေးပေ ..။

ဆေးရုံရောက်တော့ သူမ အသက်မရှိတော့ဘူးလို့ ပြောကြသည်။

အိမ်နီးချင်းတွေပြောသလို ဒီမှာတည်းက သေဆုံးခဲ့တာလား လမ်းမှာ သေသွားတာလား .. ဒါကို ဘယ်သူမှ သေချာပြန်မပြောပေ..။

ကြောက်စိတ်ဝင်လာသည်နှင့် ဘုရားစင်ကို မော့ကြည့်မိ၏။ ခြေရင်းဘက်ကို တိုးလိုက်ပြီး ဘုရားရှိခိုး၍ ကြောက်စိတ်ကိုဖြေသည်။

"ဒီမိန်းမ ဘယ်မှာပဲသေသေ ဒီအိမ်မှာ သွေးစွန်းခဲ့တဲ့အတွက် ညည်းပဲ ရက်လည်ဆွမ်းကပ်ပြီး အမျှပေးဝေရမှာနော်၊ ဒီတိုင်းပြောင်းသွားလို့တော့ မဖြစ်ဘူး၊ ငါ့အိမ် နာတယ်"တဲ့။

အိမ်ရှင်ကလည်း သတိပေးသွား၏။ ခြေရင်းအိမ်က ဒေါ်ကြီး... ပြောလိုက်ပုံက ကမ္ဘာပဲပတ်ပြေးရတော့မလိုလို ..၊

"အဲဒါမျိုးက သူတို့ မကျွတ်လွတ်ရင် ကိုယ် ကောင်းမှုမပြု...





လျှောက်လိုက်နေတတ်တယ်"တဲ့။

ဘုရားကို အာရုံပြုနေပေမယ့် သက် ရဲ့စိတ်တွေက အာရုံစုစည်းမှုမရှိဘဲ ဟိုရောက်ဒီရောက် ဖြစ်နေခဲ့၏။ နှင်းလဲ့စိုး ကို မြင်မြင်ချင်း သနားခဲ့သည်။ ဘာပဲဖြစ်ဖြစ် အိမ်ခေါ်သွားမည်လို့ ဆုံးဖြတ်ခဲ့တာက စကားပြောဖော် လိုချင်နေသည့်စိတ်ကြောင့်သာ ..၊

သမီးလေး မရှိသည့်ညတွေကို ကျော်ဖြတ်ဖို့၊ လတ်လတ်ဆတ်ဆတ် လောင်မြိုက်နေသည့်ရင်ခွင်ကို ဖြေသိမ့်ရာရှာနေရင်း အဖော်မက်မိတာ ဖြစ်သည်။ သူမဘက်မှာ မဆင်ခြင်တတ်တာ မဟုတ်ဘဲ တစ်စုံခုကို ခံစားရပြီဆို ထိုခံစားချက်မှလွဲ၍ အခြားဘာမှမဟုတ်တော့သလို အမြဲ ဖြစ်ခဲ့သည်။

'ဘုရားတပည့်တော်မ ဘေးအန္တရာယ် ကင်းရှင်းရပါစေ၊ သမီးလေးလည်း ကျန်းမာချမ်းသာပါစေ'လို့ ဆုတောင်းရင်း ကိုယ့်အတွက်ကို မေ့ကာ သမီးကို သတိရစိတ်နှင့် မျက်ရည်ကျမိ၏။

နောက်ဆုံး ဘုရားမှာအာရုံပြုလို့ ဘယ်လိုမှမရတော့ဘဲ အိပ်ခန်းလေးထဲကိုသာ ဝင်ခဲ့ရတော့သည်။

သမီးလေးကို ပွေ့ပိုက်ပြီး အိပ်ချင်သည်၊ ဒါမှမဟုတ် ရေခါး နဲ့ ဟိုဘက်ဒီဘက် စကားတွေပြောပြီး အချိန်ဖြုန်းချင်၏။

ဒီအချိန်မှာ သောကတွေအားလုံးကို မေ့ဖျောက်ထားနိုင်ဖို့က အဖော်တစ်ယောက် ရှိနေဖို့သာ။ ခေါင်းအုံးထက်မှာလှဲလိုက်ရင်း နာကျင်နေသည့်လက်ကို ဖွဖွလေး ဖိကိုင်ထားမိသည်။ ရှိုက်သံမဲ့ စီးကျနေသည့်မျက်ဝန်းထောင့်က မျက်ရည်စက်တွေကတော့ ခေါင်းအုံးထက်သို့ လွှတ်လွှတ်လပ်လပ်ကြီး လျှောဆင်းနေကြ၏။

"ဂျိမ်း .."

မျက်ရည်တွေနှင့် လေးလံမှေးစင်းနေပြီဖြစ်သည့် မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်သွားသည်။ အိမ်ရှေ့တံခါးက အသံလား ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဟူး .."

"ဒုတ် .. ဒုတ် .."

လေတိုးသံက ကြမ်းသည်။ တစ်ခုခု လိမ့်ထွက်သွားသံက ကိုယ့်ကြမ်းခင်းမှာပဲ ဖြစ်သည်။ သက် ရင်တွေခုန်လာကာ အိပ်ရာထက်ကနေ ငုတ်တုတ်လေး ထ,ထိုင်လိုက်မိသည်။

"ဟူး .."

"ဂျိမ်း .."

"အမေ့!..."

တစ်အိမ်လုံး တုန်ခါသွားသလို သက် လန့်အော်မိ၏။ အပြင်မှာ လေတွေကြမ်းနေပြီး မိုးသီလည်း မကြား။ အိပ်ရာကနေထကာ အပြင်ခန်းကို လှမ်းကြည့်လိုက်တော့ သေချာဂျက်ချပိတ်ထားခဲ့သည့်တံခါးက တစ်ဝက်ထိပွင့်နေပြီး လေကြောင့် တဖျပ်ဖျပ်ခါနေ၏။

တံခါးကြားကနေ မြင်နေရသည့် အပြင်လောကတစ်ခုလုံးကတော့ မှောင်နဲ့မည်းမည်း။

သက် တံခါးပြန်ပိတ်ဖို့ အပြင်ကို ကတုန်ကယင်လှမ်းခဲ့သည်။ သက် အနားရောက်သွားလေ တံခါးက မနားတမ်း ခါနေလေ ..။

လေတိုးသံရပ်သွားပြီထင်ရပေမယ့် တံခါးက ခါနေဆဲ ..။

မဟုတ်ဘူး .. လေတိုက်နေတာ၊ သက် အားတင်း၍ တံခါးနားထိတိုးကပ်လိုက်၏။ လှုပ်ခါနေသည့်တံခါးရွက်က သက် လက်လှမ်းလိုက်ကာမှ ငြိမ်သက်သွားသည်။ လေတိုးသံတွေပါ တိခနဲ တိတ်ကျသွားကာ ခပ်နွေးနွေး ဝေ့သွားသည်က သွေးညှီနံ့ ..။

ကိုယ်မှာ ကြက်သီးတွေ ဖြန်းခနဲ ထသွား၏။ တံခါးပိတ်ဖို့ ကမန်းကတန်း ကြိုးစားလိုက်လျှင် တံခါးက အပေါ်ပိုင်းပဲ ညွှတ်ပါလာကာ အောက်ခြေက တစ်ခုခုနဲ့ ထစ်ခံနေသလို ဆွဲလို့မရ ..။

သက် မျက်လုံးတွေ ကြမ်းခင်းပေါ် ရောက်သွားရာ ...





"အမလေး!..."

မျက်လုံးတွေ ပြာဝေသွားသည်။ ခြေထောက်တွေနောက်ကို သုံးလေးလှမ်း ဆုတ်သွားပြီးမှ နောက်ပြန် ဘုန်းခနဲ ဖင်ထိုင်လဲ၏။

တံခါးကြားမှာညပ်ခံနေသည်က ဆံပင်ရှည်တွေ ဖိုးယိုဖားလျားနှင့် ခေါင်းကြီးတစ်လုံး၊ ကိုယ်ခန္ဓာသည် အထဲနဲ့အပြင်မှာ မှောက်လျက်ကြီးရှိလျက် ကုန်းကွ ထလာ၏။

"သွား .. သွား .."

သက် အသံပြာအောင် အော်သည်။ နားတွေပိတ်ပြီး အော်မိ၏။

နှင်းလှဲ့စိုး သည် သွေးသံရဲရဲမျက်နှာကြီးနှင့် အိမ်ပေါ်ကို လေးဖက်တွားတက်လာ၏။ သက် နောက်ကို ဖင်ရွှေ့ဆုတ်တိုင်း သူမက ခေါင်းတုန်လက်တုန်နှင့် တရွေ့ရွေ့ တိုးလိုက်၏။ ပြီးတော့ ...

"ပေး .. ငါ့ဟာ ပေး .."

ဘယ်လိုအသံကြီးမှန်း မသိသော တုန်ခါသံကြီးကြောင့် သက် မျက်စိတွေ နားတွေကို ဖိပိတ်ပစ်လိုက်ရင်း ...

"သွား .. ထွက်သွား ..."

လည်ချောင်းတွေ နာကျင်သွားသည်။ တစ်ကိုယ်လုံး တုန်ယင်အောင် မောနေ၏။ သက် မျက်လုံးတွေဖွင့်လိုက်တော့ အိပ်မက်မက်နေမှန်း သိလိုက်သည်။ အိပ်မက် .. ဟုတ်တယ် .. ဒါ အိပ်မက် ..၊

မျက်လုံးတွေကို ပြန်ဖိမှိတ်လိုက်၊ ဖွင့်လိုက်နှင့် ကိုယ့်ကိုယ်ကိုယ် သေချာအောင် အထပ်ထပ် မေးနေဆဲ ...

"ဂျိမ်း .."

တံခါးပိတ်သံကြီးကို ကြားလိုက်ရပြီး သက် တစ်ကိုယ်လုံး တုန်သွားသည်။ လေတိုးသံနှင့် ည၏တိတ်ဆိတ်ခြင်းက အသိတရားတို့ကို အိပ်မက်နှင့် တံတားခင်းပေးနေသလိုပင်။

သက် လှဲနေရာကနေ ငုတ်တုတ်လေး ဖြစ်သွား၏။ အပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တံခါး တကယ်ပွင့်သွားပြီလား၊ အိပ်မက်ထဲမှာလို တကယ်ဖြစ်တော့မည်ဆိုလျှင် သူမ အိပ်မက်မက်တာ ဟုတ်ရဲ့လား..၊

မျက်လုံးထဲမှာ ပူထူကျိန်းစပ်နေသည်။ လက်မောင်းတစ်ဖက်က အဆမတန် နာကျင်နေ၏။ ကြောက်စိတ်ကြောင့် ပွက်ပွက်ဆူလာသည့် သွေးက ဒဏ်ရာတွေကို အတွင်းကနေ ဆူးတစ်ချောင်းနှင့် ဆောင့်ထိုးနေသလိုပင် ..။ ဆိုးဝါးသည့်အခြေအနေထဲမှာ ခံရခက်သည့်ဝေဒနာတွေက နှိပ်စက်နေပြန်သည်။

"ဟူး .."

"ဒုန်း .."

အပြင်က ဆောင့်တိုက်သံကြောင့် သက် တစ်ကိုယ်လုံး တုန်သွားသည်။ ကြောက်သည့်စိတ်နှင့် လူက ဒူးတွေချောင်ကာ အပြင်ခန်းနဲ့ အတွင်းဘက်ကို ကူးသည့် ဝင်ပေါက်နားမှာ ခြေခိုင်အောင် မနည်းရပ်လိုက်ရ၏။

စုစု ပြန်သွားသည်နှင့် အိပ်ရာထဲဝင်ငိုနေရင်း အိပ်ပျော်သွားခဲ့သည်။ အိပ်မက်ဆိုးမက်နေခဲ့ရင်လည်း မိုးလင်းမှပဲ နိုးလိုက်ပါလား..၊

ဒီနေရာမှာ ခန်းဆီးရှိပေမယ့် အမြဲတမ်း ဘေးကပ်ထားတာမို့ ခန်းဆီးစကိုဖယ်ဖို့မလိုဘဲ အပြင်တံခါးဆီ ဒီတိုင်း မြင်နေရ၏။

တိတ်ဆိတ်သည့်ည၏လျှို့ဝှက်ခြင်းက ပတ်ဝန်းကျင်ကို နားစွင့်တမ်းတလေ ချောက်ချားဖွယ်ဖြစ်လေ၊ ရပ်ကြည့်နေလေ တည်ငြိမ်နေသမျှက လှုပ်ရှုခုန်ပေါက်တော့မလို ဖြစ်လာလေ။

သက် ပင့်သက်တဝကြီး ရှိုက်သွင်းကာ ရှေ့ကို တစ်လှမ်းချင်းတက်သည်။ သေချာပိတ်ထားခဲ့သည်ထင်ပေမယ့် တံခါးက အနည်းငယ် ဟနေကာ အပြင်ကနေ တစ်စုံတစ်ယောက် တွန်းနေသလို လှုပ်ခတ်နေ၏။ ဒါက အိပ်မက် မဟုတ် ..။

ဘာတွေဖြစ်ဖြစ် ကိုယ်သာရှိနေတာမို့ ကိုယ်ပဲ ရင်ဆိုင်ရမှာဖြစ်





သည်။ တံခါးကို ဖမ်းဆုပ်ကိုင်လိုက်ကာ တုန်ယင်နေသည့်လက်တွေကို မရမက ထိန်းချုပ်နေရ၏။

တံခါးက မငြိမ်တာလား၊ ကိုယ့်လက်က မငြိမ်တာလား၊ ဘာမှန်းလည်း မသိတော့ပါ။ ထိုစဉ် လျှပ်စစ်မီးတွေ ဖျတ်ခနဲ မှောင်ကျသွား၏။ သက် ဆတ်ခနဲ ကုန်သွားကာ မှောင်မိုက်ခြင်းနှင့်အတူ ကိုယ့်ရဲ့ဘေးမှာ တစ်ယောက်ယောက် ရပ်နေသလို ခံစားမိလာ၏။

"ဒုတ် .."

"ဟင်!..."

ခွေးခြေခုံလေး လဲကျသွားသံ ..၊

သက် ဖျတ်ခနဲ နောက်လှည့်လိုက်မိသည်။ မှောင်နဲ့မည်းမည်းမို့ ဘာမှမမြင်ရပေမယ့် အိပ်ခန်းရဲ့ ဝင်ပေါက်တံခါးဘေးနားမှာ ခွေးခြေခုံလေး ရှိနေတာကို သက် သိသည်။

အပေါ်ခင်းပြားသေးသေး၊ ခြေထောက်ကားကားလေးဖြစ်သောကြောင့် သူ့အလိုလို ပြိုလဲသွားစရာ အကြောင်းမရှိ ..။

"ဟေး .."

လူမကြားအောင် တိတ်တိတ်လှမ်းခေါ်လိုက်တာမျိုး ..၊

သက် သေချာကြားလိုက်သည်။ ကိုယ့်နားကပဲဆိုတာ မတွေးမိခင် တံခါးကို အားကုန်ဆွဲဖွင့်ကာ အပြင်ကိုထွက်လိုက်မိ၏။

ရင်တွေခုန်ပေါက် တုန်လှိုက်နေကာ ဘယ်လိုမှ မတ်တပ်ရပ်မနေနိုင်တော့သည့် ခြေထောက်တွေက ထရံကိုမှီရင်း ခွေကျသွားခဲ့၏။

ထိုစဉ် လေဟာစ်ချက် ပြေးရိုက်သွားကာ တံခါးက ဂျိမ်းခနဲဆောင့်ပိတ်ပြန်၏။ ပြီးတော့ ပြန်ဖွင့်သွားသံ။

သက် ငုတ်တုတ်လေး ခွေခေါက်နေရာကနေ တံခါးရွက်ကို ...တမိ လှမ်းဆွဲသည်။ ပြီးတော့ အပြင်ကနေဆွဲပိတ်ကာ သော့...ထဲကို တုတ်ချောင်းလေးတစ်ချောင်းနဲ့ ကလန့်ထားလိုက်၏



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်နေလျက် ဟိုဘက်ခန်းတွေမှာလည်း လူမရှိကြသလိုမျိုး တိတ်ဆိတ်ငြိမ်သက်နေ၏။

ရာသီဥတုက အအေးလွန်ဖြစ်နေသဖြင့် ရေငွေ့တွေပါနေသည့် လေအေးကို ကြောက်ကြသည်။ မိုးချုပ်လို့ ရှစ်နာရီလောက်ဆို အသွားအလာ သိပ်မရှိတော့ဘဲ တံခါးပိတ်နေကြတော့သည်။

သက် တစ်ယောက်တည်း အသားတွေတုန်ကာ တအင့်အင့် ရှိုက်ငိုမိ၏။ ဒီအချိန်မှာ သမီးလေးသာရှိနေလျှင် ကြောက်တဲ့စိတ်လည်း ဝင်မိမှာမဟုတ်။ တကယ်လို့ ကြောက်လာရင်လည်း သမီးကိုယ်လေးကို ပွေ့ဖက်ပြီး အိပ်ပျော်ဖို့ ကြိုးစားရုံ ..။

ခုတော့ တစ်ယောက်တည်း ကျန်ခဲ့ပြီဆိုမှ ဆင်းရဲခြင်းမျိုးစုံက နှိပ်စက်လို့ မပြီးနိုင် ..။

"ရှုပ် .. ရှုပ် .."

အိမ်ထဲကလမ်းလျှောက်နေသည့်အသံမျိုး နောက်ထပ် ထွက်လာ၏။ သက် ငိုရှိုက်နေတာတွေ ရပ်တန့်ကုန်ကာ နေရာမှ တဖြည်းဖြည်း ထရပ်သည်။ ပြီးတော့ ရေခါး ရဲ့အခန်းဘက်ကို တရွေ့ရွေ့ တိုး၏။

အခန်းတွေကို ပြေးနိုးပြီး အထဲဝင်နေပါရစေလို့ ပြောချင်လာမိသည်အထိ ဖြစ်လျက် သွားခြေတွေပါ ကျင်ခဲလာသည်။

ထိုစဉ် မီးတွေ ဖျတ်ခနဲ ပြန်လင်းလာ၏။ သက် ကတော့ ရေခါး အခန်းရှေ့ကနေ နောက်ထပ်ရွှေ့ဖို့ စိတ်မကူးတော့ပေ ..။

လူတစ်ကိုယ်လုံးသည် မီးမြှိုက်ခံထားရသည့် ကွမ်းရွက်တစ်ရွက်လို ကိုယ့်ဒူးကိုယ်ဖက်၍ နားထဲမှာ လေသံတွေ တဝီဝီမြည်နေ၏။

မျက်လုံးတွေ ပူလောင်ကျိန်းစပ်ကာ ကိုယ့်ကိုယ်ကိုယ် ချမ်းနေတာလား၊ ပူနေတာလားလည်း မသိ၊ မီးရောင်မြင်လိုက်ရသဖြင့် တစ်ထစ်အေးသွားသည့်စိတ်က ရောက်သည့်နေရာဟာ အိပ်ရာတစ်ခုသာဆို လှဲချပစ်ဖို့ ဘုံးဘုံးလဲချင်နေ၏။





ရက်စက်လိုက်တာ ရေခါး ရယ် .. ရှင် လာမယ်လို့ပြောထားပြီးတော့ ..၊ သူ့ကို မတမ်းတချင်ပါ။ ဒါပေမယ့် တမ်းတနေမိသည်။ မလာတော့ဘူးဆိုတာ သိနေလျက်နှင့် အော်ခေါ်ချင်မိသည်။

ရှင် သက် ကို ပုံပြောသွားတာပေါ့။ ဟုတ်ပါတယ် .. သက် က ရှင့်အတွက် ဘာမှအရေးမပါတဲ့ မိန်းမပဲ။

မျက်လုံးတွေမှိတ်ကာ ဒူးနှစ်ဖက်ပေါ်မှာ မျက်နှာမှောက်ထားသဖြင့် မျက်ရည်စက်တွေက ဒူးပေါ်မှာပဲ စိုစွတ်နေကြသည်။

ထိုစဉ် သက် နားထဲမှာ ကားသံကိုကြားလိုက်ရသည်။ ခေါင်းထောင်ကြည့်လိုက်တော့ ကားပေါ်ကဆင်းလာတာ ရေခါး မှန်း သိလိုက်၏။ အနက်ရောင်တွေဝတ်ထားပေမယ့် မီးရောင်နဲ့ အလှမ်းကွာသောနေရာလောက်မှာတည်းက ဖြူဝင်းနေသည့်မျက်နှာကို မြင်နေရသည်။

သူ ရောက်လာတာပဲ ..၊ သက် ဝမ်းသာအားရဖြစ်သွားကာ ကြေကွဲခဲ့တာတွေအားလုံးကို မေ့၏။ ဒါပေမယ့် ...

"သက်"

"... ..."

"ခါးသက်ချို .."

ရေခါး အလျှင်စလို လှမ်းတက်ကာ တံခါးခေါက်ခေါ်နေရင်း တွတ်ချောင်းထည့်ထားသည့်သော့ကွင်းလေးကို မြင်သွားသည်။

ထိုမှတစ်ဆင့် စင်းချထားသည့်မြင်လွှာတွေက ဘေးတိုက် ရွေ့လျားသွားခဲ့ရာ ...

"ဟင်!... သက် .."

သူ ဘယ်လိုမှမထင်။ အခန်းရှေ့ မှောင်ရိပ်လေးထဲမှာ သက် ကွေးကွေးလေး ခွေခေါက် ပုံကျနေလျက် ..။

"သက် .. ခါးသက်ချို .."

သက် ကို ဒီပုံစံမြင်လိုက်တာနှင့် ဘာတွေဖြစ်ပျက်နေပြီမှန်း သူ



www.burmeseclassic.com

www.burmeseclassic.com



တွေးမိလိုက်သည်။ ဒီလောက်အေးနေသည့် ရာသီဥတုထဲမှာ လက်စက အနွေးထည်ပါးလေးနှင့် အပြင်မှာ ဘယ်လောက်ကြာခဲ့ပြီလဲ မသိ..။

သက် တစ်ကိုယ်လုံး ပူခြစ်နေ၏။ သူ့အခန်းကိုပဲ ဖွင့်လိုက်ကာ သက် ကို ပွေ့ယူလိုက်၏။

"သက် .. မင်း သတိရပြီလား၊ ဒီမှာ ကိုယ် ရောက်နေပြီ"

"ဟင် .. အင်း .. မူးတယ်"

"ဟုတ်တယ်၊ မင်း အနာရှိန်နဲ့ အဖျားတက်နေတယ်"

သက် ရဲ့ဒဏ်ရာကို သူ ပြန်ဖြည်ကာ အကိုက်အခဲ သက်သာအောင် မီးဖိုပြေးဖွင့်ပြီး ရေနွေးဖတ်လေး ကပ်ပေးလိုက်၏။

သက် သတိရနေပေမယ့် မျက်လုံးတွေ ကောင်းကောင်းမဖွင့်နိုင်သေး။ ပြီးတော့ အိပ်ပျော်သွားသလိုဖြစ်လိုက်၊ သတိရလာလိုက် ..။

ရေခါး သူမဒဏ်ရာတွေကို တစ်ခုခု လုပ်ကိုင်ပေးနေမှန်း သိသည်။ ဘာတွေလုပ်နေမှန်း မသိ၊ ဆေးတိုက်တော့လည်း သူပေးတဲ့အတိုင်း မျိုချလိုက်မိကာ ...

"သက် လေ .. သက် ကို သရဲခြောက်တယ် သိလား .."

"မင်း နေမကောင်းလို့ စိတ်ခြောက်နေတာပါ"

"ဟင့်အင်း .."

သက် သူ့အင်္ကျီလက်မောင်းစကို ဖိဆုပ်ဆွဲထားရင်း ခေါင်းခါသည်။ ရေခါး က သက် ရဲ့ဆံစလေးတွေကို နဖူးစပ်ကနေ သိမ်းတင်ပေးရင်း တယုတယ ပွေ့ထား၏။

"ဟို .. ဟို .. မိန်းမ .. သက် ဆီက ဘာလာတောင်းတာလဲ .. အဲဒါ သက် မသိဘူး၊ အခု သူ ရှိတယ် .. အိမ်ထဲမှာလေ .. သူ ..."

"သက် .. မင်း ခဏနားလိုက်ပါဦး၊ အဲဒါတွေ မနက်ကျမှပြောရအောင်နော်၊ ကိုယ် နောက်ကျသွားတဲ့အတွက်လည်း ရှင်းပြမယ်၊ အခု မင်း အဖျားမကျသေးဘူး"





"ရှင် မသွားနဲ့နော် .. မနက်ကျလည်း မသွားပါနဲ့၊ ရှင် .. ရှင်က ပြန်လည်း မလာဘဲနဲ့ .."

"သက် .."

"ဟင့်အင်း .. သက် ကြောက်လို့ပါ၊ မသွားပါနဲ့ .. မသွားပါနဲ့.. ရေခါး ရယ် .."

သက် သိနေတာ တစ်ခုတည်းပါ။ သူ ထွက်သွားတာနှင့် သက် ရဲ့ဘေးမှာ တစ်စုံတစ်ယောက်မှ ကျန်တော့မှာမဟုတ် ..။

ထို့ကြောင့် သူ့ကို သက် သွားခွင့်မပြုနိုင်။ နောက်နေ့ညတွေမှာ သူ အမြဲရှိနေဖို့အတွက် မိုးလင်းရင်လည်း သွားခွင့်ပြုလို့ မဖြစ်..။

"မသွားလို့ဖြစ်မလား ခါးသက်ချို၊ ငါ့မှာ မင်းမသိတဲ့အကြောင်းတွေ အများကြီးရှိသေးတယ်"

"သက် သိပါတယ်၊ သက် ကြောက်နေတာလည်း ရှင့်ရဲ့အကြောင်းတွေနဲ့ မဆိုင်ပါဘူး၊ ရှင် မရှိရင် သက် ရဲ့ဘေးမှာ ဘယ်သူမှ ရှိနေမှာမဟုတ်တော့လို့ပါ၊ ခဏလေးပါ .. သက် ဒီကထွက်မသွားနိုင်ခင်လေးထိပါ၊ တောင်းပန်ပါတယ်နော်"

"ဟား!... မင်း ဒုက္ခပါလား"

"ဟုတ်တယ် .. သက် ဒုက္ခရောက်နေလို့ပါ၊ မသွားပါနဲ့"

သက် အတင်းတောင်းပန်နေသည်။ သူက ခါးထောက်လိုက်၊ ရှုံ့မဲ့ခေါင်းခါလိုက်နှင့် နှစ်ယောက်သား ထုပ်ဆီးတိုးနေကြသလို ရှိလေသည်။ သို့သော် ... သက် အတွက်က မိုးမလင်းနိုင်။

ဒါက အိပ်မက် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၂)

"ဟင်!..."

မျက်လုံးတွေပွင့်လာသည်နှင့် နွေး၍ မွှေးပျံ့သောရင်ခွင်ထဲမှာ သက် တစ်ကိုယ်လုံး နစ်မြုပ်နေခြင်း ...။

ဒါ ဘာဖြစ်တာလဲ ...၊

မျက်လုံးတွေ ထပ်ကျယ်သွားကာ သေချာအောင် ဆန်းစစ်လိုက်တော့ ရေခါး ရဲ့လက်မောင်းတစ်ဖက်ပေါ်မှာ သူမ ခေါင်းအုံးလျက် တခြားလက်က သက် ရဲ့ခါးလေးကနေ ဆွဲသိမ်းဖက်ထား၏။

ထို့ပြင် သက် ရဲ့ခြေထောက်တွေပေါ်မှာ သူ့ခြေထောက်တစ်ဖက် ဖိထပ်ထားလျက် ...။ သက် ရင်ထဲမှာ ဒိန်းခနဲ ခါသွားသည်။

လန့်ဖျန့်ရုန်းလိုက်သည်နှင့် ရေခါး နိုးသွား၏။

"ဟင် .. နိုးပြီလား၊ ဆောရီးကွာ .."

သူ ကမန်းကတန်း ထလိုက်မိ၏။ ထိုအဖြစ်ကြီးနှင့် သက် ရဲ့ ပြူးဝိုင်းနေသောမျက်လုံးတွေကြောင့် ရုတ်တရက် ပူထူရှိန်းဖိန်းသွားသည့်မျက်နှာကို ငုံ့ပစ်မိကာ ...

"ညက မင်း အဖျားတွေတက်ပြီး ချမ်းလို့ထင်တယ် .. ကိုယ့်ကို အတင်းဆွဲထားတာနဲ့ .."





စကားက တစ်ထောက်နားသွား၏။

"ဆောရီးပါ .. ကိုယ် အခွင့်အရေးယူတာ မဟုတ်ပါဘူး၊ မင်း မနိုးခင် ထဖို့ဟာ ဘယ်လိုအိပ်ပျော်သွားမှန်း မသိဘူး"

သက် ကိုယ်မှာ သွေးတွေ အေးခဲသွားပြီလား မသိ ...၊

သူ့ကို သက် က ဆွဲထားလို့တဲ့၊ မင်း မနိုးခင် ထမလို့ဆိုတာ ဘာလဲ ...၊ အခွင့်အရေးမယူဘူး ဆိုတာကရော ...၊

သက် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်လိုက်တော့ ညကဝတ်ထားသည့် ပန်းနုရောင်ဘလောက်စ်အင်္ကျီလေး၏ အပေါ်နိုင်စေ့တစ်လုံး ပြုတ်နေ၏။ ပြီးတော့ သူ့ဂျာကင်အနက် သက် ကိုယ်ပေါ်မှာ ...။

"မင်း တစ်ခုခုစားရအောင် သွားဝယ်လိုက်ဦးမယ်၊ မျက်နှာသစ်ဖို့ ရေပါ ယူပေးခဲ့မယ်နော်၊ အပြန် ဆရာဝန်ပါ ပင့်ခဲ့မယ်၊ မင်း ပြီးအောင် လုပ်ထား .."

သူ့အခန်းမှာတော့ ခုတင်နဲ့ဘာနဲ့မို့ ပြောပြီးတာနှင့် သူက ဟိုဘက်လှည့်သွားကာ ခုတင်ပေါ်ကဆင်းဖို့ ခြေချ၏။

သက် အံတစ်ချက်ကြိတ်မိလျက် ...

"ရေခါး .."

သူ့မျက်နှာ သက် ဆီကို ပြန်လှည့်လာသည်အထိ သေချာစူးစိုက်စောင့်နေပြီးမှ ...

"ဖြန်း .."

"ဟာ!..."

ရေခါး မျက်နှာ စိုက်ခနဲ လည်သွား၏။

"သက် .."

ပြန်လှည့်လာသည့်မျက်နှာသည် ပါးတစ်ဖက်လုံး နီရဲတွတ်လျက် မယုံနိုင်သောအကြည့်များနှင့် ...

"မင်း .. မင်း .. ဘယ်လိုလုပ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ယုတ်မာလို့ တုံ့ပြန်လိုက်တာလေ"

"ဘာ .. ပြောတယ်"

"ရှင် .. ရှင် လူယုတ်မာ၊ ရှင့်မျက်လုံးထဲမှာ မိန်းမတွေကို ဘယ်လို မြင်နေသလဲ၊ ကျွန်မက ဘယ်လောက်ထိ စုတ်ပြတ် အထင်သေးဖွယ် ဖြစ်နေသလဲ .. ရှင် လုပ်ရက်တယ် သိလား"

"မင်း ဘာတွေပြောနေတာလဲ၊ မင်းကို ငါ ဘာလုပ်လိုက်တယ် ထင်လို့လဲ"

ရေခါး မျက်နှာချင်းဆိုင် ပြန်လှည့်လာကာ သက် ပခုံးလေးနှစ်ဖက်ကို ဆွဲလှုပ်သည်။ ပြီးမှ ဒဏ်ရာရှိထားသည့်ဘက်ကို ဖျတ်ခနဲ ပြန်လွှတ်၍ တက်ခေါက်၏။

"မင်း .. ကွာ ..."

ကျိန်းစပ်သွားသည့်ပါးတစ်ဖက်ကို လက်ခုံနဲ့ပြန်ကပ်မိရင်း သက်ကို စူးစူးရဲရဲကြည့်သည်။ ထို့နောက် နေရာမှ ထရပ်လိုက်ကာ ...

"မင်းကို ငါ ဘယ်လိုထင်နေလဲလို့ မမေးခင် ငါ့ကို ဘာကောင်ထင်လို့ မင်း အတင်းဆွဲဖက်ထားတာလဲ၊ အနားမှာပဲနေပါဆိုပြီး ငါ့ရင်ခွင်ထဲ အတင်းတိုးဝင်ပြီး မလွှတ်တမ်းဖက်ထားတာ ဘယ်လိုစိတ်နဲ့လဲ .."

သက် သူ့ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိဆဲ ..၊ အလွန်အမင်း နာကြည်းနေပုံရှိသော ရေခါး ရဲ့မျက်နှာက တစ်ပြင်လုံး နီရဲညိုတက်လာကာ ...

"မင်း ဘယ်လောက်ထိ ကြောက်ရွံ့ခဲ့ရတယ်ဆိုတာ ငါ မမြင်ရ မကြားခဲ့ရဘဲ မင်း ဘာဖြစ်နေတယ်ဆိုတာကို ငါ နားလည်ခဲ့တယ်၊ အဲဒီအချိန်လေးမှာ မင်းကို ဘယ်လိုမိန်းမမျိုးဖြစ်ဖြစ် သတ်မှတ်လိုက်လို့ ရတယ် ခါးသက်ချို ..၊ မင်း နားလည်လား .."

ရေခါး အသံတွေက အံကြိတ်ခြင်းသို့ရောက်ကာ အေးစက်စက်





အသွင်ပြောင်းသွား၏။ အသားပေါ်မှာနာတာထက် ရှက်သည့်စိတ်က ယောက်ျားမာနနှင့် ပူးပေါင်း၍ မပြေနိုင် ..။

"ဒီမှာ မင်း မှတ်ထား ..၊ မင်း ငါ့ကို အထင်သေးပေမယ့် ငါ မင်းကို နားလည်ခဲ့တယ်၊ ငါ့ကိုယုံကြည်လို့ပဲဆိုတဲ့စိတ်နဲ့ ငါ့စိတ်ကို မဖောက်ပြန်အောင် ထိန်းချုပ်ခဲ့တယ်၊ ယုတ်မာတယ်ဆိုတဲ့စကားကို မင်းနဲ့ကျမှ အပြောခံရတာ ပထမဆုံးပဲ"

သူ နောက်ကိုထပ်ဆုတ်ကာ ခါးတစ်ဖက်ထောက်၍ ဆံပင်တွေကို ဖွပစ်၏။ ဆောက်တည်ရာမရအောင် လှုပ်ရှားနေသော တုန်ယင်နေသောစိတ်ကို ထိန်းချုပ်မရသလိုမျိုး ..။

"ကောင်းပါတယ် .. ငါရှာဖွေခဲ့တဲ့ ဘဝအတွေ့အကြုံတွေထဲမှာ လူယုတ်မာ မဖြစ်ခဲ့သေးဘူးဆိုတော့ မင်းပေးတဲ့သင်ခန်းစာနဲ့ နောက်ထပ် ဒီလို လူယုတ်မာမဖြစ်ရအောင် ရှောင်ရှားနိုင်တာပေါ့၊ မင်းလည်း လူဆိုးလူကောင်း သေချာခွဲခြားနိုင်အောင် ကြိုးစား"

သူ အပြင်ကို ချာခနဲလှည့်ထွက်သွားသည်။ ဆင်းထွက်သွားသည့် အသံ ကြားလိုက်ရပြီးမှ 'ချွင်'ခနဲ ပစ်ချလိုက်သံတစ်ခု ထပ်ဖြစ်၏။

နောက်ထပ် တိတ်ဆိတ်ခြင်း ကြာမြင့်စွာ ကြီးစိုးခဲ့ပြီး သက် အိမ်ရှေ့ခန်းကို လှုပ်လီလှုပ်လဲ့လေး ရောက်လာလျှင် ...

သော့တွဲလေးတစ်တွဲနှင့် အနက်ရောင်ပိုက်ဆံအိတ်ပြားလေး တစ်လုံး စားပွဲပေါ်မှာ ..၊ ကြိမ်ကုလားထိုင်ပေါ် သက်မှဲ့ရုပ်လေးလို ပုံကျသွားခဲ့ရင်း မျက်ဝန်းမှ မျက်ရည်တွေ တလဟော သွန်ကျလာကြ၏။

"မင်းကိုငါ ဘာလုပ်လိုက်တယ် ထင်လို့လဲ"

"ငါ့စိတ်ကိုပါ မဖောက်ပြန်အောင် ထိန်းချုပ်ခဲ့တယ်"

သူ့အသံတွေ ပြန်ကြားနေရင်း သော့နဲ့ ပိုက်ဆံအိတ်ကို စူးစိုက်ငေးနေသည့်မျက်ဝန်းမှာ မျက်ရည်တို့ကြောင့် အမြင်အာရုံတွေ ဝေဝါးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်လိုက်မာန်ပါ ထွက်သွားလိုက်ပြီးမှ ဒီအခန်းသော့ ပိုက်ဆံအိတ်ကို ပြန်လာထားတာ ဖြစ်သည်။

ဒါ ကိုယ့်အပေါ်မှာ အဆုံးစွန်ထိ မရက်စက်နိုင်ခဲ့သော သံယော ဇဥ်လား…၊ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွား၏။

ရှင့်ကို သက် အထင်လွဲခဲ့မိတာ၊ မိန်းမကို ပေါင်းဖို့ကြိုးစားနေပြီး သက် ကို အခွင့်အရေးရတာနဲ့ ဖျက်ဆီးလိုက်တယ်လို့လေ …၊

အဲဒါ .. အဲဒါ .. သက် လည်း ကြေကွဲရပါတယ် ရှေခါး ရယ်..၊

ဘာဖြစ်လို့လဲဆိုတော့လေ မခေါ်သာ တော်ရာကလွမ်းရတော့ မယ့်အဖြစ်နဲ့ ရှင့်ကို ချစ်နေမိလို့ပါ ..။

ရှင့်ကိုချစ်နေမိတဲ့အတွက် အပြစ်ရှိနေမှန်း သိတာတောင် သက်.. ရှင့်ကို ..။





အခန်း [၄၃]

"ကျွန်တော် နားပူလှပြီ မာမီ၊ အဲဒါကြောင့် နားပူမခံချင်လို့ ခေါင်းညိတ်တာ၊ ဘာဖြစ်လို့ စိတ်မပါတာတွေ .. ပါတာတွေ မေးနေ တာလဲ"

"မေးရမှာပေါ့ .. မင်းရဲ့မျက်နှာကြီးက ကြာလာလေ ပုတ်သိုး လာလေ ..၊ ထမင်းသိုး ဟင်းသိုးကတောင် သိုးနေပေမယ့် မင်း မျက်နှာ ထက်စာရင် ကြည့်ပျော်ရှုပျော် ရှိဦးမယ်"

သူ့ စိတ်တိုသလို မာမီလည်း ထပ်တူ ဖောင်းပွလာပုံရှိကာ ကိုင် ထားသည့် အိုဗာတင်းဖန်ခွက်ကိုတောင် ဒေါက်ခနဲ ပြန်ချ၏။

"မင်္ဂလာရက် သတ်မှတ်ကြဖို့က မင်းတို့လူငယ်ချင်း ဘယ်အထိ နားလည်ရင်းနှီးမှုတွေ ရှိနေကြပြီလဲဆိုတာမှာ မူတည်တာ၊ ခုဆို ကြာ တို့ကို ဘယ်လောက် အားနာဖို့ကောင်းလဲ .."

"ဘာကို အားနာတာလဲ မာမီ၊ မာမီ စေ့စပ်တာကို သူတို့ လက်ခံ တယ်၊ လက်ထပ်ပေးဖို့ မာမီ ပြန်လာတယ်၊ အဲဒါတွေထဲမှာ ကျွန်တော် တို့ချင်း နားလည်ဖို့ .. ရင်းနှီးဖို့တွေ ပါခဲ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ထည့်မပြောခဲ့ပေမဲ့ ဒီရောက်ရောက်ချင်း မာမီ ဘာလုပ်ခဲ့လို့လဲ ..၊ သား ပြောသလိုပဲ ဟိုစောင့်ဒီစောင့်နဲ့ ခုထိ လက်မထပ်ဖြစ်ဘူးလေ"

"ကျွတ်!.."

ရေခါး မျက်နှာ တွန့်ခနဲ ဖြစ်သွားပြီး စုတ်သပ်၏။ ဆိုဖာမှာ မှီချပစ်လိုက်၊ ဆံပင်ပွတ်လိုက်နှင့် လက်ထပ်ဖို့အကြောင်း နားထောင်နေရတာက သပ်သပ် ..။

အာရုံတွေ ထွေပြားနေတာက ခါးသက်ချို ဆိုသည့် မိန်းမဆီ ပြေးလွှားချင်နေသည့်စိတ်နှင့် ..။

"ရှင် .. လူယုတ်မာ .."

"မိန်းမတွေကို ရှင် ဘယ်လိုမြင်နေသလဲ"

"ကျွန်မက အဲဒီလောက်တောင် စုတ်ပြတ် အောက်တန်းကျနေပြီလား"

တော်တော် စော်ကားတဲ့မိန်းမ ..၊ သတိရလိုက်တိုင်း နာကျင်မိသည်။ နာကျင်တိုင်း အံကြိတ်ပစ်မိတာတောင် မေ့လို့လည်း မရ ..၊

ရင်းနှီးတဲ့သူတိုင်း သူ့ကို ခပ်ရှုပ်ရှုပ်အကောင်လို ကြည့်သည်။ စကြ နောက်ကြတာလည်း ရှိသည်။ သူငယ်ချင်းတွေကဆို 'နှစ်ပါးသွားမင်းသား' လို့ ခေါ်တဲ့အထိ ..။

ဘယ်သူတွေ ဘယ်လို ကဲ့ရဲ့ကြပစေ သူ ဂရုလည်းမစိုက်..၊ နာကျင်ခဲ့တာလည်း မရှိ။ သူမပြောသည့် စကားလုံးတွေကျမှ စကားလုံးတိုင်းက မြား၊ လှံ၊ လက်နက်တွေလို ရင်ထဲကို နက်နက်ရှိုင်းရှိုင်း ထွင်းဖောက်ဝင်ကြ၏။

"ဟဲ့ .. မာမီပြောနေတာကို နားထဲဝင်ရဲ့လား"

မျက်နှာ ခပ်လွှဲလွှဲကို ဒီဘက်လှည့်လာတဲ့အထိ ဒေါ်ပြည့်ပြည့်စိုးက လိုက်ငုံ့ကြည့်သည်။ ပြောသာ ပြော .. ဆိုသာ ဆိုနေရသည် ဒီ





သားတစ်ယောက်ကိုတော့ မျက်နှာသို စိတ်အလိုမကျတာမျိုး မဖြစ်စေချင်ပါ ..။

မိုးခါးခါး ရဲ့ အမွေဆက်ခံခွင့်ဆိုလို့ ဒီသားလေးတစ်ယောက်ပဲ ရှိတော့သည်။ သွေးသားမျိုးဆက် ဆိုတာလည်း ဒီသားမှတစ်ပါး အခြားတစ်ယောက် မရှိတော့ပါ။

ဒါကြောင့် ထိခိုက်နစ်နာမှုတွေလည်း မဖြစ်စေချင် ..၊ ငါ မိဘဆိုပြီး အမိန့်တစ်ရပ်နှင့် ပြတ်ပြတ်သားသား ချုပ်ကိုင်တာမျိုးလည်း မပြုရက် ..။

"မာမီ ပြောတာကို နားလည်ပါ သားရယ် .. အခု မင်းတူနဲ့ မရီးဖြစ်တဲ့သူလည်း သားအမိ ပြန်နေလို့ ရသွားပြီ၊ သားကိုလည်း မြန်မာပြည်မှာပဲ နေချင်တယ်ဆိုတာကို မာမီတို့က ခွင့်ပြုကြမှာပါ၊ မိုးခါးခါး က မြန်မာပြည်မှာ အခြေချခဲ့တဲ့ ကုမ္ပဏီ၊ မိုးခါးခါး ဘယ်နိုင်ငံမှာပဲ ရှိရှိ ဒါက မြန်မာပိုင်ဆိုတဲ့ဂုဏ်ကို မင်းဒက်ဒီက လိုချင်တာ၊ အဲဒါကြောင့် သားက မြန်မာပြည်မှာ နေမယ်ဆိုလည်း ဝမ်းသာရမှာပဲလေ..၊ ဒါပေမယ့် စီးပွားရေးလုပ်ပြီဆိုရင် စီးတဲ့ရေ ဆယ်တဲ့ကန်သင်းဆိုတာ ရှိဖို့ လိုတယ် .."

"ဒါဆို မိန်းမ မယူဘူးဆိုရင် စီးပွားရေးလုပ်ခွင့် မရှိတော့ဘူးလား"

"မယူဘဲနေတော့မယ်ဆိုရင် ဖြစ်တာပေါ့ သားရယ် .. မဟုတ်တရုတ်မိန်းမတွေနဲ့တွေ့ပြီး မရမနေ လိုချင်လာရင် ဘယ်လိုလုပ်မလဲ..၊ မာမီတို့က သားနဲ့ အဝေးကြီးမှာ နေရတာ၊ သားကို စိတ်ချချင်တယ်ဆိုတာ သဘာဝမကျလို့လား .."

သဘာဝဆိုတာကြီးကိုက ခက်နေတာ ..၊ ရေခါး နေရာမှ ထသွားကာ ရေခဲသေတ္တာဆီ ရောက်သွား၏။ ထိုစဉ် ...

"ဖေကြီးရေ .."

ကားသံ မကြားလိုက်ရဘဲ ကိုချစ် အိမ်ထဲ ပြေးဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး .. မြေးလေးမေမေရော .."

"မေမေ မအားဘူးလေ ဘွားဘွားရဲ့.. သားက ဖေကြီးကို လွမ်းလို့"

'လွမ်းချင်စရာကိုး'လို့ တွေးမိရင်း သားဖြစ်သူကို လှမ်းကြည့်မိသည်။ ကလေးက ခုန်ပေါက် ပြေးတက်လာတာကို တစ်ချက်ပဲ လှည့်ကြည့်ပြီး ရေသောက် မပျက် ..။

"ဖေကြီး .."

ကိုချစ် က သူ့ခါးကို နောက်ကနေ ဖက်ထားလိုက်ကာ ...

"သားတို့ လျှောက်လည်ရအောင်"

"စာမကြည့်ဘူးလား .. မင်း"

"ကြည့်ပြီးပြီလေ .. မေမေက စာကျက်ဖို့ ပေးသွားတယ်၊ အဲဒါရမှ ဖေကြီးဆီ သွားရမယ်တဲ့၊ သား အားလုံး ရပြီ .."

ပြောပြီး သူ သောက်နေသည့်ရေဘူးကို လှမ်းယူပြီး သောက်ကာ...

"သားတို့ အန်တီ့ဆီ သွားရအောင်"

"ဘာ!..."

ဒေါ်ပြည့်ပြည့်စိုး က အလှမ်းကွာသည့်နေရာမှ စကားတွေကို နားမလည် တစ်ချက်၊ လည်တစ်ချက်နှင့် မျက်မှောင်ကုတ်ရင်း နားစွင့်နေ၏။ ဒါပေမယ့် ဘာတွေ ဘာအကြောင်း ပြောနေမှန်းလည်း မသိ..။

"မေမေက အန်တီ့အတွက် မုန့်နဲ့ လက်ဆောင်ပစ္စည်းတွေ ထည့်ပေးလိုက်တယ်၊ သားသား အဲဒီကိုသွားမယ်ဆို ဒါတွေ ယူသွားတဲ့၊ မေမေက ပေးလိုက်တယ်လို့ ပြောတဲ့၊ မေမေက ကားနဲ့ တိုက်မိတဲ့နေ့ကတည်းက လိုက်ပို့ဖို့ပါ၊ အန်တီက ဖွတ်ကြီး ငြင်းနေလို့ ဖေကြီးရဲ့ မေမေက ပြောတယ် .. အားနာတာ မဟုတ်ဘူးတဲ့၊ မလိုက်စေချင်တာ ဖြစ်မယ်တဲ့၊ အဲဒါကြောင့် မသွားတော့တာ၊ ပြီးတော့ သားတို့ ဘယ်လို နေခဲ့ကြသလဲ၊ ခါးလေး နဲ့ ဘယ်လိုပတ်သက်ခဲ့သလဲ .. အားလုံးပဲ မေးတယ်"





ခဏလေးအတွင်းမှာ ကားတိုက်မိတဲ့နေ့က အကြောင်းတွေရော နောက်ကြောင်းတွေပါ စုံစုံစေ့စေ့ပါအောင် ကိုချစ် ပြောသွားတာ ကရေးရေလွှတ် ..။

ဒီအကြောင်းတွေကို ခုမှ သိရတာမို့ ရေခါး မျက်မှောင်ကုတ်နားထောင်ရင်း အံ့သြနေမိသည်။ တိုက်စဲတိုက်ဆိုင် မလတ် နဲ့မှ တွေ့ခဲ့ကြသလား ..။

"မင်းမေမေနဲ့ သက် နဲ့ ဘာတွေ ပြောဖြစ်ကြသေးလဲ"

"မပြောဖြစ်ပါဘူး၊ သားကတောင် မေမေ့ကို ဖေကြီး တူတူလို့ ထင်မှာစိုးလို့ ပြောမလို့ဟာ အန်တီက မမေးဘူး"

"ကဲ .. ကဲ .. မြေးက လျှောက်လည်ဖို့ ပြေးလာတာ၊ သားက ရေချိုး .. အဝတ်အစားလဲလေ"

နားစိုက်ထောင်နေရင်း မရှင်းမလင်းဖြစ်နေသဖြင့် စပ်စုလိုခြင်းကို လက်လျှော့ကာ ဒေါ်ပြည့်ပြည့်စိုး နေရာမှ ထရပ်၏။ ပြီးမှ ...

"အတော်ပဲ .. ကြူ တို့အိမ်ကို ဝင်လိုက်ဦး၊ သမီးကို ဝင်ခေါ်သွားလိုက်လေ၊ သူသွားချင်တဲ့နေရာ သား မပို့ချင်ဘူးမို့လား၊ ကိုယ် သွားမယ့်နေရာကိုပဲ ခေါ်သွားလိုက်ပေါ့၊ ဘာဖြစ်ဖြစ် သမီးက နားလည်မှာပေါ့"

"အန်တီ သင်းလှဲ့ လား ဘွားဘွား"

"ဟုတ်တယ်လေ မြေးရဲ့ .. မြေးရဲ့ဖေကြီးကို သေချာကြည့်ပြီး သတိပေးဦး၊ တော်ကြာ မျက်နှာရှစ်ခေါက်ချိုးကြီးနဲ့ ဝင်ခေါ်ဦးမယ်"

"ဘွားဘွားကလည်း .. ဖေကြီးမျက်နှာကို အခေါက်တစ်ရာပဲ ချိုးချိုး အဲဒီအန်တီက စိတ်မဆိုးပါဘူး၊ အဲဒါ သား သေချာ သိတယ်"

ကလေးပီပီ ရင်ဘတ်လေးကို ပုတ်ပြလိုက်သေးသည်။ ဒေါ်ပြည့်ပြည့်စိုး အံ့သြသွားကာ ...

"ဟုတ်လား .. မြေးက ဘာသိတာလဲ .. ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီသင်းလဲ့ က ဖေကြီးကို ဟိုအရင်ကတည်းက ချစ်နေတာ .."

"ဘယ်လို!.."

"ဘွားဘွား မယုံရင် ဦးရွှေသွေး တို့ကို မေးကြည့်ပါလား"

ကြည့်စမ်း ...၊

ဒေါ်ပြည့်ပြည့်စိုး လှမ်းကြည့်လိုက်တော့ သားတော်မောင်က လှည့်တောင်မကြည့် ...၊ ဝန်ခံတာလည်း မဟုတ်၊ ငြင်းလည်း မငြင်းဘဲ သူ့အကြောင်းပြောနေတာ မဟုတ်တဲ့အတိုင်း ...။

သင်းလဲ့ကြူ နဲ့ ဒီလောက် ရင်းနှီးခဲ့ဖူးတာများ ဒီလောက်ထိ တစ်ခွန်းတစ်ပါဒမျှ မဟဘဲ ရေငုံနှုတ်ပိတ် နေနိုင်သည်။

ရှားတဲ့သား ပါလား ...။





အခန်း [၄၄]

"ခါးသက်ချို .."

"ရှင် .."

အလုပ်လုပ်နေတုန်း စီနီယာ အေးမြသူ က သက် ရဲ့ကောင်တာ ရှေ့မှာ ရပ်ကာ ...

"မင်း အလုပ်ပျက်တာ ခြောက်ရက်တောင်နော်"

"ဟုတ်ကဲ့"

အေးမြသူ မျက်နှာမဲ့သွားသည်။ မနက်က မန်နေဂျာရုံးခန်းကို သက် ရောက်သွားခဲ့သည်။ ခွင့်လက်ခံနေဆဲမို့ ဒီနေ့ အလုပ်ဆင်းဖို့ လာတာပေမယ့် 'ထုတ်လိုက်ပြီ' ဆိုရင်လည်း လှည့်ပြန်သွားရုံသာ ..။

မန်နေဂျာက သက် တင်ပြသည့် အခက်အခဲ အကြောင်းအရာ တွေကို လက်ခံလိုက်သည်။

"နောက်ဆို တစ်ရက်တစ်ခါ ခွင့်တိုင်ရတယ်၊ ကိုယ် မသွားမလာ နိုင်အောင် ဖြစ်နေရင် ဖုန်းနဲ့ဖြစ်ဖြစ်ပေါ့.." လို့လည်း ပြောပြခဲ့၏။

တကယ်တော့ အလုပ်ပြုတ်ပြီလို့ တွက်ထားတာမို့ သက် မထူး စိတ် ပိုင်းလိုက်ခြင်းဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်ချင်း ပြောကြသည့် စည်းကမ်းတွေထဲမှာ ကြားထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဘွန်းပြုတ်တယ်ဆိုတာ မရှိဘူး၊ နှစ်ရက်ထက် ပိုပျက်ရင်တော့ မန်နေဂျာဆီ ရောက်တာပဲ၊ ပြုတ်သွားကြတာပဲ များပါတယ်၊ ဘယ်လောက်တော်နေနေ အလုပ်ပျက်တာက ရက်တရက် လူစားထိုးဖို့ ခက်တယ်မို့လား .. တစ်ယောက်ကို ကောင်တာတစ်ခု ကိုင်ကြတာဆိုတော့ အဲဒီကောင်တာ တစ်ရက်မဖော့ ပိတ်ထားရကာပဲလေ၊ နှစ်ရက်ပျက်ပြီဆိုကတည်းက မန်နေဂျာက လူချိန်းဖို့ စီစဉ်ပြီးပြီ" တဲ့..။

ထိုသတင်းတွေ ကြားထားသည့်ပြင် ကိုယ်က အလုပ်လုပ်တာလည်း သိပ်ကြာသေးတာ မဟုတ်..၊ ထို့ကြောင့် အဆိုးဆုံးထိ တွက်ပြီးလာခဲ့တာ ဖြစ်သည်။ ဒီရောက်မှ မန်နေဂျာက လျော့လျော့လျူလျူလက်ခံလိုက်သဖြင့် ဝမ်းသာနေတဲ့စိတ်လေးတောင် မပျောက်သေး..။

"မန်နေဂျာကလည်း ထူးထူးဆန်းဆန်းပဲ.. ဘယ်တုန်းကမှ ပါစင်နယ်တွေ ထည့်တွက်ခဲ့တာ မဟုတ်ဘဲနဲ့ ခုကျမှ ဘာဖြစ်တာလဲမသိဘူး"

ပြောလိုက်ပြီး တခြားကောင်တာတွေဆီလှမ်းကြည့်လိုက်သေးသည်။

"တခြားစာရေးမတွေ ဝမ်းမြောက်ဝမ်းသာ ပျက်ကြတော့မယ်"

စကားဆုံးသည်နှင့် သက် မျက်နာကို ရှုံ့ရှုံ့မဲ့မဲ့ ပြန်ကြည့်ကာ...

"အဲဒါမျိုး ဘက်လ်ရောင်းန်နဲ့ ဝင်လာတဲ့လူတွေရှိရင် သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ၊ အထက်လူကို မကျော်နိုင်တော့ အုပ်ချုပ်ရတာ ဟိုလိုဖြစ်လိုက် .. ဒီလိုဖြစ်လိုက် .."

ပြောချင်တာပြောပြီး လှည့်ထွက်သွားသည်။ ဒါတောင် ကက်စတန်မာတွေ ဝင်လာလို့ ဖြစ်သည်။ ညနေ အလုပ်သိမ်းတော့ စုစုက စောပြီးရောက်နေကာ သူငယ်ချင်းနှစ်ယောက် ကော်ဖီဆိုင်မှာ ထိုင်ဖြစ်ကြ၏။ မကြာဏ တွေ့နေကြပေမယ့်လည်း တွေ့တိုင်းပဲ ပြောစရာတွေက မကုန်နိုင်။ ဒီတစ်ခါတော့ ကိုယ်တိုင်က အားနည်းနေသည်မို့ သူ့အကြောင်း ပြန်ပြောပြရင်း သက် ငိုမိခဲ့သည်။

"ဖြစ်ရလေ သက် ရယ် .. နင်ကလည်း"





"ငါလေ .. ငါ့ကို သူ .. ဟိုဥစ္စာ .. အဲ့ဒါ .."

သက် ပြောမလို့ ကြိုးစားရင်း မပြောနိုင်တော့ဘဲ နှုတ်ခမ်းလေးတစ်ချက်ကိုက်၏။ ပြီးမှ မျက်နှာငုံ့၍ မျက်ရည်တွေ သုတ်ပစ်ကာ...

"ငါ အရှမ်းရှက်သွားတယ်၊ အရှမ်းလည်း ခံစားရတယ်ဟာ .. ပွင့်ပွင့်လင်းလင်း ပြောရရင် ငါ သူ့ကို ငါ့ရဲ့မသိစိတ်ထဲမှာ အားကိုးတွယ်တာမိတဲ့စိတ်တွေ ဘောင်ကျော်မိခဲ့သလားပဲ"

ငါ နားလည်တယ်ဆိုသည့်အဓိပ္ပာယ်တွေနှင့် စုစု သက်ပြင်းချ၏။

"အဲဒါကြောင့် နင့်ကို ငါ အမြဲတမ်း ဖေးဖေးမမ တွေးဖို့ ပြောခဲ့တာပေါ့ သက် ရယ် .. လူတစ်ယောက်ဟာ သူ့လှုပ်ရှားပြောဆိုသွားတဲ့ အစစအရာရာအပေါ်မှာ သေချာ အကဲခတ်ကြည့်ရင် သူ့ရဲ့ စိတ်ဓာတ်စရိုက်ကို ခန့်မှန်းလို့ ရပါတယ်၊ နင်တို့ချစ်း မသင့်မြတ်နေကတည်းက ရေခါး ဆိုတဲ့လူကို နင် ပြောနေ ထင်နေသလောက် ငါ မထင်ခဲ့ဘူး၊ ဒီလူက မဆိုးပါဘူး၊ ပြီးတော့ သူ့ရဲ့သားလေးဆိုတာလည်း နင် ပြောသလိုမျိုး ရုပ်ရင့်တာ မဟုတ်ဘူး၊ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ သန့်ခန့်နေတာ၊ ဒါတွေ ငါ ဟိုတုန်းတည်းက ပြောခဲ့တာပါ၊ ခုကျတော့ သူ့အဆင့်အတန်း ပေါ်လာပြီမို့လား .."

"ငါ အရှမ်းဝမ်းနည်းမိတာ အဲဒါပဲ စုစု၊ သူ့မိန်းမ ဆရာဝန်သူဌေးမကို သူ လက်လွှတ်ခံနိုင်တာ မဟုတ်ဘူး၊ ငါ့ကိုလည်း အခွင့်အရေးရတုန်း ဖျက်ဆီးရက်တယ်ဆိုပြီး .."

"သက် ရယ် .. နင့်ကိုက ရှူးရှူးဒိုင်းဒိုင်း ပြောချင်ဆိုချင်တာ၊ အမြဲတမ်း စိတ်လိုက်မာန်ပါ လုပ်တယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း သေချာ မဆန်းစစ်ဘူး၊ အခြေအနေ အချိန်အခါကိုလည်း ထည့်မတွက်ဘူး၊ နင့်ကို သူ ပွေ့ခေါ်လာတယ်၊ ဒဏ်ရာကို ပြုစုပေးရတယ်၊ အင်္ကျီဝတ်ပေးခဲ့တယ်၊ နင့်ကြယ်သီးလေး ပြုတ်နေတာနဲ့ပဲ .."

"တော်ပါတော့ စုစု ရယ် .. ငါ မှားပါတယ်၊ အခု ငါ့ကိုယ်ငါ



www.burmeseclassic.com

www.burmeseclassic.com



သိပြီ၊ သူ့အပေါ်မှာ မရိုးသားတဲ့စိတ်တွေ ရှိနေခဲ့လို့ ငါ့ကို အထင်သေးနေတာပါလားလို့ တွေးပြီး နာကျင်သွားတာ ..၊ သူ အပျော်ကြံလိုက်တယ်ထင်ပြီး ရှက်လွန်းလို့ မီးပွင့်သွားခဲ့တာ၊ မလုံတဲ့အိုးက ပွင့်တာမျိုးပေ့ါ၊ သူ မဟုတ်ဘူးဆိုတာ သိလိုက်ရတော့လည်း ဒီမှားယွင်းမှုကြောင့် ငါ ရှက်ရပြန်ရော .."

"ကဲပါ .. ဒါတွေပဲ အဖန်တလဲလဲ တွေးမနေပါနဲ့တော့၊ လူကလည်း ခုမှ ယဲ့ယဲ့ပဲရှိသေးတာ၊ သူကလည်း နင့်ကို တကယ် စိတ်နာသွားတာ မဟုတ်လို့ အလုပ်မပြုတ်အောင် ပြောပေးထားတာ နေမှာပေ့ါ၊ မဟုတ်ရင် အနည်းဆုံး နင် အဆူခံရမယ်၊ နင့်စီနီယာ ပြောသလိုဆို ဒါမျိုးဖြစ်ရင် ဝန်ထမ်းအတွက် ချန့်စ် မရှိတာ ထုံးစံပဲ၊ နင့်အတွက် သူ နားလည်နိုင်တာလည်း ရှိနေသေးတယ်ဆိုတာ သိသာပါတယ်"

"ဘာပဲဖြစ်ဖြစ် ငါ့ကိုက မကောင်းခြင်းအားလုံးကို ဖန်တီး စုဆောင်းမိနေတဲ့ မိန်းမပါ၊ ငါ့သမီးလေးကိုလည်း ဆုံးရှုံးခဲ့ရတယ်၊ သူတို့သားအဖ ရှိနေရင်တောင် ကိုချစ် ကို ငါ့သမီးလေးအစား ငါ မြင်နေခွင့်ရဦးမှာ၊ ခုတော့ အားလုံး တစ်ပြိုင်တည်း ခွဲထွက်သွားလိုက်ကြတာ.."

'နင်လည်း ဝေးကြရတော့မှ လွမ်းရမှန်း သိတာမို့လား'လို့ မမေးရက်တော့ပါ။

"သူ့ကို ပြန်တွေ့ရင်တောင် ငါ နှုတ်မဆက်ရဲတော့ဘူး၊ သူ မုန်းသွားပါစေလို့ပဲ ငါ ဆုတောင်းပါတယ်"

'သူ မုန်းသွားရင် နင် အခုလောက်ဆို အလုပ်မဲ့အကိုင်မဲ့ နေစရာမရှိ ဖြစ်နေမှာပေ့ါ သက် ရယ် ..'လို့ စုစု ရင်ထဲမှာ ပြောနေမိသည်။ ကိုယ့်သူငယ်ချင်းလေးကိုလည်း သနားလို့ မဆုံးပါ..။

ဆုံစည်းခွင့် မရှိမယ့်အတူတူ ဒီလူနှစ်ယောက်ကို ကံကြမ္မာက ဘာဖြစ်လို့ ပေးတွေ့စေခဲ့တာလဲ ..။

"စုစု .. နင့်ကို အရေးကြီးတာ ငါ မေးဖို့ မေ့နေတာ၊ နင်ပြော





တဲ့ ဗေဒင်ဆရာဆီ နင် သွားမေးသေးလားဟင် ..၊ ငါ ဖျားတဲ့ရက်က နင် မသွားလိုက်ဘူးလား"

"သြော် .. မသွားဘဲ နေပါ့မလား၊ ငါ အဲ့ဒါပြောမလို့ လာစောင့်နေတာပဲ၊ နင် ငိုလိုက်တာနဲ့ ပြောဖို့ မေ့သွားလို့ .."

"ဘာတဲ့လဲ ..၊ ငါ့ကံဇာတာ နိမ့်နေတယ်လို့ ပြောတယ် မှတ်လား"

"ဟင့်အင်း .."

စုစု က 'ဟင့်အင်း'သံကြီး အင်တင်တင်ပြော၍ သက် ကို အံ့သြသလိုလေး ကြည့်သည်။

"ဟဲ့ .. ပြောလေ"

"မဟုတ်ဘူး သက် ရဲ့ .. နင့်မှာ ဖြစ်နေတာတွေနဲ့ နင်ထင်တာတွေရော သူ ဟောလိုက်တာနဲ့ တခြားစီပဲ"

"ဘာ တခြားစီလဲ"

စုစု က ကော်ဖီပန်းကန်ကို ဆွဲယူဖျော်ရင်း စိတ်တခြား လူတခြား ပုံစံနှင့် မွှေနှောက်နေကာ ...

"သူ ပြောတာက နင့်ရဲ့ဇာတာလဂ် အရမ်းကောင်းနေတယ်တဲ့"

"ဘာ!..."

"အချစ်ရေးမှာ ရှုပ်ထွေးမှု နည်းနည်းဖြစ်နေတယ်တဲ့၊ ဒါပေမယ့် အိမ်ထောင်ရေးဘဝမှာ ဂြိုဟ်ပူးဂြိုဟ်မြင်တွေ အရမ်းကောင်းပြီး နတ်တို့ဖန်ဆင်းတဲ့ ကြာကန်လို ပြည့်စုံထူးခြားတဲ့ အိမ်ထောင်ဖက်ကောင်းနဲ့ တွေ့လိမ့်မယ်တဲ့"

"စိတ်ပျက်ဖို့ ကောင်းလိုက်တာ"

သက် မျက်နှာလေး မဲ့သွားသည်။ ကောင်းကောင်းကန်းကန်း တက်ကြွနေတုန်းက ဟန်ပါပါလေး သိမ်းလှန်တင်တတ်ခဲ့သည့် ဆံပင်တွေကိုတောင် ဘယ်ရောညာရော ဖြစ်သလို ထိုးသိမ်တင်ပစ်မိသည်။

ဒီရက်ပိုင်းတွေမှာ မကျန်းမာတဲ့အတိုင်း ဖြစ်သလို နေပြီးသလို



www.burmeseclassic.com

www.burmeseclassic.com



ဝတ်၊ အားလုံးက ဖြစ်သလိုတွေချည်း များနေခဲ့သည်။

ဒါတောင် ခြေထောက်က ကားဆင်းကားတက်ဆို နာနေတုန်း..၊ လက်ကတော့ အကျီလက်ရှည် ဝတ်ရခက်ပေမယ့် ဒဏ်ရာတွေနဲ့ မြင်မကောင်းသေးသည်မို့ လက်ရှည်ပဲ ဝတ်နေရသည်။

တစ်ကိုယ်လုံး ညှဉ်းသိုးသိုး နွမ်းဖက်ဖက်ပဲ ဖြစ်နေမှာ သေချာသည်။ ဒီလောက်ထိ ကားတိုက်ခံရ၊ သရဲခြောက်ခံရနှင့် ချစ်ခင်သူတွေနဲ့ မုန်းတီး ကွေကွင်းရခြင်းတွေ ဆက်တိုက် ကြုံနေရတာကို ဘာကံကောင်းတာလဲ ..။

"သက် .. နင်ကလည်း ပြောလို့တောင် မပြီးသေးဘူး၊ ဘာဖြစ်သွားကာလဲ"

"ပြောမနေပါနဲ့တော့ စုစု ရယ်.. နင့်ဆရာမ မှန်မမှန် ငါ့ကိုနင် မြင်နေတာပဲ၊ မဟုတ်တာ မမှန်တာတွေချည်းပဲ နားမထောင်ချင်တော့ဘူး"

"နင် အဲဒီလိုတော့ မပြောပါနဲ့ဟာ .. ငါက ရွှေတွဲလွဲ ငွေတွဲလွဲနဲ့သွားလို့ ပုံစံကြည့်ပြီး မှန်းပြောတယ်ဆို ထားဦး ..၊ အခု ငါကလည်း ထမင်းချိုင့်လေးနဲ့လေ၊ အလုပ်ပြန် ဝင်လာတဲ့ သာမန်စာရေးမလေး မှန်း အသိသာကြီး ..၊ နင့်မွေးနေ့ကို ပြောလိုက်တာလည်း တခြားဘာအကြောင်းမှကို မပြောရသေးဘဲနဲ့ အိမ်ထောင်ရေးကို သူ ဟန်းပြောတာ .."

"အဲဒီလိုပဲ ကောင်းတာတွေ လျှောက်ဟောပြီး မြှောက်ပင့်ထားနေတာ ဖြစ်မှာပေါ့၊ ဆင်းရဲသားတွေက ဒီလိုကြားရရင် ဘယ်သူမဆိုထခုန်မိမှာပဲ"

"နင့် အခု ထခုန်လို့လား .."

"မဟုတ်တာတွေ ပြောနေမှန်း အသိသာကြီးဥစ္စာ"

စုစု ကော်ဖီသောက်မလို့ ကိုင်ထားပြီးမှ လက်ကိုလွှတ်၍ ခေါင်း





ကုတ်သည်။ သက် ကတော့ ကော်ဖီတစ်ခွက်နှင့် အတူလာချပေးထားသည့် တစ်ခွက်တည်းသော ရေနွေးပန်းကန်ကိုယူကာ သိပ်မပူတော့ဘဲ ထပ်မှုတ်နေသည်။

နှစ်ယောက် ကော်ဖီဆိုင် ထိုင်ကြပြီဆို သက် က ဘယ်တော့မှ ကော်ဖီမသောက်..၊ 'ငါမှ သိပ်မကြိုက်တာ၊ အကျင့်ပါတယ်'လို့ပြောတားကာ ပိုက်ဆံချွေတာမှန်းသိလို့ ဝယ်တိုက်တာလည်း မကြိုက်..။

မုန့်လေးဘာလေး စားပါဆိုလည်း 'ဒီဆိုင်မျိုးတွေမှာ ဈေးချိုတဲ့ မုန့်မှ မရှိတာ'လို့ ပြောသေးသည်။

'မုန့်တစ်ခု ကော်ဖီတစ်ခွက်ဆို အသီးအရွက်ကြော်လေး တစ်ခွက်တော့ ချက်လို့ရတယ်ဟာ၊ ငါက နင့်လို မိဘအုပ်ထိန်းသူနဲ့ ကျောထောက်နောက်ခံရှိတာ မဟုတ်ဘူး၊ ဆင်းရဲကြတာချင်း တူရင်တောင် ငါက ယော့ကျိုးရယ်'လို့ ပြောရင်း တစ်ခါတည်း တားမြစ်ခဲ့၏။

"ငါ့ကို သနားသဖြင့် ဝယ်ခြမ်းကျွေးမွေးတာတွေ မလုပ်ပါနဲ့၊ အဲဒါကမှ ပိုရှက်ဖို့ ကောင်းတာ"တဲ့ ..။

ရေနွေးသောက်နေသည့် သက် ရဲ့နှုတ်ခမ်းလေးကိုကြည့်ကာ မထူးဆန်းပေမယ့် ဒါတွေပဲ ဖျတ်ခနဲ တွေးလိုက်မိ၏။ နလံထစမို့ ခံတွင်းလိုက်တာလေး တစ်ခုခု စားစေချင်လို့ပါ။ ဒါပေမယ့် ...

"ပြော .. ပြော .. ဘာပြောဖို့ ကျန်သေးလို့လဲ"

သက် ကပဲ ရေနွေးသောက်ရင်း ထပ်မေးသဖြင့် ...

"အင်း .. မယုံကြည်တဲ့ မျက်နှာမဲ့မဲ့ကြီးကို နည်းနည်း လျှော့ပါဦး ..၊ ပြောရမယ့်လူကို အားနာပါးနာ .."

စုစု ပြောလိုက်မှ သက် က ရယ်သည်။ ပြီးတော့ ရေနွေးပန်းကန်ကို ချ၍ ...

"ကိုယ့်အချင်းချင်းမို့လို့ လွှတ်လွှတ်လပ်လပ် ဒေါက်နေတာပေါ့ဟဲ့ ..၊ ဒီလောက် ဒုက္ခတွေများနေတာကို မဟုတ်မလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာတွေ ပြောမလို့လေ"

"ပြော .."

"ငါ နင့်ပြဿနာကို ပြောလိုက်တော့ သူ တော်တော်နဲ့ ပြန်မပြောနိုင်ဘူး သိလား ..၊ ပြီးတော့ ထပ်မေးတယ်၊ ငါလည်း နင်ပြောပြတဲ့အတိုင်း သေချာ ထပ်ပြောလိုက်တယ်လေ၊ အဲဒီတော့ သူ ပြောတယ် သိလား ..၊ ပြောပုံက ဗေဒင်နဲ့တော့ မဆိုင်ဘူး ထင်တယ်"

သက် စိတ်ဝင်စားသွား၏။

"ဘာတဲ့လဲ .."

"သံယောဇဉ်ရှိလို့ လာတာ မဖြစ်နိုင်ဘူးဆိုတော့ သူ့ပစ္စည်းတစ်ခုခု ကျန်ခဲ့လို့ ပြန်လာတောင်းတာ ဖြစ်မယ်တဲ့၊ ဒါမျိုးတွေ သူ့မှာ အတွေ့အကြုံ အများကြီးရှိတယ်တဲ့၊ ကိုယ်တိုင် ဖြေရှင်းပေးခဲ့ရတာတွေလည်း ရှိတယ်တဲ့"

"ဟုတ်လား .."

"အေးဟ .. ဒါပေမယ့် သူ အခု အဲဒါတွေ မလုပ်ချင်တော့လို့ အေးဆေးနေတာ ကြာပြီတဲ့၊ ငါ အဲဒီသရဲခြောက်တဲ့ကိစ္စ ပြောလိုက်ကာမှပဲ နင့်အကြောင်း မေးကာစက နင့်လို နတ်ရေကန်ထဲ ခုန်ချမိသလို ဟုန်းခနဲ တိုးတက်ပြောင်းလဲသွားတဲ့ ဇာတာရှင်ကို သေချာမြင်ပြီး ဟောချင်တာလို့ ပြောခဲ့တာတွေတောင် ပျောက်ကုန်တယ်သိလား..၊ သူ ဟောတဲ့အတိုင်း နင့်ကို ပြန်မေးကြည့်ပါတဲ့၊ ဟုတ်နေတာပဲဖြစ်ဖြစ် မဟုတ်သေးဘူးပဲဖြစ်ဖြစ် သူ့ဆီ နောက်ထပ် အဲဒီပြဿနာမျိုး လာမမေးပါနဲ့တဲ့၊ ဇယားရှုပ်မှာစိုးတဲ့ ပုံစံကြီး တန်းဖြစ်သွားတာပဲ အံ့စရာ"

"ဘာလို့ အဲဒီလို ဖြစ်သွားတာလဲ"

"မသိပါဘူးဟာ .. အဲဒါနဲ့ ငါလည်း လိုအပ်သလောက်တော့ ပြောပြပါလို့ပဲ မေးရတာပေါ့"





သက် က မျက်ခုံးလေးတွေ တွန့်သွားကာ လေးနက်သည့် မျက်ဝန်းတွေက စားပွဲထက်မှာ ငေးစိုက်သွားခဲ့၏။

"နင် ပြန်စဉ်းစားပါဦး .. ငါ့ဟာပြန်ပေးလို့ သူ တောင်းတယ်ဆို ..၊ နင့်ဆီမှာ သူ့ပစ္စည်း တစ်ခုခု ကျန်ရစ်ခဲ့လို့များလား"

"ဘာကျန်ခဲ့ရမှာလဲ ..၊ သူ့ပိုက်ဆံအိတ်ပြားလေးကိုတောင် ငါ ထည့်ပေးလိုက် .."

သက် စကားမဆုံးခင် ဒေါက်ခနဲ ကျသွားသည့်အသံလေးကို အမှတ်ရသွားခဲ့၏။

သူမ ဖျာလိပ်ပြီး 'မ'လိုက်စဉ် ကျသွားတာ သေချာသည်။ ကြီးကြီးမားမားတော့ မဟုတ်နိုင်ပေမယ့် လေးလံသည့် အရာတစ်ခုခု ..။

"ဘယ်လိုလဲ .. စဉ်းစားမိလား"

သက် က မျက်လုံးတွေ မှိတ်ထားရင်း ခေါင်းညိတ်၍ ..

"အင်း .. တွေးမိတာ ရှိတယ် .. ဘာမှန်းလည်း မသိဘူး"

"ဟာ!... ဒါဆို ဖြစ်နိုင်ပြီ၊ သေချာ စဉ်းစား .. ခေါင်း အေးအေးစဉ်းစား၊ သူ ပေးခဲ့တာလား .. ကျန်ခဲ့တာလား၊ ဟိုလေဟာ .. သူ့လက်နဲ့ပေးတာ မဟုတ်လို့ နင် မေ့နေတာဆိုရင် .."

"သိပြီ .."

လက်နဲ့ဆိုမှ သွေးတို့ဖြင့် နီစွေးနေသည့်လက်ကို မြင်ယောင်သွားခဲ့၏။ ထိုလက်မှာ လက်စွပ် ဝတ်ထားသည်။ သူမကိုယ်က သွေးစတချို့ကို ဟိုပွတ် ဒီသုတ် လုပ်ပေးမိတုန်း လက်စွပ်က သွေးတွေနဲ့ ရှော်ရှော်လျှူလျှူ ပါလာသဖြင့် ဘေးမှာ ခဏ ချထားလိုက်တာ ပြန်စွပ်ပေးဖို့ မေ့သွားခဲ့သည်။ ဟုတ်သည် ..၊ လက်စွပ်က ပလက်တီနမ်ကွင်းထူထူခဲခဲလေးဖြစ်ကာ လက်ထပ်လက်စွပ်လေးမှန်း သိသာ၏။

သူမ သေဆုံးသွားပြီဆိုတော့လည်း တစ္စန်းတစ ကြားလိုက်သေးသည်။ သူမသည် နာမည်ပျက်နည်းနည်း ရှိထားသဖြင့် လက်ထပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဘက်က သဘောမတူ၍ တမင်တကာ ကားနဲ့ တိုက်သွားတာလိုလို ..၊ သတင်းဆိုတာကတော့ ဟိုကတစ်မျိုး၊ ဒီကတစ်မျိုးပါ ..။ ခုကျမှ ဒီ လက်ထပ်လက်စွပ်လေးကို သူမ စွဲလမ်းသွားခဲ့ခြင်း အပေါ်မှာ ဆက်စပ် တွေးလိုက်မိတာ ဖြစ်သည်။

"ဟဲ့ ... သိရင် ပြောလေ၊ ဘာပစ္စည်းလဲ .. အဖိုးတန်ပစ္စည်းလား၊ ဒုက္ခပါပဲဟယ် .. တော်ကြာ တန်ဖိုးကြီးလို့ ခိုးယူထားလိုက်ပြီး ခုကျမှ သရဲကြောက်လို့ ပြန်ပေးရတယ်လို့ နာမည်ကြီးသွားတော့မှာပဲ"

"ကြီးလည်း ဂရုမစိုက်ဘူး စုစု၊ ငါတောင် အဲဒီပစ္စည်းကို ကြမ်းခင်းပျဉ်တွေ ခွာထုတ်ပြီး မြေလှန်ရှာရမှာ၊ အောက်မှာ ကြွက်တွင်းရှိနေလို့ တည့်တည့်ဝင်သွားရင်တော့ သွားပြီ .."

"ဟင်!... ဘာလဲ .. ဘာပစ္စည်းလဲ"

"လက်စွပ် .."

"လက်စွပ် .. ဘုရားရေ .."

"သူ့လက်မှာ သွေးတွေ ပေကျံနေတော့ သွေးနဲ့ ချော်ပြီး ကျွတ်ပါလာတာ"

သက် က ဖြစ်ပုံကို ပြန်ပြောပြကာ ...

"ငါက အဲဒါကို ရှာတွေ့ရင် သေပြီးတဲ့လူကို ဘယ်နေရာ လိုက်ပေးရမှာလဲ"

"ဒါတော့ ဆရာကြီးက ပြောပြလိုက်တယ်၊ ကဲ .. ထပါ၊ ငါ အခု လိုက်ခဲ့မယ်၊ အဲဒါ ပြန်မတွေ့ရင် ကျိုင်နော် .. နင် မလွယ်ဘူး"

"ရှိမှာပါ .. ငါ ယုံတယ်"

သက် ရင်ထဲမှာ ရှုပ်ထွေးမှုအဖြေကို သိလိုက်ရပြီမို့ တစ်ဝက်တော့ ပေါ့သွားခဲ့သည်။ နောက်ထပ် တာဝန်ရှိတဲ့အတိုင်း လုပ်ကိုင်ဆောင်ရွက်ပေးသွားဖို့က ဆရာကြီး ပြောပြလိုက်တဲ့အတိုင်း ...။





အခန်း [၄၅]

"ဟော .. ဟိုမှာ တွေ့လား .. မိုးခါးခါး သူဌေးသား .."

"ဟင်!... အဲဒါ .."

"ဘာဖြစ်လို့လဲ"

"ငါပြောတဲ့ ရေခါး ဆိုတာ သူပဲ"

ကက်စတန်မှာ နှစ်ယောက်ရဲ့ စကားသံတွေကြောင့် သက် လှည့်ကြည့်လိုက်မိသည်။

Exit ကနေ ဝင်လာကြတာမို့ ထင်းခနဲ မြင်လိုက်ရသည်။

Q Star သူဌေးရဲ့သမီး သင်းလဲ့ကြူ နှင့် ရေခါး ..၊

သင်းလဲ့ကြူ က ပန်းရောင်ကိုယ်ကျပ်လေးနှင့် အဖြူရောင်အပေါ်ထပ်ပါးလေးကို ဝတ်ထား၏။ ရေခါး က ပန်းသွေးရောင်ရှိနေသည့်တီရှပ်နှင့် ဘောင်းဘီရှည် အဖြူ ..၊ တမင်တကာ ဆင်တူအောင် ဝတ်လာကြတာလား ..။

အကျီရောင်ဟပ်ကာ ပါးပြင်တွေပါ နီမြန်းနေသည့် ရေခါး ကို သက် ငေးနေမိသည်။ တွဲလာကြပုံက ရိုးရိုး သူငယ်ချင်း မိတ်ဆွေလို မဟုတ်မှန်း သိသာနေသည်။ ဒါဆို သူ့ဇနီးကရော ...၊



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပြန်ပြီ တွေ့လား ...၊ အဲဒီကောင် သိပ်ရှုပ်တာ၊ ရည်းစားစာ ပေးတယ်၊ တွဲတယ်၊ ပြီးရင် မတည့်အောင် နှပ်ကျပ်ကွက်နင်းပြီး ဆောရီး လုပ်သွားရော .."

"ဟုတ်လား .. ရေခါး ဆိုတာ သူပေါ့၊ နှမြောစရာကြီးဟယ်"

"ဘာ နှမြောတာလဲ .."

"ရုပ်က တကယ်ဖြောင့်တယ် .. ရုပ်ဖြောင့်ယ်ဆိုတော့ နှမြောစရာ ကြီးပေါ့၊ နင်က အဲဒါကို ဘာဖြစ်လို့ ငြိမ်ခံနေလိုက်တာလဲ"

"မခံလို့ ဖြစ်မလား ...၊ ငါကလည်း သူ ရည်းစားစာတစ်စောင် ပေးလိုက်တာနဲ့ တွဲလိုက်မိတာကိုး၊ နှစ်ပါးသွားမင်းသားဆိုတာ သူ မှန်းလည်း မသိခဲ့ဘူး"

"ဟင်!..."

"ကိုယ်ကတော့ သူ ပြောလာရင် ခေါင်းညိတ်မှာပဲမို့လို့ တွဲလိုက် တာ၊ ဘာမှလည်း မပြောဘူး၊ ရည်းစားလည်း ဟုတ်တိပတ်တိ မဖြစ် လိုက်ရပါဘူး၊ အဲ့ဒါ ဘယ်လိုပြစ်ချက်နဲ့ ခေါင်းလိုက်ခေါက်ရမလဲ"

"ဒါဆိုလည်း အသည်းခွဲသွားတယ်လို့ မမှတ်ဘဲ ဖြေသာအောင် ဖြေလိုက်ပေါ့ မိုးပြာ ရယ် .. တချို့ယောကျ်ားတွေက သူတို့ကိုယ်သူတို့ ဘယ်မိန်းကလေးကိုမှ နစ်နာအောင် မလုပ်ဘူးဆိုတဲ့ဂုဏ်ကို တမင် ရအောင်ယူတာ၊ ဒါပေမယ့် သူတို့အတွက် သာယာမှုကျတော့ ဟိုကဖွဲ ဒီကဖွဲ့နဲ့ ယူသွားကြတာပဲ"

ကိုယ့်မျက်နှာရှေ့မှာ ကျကျနန ပြောနေကြတာ သူ့အကြောင်း...။

သက် စာရင်းတွေ မှားမကုန်အောင် မနည်း သတိထားနေရကာ လက်တစ်ချက်ဖိဖို့အတွက် စက္ကန့်တွေ နှစ်ချက် သုံးချက် ဖြတ်ပြေး ပြီးမှ ...

"ဒီမှာ .. မြန်မြန်လေး တွက်ပေးစမ်းပါ၊ သွားစရာရှိသေးလို့"

"သြော် .. ဟုတ်ကဲ့ပါရှင် .. ဒီပါကင်လေးမှာ ကုတ်ဒ် ပျောက်နေ





လို့ပါ"

အလုပ်လုပ်ရတာ ပျံ့လွင့်သွားသည့်စိတ်ကြောင့် အထစ်အငေါ့ တွေ ဖြစ်ကုန်၏။ သူကိုယ်တိုင် ဒီအလုပ်ကို သွင်းပေးခဲ့သည့်လူက သက် ကို တစ်ချက်မှငဲ့ကြည့်မသွားဘဲ စကားပြောမပျက် ဖြတ်လျှောက် သွားခဲ့သည်။

ပိုက်ဆံတွေကို သူ့အကန့်လိုက် ထည့်သိမ်းရင်း သက် ရဲ့လက် တွေ မသိမသာ တုန်၏။ ပြီးတော့ နှာခေါင်းထဲမှာ စပ်ဖျင်းဖျင်း မွှန် ချင်ချင် ..။

ရှေ့မှာ တန်းစီနေသည့် ကက်စတန်မာတွေကြောင့် လက်က ဆက်တိုက် လှုပ်ရှားသွားနေပေမယ့် စိတ်က မက်ကက်ထဲမှာ ပြေးလွှား ချင်နေ၏။ ဒီမက်ကက်ထဲမှာ ရှင် ပြောပေးလို့ရတယ်ဆိုတာ ခုလို ဆက်သွယ်မှုတွေနဲ့လား ..။

ရှင် အဲဒီလို အဆင့်အတန်းဆိုတာကို တမင် လာပြလိုက်တာ လား ရေခါး ရယ် ..၊ မသိခင်ကတည်းက ရှင်က မုဆိုးဖို ဆိုတာတောင် မှ သက် နဲ့ အဆင့်အတန်း မတူသေးဘူးဆိုတာကို သက် က နားလည် ပြီးသားပါ ..။

တစ်ချက်လေးတောင် ငဲ့ကြည့်မသွားခဲ့သည့်မျက်နှာကို ဖျောက် လို့ မရနိုင် ..၊ အလုပ်လုပ်ရတာ ဖင့်နွှေးလာခဲ့ရင်း ...

"အန်တီ .."

"အမေ့!..."

နောက်ကနေ ခါးကို ပြေးဖက်လိုက်သဖြင့် ခလုတ်တွေပေါ်မှာ ဝဲနေသည့်လက်က ဦးတည်ချက်တွေ လွဲပြီး ကျချင်သလို ကျကုန်၏။

"ဒုက္ခပါပဲ .."

ပြန်ကြည့်လိုက်တော့ ကိုချစ် က ခါးကို ဖက်ထားပြီး ရယ်နေ၏။

"ကိုချစ် ရယ် .. အန်တီ ဒီမှာ အားလုံး ပျောက်ကုန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



"သားက အန်တီ လန့်သွားအောင်လို့ မဟုတ်ပါဘူး၊ လှမ်းမြင်လိုက်လို့ ဝမ်းသာပြီး ပြေးလာတာ"

ကိုချစ် ပခုံးလေးတစ်ဖက်ကို ကိုင်ထားမိကာ ကွန်ပျူတာက တစ်ဖက်နှင့် သက် ချောက်ချားနေစဉ် ...

"သွားပါပြီဟာယ် .. တွက်ချက်နေတာက တုံ့နှေးနှေးနဲ့ .. တစ်က ပြန်စရတော့မယ်၊ နေပစေ ဟိုဘက်ကောင်တာ သွားမယ်"

"ဟုတ်တယ် .. ကွန်ပျူတာ မကိုင်တတ်ဘဲနဲ့ စာရင်းကိုင် လုပ်နေသေးတယ်၊ ကလေးနဲ့မဆိုင်ဘူး .. အစတည်းကိုက မပြီးနိုင် မစီးနိုင် လုပ်နေတာ..."

ရှေ့မှာ တန်းစီစောင့်နေကြသည့်လူတွေ ကိုယ့်ဆွဲခြင်းတွေ ကိုယ် ပြန်ယူကြလျှင် ...

"ခဏလေးပါ အစ်မရယ် .. အန်တီ ခဏစောင့်ပါနော်၊ ဒီတစ်ခါ လုံးဝ မကြာစေရပါဘူး၊ ဒါတွေကလည်း ဒီကောင်တာမှာပဲ ရှင်းပေးရမှာတွေပါ"

"ဟော့အေး .. ဒါဆို မယူတော့ဘူး ထားခဲ့တော့မယ်"

"ဘာတွေ ဖြစ်နေကြတာလဲ၊ ကိုကိုချစ် ဘာလုပ်နေတာလဲ"

မေးသံနှင့်အတူ စီနီယာ နှင့် သင်းလဲ့ကြူ တို့ အနားရောက်လာကြ၏။ စီနီယာ က ကက်စတန်မာတွေကို တောင်းပန်ကာ သူပဲ စာရင်းဝင်ကိုင်သည်။

သင်းလဲ့ကြူ က ကိုကိုချစ် လက်ကို ခပ်ဖိဖိ ဆွဲခေါ်လိုက်ကာ–

"မင်း လိုက်ခဲ့ဦး"





အခန်း [၄၆]

"ကိုချစ် ရှင်းပြနေတာပဲ လဲ့ ...၊ အလုပ်သမား အမှားအယွင်း မရှိရဘူးလို့ စီးပွားရေးမှာရော နည်းပညာမှာရော ဘယ်မက်သတ်နဲ့မှ ပြဋ္ဌာန်းထားတာ မရှိဘူး၊ ကိုယ် မင်းရဲ့အမေမှန်း မသိသေးဘဲ ဒီထိ လာတွေ့ခဲ့တဲ့အကြောင်း ပေါ်လာတာ သူ့အတွက်ပါ၊ ကိုယ့်မျက်နှာကို ထောက်ရင် မင်း သူ့ကို ဒီလောက်ထိ မပြောသင့်ဘူး"

ပြောနေတုန်းကတော့ တစ်ခွန်းမှ ဝင်မပြောခဲ့ဘဲ ခါးသက်ချိုဆိုသည့်မိန်းမ ပြန်ထွက်သွားမှ သူနဲ့ လဲ့ ရန်ဆက်ဖြစ်ရသည်။

ကိုကိုချစ် ကလည်း ဝင်ဝင်ပြောနေလိုက်တာ ကလေးသံလေးမို့ တနေတော့သည်။

ဖြစ်ခဲ့သမျှကို ခေါ်ကြူကြူ က သမီးဆီကတစ်ဆင့် သိရပြီး အိမ်ထိ လာပြောပြနေတာ ဖြစ်၏။ လဲ့ ပါလာပေမယ့် အေးစက်စက် မျက်နှာလေးနှင့် မတုန်မလှုပ် နေခဲ့သည်။

မအေဖြစ်သူ ပြောပြနေတာ မပြည့်စုံသေးဘူး ထင်မှ ...

"အဲဒါတွေ အန်တီ မသိလောက်သေးဘူးထင်လို့ လာပြောတာပါ၊ အန်တီ နိုင်ငံခြားမှာရှိနေတုန်း ခါး နဲ့ ကိုချစ် တို့က ခါးသက်ချို



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အခန်းချင်းကပ်လျက်နေခဲ့ကြတာ ..၊ ကလေးပြောပုံအရဆို နှစ်အိမ် တစ်အိမ်ပါပဲ၊ အဲဒါကြောင့် လှဲ့ ကလည်း ရှင်းရှင်းပဲ ဝင်ခံလိုက်တယ်"

မလတ် အိမ်ထဲကထွက်လာပြီး ဒေါ်ပြည့်ပြည့်စိုး ဘေးမှာ ဝင်ထိုင်လိုက်မှ မလတ် ကိုပါ လှမ်းကြည့်ကာ ဆက်ပြောသွားတာ ရေခါးနဲ့ ပြောခဲ့တဲ့အတိုင်း ..။

"မပြောသင့်တာ မရှိဘူး ခါး ..၊ သူက လှဲ့ တို့ အလုပ်သမား.. အခု ရှင်နဲ့ ရင်းနှီးကျွမ်းဝင်ဖူးတဲ့ မိန်းမဖြစ်နေတာ သိရပြန်ပြီ၊ အဲဒါကြောင့် မနာလိုနိုင်ဘူး၊ ဒီလိုမိန်းမမျိုးကို ရှင် စိတ်ဝင်စားခဲ့ဖူးတယ်ဆိုရင်လည်း ဘယ်လို အဆင့်အတန်းကွာသလဲဆိုတာ အခု သိသွားအောင် ပြတဲ့သဘောပဲ၊ စိတ်ချ .. သူ့ကို အလုပ်မထုတ်သေးဘူး၊ သူထွက်မယ်ဆိုလည်း မထွက်နိုင်အောင် ကြိုးတုပ်သလို ချည်တုပ်ထားမယ်၊ အဲဒါ သူနဲ့ ပခုံးချင်းယှဉ်ရသလို ဖြစ်သွားတဲ့ လှဲ့ ရဲ့သိက္ခာအတွက် .."

"တစ်ယောက်တည်းယှဉ်ပြီး မင်း မောနေဦးမယ်၊ ကိုယ့်မျက်လုံးထဲမှာတော့ လှတဲ့မိန်းမတိုင်း ဂုဏ်ကျက်သရေရှိကြတာ အတူတူပဲ၊ မင်း သိပါတယ် .. ကိုယ်က လှတာကို ကြိုက်တယ်"တဲ့ ..။

သမီးက ပြောပြပြီးတော့ မအေက ဒေါသမကင်းစွာနှင့် ...

"ကြားတဲ့အတိုင်းပဲ စိုး .. လက်ထပ်ဖို့ သေချာပြီးနေကာမှ စိုးရဲ့သား အဲဒီလောက်ထိ ပြောဖို့တော့ မကောင်းဘူးမို့လား"

"နေပါဦး ကြူ ရယ် .. ခါးသက်ချိုး ဟုတ်လား ..၊ 'ခါး'ချင်းဘာဖြစ်လို့ လာတူနေရတာလဲ၊ မြေးလေး ပြောပြောနေတဲ့ အန်တီသက် ဆိုတာ .."

"ဟုတ်တယ် မာမီ .. သူပဲ"

မလတ် က ဝင်ဖြေလိုက်တော့ ဒေါ်ပြည့်ပြည့်စိုး ချွေးမကို ပြန်လှည့်ကြည့်၏။





ဒီနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်စားလို့ လာစားဖို့ ခေါ်ထားတာ ဖြစ်သည်။ မလတ် ကလည်း စားပြီး ပြန်မလို့ ထွက်လာတာပါ..။

ဘာတွေဖြစ်နေကြတာလဲလို့ ဝင်နားထောင်ရင်း မပြန်ဖြစ်တာဖြစ်သည်။

"သမီးက ဒီမိန်းကလေးကို သိလို့လား"

"သိတယ် မာမီ .. မာမ့်မြေးကို ကားတိုက်မလိုဖြစ်တုန်းက ဝင်ကယ်လိုက်တယ်ဆိုတာ သူပဲ၊ တူဝရီးနှစ်ယောက် မာမီ့ကို ရှည်ရှည်ဝေးဝေး ပြန်ပြောမပြပါနဲ့တော့လို့ တားနေကြတာနဲ့ သမီး သေချာမပြောဖြစ်ခဲ့တာ .."

"ဪ .. ကွယ် ..."

"သူတို့တွေ ဆင်းရဲတဲ့ အခြေအနေလေးတစ်ခုမှာ ရိုင်းပင်းကူညီကြရင်းနဲ့ ရင်းနှီးခဲ့ကြတာပါ"

မလတ် က ဒေါ်ပြည့်ပြည့်စိုး ကို ပြောပြရင်း လှဲ့ တို့ဘက်ကိုလည်း လှည့်ပြော၏။

"သံယောဇဉ်ဆိုတာ ရှိခဲ့ကြရင်တောင် ညီမလေး ထင်သလောက်တော့ ဟုတ်မယ်မထင်ပါဘူး၊ ခါးလေး နေထိုင်သွားလာပုံကို ညီမလေးလည်း သိထားတာပဲ၊ သူငယ်ချင်း အပေါင်းအသင်းနဲ့ ပတ်သက်ရင်လည်း အလွန်အကျွံလေ၊ သားသားကို သူ့သားဆိုပြီး ထင်သလို လုပ်ကြတာ ကြည့်ပါလား .. ဘေးကကြည့်ရင် အမြင်မတော်တာရှိရင်ရှိမယ်၊ ခါးလေး က ပေါ့ပေါ့ပါးပါး နေတတ်တာပါ.."

ဒေါ်ကြူကြူ က သူ့မရီးမို့ သူ့ဘက်က လိုက်ပြောသည်ဆိုသော အကြည့်တစ်ချက်နှင့် လွှဲ၏။

လှဲ့ ကတော့ ဒီအသံပဲ ကြားချင်နေသည့် အသိစိတ်မှာ မျက်နှာလိုက်တာ ဟုတ်ဟုတ်မဟုတ်ဟုတ် မလတ် ပြောတာပဲ မှန်တယ် ထင်ချင်သူ ..။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြောသလို ဟုတ်ပါလိမ့်မယ် ကြူ ရယ် .. အခု ပြောမှား ဆိုမှားဖြစ်ကြတာကို တို့ကပဲ တောင်းပန်ပါတယ် .. ကျေနပ်ပါ"

"ကျေနပ်လို့ မကျေနပ်လို့ မဟုတ်ပါဘူး၊ လက်ထပ်ဖို့က တို့ လူကြီးချင်း စီစဉ်ခဲ့ကြတာလေ၊ သူတို့တွေက နာခံကြမယ့်သူတွေ၊ ကိုယ့်ကြောင့် အိမ်ထောင်ရေးမှာ စိတ်ဆင်းရဲမှုတွေ ဖြစ်လာကြမယ် ဆိုရင် တစ်သက်လုံး ရင်နာကြရမှာ"

ဒေါ်ပြည့်ပြည့်စိုး မျက်ဝန်းတွေ လဲ့ မျက်နှာဆီ ဖျတ်ခနဲ ရောက် ၏။ သူတို့ချင်း ချစ်ခဲ့ကြတာကို ဒီမိန်းကလေး တစ်ခွန်းမှ မဟခဲ့ဘဲ နေတာလား ..။ ကိုယ်တိုင် ချစ်ခင်စုံမက်လို့ လက်ခံခဲ့တာကို မိဘ သဘောကျ ခေါင်းညိတ်ခဲ့ရတာလို တမင်နေလိုက်သည်လား ..။

ဒါလည်း ဖြစ်နိုင်နေသည်၊ သားတော်မှ မပြောခဲ့တာကို မြေး လေး ပြောလို့ သိခဲ့ရတာ ဖြစ်သည်။

"တို့ ပြောချင်တာက သား ရေခါး ဘက်က သမီး စိတ်ချမ်းသာ ဖို့ စကား ဒါမှမဟုတ် ကတိတစ်ခုခု ပေးစေချင်တာ၊ လက်ထပ်ပြီးမှ ဒီလိုပုံစံတွေ တစ်ယောက်နဲ့တစ်ယောက် ဂရုမစိုက်ဘဲ ထင်သလို ပြော၊ နေချင်သလို နေကြရင် ခက်မယ်"

"ဒါက ဒီလိုရှိပါတယ် အန့်တီ .."

မလတ် ကပဲ ကြားက ဝင်၍ ...

"မလတ် ဆရာလုပ်တာ မဟုတ်ဘူးနော် .. အားလုံး အဆင်ပြေ စေချင်တဲ့ဆန္ဒပါ၊ ဟို လူငယ်ချင်း လက်ထပ်ဖို့ .. သင့်မြတ်ဖို့အတွက် သူတို့ချင်း ဆွေးနွေးကြတာ ပိုပြီး အဆင်ပြေမယ် ထင်ပါတယ်၊ ကတိ ပေးတယ်၊ သစ္စာဆိုတယ်ဆိုတာတွေကလည်း ကာယကံရှင်တွေ စိတ်ပါလက်ပါ မဟုတ်ဘဲ ကြိုးတုပ်ခိုင်းလို့ ရတာမျိုး မဟုတ်ဘူးလေ၊ တစ်ယောက်အပေါ်မှာ တစ်ယောက် ဘယ်လောက်ထိ လေးနက်ကြ သလဲဆိုတာ သူတို့ချင်း ပြောဆို အကဲခတ်ကြမှ သိကြမှာပါ၊ တကယ်





လို့ သဘောချင်း တိုက်ဆိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုရင်တောင် ခုချိန်မှာ ဆုံးဖြတ်ခွင့်တွေ ရှိကြသေးတယ်"

"မလတ် ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဖိတ်စာမကမ်းရသေး တာပဲ ရှိတာ .. အသိုင်းအဝိုင်းထဲမှာ လက်ထပ်မယ့်သတင်းက တော် တော်ပျံ့နေပြီ၊ လဲ့ ကတော့ ဒီပွဲ အပျက်မခံပါဘူး၊ နှစ်ပါးသွားကဖို့ မဖြစ်နိုင်ရင်လည်း ခပ်ကြမ်းကြမ်းပြဇာတ်တစ်ပုဒ်ဆို .. မဆိုးပါဘူး"

ဒေါ်ပြည့်ပြည့်စိုး ဘယ်သူ့ဘက်က ဘယ်လိုစကားနဲ့ ဝင်ပြီး ဖာထေးရမှန်း မသိ ..။

ကိုယ့်ချွေးမက ဘာကိုဖြစ်စေချင်လို့ စကားဦးလှည့်လိုက်မှန်း မသိသလို လဲ့ က ဘာအဓိပ္ပာယ်တွေနဲ့ စိန်ခေါ်လိုက်တာလဲ ..။ အဆင် မပြေသည့် ဆက်ထုံးတစ်ခုတော့ ဖြစ်သွားခဲ့ပြီကို သိလိုက်ပေမယ့်...

"မာမီ့ကို ရှင်းပြပါဦး သမီးရယ် .. ညည်းရဲ့မောင်ဘက်က လိုက် ပြောလိုက်တာ တစ်ဖက်သားကို အားနာစရာတွေ ဖြစ်ကုန်တယ်လေ၊ ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ .. ခက်တာပဲကွယ်"

"သမီးလည်း တက္ကသိုလ်ရောက်ကာစ ဆယ်ကျော်သက်အရွယ် လေး မဟုတ်တော့ပါဘူး မာမီ၊ ဘယ်စကားပြောရင် ဘယ်သဘော ရောက်သွားမယ်ဆိုတာ တွေးမိပါတယ်၊ ဒါပေမယ့် ကိုယ့်အပိုင်းနဲ့ ကိုယ် သက်ဆိုင်တဲ့ကဏ္ဍအလိုက် ပြောကြတာပဲ ကောင်းတယ်လေ၊ မိန်းမသားချင်း မစာနာလို့ပြောတာ မဟုတ်ဘူး၊ သူ့သမီး ခါးလေး ကို တစ်ဖက်သတ် မေတ္တာရှိနေတာ၊ ဖွင့်ပြောပြော မပြောပြော သိသာ ပါတယ်၊ ခုလည်း လဲ့ ပြောသွားတာ မာမီ ကြားတာပဲ .."

"အေးလေ .. ဒါပေမယ့် .."

"အန့်တီကြူ က သမီးတို့မိသားစုနဲ့ ဟိုအရင်ကတည်းက ဆွေ မျိုးလို နေခဲ့ကြတာပါ၊ ခုကိစ္စမှာ သင့်တာလောက်ပဲ သမီး ပြော လိုက်တာ ..၊ အန့်တီကြူ့ ပုံစံက တောင်းပန်လေ မပြီးနိုင်လေ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



မှာ သမီး သိနေတယ်၊ နှစ်ဦးနှစ်ဖက် ရွှေရွှေချင်းထပ် မြတ်အောင် ဇီစဉ်နေကြတာ၊ ဘယ်သူ့ဘက်ကမှ ကုန်ပုပ်တစ်ခုလို ထိုးကြိတ်ရောင်းချင်နေတာ မဟုတ်ဘူး၊ သူ့ဃမီးဘက်က ဖြစ်ချင်တာတွေ များနေသလို ခါးလေး ဘက်မှာလည်း ပြောချင်တာတွေ .. မျိုသိပ်ထားရတာတွေ ရှိမှာပေါ့၊ တစ်ဖက်သတ်ဇောင်းဆိုချက်တွေ ထုတ်နေတာ မသင့်တော်ဘူးလေ၊ ပြီးတော့ အခု ခါး လည်း အနားမှာရှိတာ မဟုတ်ဘူး.."

"သမီးနဲ့ သားငယ်က မောင်နှမတွေလို နေကြတာဆိုတော့ မာမီ့ထက် ပိုသိထားတာများ ရှိနေသေးလားဟင်၊ သင်းလဲ့ကြူ ဒီလောက်မျက်နှာပြောင်းလဲသွားတာ .. သားနဲ့ ဟိုမိန်းကလေးကို တပ်အပ်ထင်မြင်စရာကစ်ခုခု တွေ့ထားလို့များလား"

"ဟုတ်မှာပေါ့ မာမီ .. မာမီ့သားကိုယ်တိုင် ခါးသက်ချို ဘက်ကရှင်းရှင်းလင်းလင်း ရပ်တည်လိုက်တာ ထင်နေစရာတောင် မလိုဘူး"

"ဘယ်လို!..."

"အဲဒါတောင် လဲ့ က မာနတွေထားပြီး နုတ်ထွက်သွားနိုင်လို့လား .. ကိုယ့်သမီးအခြေအနေကို နည်းနည်းပါးပါး အကဲမခတ်ဘူး၊ ဒီမှာလာပြီး ခွတ်တရွတ် အလေးတင်နေတယ်၊ လဲ့ ကို မာမီ့သား လုံးဝ မကြိုက်ဘူး .. အဲဒါ သေချာတယ်"

"လဲ့ ကို မကြိုက်ဘူးဆိုတော့ ခါးသက်ချို ဆိုတာကို .."

"အဲဒါတော့ သမီးလည်း သေချာမသိပါဘူး၊ သားသားကို မေးကြည့်သလောက်ဆိုရင် မရိုးမသား ဘာမှမရှိကြသေးဘူး၊ သံယောဇဉ်တော့ ရှိခဲ့ကြမှာပေါ့"

"အဲဒီ သံယောဇဉ်က ခက်တာပဲ"

ဒေါ်ပြည့်ပြည့်စိုး ညည်းညူသလိုပြောကာ ဆိုဖာမှာ မှီလိုက်သည်။ လက်တင်မှာ တံတောင်နဲ့ထောက်၍ နားထင်တစ်ဖက်ကို ဖိကပ်ထားမိသည်အထိ စိတ်တွေ ရှုပ်ထွေးလျက်ရှိကာ ...





"ခက်တော့နေပြီ ..၊ မြေးကို သေချာမေးကြည့်ဦးမှပါ၊ မဟုတ်တဲ့ပြဿနာကြောင့်တော့ မင်္ဂလာပွဲ အပျက်မခံနိုင်ဘူး"

"ဟုတ်တဲ့ပြဿနာဖြစ်နေရင်ရော မာမီက ဘယ်လိုလုပ်မှာလဲ"

"ဟင်!..."

မလတ် က အမှတ်တမဲ့ ဝင်မေးလိုက်ပြီးမှ ...

"ခါး ကို တိုက်ရိုက်မေးလည်း သူ ညာမှာ မဟုတ်ပါဘူး မာမီ၊ သူ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာ သူပဲသိမှာပေါ့၊ သမီးကတော့ ခါးသက်ချို ကို သူ သံယောဇဉ်ဖြစ်ခဲ့တာတော့ ရှိမှာပဲလို့ ထင်တယ်၊ လဲ့ တို့ ထင်သလိုထိ ဖြစ်ဖို့က အင်း .. ခါး က ဘာမှမပြောဘဲ နေတော့လည်း ခက်သား.."

"နေပါဦး .. သမီးက ဒီမိန်းကလေးကို သား ချစ်နေပြီလို့ ထင်နေတာလား"

"ထင်တယ် .. ထင်တာက ဒီလိုလေ၊ နှစ်ဝက်လောက်ထိ အတူတူ နေထိုင် ရင်းနှီးခဲ့တယ်ဆိုတော့ .."

"မဖြစ်နိုင်တာကွယ် .. သားက ချောမေ့လှမေ့ဆိုတဲ့ သူဌေးသမီးတွေကိုတောင် စွဲလမ်းခဲ့တာ မဟုတ်ဘူး၊ သမီးတို့ပဲ မာမီ့ဆီကို တိုင်သေးတယ်လေ၊ မာမီ့သား ရုပ်လေးချောချောနဲ့ အသေရှုပ်တာဆို.. ဒီလိုမိန်းကလေးကို .."

"ဒီလိုမိန်းကလေးဆိုပေမယ့် ခါးသက်ချို က သန့်သန့်ခန့်ခန့်လေး မာမီ၊ မင်းကြိုက်စိုးကြိုက် ရုပ်ရည်မျိုး၊ ထင်းနေအောင် မလှပေမယ့် သူ့အလှလေးနဲ့ သူတော့ ဆွဲဆောင်မှု ရှိနေတာပဲ၊ ပုံစံလေးကြည့်ရတာ မဆိုးပါဘူး"

"ဘာ!..."

ဒေါ်ပြည့်ပြည့်စိုး လက်ထောက်ထားတာ ဆတ်ခနဲ ပြုတ်သွား၏။ ခါးမတ်မတ်နှင့် မလတ် ဘက်ကို ပခုံးတစ်ခြမ်း လှည့်ရင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ ...

"ဘယ်လို သမီး .. သမီးပြောတဲ့ အဓိပ္ပာယ်က .."

"မဟုတ်ပါဘူး .. နောက်ဆုံး အဲဒီအတိုင်း ဖြစ်နေခဲ့ရင်တောင်.."

"ဖြစ်စရာလား သမီးရယ် .. သန့်နေ လှနေတာနဲ့ပဲ မာမီတို့ အသိုင်းအဝိုင်းတွေထဲကို ဆွဲသွင်းဖို့ ဖြစ်နိုင်မှာလား ..၊ သားငယ်က မိုးခါးခါး ရဲ့ တစ်ယောက်တည်းကျန်တော့တဲ့ နောက်ဆုံးမျိုးဆက်..၊ အမွေဆက်ခံမယ့် သား .."

သားနှစ်ယောက်အတွက် အကြီးလူ အိမ်ထောင်ကျပြီးကတည်းက အညီအမျှ ခွဲဝေခဲ့ပြီးသား ..၊ ဒါကြောင့် နောက်ပိုင်းမှာ 'မိုးခါးခါး ရဲ့ တစ်ဦးတည်းသော အမွေဆက်ခံမယ့်သား' ဆိုတာကို ခေါ်ပြည့်ပြည့်စုံ တမ်းတမ်းတတ ပြောတတ်ခဲ့ခြင်း ဖြစ်သည်။

သားကြီးကို ဆုံးရှုံးလိုက်ရပြီးမှ သားငယ်တစ်ယောက်ကို ရတနာ ထုပ်လို မီးခံသေတ္တာထဲ ထည့်ဝှက်ရမလိုလို ..။

သွားလေရာပါအောင် အိတ်ထဲကောက်ထည့်ထားပြီး ည အိပ်ရာဝင်တာတောင် ခေါင်းအုံးအောက် ထည့်အိပ်ထားချင်တာမျိုး ထားစရာမရှိအောင် ဖြစ်နေခဲ့ရသည်။

ဖအေဖြစ်သူကတော့ သားမွေးထားတာမို့ ဒီလောက် ပူပန်စရာ မလိုဘူးတဲ့ ..၊ သားဆိုတာ 'ကျား'၊ ကြောင်လို ယုယမနေနဲ့လို့ ပြောသေးသည်။

ထို့ကြောင့် သားကြီး ဆုံးသွားသည့်နောက်ပိုင်းမှာ သားငယ်ကို ခေါ်နိုင်းတော့မှာသိလို့ ခေါ်ပြည့်ပြည့်စုံ ကိုယ်တိုင် ဟိုမှာပဲ အနီးကပ် ကူညီနေခဲ့ရသည်။ သားကို တစ်ယောက်တည်းပြန်လွှတ်လိုက်ဖို့ အခွင့်အရေးလေးရအောင်လည်း အပင်ပန်းခံခဲ့ရတာ သူမပဲ ဖြစ်သည်။

စီးပွားရေးမှာပဲ ခေါက်ချာစေချင်သည့်အပေနှင့် စီးပွားရေးတစ်ခု ကိုပဲ ကွင်းကွက်၍ စိတ်မဝင်စားချင်ဖြစ်နေသော သားတို့ ပဋိပက္ခ





မဖြစ်စေချင် ..။ ခုတော့ ကိုယ် တန်ဖိုးထား ယုယခဲ့ရသည့် ရင်သွေး ရတနာလေးက ပင်မြင့်စံပန်းတွေကို မလိုချင်ဘူးတဲ့လား ..။

"မာမီကတော့ ဒီလို အဖြစ်မခံနိုင်ဘူး သမီး ..၊ အချစ်ဆိုတာ လူငယ်တွေအတွက် အိမ်ထောင်ရေးမှာ အစိကကျချင် ကျနေလိမ့်မယ်၊ ပြည့်စုံတဲ့ အဆင့်အတန်းလည်း လိုပါလားလို့ သိလာတဲ့အချိန်ကျမှ ဆင်းရဲပင်ပန်းတဲ့ဒုက္ခကို ကောင်းကောင်း ခံစားကြရမှာ၊ မာမီ့ သားသမီးတွေကို အဲဒီလို အဖြစ်မခံနိုင်ဘူး"

"မိဘတိုင်းရဲ့ စေတနာတွေကတော့ အတိမ်အနက်ကွာဟမှုတွေ ရှိကောင်းရှိနိုင်ပေမယ့် ဒီတိုင်းချည်းပါပဲ မာမီရယ် .. ဒါပေမယ့် ရေခါးက နွေခါးဦး မှ မဟုတ်တာ"

"ခါးသက်ချို ကလည်း နေရီဆုလံတ် မဟုတ်ဘူးလေ၊ လူဆိုတာ အဆင့်အတန်း အနိမ့်အမြင့်နဲ့လိုက်ပြီး အများဆုံးက စိတ်ခေတ် အောက်တန်းကျကြတာပဲ၊ သူ့ကို မချမ်းသာလို့ .. ပညာတတ်မဟုတ်လို့ မာမီ နှိမ့်ချပြောနေတာ မဟုတ်ဘူး၊ သူ ကျင်လည်ခဲ့တဲ့ပတ်ဝန်းကျင်ကို လုံးဝ လက်မခံနိုင်တာ၊ သားငယ်နဲ့ တကယ်ဆိုရင် မာမီ ဖျက်ရမှာပဲ သမီး"

မလတ် က လက်ကိုင်အိတ်ကြီးကို ရင်ခွင်ထဲ ယူပွေ့ထားလိုက်ပြီးမှ မထဖြစ်သေးဘဲ သက်ပြင်းချလိုက်ကာ ...

"သားသားရဲ့အသက်ကို သူ ကယ်လိုက်လို့ ပြီး သိခဲ့ကြတာ မှန်ပေမယ့် ဒါကြောင့် သမီး ဒီစကားတွေ ပြောနေတာ မဟုတ်ပါဘူး မာမီ၊ ချစ်တုန်း မုန်းစကား ပြောတာမျိုးပေါ့၊ အခု သမီးတို့ဖာသာ ထင်ကြေးနဲ့ မုန်းသမ်းကြည့်နေကြတုန်း ဖြစ်နိုင်တာအားလုံးကို ထည့် စဉ်းစားကြတဲ့သဘောပါ၊ ဟိုမှာ အတူတူနေခဲ့ကြတုန်းက ဘယ်လို ပြောတာ၊ ဘာတွေ ဖြစ်ခဲ့ကြတာ သားသား ပြောပြတာတွေ မသိတော့ သမီးက ဝိုပြီး နေ့စဉ် ကြားနေရတာ မာမီရဲ့.. အဲဒီအပေါ်မှာသူတို့ချင်း



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းပင်းခဲ့တာတွေကို မြင်လာတယ်၊ ခါးသက်ချို ဘယ်လို မိန်းကလေး မျိုးလဲလို့ သိချင်လာတယ်၊ သားသား ကားတိုက်တဲ့ပြဿနာ ပေါ်လာလို့ မြင်လိုက်ရတော့ သူ့ရုပ်ရည် အဆင့်အတန်းလေးကိုမြင်ပြီး ခါးလေး နဲ့ ရိုးမှရိုးခဲ့ရဲ့လားလို့ တွေးမိလာတယ် ..''

ဒေါ်ပြည့်ပြည့်စိုး နားထောင်နေတာကို ခဏ အကဲခတ်ပြီးမှ မလတ် က ဆက်ပြောသည်။

''သူက အရမ်း ကြင်နာတတ်တဲ့မိန်းကလေးပါ၊ သူ့တူမလေးရဲ့ သူငယ်ချင်းဆိုတဲ့ အသိလေးနဲ့တောင် သားအတွက် သူ မကြောက်မရွံ့ အနစ်နာခံပြီး ကယ်တင်ခဲ့တာ၊ အခွင့်အရေးမယူတတ်ဘူးဆိုတာလည်း သိသာတယ်လေ၊ Q Star မှာ အခု လဲ့ တို့နဲ့ ပြဿနာဖြစ်တော့လည်း အဓိကတရားခံက သားသားပဲလေ၊ သူ့ကို သားက တွန်းလိုက်သလို ဖြစ်သွားပြီး အားလုံး ရှုပ်ကုန်တာလို့ သား ရှင်းပြတာပဲ''

ဒေါ်ပြည့်ပြည့်စိုး က မသာမယာမျက်နှာကြီးနှင့် လေးဖင့်စွာ ခေါင်းညိတ်သည်။

''ဒါပေမယ့် ရုံးခန်းမှာ ဆူခံထိတော့ သားရော ခါးလေး ရော ငုတ်တုတ်ရှိနေရက်နဲ့ ဘယ်သူ့ကိုမှ လက်ညှိုးမထိုးဘဲ သူ့အပြစ်အတိုင်းပဲ ခေါင်းငုံ့ခံသွားတယ်''

''အဲဒါကြောင့် သားငယ်ကလည်း လဲ့ ကို ပေါက်ကွဲခဲ့တာပဲလေ၊ ဒီလိုပုံစံဖြစ်လာအောင် သူ တမင် ပညာသုံးသွားတာရော မဖြစ်နိုင်ဘူးလား ..''

''မဖြစ်နိုင်ဘူးလို့ပဲ သမီး ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက် သံယောဇဉ်တွေ ခါးလေး မှာ အပြည့်ရှိတယ် မာမီ၊ ခုလောက်ဆို ခါးလေး ရဲ့ဘဝအမှန်ကို သူ သိနေပါပြီ၊ အခွင့်အရေး လိုချင်ရင် မဟေသီဖြစ်ဖို့ မဟုတ်ရင်တောင် သူ အမျုးကြီး ဖွဲ့ယူလို့ ရနေတာပဲ''

''ဘယ်လို .. သားငယ်ကို သူက ဆင်းရဲတယ်ထင်နေတာပေါ့၊





ဟုတ်လား ..''

''ဟုတ်တယ် .. မာမ့်သားက ကလေးအဖေ မုဆိုးဖိုတစ်ယောက်လို ခြေသလုံးအိမ်တိုင် လျှောက်သွားနေရင်း သူနဲ့ ဆုံခဲ့တာလေ၊ မာမီ ပြန်လာကတည်းက ခုချိန်ထိ ဒါတွေကို ဘာမှ သေချာပြောမပြဘူးမို့လား၊ သမီးနဲ့ သားသားကိုလည်း သူ မပြောဖို့ တားခဲ့တာ''

''ဘာဖြစ်လို့လဲ''

''မာမီ ရောက်ကာစက ခါးသက်ချို ကို သူ ငှဲညှာပြီး အဲဒီအိမ်မှာပဲ သွားအိပ်နေရတာလေ .. ကိစ္စတွေ မပြတ်သေးလို့ပါဆိုကာ အဲ့ဒါပဲ''

မလတ် က သူမ သိထားသမျှကို နားလည်လွယ်အောင် ပြန်ပြောပြရင်း ...

''မာမီသိရင် ခွင့်ပြုမှာမဟုတ်တော့ ဖုံးဖိလှုပ်ရှားခဲ့ရင်း ပြောဖြစ်တော့တာ နေမှာပါ၊ ခါးသက်ချို က အသိုင်းအဝိုင်းဂုဏ်ဓန မရှိပေမယ့် ပညာတတ်တစ်ယောက်ပါ မာမီ၊ မာမ့်သားလေးကို ချမ်းသာစေချင်တာတစ်ခုပဲကြည့်ပြီး ရွှေနဲ့မြ ဂဟေထားမှာပဲဆိုရင် တစ်ယောက်နဲ့ တစ်ယောက် ချစ်လည်း မချစ်ကြ၊ တူညီနေတဲ့ မာနတွေ ပြိုင်ကြနဲ့ စိတ်ချလက်ချဖြစ်ချင်လို့ လက်ထပ်ပေးမိတဲ့ မာမ့်ဆန္ဒတွေ ပြည့်နိုင်ပါ့မလား ..၊ မာမ့်သားကို တကယ် ကြင်နာပြုစုပေးနိုင်မယ့် ဇနီးကောင်းတစ်ယောက်ပဲ ရှိဖို့လိုတာလို့ တွေးမိလာရင် အဲဒီအချိန်မှာ နောက်ကျနေပြီ''

''အဲဒါတွေ မာမီ မတွေးချင်တော့ဘူး သမီး၊ ဖြစ်လည်း မဖြစ်စေချင်ဘူး၊ အဆင့်အတန်းဆိုတာကို အတွကြီးကြီးနဲ့ ဆုပ်ကိုင်မထားချင်ပေမယ့် သားလေးကျမှ ဒီလောက်ထိ နုံချာတဲ့ မိန်းကလေးမျိုးနဲ့တော့ ဘယ်လိုမှ မဖြစ်စေချင်တာ ရင်ထဲမှာ သေချာနေတယ်၊ ပြီးတော့ လဲ့ ကလည်း သားကို တစ်ဖက်သတ် ချစ်နေရှာတဲ့မိန်းကလေးပဲ၊ သူလည်း ဇနီးကောင်းတစ်ယောက် ဖြစ်လာနိုင်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် မာမီ .. သမီးကတော့ ထင်နေတယ်"

"ဘာကိုလဲ သမီး"

"ခါးလေး က သူနဲ့ လက်တွဲဖို့အတွက် သူ့ရဲ့ ရုပ်ရည်ပကာသန တွေကို မက်မောပြီး ကိုယ်တိုင် ရှေ့ရောက်အောင် ပြေးလာတဲ့ အထူးထူးသော ကောင်းခြင်းအဖြာဖြာနဲ့ မိန်းမလှလေးတွေထက် အခန်းစုတ်စုတ်လေးထဲမှာ ကလေကချေ ရေခါး ဆိုတဲ့ကောင်လေးကို ရန်ဖြစ်ရင်း၊ ဖေးမရင်းနဲ့ ထမင်းရည်အတူသောက်ခဲ့ကြတဲ့ ရဲရွှေဖော်လေးကိုပဲ တန်ဖိုးထားမှာပါ၊ အဲဒါ မာမီ သတ်မှတ်သလို မဟုတ်တဲ့ သူ့ရင်ထဲက တန်ဖိုးပေါ့"

ဒေါ်ပြည့်ပြည့်စိုး မျက်ခုံးတန်းတွေ စုကျုံ့သွားကြသည်။

မလတ် ပြောနေတာတွေက ခန့်မှန်းခြေတွေလား .. သိနေခဲ့တာတွေလား ..၊ ကိုယ့်ကို တိုက်တွန်းနေသည်လား .. ဒါမှမဟုတ် ပုတ်ခတ်နေသည်လား ..။

အဖြေကို နားမလည်ချင်သော်လည်း ..။





## အခန်း [၄၇]

"ဘာ!... နင့်ကို ညှော်ခံပေးဖို့ ခေါ်တယ် .. ဟုတ်လား"

မေးနေရင်း စုစု မျက်နှာ ဒေါသရောင်တက်လာလျက် ...

"ဘာမှ အဓိပ္ပာယ်မရှိဘူး၊ သူတို့နဲ့ နင် ရင်းနှီးတာလည်း မဟုတ်ဘူး၊ အဆင့်အတန်းချင်းလည်း မတူဘူး၊ ဒါ တမင်တကာ ယုတ်မာတာ၊ ကီးဘုတ်ပေါ်မှာ Delete လုပ်မိလို့ ဖိုင်တွေ ပျောက်သွားတာဘာဖြစ်သွားနိုင်လို့လဲ ..၊ အဲဒါတွေ မိန်းကွန်ပျူတာမှာ အားလုံး သိမ်းထားပြီးသား၊ နင့်ကို မထွက်နိုင်အောင် ချည်တုပ်ထားတာကိုက ဒီလိုလုပ်ဖို့ စိတ်ကူးတွေနဲ့မှန်း ခုမှ ပေါ်တယ်၊ ငါဖြင့် အံ့ရောဟယ်၊ နင့်လိုလူကို သူက ပြိုင်ဘက်လို သဘောထားနေလား မသိဘူး၊ ချမ်းသာပြီး အောက်တန်းကျပ!"

"သူကလည်း ကိုချစ် ပြောပြနေတာတွေကို ဘာတစ်ခုမှ ဖေးဖေးမမ ကာကွယ်ပြောတာ မဟုတ်ဘူး၊ ကိုချစ် က ဝင်ရှင်း၊ ကာကွယ်ပြောလေ မလှဲ က ဟိုလိုလိုဒီလိုလိုမျက်လုံးနဲ့ ကြည့်ပြီး ငါ့ကို မဲ့ငေး တကယ်ဆို .."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဖြစ်ဖြစ် .. နှစ်ကယ်ဖြစ်ဖြစ် သူက ဘာဝင်ပြောရမှာလဲ၊ ဆိုင်ပါတယ်ပြောလည်း မကောင်း၊ ဘာမှမဆိုင်ဘူးလို့ ကလေးပြောတာကို ဖျတ်ဖျတ်ခါ ဝင်ငြင်းတော့ရော နှင့်ရင်ထဲမှာ ဘာဖြစ်သွားမလဲ၊ နောက်ပြီး .."

စုစု က ခဏ အသံတိတ်သွားကာ ...

"သူလည်း နှင့်ကို ဒီလိုမြင်ရတော့ စိတ်မကောင်း ဖြစ်ချင်ဖြစ်နေမှာပါ"

"မဟုတ်ပါဘူး စုစု ရယ် .. ငါ့ရှေ့ကနေ ဖြတ်သွားတုန်းကရော.. အဲဒီအချိန် ငါ့ရှေ့မှာ ထိုင်နေတာရော ပီကေဝါးနေတာ တစ်ချက်မှ မပြတ်ဘူး၊ စားပွဲပေါ်က အဘိုးအဘွားစုံတွဲပုံ ကျောက်ရုပ်တုလေးကို တောင် တိုးရွှေ့ဆော့နေသေးတယ်၊ ငါပြောတာက သူ ငါ့ကို မသိပါဘူး၊ မခင်ပါဘူးလို့ ပြောပေးစေချင်တာ မဟုတ်ဘူး၊ အဲဒီအချိန်လေးမှာ သူ ဘယ်လိုပုံစံ ရှိနေသင့်တယ်ဆိုတာ သိစေချင်တာ"

"ပြောပါဦး .. ဘယ်လိုပုံစံမျိုးလဲ"

သက် တို့အဆောင်မှာ စုစု က လာလည်နေတာ ဖြစ်သည်။ ဧည့်တွေ့ခန်းမှာပဲ နှစ်ယောက် ထိုင်ပြောနေကြတာမို့ အနီးအနားမှာ သူတို့လိုလူတွေ ရှိနေကြပေမယ့် ကိုယ့်အကြောင်းနဲ့ကိုယ် ဘယ်သူ့ဆီမှ နားမစွင့်မိကြ ..။

"ပြောလေ မိသက်"

"မသိဘူးဟာ ..၊ သူ အဲဒီလိုနေနေလိုက်လို့ ဒီပြဿနာတွေ ဖြစ်လာခဲ့တာ"

"ငါတော့ မထင်ပါဘူး"

"ဘာကိုလဲ .."

"အဲဒီတုန်းက ဒီလောက်ဖြစ်တာ မဟုတ်ဘဲ နှင် ထွက်လာမှ သူတို့ချင်း ဖြစ်ကျန်ခဲ့တာဆို ဘယ်လိုလုပ်မလဲ၊ နင်နဲ့ ရေခါး နဲ့ ရင်းနှီး





မှုက မဆိုင်သလို နေနိုင်ကြတဲ့အထိတော့ စိမ်းသက်မသွားနိုင်သေးဘူးနော်၊ ကိုချစ်လေး ကတောင် နှင့်ဘက်က ကာကွယ်ရှင်းပြနေရင် သူ ဒီတိုင်းနေမှာ မဟုတ်ပါဘူး"

သက် မျက်လွှာချရင်း ငေးငေးလေး ဖြစ်သွားသည်။ ပြီးမှ ...

"ဟုတ်မှာပါ ..၊ သူ ငါ့ကို သံယောဇဉ် အနည်းအကျဉ်းတော့ ရှိနေသေးလို့ အလုပ်မပြုတ်အောင် ကူညီခဲ့တာပဲ၊ ဒါပေမယ့် အရမ်း စိတ်နာသွားလို့ မကြည့်ချင် မပြောချင်လောက်အောင် ရှိနေတာ ဖြစ်မှာပေါ့"

ပြောနေရင်း ချက်ချင်း မျက်ရည်ဝေ့၏။

"ငါ ကျေနပ်ပါတယ်၊ ငါမှားခဲ့တဲ့အပြစ်အတွက် သူ့ကို တောင်းပန်ဖို့ ဘယ်တော့မှ စိတ်မကူးပေမယ့် ငါ့ကို ဘယ်လိုမုန်းပြနေနေ ကျေနပ်နိုင်တယ်၊ ခုလည်း ငါ ခေါင်းညိတ်လိုက်တယ်၊ အဲဒါ သူ့အတွက်ပဲ၊ ငါ့လိုမိန်းမတစ်ယောက်အတွက်နဲ့ သူ့သိက္ခာ မကျစေချင်ဘူး၊ အဓိကက သူ့အိမ်ထောင်ရေး .."

"ဟုတ်တယ် .. ဟုတ်တယ် .. ဒီမင်္ဂလာပွဲမှာ ရှင် ဧည့်ခံပေးလိုက်တာနဲ့ သူတို့အိမ်ထောင်ရေးကြီး ဖြောင့်ဖြူးသာယာသွားမှာဆိုတော့နော် .. ဟုတ်တာပေါ့"

"ငါ့ကို ငေါ့မနေစမ်းပါနဲ့ စုစု ရယ် .. နင်ကတစ်မျိုး .. ငါ သူ ပေးခဲ့တဲ့ ပိုက်ဆံအိတ်ကို သိမ်းထားမိတာတောင် စိတ်မလုံဘူး၊ ပြန် ပေးမလို့ပေမယ့် သူက မခေါ်တော့ .."

"ပိုက်ဆံအိတ်ထဲမှာ ဘာတွေပါသလဲ နင် ဖွင့်မကြည့်ဘူးလား"

"မကြည့်ဘူး .. အဲဒီမနက်က ငါက နိုကိုးရာမှဲ့ လူမမာဆိုတော့ ဒီတိုင်းမထားခဲ့ရက်လို့ ချထားပေးခဲ့တာ၊ ပိုက်ဆံတော့ ပါမယ် ထင်တာပဲ"

"သက် ရယ် .. သေစာရှင်စာများ ပါနေရင် ဘယ်လိုလုပ်မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



နင့်ဟာက .."

သက် က မချိပြုံးလေး ပြုံးသည်။

"ငါနဲ့ သူ့ကြားမှာ သေစာရှင်စာ ထားခဲ့ပြီး လျှို့ဝှက်ချိတ်ဆက်မှုတွေ ရှိလောက်အောင် ဘယ်လောက်များ ရင်းနှီးခဲ့လို့လဲ ..၊ အဲဒါကြောင့် မဆိုင်တော့ဘူးဆိုတဲ့အချိန်မှာ မသိခဲ့ဘူးတဲ့လူတွေလို ဖြစ်ကုန်တာပေါ့၊ သူ့သားလေးကတော့ .."

"သူ့သား မဟုတ်ဘူး သက် .. အဲဒါ နင် မသိဘူးမဟုတ်လား"

"ဘာ!..."

စုစု က ပြောချင်ပေမယ့် မပြောချင်တော့သည့် မျက်နှာရှုံ့တွတွနှင့် ...

"ငါပဲ အတွေးမှားခဲ့သလား မသိပါဘူး သက် ရယ် .. သူ လူပျိုဆိုတာ ငါ သိတာ သုံးရက်လောက်ရှိပြီ"

"လူပျို .. ဟုတ်လား"

"ဟုတ်တယ် .. တကယ်တမ်းကျတော့ ငါတို့က သူ့နယ်ပယ်နဲ့ မနီးစပ်လို့ပါ၊ သူ့အကြောင်း သိနေကြတဲ့လူတွေချည်းပဲ"

"ဘာတွေ ရှိသေးလို့လဲဟင်"

"ရှိတာပေါ့ .. ငါ နင် ပိုပြီးခံစားသွားရမလားလို့ ပြောဖို့ဟာ ချိတုံချတုံနဲ့ မပြောဖြစ်တာ၊ ငါ သိခဲ့ရတာ အများကြီးပါပဲဟာ၊ အဓိကကတော့ သူက ရည်းစားများတဲ့ ခပ်ရှုပ်ရှုပ်လူမျိုးပေါ့"

"အဲဒါ ငါ သိတယ်၊ သူ့အကြောင်း သူများတွေပြောနေကြပေမယ့် အိမ်ထောင်ရေး တစ်ခုမှ မပါခဲ့ဘူး၊ အခု နောက်ထပ် လက်ထပ်မယ့်မိန်းမနဲ့ သေချာနေတာကိုလည်း မထူးဆန်းသလိုပဲ၊ ငါ အဲဒီအချက်ကို နည်းနည်းတော့ တွေးမိခဲ့တယ်၊ ဒီကိစ္စကြီးက မဟုတ်တာနဲ့ အဟုတ်ဖြစ်လာဖို့ လွယ်တာမှ မဟုတ်တာ"

"ဒါပေမယ့် လွယ်လွယ်လေး ဖြစ်သွားခဲ့တာဟ၊ သူ ရည်းစား





များတာကို သူငယ်ချင်းချင်း မြှောက်ပင့်ပြီး ပျော်စရာလို နေလာခဲ့ကြပေမယ့် မုန်းနေတဲ့သူက နှိပ်ကွပ်ချင်နေတာလေ"

စုစု က မပြည့်စုံသော်လည်း ဖြစ်နိုင်တာတွေပါ ဖြည့်စွက် ပြောပြသွား၏။

"သူငယ်ချင်းချင်း အလောင်းအစားလုပ်ပြီး ရှုံးသွားတာ..၊ အဲဒါလည်း ဟိုတစ်ယောက်က သူ့ကို ကြိုက်ရက်သားနဲ့ ရည်းစားများတာကို မုန်းပြီး တမင်ချိုးတာလို့ ပြောတာပဲ၊ အဲဒီနောက်မှာ ဟိုဟာတွေ ဖြစ်ခဲ့တာပေါ့၊ ရေခါး ဖြစ်ပုံက အနောက်နိုင်ငံက ဗေဒင်ဆရာတစ်ယောက်လိုပေါ့ဟာ၊ ကိုယ့်ပညာကို ယုံကြည်မှုအပြည့်နဲ့ ပညာတံခွန်ထူနေတုန်း လက္ခဏာရှင်တစ်ယောက်ကို တစ်ချက်လေး အဟောမှားသွားတာနဲ့ သူ အနှစ်နှစ်အလလ လိုက်စားခဲ့တာတွေ အလကားပါလားဆိုပြီး စာအုပ်တွေအားလုံး တစ်ရွက်မကျန် မီးရှို့ပစ်လိုက်တယ်၊ ဗေဒင်လက္ခဏာလည်း နောက် လုံးဝ မဟောတော့ဘဲ ဖာတ်မြုပ်ပျောက်ကွယ်သွားတယ်တဲ့၊ သူလည်း သူ့ကိုယ်သူ ယုံကြည်မှုတွေ ပြည့်ဝနေတုန်း ဟိုတစ်ယောက်က ပြန်မချစ်တော့ အရှက်ကြီး ရှက်သွားတာဖြစ်မှာ..၊ သူကိုယ်တိုင် ကလေးအဖေပုံစံနဲ့ တကယ့်ဘဝထဲ ဝင်ပြီး ဆင်းရဲခံ ဒဏ်ခတ်ခဲ့တာဟ"

ဟုတ်ရဲ့လား ..၊ ဒါ တကယ် ဖြစ်နိုင်ပါ့မလားလို့ သက် တွေးနေဆဲ ...

"နင် သူနဲ့ နီးနီးလေးနေခဲ့ပြီး လူပျိုမှန်း လူအိုမှန်းတောင် မသိခဲ့ဘူးမို့လား"

"ဘယ်လိုလုပ် သိမှာလဲ စုစု ရယ် .. ခုထိ ငါ ယုံဖို့ခက်နေတုန်းပဲ၊ ဒီလို ဘဝပြောင်း သရုပ်ဆောင်ဖို့ဆိုတာ သူက ကိုယ့်ခံစားချက်နဲ့ကိုယ် ဖြစ်တယ်ပဲ ထား ..၊ ကလေးက ခုချိန်ထိ ဖေကြီးလို့ ခေါ်နေတာ"

"သူ့တူလို့ ပြောတာပဲလေ ..၊ တူ ဆိုတော့.."



www.burmeseclassic.com

www.burmeseclassic.com



"တူက ဦးလေးတွေ အဒေါ်တွေကို ဒီလိုခေါ်ကြတာမျိုး ရှိတော့ရှိပါတယ်၊ ဒါပေမယ့် မှုဆိုးမဖြစ်နေတဲ့ မအေကိုယ်တိုင်က ဒါကို ဒီတိုင်းကြည့်နေတာ .."

"သြော် .. သူများမိသားစုကိစ္စတွေ ငါတို့မှ မသိကြတာ သက်ရယ် .."

"မလှဲ့ တို့ ရှေ့မှာတုန်းကလည်း ကိုချစ် က ဖေကြီးတဲ့"

"ဖအေ မရှိတော့တဲ့ကလေးကို ဘယ်လောက်ထိ အလိုလိုက်ထားသလဲမှ မသိတာ၊ ဘာပဲဖြစ်ဖြစ် မရီးနဲ့ မတ်ကလည်း ရှိးသားခဲ့ကြလို့ အခု မလှဲ့ နဲ့ လက်ထပ်ဖို့တောင် ဖြစ်နေပြီမို့လား .."

သက် ဘာမှ မတွေးတတ်တော့ပါ။ အနီးစပ်ဆုံးက ရေခါး ဟာ သူ့မဘဝထဲမှာ ဘယ်နေရာ ဘယ်ကဏ္ဍမှာမှ မရှိသင့်တော့သည့် လူ..၊

ခေါင်းထဲမှာ ဆုံးဖြတ်ချက်တွေ ပြတ်သားနေခဲ့ပြီး ဝဲဘက်ရင်အုံမှာ ပူလောင်နေ၏။ ညကရော ကောင်းကောင်း အိပ်ပျော်ခဲ့လို့လား..။

သူ့ပိုက်ဆံအိတ်လေးကို ဗိုက်ပေါ်မှာ ထိကပ်ကိုင်ရင်း မလှဲ့ နဲ့ ဒေါက်တာ နေရီဆုလတ် တို့ ပုံရိပ်တွေပဲ အာရုံထဲမှာ ထင်နေသည်။

သူ ဘယ်လိုလူလဲဆိုတာ တွေးနေရင်း အိပ်မပျော်နိုင် ..၊

ခုတော့ အားလုံး သိလိုက်ရပြီဖြစ်ကာ နောက်ထပ်တစ်ခုက သူဟာ ရည်းစားများသည့် လူရှုပ်..၊ သူ့မျက်နှာမှာ အဲဒီလို အခွင့်အရေးယူချင်နေတာမျိုးတွေလည်း မရှိပါလား ..။

မတွေးနဲ့တော့ သက် ..၊ သူ့ကို ခေါင်းထဲက ထုတ်ပြီး မသက်ဆိုင်တဲ့ပစ္စည်းတွေကိုပါ စွန့်ပစ်လိုက်တော့ ..။





အခန်း (၄၈)

"ဒီလိုကျတော့လည်း သနားပါတယ်နော် ..၊ အနီးကပ်ကြည့်တော့ ချစ်စရာလေးဟ"

"ဖြစ်ရပြန်ပြီ .. ငါ ပြောတုန်းကတော့ နင် တစ်ချက်လောက် ပညာပြခဲ့ပါလား .. ဘာလားနဲ့"

"ငါတို့အားလုံး သူ့ကို ထင်ခဲ့ကြတာပဲလေ ..၊ ဒါပေမယ့် မဟုတ်လောက်ဘူးဆိုတာ သူ့မျက်နှာနဲ့ စကားပြောပုံကို သေချာမြင်ရမှ တွေးမိလာတာ၊ ပါးလေးတွေက ဝင်းနေပြီး ကြည်နေတာပဲနော်၊ သူ့အဆင့်အတန်းနဲ့ဆို အကောင်းစား နိုက်ကရင်မ်တွေ ဘာတွေလည်း သုံးနိုင်မယ့်ပုံ မပေါ်ပါဘူး၊ နဂိုလှတာ ဖြစ်မှာ .."

နန္ဒာ တို့နဲ့ သစ္စာ စုမိနေကြတုန်း ခါးသက်ချို ဆိုသည့်တစ်ယောက် ဘယ်လိုရောက်လာမှန်း မသိ ..။

"မသစ်သစ် ထင်တယ်နော် .. ခေါ်ကြတာကို နားစွန်နားဖျားပဲကြားမိလို့ပါ၊ ဒီပိုက်ဆံအိတ်လေးကို ကိုရေးခါး ကို ပြန်ပေးလိုက်လို့ရမလားဟင်..၊ သူ့အခန်းမှာ ကျန်ခဲ့တာ၊ အခန်းပိုင်ရှင်က သက်ကို လာပေးသွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာကတော့ စကားပြောရင်း အားလုံး၏ မျက်နှာတွေကို ဝေ့ပတ်ကြည့်တာပဲ ဖြစ်၏။ ဒါပေမယ့် သစ် နဲ့ပဲ မျက်နှာချင်းဆိုင် တစ်ခါနှစ်ခါ ဆုံဖူးတာမို့ ပြောတာက သစ် ကိုပါ ..။ ပြီးတော့လည်း သူမ အကောင်မြင်မှားပြီး ပြောဆိုခဲ့ဖူးတာကို တောင်းပန်သွားသေးသည်။

ပတ်လည် ဝိုင်းထိုင်နေကြသည့် နန္ဒာ တို့လက်ထဲမှာ ရေခါး ရဲ့ပိုက်ဆံအိတ်ပြားလေးက တစ်လက်ပြီးတစ်လက် ပြောင်းလဲ ရောက်ရှိနေကာ ...

"ဒီထဲက ဓာတ်ပုံကို ကြည့်ကြစမ်း..၊ ကျစ်ဆံမြီးလေးနှစ်ဖက်က ပခုံးအောက်တောင် မကျဘူး၊ သေးကျစ်ကျစ် တိုနံ့နံ့လေး၊ မျက်နှာက သွယ်သွယ် .. နဖူးပြောင်ပြောင်နဲ့ ပုံဆိုးပန်းဆိုးလေး၊ ဒါ ဘယ်သူ့ပုံ ဖြစ်မလဲ"

"မြင်သားပဲ ..၊ ဘယ်သူ့ပုံဖြစ်ဖြစ် စိတ်ဝင်စားစရာ မဟုတ်တာကို ထားလိုက်စမ်းပါ၊ အခု စိတ်ဝင်စားဖို့ရှိတာက ခါးသက်ချို နဲ့ ခါးလေး ..၊ သူတို့ပုံစံ ဘယ်လိုနေလဲ .."

"ဘယ်လိုနေစရာရှိလို့လဲ ..၊ ပြီးသွားကြပြီဥစ္စာ"

"ဒါ ငါတို့ ထင်ထားတာလေ၊ ခါးလေး က အဲဒီတစ်ယောက်ကို အထင်ကြီးစရာ မိန်းမအဖြစ် တစ်ချိန်လုံး အနီးကပ်ရှိခဲ့တာဆိုတော့ သူ့စိတ်ထဲမှာ ရှိချင်ရှိနေမှာပေါ့"

"မရှိလို့ပဲ အခု မိန်းမယူဖို့ သေချာနေပြီ နန္ဒာ ရယ် ..၊ ဘာလဲ.. နင့်လို အချောအလှကိုတောင် မကြိုက်ဘဲနဲ့ ခါးသက်ချို ကို ကြိုက်ခဲ့သလားလို့တွေးပြီး ရင်ခံနေတာလား"

နန္ဒာ က မဲ့ရွဲ့ ခေါင်းခါလျက် ...

"မလုပ်နဲ့ .. ဇာတ်တူသား မစားကောင်းဘူး"

"ဘာဆိုင်လို့လဲ"

"ငါတို့က သူငယ်ချင်းတွေလေ ..၊ အမြဲတမ်း ရှီးရှီးပဲ"





နန္ဒာ့ ရင်ထဲကို သိနေကြတာမို့ သစ် တို့က ဘာမှမပြောပေမယ့် မဲ့တဲ့တဲ့အပြုံးတွေ ဖြစ်လျက် ...

"ငါတို့ကတော့ ကိုယ့်သူငယ်ချင်းတစ်ယောက်ယောက်နဲ့ တစ်နေ့ ငြိမှာပဲ ထင်ကြတာ၊ တို့ထဲမှာ နင်က အလှဆုံးလေ"

"တော်ပါဟာ ..၊ အဲဒီဓာတ်ပုံ ပြ .."

နန္ဒာ မျက်နှာလေးပျက်ပျက်နှင့် လက်လှမ်းမီရာဆွဲတော့ ရေခါး ရဲ့ပိုက်ဆံအိတ်လေး ပါလာ၏။ အတွင်းနှစ်ထပ်အိတ်ထဲမှာမှ ဓာတ်ပုံ ဟောင်းလေးက စနစ်တကျ နေရာယူနေကာ ...

"ဟုတ်သားပဲ ..၊ သေချာထည့်ထားတာနော်"

"အဲဒါ ပြောတာပေါ့၊ ဒီပုံ မလှဘူးဆိုပြီး လွှင့်တွက်လို့ မရဘူး၊ သူ့ရဲ့ ပိစိညှောင့်တောင့် ငယ်စဉ်ကာလ ကလေးဘဝကတည်းက ဘက်စ်ဖရန့် ဆိုရင် .."

"အဲဒါ ဘယ်သူ ပေးသွားတာလဲ"

စကားလက်စတွေ ပြတ်တောက်ကုန်ကာ နန္ဒာ့ လက်ထဲက ပိုက်ဆံအိတ်လေးကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ ဆွဲယူသွားသဖြင့်...

"ခါး .."

သူတို့ ကြည့်လိုက်တော့ ရေခါး မျက်နှာက ရေကြီးသုတ်ပျာပုံစံနှင့် ဟိုကြည့်ဒီကြည့် ..၊ ပြီးတော့ အိတ်ကို ဘောင်းဘီအိတ်ထဲ နောက်ပြန် ထည့်ပစ်လိုက်ရင်း ...

"သက် ဒီကို လာသွားသလား"

မဖြေချင်တာ မဟုတ်ဘဲ ဘယ်သူမှ ဖြေဖို့ သတိမရတာဖြစ်ကာ အံ့ဩသည့်အကြည့်တွေနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ ရေခါး ဆက်မမေးတော့ဘဲ လှည့်ထွက်သွားကာမှ ...

"ခါးလေး .."

သစ် က ကမန်းကတန်း လှမ်းခေါ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ..၊ ဟိုက ပြန်သွားတာ ကြာလှပြီ၊ ဒီမှာ လူစုံကာမှ သူ့ကို ပြန်စောင့်နေရဦးမယ်"

"နင့်ယောက်ျားနဲ့ ဟံသာ တို့ မလာသေးဘူးမို့လား၊ ခဏပဲ"

သူ ပြန်မကြည့်တော့ဘဲ ဒင်းမ်ဆန်းဆိုင်ထဲက ပြေးထွက်ခဲ့သည်။

သက် ဒီမှာ လာထိုင်စားတာတော့ မဖြစ်နိုင် ..၊ သူမ ပိုက်ဆံ ဘယ်လောက် နမြောသလဲဆိုတာ သူ အသိဆုံး ..။

ဆိုင်က မှန်တစ်ဝက်ကာထားတာမို့ နန္ဒာ တို့ ထိုင်နေတဲ့ဝိုင်းကို ပလက်ဖောင်းပေါ်က လှမ်းမြင်ပြီး ဝင်ပေးသွားတာပဲ ဖြစ်လိမ့်မည်။

ထို့ကြောင့် နာရီတစ်ချက်ကြည့်ကာ ကားမှတ်တိုင်ဆီ တောက်လျှောက် ပြေးခဲ့၏။ သူတို့အားလုံး ချိန်းထားသည့်အချိန်နှင့် သူ ရောက်လာတဲ့အချိန်က သိပ်ကွာတာ မဟုတ် ..။

သက် ပြန်သွားတာ ကြာပြီဆိုတာကို မယုံပေ ..၊ သူမကို စကား ပြောချင်နေမိသည်။ ဓာတ်လမ်းဆုံးပြီလို့ ကိုယ်တိုင်သတ်မှတ်ပြီး မမြင်အောင် ရှောင်ခဲ့သည်။ မပြောမဆိုဖြစ်ခဲ့တာလည်း ကြာပြီ ..။

သူ့စိတ်ထဲမှာ ထိုအတွက်ကြောင့် ထူးခြားပင်ပန်းစွာ ခံစားခဲ့ရတာ မရှိတော့ နေရထိုင်ရတာ သက်သောင့်သက်သာရယ် ..၊

အကြောင်းတိုက်ဆိုင်တိုင်း သတိရလာတတ်တာလည်း လွှမ်းတာကို နာတာနဲ့ ဖြေလိုက်ရုံသာ ..၊ သို့သော် ...

ကိုယ့်ရှေ့မှာ သူမကို တစ်စုံတစ်ယောက်က လက်ညှိုးထိုး၍ ရင့်သီးမောက်မာစွာ ဆူပြောနေတာကို မြင်ရသည့်အခါတွင် ငြိမ်သက်နေခဲ့သော သွေးယောဇဉ်လွင်ပြင်က မုန်တိုင်းထန်ခဲ့၏။

မှတ်တိုင်ကိုရောက်တော့ လှည့်ပတ်ရှာကြည့်မိသည်။ သက် ကို ဘယ်မှာမှ မတွေ့ ..။ ခါးသက်ချို ဆိုသည့် မိန်းကလေးဟာ သူ့ရင်ထဲက အသန့်စင်ဆုံး နှလုံးရဲ့ဗဟိုနေရာမှာ နေမလောင် မိုးမခဘဲ စနစ်တကျ နေရာယူထားခဲ့သူ ဖြစ်လေသည်။





သူ ဘယ်လိုပုံစံဖြင့် ဘယ်လောက်ထိ တွယ်တာမိခဲ့မှန်း မဝေခွဲတတ်ပေမယ့် သူမအတွက် ထိခိုက်မခံနိုင်အောင် ကာကွယ် ရပ်တည်လိုခြင်းတွေ ရင်ထဲမှာ အပြည့်အသိပ် ..၊

ငုပ်လျှိုးနေခဲ့သည့် ခံစားချက်တစ်ရပ်က မြင်ကွင်းတစ်ခုရှေ့မှာ မီးပွင့်သွားသလို ချက်ချင်းကြီး ပြူးပြဲ ခေါင်းထောင်လာတာ သူ့ကိုယ်သူလည်း အံ့ဩနေဆဲပင် ..။

စိတ်စောစွာ ရှာဖွေနေရင်း သက် ကို အလှမ်းဝေးသည့် တစ်နေရာက ထီးပြင်ဆိုင်လေးရှေ့မှာ မြင်လိုက်ရ၏။

သက် က ထီးပြင်နေတာကို ငုံ့ကြည့်နေပြီး ငြိမ်သက် အေးခဲနေခဲ့သည့် မျက်ဝန်းတို့က မတ်တပ်သေနေသလို မရွေ့မလျား ..။

"ရပြီ .."

"ဘယ်လောက်လဲဟင်"

"ကိုင်းတစ်ဖက် လဲတာနဲ့ ချုပ်ခရယ် လေးရာ ကျတယ်"

တွက်မိပြီးသားမို့ ကိုင်ထားသည့် ငါးရာတန်ကို ပေးလိုက်သည်။ ထီးပြင်သည့်ကုလားက တစ်ရာတန် လှမ်းပေးတော့ ပြန်လှမ်းယူသည့် သက် ရဲ့ လက်ခုံနုနုလေးပေါ်ကနေ တခြားလက်တစ်ဖက် ဖျတ်ခနဲ ဖိဆုပ်လိုက်ကာ ...

"ခဏလိုက်ခဲ့"

"ဟင်!..."

သက် မထင်မှတ်ဘဲ မြင်လိုက်ရသဖြင့် ကြောင်အမ်းအမ်းလေး မော့ကြည့်၏။

ရေခါးသည် ဟိုတုန်းကနဲ့ ဘာမှမဆိုင်တော့သလို မိုးပြာရောင် အပြောင်ရိပ်ထနေသည့် ရှပ်လက်ရှည်နှင့် ဘောင်းဘီရှည်နက်ပြာကို ဝတ်ထားသည်။ အစကတည်းက ဖြူမှန်းသိသာသည့် မျက်နှာသည် ဖြူနု နီးမြန်းလျက် အစိမ်းရောင် နောက်ခံထားသလို မျက်[illegible]တန်း



www.burmeseclassic.com

www.burmeseclassic.com



တွေက ထူနက်နေပေမယ့် ကြည့်လို့ ကောင်းနေသည်။ နှုတ်ခမ်းသား တွေလည်း ပိုရဲနေ၏။

သ က် မျက်နှာလွှဲပစ်ကာ သူ ကိုင်ထားသည့်လက်ကို ဖျတ်ခနဲ ခါချပစ်၏။

"နေဦးလို့ ပြောနေတာ မကြားဘူးလား"

"ဖယ်ပါ .. ဘာလုပ်မလို့လဲ"

သက် က ထွက်သွားဖို့ပြင်လျှင် ရေခါး က လက်ကို ပြန်ဆွဲ ထားကာ ...

"မင်း ဘယ်ကို ပြောင်းသွားတာလဲ"

သူ့ကိုယ်က အကောင်းစား မွှေးနံ့နှင့် လက်ကို ဖိဆုပ်ထား သော သူ့လက်က သိန်းရာကျော်တန်နာရီကို မြင်ရင်း သက် မျက်ရည် ဝဲသည်။

ရှက်စရာကောင်းလိုက်တာ ...၊ ဒီလိုလူကိုများ ညည်း စိတ်ကူး ယဉ်ခဲ့သေးတယ် ခါးသက်ချို ...၊ မကြာသေးမီ ကာလလေးကပဲ ဒင်းမ် ဆန်းဆိုင်ထဲက မျက်နှာ ချောချောလှလှလေးတွေကို သူမ ရင်ဆိုင်ခဲ့ ရသည်။ အားလုံးသည် ရေခါး အတွက်ဆို တရားတစ်ဖက်၊ ဓားတစ် လက်နှင့် ပြိုင်ဖို့မဲ့ဖို့တွေ အဆင်သင့် ရှိနေခဲ့ကြသည်။

ဒါက သူ့ရဲ့ သူငယ်ချင်းအသိုင်းအဝိုင်းပဲ ရှိသေးသည်။ ကိုယ်က ဘယ်နေရာလောက်မှာ ပတ်သက်ခွင့်ရှိနိုင်သည့် အခြေအနေလဲ ...၊

သူမ ရှုံးခဲ့ပါ၏။

"ခါးသက်ချို .. ကိုယ်တို့စကား ပြောရအောင်"

"ဟင့်အင်း .. သက် သွားစရာတွေ ရှိသေးတယ်"

"ဘယ်သွားဖို့ပဲရှိရှိ အခု ဖျက်လိုက်တော့၊ ဒီနားလောက်မှာ ထိုင် မယ် .. ခဏလေးပဲ"

သက် အတင်း ခေါင်းခါနေမိသည်။





"ဒီမှာပဲ ပြောပါ၊ သက် မထိုင်ချင်ဘူး"

"ကျွတ်!..."

သူ မျက်နှာပါ မော့သွားကာ စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ပြီးမှ ခဏခဏ ရုန်းပစ်နေသည့်လက်ကိုပဲ ပြန်ဆွဲ၍ ဖိဆုပ်ထားကာ...

"ခါးသက်ချို .. မင်း ပါးရိုက်ပြီး ဆုချလိုက်တဲ့အတွက် ကျေးဇူး တင်ပါတယ်လို့ ငါ ထပ်ပြောတာကို လိုချင်သေးတာလား"

သက် ဖျတ်ခနဲ မော့လာသည်။ သူကလည်း စိုက်ကြည့်နေ၏။ ပြီးတော့ လက်တစ်ဖက်နဲ့ အိတ်ထဲက ပိုက်ဆံအိတ်လေးကို ထုတ်ယူ လိုက်ရင်း လက်မနဲ့ တွန်းဖွင့်သည်။

ဖွင့်လျက်သားအတိုင်း သက် ရဲ့လက်ပေါ် တင်လိုက်၍ ...

"ဒီထဲမှာ ဘယ်သူ့ပုံလဲ သိလား"

သက် မသိပါ ...၊ စိတ်လည်း မဝင်စားဘဲ သူပြောခဲ့သည့် စကား အတွက်သာ ...။

"အဲဒီအဖြစ်အတွက် သက် ရှင့်ကို တောင်းပန်မလို့ပါ၊ ဒါပေ မယ့်.."

"မတောင်းပန်နဲ့တော့"

ရေခါး က ခပ်ပြတ်ပြတ်ပြောကာ သက် မကြည့်သည့် ဓာတ်ပုံကို သူကိုယ်တိုင် ဆွဲထုတ်ပြီး မျက်နှာရှေ့မှာ ထောင်ပြ၍ ...

"ဒါ ဘယ်သူ့ပုံလဲ"

ဟင်!...

ပြည့်သိပ်နေသည့် မျက်ရည်တွေကို မျက်တောင်တစ်ချက် ဖိခတ် ပစ်လိုက်ပြီး ပါးပြင်ဆီ လျှောကျသွားမှ လူတွေမမြင်အောင် လက်ခုံနဲ့ ကာကွယ်မိသည်။

ပြီးတော့ လက်ကို ပြန်မရွှာဖြစ်ဘဲ ဓာတ်ပုံလေးကို ကြည့်ရင်း အသံတိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရေခါး က 'သိပြီးသား'ဆိုသည့် မျက်နှာနှင့် မဲ့လိုက်ပြီး ဓာတ်ပုံကို အိတ်ထဲ ပြန်ထည့်ပိတ်သည်။

"ငါ သိတယ် .. ဒီအိတ်ကို မင်း ဖွင့်မကြည့်ဘူးဆိုတာ"

"ဒါ .. ဒါနဲ့ ရှင်ပြောစရာ မရှိတော့ဘူးဆို .."

"အခု ရှိနေတာ မင်းမြင်ရင် ဒီတိုင်း ပြန်ထည့်ပေးလိုက်မှာ မဟုတ်ဘူးဆိုတာ သိတယ်လေ"

"ရှင်က သက် ကို ဒါ ပြန်ပေးချင်လို့ ဒီအိတ် ထားခဲ့တာလား"

"မင်း ထင်လိုက်ပြန်ပြီ .."

ရေခါး က ပင့်သက်ရှိုက်ကာ ဘာက စပြောရမှန်း မသိသည့် မျက်နှာနှင့် ဟိုလှည့်ဒီလှည့်ဖြစ်ရင်း နှုတ်ခမ်းပွတ်လိုက် ..။ မျက်ခုံးခြစ်လိုက် ..၊ နောက်ကျတော့ သက် ရဲ့လက်ကလေးကိုပဲ ပြန်ဆွဲလိုက်ကာ...

"မင်းကို ပြောစရာတွေ ရှိတယ်၊ အခု လိုက်ခဲ့ .."

သက် လက်သီးဆုပ်လေးဖြစ်သွားကာ သူ့လက်ထဲကနေ ရုန်းဖို့ အဆင်သင့် ဖြစ်သွားပြန်သည်။ ဒါပေမယ့် မရုန်းမိဘဲ သူ့ကိုပဲ မော့ကြည့်မိ၏။

"မင်းကို အဝေးကြီး မခေါ်ဘူး၊ ဘာဖြစ်လို့လဲ .. ငါ့ကို မယုံတာလား"

"ဟင့်အင်း .. ဟို .. သက် လေ ..."

သက် ဘာမှ ရှေ့ဆက်ပြောခွင့်မရလိုက်ပေ ..၊ သူတို့က ပလက်ဖောင်းပေါ်မှာဖြစ်ကာ လမ်းမဘေးမှာ ကားတစ်စီးထိုးရပ်သွားလျက်...

"သားငယ် .."

မျက်နှာပြည့်ပြည့် ရေခါး လိုပဲ မျက်ခုံးကောင်းကောင်းနှင့် ဆံပင်တွေ အပြောင်သိမ်းလှန်ပြီး ထုံးဖွဲ့ထားသည့် အမျိုးသမီးကြီးတစ်ယောက်က မှန်ကျသွားသည့် ကားထဲမှာ ရှင်းလင်းစွာ ပေါ်လာ၏။

"လာ .. မာမီနဲ့ ခဏလိုက်ခဲ့ ..၊ သွားစရာရှိလို့"





သူ ငေးခနဲ တွေဝေသွားစဉ် လက်ကို ပြန်ရုန်းကာ ထိုနေရာမှ လှည့်ထွက်ခဲ့မိ၏။ အမျိုးသမီးကြီးရဲ့ အကြည့်တွေအောက်မှာ သက် ရဲ့တစ်ကိုယ်လုံး သေးငယ် ကြုံလှီသွားသလိုပင် ..။

"ကိုယ်နဲ့ သက်ဆိုင်နိုင်တဲ့လူမှ မဟုတ်တာဟာ ..၊ သူ့ကိုလည်း မေ့ထားလိုက်၊ သူ့ထက် ငါ အများကြီး နိမ့်ပါးပါလားဆိုတဲ့ စိတ်ကိုလည်း ဖျောက်လိုက်စမ်းပါ၊ နင့်ရဲ့သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ" တဲ့ ..။

နင်ပြောသလောက် မလွယ်ပါလား စုစု ရယ် ..၊ သတ္တိဆိုတာ ဘယ်လိုနေရာမှာ ဈေးဈေးနီတာမျိုးလဲ ..။

အခု ငါ ဘာဖြစ်နေတာလဲဆိုတာ ငါ့ကိုယ်ငါ မသိပေမယ့် သတ္တိတွေ လိုချင်တယ် ..၊

သတ္တိရှိတဲ့လူတွေ အမြဲတမ်း အောင်နိုင်ခဲ့တဲ့ ရာဇဝင် ရှိခဲ့ဖူးတယ် ဒိုရင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၉]

"မဟုတ်ဘူးလေ ..၊ ခဲသိမ်းကတည်းက အဲဒါ ပြီးသွားပြီမို့လား"

"... ... ... ..."

"ထပ်ပြောနေကြရင် အလုပ်သမားတွေကို ခဏစောင့်ဖို့ ပြောထားလိုက်ပါ"

"... ... ... ..."

"ကျွန်တော် မလာနိုင်သေးဘူး၊ ဒါပေမယ့် မိုးကောင်းမှာ ကိုထိုက်တို့ ရှိတယ်၊ ကျွန်တော် ပြောလိုက်မယ်၊ သူတို့ လာရှင်းပေးလိမ့်မယ်"

ရေခါး ဖုန်းပြောနေတာကို နောက်ကနေ ရပ်ကြည့်နေရင်း လှဲ့ မျက်နှာ ပြုံးယောင်သမ်းလာသည်။ ပြီးတော့ လက်ကလေးပိုက်လိုက်ပြီး ခေါင်းငဲ့ကြည့်ပုံက ရေခါး ကို တစိမ့်စိမ့်ကြည့်ရင်း သဘောကျကျေနပ်နေတာမျိုး ..။

သူမ ရင်ထဲမှာ ဘယ်လောက်ထိ ပျော်ရွှင်ကြည်နူးနေခဲ့တယ်ဆိုတာ တခြားလူသိဖို့ မလွယ်ပေမယ့် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စိတ်ကူးယဉ်နေတတ်သည့်အခါတွေမှာဆို ကိုယ့်မျက်လုံးတွေကို တစ်စုံတစ်ယောက် မြင်တွေ့သွားမှာတောင် စိုးရိမ်မိသည်။





ရေခါး ကို သူမ ထိုမျှလောက်ထိ မက်မောခဲ့တာ ဖြစ်သည်။ ဖျတ်ခနဲ လှစ်ခနဲ မြင်လိုက်တိုင်း လိုက်ငေးခဲ့ရသည်။

သူ ကိုယ့်ကို သတိမထားမိခင်တည်းက အိပ်မက်တွေထဲမှာ သူပဲ စိုးမိုးလာခဲ့သည်။ နှစ်ယောက်ဆုံမိအောင် အခြေအနေတွေကို ဖန်တီးခဲ့ရတာလည်း သူမပဲဖြစ်ကာ သူ့ရဲ့ရည်းစားစာလို့ သတ်မှတ်သည့် စာလေးတစ်စောင်ရတော့ တွဲဖြစ်ခဲ့ကြ၏။

သူ ဘယ်နေ့ အဖြေတောင်းလာမလဲလို့ စောင့်ခဲ့ရင်း သူ့ရဲ့ မနက်ဖြန်တွေမှာ ကိုယ် မပါခဲ့ရခြင်းဖြင့် အိပ်မက်တွေ တစ်ခန်းရပ်သွားခဲ့သည်။ ထိုစဉ်တုန်းက သူ့မိဘ ကိုယ့်မိဘ သူငယ်ချင်းတွေဖြစ်ခဲ့ကြတယ်ဆိုတာလည်း မသိခဲ့သေးပေ ..၊

ဒီနေ့ လက်ထပ်ကြဖို့အထိ ကိုယ့်အတွက် သေချာပြီးနေမှ ဘာအကြောင်းနဲ့မှ အပျက်မခံနိုင် ..။

"ထိုင်လေ .. ဘာလုပ်နေတာလဲ"

"စည့်သည်ကိုခေါ်ပြီး ခါး က ဖုန်း အကြာကြီးပြောနေတာကို၊ ထိုင်ခွင့်ပြုမှ ထိုင်ရမှာပေါ့"

လှဲ့ က ပြောပြီးတော့လည်း မထိုင် ..။ ရေခါး ထိုင်လိုက်မှ မျက်နှာချင်းဆိုင်မှာ ထိုင်ချလိုက်ကာ ...

"အလုပ်ကိစ္စတွေ ပြောနေတာလားဟင်၊ ခါး က ပေါ့ပေါ့ပါးပါး နေတတ်သလိုလိုနဲ့ အလုပ်စကားပြောနေတော့လည်း တကယ့် စီးပွားရေးသမားကြီးကျနေတာပဲ"

သဘောကျခြင်းတွေ ပေါ်လွင်နေသည့် မျက်နှာလေးကို ရေခါး က စိုက်ကြည့်နေ၏။ မိတ်ကပ်ရောင်လေး ဝတ်ထားကာ မိတ်ကပ်ပြေပြေလေး တင်ထားသည့်မျက်နှာက ဆံပင်ပုံလေးကြောင့် ပိုလှနေသလိုပင် ..။

ဒါပေမယ့် ခုခေတ် မိန်းကလေးတွေလို ဖန်စီတွေ သိပ်မပတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘဲ လက်ဝတ်ရတနာကွေချည်း အရောင်စုံ ထည်လဲ ဝတ်တတ်သည့် သူမကို လိုတာထက် ပိုနေသလို ထင်မိ၏။

ဝတ်တာက လှရုံ တော်ရုံမျိုး မဟုတ် ..။

အကျီအရောင်အတိုင်း ပြူးပြဲကျပ်ခဲနေအောင် ဝတ်တာမျိုး ဖြစ်သည်။ မသိလျှင် ဖန်စီတွေကို စကိုင်ထွင်ပြီး ပြွတ်သိပ်ဝတ်ထားတာနှင့် တူ၏။ ပြောသည့်စကားတိုင်းကလည်း မာန်မာနနှင့်ယှဉ်၍သာ ဖြစ်ကာ ...

"ခုနက ပြောသွားတဲ့ 'ခဲ'ဆိုတာ ဘာလဲဟင် ..၊ အဲဒါ ရတနာထဲကပဲလား .."

"ဟုတ်တယ် .. ပတ္တမြားစလေးတွေပေါ့၊ ခဲကျင်းက သိမ်းတာလေ၊ ကျောက်စကျောက်နလေးတွေ"

"ဩော် ဒါလေးတွေလည်း ရှိသလား .. တန်ဖိုးကျတော့ရော"

"ဒါက ကျောက်ဖြုန်းပဲလေ ..၊ အရောအနှောဆိုတော့ .. မင်းမေးတာကို ဖြေလို့ မရဘူး၊ စိတ်ဝင်စားရင် မိုးကုတ်ကို သွားလေ့လာပါလား"

လဲ့ က ပြောင်အိနေသည့် နှုတ်ခမ်းသားလေးတွေကို လှလှပပလေး တွန့်မဲ့၍ ...

"ခါး နဲ့ လက်ထပ်ပြီးရင် အဲဒီကလုပ်ငန်းတွေ ခါး ကို လွှဲမှာလို့ အန်တီစိုး က ပြောတယ်၊ အဲဒီကျမှပဲ သွားမယ်လေ၊ လဲ့ တကယ်ဝါသနာပါတယ်၊ ရတနာဆိုရင်,ကြိုက်လည်း ကြိုက်တယ်၊ စိတ်လည်း ဝင်စားတယ်"

"ကိုယ်ကတော့ စိတ်မဝင်စားဘူး၊ မာမီ မပြန်ခင် နားပူသက်သာအောင် ဟန်ရေးပြနေတာ၊ မာမီကွယ်သွားတာနဲ့ ရွှေ့ချင်သလို ရွှေ့မှာပဲ"

"ခါး ရယ် .. အန်တီစိုး ကလည်း အဲဒီလိုမဖြစ်ရအောင် ခါး ကို လက်ထပ်ပေးခဲ့မှာပဲ၊ ခါး ရဲ့ဘေးကို ရောက်လာမယ့် ဇနီးမယား





ကရော ကိုယ့်ယောက်ျားကို အဲဒီလို အဖြစ်ခံမှာတဲ့လား .."

ရေခါး က ပခုံးနှစ်ဖက်တွန့်၍ ရယ်သည်။ ပြီးတော့ ခေါင်းခါ၍...

"အဲဒါ သူ့အပိုင်းပဲ၊ ခုချိန်ထိ ကိုယ် စိတ်ဝင်စားတာက ဇ မဟုတ်သေးဘူး"

"ဘာလဲ .."

"ချစ်ရမယ့်သူ"

"ချစ်ရမယ့်သူက ခါး လက်ထပ်ရမယ့် ဇနီးပဲလို့ မှတ်လိုက်တော့လေ၊ ခုချိန်ထိ ခါး က ရည်းစားစာတစ်စောင်နဲ့ ပြန်ကဲဖို့ စိတ်ကူးတွေ ရှိနေတာလား"

"ရည်းစားစာပေးခဲ့တာ အဆောင်တစ်ရာမကဘူးလေ၊ ချစ်ရမယ့်သူက တစ်ယောက်ပဲ ရှိရမှာ ..၊ အခု စိတ်ကူးက ရည်းစားစာပေးဖို့ မပါဘူး"

"ခါး .."

လဲ့ မျက်နှာလေး အနီရောင်သမ်းနေပြီ ဖြစ်ကာ ...

"ခါး လဲ့ ကို ရွဲ့သလိုလို ရိသလိုလို မပြောနဲ့နော် ..၊ လက်ထပ်ဖို့က ဖိတ်စာရိုက်ဖို့အထိ သေချာပြီးသား၊ တကယ်လို့ ရွဲ့ပြောရုံသက်သက်ဆိုရင်လည်း ခါး ရဲ့ဘော်ဒါကို လဲ့ က ဖွဲ့ခဲ့လို့ဆိုရင် အခု တောင်းပန်တယ် .. အဲဒါတွေ ထားခဲ့လိုက်ပါ"

"ကိုယ်က ထားခဲ့ပါတယ်၊ မင်း မထားခဲ့တဲ့ကိစ္စကို အခု သိရလို့ အဲဒါပြောချင်လို့ ခေါ်လိုက်တာ"

"ဘာလဲ .."

လို့ မေးပြီး လဲ့ မျက်နှာပျက်နေ၏။ ရေခါး က ဆိုဖာမှာ လက်တစ်ဖက် ဆန့်တင်လိုက်ပြီး ကျောကပ်မှီကာ ...

"သက် ကို မင်း အလုပ်ကထွက်ခွင့်ပေးလိုက်ဖို့ ကောင်းတယ်"

ပြောလာမှာကို စိုးရိမ်နေတုန်း ပြောချလိုက်တော့ လဲ့ဒေါကန်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အစတည်းက မာနကြီးတဲ့သူမို့ ဆတ်ဆတ်ထိမခံနိုင်သည့် စိတ်က သည်းခံဖို့ ပါရမီ မပါ ..။

"အဲဒီပြဿနာတွေက ရွှေ Star က ပြဿနာတွေပါ၊ လဲ့ တို့ကိစ္စနဲ့ ဘာဖြစ်လို့ ငြိနေရတာလဲ"

"မင်း ပြောခဲ့တာပဲလေ ..၊ သူ့ကို မင်း ကိုယ့်ကြောင့် တင်းရတယ် ဆိုတာ ..."

"ဟုတ်တယ် .. လဲ့ ရဲ့သိက္ခာအတွက် ပြန်လုပ်ပြမယ်ဆိုတာလည်း ပြောခဲ့တယ်"

"အဲဒါ မင်း တကယ်လုပ်မယ်လို့ ကိုယ် မထင်ခဲ့ဘူး"

"လုပ်လိုက်တော့ ဘာဖြစ်သွားနိုင်သလဲ ခါး၊ အန်တီစိုး တို့ ပြောတော့ ရှင်နဲ့ ရိုးရိုးသားသားပဲဆို၊ ရှင်လည်း ..."

"ကိုယ်က ရိုးသားပါတယ် ပြောခဲ့လို့လား .."

လဲ့ မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ ဘာမှမပြောမဆိုဖြစ်ကြအောင် ကြိုးစားရှောင်နေရင်း လက်ထပ်ဖြစ်မှ ရှင်းသင့်တာတွေရှင်းဖို့ ဆုံးဖြတ်ထားခဲ့သည်။

အတတ်နိုင်ဆုံးလည်း ပြေပြစ်ဖို့ ကြိုးစားခဲ့တာပါ၊ ဒါကို အိမ်ထိ လှမ်းခေါ်ပြီး ပြဿနာရှာသည်။

"ဒီမှာ .. ခါး နဲ့လက်ထပ်ဖို့ စီစဉ်နေကြတာ ငွေကုန်ကြေးကျ ကြီးတယ်၊ သိက္ခာ အသိုင်းအဝိုင်းဂုဏ်တွေ ပါတယ်၊ အဲဒါတွေကြောင့် လဲ့ ဘက်က အများကြီး မျိုသိပ်ခဲ့တာနော်၊ ယောကျ်ားဖြစ်ပြီး အနိုင်ရတာကို ကျေနပ်မနေပါနဲ့"

"နိုင်တာရှုံးတာတွေက ယှဉ်ပြိုင်မှုတွေပါ၊ မင်းနဲ့ ကိုယ့်ကြားမှာ ဘာမှမရှိခဲ့ဘူး၊ လက်ထပ်ဖို့ သေချာနေတာတွေလည်း ခဏထားလိုက်ပါ၊ လူကြီးတွေစကားနဲ့ပြောရရင် ဆောက်ဖြစ်မှ ကျောင်းဒကာ"

ရေခါး က ပြောပြီး မချိုမချဉ်အကြည့်နှင့် တစ်ချက်ကြည့်ကာ...





"လက်ထပ်ပြီးကြတဲ့အထိ မင်းကို ကိုယ် လက်ဖျားနဲ့မထိသေးသမျှ ကိုယ်လည်း မင်းယောကျ်ား မဟုတ်သေးသလို မင်းလည်း မယားအရာ မမြောက်သေးဘူး"

"ခါး .. ယူ ဘာကိုပြောချင်တာလဲ"

"ဒါကို ခဏခဏဆွဲထည့်မပြောဖို့ ပြောချင်တာ"

"လဲ့ ကတော့ ပြောရမှာပဲ၊ ကျွန်မက မိန်းကလေး .. ယောကျ်ားတစ်ယောက်နဲ့ ချစ်ခဲ့တယ်၊ လက်ထပ်မယ်နဲ့ သတင်းကြီးသွားတာနဲ့ သိက္ခာတစ်ဝက် ကျိုးပြီ"

"ဟုတ်လား .. ဒါဆို ကိုယ်နဲ့ပတ်သက်ခဲ့ဖူးတဲ့အပြစ်နဲ့ မသိတဲ့လူတွေရှေ့မှာ မင်း ခိုင်းသလို နေပေးရမယ့် မိန်းကလေးတစ်ယောက်အတွက်ကရော .."

"အဲဒါက လုတဲ့မိန်းမတိုင်း အတူတူပဲလို့ ရှင် ထင်နေလို့ပါ၊ သူနဲ့ သင်းလဲ့ကြူ က အရှင်သခင်နဲ့ အလုပ်သမား၊ ဘယ်တော့ဖြစ်ဖြစ် ဒီတိုင်းပဲ ကွဲပြားသွားမှာပဲ"

"ဘာ!..."

"ဟော .. သမီး ရောက်နေတာကိုး"

စူးရဲသောမျက်ဝန်းနှစ်စုံသည် မျက်ခြည်ပြတ်မခံဘဲ တစ်လှမ်းချင်း ပြန်ဆုတ်သွားကြသည့် သားရဲတို့၏ သတိချပ်ခြင်းများနှင့် ...

"ဟုတ်ကဲ့ အန်တီ"

လဲ့ က အောင်နိုင်သူ၏မဲ့ပြုံးနှင့် အပြုံးကို စတင်ဖွင့်လှစ်ပြီး မျက်ဝန်း လွှဲသွားသည်။

"သွားရင်းလာရင်း သတိရလို့ ဝင်လာတာပါ၊ ပြန်တော့မယ်"

"အို .. နေပါဦး သမီးရဲ့ .."

ဒေါ်ပြည့်ပြည့်စိုး က စားပွဲပေါ်မှာ မျက်လုံးဝေ့သွားကာ ..

"ဘာမှလည်း သားက မကျွေးဘူးထင်တယ်၊ အထဲမှာ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ရှိသားပဲ၊ လှမ်းခိုင်းလိုက်ရင် ပြီးရော သားရယ် ..”

ဒေါ်ပြည့်ပြည့်စိုး တကယ်အားနာခြင်းဖြင့် ပျာပျာသလဲ တားဆီးသည်။ လဲ့ က ပြန်မထိုင်ပါ ..။

“ရပါတယ် အန်တီ၊ လဲ့ သွားစရာရှိသေးလို့ပါ”

ပြန်သွားတဲ့အထိ သားဖြစ်သူမျက်နှာကို ကြည့်မိဆဲ ..။

ဒီနှစ်ယောက် အဆင်မပြေဖြစ်ကြတိုင်း ကိုယ့်သားဘက်က လွန်မှာဆိုတာ တွက်ပြီးသား ..၊ ဒါကြောင့် ကြူ တို့သားအမိကို အားနာနေရတာ ဖြစ်သည်။ ကိုယ်တွေလောက်တော့ မဟုတ်ပေမယ့် ကြူ တို့ကလည်း သူ့အသိုင်းအဝိုင်းထဲမှာတော့ ဘုရင်တစ်ဆူပဲ ဖြစ်သည်။

သူ့သမီးလေးကျမှ သားကို မေတ္တာရှိနေမှန်းသိ၍ အမြင်မတော်တာရှိလည်း မမြင်သလို နေ၊ မဟုတ်တာတွေကြားနေလည်း မကြားသလို နေခဲ့ရှာသည်။

မင်္ဂလာကိစ္စဖြစ်မြောက်ဖို့သာ ရှေးရှုနေကြပေမယ့် နှစ်ဦးနှစ်ဖက်မှာ မရှင်းလင်းသည့်ရင်ဘတ်တွေနဲ့ ရင်းနေခဲ့ရသလိုမျိုး ..။

“သားကို မာမီ များများစားစားလည်း မပြောချင်တော့ဘူး၊ လဲ့နဲ့ လက်ထပ်ပွဲကို လုံးဝအပျက်ခံလို့မဖြစ်ဘူး အဲဒါကို မှတ်ထား..၊ လက်ဖွဲ့ဖို့အတွက် မာမီ ကတိပေးထားတာတွေကို မာမီတို့ဘက်ကဖျက်လို့ပျက်ရရင် ဒီပွဲ ဖြစ်ဖြစ် မဖြစ်ဖြစ် ပေးလိုက်ရမှာပဲ၊ မင်းဒက်ဒီနဲ့ မာမီတို့ လက်ထပ်ဖို့အတွက် အသိုင်းအဝိုင်း အနှောင့်အယှက်တွေနဲ့ အခက်အခဲတွေဖြစ်ခဲ့တုန်းကလည်း ကြူ က အများကြီး ကူညီခဲ့တာ၊ မာမီ အဲဒါတွေကို မေ့လို့မဖြစ်ဘူး၊ သူ့သမီးလေးနဲ့ နေရာချပေးဖို့ မင်းဒက်ဒီကို တိုင်ပင်တုန်းကလည်း သူ ကျေနပ်ခဲ့တာပဲ၊ မင်းကြောင့် ဒီပွဲပျက်ရရင် မာမီတို့ဘက်က ပေးလျော်ရမယ့်တန်ဖိုးတွေ .. သိက္ခာတရားတွေ၊ အဲဒါတွေကို သား စဉ်းစားပေးပါ”

တိုတိုတုတ်တုတ်ပြောဖို့ပေမယ့် စကားတွေတော့ များသွားခဲ့၏။





သားဖြစ်သူမျက်နှာ ပြေပြေပြစ်ပြစ် ရှိမလာသေးတာကို ရပ်ကြည့်မနေတော့ဘဲ ထွက်လာခဲ့ရပြီး စိုးရိမ်စိတ်ကလည်း မပျောက်နိုင် ..။

မလတ် ပေါက်ကိန်းထုတ်သလို ဟိုမိန်းကလေးကို သား တကယ်များ တိမ်းညွတ်သွားခဲ့သည်လား ..၊ မကြာသေးမီက လက်ချင်း ထပ်ဆုပ်ထားသည့်မြင်ကွင်းကိုပဲ ခဏခဏ သတိရနေမိသည်။ မိန်းမသားချင်းမို့ တစ်ဖက်သားကို အထင်မြင်မသေးချင် ..။

အကျင့်စာရိတ္တ ကောင်းမွန်တာကိုလည်း မလတ် ကိုယ်တိုင်ထောက်ပြသွားတာတွေက သဘာဝကျပါသည်။ သို့သော် ...

မိဘတိုင်းရဲ့ရင်ထဲမှာ သားသမီးအတွက်ဆို ‘အသင့်အတင့်လောက်ပါပဲ’ဆိုတာမျိုး မရှိ၊ ဆိုးဝါးတဲ့ဝဋ်တရားနဲ့ တကယ်သေရတော့မယ်ဆိုရင်တောင် ခွေးကိုက်ခံရလို့ သေရတာမျိုးတော့ မဖြစ်စေချင်ပေ။

သူများကို မနှိမ့်ချလိုပေမယ့် ကိုယ့်သားကို မနိမ့်ကျစေချင်သည်မို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၅၀]

သက် ရင်တွေပူနေမိသည်။ ကွက်ကြည့်ကွက်ကြည့်မျက်လုံးတွေကိုလည်း ပြန်လှည့်မကြည့်ချင်တော့ဘဲ အောင်ဦး နှင့်အတူ ထွက်လိုက်လာခဲ့မိ၏။

သူမ ဘယ်အရပ်ကိုရောက်နေနေ ဒီညီအစ်ကို မသိတဲ့နေရာ ဆိုတာ မရှိပါလား ...၊ ကိုယ်ကလည်း သူတို့ကို ရှောင်ပြေးနေတာတော့ မဟုတ်ခဲ့ပါ။ ဒါပေမယ့် မမြင်ချင် မတွေ့ချင်တော့ပေ။

"အောင်ဦး .. နင်တို့ ဘယ်သူလာလာ ငါ့ဆီရောက်အောင် ခေါ်လာပေးတဲ့အလုပ်တွေ နောက်ထပ် မလုပ်ပါနဲ့တော့"

သွားနေကြရင်း ပြောလိုက်တော့ အောင်ဦး က လှည့်ကြည့်သည်။

"ငါကလည်း လက်ကျန်စေတနာလေးနဲ့ လာတာနော်၊ ငါ့ကို မစော်ကားနဲ့" -

"ဘာ!... ဘာစေတနာလဲ"

"နင် ကောင်းစားဖို့လေ၊ နင့်တူမကို နင် သေအောင် လွမ်းနေတယ်မို့လား၊ ဟိုကလည်း လွမ်းနေတယ်တဲ့၊ အခု သူ့အဖေကိုယ်တိုင် လိုက်လာတာ၊ ယောက်ျားချင်းမို့ ငါ သိနေတယ် သိလား ...၊ အဲဒီလို နင့်ကို .."





"တော်စမ်းပါ"

သက် က လှမ်းနေသည့်ခြေလှမ်းတွေကို ရပ်ပစ်လိုက်၏။

အောင်ဦး ကလည်း ရပ်သွားကာ ...

"ဘာဖြစ်တာလဲ .. ငါက အကောင်းပြောတာ၊ သူက လူအိုဆိုပေမယ့် သဘောသား၊ စီးလာတဲ့ကားကိုက ချေးပေါ်သေးပေါ် ပေါ်နေတဲ့ကားတွေထဲမှာကောင် အမြင့်ဆုံးမော်ဒယ်"

"နေပါဦး .. နင့်ကို အဲဒါမျိုးလုပ်ဖို့ ဘယ်သူ တာဝန်ပေးလိုက်တာလဲ"

"နင့်အတွက်လို့ ပြောပြီးပြီပဲ၊ သူက ငါတို့အိမ်ကိုပဲ ဦးတည်လာတာ၊ ရောက်ရောက်ချင်း ကလေးရဲ့ကျန်းမာရေးအတွက် နင့်ကို ခေါ်သွားချင်တယ်လို့ ပြောတယ်၊ အမေ့အတွက်လည်း ယူလာတဲ့လက်ဆောင်တွေ နင့်နေတာပဲ၊ ဒါတွေကို ထောက်ချင့်ရင် ကလေးအတွက်ရော သူ့အတွက်ရော အဆင်ပြေချင်တာ အသိသာကြီး၊ နင့်ခဲအိုက ရုပ်ရည်နဲ့ အရွယ်နဲ့ပါ၊ လူအိုဆိုပေမယ့် ကလေးနဲ့လည်း နီးနီးနေရမယ်၊ နင်လည်း ကောင်းစားမှာလေ .."

"တောက် .."

သက် ပြင်းပြင်းထန်ထန် နီရဲသွားသည့်မျက်နှာကို မြင်ကာ အောင်ဦး စကားမဆက်နိုင်ဘဲ ဖြစ်သွား၏။

"ဟုတ်တယ် .. ကလေးကို ငါ သိပ်ချစ်တယ်၊ ငါ့အစ်မရဲ့ ကိုယ်ပွားလေးမို့လို့ ငါ့ရင်ခွင်ကို ဖွင့်ထုတ်ယူသွားသလို ငါ ခံစားခဲ့ရတယ်"

"အေးလေ .."

"ဒါပေမယ့် သူ့သွေးတစ်ဝက်နဲ့ လူဖြစ်လာခဲ့တဲ့ ကလေးကို ငါ့ဘဝ ထိုးကျွေးပြီး ချစ်ပြဖို့ထိတော့ ငါ မညံ့ဘူး"

"ဒါဆို နင့်အချစ်က မေတ္တာအစစ်အမှန် ဖြစ်ပါ့မလား"

"ဟွန့် .. စူဇကာပုဏ္ဏားလို ကလေးနှစ်ယောက်ကိုကြိုးတုပ်



www.burmeseclassic.com

www.burmeseclassic.com



နိပ်စက်မှာမျိုး၊ သူ့အဖေအရင်းက သူ့သမီးလေးကို မလုပ်ပါဘူး၊ ငါ့တူမကို ငါ အဒေါ်တစ်ယောက်လိုပဲ ချစ်နိုင်မယ် အောင်ဦး၊ သူ့ရည်ရွယ်ချက်က ဒီလိုသိသာနေတယ်ဆိုရင် ငါ လိုက်မတွေ့နိုင်ဘူး"

"ဟာ!... ဟိတ် .. ခါးသက် .. နင်က ဘယ်လိုလဲ .."

သက် ချက်ချင်းပြန်လှည့်သည်။ အောင်ဦး က ပြေးလိုက်ပြီး လက်ကို အတင်းပြန်ဆွဲ၏။

"ဖယ်စမ်းပါ .. နင်တို့ညီအစ်ကို ငါ့သိက္ခာကို နည်းနည်းမှ ထည့်မတွက်ဘူး သိလား၊ မောင်နှမတော်ကြတဲ့ နဖူးမှာစာတမ်းပေါ်နေတာ မဟုတ်ဘူး၊ လူအမြင်မတော်တာကို ဆင်ခြင်မှပေါ့"

"မသိဘူးဟာ .. ငါက ခေါ်ခဲ့မယ်လို့ ပြောခဲ့ပြီးပြီ၊ နင့်ဟာနင် ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ခဏတော့ လိုက်တွေ့ပါ"

နှစ်ယောက်စလုံးမှာ ကိုယ်စီဒေါသတွေရှိခဲ့ကြပြီး ပတ်ဝန်းကျင်ကို မေ့နေကြ၏။ စာတိုက်ဝင်းထဲက ထွက်လာသည့် ရေခါး က သက်တို့ကို မြင်ကာ ခြေလှမ်းတွေကို မြင်နိုင်သည့်နေရာလောက်က လွတ်အောင်ရွှေ့လိုက်သည်။ ကြားနိုင်လောက်သည့်နေရာကို တိုးခဲ့ရင်း ရောင်စုံထီးလေးနှင့် ကွမ်းယာဆိုင်အမိုးအောက်ကို ခေါင်းငုံ့ဝင်လိုက်၏။

"မတွေ့ဘူး .. နင် ငါ့လက်ကို လွှတ်လိုက် အောင်ဦး၊ နောက်ကို ဘယ်ပုဂ္ဂိုလ်ပဲလာလာ ဘယ်ဆွေမျိုးဖြစ်ဖြစ် နင် ငါ့ဆီ ခေါ်မလာနဲ့၊ ငါ့ကိုလည်း လာမခေါ်နဲ့၊ ငါက သူ့ကိုသွားတွေ့ပြီး ခဲအိုနဲ့ခယ်မဆိုတဲ့ မသကာအကြည့်တွေအောက်မှာ မထူးစိတ်ပိုက်မယ့်မိန်းမမျိုး မဟုတ်ဘူး"

"ဟုတ်ပြီလေ .. အဲဒါ နင် သူ့ကိုပြောလိုက်ပေါ့၊ နင့်တူမ မျက်နှာကို နည်းနည်းမှ ..."

"ကလေးက ငါ့ကိုခင်နေမှန်း သိရက်နဲ့ မထောက်ထားဘဲ ခေါ်သွားတာ သူတို့ပဲ၊ ငါ့တူမကိုလွမ်းရင် ကွယ်ရာကနေ ခေါင်းအုံးပေါက်





အောင် ငိုပစ်လိုက်မယ်၊ လုံးဝ မတွေ့ဘူး"

"ခါးသက် .."

"မလိုက်ခဲ့နဲ့တော့နော် .. နင့်ကို ငါ နောက်ဆုံးပြောမယ်၊ နောက်တစ်ခါ ငါရှိတဲ့နေရာကို နင် ရောက်လာရင် ငါ့မောင်တစ်ယောက်အနေနဲ့ ငါ လက်ခံစကားပြောမှာ မဟုတ်ဘူး၊ ငါ့ကို နှောင့်ယှက်နေပါတယ်ဆိုရင် လူကြားထဲမှာ နင် ဆွဲထုတ်ခံရမှာ၊ ပြီးမှ ရိုင်းတယ်မပြောနဲ့"

သက် က ပြောပြီးသည်နှင့် ဖြစ်သလိုကိုင်ထွက်လာသည့်ပိုက်ဆံအိတ်လေးကို ချိုင်းကြားထဲညှပ်ကာ ထဘီတစ်စ 'မ' ၍ ဘောက်ဆတ်ဆတ်လေး လျှောက်ထွက်သွား၏။

သူများတွေအမြင်မှာ ပြောဆိုသွားသည်၊ ဒေါသတွေကြီးသွားသည်လို့ ထင်စရာပေမယ့် တကယ်တမ်းကျတော့ သက် ငိုနေတာဖြစ်သည်။ ချစ်တဲ့သူ့ကို ဆုံးရှုံးရခြင်းသာမက ရင်ဆိုင်ရဦးမှာက 'ပန်းပန်လျက်ပါ' ရုပ်ရှင်ဇာတ်ကားထဲက မဖေဒါ လိုမျိုး ..၊

"ကလေးကတော့ မိခင်နဲ့ဝေးနေတုန်းဆိုတော့ သူ ခင်တွယ်နေတဲ့သူဘက်က လိုက်ပြောမှာပဲ၊ ခါး နဲ့ပတ်သက်ခဲ့ဖူးဘာလည်း အိမ်နီးချင်းလို ရိုးသားမှုတွေနဲ့ပဲလေ၊ ခါး ကို တို့ မေးပြီးပြီ၊ မင်းမှားခဲ့တဲ့ အမှားအတွက် တို့ဘက်က ပါစင်နယ်ပိုင်းနဲ့ ပြန်ပြီးညှာတာပေးဖို့ ဘာမှမရှိဘူး၊ ဒါပေမယ့် အခု မင်းကိုနိုင်းကဲ့ကိစ္စမှာ တကယ့်ပေးဆပ်ခြင်းနဲ့ မင်း ပြန်ပြီး ရိုးရိုးသားသားသက်သေပြမယ်ဆိုရင်တော့ တစ်မျိုးပေါ့"တဲ့။

မနေ့ကမှ ဒီစကားတွေကို ပြောခဲ့တာဖြစ်သည်။ အလုပ်ထွက်ချင်သည့်စိတ်တွေနှင့် သက် စိတ်ဆင်းရဲနေသမျှ လွဲ့ က ချုပ်ပြီးရင်း ချုပ်သည်။ သက် ကို ရေခါး အလုပ်ပေးထားသည်ဆိုသည့်အချက်ကို သူမ က နောက်မှ သိရတာဖြစ်ကာ ကိုချစ် က သက် အတွက် သူမကို မချေမငံပြောကဲ့အထိ ခံလိုက်ရတာတို့ ကျေနပ်ပုံမပေါ် ..။

သက် ဆုံးဖြတ်ပြီးသားပါ။ မင်္ဂလာပွဲအတွက်ဖြစ်ဖြစ် ရေခါး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူမရဲ့ မင်္ဂလာအိပ်ခန်းကို ပြင်ဆင်လှဲကျင်းပေးဖို့ ဖြစ်ပါစေ ဘာဖြစ်ဖြစ် လုပ်ပေးမည်။

ပြီးဆုံးသွားရင်တော့ ဝေးသည့်နေရာကို ထွက်သွားဖို့ဖြစ်သည်။

သူမ ပြောသည့် စကားတွေကို ရိုးသားကြောင်း သက်သေပြဖို့ အတွက်နဲ့ ဂရုမစိုက်စွာနေပေးဖို့က ကိုယ့်ရင်ထဲမှာ ရိုးသားမှုမရှိ ..။

ကလေးအဖေလို့ သိထားခဲ့တုန်းတည်းက ရေခါး ကို သူမ အထင်တကြီး ရှိခဲ့သည် ..၊ ယုံကြည်ခဲ့သည်။ လူပျိုမှန်းသိတော့လည်း ကိုယ်နဲ့ ပိုပြီး အလှမ်းကွာသွားပြီဆိုတာ နားလည်ခဲ့တာက သပ်သပ်။

ချစ်နေမိတာကတော့ တစ်စက်မှ မလျော့ခဲ့ပေ ..၊ ချစ်တဲ့သူကို မျှော်လင့်ခွင့်မရှိဘဲ ပူဆွေးနေရသည့်သောကတွေအပြင် မချစ်တဲ့လူတစ်ယောက်ကြောင့် သက် ဒုက္ခရောက်ရပြန်ပြီ။

ဒီအချိန်မှာ ဘယ်သူ့အတွက်မှ အနစ်နာမခံချင်တော့ဘဲ ကိုယ့်ရင်ထဲက အပူကိုသာ ငြိမ်းစေချင်၏။

"တီ .."

ကားဟွန်းသံက နီးနီးလေးမို့ ကမန်းကတန်း လှည့်ကြည့်ရင်း မျက်ရည်တွေကို သုတ်ပစ်မိသည်။ ကားက သူမထက် ရှေ့ကိုပိုတိုးသွားပြီးမှ ရပ်ကာ ဆင်းလာသည့်သူက မမယောက်ျား ဟိန်းထက် ..။

အရပ်ကမြင့်မြင့် ကိုယ်လုံးက နည်းနည်းဝလာသလိုမို့ ခပ်တောင့်တောင့် လူကြီးပုံပေါက်သွားသလို ထင်ရကာ မျက်နှာမှာ ဝက်ခြံဖု အနည်းငယ်ရှိနေတာမို့ ရင့်သည့်ဘက်ကို ပိုနေသည်။

ဝတ်ထားတာကတော့ ဘောင်းဘီရှည် အနက်ပွပွ၊ ကုတ်အင်္ကျီရှည်အနက်နှင့် မမှတ်မိလောက်အောင် ပြောင်းလဲသွားခဲ့၏။

ဟိုတုန်းကလည်း တစ်ခါနှစ်ခါ ခဏလောက်ပဲ ဆုံဖူးကြတာဖြစ်ကာ တရင်းတနှီး ခေါ်ပြောခဲ့ဖူးတာ မရှိ။

"ဟား!... မင်းက ခါးသက်ချို ဆိုတာ အောင်ဦး ပြလို့သာ ယုံရ





တယ်၊ အံ့သြစရာပဲ"

သူ့ကိုမပြောရသေးခင် သူက သက် ကို ခြေဆုံးခေါင်းဆုံးကြည့်၍ ပြောသည်။ မျက်လုံးတွေက အံ့သြတာထက် ပိုမိုတောက်ပ ရူးရဲခြင်းများနှင့်...

"ညီမ ကိုယ့်ကိုတော့ မှတ်မိပါတယ်နော်"

အနားရောက်လာမှ သက် ခေါင်းညိတ်၍ မျက်နှာကို တင်းထားလိုက်သည်။

"ခုပဲ အောင်ဦး က အားလုံးပြောပြလိုက်တယ်၊ မင်းတူမမျက်နှာကိုတောင် မထောက်တော့ဘူးလား ခါးသက်ချို၊ တီတီလို့ တမ်းတနေတဲ့ ကလေးကို ကိုယ် ဘယ်လိုပြန်ပြောရမလဲ"

"အဆင်ပြေသလိုသာ ပြောလိုက်တော့ ကိုဟိန်းထက်၊ ကျွန်မမှာလည်း စားဝတ်နေရေး ဘယ်အရေးမှ အဆင်မပြေလို့ နေ့ရောညရော ရုန်းကန်နေရတာ"

"မင်းကို ကိုယ်က လာခေါ်ရတဲ့သူပဲ ညီမရယ် .. ညီမအတွက် အားလုံး အဆင်ပြေအောင် ကိုယ် စီစဉ်ပေးရမှာပေါ့၊ ခုရော ဟိုကပြန်လာတဲ့အခါ ဒီထက် ပိုအဆင်ပြေရမယ်လို့လည်း ..."

"မလိုပါဘူး .. ကလေးအတွက် အဆင်ပြေအောင်ပဲ ရှင် လုပ်ပေးလိုက်ပါ၊ ကျွန်မရင်ခွင်ထဲကနေ ခေါ်ထုတ်သွားကတည်းက နောင်တစ်ချိန် ဒီလိုဖြစ်လာခဲ့ရင် ဘာလုပ်ပေးနိုင်မလဲဆိုတာလည်း ရှင်တို့ဘက်မှာ စဉ်းစားပြီးဖြစ်မှာပါ"

"ညီမက ကိုယ်တို့ကို အဲဒီကိစ္စအတွက် မကျေနပ်ဘူးထင်တယ်"

"ဪ .. ကျေနပ်စရာလား ကိုဟိန်းထက် ရယ် .. ဒါပေမယ့် ဆိုင်သာဆိုင်တာ မပိုင်တဲ့သူပါ၊ အဲဒါကြောင့် ကျွန်မကိုယ်ကျွန်မ တရားနဲ့ ဖြေပါတယ်"

"ဖြေနေစရာလား ညီမလေးရယ် .. မင်းတူမကို မင်းလည်းပိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါတွေ ကိုကြီးတို့ ဆွေးနွေးလို့ ရပါတယ်၊ လောလောဆယ် ကလေးကျန်းမာရေးအတွက် မင်း ငဲ့ပြီး တစ်ပတ်ဆယ်ရက်လောက်..."

"ကစ်ရက်မှ လိုက်လို့မရဘူး၊ သူ့ကို ကျွန်တော် မထည့်နိုင်ဘူး"

ပခုံးမှာ လက်ပို့လိုက်သဖြင့် ဟိန်းထက် လှည့်ကြည့်လိုက်တော့ ခပ်ချောချောလူငယ်တစ်ယောက်က သူ့ကို အချဉ်ဖမ်းသည့်အကြည့်နှင့် မျက်နှာထက်မှာ စူးစိုက်ကာ ...

"မင်းက ဘယ်သူလဲ"

"ဟွန့် .. ကလေးက သူနဲ့ ကျွန်တော်ရဲ့လက်ထဲကနေ ခင်ဗျား ပြန်ရသွားတာပါ၊ သက် နဲ့ ကျွန်တော်က နှစ်ဦးသဘောတူ လက်ထပ်ထားကြတာ"

"ဘာ!..."

သက် ကိုယ်တိုင် မျက်လုံးဝိုင်းသွား၏။ ပြီးမှ ဟိန်းထက် ရဲ့မျက်လုံးတွေ သူမဆီ ရောက်လာသဖြင့် ကမန်းကတန်း မျက်လွှာချလိုက်ရသည်။

"သူ့တူမကို သူ ပေးလိုက်ရတုန်းကတောင် ခဏလေးသွားတွေ့ပါရစေ၊ စကားပြောပါရစေဆိုတာ ကျွန်တော် ခွင့်ပြုခဲ့တာ မဟုတ်ဘူး၊ အဒေါ်က အဒေါ်လောက်ပဲ ချစ်ပေါ့၊ ဖအေဆီရောက်သွားတဲ့ကလေးကို လိုက်ပူပေးစရာလား .. ဒါ သဘာဝမှမဟုတ်တာ"

"နေပါဦး .. အောင်ဦး ပြောတဲ့အကြောင်းတွေထဲမှာ ဒီကိစ္စ မပါပါဘူး၊ ညီမလေး .. သူ ပြောသလို ဟုတ်သလား .."

သက် ခေါင်းမော့မလိုဖြစ်သွားပြီးမှ ဆက်လက်ငုံ့ထားလျက်နှင့်...

"ဟုတ်တယ်"

မရိုးသားစွာ ချဉ်းကပ်လာသူမို့ ဟိန်းထက် စကားတွေအကြာကြီး အချိန်ဆွဲပြောမနေတော့ဘဲ ချက်ချင်း ကားပေါ်ပြန်တက်သွားသည်။ သက် နေရာမှ လှည့်ထွက်လာခဲ့တော့ ရေခါး က ဘေးမှ ပါလာကာ...





"ကျေးဇူးတင်တဲ့စကား မပြောချင်ဘူးလား"

"ဘာလဲ .. ရှင့်ရဲ့မဟာသိက္ခာတော် အကျခံပြီး ကျွန်မအတွက် ပြောပေးလိုက်ရလို့လား"

"မဟုတ်ဘူးလေ .. မင်းအတွက်သက်သက်ပါ"

"ရှင်က ကူညီလိုက်တယ်လို့ ထင်တယ်ပေါ့"

လူခပ်ကျဲကျဲလမ်းပေါ်မှာ သက် ခြေလှမ်းတွေကို ရပ်ပစ်မိပြန်သည်။ ရေခါး က အလိုမကျဖြစ်သွားသည့်မျက်နှာနှင့် ...

"ဟုတ်တယ် .. မင်းက ဒီလိုပြောလိုက်ပါတယ်၊ ခေါ်လို့မရပါဘူး ဆိုတဲ့ သတင်းစကားကို ကလေးဆီကို သာသာထိုးထိုး ရောက်သွားရင် ဒီကလေးရင်ထဲမှာ မင်းရဲ့အကြင်နာကို ဘယ်လိုမှတ်ကျောက်တင်သွားမလဲ၊ ကိုယ်က မင်းတို့တူဝရီးရဲ့ကြားက ကွာဟနေမှုမှာ ဘယ်သူမှ ကြားဝင်သွေးထိုးလို့မရအောင် မင်း မဖြစ်မနေပြောရတော့မယ့်စကားတွေကို ကိုယ့်အနေနဲ့ ပြောပေးလိုက်တာ .."

သက် ဘာမှမပြောနိုင်ဘဲ ငိုင်ကျသွား၏။ စေတနာဆိုတာ မသိလို့ မဟုတ်ပါ ..၊ ဒါပေမယ့် ...

"မင်းအခွင့်အရေးကို ချုပ်ကိုင်တားဆီးဖို့ဆိုတာလည်း မိတ်ဆွေသူငယ်ချင်းအနေနဲ့ ဖြစ်မလား"

"ဟုတ်ပါပြီ .. ရှင့်ကို ကျေးဇူးအရမ်းတင်ပါတယ်၊ ကျွန်မတို့ ဘာပြဿနာဖြစ်နေတယ်ဆိုတာကို ရှင် ဘယ်လိုလုပ် သိတာလဲ"

"ခပ်ကြားလိုက်တာ၊ နေပါဦး .. မင်းမျက်လုံးတွေက အထာမကျသလိုပဲ၊ ဘာလဲ .. ကိုယ်ပြောလိုက်တာကို စိတ်ဆိုးသွားဟာလား"

ဒါကိုပဲ သူ ထပ်မေးပြန်ပြီ ..၊ မြေနိမ့်ရာလှံစိုက်ချင်တာလားလို့ မမေးရက်သော်လည်း သက် ရင်ထဲမှာ နာကျင်နေခဲ့တာ ထို့ထက် ပို၏။

"ဟုတ်တယ် ရေခါး .. ရှင်ပြောလိုက်တာ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေပေမယ့် ကျွန်မရဲ့မနက်ဖြန်တွေအတွက် အန္တရာယ်ရှိတယ်၊ တကယ်ဆိုရင် ကျွန်မ ကိုယ့်ပြဿနာ ကိုယ်ရှင်းသွားလို့ ရတယ်"

"ရပေမယ့် မင်း ပျောညှိသွားရင် ဘယ်လိုလုပ်မလဲ၊ ဟိုဘက်မှာ တူမရယ် .. ငွေကြေးပြည့်စုံမှုတွေရယ်၊ သူ ဖွဲနပဲနဲ့ကြိုးပမ်းလာရင် မင်း ဘယ်လောက်ထိ တောင့်ခံနိုင်မှာလဲ"

"အဲဒါလည်း ရှင့်အလုပ် မဟုတ်ပါဘူး"

စိတ်ထဲမှာ ဟုန်းခနဲ အုံကြွလာသည်က ဘယ်လိုခံစားချက်မှန်း မသိ..၊ သက် သူ့ကိုမော့ကြည့်နေရင်း မျက်ဝန်းတွေမှာ ပြိုးပြက်လက်၏။ သူမ ငိုချင်နေပါပြီ။

"ရှင်နဲ့ပတ်သက်ခဲ့ဖူးတဲ့ အဖြစ်လောက်နဲ့ပဲ ကျွန်မ ခံလိုက်ရတဲ့ ပြစ်ဒဏ်က သေထိုက်နေပါပြီ၊ နောက်ထပ် ဒီလိုပတ်သက်နေပြန်ပြီလားဆိုပြီး ကျွန်မ ထပ်ခံရရင် ဒိုင်းခင်ခင် လို သေပွဲဝင်ရဖို့ တစ်လမ်းပဲ ရှိတော့တယ်၊ ရှင် ကျွန်မနဲ့လက်ထပ်ထားပြီးသားလို့ ဘာဖြစ်လို့ ပြောလိုက်တာလဲ၊ ရှင် လက်ထပ်သွားပြီးတဲ့အခါ ကျွန်မ ဘယ်လို မျက်နှာနဲ့ အနာဂတ်ကို ရှေ့ဆက်ရမှာလဲ၊ ရှင်ပြောလိုက်တာ ဒီလူတစ်ယောက်ပဲ ကြားသွားတာလို့ ရှင် ထင်နေလားဟင်"

ရေခါး က တစ်ခွန်းမှမပြောဘဲ စူးစိုက် ငြိမ်သက်နေ၏။

လဲ့ ကိုကျတော့ ရှိးသားပါတယ်လို့ သူ ပြောခဲ့သည်။ ဒီမှာကျတော့ လက်ထပ်ထားသည်တဲ့ ..။ သက် ဒါတွေကို နှိုင်းယှဉ်ပြောပြီးတော့ စကားနာထိုးမနေချင်ပါ။ ဝေ့ဝဲနေသည့်မျက်ရည်တွေကို မျက်တောင်နဲ့ ပုတ်ခတ် ဖယ်ရှားပစ်ရင်း ...

"ရှင် သက် ကို သိပ်အထင်သေးတယ် သိလား၊ ဟုတ်ပါတယ်.. သက် က အထင်ကြီးစရာမရှိတဲ့ မိန်းမပဲ"

"မင်း ပြောလို့ပြီးပြီလား .."

"ပြီးပြီ"





သက် က ခေါင်းပါညိတ်ကာ သူ့ရှေ့ကနေ လှည့်ထွက်ခဲ့သည်။ ရေခါး က သက် ရဲ့လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ဖမ်းဆုပ်ထားလိုက်ပြီး ...

"ခါးသက်ချို .."

သူ့ဘက်ကို သက် မျက်နှာလေး ပြန်လှည့်ပါသွားမှ ...

"မင်းဆီကို ကိုယ် လာခဲ့မယ်"

သက် ကြောင်တောင်တောင်လေး ကြည့်နေမိ၏။ ရေခါး မျက်နှာက လှောင်ရယ်ပြုံးနေသလိုလို၊ တည်တံ့တော့မလိုလိုနှင့် မျက်ဝန်းတွေမှာ ရယ်မြူးရိပ် ထင်နေကာ ...

"ထင်တာမြင်တာတွေ နည်းနည်းလျှော့ပြီး ခဏပဲစောင့်"

သက် ငေးနေတာကို သူက စိုက်ကြည့်ပြီး ရယ်ပြသည်။ သူ ဘာအဓိပ္ပာယ်တွေနဲ့ ပြောနေတာလဲ ..။

"အခု ကိုယ့်ရဲ့ပွဲမှာ မင်း ပါရမယ်မို့လား.. အလှဆုံးပြင်ထားနော်"

ငေးနေသည့်မျက်နှာလေးမှာ ပါးပြင်လေးတွေ နီရဲသွား၏။

"မင်း သတ္တိရှိတာကို လေးစားတဲ့အတွက် လဲ့ ကလည်း ဂုဏ်ပြုမှာပါ"

"ရှင် .. ဘာပြောတယ်"

"မင်းအတွက် ဆုလာဘ်တွေရဖို့ရှိနေတာကို ကြိုပြောထားတာ၊ မင်း ဝမ်းသာအောင်လို့"

အံကြိတ်လိုက်ပေမယ့် မျက်ရည်တွေပဲ ဝေ့တက်သွားသည်။ ဝမ်းနည်းတော့တာမဟုတ်ဘဲ နာကျင်ခြင်းသာဖြစ်သည်။ သို့သော် ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်သည်။

သူမ အလှဆုံးပြင်ကာ ထိုဆုလာဘ်တွေကို ပြုံးပြုံးလေးနဲ့ယူပြမည်။ ဘာတွေဖြစ်ဖြစ် ...။

ပြီး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၅၁]

"ဘယ်ကိုလဲ သားငယ်"

"လှဲ့ ခေါ်ထားလို့ မာမီ"

"ဩော် .. အေး .. အေး .."

မာမီတို့မျက်နှာပေါ်မှာ လှဲ့ ဆိုတာနှင့် ပြုံးလိုက်ပြီးသား ..၊ ရေခါး မသိမသာ မျက်ခုံးပင့်၍ ဖိနပ်စီးခြင်းကို စိမ်ပြေနပြေ လုပ်သည်။

ဒေါ်ပြည့်ပြည့်စိုး က အနားမှာ လာရပ်ပြီး ငုံ့ကြည့်ကာ ...

"သားငယ်ရယ် .. ဒီလောက် မင်းသားရုပ်ချောပြီး နုနုရွရွ နေတတ်တဲ့လူက တူကို သားလုပ်ပြီး ခြေသလုံးအိမ်တိုင် ရှာဖွေစားခဲ့ တယ်ဆိုတာ မာမီဖြင့် တွေးမိတိုင်း ဟုတ်ရဲ့လားလို့ သံသယဖြစ်နေ တုန်းပဲ၊ အလုပ် တကယ်လုပ်မယ်ဆိုလည်း မိဘလုပ်ငန်းတွေ ရှိရဲ့သား နဲ့ .."

"အဲဒါတွေနဲ့ ဘာမှ ဆိုင်လို့မရဘူး မာမီ၊ ရေခါး ဆိုတဲ့ကောင် ပေါ့ပျက်ပျက်နေတတ်ပေမယ့် လေးနက်နိုင်တယ်ဆိုတာ ကိုယ့်ကိုယ် ကိုယ်လည်း ယုံချင်တယ်"





ပြောနေရင်း ရေခါး ထလိုက်တော့ ဒေါ်ပြည့်ပြည့်စိုး မော့ကြည့် ရ၏။

"ဒါပေမယ့် အဲဒီလိုဘဝမှာ စားရတဲ့ထမင်းဟင်းတွေက ပိုအရသာ ရှိတယ် မာမီ"

"ဒါပေါ့ .. ပင်ပန်းဆာလောင်တတ်ပြီလေ၊ ပြီးတော့ ချွေးနဲ့စာ ဆိုတာ အဲဒါပဲ"

"ဟုတ်မှာပေါ့ .. ခင်မင်မှုတွေကျတော့လည်း ခြေသလုံးအိမ်တိုင် ရေခါး ကို ခင်တဲ့လူတွေက ပိုနွေးထွေးတယ်"

ဒေါ်ပြည့်ပြည့်စိုး မျက်မှောင်ကြုတ်သွားသည်။ ရေခါး က ပြုံး လိုက်ပြီး ...

"စိန်ဆိုတဲ့ ရတနာတောင်မှ သဘာဝနေရောင်အောက်မှာထက် လျှပ်စစ်မီးရောင်နဲ့ကျမှ ပိုပြီး တောက်ပတာ၊ ရွှေရှိမှ လူရာသွင်းကြတဲ့ လူတွေရဲ့သဘာဝကို မာမီ မယုံဘူးလား .."

"ဟုတ်တယ်လေ အဲဒါ ဘာဖြစ်လို့လဲ၊ လူတိုင်း တိုးတက်ဖို့ ကြိုးစားနေကြတာလည်း လူရာဝင်ဖို့ပဲ သားရဲ့၊ အသိုင်းအဝိုင်းနယ်ပယ် တစ်ခုမှာ ဝင်ဆံ့ဖို့က နေရောင်အောက်မှာဖြစ်ဖြစ် မီးရောင်အောက်မှာ ဖြစ်ဖြစ် ဝင်ဆံ့ဖို့ အဓိကပဲ၊ ဘာရောင်နဲ့ထိုးလို့မှ အရောင်မထွက်ရင် တော့ ခဲကျင်းကကျတဲ့ ခဲ(ဂဲ)တွေလိုပေါ့၊ အဲဒီလို တန်ဖိုးသတ်မှတ် လိုက်တာကို မကျေနပ်ဖြစ်နေလို့ မရဘူးလေ"

မာမီကလည်း ခေတ်သူမဟုတ်၊ သူ့ရဲ့ဆိုလိုရင်းကို တလွဲရောက် သွားအောင် ဆွဲချသွားပြီးမှ ...

"ဆန့်ကျင်ဘက်ဘဝနှစ်ခုကို ဖြတ်သန်းကြည့်ပြီး ခဏတစ်ဖြုတ် ကျင်လည်ခဲ့ရတဲ့ဘဝလေးက သားအတွက် အထူးတဆန်း စွဲလမ်းစရာ ဖြစ်သွားတာပါ၊ ခွေးတွေကိုချစ်တတ်တဲ့သူတောင် ခွေးကိုက်တဲ့ဒဏ်ရာ ကိုတော့ အရှိုက်မတ်မတ်နမ်းပြီး တယုတယ မွေးမြူထားမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ နာကျင်စရာတွေကို ဘာဖြစ်လို့ သာယာစရာလို့ တွေးပြီး ခံစားနေရတာလဲ"

"ကျွန်တော်က ဒါဆို လူထူးဆန်းပဲဖြစ်မယ် မာမီ၊ သာယာတာတွေကို မေ့သွားတတ်ပြီး နာကျင်စရာတွေပဲ ရင်ထဲမှာ ကျန်နေတယ်၊ အရောင်မလက်ချင်လည်းနေ .. နေရောင်ကိုပဲ ကြိုက်တယ်"

နောက်ထပ် စကားမဆက်ဖြစ်အောင် ရေခါး ကားဆီ တောက်လျှောက်ဆင်းခဲ့၏။

မာမီ ဒီ့ထက် နိုက်ထုတ်ပြောလာမယ်ဆိုလျှင် သူကလည်း ဖုံးကွယ်တော့မှာ မဟုတ် ..။

"သွားငယ် .. နေဦး"

ကားထဲကိုတော့ ရောက်ပေမယ့် ဒေါ်ပြည့်ပြည့်စိုး က ပေါ်တီကိုအောက်ထိ ဆင်းလိုက်လာပြီး ...

"ဖိတ်စာတွေ တစ်ဝက်ခွဲအပ်ပြီး ဘာမှလည်း ပြန်မပြောဘူး၊ အခု မာမီတို့ဘက်က ဖိတ်စာတွေပဲ ကျန်တော့တာ၊ သူတို့က ရနေကြပြီ၊ ဘယ်မှာလဲ .."

"ဒီညနေ ရမှာလေ ..၊ ရလည်း ကျွန်တော်ပဲ နာမည်ရေးပြီး ဝေလိုက်ပါ့မယ်၊ ကျွန်တော့်ကောင်တွေနဲ့ လူဖြန့်လိုက်ရင် ခဏပါ၊ မာမီ ဒီပွဲပြီးရင် ပြန်မှာမို့လား .. ပင်ပန်းခံမနေနဲ့"

သူ စက်နှိုးလိုက်တော့ ဒေါ်ပြည့်ပြည့်စိုး က စိတ်မချသလို ကားနားကို ကမန်းကတန်းကပ်၍ ...

"ဒါဆိုလည်း ကိုယ့်မိတ်ဆွေရင်းတွေ ကျန်ခဲ့မယ်နော် သား၊ သားဖိတ်ပေးမယ့်လူစာရင်း မာမီ့ကို ပြဦး .."

"ကျွန်တော့်အခန်းထဲက ငှက်ပုံတွေပါတဲ့စာအုပ်အနီထဲမှာ မာမီဝင်ကြည့်လိုက်လေ"

"ဪ .. အေး .. အေး .. ရပြီ၊ သား သွားတော့"





မာမီ့ရှေ့က ထွက်ခွင့်ရခဲ့ပြီ။ လှဲ့ ကို ဝင်ခေါ်ကာ ဒေါ်ကြူကြူပါ အဆစ်ပါလာပြီး ...

"ခြံထဲမှာ ပွဲလုပ်ဦးမှာဆိုတော့ ပန်းအလှဆင်ဖို့ လိုတယ်လေ၊ ဂက်စုံကလည်း လက်မှတ်ထိုးဖို့နဲ့ ပွဲနှစ်ပွဲအတွက်ဆိုတော့ သုံးစုံ .."

သူတို့သားအမိ တွက်ချက်ပြီး ဟိုဝင်ဒီထွက်နှင့် တာလုပ်လုပ်သူ လိုက်ပို့ပေးလိုက်သည်။ ဆိုင်တစ်ဆိုင်ဝင်တိုင်း တွေ့လိုက်တဲ့ အသိမိတ်ဆွေကလည်း ကုန်ပဲ မကုန်နိုင် ..။

ဘယ်မှာတွေ့တွေ့ သူတို့အသိတွေပဲဖြစ်လျက် ...

"ဪ .. သမက်လောင်းနဲ့ ရှော့ပင်ထွက်ကြတာပေါ့လေ၊ မမြင်ဘူးသေးတော့ အကော်ပဲ၊ ကြိုပြီး မြင်ဖူးသွားတာပေါ့၊ သမီးနဲ့သမက်ကလိုက်ပါ့နော် .. ချောချောလေးတွေ"လို့ အကောင်းချည်းပဲ ပြောသွားတဲ့သူတွေရော ..၊

"နေပါဦး .. မိုးခါးခါး သူဌေးက သား ဘယ်နှစ်ယောက်တောင်လဲ၊ တစ်ပြိုင်တည်း ဆောင်ကြမှာလား"

လို့ လက်ညှိုး မရဲတရဲထိုး၍ ဇဝေဇဝါပြောသွားတဲ့လူတွေလည်းရှိ၏။

"ဟင်!... မကြူ သမီးနဲ့လား ..၊ ကြားလိုက်တော့ တစ်မျိုးလားလို့"

စသဖြင့် ဘာလိုလိုတွေပြောကြတော့ ဒေါ်ကြူကြူ မျက်တောင်တွေ ခတ်လာခဲ့၏။

"သူတို့က ဘာဖြစ်နေကြတာလဲ၊ လူတွေကိုက သူများကိစ္စကို နှိုက်နှိုက်ချွတ်ချွတ်"

လို့ပြောကာ တစ်လမ်းလုံး မျက်နှာပုတ်ကြီး ချလာခဲ့တာ စကားမပြောတော့ပေ။ ရေခါး ပြန်တော့မယ်ဆိုမှ လှဲ့ က တံခါးနားထိလာပြီး ....



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ခါး .. ဘယ်သူမှမသိဘူး ထင်ပေမယ့် လွဲ တို့တွေ ပတ်ဝန်းကျင်မှာ ခြေလှမ်းတစ်ချက်မှ မှားလို့ရတာ မဟုတ်ဘူး၊ အဲဒါ ခါးသက်ချို နဲ့ ခါး တို့ မရှင်းမရှင်း ပြဿနာတွေကြောင့် ပြောကုန်ကြတာ"

"ပြောကြတာ ဘာဖြစ်လဲ၊ မင်းပဲ အဲဒါတွေကို ဂရုမစိုက်ဘူးဆို"

"ဟွန့် .."

လွဲ့ မျက်စောင်းလေးထိုးပြီး လှည့်ဝင်သွားတော့ ရေခါး သွားတွေ ပေါ်အောင် ရယ်သည်။

နာမည်ကြီးနေတဲ့အတိုင်း လုပ်ကြမယ်ဆိုလည်း သုံးပါးသွားလေး 'က'လိုက်ရုံ ..။





## အခန်း (၅၂)

"မင်းလုပ်ပုံက ပူးတွဲချန်ပီယံပေးမယ့်ပုံကြီး ခါး ရာ .. သင်းလွဲကြူ မင်းကို ကြွေကျနေပုံက ခေါင်းမာတာနဲ့ပဲ ချန်ပီယံဆုကို အသေဆုပ်ကိုင်ပြီး အသက်ထွက်ခံမယ့်ပုံနော်"

"ဟုတ်တယ် ခါးလေး .. နင့်ဇာတ်ကို နင် ပိုင်ရဲ့လား ..၊ ငါတို့ကတော့ နင့်အတွက် အဆင်ပြေဖို့ဆို ဘာဖြစ်ဖြစ် ကူညီကြမှာပါ"

သူငယ်ချင်းတွေ စုရုံးပြီးကြကာမှ စိုးရိမ်သံတွေ ထွက်လာကြသည်။

"ငါဖွင့်သမျှ စာမျက်နှာမှာ ကော်ရှရှင်ပဲန် သုံးခဲ့ဖူးတာ တွေ့လို့လား၊ အာရုံတွေ များမနေကြနဲ့ .. ပြောတဲ့အတိုင်းသာ လုပ်"

ရေခါး က ရှပ်အင်္ကျီအဖြူလက်ရှည်ကို ကြယ်သီးစုံအောင်တပ်ထားကာ ကြက်သွေးရင့် ပိုးတွဲပုဆိုးကွက်စိပ်ကို ဝတ်ထားသည်။ မိတ်ကပ်ရောင် တိုက်ပုံအင်္ကျီပါပေမယ့် ကိုယ်ပေါ်မှာမဟုတ်ဘဲ ကုရှင်ပေါ်မှာ တင်လျက်သား ..။

"ရေခါး .. နေဦးကွ"

ဟံသာ နဲ့ ရွှေသွေး တို့ သူ့ဘေးကို ရောက်လာကြတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မလတ် က ဟိုကိုရောက်နေမှာလား .. အန်တီစိုး နဲ့ အတူရှိနေတာလား"

"မာမီနဲ့ပေါ့ .. ဟိုမှာ လဲ့ တို့လူစုပဲ အရင်ရောက်ကြမယ် ထင်တယ်"

"မင်းက ဝင်မခေါ်ဘဲနဲ့လား"

"ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားကြဖို့ ပြောပြီးသား၊ သူတို့က အလှပြင်ဆိုင်ကနေ သွားကြမှာ .."

တော်တော်ပုံကြီးချဲ့တာပဲဟု တွေးမိသွားကာ ရွှေသွေး နှာခေါင်းတွန့်၏။ ရေခါး တို့ ချမ်းသာသည်။ ဒေါ်ပြည့်ပြည့်စိုး က သိတတ်လွန်း၏။ လူကြီးတွေ ဘယ်လိုချိတ်ဆက်ထားကြမှန်း မသိပေမယ့် သူတို့အမြင်မှာတော့ ဒေါ်ကြူကြူ တို့ဘက်က အခွင့်အရေးယူလွန်းသည်လို့ ထင်၏။

ဒါကြောင့် ရေခါး ထွင်တဲ့လမ်းကို သူတို့ မြောင်းသွယ်ပေးဖို့ပါ ကြိုးစားမိကြတာပဲ ဖြစ်သည်။ ထိုစဉ် နန္ဒာ က အနားရောက်လာပြန်ကာ ...

"နင် သတ္တိရှိရင်လည်း သပ်သပ်စီလုပ်သင့်တယ် ခါးလေး ရယ်.. အားလုံး ရှုပ်ကုန်တော့မှာပဲ၊ ဘယ်လိုအနေအထားမှာဖြစ်ဖြစ် ချန်ပီယံဆုက သင်းလဲ့ကြူ လက်ထဲမှာပဲရှိမှာ .."

ရေခါး က အပြုံးမပျက်ပေ ..။

"ငါကတော့ နင်ထင်သလို ကွက်တိဖြစ်မလာဘူးလို့ ထင်တယ်၊ အဲဒီလိုဖြစ်လာရင် ဘာလုပ်မယ်ဆိုတာရော .. နင် စဉ်းစားထားရဲ့လား၊ ဖြူဖြူစင် နဲ့တုန်းက ခံလိုက်ရတာလည်း အဲဒီလို မျက်စိမှိတ် ယုံကြည်တာတွေကြောင့်ပဲ"

"ပူမနေနဲ့ .. ဒါက ရင်ဘတ်ကြီးနဲ့ ရှင်းရမယ့်ကိစ္စ"

"ပြီးရော ..၊ ကဲ .. ငါတို့သွားနှင့်ကြမယ်"





ဟံသာ တို့အိမ်ကနေ အားလုံး လူစုခွဲလိုက်ကြသည်။ ရေခါး ရဲ့ကားက လမ်းသွယ်လေးတွေထဲကို ကွေ့ချိုးမောင်းနှင်ခဲ့လျက် မောင်းနေသူမျက်လုံးတွေက ခြံဝန်းလေးတွေရှေ့မှာ ရှိတာတချို့၊ မရှိတာတချို့နှင့် ခြံနံပါတ်တွေကို သေချာရေတွက်နေခဲ့၏။

ထိုအထဲမှာမှ အုတ်ခံ နှစ်ထပ်ပျဉ်ထောင်နှင့် ခြံနံပါတ် (၃၀)ကို တွေ့လိုက်ရသည်။ ဒါ စုစု ဆိုတဲ့ မိန်းကလေးရဲ့အိမ် ..။

အိမ်ထဲမှာ အကျီတ်အနယ်ပြင်ဆင်ရင်း စိတ်တိုင်းမကျဖြစ်နေကြတာက သက် နဲ့ စုစု ပဲ ဖြစ်၏။

"တော်ပါပြီ စုစု ရယ် .. ငါ သူများပစ္စည်းတွေ မဝတ်ချင်ပါဘူး၊ ပြီးတော့ နင့်လူကြီးတွေက ရှိသေးတယ်"

စုစု က ပုလဲပုတီးတွေ၊ ကပ်ပန်းတွေနှင့် လက်ကောက်နှစ်ဖက်ပါ ချပေးနေသဖြင့် သက် ကဲ ခေါင်းခါလက်ကာနှင့် ...

"နေပစေ .. ဒီလောက်ဆို ရပြီ"

"မရဘူး .. ဝတ်ဆိုဝတ်၊ ဒါ ရွှေလည်း မဟုတ်ဘူး၊ ငွေရည်စိမ်နဲ့ အတုတွေချည်းပဲ၊ ဒါပေမယ့် အတုက ရုတ်တရက်တော့ အစစ်ထက် သာပါတယ်၊ နင်ဝတ်ထားတဲ့ မိတ်ကပ်ရောင်လေးနဲ့ ဒါလေးက လိုက်တယ်၊ ဝတ်စမ်းပါဟာ .. လဲ့ ဆိုတဲ့မိန်းမကို ငါ မုန်းလွန်းလို့ပါ၊ အခ်ိဳပွာယ်မရှိ .. လက်မှတ်ထိုးတာတောင်မှ ရုံးမှာ လူကြီးတွေ ကျွေးမွေးဖို့ကို ဒေါ်ခံပေးရမယ်တဲ့၊ နင့်ကို ချို့ချို့တဲ့တဲ့ဆိုပြီး အတင်းဆွဲထုတ်ပြချင်တာ .."

"ပြပြလေ ..၊ ငါက ဘာဖြစ်လို့ အတုတွေနဲ့ သွားရမှာလဲ၊ အဲဒီဟာတွေကိုမြင်တော့ရော .. သူက လုလိုက်တာလို့ ပြောမယ် နင်ထင်လား .. ငါ့ကို အရှက်ခွဲမှာပဲ"

စုစု ခဏငိုင်သွားတုန်း သက် လက်ကိုင်အိတ်လေးကောက်ပြီး ထွက်လာခဲ့သည်။ ရှိစုမဲ့စုလေး ခြစ်ခြုပ်၍ တန်ဖိုးနည်းနည်းနှင့် ပွဲတိုး



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့် နံ့သာရောင်မှာ အဖြူရိုပ်ချိတ်လေးတွေပါသော ပိုးတု အပြောင်သားလေးကို ရင်ဘတ်မှာ အပါးသားလေးထည့်၍ လည်ကပ် လက်ရှည်လေး ချုပ်ထားသည်။

ရှေ့ဆံပင်တွေကို ဘေးတစ်ဖက်မှာ ပုလဲပွင့်လေးပါသည့်ကလစ် နှင့် သိမ်းတင်ထား၏။ ဆံပင်တစ်ခြမ်းကတော့ မျက်နှာထက်မှာ ခဏ တစ်ဖြုတ် မသာမယာဖြစ်ဖို့ရှိသည့် ရာသီဥတုအတွက် ကာကွယ်လိုတဲ့ အခါ ပြုဆင်းခွင့်ရအောင် ဒီတိုင်းပဲ ထားခဲ့လိုက်သည်။

"သက် .. နေဦးလေ၊ နင့်ကိုလာခိုင်းတာ ခရီးက နီးတာမဟုတ် ဘူး၊ ဟိုရောက်ရင် နင့်ပုံစံ လိုင်းကားနှိပ်စက်တဲ့ရုပ်ကြီးနဲ့ ဘာပုံဖြစ်နေ မလဲ"

"ဖြစ်ပေ့စေ ..၊ ငါက သူခိုင်းတဲ့အတိုင်း တာဝန်ကျေချင်တာ၊ အလှပြဖို့ မဟုတ်ဘူး"

"အို .. ဘာဖြစ်ဖြစ် .. ကားတော့ ငှား ..."

နှစ်ယောက်စလုံး ခြေလှမ်းတွေ တုံ့သွားကြ၏။ စုစု စကား မဆက်နိုင်တော့ဘဲ အိမ်ရှေ့မှာ ထိုးရပ်သွားသည့်ကားကို တအံ့တသြ ကြည့်မိ၏။

ကားက လင့်ခရူဇာအနက်ရောင်ဖြစ်ကာ ဖိတ်ဖိတ်တောက်နေ သည်။ သင်းလုံ့ကြူ စိတ်ကောင်းလေးဝင်ပြီး ကားလွှတ်လိုက်တာဆို ရင်တောင် ဒီကားမျိုးတော့ မဟုတ်နိုင် ..။

"သက် .. နင့်ကို လာခေါ်တာလား မသိဘူး"

"မဖြစ်နိုင်ပါဘူး .. ငါက သူ့ပွဲမှာ အရေးပါတဲ့နေရာက ဝင်ပါရ မယ့်လူလည်း မဟုတ်ဘူး၊ သူ့စိတ်ကူးကို နင် သိသားနဲ့ဟာ"

ကားထဲကလည်း ဘယ်သူမှဆင်းမလာသဖြင့် သက် တို့ အပြင် ကို ထွက်လာခဲ့ကြသည်။ ထိုအခါကျမှ သက် နဲ့အနီးဆုံးမှာ မှန်တစ် ဝက် လျှောကျသွားကာ ...





"ခါးသက်ချို ..."

"ရှင် .. ရှင်က .."

ရေခါး မျက်နှာက အလိုမကျသည့်ပုံစံတွေနှင့်တင်းနေကာ ဟို ဘက်ကနေ ဆင်းလာ၏။

"ထင်သားပဲ .. မင်း အိမ်ကမထွက်ရသေးဘူးဆိုတာ .."

"ဘာဖြစ်လို့လဲ .. အချိန်က လိုသေးတာပဲ၊ သက် ဘာသာ အချိန် မှန်းပြီးသားပါ"

"အချိန်က မင်း မှန်းလို့ မရဘူးလေ၊ လိုင်းကားတိုးစီးမှာလား၊ ကားငှားမှာလား၊ မင်း ဒီကနေ ကားတွေရှိတဲ့နေရာသွားဖို့၊ ကားပေါ် ရောက်ဖို့၊ အဲဒီအချိန်တွေမှာ ဟိုမှာလူစုံနေရင် ..."

"အို .. အဲဒီလောက်ထိ ကျွန်မနဲ့ မဆိုင်ပါဘူး၊ ရှင်တို့ရဲ့ပွဲက ကျွန်မမှမပါရင် ပွဲမစည်လောက်အောင် .."

"ဟုတ်တယ် .. မင်းပါမှဖြစ်မှာ၊ အခု လိုက်ခဲ့တော့"

စုစု ကတော့ ပြောနေသမျှကို ကြားသည်။ မြင်နေရတာလည်း သတို့သားလောင်းကိုယ်တိုင်ပဲ ဖြစ်၏။ ဒါပေမယ့် သဘာဝမကျတာ တွေကို ပုံမှန်ပွင့်ဝင်လာအောင် ဆက်စပ်တွေးကြည့်တော့ ဘာမှမရပေ။

"အို .. ဘယ်လိုဖြစ်တာလဲ"

"မင်းကို လာခေါ်တာလေ၊ မတက်ဘဲနဲ့ ဘာလုပ်နေတာလဲ"

လက်ကို တစ်ဖက်ကဆွဲ၍ ကားတံခါးဖွင့်ပေးတော့ သက် က ပြန်ရုန်းလိုက်ကာ ...

"ရှင်က သတို့သမီးနဲ့ အတူရှိနေရမှာ မဟုတ်ဘူးလား၊ ဒီကို ဘာလာလုပ်တာလဲ"

"မင်းနဲ့ လုံ့ နဲ့ ပဋိပက္ခတွေ ထပ်မရှိစေချင်လို့၊ အခု မင်း အချိန်မီ မရောက်ရင် ရှော့အကြီးကြီး ရှိတယ်၊ အဲဒါ နားလည်လား"

သက် က ရှုပ်ထွေးနေဆဲ မျက်ဝန်းလေးတွေနှင့် ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ့ကို ဘာလိုလိုတွေ အပြောခံနေရလို့ စိတ်ညစ်နေရတာ ဒီနေ့ အဆုံးသတ်မှဖြစ်မယ်၊ အဲဒါကြောင့် ပဋိပက္ခဖြစ်ဖို့ရှိနေတာတွေကို မင်း ဆင်ခြင်.."

"ဘာဆိုင်လို့လဲ .. ရှင် ..."

သူ တွန်းတင်လိုက်သည့်ကားထဲက သက် ပြန်ထွက်ချင်ပေမယ့် ဟိုဘက်မှာ သူ ဝင်ထိုင်လိုက်ပြီးဖြစ်ကာ ...

"ခုလောက်ဆို အားလုံး လူစုံနေပြီ"

ရေခါး က ကားမောင်းထွက်လိုက်ရင်း မကျေမနပ် ရေရွတ်သည်။ စုစု ကြောင်ငေးရင်း ကျန်ခဲ့တာကို သက် နှုတ်မဆက်နိုင်ဘဲ ပါလာခဲ့ရင်း ...

"အခု ကျွန်မက ရှင်နဲ့ ဘာမှမသက်ဆိုင်တဲ့အကြောင်း မလဲ့ကို တရားဝင်ရှင်းပြပေးရဦးမှာလားဟင်၊ အဲဒီလောက်ထိ ရှင် စိတ်ညစ်နေရတာလား"

ရှိုက်သံမဟုတ်ပေမယ့် သက် ရဲ့အသံလေး အက်ရှတုန်ခါနေတာကြောင့် ရေခါး ကားမောင်းရင်း ဖျတ်ခနဲ လှည့်ကြည့်သည်။

မျက်ရည်တွေ လှုပ်လီလှုပ်လဲ့ ပြည့်ဝိုင်းလျက် သက် ရဲ့မျက်နှာလေးက မိတ်ကပ်ပြေပြေလေးနှင့်မို့ သနားစရာကောင်းရမယ့်အစား ပိုလှနေသည်။

ငိုချင်နေသည့် ပါးမို့လေးတွေက ပို၍နီမြန်းနေကာ နှုတ်ခမ်းသားတွေကို ဖိကိုက်ဖို့ကြိုးစားရင်း မသိမသာ လှုပ်ခတ်နေသည်ဖြစ်ရာ...

"ဟာ!..."

"အမလေး!.."

"ကျွိ ..."

"ဟေ့ .. ကားကို ဘယ်လိုမောင်းနေတာလဲကွ"

ဘွားခနဲ ရင်ဆိုင်ဝင်လာသည့် တက္ကစီတစ်စီးကြောင့် သက်





အလန့်တကြား အော်လိုက်မိ၏။ ရေခါး မျက်လုံးပြူးသွားကာ အမိအရ ဗိုက်ချုပစ်လိုက်သော်လည်း ကားတစ်စီးလုံး ဖြောင်းဆန် ခါယမ်းလျက် လမ်းဘေးမှာရပ်သွားတော့လည်း ပုံပန်းမကျ။

ပတ်ဝန်းကျင်မှာ အော်ဟစ်ပြောဆိုသံတွေ ဆီခနဲ ထဖြစ်သွား၏။ ပြီးတော့ သူတို့ကားအဖြစ်ကို သနားမယ့်သူမရှိဘဲ အားလုံးက ပုံမှန်အတိုင်း ..။

"သက် .. သက် .. မင်း ဘာဖြစ်သွားသေးလဲ"

သူ့ဘက်ကို ပုံကျလာကာ လက်မောင်းတစ်ဖက်မှာ မျက်နှာကပ်၍ အတင်းကုပ်တွယ်ထားတာ သူ မနည်းဆွဲခွာရသည်။ သက် ပြန်မော့လာတော့ ဟိုဒီလှည့်ကြည့်ကာ ...

"ဘာတွေဖြစ်ကုန်တာလဲဟင်၊ ရှင် .. ရှင် ဘာလုပ်လိုက်တာလဲ"

"ဘာမှမလုပ်ဘူးလေ၊ ဒါပေမယ့် ကံကောင်းလို့ ကားချင်း မတိုက်တာ .."

ကြောက်ဖို့ လန့်ဖို့ ခုမှသတိရကာ သက် ကိုယ့်ကိုယ်ကိုယ် ပြန်မတ်လိုက်ပြီး ကားရပ်ထားရတဲ့ပုံကိုပါ လည်ပင်းလေး ရှည်ကြည့်၏။

"ရှင် ကားသိပ်မမောင်းတတ်ဘဲနဲ့ မောင်းလာတာလား"

ရေခါး က ရယ်ကျဲကျဲမျက်နှာဖြစ်သွားကာ ကားကို ဖရိုဖရဲကနေ ပုံစံတကျဖြစ်သွားအောင် ပြန်ပြင်ရွှေ့လိုက်သည်။ ပြီးမှ ရပ်ပစ်လိုက်ကာ ...

"ဒီမှာ .. မွေးလာကတည်းက ကားနှစ်စီး ပူးခွမောင်းပြီး မွေးလာတာ၊ ရည်းစားထားတာတောင် နှစ်ယောက်ပြိုင်တူထားခဲ့တာတွေ မှတ်တမ်းနဲ့တကွ ရှိတယ်"

ခုန လာခေါ်တုန်းကတော့ ကိုယ့်ကြောင့် စိတ်ဆင်းရဲကြီးစွာဖြစ်နေရလို့ ဒေါကန်နေရတာမျိုး စူပုတ်ပုတ် ရှုတည်တည်နှင့်

ခုကျတော့ မျက်နှာက မချိုမချဉ်၊ ပြောပုံက အချိုးမပြေ၊ ကားကို



www.burmeseclassic.com

www.burmeseclassic.com



သေချာရပ်ပြီး ကူရှင်မှာ မှီလိုက်သေးသည်။

"ကိုယ် ကားကောင်းကောင်းမောင်းနေတုန်း မင်းကို လှည့်ကြည့်လိုက်မိလို့ ဖြစ်သွားတာ .."

"ဘာ!..."

"ငိုလေ .. မျက်ရည်တွေ လန့်ဖျန့်ပြီး ပျောက်ကုန်ပြီလား၊ ဒီမှာ လက်တွေ အားနေပြီ"

လက်ဖဝါးနှစ်ဖက်ဖြန့်ပြပြီး ပခုံးတွေတွန့်သည်။ လူကို ကြည့်ပုံက သူနဲ့ကိုယ့်အတွက် ရှေ့ဖြစ်နောက်ဖြစ် အဆင်မပြေမှုတွေ ဘာမှမရှိခဲ့ဖူးသလိုမျိုး ..၊ သက် သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်ရင်း ...

"ရှင် ဘယ်လိုလူလဲ ရေခါး၊ ရှင့်မျက်နှာပေါ်မှာ ပြောင်းလဲနေတဲ့ အက်ရှင်တွေကို ကျွန်မ ဖမ်းလို့မမိတော့ဘူး၊ အခု ကားရပ်ပြီး ဘာလုပ်နေတာလဲ၊ စောစောကပြောတော့ နောက်ကျလို့မဖြစ်ဘူးဆို .."

"စောစောကမဖြစ်ပေမယ့် အခု ဖြစ်သွားပြီ"

"ဘယ်လို ..."

"အရေးကြီးနေတာက မင်း ကိုယ်နဲ့ပါလာဖို့လေ၊ အခု ပါလာပြီဆိုတော့ လက်မှတ်ထိုးဖို့က အေးဆေး"

"ဘာတွေလဲ .. ရှင် ဘာတွေပြောနေတာလဲ၊ ရှင့်ရဲ့ လှဲ နဲ့ ကျွန်မ ဒီထက်ပိုပြီး ရှုပ်ထွေးကုန်အောင် ရှင် လုပ်မလို့လား"

ရေခါး က ပခုံးတစ်ဖက်နှိမ့်မှီကာ သက် မျက်နှာကို ကိုယ်တစ်ခြမ်းစောင်းနှင့် လှည့်ကြည့်နေပြီး ဘာမှမပြော ..။

"ဘယ်သူတွေ ဘာဖြစ်ကျန်ခဲ့ကျန်ခဲ့ ရှင်ကတော့ အနေသာကြီးကိုး၊ ငါနဲ့ ဘာမှမဆိုင်ပါဘူးလို့ ပြောလိုက်တာနဲ့ ပြီးတယ်၊ ကျွန်မမှာသာ ထွက်သွားချင်တယ်ဆိုတော့လည်း ရှောင်တယ်တဲ့၊ ဒီတိုင်းနေမယ်ဆိုတော့လည်း အရိပ်ကိုမှီပြီး မျှော်လင့်နေတာတဲ့၊ ရှင်တို့ သိပ်ရက်စက်တယ် .. သိလား".





"ငါနဲ့မဆိုင်ပါဘူးဆိုတဲ့ စကား ငါကိုယ်တိုင် မင်းရှေ့မှာ ပြောခဲ့သလား"

သက် မဖြေနိုင် ..။

"ပြောလေ .. အဲဒီစကားတွေ မင်းကို ဘယ်သူပြောတာလဲ"

သက် မျက်နှာလွှဲပစ်လိုက်မိသည်။ ရေခါး က သူမရဲ့လက်ခုံလေးတစ်ဖက်ကို ဆွဲယူကိုင်ထားလိုက်ပြီး ...

"အလှတွေ ပျက်ကုန်ပြီ၊ မျက်ရည်သုတ်လိုက်"

သက် ဆတ်ခနဲ လှည့်သည်။ သူက တစ်ရှူးဘောက်စ်လေးထဲက တစ်ရှူးတစ်စ လှမ်းဆွဲ၍ လက်ထဲထည့်ပေးနေတာ အေးအေးဆေးဆေး ..။

"ဖယ် .. လွှတ် .."

လက်ကို ပြန်ဆွဲရုန်းပေမယ့် သူက အတင်းအကျပ် ဖိဆုပ်ထားလိုက်၏။ ပြီးတော့ မျက်နှာကိုစိုက်ကြည့်၍ ...

"ခါးသက်ချို"

"ဘာလဲ"

"မင်းကို ငါခေါ်လာတာ ဘာအတွက်လို့ ထင်လဲ"

"ဘာအတွက်ဖြစ်ဖြစ် အခု ကားပြန်မောင်း၊ ရုံးကိုရောက်ရင် ပြီးပြီ"

"ဟုတ်တယ် .. ရုံးကို သွားရမှာပဲ၊ ဒါပေမယ့် မင်း လှဲ့ အတွက် ဘာဝန်ကျေဖို့ မဟုတ်ဘူး၊ ကိုယ်နဲ့ ထာဝရလက်တွဲဖို့ .."

"ဘာ!..."

သက် အံ့သြလွန်းသဖြင့် 'ဘာ ..'ဆိုတဲ့အသံတောင်မှ လေသံသာသာပဲ ဖြစ်၏။

"ရှင် .. ရှင်က .."

"မင်းနဲ့ကိုယ် လက်ထပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို .. မဖြစ်နိုင်တာ .."

သက် ကယောင်ချောက်ချား ခေါင်းခါလိုက်မိလျှင် ရေခါး က သက် ရဲ့ပခုံးလေးကို ဆွဲသိမ်းဖက်လိုက်ကာ ...

"ဒီနေ့ ကိုယ်ပြင်ဆင်လာခဲ့တာ မင်းရဲ့သတို့သားအဖြစ်နဲ့ပါ၊ မယုံဘူးလား .."

သက် ရဲ့ပါးပြင်နုနုမှာ နွေးသောအနမ်းတစ်ပွင့် ကြွေဆင်းသွားသည်။ သက် ခေါင်းခါနေမိရင်း သူ အတင်းဖက်ထားသည့်လက်တွေ ပေါ်မှာ ကျရှုံးသွားခဲ့သည်။

စိမ်းသက်ခဲ့သော အတိအတွေ့တို့မှာ ရင်ခုန်သံတွေသာ ဖြောင်းဆန်အောင် သောင်းကျန်းနေခဲ့လျက် သူပြောတာတွေ သဘာဝကျသလား .. မကျဘူးလား ..။

ယုံသင့်ရဲ့လား .. မယုံသင့်ဘူးလား ..။ အားလုံးကို မေ့လျော့သွားခဲ့၏။ သူ ကျီစားတာဆိုရင်လည်း သူမ ကျရှုံးခဲ့ပါပြီ။

မဆွတ်ခင်က ညွတ်ချင်သူမို့ ..။





အခန်း [၅၃]

ရုံးရှေ့မှာ သူတို့ကားရပ်လိုက်တာနှင့် ရှေ့မှာ စုရုံးနေကြသည့် ရွှေသွေး တို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ သူ ဆင်းပြီး သက်ကို လက်တွဲခေါ်လိုက်တာနှင့် အားလုံး အနားရောက်လာကြကာ ...

"အထဲမှာ သူတို့ရှိနေသေးတယ် ခါး .."

"ဟုတ်တယ် .. လှဲ က မင်းလုပ်မယ့်ပုံကို သိတယ်ထင်တယ်၊ အံကြိတ်ပြီး ထိုင်စောင့်နေတာ .."

သူတို့ သတင်းပေးနေကြတုန်း လှဲ နှင့်လူကြီးတွေ ရုံးထဲကနေ ထွက်လာကြတာနှင့် မျက်နှာချင်းဆိုင်လိုက်မိကြ၏။

ရေခါး ရဲ့မာမီ အပါအဝင် လူကြီးစုံရာရဲ့အလယ်မှာ သင်းလှဲ့ကြူ မျက်လုံးတွေ မီးဝင်းဝင်းတောက်သွား၏။

ဒေါ်ကြူကြူ က ကိုယ့်ရဲ့သူဌေး၊ ဒေါ်ပြည့်ပြည့်စိုး ကတော့ ရေခါး ရဲ့မိခင် ..၊ နှစ်ယောက်စလုံးရဲ့အကြည့်တွေ စူးစူးရဲရဲ ရောက်လာသည်နှင့် သက် တစ်ကိုယ်လုံး သေးကျုံ့သွားသလို ခံစားလိုက်ရကာ သူ ဆုပ်ကိုင်ထားသည့်လက်ကိုပါ ရုန်းပစ်မိသည်။

ရေခါး က ခိုင်မာစွာ ဖိဆုပ်ထားလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ အန်တီ ...၊ မချစ်တဲ့သူကို မိဘဂုဏ်သိက္ခာကြောင့် လက်ထပ်ရမှာဖြစ်သလို ချစ်တဲ့သူကို ကျွန်တော့်ဆန္ဒနဲ့ ရွေးချယ်လိုက်တာပါ၊ အားလုံး အစီအစဉ်အတိုင်း ဆက်သွားလို့ ရပါပြီ"

"ဘာ!... မင်း .. မင်း ဘာပြောလိုက်တယ်"

ဒေါ်ကြူကြူ အသားဆတ်ဆတ်တုန်သွား၏။ သက် နောက်ထပ် လက်ကိုရုန်းလိုက်မိစဉ် သက် ရဲ့အခြားလက်တစ်ဖက်ကိုပါ ရေခါးက ဖမ်းဆွဲထားလိုက်ပြီး ငြိမ်ငြိမ်နေဖို့ ဖိညှစ် သတိပေး၏။

မငြိမ်းချမ်းသော အရေးအခင်းက ရှင်းလို့မပြီးနိုင် ...။

"သား မင်း ဘာစကားပြောတာလဲ ...၊ အခု ဘာတွေလုပ်လာတာလဲ"

ဒေါ်ပြည့်ပြည့်စိုး ရှေ့ကို လှမ်းထွက်လာ၏။ ရေခါး က သက်ကို သူ့နောက်ပို့ထားလိုက်ပြီး ဆုပ်ထားသည့်လက်ကိုလည်း မလွှတ်...။

"မာမီ့စကားကို ကျွန်တော် မပယ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် စိတ်ချမ်းသာတာလည်း မာမီ လုပ်ခွင့်ပြုရမှာပဲ၊ အခု လက်မှတ်ထိုးဖို့ လာတာ၊ ကျွန်တော် ဘာပျက်ကွက်လို့လဲ"

"ရေခါး .. ရှင်က နှစ်ယောက်စလုံးနဲ့ လက်မှတ်ထိုးမယ်၊ ဒီလိုလား .."

သင်းလဲ့ကြူ က အံကြိတ်သံနှင့် ...

"ငါကတော့ အေးဆေး၊ မင်းဘက်က စဉ်းစားလို့ ပြောလိုက်တာပေါ့"

"ဒါ စိုး ရဲ့သား ယုတ်မာလိုက်တာပဲ၊ မယှဉ်ပြိုင်ချင်တဲ့သူ စည်းထဲကထွက်လို့ ကြေညာလိုက်တာ၊ အိမ်ထောင်ရေးကို ဘာမှတ်နေသလဲ၊ သင်းကို ခုချက်ချင်း အသရေဖျက်မှုနဲ့ တရားစွဲမယ်"

"နေပါဦး .. ကျွန်တော်တို့လည်း အံ့ဩနေတာ၊ အခု လက်မှတ်ထိုးဖို့ သက်သေလူကြီးအနေနဲ့ လိုက်ရတော့ ဖိတ်စာထဲမှာတစ်မျိုး၊





အပြင်မှာတစ်မျိုး ဖြစ်နေတယ်"

ရပ်ကွက်လူကြီးတစ်ယောက်က အားလုံးရှေ့ကို ထွက်လာပြီး...

"ဒေါ်ကြူကြူ့ သမီးကို ကျွန်တော်တို့ မျက်မှန်းတန်းမိပါတယ်၊ ဒါပေမယ့် ဖိတ်စာထဲမှာတော့ သင်းလဲ့ကြူ မဟုတ်ဘူး"

"ဟင်!... ဘာ ..."

"ဟုတ်တယ် .. ကျွန်တော်တို့လည်း ခါးသက်ချို နဲ့ လက်မှတ်ထိုးမှာဆိုလို့ လာခဲ့ကြတာ .."

ရွှေသွေး တို့လူစုလည်း ဖိတ်စာတွေထုတ်ပြပြီး တစ်ယောက်တစ်ခွန်း ဝင်ပြောကြသည်။

ဒေါ်ကြူကြူ လူတွေကြားထဲမှာ ကြက်သေသေ၏။

ရေခါး နဲ့သုံးယောက် ပန်းဆိုင်တွေ၊ ပလာဇာတွေ စုံအောင်သွားခဲ့တဲ့နေ့က မြင်တဲ့လူတချို့ မျက်ခုံးပင့်ကြည့်သွားကြတာကို သတိရသွားမိသည်။ အံ့ဩသည့်အကြည့်တွေနှင့်ပြောသွားသည့် ဟိုလိုလို ဒီလိုလို မေးခွန်းဆန်ဆန်စကားလုံးတွေကိုလည်း ထိုနေ့က အမှတ်တမဲ့...။

ဘာတွေဖြစ်ကုန်ပြီလဲ .. ဖိတ်စာက ဘာဖြစ်လို့ နှစ်မျိုးဖြစ်ပြီး လူတွေဆီ ကွဲပြားစွာ ပျံ့နှံ့သွားတာလဲ ...။

ဒေါ်ကြူကြူ နားလည်လိုက်သည်က ဖိတ်စာနှစ်မျိုးမှာ သတို့သားသည် ရေခါး တစ်ယောက်သာဖြစ်လျက် သတို့သမီးကတော့...။

"ရေခါး .. မင်း .. မင်းရဲ့ လက်ထပ်ခြင်းအခွင့်အရေးက တကယ့်နောက်ဆုံးမော်ဒယ်ပဲကွာ၊ ဒီလို မိုက်ရိုင်းတဲ့အခွင့်အရေးမျိုး ဘယ်မိကောင်းဖခင်သားသမီးမှ ယူတတ်မှာ မဟုတ်ဘူး"

"မဟုတ်ဘူး မေမေ ...၊ သူ့လုပ်ကွက်ကို လဲ့ သိတယ်"

လဲ့ ရဲ့မျက်လုံးတွေက သက် ဆီကို စူးခနဲ ဝင့်သွား၏။ ပြီးတော့ ရေခါး ထံ ပြန်ရောက်၍ ...

"ရှင် လဲ့ ကို တကယ်လက်မှတ်ထိုးရဲသလား ရေခါး၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် လွဲ့ ဘက်ကနေ နုတ်ထွက်သွားတာကို လိုချင်တာလား''

သားအမိတွေ ပြာကျမတတ် ပူလောင်နေကြသည်။ ဝိုင်းရံစူးစိုက်နေကြသော လူပုံအလယ်မှာရပ်နေရတာလည်း မင်းသားလိုလို တရားခံလိုလို ..။

ဒါပေမယ့် ရေခါး ပုံစံက အေးဆေးတည်ငြိမ်နေကာ အလျင်စလို ဖြေရှင်းဖို့ ဟန်ပြင်နေတာမျိုးလည်း မဖြစ်။ ရှန်းမလို ဖယ်မလိုဖြစ်နေသည့် သက် ရဲ့လက်တစ်ဖက်ကိုပဲ ခိုင်မြဲအောင် ဖိဆုပ်ထားလျက်...

''မင်းပဲ ဆုံးဖြတ်ပါ၊ ငါ့နှလုံးသားက ငါ့ရဲ့လက်တစ်ဖက်မှာရှိတယ်၊ ဒီလက်တစ်ဖက်က သားသမီးတို့ဝတ္တရားအတွက် ..''

''တောက် ..''

လွဲ့ လက်ကိုမြှောက်ပြီး ပြေးထွက်လာ၏။ ရွှေသွေး တို့က လေးငါးယောက်အပြုံလိုက် ရေခါး ရှေ့ကနေ ပိတ်ကာလိုက်ကြပြီး ...

''ရေခါး လုပ်သွားတာ ယုတ်မာတာ မဟုတ်ပါဘူး မသင်းလွဲ့ ကြူ သူ့ ရသင့်တဲ့ဘက်ကို တခြမ်းဖွဲ့ယူသွားတာပါ၊ ကျန်တဲ့အပိုင်းအတွက် ဆန္ဒရှိသူတွေရဲ့ ဆုံးဖြတ်ချက်အတိုင်း ဖြစ်ခွင့်ရှိတာပဲ''

''ဟုတ်တယ် .. အခြေအနေအရ ခိုင်မာနေခဲ့ပေမယ့် ဒီအချိန်မှာ ဘာမှ လွန်လွန်ကျူးကျူး မရှိကြသေးဘူး၊ ရှေ့တိုးနောက်ဆုတ်အတွက် တစ်လှမ်းစာတော့ ကျန်ပါသေးတယ်''

''တောက် .. လူပါးဝလိုက်ကြတာ၊ ကြည့်စမ်း .. တက်ညီလက်ညီ အကွက်ကျကျ ယုတ်မာကြတာ''

ဒေါ်ကြူကြူ လက်သီးနှစ်ဖက်ဆုပ်၍ အားလုံးကို ပတ်လည်ဝေ့ကြည့်ပြီး ကုန်းအော်ဆဲတော့မတတ် ..။

ဒေါ်ပြည့်ပြည့်စိုး တစ်ဖက်က သား .. တစ်ဖက်မှာလည်း မပြေနိုင်သည့် ဒေါသတွေနဲ့မို့ တောင်းပန်ဖို့စကားလည်း မထွက်၊ ဆူပူရိုက်နှက်ဖို့လည်း အင်အားမဲ့နေခဲ့၏။





ဝိုင်းဝိုင်းလည်နေကြသည့် အားလုံးသောလူတွေထဲမှာ သည်ပွဲနှင့် သက်ဆိုင်သူတွေရော မသက်ဆိုင်သူတွေပါ ရှိနေကြ၏။ ဒါပေမယ့် သတို့သမီးနှစ်ယောက်စလုံး ဖိတ်စာပေါ်မှာရှိနေသည့်အဖြစ်ကြောင့် အံ့ဩတာထက်ပိုမိုသောဒေါသနှင့် ပြစ်တင်ကဲ့ရဲခြင်းတွေ ဘယ်သူ့ဆီမှာမှ ရှိမနေခဲ့ပေ ..။

ထိုစဉ် ဘယ်သူမှ မထင်မှတ်ခဲ့သောစကားကိုဆို၍ လွဲ့ က စိန်ခေါ်လေသည်။

''လျှော့မတွက်နဲ့ ရေခါး .. ရှင် တစ်လှမ်းလှမ်းရင် ကျွန်မက နှစ်လှမ်းလှမ်းရဲတယ်၊ ဘာပဲဖြစ်ဖြစ် ဝတ္တရားဆိုတာ ရှင့်ရဲ့ခေါင်းပေါ်မှာပါ၊ ရှင့်နှလုံးသားကတော့ ဂျူနီယာပေါ့''

ဟင်!...

ဒေါ်ကြူကြူ ကိုယ်လုံးကြီး တောင့်တင်းသွား၏။ အားလုံးလည်း ဟင်ခနဲ ဖြစ်ကုန်ကြ၏။ ရေခါး တစ်ယောက်ပဲ အပြုံးမပျက် ..။

''ကျေနပ်သလို ရွေးပါ''

ပြောလိုက်ရင်း ရှေ့မှာရပ်နေကြသည့် ရွှေသွေး တို့ကို တွန်းဖယ်လိုက်သည်။

''မင်း ဆုံးဖြတ်ပြီးပြီဆိုရင် ကိုယ် အဆင်သင့်ပဲ''

သက် ရဲ့လက်ကိုဆွဲလျက် ရေခါး ရုံးထဲကိုဝင်ဖို့ ရှေ့ထွက်လိုက်သည်။ ဒေါသကြောင့် ဒေါ်ကြူကြူ မျက်နှာတစ်ပြင်လုံး ညိုရဲကာ မျက်လုံးတွေ ကျွတ်ကျမတတ်ပြူးလျက် ...

''အရူးမ .. လာစမ်း ..''

ရိုက်နှက်ပစ်ချင်သော်လည်း လူတွေရှေ့မှာမို့ ထိန်းချုပ်လိုက်ရသည့် ပေါက်ကွဲခြင်းများဖြင့် လွဲ့ ရဲ့လက်ကို ယိုင်နဲ့ပါသွားအောင် ဆောင့်ဆွဲပစ်၏။

''ဒီကောင်က ဘာကောင်မို့လို့လဲ၊ သူချစ်တဲ့သူကို ဆွဲတာပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ညည်းကို သက်သက်အရှက်ခွဲတာ .. လူပွေလူရှုပ်တွေ၊ ရုပ်နဲ့မလိုက်အောင် ယုတ်မာတယ်၊ ဘယ်လိုဥကနေ ပေါက်လာမှန်း မသိ .."

ဒေါ်ကြူကြူ ပြောဆိုထွက်သွားသည့်အသံသည် လူသာပျောက်သွားပေမယ့် အသံကျန်ခဲ့၏။ အားလုံးပဲ ခေါင်းတယမ်းယမ်းဖြစ်သွားခဲ့လျက် ဒေါ်ပြည့်ပြည့်စိုး မျက်ရည်တွေဝေ့နေကာ ရေခါး ကိုစိုက်ကြည့်နေပြီးမှ ချာခနဲ လှည့်ထွက်သွား၏။

သူ ပြန်ကြည့်လိုက်တော့ သက် က နှုတ်ခမ်းကို လက်ခုံလေးနဲ့ ကပ်ကာ ရှိုက်ငိုနေပြီဖြစ်၏။

"သက် မငိုနဲ့ကွာ .. ဒါ မင်္ဂလာယူရမယ့်အချိန်"

"ဟုတ်တယ်လေ ခါးသက်ချို၊ မင်းဘဝအတွက် အရမ်းကို ဝမ်းသာ ဂုဏ်ယူစရာကောင်းတဲ့နေ့ပါ၊ တို့တွေအားလုံး မင်းနဲ့ ခါးလေး အတွက် တိုက်ပွဲဝင်ခဲ့ကြတာ၊ မျက်ရည်တွေနဲ့တော့ မတုံ့ပြန်ပါနဲ့"

နန္ဒာ က သက် ရဲ့ပါးလေးတစ်ဖက်ကို လှမ်းတို့သလိုလို၊ မျက်ရည်သုတ်ပေးလိုက်သလိုနှင့် လက်ခုံနဲ့ လှမ်းပွတ်လိုက်သည်။ ပြီးတော့ အားလုံးကိုလက်ပြ၍ ရုံးထဲဝင်ဖို့ အချက်ပေး၏။

ရေခါး က သက် ရဲ့ပခုံးလေးပေါ် ဖွဖွလေး ဖက်၍ ...

"ရွံစရာကောင်းတဲ့အခြေအနေကြီးတော့ ဖြစ်သွားတယ်ကွ၊ ဒါပေမယ့် ကိုယ့်ဘက်မှာ တစ်ဖက်သတ် ဆုံးဖြတ်ပစ်လိုက်ဖို့ အခွင့်အရေး နည်းနေလို့ပါ"

"ဒါဆို လဲ့ က အတူတူလက်မှတ်ထိုးမှာပဲဆိုရင် ရှင် ယူမှာပဲလား" မေးခွန်းပါသည့်မျက်ဝန်းလေးတွေ သူ့ဆီ အသံတိတ် ပင့်တက်လာ၏။ ရေခါး က ခပ်ယဲ့ယဲ့ပြုံးကာ ...

"အဲဒီလိုအခြေအနေကို ဘယ်အမျိုးကောင်းသမီးကမှ လက်ခံမှာ မဟုတ်ဘူး၊ ကိုယ် တွေးထားပြီးသား .."

"ဒါဆို သက် ကတော့ လက်ခံမှာပဲလို့ ရှင် အပိုင်တွက်ထားတာ





လား"

"မင်း ထွက်ပြေးလို့မရအောင် ကိုယ် မင်းရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ထားတယ်လေ၊ အဲဒီလက်ကို ဖြုတ်ချပြီး မင်းပြေးလို့ ရမယ်များ ထင်လို့လား .."

မဲ့မဲ့လေးငြိမ်သက်သွားသည့် သက် ရဲ့ခေါင်းလေးကို ချစ်စနိုးပွတ်ပစ်လိုက်ပြီး သူ ရယ်သည်။

"မိန်းမတွေ အများကြီးရှိပေမယ့် အချစ်ဆုံးက တစ်ယောက်ပဲရှိတာ၊ လာပါ .. ကိုယ်တို့ နောက်မှ အချစ်အကြောင်းတွေ ပြောရအောင်၊ လက်မှတ်ထိုးမယ်နော်"

သက် က ခြေတစ်လှမ်းမှ မရွေ့၊ ဘာမှလည်းမပြောဘဲ ခေါင်းခါနေ၏။

"မာမီ့ကိုကြောက်လို့လား .. ကိုယ့်အချစ်ကို မယုံတာလား၊ ကိုယ် ဒီ့ထက် ဘာလုပ်ပြရဦးမလဲ သက် ရယ် .."

သက် သည် သူ့ကိုမော့ကြည့်ရင်း မျက်ရည်တွေပဲကျနေကာ မယုံကြည်တာ၊ မုန်းတီးတာတွေ တစ်ခုမှမရှိဘဲ အသက်ရှုရပ်အောင် ထိတ်လန့်မပြေနိုင်တာမျိုး ...၊

ပတ်ဝန်းကျင်မှာ လူတွေရှိနေတာကိုလည်း ဂရုမစိုက်နိုင်တော့ဘဲ သက် ပခုံးလေးကို အတင်းအကျပ်ပဲ ဆွဲဖက်ခေါ်မိကာ ...

"ကိုယ် ဒီလောက် ကလန်ကဆန်လုပ်ချလိုက်တာကို မာမီ စိတ်ဆိုးတာပေါ့၊ နောက်တော့ ပြေသွားမှာပါ၊ လာနော် .. ဟိုမှာ ဟံသာတို့ ထွက်လာကြပြန်ပြီ၊ ကလေးက လိမ္မာတယ်"

လက်မှတ်ထိုးခြင်း ပြီးမြောက်သွားသည်အထိ သက် ကိုယ့်ကိုယ်ကိုယ် အိပ်မက်ထဲက မနိုးသေးသလို ခံစားနေရဆဲ ...။

"ဘယ်လိုဖြစ်တာလဲ သက် ရယ် .. မင်းကို ကိုယ် .."

"ဟင့်အင်း .. ရှင်တို့ပြန်ကြပါ၊ သက် ဖာသာ ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးထဲက ထွက်လာကြမှ သက် က မလိုက်တော့ဘူး အတင်းငြင်းနေ၏။

"မင်းနဲ့ကိုယ် လက်ထပ်ပြီးပြီ၊ မနက်ဖြန် အင်းလျားလိတ်မှာ မင်္ဂလာဆောင်မယ် .. ညဘက် ညှော်ခံပွဲရှိတယ်"

"ဟင့်အင်း .. ဟင့်အင်း၊ အဲဒီပွဲတွေ သက် မတက်ဘူး"

"ဟား!..."

သက် က ပြောနေရင်း ဘေးတံခါးကနေ အတင်းလှည့်ထွက်သည်။ ရွှေသွေး တို့ ရှုံ့မဲ့နေရာကနေ ပြုံးစိစိတွေ ဖြစ်ကုန်ကြကာ ...

"ကဲ .. မင်းကောင်မလေးကို မုန့်ပေး ချော့ပေတော့၊ ငါတို့တော့ လစ်ပြီ"

အားလုံး ရုပြုပြန်ကုန်ကြ၏။ စာချုပ်နှစ်စောင်လုံးကို ထပ်ကိုင်ကာ ရေခါး မှာသာ ...

"သက် .. ကိုယ့်ကို မောအောင် မလုပ်နဲ့ကွာ .. လာပါ၊ အချိန် ဘာမှမရှိတော့ဘူး၊ မင်္ဂလာပွဲအတွက် ကိုယ်တို့ ပြင်ဆင်ဖို့တွေ ရှိသေးတယ်"

သူမ အတွက်ပါ ...။

ဒီအချိန်မှာ သတို့သမီးအတွက် အားလုံးပြီးပြည့်စုံပြီး ဖြစ်နေရမှာပေမယ့် သက် က ကြိုတင်ပြင်ဆင်ထားခွင့်မရှိခဲ့တဲ့ သတို့သမီး။

ဟိုပွဲအတွက် သူ့ဘက်က မာမီ ဦးဆောင်စီစဉ်သွားမဲ့သည်။ သူ့ပွဲအတွက်တော့ သူပဲ ဦးဆောင်ရမှာမို့ သူငယ်ချင်းတွေဆီ ပြေးပြီး တိုင်ပင်ရဦးမည်။

မင်္ဂလာပွဲမှာပြည့်စုံဖို့၊ ပွဲပြီးတဲ့အခါ မာမီနဲ့ရင်ဆိုင်ဖို့၊ သူ့ဘက်မှာ စိတ်ရှုပ်စရာတွေ အပြည့်အသိပ်။ သက် က မျက်ရည်မစင်သည့် မျက်ဝန်းတွေနှင့် ခေါင်းခါနေလျက် သူ့ကိုလည်း အနားကပ်မခံဘဲ လက်တစ်ကမ်းအကျော်လောက်မှာ ရှိနေကာ ...





"သက် က ရှင့်ရဲ့အသိုင်းအဝိုင်းမှာ ပွဲလယ်တင့်မှာ မဟုတ်ဘူး၊ အခု လက်မှတ်ထိုးလိုက်မိကာမှ သက် ပိုကြောက်တယ် သိလား ...၊ စောစောက ဝိုင်းအုံခဲ့ပြီး ဆူပွက်နေတဲ့အဖြစ်မျိုး နောက်ထပ်ကြုံရရင် အသက်ပါ ပါသွားနိုင်တယ်၊ ကျွန်မကို သနားပါ .. ကျွန်မကို နားလည်ပေးပါ ရေခါး ရယ် .. နော် ...၊ ရှင် ဒီကနေ ပြန်သွားပါတော့"

"မင်းနဲ့ကိုယ် လက်ထပ်ခဲ့တာလေ၊ လမ်းခွဲဖို့ ဒီမှာ လာနှုတ်ဆက်တာမှ မဟုတ်တာ ...၊ ဘယ်သူတွေ ဘာဖြစ်ဖြစ် ကိုယ်တော့ မင်းရဲ့ လက်တစ်ဖက်ကိုဆွဲပြီး အားလုံးကို စိန်ခေါ်ရခဲ့တာ၊ မင်း သတ္တိမရှိဘူးလား"

"ဟင့်အင်း .. မရှိဘူး"

သက် ချက်ချင်း ခေါင်းခါဖြေ၏။ ရေခါး ကိုယ့်နဖူးကိုယ် ဖိပွတ်ရင်း အကြံအိုက်သွားသည့်မျက်နှာကြီးနှင့် ...။

"သက် ကြောက်တယ်၊ ဘာဝမြင့်မားဖို့ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ရုတ်တရက်ကြီး ရှင် ကျွန်မကို ကုပ်ဆွဲပြီး နတ်ပြည်အထိ ပစ်တင်လိုက်ရင်လည်း ဘာစည်းစိမ်မှ မခံစားရသေးခင် အသက်ထွက်သွားမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်းကင်လေကို ကျွန်မ ကြောက်လို့ .."

မျက်လုံးချင်းဆုံသွားကြစဉ် သက် က သူမ ပြောသမျှကို လက်ခံပေးစေချင်သောအကြည့်နှင့် တောင်းပန်၍ နောက်ကို ထပ်ဆုတ်သည်။ ရေခါး မျက်နှာ ဖျတ်ခနဲ ပြောင်းသွားလျက် ...

"ကြောက်ရင်လည်း ကောင်းကင်လေ မင်းကို မဟပ်စေရဘူး၊ လိုက်ခဲ့ .."

"ဟင့်အင်း .. ရေခါး .. ဟင့်အင်း .."

"မရဘူး .."

သက် ရဲ့လက်လေးကိုဆွဲကာ ပခုံးနှစ်ဖက်ကို ဖိဆုပ်ထားလိုက်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မြှင့်တင်ပေးချင်တာသက်သက် မဟုတ်ဘူး၊ အနိုင်ကျင့်နေတာလည်း မဟုတ်ဘူး၊ ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ငါ ထင်ရာစိုင်းနေတာ မင်း သိလား၊ မင်းရော .. ငါ့ကို မချစ်ဘူးလား၊ ချစ်တဲ့စိတ်လေးမွေးပြီး သတ္တိလေးဘာလေး တစ်စိုးတစ်စိတောင် ဖြစ်မလာခဲ့ဘူးလား.. ဟင် .. ပြောစမ်းပါ၊ မင်းအတွက် အပိုင်စားပေးထားတဲ့ ဒီရင်ဘတ်ထဲမှာ သတ္တိရှိရှိ မနေရဲဘူးလား"

'လား' မေးခွန်းတွေ ဆက်တိုက်ဖြစ်လာကာ လူတွေ ပြန်လည်သတိထားကြည့်လာကြတာကိုလည်း ရေခါး ဂရုပြုမိပုံ မပေါ် ..။

သက် ကသာ သူ့ရဲ့နောက်ကျောဘက်ကို လှမ်းမြင်တွေ့နေရကာ စောစောကလိုအခြေအနေမျိုး တစ်ကပြန်စတော့မှာလားလို့ တွေးပူလာခဲ့ရသည်။

"ပြန်မယ် .."

သက် ရဲ့မျက်နှာကိုပဲကြည့်နေပြီး သူ ထပ်ပြောသည်။ လက်တစ်ဖက်ကို ဆွဲလိုက်တော့ လက်သီးဆုပ်လေးဖြစ်သွားသည့် အင်အားကရုန်းထွက်ဖို့ ဖြစ်၏။ ဒါပေမယ့် လက်သီးဆုပ်က တဖြည်းဖြည်း ပြေကျသွားသည်။

သူ့ခြေလှမ်းတစ်လှမ်းမှာ သက် ခြေစုံကန်ထားမိပြီးမှ သူ ပြန်ငဲ့ကြည့်တော့ ကိုယ်လေး နွဲ့ကျသွားသည်။ ပြီးတော့ ခြေလှမ်းတွေက ဆက်လက်ပါ၏။

မနက်ကအထိ ဒီနေ့ကို ကြိုမသိခဲ့ရဘဲ မနက်ဖြန်ဆိုတာလည်း ဘာမှန်းမသိ ..၊ သူ့နောက်ကို လိုက်ခဲ့မိတာတော့ ဖဝါးထပ်မျှ ..။





အခန်း [၅၄]

"သက် ကို ဒါတွေ ချွတ်ပေးပါ"

"နေဦးလေ .. ဧည့်သည်တွေမှ အကုန်မပြန်သေးတာ"

ပန်းနုရောင်ရင့်ရင့်လေးနှင့် သက် က လှချင်တိုင်းလှနေသည်။ ဧည့်ခံပွဲစကတည်းက ပြီးဆုံးချိန်အထိ ပင်ပန်းလို့၊ ချွေးပြန်လို့၊ ဘာကြောင့်မှ ပြောင်းလဲမသွားသည့်မျက်နှာလေးကို ငဲ့ကြည့်မိတိုင်း မြတ်နိုးသည်။ သူမကို ဘယ်တုန်းကတည်းက ချစ်ခဲ့မိတာလဲလို့ ပြောဆိုဧည့်ခံရင်း တွေးဖြစ်သည်။ လမ်းလျှောက်ရင်းတွေးမိလို့ ခလုတ်တိုက်မိတာလည်း ရှိ၏။

သက် ရဲ့ မျက်ခုံးတန်းလေးတွေကတော့ စိတ်ကျဉ်းကျပ်ဟန်နှင့်အချိန်ပြည့် တွန့်တွန့်လေးဖြစ်နေရှာသည်။ ရောက်လာကြတဲ့ဧည့်သည်တွေက ခါးသက်ချို နဲ့ ဖိတ်စာကို ရတဲ့သူတွေက ပြုံးချိုနှုတ်ဆက်ကြပြီး တချို့ကျတော့ ပြုံးပြုံးပြဲပြဲ ခေါင်းချင်းရိုက်၏။

တစ်ဦးတလေက လက်တို့မေးတဲ့အထိ ထူးဆန်းနေပေမယ့် များသောအားဖြင့် မမေးကြပါ။ အားလုံးကို မလတ် က ခေါင်းဆောင်၍ သူငယ်ချင်းတွေ ရယ်မောမပျက် ဧည့်ခံပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီက အိမ်ပေါ်ကဆင်းလာပြီး ပွဲတက်ဝတ်စုံနဲ့လည်း မဟုတ်၊ ကားဆီမသွားခင်အထိ အနီးဆုံးမိတ်ဆွေတွေကို နှုတ်ဆက်ရယ်ပြသွားခဲ့ပြီး ထွက်သွားလိုက်တာ ပြန်ပေါ်မလာတော့ပေ ..။ ဒါတွေကိုသိလို့ သက် မျက်နှာလေးငယ်လေ၊ မလတ် က အားပေးနေရလေ ..။

"ကြောက်ရင် နှစ်ခါသေတယ် ညီမရဲ့ .. ဘာကြောက်စရာရှိလဲ၊ ကိုယ့်ယောကျ်ား ကိုယ့်အကိုကရပ်တည်ရင် ပြီးတာပဲလေ၊ ရွှေပင်နားတော့ ရွှေကျေးပေါ့၊ လူလူချင်း မတူညီတာတွေရှိပေမယ့် အချစ်မှာ အားလုံးတန်းတူပဲ"

နန္ဒာ တို့ကလည်း အရင်လိုမျက်နှာနှင့် မဟုတ်ကြပါ ..။

"ခါးသက်ချို က လှသားပဲ၊ သင်းလဲ့ကြူ နဲ့ ဘာမှမဆိုင်ဘူး"

"ဒီလောက်လှနေတာကို ဘာအားငယ်စရာရှိလို့လဲ"

"အေးလေ .. ခါး ဒီလောက်ချစ်နေတာကို" တဲ့။

သူတို့ပြောတဲ့စကားတွေက အချိုပေါ် သကာလောင်းသလိုပါ။ သက် ကတော့ ရေခါး မာမီရဲ့မျက်နှာကိုပဲ မြင်ယောင်နေသည်။

ညဦးပိုင်းထွက်လာဝုန်းက အကြည့်တစ်ချက် ဆုံသွားစဉ်မှာ ကိုယ့်ကိုယ်ပေါ်မှာ ပြိုးပြိုးပြက်ပြက် လက်နေတာတွေကိုပဲ ပြေးချွတ်ပစ်တော့မှာလားလို့ လန့်ဖျန့်သွားမိ၏။

ယူသွားမှာကို မစိုးရိမ်ပါ။ မဝတ်ချင်တာကို ဝတ်ထားရသည့် ဒုက္ခကြီးထဲကပဲ လွတ်မြောက်ချင်တာ ဖြစ်သည်။

ရင်ထဲမှာ အချစ်တွေ၊ မေတ္တာတွေထက် လောလောဆယ် အရှိဆုံး နေတာက လွတ်လပ်အေးချမ်းခြင်း ..။

"သက် .. နားချင် သွားနားတော့လေ၊ ကိုချစ် လိုက်ပို့လိမ့်မယ်"

"သက် ဖာသာ သွားပါ့မယ်၊ ရတယ်"

ခွင့်ပြုမိန့်ရသည်နှင့် သက် ဝမ်းသာအားရ လှည့်ဝင်လာမိသည်။ ပြင်ဆင်ထားသည့်အိပ်ခန်းကို မဝင်ဖြစ်ဘဲ မြေအောက်က ဘယ်ဆီမှန်း





မသိ ကျော်လွန်သွားလျှင် ...

"အန်တီ .. ဘယ်သွားမလို့လဲ"

"ဟင် .. ကိုချစ် .. ဘာလို့လိုက်လာတာလဲ၊ ဟိုမှာ ဝိုင်းကျနေလို့ တမင်မလိုက်ခဲ့နဲ့လို့ ပြောခဲ့တဲ့ဟာ .."

"မရဘူး .. ဖေကြီးက အတင်းလွှတ်တာ၊ အန်တီ ထွက်ပြေးသွားမှာစိုးလို့တဲ့"

အနောက်တိုင်းဝတ်စုံနှင့် လူကြီးပေါက်စလေးလို ခန့်ညားနေသည့် ကိုချစ် က လည်စည်းလေးတကိုင်ကိုင်နှင့် ရယ်နေသည်။ သက် မျက်နှာပူသွားမိလျက် ...

"အပိုတွေ .."

ရှက်ရှက်နှင့်ပြောရင်း လှည့်ထွက်ခဲ့ပြီးကာမှ ...

"ကိုချစ် ရေ .. လာပါဦး သားရယ် .. အန်တီ့ကို ဒါတွေဖြုတ်ပေးစမ်းပါ"

"ဟုတ် .."

ကိုချစ် က သေချာဖြုတ်ပေးရင်း ပါးစပ်ကလည်း မနား ..။

"ဖေကြီးက အန်တီ့ကို သိပ်ချစ်တာ၊ သားလည်း နောက်ဆို အန်တီလို့ မခေါ်တော့ဘူး"

"ဘယ်လို ..."

"ဟုတ်တယ် .. မေမေ့ကို မေမေလို့ခေါ်တာဆိုတော့ အန်တီ့ကို မေကြီး လို့ ခေါ်မယ်"

"မလုပ်ပါနဲ့ ကိုချစ် ရယ် .. မမ စိတ်ဆိုးနေပါ့မယ်"

"ဘယ်ကလာ စိတ်ဆိုးရမှာလဲ၊ သားကို ဖေကြီးနဲ့အတူလာနေဖို့ မေမေက ခွင့်ပြုလိုက်ပြီ"

"ဟယ်!... တကယ် .."

"တကယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သက် ဝမ်းသာအားရဖြစ်သွားကာ ကိုချစ် ၏ကိုယ်လုံးကို ရင်ခွင်ထဲဆွဲသွင်းပြီး တင်းနေအောင် ဖက်ထားလိုက်မိသည်။

"အန်တီ သားရဲ့မေမေဆီမှာ မနက်က ပြောမိသေးတယ်၊ သားကို တူတူခေါ်ထားချင်လိုက်တာလို့၊ မအေတစ်ယောက်ဆီမှာ သားတောင်းသလိုဖြစ်သွားမှာစိုးလို့ မရဲတရဲပြောမိတာပါ၊ သမီးလေး ကိုယ်စား ချစ်နေမိတာမှန်ပေမယ့် သမီးလေးကိုချစ်သလို အန်တီချစ်တာပါ၊ ပြီးတော့ အန်တီ မျက်နှာငယ်စွာ ဖြတ်သန်းရတော့မယ့် အနာဂတ်ခရီးမှာ စကား အရမ်းတတ်ပြီး ပါးနပ်လိမ္မာတဲ့ သားလေးတစ်ယောက်နဲ့ အတူတူနေရရင် ပျော်မိမှာ သိလား .."

သက် လှိုက်လှဲစွာပြောရင်း ကိုချစ် ကိုပဲ ပွေ့ဖက်ထားမိသည်။ ဧည့်ခန်းထဲကနေ ရပ်ကြည့်နေသည့် မလတ် ကပြုံးလိုက်ပြီး အထဲကို ဆက်ဝင်လာကာ ...

"တို့ကလည်း မင်းအတွက်ငဲ့ပြီး ဆုံးဖြတ်တာပါ"

"မမ .."

"ဟုတ်တယ် .. ညီမ ပြောတာတွေကိုကြားလိုက်လို့ သားသားကိုလည်း ပိုပြီး စိတ်ချသွားတယ်၊ ခါးလေး နဲ့ သားသား အပြန်အလှန် ခင်တွယ်နေကြမှန်းသိပေမယ့် နေရာတကာ စိတ်ချထားလို့ မရသေးဘူးလေ၊ အဲဒါကြောင့် မမ အလုပ်ရှုပ်နေတဲ့ကြားက သားလေးကို ဂရုစိုက်နေရတာ၊ ခုတော့ အားလုံး အဆင်ပြေသွားတာပေါ့၊ မာမီ့အတွက်လည်း မပူပါနဲ့ကွာ၊ မျက်နှာပျက် အရှက်ရအောင် ဒီလောက်လုပ်လိုက်တော့လည်း ဒါမျိုးဖြစ်တာ မလွန်ပါဘူး၊ အဲဒါ ညီမလေးနဲ့ တိုက်ရိုက်သက်ဆိုင်တာလည်း မဟုတ်ဘူး၊ မိဘမို့ သဘောမတူတာ ဘာညာရှိရင်တောင် သူ့သားလေးကိုပဲ ဒေါသထွက်မယ်၊ ညီမလေးကို ထိခိုက်နစ်နာအောင် သူ ဘယ်တော့မှ ပြောမှာမဟုတ်ဘူး၊ မာမီ့စိတ်ကို တို့အသိဆုံး .."





မလတ် က ဆိုဖာဆီ နည်းနည်းပြန်ဆုတ်သွားပြီး ချက်ချင်းပြန်ထသွားရမည့်ပုံစံနှင့် ကြွကြွရွရွလေး ဝင်ထိုင်၏။ သက် က ကိုချစ်ကို တစ်ဖက်ကဖက်ထားရင်း ဖြုတ်ချထားသည့်ရတနာတွေကို စားပွဲပေါ် မှာတင်ထားလိုက်သည်။ ပြီးမှ မျက်နှာချင်းဆိုင်မှာ ထိုင်၍ ...

"မမကို အန်တီ တစ်ခုခုပြောသွားတာများ ရှိလားဟင်၊ ဟို ... သက် နဲ့ ပတ်သက်ပြီးတော့ .."

"ဘာမှမပြောဘူး၊ တို့ရှိနေတဲ့အတွက် အတူးသဖြင့် မင်းဘက်က တို့ရှိနေတာကို သိတဲ့အတွက် သူ ဒီတိုင်းထားခဲ့တာ၊ စိတ်ချလက်ချ ထွက်သွားတာကိုပြောတာ၊ မာမီ ဒီပွဲကို အသိအမှတ်မပြုသလို ဖြစ်ခဲ့တာလည်း တချို့လူတွေဆို သိတောင်သိမှာမဟုတ်ဘူး၊ အဲဒါကြောင့် သိပ်မမေးကြတာ ကြည့်ပါလား၊ မာမီတို့က မြန်မာပြည်မှာ သိပ်ရှိတတ်တာ မဟုတ်ဘူးလေ၊ လူရင်းတွေက သိပါတယ်၊ လောလောဆယ် နိုင်ငံခြားကို ပြန်ထွက်သွားရင်တောင် အားမငယ်ပါနဲ့၊ တဖြည်းဖြည်းတော့ အဆင်ပြေလာမှာပါ၊ လိုအပ်သမျှ တို့ကို ပြောပေါ့"

မလတ် က နွေးထွေးသည့်စကားတွေနှင့် သက် ရင်ထဲက ပူလောင်မှုကို နှစ်သိမ့်ခဲ့၏။ ပြီးတော့ နေရာမှထရပ်လိုက်ကာ ...

"လာ ... သား၊ မင်းဖေကြီး သူငယ်ချင်းတွေနဲ့ သောက်စားနေလိမ့်မယ်၊ အနားမှာ သွားနေပေးဦး"

လို့ပြော၍ ကိုချစ် ကို ခေါ်သည်။ ထို့ပြင် ...

"တို့ရဲ့မောင်လေးလည်း ရာဇဝင်မှာ နာမည်ကျော်အောင် မြှားပွေခဲ့တဲ့ မောင်မောင်တုတ် လို ဖြစ်နေပြီ"

"ရှင်!..."

"သြော် .. ဆင်နိုးမလေး ဇာတ်လမ်းကို မသိဘူးလား၊ မောင်မောင်တုတ် က အိမ်ထောင်ရှိတဲ့ မိန်းမလှလေးတစ်ယောက်ကို ချစ်ပြီး မရမကသိမ်းပိုက်ဖို့ ဆင်နဲ့နိုးတယ်လေ၊ နိုးယူရတာဆိုတော့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



မပြေးအောင် ချုပ်ထားရတာပေါ့၊ အဖြစ်က ထပ်တူမဟုတ်ပေမယ့် ခါးလေး လည်း သူ့မိန်းမ ထွက်ပြေးမှာစိုးလို့ ခြေထောက်က ရှေ့ကို လှမ်းရင်း လက်က နောက်ပြန်ဆွဲနေရတယ်"

မလတ် က ရယ်နေဟာပေမယ့် သက် အပြစ်ရှိသူလို ပြုံးရခက်၊ မဲ့ရခက်နှင့် မဖြည့်ရသေးသည့် ခေါင်းဆောင်းပဝါလေးကို ယောင်ပြီး ဆွဲလိုက်မိသေးသည်။

"ကဲ ကဲ ... မမက ရယ်စရာပြောတာပါ၊ အလကား .. အဲဒီ ကောင်လေး စိုးရိမ်လွန်ပြီး ချမ်းတုန်ဖြစ်နေတာ၊ အကျႌ အဝတ်အစား လဲပြီး ညီမလေး ရေမိုးချိုးရင် ချိုးလေ .. အချိန်လေးရှိတုန်း၊ ပြီးရင် နားနေတော့ .. ပြန်ထွက်မလာနဲ့၊ သူ့သူငယ်ချင်းတွေပဲ ရှိတော့တာ၊ အားလုံး ဘိမ်းနေကြပြီ"

"ဟုတ်ကဲ့ မမ"

သက် ရင်ထဲမှာ အလုံးကြီးကျသွားသည်။ မမ ပြောလိုက်မှပဲ ရင်ထဲမှာ ချမ်းမြေ့သွားကာ ရေတွေ ပူမှန်းအေးမှန်း ခံစားမိလာ၏။

ပြီးတော့ မင်္ဂလာဦးည ဆိုတာ တွေးမိလာကာ ရင်ဘတ်ကို ဖျတ်ခနဲ ဖိဆုပ်လိုက်မိသည်။ ဝဲဘက်ရင်အုံထဲက ဘာသံကြီးလဲ ...။

ဖိထားတာတောင် တဒိတ်ဒိတ်ခုန်လာတာက ကြိမ်နှုန်း ပိုမြန်လာသလား .. မြည်သံကြီးပဲ ကျယ်ကျယ်လာသလား။

သက် အကျႌ ထဘီ ပေါ့ပေါ့ပါးပါး လဲပြီးပေမယ့် မပေါ့ပါးဘဲ ဖြစ်နေ၏။ နှစ်ယောက်အိပ်ခန်းကြီးထဲမှာလည်း မနေချင်တော့တာ ကြောင့် အောက်ထပ် ပြန်ဆင်းလာမိသည်။ ပြီးပြီဆိုပေမယ့် ခြံထဲမှာ မီးတွေလင်းနေဆဲ ...။ လှုပ်ရှားမှုတွေနှင့် စိုပြေဆဲ ...။

"နန္ဒာ တို့ ပြန်သွားကြပြီလား ခါးလေး"

မလတ် အသံက အထဲကနေထွက်သွားသည့်အသံဖြစ်ကာ ရေခါး အသံက အပြင်ကဝင်လာတာမှန်း သက် သိလိုက်၏။





ထို့ကြောင့် သက် ပြန်ဝင်ပြီး ခွေနေရတော့မလိုလို၊ ဆက်ထွက်ရမလိုနှင့် ခြေလှမ်းတုံ့သွားခဲ့၏။

"မိန်းကလေးတွေက ပြန်သွားကြတာ ကြာပြီလေ၊ ဟိုကောင်တွေပဲ ဝိုင်းညစ်နေလို့ မနည်းတွန်းလွှတ်ခဲ့ရတာ၊ မလတ် ထားလိုက်လေ .. အလုပ်သမားတွေ ရှိတာပဲဟာ .."

"ဪ .. သူတို့ဟာတွေသိမ်းရင်း ကိုယ့်ထဲကပစ္စည်းတွေ ရောညပ်ပါသွားရင် ပြန်ရှာရခက်တယ်၊ မသွားလို့ မဖြစ်ဘူး"

အသံ ခဏတိတ်သွားခဲ့ပြီးမှ ...

"ခါးလေး ရေ .. ဒီမှာ ဧည့်သည်"

ခပ်လှမ်းလှမ်းကနေ မလတ် ပြန်လှည့်ပြောလိုက်သံ ...။

သက် ကိုယ်ဘာလုပ်သင့်သည်ကို သတိရသွားကာ အထဲကို ခြေဦးပြန်လှည့်လိုက်ကာမှ ...

"မင်းကို ဘယ်လိုစကားနဲ့ ဂုဏ်ပြုရမှန်းကောင် မသိတော့ဘူး"

"မင်း ရောက်လာသားပဲ လွှမ်းအောင်"

"ဒါပေါ့ကွ .. မင်းက မဖိတ်ပေမယ့် သူငယ်ချင်းတို့ ဝတ္တရားရှိတဲ့ အတိုင်းပေါ့"

"ကျေးဇူးတင်ဖို့ စဉ်းစားဦးမယ်"

"မလိုပါဘူး၊ ပြိုင်ပွဲတစ်ခုမှာ အကြောင်းပြချက်အမျိုးမျိုးနဲ့ မရိုးသားစွာ နုတ်ထွက်သွားပေမယ့် ငါက ပြီးပြီလို့ပဲ မှတ်လိုက်တာပါ"

"မရိုးသားခဲ့တာက မင်းပဲ လွှမ်းအောင်၊ ငါ့ဘက်က အစအလယ်အဆုံး သန့်ရှင်းတယ်၊ မင်းဘက်က မစခင်ကတည်းက မရိုးသားမှုတွေနဲ့ ချည်တုပ်ခဲ့တာ၊ အဲဒါတွေ ထားလိုက်ပါ .. အခု မင်းရောက်လာတာ ရော .. ဘာလဲ"

သက် အသာလေးချောင်းကြည့်လိုက်တော့ နှုတ်ခမ်းမွေးရာ ညိုရိပ်ရိပ်၊ အသားလတ်လတ်နှင့် အရပ်အမောင်းနှင့်လည်း လိုက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေခါး နဲ့ အဖြူနဲ့အညိုလို အရောင်အသွေးချင်း ခြားနားနေသော်လည်း နှစ်ယောက်စလုံး ကြည့်ကောင်းသည်လို့ပဲ ပြောရမည်သာ။

ဒါပေမယ့် နှုတ်ခမ်းထက်မှာတင်ထားသည့်မဲ့ပြုံးက ခပ်လတ်လတ်အသားကို အညိုရောင်သမ်းစေခဲ့လျက် ကိုင်ထားသည့် နှင်းဆီအနီရဲရဲတို့လို ပူလောင်နေခဲ့၏။

"မင်းကို ကွန်ဂရက်ကျူလေးရှင်း နှစ်ထပ်ကွမ်းလုပ်ရမလားလို့ စဉ်းစားရင်း မင်္ဂလာပွဲက ပြီးသွားတော့ အိမ်တံခါးဝအထိ ရောက်လာရတာပေါ့"

"အိမ်ထဲထိလိုက်လာရင်လည်း ဧည့်သည်ကို ဧည့်ခံတဲ့အချိန်ကကုန်သွားပြီ၊ ဘာမှမကျန်တော့ဘူး"

"ကျေးချင်မွေးချင်စိတ်တွေ ပြင်းထန်နေသေးတာကို ကျေးဇူးတင်ပါတယ်၊ မနေ့ကတည်းက မင်းရဲ့နှစ်ပါးခွင်ကို ငါ စိတ်ဝင်စားခဲ့တာ၊ ဒါပေမယ့် ကြားလိုက်ရတော့ သုံးပါးသွားကဖို့တောင် ကြိုးစားခဲ့သေးတယ်ဆိုပဲ၊ ဘာလဲ ... ရာဇဝင်အသစ် တွင်ချင်လို့လား"

"ဒါပေါ့.. သမိုင်းဟောင်းတွေက အပ်ကြောင်းထပ်နေပြီ၊ ဘာလဲ.. ငါ မအောင်မြင်ခဲ့ဘူးဆိုလို့ မအောင်မြင်နိုင်တဲ့ဘက်ကနေ အလောင်းအစားလုပ်ဖို့ စိတ်ကူးတွေနဲ့ ချီတက်လာတာလား"

"ဟား .. ဟား .. ဟား ... လောင်းစရာလား ရေခါး ရာ၊ ငါ ငတုံးမှ မဟုတ်တာ၊ လိုချင်တာကို မရရအောင်ယူတတ်တဲ့ပညာ မင်းလောက် တော်တဲ့ကောင် မရှိသေးပါဘူး"

"ဟွန်း .. မင်း စောစောကတည်းက သိသင့်တာ"

"သိနေတယ်လေ .. အဲဒါကြောင့် ငါကလည်း နိုင်ဖို့သေချာတဲ့ပညာရပ်နဲ့ မင်းကို လောကဓံတရားတွေထဲ တွန်းချနိုင်ခဲ့တာပေါ့၊ ဒါပေမယ့် မင်း ခုထိ တရားမသိသေးပါဘူး၊ မနေ့ကပြဿနာမှာ သင်းလိုကြူ ကိုယ်တိုင် မင်းရဲ့လှည့်ကွက်ထဲမှာ အကွက်ရွှေ့ခံဖို့ ခြေလှမ်းပြင်





ခဲ့တယ်တဲ့၊ ဒါပေမယ့် သူ့အမေကြောင့် မင်းရဲ့ သုံးပါးသွားကဖို့ ပဋ္ဌလက်တွေ ပျက်စီးသွားတယ် .. ဟုတ်တယ်မို့လား"

"ပျက်စီးတယ်လို့တော့ ပြောလို့မရဘူး လွှမ်းအောင်၊ အခု သုံးပါးသွားကလို့မရပေမယ့် ဖိတ်စာနှစ်ခြမ်းစလုံးမှာ သတို့သားက ငါပဲ"

လွှမ်းအောင် နှုတ်ခမ်းစေ့ပိတ်သွားကာ မေးရိုးနှစ်ဖက်မှာ တင်းခနဲ ဖြစ်သည်။

"မင်း ဒီည ပိုပြီး နေသာထိုင်သာရှိသွားအောင် မှတ်သွားဦး..၊ လူပါး ပုလင်းကွဲရှတတ်တယ်လို့ မင်း ဟိုအရင်က သူငယ်ချင်းကောင်းတို့ စေတနာလိုလို ဘာလိုလို ခဏခဏပြောဖူးတယ်နော်၊ ရေခါးလက်ထပ်ထားတဲ့မိန်းမကို နည်းနည်း စုံစမ်းကြည့်လိုက် ..၊ တကယ့်ဖရက်ရှ်ကွင်း"

ခနိုးခနဲ့ ရယ်သံတွေကိုကြားနေရသည်။ ပြီးတော့ တွန်းရွှေ့လှုပ်ရှားသံတွေနှင့် ...

"မင်း တော်တော်သနားစရာကောင်းတာပဲ လွှမ်းအောင်၊ ကိုယ့်ကိုယ်ကိုယ် ဘာနဲ့တူနေလဲ သိလား"

ရေခါး ရဲ့လှောင်ရယ်သံအဆုံးမှာ သီချင်းသံတွေ ပျံ့လွင့်လာ၏။

❀ နှစ်ပါးသွားလေးကချစ်ပေမယ့် ×× မင်းသမီးက မရှိ ×× မင်းသမီးကမရှိ ×× ဒီတော့ တွေးမိတယ်၊ တိုင်ပင်ရာလည်း ရှာမယ်၊ ကောင်မလေးတစ်ယောက်နဲ့ အတူတူ .. ခုံမှာ ထိုင်ချင်လာခဲ့ ...

နှစ်ပါးသွားလေး ကချစ်ပေမယ့် ×× မင်းသမီးက မရှိ .. မင်းသမီးကမရှိ ×× ❀

သီချင်းကို ကြားလိုက်ရသည်နှင့် လွှမ်းအောင် မျက်နှာညိုပုပ်သွားခဲ့၏။ ဒါပေမယ့် ရေခါး ပြန်ပိတ်ပစ်လိုက်တဲ့အထိ သူ ငြိမ်သက်နေခဲ့၏။

"ဟွန်း .. ငါက သုံးပါးသွားကချစ်ပေမယ့် မင်းသမီး မရှိသေးဘူးဆိုရင်တောင် မင်း နှစ်ပါးသွားကနိုင်အောင်ပဲ ကြိုးစားပါဦး ..



www.burmeseclassic.com

www.burmeseclassic.com



ဟား .. ဟား .. ဟား ...''

ရေခါး ရယ်လိုက်ပေမယ့် နောက်ဆုံးမှာ အံကြိတ်သံနှင့် အေးစက်သွားခဲ့သည်။ အနိုင်ပိုင်းပြောလိုက်ရပေမယ့် မကျေနပ်နိုင်။

လှည့်ထွက်သွားသည့်ကျောပြင်ကို စိုက်ကြည့်ရင်း ပေါက်ကွဲလိုခြင်းကို ထိန်းချုပ်နေခဲ့ရသည်။ သူ့ကြောင့် ကိုယ့်ဘဝ လေလွင့်ခဲ့ရတာ ရက်တွေ မနည်းမနော ..။

ဒါဟာ သင်ခန်းစာတစ်ခုလို မှတ်ယူရမယ်ဆိုရင်တောင် ကိုယ်ဟာ ဘာမှမသိနားမလည်ခဲ့တဲ့ လူညံ့လူအတစ်ယောက်လို ..၊ ကိုယ့်ရဲ့ မင်္ဂလာရှိတဲ့ညကို အမှန်းတွေကြောင့် မပျက်စီးစေလိုသဖြင့် သူ ပင့်သက်တစ်ချက်ရှိုက်ရင်း ပြန်လှည့်ဝင်ခဲ့မိသည်။ ဒါပေမယ့် ...

''သက် ...''

အတွင်းဘက်ကို ခြေလှမ်းဝင်လိုက်တာနှင့် သက် ရဲ့ စူးရဲ အေးစက်နေသည့် မျက်ဝန်းလေးတွေနှင့် ရင်ဆိုင်မိခဲ့ပြီး ...

''ရှင် သိပ်တော်တယ်''

''ဟာ!... မဟုတ်ဘူး''

ရိုက်ချက်က သူ မျက်နှာလှန်ပစ်လိုက်တော့ မေးဖျားကနေ ဝိခေါ် ပြေးသွား၏။

''သက် .. မင်း ဘာဖြစ်တာလဲ၊ အဲဒါက ...''

''မပြောနဲ့ ..''

ရိုက်ဖို့မကြိုးစားတော့ဘဲ သက် က သူ့ရင်ဘတ်ကို အားကုန်ပြေးတွန်းသည်။ ရေခါး နံရံဘက်ကို တစောင်းယိုင်ကျသွားသည်နှင့် ချာခနဲ လှည့်ပြေး၏။

''ဟိတ် .. သက်၊ မင်း ဘာလုပ်တာလဲ''

ရေခါး ဖျတ်ခနဲ ပြန်ထကာ သက် ရဲ့လက်ကို မမီတမီ လှမ်းဆွဲသည်။ သက် အတင်းရုန်းပြီး ထွက်ပြေး၏။ နောက်ထပ်လိုက်တော့





ကားကိုဒေါင်ကြိုးနားကျမှ မိသည်။

''လွှတ် .. လွှတ် ... သက် .. ရှင်နဲ့ မလိုက်ဘူး''

''ဘာတွေဖြစ်သွားတာလဲ .. မင်းထင်နေတာတွေ ငါ ဝင်လာရင် မေးလို့ မရဘူးလား''

''မေးစရာ မလိုတော့ဘူး၊ ရှင် ကျွန်မရှေ့ရောက်ရင် ကြားကောင်းအောင်ပြောမယ့်စကားတွေ အခု မကြားဝံ့မနာသာ ကြားခဲ့ပြီးပြီ၊ ရှင့်ကို ကြောက်တယ် .. ဘယ်လိုလူမှ မကြံစည်ခဲ့ဖူးတာကို ရှင်ရအောင် လုပ်နိုင်တယ်၊ မလုံ့ ကလည်း ရှင့်ကို ...''

သူ့ကို သင်းလုံ့ကြူ ဘယ်လောက်ထိ တပ်မက်နေခဲ့သလဲဆိုတာ သူမ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီးပြီ။ လူတွေရှေ့မှာ ရွံ့သလိုလို၊ နာကြည်းသလိုလို ခံစားချက်တွေနဲ့ပေမယ့် တကယ်တမ်းကျတော့ နေရာဖယ်မပေးချင်တာပဲ ဖြစ်သည်။

ကိုယ့်ရဲ့ဘေးနားမှာ ကလေးလေးတစ်ယောက်နဲ့ ဖြစ်သလိုနေ၊ ကြုံသလိုစားနေခဲ့သော ရေခါး ဆိုသည့်ယောကျ်ားဟာ သူမ မျက်လုံးထဲမှာ နတ်သားတစ်ပါးလည်း မဟုတ်၊ မင်းသားလည်း မဟုတ်ခဲ့ပါ။

အားလုံး သိကြသလို စုပါကင်း ဆိုတာလည်း သူမ မသိခဲ့ဘဲ ချစ်ခဲ့တာဖြစ်သည်။

သူက ရှေးခေတ်ဘုရင်တွေလို မိဖုရားနှစ်ယောက် ဘယ်ညာထားပြီး ပျော်တော်မောင်းမတွေနှင့်များ စံစားဖို့ ကြံစည်ခဲ့သလား မသိ..။

ဝမ်းနည်းတာရော .. သည်းမခံနိုင်တာရော၊ သက် သူ့လက်တွေကို ဘယ်မှအထိမခံဘဲ အတင်းပုတ်ခတ် ဖယ်ချပစ်ရင်း နောက် တွင်တွင်ဆုတ်သည်။ ဒါပေမယ့် ခလုတ်တိုက်မိကာ နောက်ပြန်လန်ကျသွားသည်နှင့် ရေခါး က လက်မောင်းကနေ ဖမ်းဆွဲထားလိုက်၏။

ပြီးတော့ တစ်ကိုယ်လုံးကို ပွေ့ယူလိုက်ကာ ...

''မင်း သိမယ် ..''



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် .. ဖယ် .. လွှတ်ပေး၊ ချပေး .."

သက် လွတ်မြောက်ဖို့ကြိုးစားပေမယ့် သူ့ကို နာကျင်အောင် ထုရိုက်ကုတ်ဖဲ့ဖို့လည်း လက်တွေက အင်အားမဲ့နေကာ ရှန်းနေရင်း ကျရှုံးဖို့သာ ဖြစ်ခဲ့၏။ အထဲမှာ ဘယ်သူမှမရှိမှန်း သိသောကြောင့် ခြံထဲကလူတွေမမြင်ခင် အိမ်ရှေ့ကပဲ ဝင်လာခဲ့မိသည်။

မျက်လုံးပြူးလေးနှင့် ကိုချစ် က လက်ညှိုးထိုးလျက် ...

"ဖေကြီးနဲ့ အန်တီ ဘာလုပ်တမ်း ကစားနေတာလဲ"

ကလေးသံကြောင့် သက် ရှက်ရှက်နဲ့ မျက်နှာကို သူ့ရင်ခွင်ထဲ လှည့်ကွယ်လိုက်မိစဉ် ရှန်းဖို့ကိုလည်း မေ့၏။ ထိုခဏလေးမှာ သက် တစ်ကိုယ်လုံး လေဟာနယ်ထဲ လွင့်ကျသွားသလိုဖြစ်ကာ ...

"အား!..."

မွေ့ရာပေါ် ပစ်ချလိုက်တာသာ မဟုတ်လျှင် သက် ရဲ့ နောက်ကျောရိုးတွေ အပိုင်းပိုင်းကြေမွကုန်နိုင်၏။ ဒါတောင် ပြန်ကျူးထလိုက်တော့ ခေါင်းထဲမှာ မူးနေဆဲ ...။

"မထနဲ့နော် .. ဒီတစ်ခါဆို ကြိုးတုပ်ထားမှာ"

ရေခါး က ဂရုမစိုက်သလိုမျက်နှာနှင့် တံခါးကိုလည်း ဖွင့်လျက်အတိုင်းပဲထားကာ အေးဆေး အင်္ကျီချွတ်နေ၏။

ကုတ်အင်္ကျီကို ချွတ်ပစ်လိုက်ပြီး ရှပ်အင်္ကျီကြယ်သီးကို အပေါ်နှစ်လုံးဖြုတ်ပြီးမှ လက်တွေကိုပြန်ချ၍ ဘောင်းဘီခါးစပ်မှာချိတ်ကာ...

"ရပြီ .. ပြော .. ဘာပြောဖို့ရှိလဲ၊ ဟိုကောင်နဲ့ပြောတာတွေကို ကြားပြီး ငါ့ကို ဘာကောင်လို့ သတ်မှတ်လိုက်တာလဲ"

စကားပြောတာ ရင့်တော့ သက် မျက်နှာလေးတင်းသွားသည်။ မွေ့ရာပေါ်ကနေ ဆတ်ခနဲ ထရပ်၍ ...

"ရှင့်ကိုယ်ရှင် သတ်မှတ်ပြီးသား၊ ကျွန်မက ခုမှသိရတဲ့သူ .."

"ဘာတွေသိတာလဲ .. မင်းကိုလည်း ယူမယ်၊ သင်းလဲ့ကြူ ကို





လည်း ယူမယ်၊ ငါ အဲဒီလိုဖြစ်နေပြီဆိုတာလား"

"ရှင် အရှက်မရှိ လာမေးမနေနဲ့ ရေခါး၊ ရှင်လိုချင်တာဆိုရင် နှစ်ယောက်မက ရပါတယ်၊ ကျွန်မက ..."

"ဟုတ်တယ်.. မင်းကိုပဲချစ်လို့ လက်ထပ်ခဲ့ကာ၊ မင်းတစ်ယောက်ကိုပဲ ငါ့ရင်ခွင်ထဲမှာ နေရာပေးခဲ့ကာလေ၊ အဲဒါ မင်း မသိဘူးလား"

"မသိဘူး .. သိနေတာတွေလည်း အမှားတွေချည်းပဲ၊ သက်က ရှင့်အတွက် ဘာမှ ..."

"ဘာမှမဟုတ်တဲ့ မိန်းမတစ်ယောက်လို့ ပြောဦးမလို့လား၊ တောက် .."

ဆုပ်ကိုင်ထားသည့်လက်ကိုလွှဝှဲ၍ ရေခါး တက်ခေါက်သည်။

"အဲဒီပြဿနာမျိုးတွေ မင်းနဲ့ ငါ ခဏခဏရှင်းနေရသမျှ ဒီလိုချည်းပဲဖြစ်နေရမှာ သေချာတယ်"

"ဟုတ်တယ် .. ရှင်းရမှာပဲ၊ ရှင် ကျွန်မကို အခုလွှတ်ပေးလိုက်၊ ရှင့်အသိုင်းအဝိုင်း၊ ရှင်နဲ့ ဘယ်တော့မှ ရင်ဆိုင်တွေ့ဖို့မရှိတော့တဲ့ တစ်နေရာကို ကျွန်မ ထွက်သွားမယ်၊ အစကတည်းက ခါးသက်ချိုက အခြေအနေမဲ့ပါ၊ နောက်ထပ် ဘာမှမရှိလည်း ကျွန်မဘဝ မပျက်နိုင်ပါဘူး"

"မင်း ငါနဲ့လက်ထပ်ပြီးမှ တစ်ယောက်တည်း လေလွင့်နေရမှာကို ဘဝမပျက်ဘူးလို့ ပြောနေတာလား"

သက် မျက်နှာပျက်သွားသည်။ ပြီးမှ ပြန်မော့ကာ ...

"ပျက်ပျက် .. ဘာပဲပျက်ပျက် .. ရှင့်နားမှာ မနေရရင် ပြီးတာပဲ၊ ရှင့်ရဲ့ချစ်သူတွေ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာမှာကို ထိုင်ကြည့်ပြီး စိတ်ဆင်းရဲခံနေမယ့်အစား ဘယ်လောက်ကြီးတဲ့ ဒုက္ခဖြစ်ဖြစ်.."

မငိုအောင်ထိန်းနေကာမှ ကျလာသည့်မျက်ရည်တွေကို မုန်းတီးစွာ သုတ်ပစ်မိသည်။ သက် ကိုယ့်ဒေါသနဲ့ လုံးထွေးနေရင်း သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိတော့ မချိုမချဉ် စပ်ဖြဲဖြဲ ..၊

"ရှင့်မျက်နှာက ဘာဖြစ်နေတာလဲ"

"ရယ်ချင်နေတာ ထင်တယ်"

တကယ်ရယ်ချလိုက်တော့ ရှက်သွားမိသည်။ သူ့ကို တစ်ပိုင်းသေအောင် ကြိုက်နေကြတဲ့ မိန်းမတွေထဲကတစ်ယောက်ပါပဲဆိုပြီး ကိုယ့်ကို ယှော်လိုက်တာလား ..၊ သက် မျက်နှာလေးပေါ်မှာ တစ်ယောက်တည်း သေချာရင်း ဆုံးဖြတ်ချက်တွေပါ ဖြစ်သွား၏။

"ဟိတ် .."

"အို .. မထိနဲ့"

"ထိရုံတင်မကဘူး၊ အများကြီး လုပ်ခွင့်ရှိတယ်"

"ရှင်နော် .. ဟင့်အင်း .."

သက် အတင်းရှောင်တိမ်းနေရင်း လက်နှစ်ဖက်က သူ့လက်ထဲမှာ သုံ့ပန်းဖြစ်သွားသည်။

"ရှင် .. ရှင် .. ဘာလုပ်တာလဲ .. အား .."

"ပြောထားတယ်လေ၊ ဒီတစ်ခါဆို ကြိုးတုပ်ထားမှာလို့ .."

သက် ရဲ့လက်လေးနှစ်ဖက်ကို အတင်းအကျပ်ပူးကိုင်ကာ သူသုံးနေကျ လည်စည်းတစ်ခုလှမ်းယူပြီး ချည်နှောင်ထားလိုက်၏။ ပြီးတော့...

"ဒီတစ်ခါ ကြိုးပဲတုပ်ဦးမှာ၊ သုံးကြိမ်မြောက်ဖြစ်လာရင် မပြေးနိုင်ရုံလေး ချိန်းဆပြီး ဒီခြေထောက်ကို ရိုက်ချိုးထားမယ်"

ခြေထောက်နှစ်ဖက်ကိုပါ ဘောင်းဘီခါးပတ်နှင့် မလျော့မတင်းကွင်းလျှောချည်ထားလိုက်သည်။ ခြေထောက်ကို ကိုင်လိုက်သဖြင့် သက် အိပ်ရာပေါ် နောက်ပြန်ထိုင်ကျသွားကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။

"လုပ် .. လုပ် .. ချိန်ဆပြီး ချိုးမနေနဲ့၊ တစ်သက်လုံး ထလို့ကြွလို့ မရတော့အောင် ချိုးပစ်လိုက်"





"ထလို့မရအောင် ချိုးလို့တော့ ဘယ်ဖြစ်မလဲ၊ တော်ကြာ ရေအိမ်ဝင်တဲ့အထိ ကိုယ် လိုက်ပို့နေရမှာပေါ့"

"ရှင်နော် .. ရှင့်မျက်နှာ အဲဒီလိုပြုံးမနေနဲ့ .. လူကို ဆဲနေသလိုပဲ၊ အဟင့် .."

"ဟောဗျာ .. အပြောမတတ်လို့ ဆဲသလိုဖြစ်တယ်ပဲ ကြားဖူးပါတယ်၊ မင်းကျမှ .."

"ရှင်က ပြောလည်း ပြောနိုင်တယ်၊ ရယ်လည်း ရယ်နိုင်ပါတယ်၊ ရှင် သက် ကို ခုတစ်ခါတည်း မသေမရှင် လုပ်ထားလိုက်၊ မဟုတ်ရင် မရမနေ သွားမှာပဲ၊ ရှင့်နားမှာ မနေဖို့ ဆုံးဖြတ်ပြီးသား .."

"ဟုတ်လား .. ဆုံးဖြတ်ချက်တွေက ဘာဖြစ်လို့ ဒီလောက်ခိုင်မာနေရတာလဲ"

အနားမှာကပ်ထိုင်လိုက်တော့ သက် က ဖင်ရွှေ့ထိုင်လိုက်ကာ...

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက အရမ်း ဆင်းရဲချို့တဲ့နေတဲ့ မိန်းမ ဖြစ်နေလို့"

သက် မျက်နှာလေးမှာ မာနရိပ်တွေအပြည့်နှင့်..၊ မျက်ရည်တွေကလည်း မစဲနိုင်။ ဒေါသတွေ၊ မျက်ရည်တွေနှင့် မီးရောင်အောက်မှာ နီမြန်းနေသည့်ပါးမို့လေးတွေက ပိုလှနေ၏။ သူမ ဘယ်လိုခံစားချက်တွေနှင့် မျက်ရည်တွေ ကျပြီးရင်း ကျ၊ ဒေါသတွေချည်း လှိမ့်ထွက်နေသလဲ သူ မသိ ..။

မြင်နေရသမျှမှာ သူမ ဘယ်လိုနေနေ လှနေသည်။ တစ်မှိန်မှိန်ကြည့်နေရင်း ပါးလေး ဆွဲလိမ်ပစ်ချင်၏။ ရင်ခွင်ထဲမှာ ကျုပ်သိပ်နေအောင်ပွေ့ဖက်ပြီး ရင်ခုန်သံတွေကို ငြိမ်ငြိမ်သက်သက်လေး နားထောင်ချင်နေသည်။ ဒီနေ့ သူ့အတွက် ဒီအခွင့်အရေးတွေရှိနေပေမယ့် မျက်ရည်တွေက မကုန်ခန်းနိုင် ..။

"ရေခါး .."



www.burmeseclassic.com

www.burmeseclassic.com



"ပြော .. မင်းပဲ ပြော .."

"ရှင် သက် ကို မနှိပ်စက်ပါနဲ့"

"ကျွတ်!.."

"ဒီကြိုးတွေ ဖြည်ပေးပါ၊ ရှင့်ရဲ့မဟေသီနေရာရွေးပွဲမှာ ခန့်ခန့်ညားညား နေရာယူဖို့ သက် မှာ အင်အားမရှိလို့ပါ၊ ကိုယ်တစ်ယောက်တည်း ဘယ်နေရာ ဘယ်ချောင်မှာပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ် သွားငိုနေပါရစေ၊ မလှဲ လို ဖိန်းမမျိုးနဲ့ သက် ကို ..."

"မင်း တော်တော့ .."

သူ ငြိမ်သက်နေသမျှ သူမရဲ့ ငြင်းဆန်မှုတွေက ပြီးဆုံးတော့မှာမဟုတ်။ အနားမှာ ဇွေ့ခနဲ ကပ်ထိုင်လိုက်သည်။ ပခုံးလေးကို ရင်ဘတ်နဲ့ကပ်သွားတဲ့အထိ ဆွဲဖက်လိုက်မိ၏။

"မင်းကို ပြိုင်ဘက်မရှိ ကိုယ် နေရာပေးခဲ့တာ၊ အခု မင်း ဘယ်သူနဲ့ ပြိုင်ဆိုင်နေရလို့လဲ"

"ဟင့်အင်း .. သက် သိတယ်၊ ရှင့်ရဲ့အရိပ်အောက်မှာ ကျွန်မဘယ်တော့မှ အေးချမ်းနိုင်မှာမဟုတ်ဘူး၊ ရှင့်ကို နှစ်သက်စွဲလမ်းခဲ့ကြတဲ့ မိန်းကလေးတွေရှေ့ကို ရောက်တိုင်း၊ ရှင့်ကို သမက်တော်ချင်ခဲ့တဲ့ သမီးရှင်တွေရဲ့ရှေ့ကို ရောက်တိုင်း .."

"ဟား!... ရှင်းရင်းနဲ့ ရှုပ်ကုန်ပြီကွာ"

သက် က နောက်ပြန်ချည်ခံထားရသည့်လက်ကို သူ့ရှေ့ရောက်အောင် ကျောပြင်လေး တစ်ခြမ်းစောင်းပေးကာ ...

"ဖြည်ပေးပါ၊ သက် ဒီလိုနေ့ကို ကိုယ်တိုင်ရင်ဆိုင်ရလိမ့်မယ်လို့ စိတ်ကူးထဲမှာလည်း မရှိခဲ့ဖူးဘူး၊ အခု လက်တွေ့ဖြစ်နေတဲ့အထိ အိပ်မက်မက်နေတာလို့ပဲ ထင်ထားတယ်၊ ရှင်နဲ့ ကျွန်မက အိပ်မက်ထဲမှာတောင် စိတ်ကူးယဉ်ခွင့်မရှိသင့်တဲ့ အဆင့်အတန်းတွေပါ၊ ဆင်းရဲတဲ့မိန်းကလေးနဲ့ လက်ထပ်ပြီး သူဌေးသားက သူဌေးလိုနေ၊ မိန်း





ကလေးက သူ့ဘဝနဲ့သူ သီးခြားဖြစ်၊ နောက်တော့လည်း ကွဲကြတာပဲ၊ ဒီလိုပုံပြင်တွေ အများကြီးပဲ၊ အဲဒါတွေ အခု သက် ပိုပိုပြီး နားလည်လာတယ်၊ ရှင် ရည်းစားများခဲ့ကာ အပြစ်မဟုတ်ပေမယ့် ရှင်ရွေးချယ်တဲ့မိန်းမက ကျွန်မဖြစ်နေတဲ့အတွက် သဘာဝလွန်ဖြစ်ရပ်မြောက်သွားတယ်၊ အဲဒီတော့ ..."

"အဲဒီတော့ မင်းပြောနေတာတွေပဲ မှန်နေတာပေါ့ .. ဟုတ်လား၊ ဒါဆို မိဘပေးစားလို့ စည်းစိမ်ချမ်းသာတဲ့လူချင်း လက်ထပ်ပြီး တစ်ယောက်တခြား ထင်သလိုနေ၊ သားသမီးတွေမွေးလာတော့လည်း ဖြစ်ချင်သလိုဖြစ်နေကြတာ ဘယ်လိုလုပ်မလဲ၊ အဲဒီ အိမ်ထောင်ရေးမျိုးတွေကျတော့ မင်း မကြားမိဘူးလား၊ ဒါတွေကျတော့ သဘာဝကျနေသလား"

ပြောနေရင်း ကျောပေးသလို လုပ်နေသည့် သက် ရဲ့ကိုယ်လေးကို ဆွဲသိမ်းဖက်ထားလိုက်၏။

"မင်းကို ကိုယ် စပြီးချည်နှောင်ခဲ့တာဟာ တစ်ရှူးတစ်စပေါ်မှာ အသည်းပုံလေးဆွဲပေးပြီး ချစ်တယ်၊ ချစ်လား သတင်းပေးကြတဲ့မျိုးမဟုတ်ဘူး၊ နှစ်ပါးသွားကကြရအောင်ဆိုပြီး လက်ကမ်းပေးရုံနဲ့ တူနှစ်ကိုယ် ချစ်ပွဲဝင်နိုင်ခဲ့တာရော ဟုတ်လို့လား၊ ခြေရာထင်တာချင်းတူရင်တောင် လျှောက်တဲ့လမ်းပေါ်မှာ ကွဲပြားသွားမှာပါကွာ၊ ကိုယ် ခြေရာထင်ခဲ့တာက မြေဖြူလို ဖြူနုတဲ့ မြေမှုန့်လေးတွေပေါ်မှာလေ၊ ဘယ်လိုလဲ သိလား .. အဲဒီပေါ်မှာလည်း ခြေရာကျန်ခဲ့တယ်၊ ကိုယ့်ခြေထောက်မှာလည်း ကပ်ပါလာခဲ့တယ်"

သက် ရဲ့ နားသယ်စပ် စိမ်းမြမြလေးကို သူ နမ်းလိုက်မိသည်။ သက် က စိမ်းကားစွာ မျက်နှာလွှည့်ပစ်၍ ...

"သက် ကို ဒုက္ခမပေးပါနဲ့"

"အချစ်တွေပေးနေတာ ခါးသက်ချို၊ မင်း ကိုယ့်ကိုအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြချက်အမျိုးမျိုးနဲ့ ကွာရှင်းဖို့ ကြိုးစားမနေနဲ့ .. မရဘူး"

"ဟင့်အင်း .. ဒီကြိုးတွေ ဖြည်ပေး .."

"မပေးနိုင်ဘူး၊ မိတ်မချနိုင်သေးသရွေ့ .."

"ရှင့်ကို သက် မချစ်နိုင်ဘူး"

"မယုံဘူး"

"ရှင်နော် .."

သူ အတင်းဖက်ထားကာ နမ်းဖို့ချည်း ကြိုးစားနေသဖြင့် သက် တစ်ချက်လေးမှ ငြိမ်ငြိမ်မနေရဲဘဲ နောက်ဆုံးမှာ ကိုယ်ကို ရွှေ့ထိုင်ပစ်မိ၏။ ရေခါး က စိုက်ကြည့်ပြီး မချိုမချဉ် မဲ့၏။

"လုံးဝ ထွက်ပြေးဖို့စကား မကြားရအောင် မင်းကို ပညာပေးမှ ဖြစ်မယ်"

သူ နေရာမှ ပြန်ထရပ်ကာ ရှပ်အင်္ကျီကြယ်သီးတွေကို အကုန်ဖြုတ်ပစ်လိုက်၏။ သက် အထိတ်တလန့်နှင့် ခြေထောက်ချင်း အတင်းပွတ်ကပ်တိုက်၍ ချည်ထားတာကို ရအောင်ဖြုတ်သည်။

ခါးပတ်ကြိုးမို့ သူမ မနာအောင် သေချာမချည်ခဲ့တာဖြစ်သည်။ ပြုတ်ထွက်သွားမှ ရေခါး က ငုံ့ကြည့်ကာ ဟွန့်ခနဲ ရယ်သည်။

"ပြုတ်သွားပြီလား .. လုပ်လေ၊ ပြေးလို့ရပြီထင်ရင် ထပ်ကြိုးစားကြည့်၊ မင်္ဂလာဦးညမှာ မိန်းမကို ခြေထောက်ရိုက်ချိုးပြီး ပေါင်းသင်းလိုက်ရတဲ့ ရာဇဝင်သစ်လေး တွင်သွားတာပေါ့"

သူ ပြန်ထိုင်လိုက်သည်နှင့် သက် က ပခုံးလေးတိမ်း၍ နေရာပြင်ဖို့ ကြိုးစားပြန်သည်။ ရေခါး က သူမနဲ့ ပခုံးချင်းထပ်ခံထားလိုက်ပြီး ရယ်ကျဲကျဲမျက်နှာနှင့် ...

"မချစ်ဘူးဆိုပြီး တစ်ချောင်ချောင်မှာ ဘာလို့ သွားငိုနေမှာလဲ"

မေးပြီး ပခုံးချင်းတိုက်ပစ်လိုက်သဖြင့် သက် ကိုယ်လေး စောင်းသွားသည်။





"ကိုယ် တစ်ယောက်ပြီးတစ်ယောက် ခေါ်လာမှာကို ထိုင်ကြည့်ပြီး စိတ်ဆင်းရဲခံမယ့်အစား ဘဝပျက်သွားပစေဆို၊ ဘဝပျက်ရမှာထက် ကိုယ့်ကို သဘန်တိုနေတာ မချစ်နိုင်လို့လား"

သက် ဘာမှမဖြေနိုင်ဘဲ သူ့ကို စိတ်ဆင်းရဲသွားသည့် မျက်ဝန်းလေးတွေနှင့် ကြည့်နေလျှင် သူ့ရင်ထဲမှာ ကြင်နာခြင်းတွေ တစ်ရစ်ရစ် တိုးပွားလာခဲ့လျက် ...

"အမေ့!.."

သက် ကိုဖက်၍ ခေါင်းအုံးပေါ်မှာ အသာလေး လှဲသိပ်လိုက်၏။

"ရေခါး .. ရှင် ..."

မျက်ဝန်းတွေ ဝိုင်းဝိုင်းလည်ကာ သက် ထိတ်ထိတ်ပျာပျာဖြစ်သွားတော့ သူ့ရယ်သံက လှကို အသက်မြန်မြန်ထွက်အောင် နှိပ်စက်သလိုရှိလျက် ...

"အို .. ဘာလုပ်တာလဲ"

သူ့လက်တစ်ဖက်က သက် ရဲ့ ခါးလှလှလေးကို လျှိုသွင်းလိုက်သဖြင့် ဘာမှလည်း မတုံ့ပြန်နိုင်ဘဲ လန့်ဖျန့်အော်မိ၏။ ရေခါး က အသံထွက်အောင် ရယ်ကာ ...

"ကြိုးဖြည်ပေးမလို့လေ၊ ဘာဖြစ်တာလဲ"

"ဟင့်အင်း .. ဟင့်အင်း .."

သက် ရှက်ရှက်နှင့် ဘာတွေပြောမိမှန်းမသိ။ ကိုယ့်မျက်နှာပေါ်မှာ စီးမိုးကျနေသည့်မျက်နှာကြီးကိုလည်း စေ့စေ့မကြည့်ရဲဘဲ ခေါင်းပဲခါနေမိသည်။

"ဘာလဲ .. ဖြည်မပေးရဘူးလား"

"မဟုတ်ဘူး .. ဟင့်အင်း .."

"ဟား .. ဟား ..."

သူ ရယ်လေ .. ရင်တွေ ပရမ်းပတာ ဆောင့်ခါ ခုန်ပေါက်လျက်



www.burmeseclassic.com

www.burmeseclassic.com



သက် ငိုချင်လာလေ။ တွန်းထိုးထုရိုက်ပစ်ရအောင် လက်က မအား။ လှိမ့်ဖယ် ထွက်ပြေးဖို့လည်း လူက လှုပ်လို့တောင် မရပေ။

"ရှင်နော် ..၊ ကဲ .. အဲဒီလိုကြီးရယ်နေပြီး လူကိုမနှိပ်စက်နဲ့ .. သိလား၊ ဖယ်ပေးဆို ပေး .. ဖယ်"

"ဘာလို့ဖယ်ရမှာလဲ၊ ဒါ မင်္ဂလာဦးည"

"ရှင့်လက်ကြီးကို မြန်မြန်ရုပ်ပေးစမ်းပါ"

"ဖြည်ပေးနေတာလေ၊ ကြည့်လုပ်ရတာမှ မဟုတ်တာ .."

တမင်နှိပ်စက်နေမှန်း သိသည်။ ကြိုးဖြည်ပေးတယ်ဆိုပြီး ကြိုးလည်း ပြေသွားလား၊ မပြေသေးဘူးလားမသိဘဲ လက်တွေကို သူ ဖိဆုပ်ထားမှန်းတော့ ခံစားမိနေ၏။

"ကိုယ်ပြောနေတာတွေကို ယုံလား"

"ဘာလဲ .. ရှင် လူကို ကြိုးတုပ်ထားပြီးတော့ .."

"မင်းကို သတိပေးတာပဲ၊ ကဲ .. မေးတာကို ဖြေစမ်းပါ၊ မင်းကို ကိုယ် အားလုံးနဲ့ လုံးဝမတူဘဲ မြတ်နိုးတယ် .. တန်ဖိုးထားတယ်..၊ ရာသက်ပန် ကြင်ကြင်နာနာနဲ့ ပေါင်းသွားမယ်၊ အဲဒါတွေကို ယုံလား၊ မယုံဘူးလား"

သူ့မျက်နှာ တဖြည်းဖြည်း ငုံ့ကျလာကာ သူ့မျက်လုံးတွေက နှုတ်ခမ်းဆီရောက်လိုက် .. မျက်နှာပြင် .. နားသယ်ဆံစပ်တွေကအစ လည်တိုင်မေးဖျားအထိ စုန်ချည်ဆန်ချည် ကူးလူးနေ၏။

စကားပြောတိုင်း နှုတ်ခမ်းဖျားက လေနွေးတွေ ပြေးဟပ်နေသေးသည်။ သူ့ကို စကားပြန်ပြောမလို့ကြိုးစားရင်း သက် ပဲ မျက်နှာကို ဟိုလွှဲဒီလွှဲနှင့် မအောင်မြင် ..။

"ဟော့ .. မေးနေတယ်ကွာ"

သူ့ကို မချစ်ဘဲနဲ့ လိမ်ညာယူခဲ့တာလို့ သက် ထင်ခဲ့တာ မဟုတ်ပါ။ လက်ထပ်ယူတဲ့အထိ တွဲထုတ်ခေါ်ခဲ့တာဟာ ချစ်လို့ပဲဆိုတာ သိ





သည်။ ကိုယ်သာလျှင် ကွာခြားလွန်းသည့် အဆင့်အတန်းဆိုတာကို အရှုံးပေးချင်နေခဲ့တာ ဖြစ်သည်။ ထို့ကြောင့် မေးနေတာကို မဖြေနိုင်ဘဲ သက် မျက်လုံးအကြောင်သားနှင့် ..၊

"မဖြေဘူးလား .. မင်း ကိုယ့်ကို လူရုပ်လူပွေတစ်ယောက်ဆိုတာ ထက်ပိုပြီး လုံးဝ အထင်မကြီးနိုင်ဘူးလို့ အသံတိတ်ပြောနေတာပေါ့"

"မဟုတ်ဘူး"

"ဒါဆို ဘာလဲပြော"

"ကြောက်နေတာ .."

သူက ပြုံးလိုက်ပြီး ...

"သိသားပဲ .. မင်း ကိုယ့်ကို ချစ်တယ်ဆိုတာ၊ ဒီမှာ အသေမှတ်ထားလိုက်၊ ဘာမှကြောက်စရာ မလိုဘူး"

သူ့မျက်ဝန်းတွေက ခုတော့လည်း မြတ်နိုးမှုများနှင့် နူးညံ့နွေးထွေးနေကာ အပြုံးတွေကလည်း ခန့်ညားနေပြန်သည်။ ပြီးတော့ သက် ရဲ့မေးဖျားလေးကို ညင်သာသော အနမ်းတစ်ပွင့်ဖြင့် ...

"လွမ်းအောင် ဆိုတဲ့ကောင်က ကိုယ့်ကို မသိမသာပြိုင်ရင်း ညစ်ပွဲတစ်ခုနဲ့ အနိုင်ယူခဲ့ဖူးတယ်"

အဲဒီအကြောင်းတချို့ကို သက် ကြားခဲ့ပြီးမှန်း သူက မသိဘဲ ရှင်းပြနေသည်။

"ဒီပွဲကြောင့် မင်းနဲ့ကိုယ် ဆုံခွင့်ရခဲ့တာ ကျေးဇူးတင်စရာပဲ၊ ဒါပေမယ့် ကြိုတင်ကြံစည်ပြီး အောင်မှတ်ရပြီးသားပွဲကို ကိုယ်က ဘဝနဲ့ရင်းပြီး သစ္စာကြီးခဲ့မိတာ၊ အဲဒါကိုတော့ ကိုယ် တကယ်တင်းတယ်"

သူ ဘယ်လောက်ထိ ထိခိုက်ခံစားခဲ့သလဲဆိုတာ မျက်နှာမှာ ချက်ချင်း အရိပ်ထင်၏။ ဒါပေမယ့် ပင့်သက်ရှိုက်လိုက်ရင်း ပြေပြစ်ဖို့ ကြိုးစားကာ ...

"ပြိုင်ဘက်နဲ့ အနိုင်လုပြောကြတဲ့စကားတွေထဲမှာ ကိုယ် ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေပြောပြော ကိုယ့်ဘက်ကတော့ တရားတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘာကောင် ဖြစ်သွားသွားကွာ ..''

''သက် သိပါတယ် .. ဒါပေမယ့် ရှင့်ရဲ့သုံးပါးသွားကဖို့ ဖယား ကြီး ခင်းပြလိုက်တာက ရှင့်ကို ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် လက်မှတ်ထိုးမှာ ပဲလို့ ဆုံးဖြတ်ခဲ့တဲ့ မလဲ့ နဲ့ ယှဉ်တွေးလိုက်တော့ ..''

''တော်ပြီ''

''ဟုတ်တယ် .. သူ့ကို သက် မယှဉ်ရဲဘူး''

''ဘယ်သူနဲ့မှ ယှဉ်စရာမလိုဘူး၊ ကိုယ့်ကိုယ်ကိုယ် ပြိုင်လမ်းပေါ် က လူလို့ မမှတ်ဘဲ ကိုယ့်ဘဝအတွက် ပန်းဝင်ကြိုးကလေးလို့ မှတ် ထား၊ ကိုယ့်ရဲ့အောင်မြင်မှုကို ဖဲကြိုးဖြတ် အသိအမှတ်ပြုပေးမယ့် လက်ပိုင်ရှင်''

သူ အထပ်ထပ်ရှင်းပြပြီး ချော့မော့နေလည်း သက် မျက်နှာလေး ညိုနေတာက ပြုံးကြည်လာတာမျိုးမဖြစ်ဘဲ နမ်းလိုက်တော့ မသိမသာ လေး တိမ်းရှောင်သွား၏။

''ယုံချင်လိုက်တာ .. သက် လေ .. ကိုယ့်ရဲ့အနာဂတ်ကို မြင်ချင် တယ် သိလား''

''ဒါဆို မင်းပိုင်တယ်လို့ထင်ခဲ့တဲ့ အနာဂတ်မျိုး ကိုယ်ဖန်တီးပေး မယ်''

''ဘယ်လို ..''

သက် က လက်ကိုရုန်းလိုက်ရင်း မျက်နှာလေးမဲ့သွားကာ ...

''ကြိုးပြေသွားပြီမို့လား၊ နာနေပြီ .. ဒီမှာ ..''

''ကိုယ့်ကို တွန်းဖယ်ငြင်းဆန်ဖို့ မကြိုးစားနဲ့နော်၊ ငြိမ်ငြိမ်လေး နေ''

သူ လွှတ်လိုက်မှ ခါးအောက်မှာ ခုခံနာကျင်နေသည့်လက်တွေ သက်သာရာရသွားခဲ့သည်။ ရေခါး က ထိုလက်ကလေးတွေကိုပဲ ဖွဖွ





လေး ထပ်ဆုပ်ကိုင်ကာ...

''ပြောပြမယ် .. နားထောင်၊ မင်းနဲ့ကိုယ် ဟိုအရင်နေခဲ့တဲ့ အိမ် ကလေးကို ပြန်နေမယ်''

''ဟင်!... ဘယ်လို ..''

ညှိုးငယ်နေသည့် သက် မျက်နှာလေး ပြုံးပြက်လက်သလိုဖြစ် သွားတော့ သူ ပြုံးလိုက်မိသည်။

''ဟန်ဆောင်ပန်ဆောင် သွားနေမှာမဟုတ်ဘူး၊ တကယ် ခြေ ဗလာ၊ လက်ဗလာနဲ့ ချစ်တဲ့သူရဲ့လက်တစ်ဖက်ကိုဆုပ်ပြီး ဘဝ အတွက် တိုက်ပွဲဝင်မှာ''

သက် နှုတ်ခမ်းလေးပြုံးသွားသည်။ ဝမ်းသာလွန်းလို့ မဟုတ်ပါ။ ဒီတစ်ခါ လှောင်ရယ်ခွင့် အလှည့်ရသွားသလို.. ရယ်စရာ ပြက်လုံးတစ်ခု ကို ကြားလိုက်ရတာမျိုး...၊ ရေခါး ကလည်း သူမနဲ့ထပ်တူ ပြုံးကာ...

''မယုံရင် မင်း ဒီည မျက်လုံးတွေမှိတ်လိုက်၊ မျက်လုံးတွေပြန်ဖွင့် လာတဲ့အခါ ပထမဆုံး မြင်ရမယ့်မြင်ကွင်းက ချည်ကြမ်းပုဆိုးတိုတို၊ အင်္ကျီနွမ်းနွမ်းနဲ့ကောင် မင်းရဲ့ဘေးမှာ ရှိနေလိမ့်မယ်၊ မင်းရဲ့လက်တစ် ဖက်ကို ဆုပ်ကိုင်မိတာနဲ့ ဒီကနေ အတူတူထွက်မယ်၊ ကိုယ့်ရဲ့ဘဝထဲကို မင်းကိုယ်တိုင် ဝင်ရဲပြီဆိုတဲ့အချိန်ထိ .. တစ်သက်လုံးပဲ ဖြစ်ဖြစ်ကွာ၊ မင်းရဲ့ဘေးမှာ ကြည်ဖြူမြတ်နိုးစွာနဲ့ ကိုယ် ရှိနေမယ်၊ ဘယ်လိုလဲ..''

သက် ရဲ့မျက်နှာမှာ အပြုံးတွေ ဖြည်းဖြည်း ယုတ်လျော့လာခဲ့ ရင်း ရေခါး ရဲ့မျက်ဝန်းတွေထဲမှာ တကယ်လား .. ကျီစယ်ပြောနေတာ လားဆိုတာကို ရှာဖွေမိလာ၏။ တကယ်ပြောနေမှန်း နားလည်လာ လေ၊ မယုံနိုင်အောင် ဖြစ်ရလေ ...။

''ရှင် .. ရှင် .. တကယ်ပြောနေတာလားဟင်''

''ဒီညနဲ့ မနက်ဖြန်လေးကို ညာပြောနေတယ် ထင်တယ်၊ မင်း မျက်လုံးတွေကို မှိတ်လိုက်တော့၊ ဒါမှ မနက် မြန်မြန်ရောက်သွားမှာ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောသလိုမဟုတ်ခဲ့ရင် ကိုယ့်ကို မုန်းလို့ ရပြီ''

သက် ဝမ်းသာလွန်းလို့ ငိုချင်သလိုကြီး ခံစားလာမိသည်။ ကြည်နူးမိခဲ့သောစိတ်က သူ့ရဲ့လည်တိုင်ကို လက်နှစ်ဖက်နဲ့ ကတုန်ကယင် ဖက်ထားလိုက်မိတဲ့အထိ ..။

''ယုံပြီလား''

''အင်း ...''

''ဒါဆို ကိုယ်နမ်းရင် မရှောင်နဲ့တော့နော်''

သက် မျက်ဝန်းလေးတွေမှာ မျက်ရည်စတို့ ဝေ့ဝဲလျက်နှင့် သာသာလေး ပိတ်ကျသွား၏။ ရေခါး မျက်လုံးတွေမှိတ်ကာ မေ့မူးရင်ခုန်ဖို့ အဆင်သင့် ဖြစ်နေခဲ့စဉ် ...

''ဖေကြီးက အန်တီ့ကိုပြောသလိုတော့ .. ဟား!...''

တံခါးမပိတ်ခဲ့မိတာ သူ့အမှား ..၊

ကိုချစ် က ကွယ်ရာကနေ အားလုံးနားထောင်နေပြီးမှ လက်မခံနိုင်သည့်စကားကို ချေဖျက်ဖို့ တံခါးဝမှာ ပေါ်တင်ရပ်၏။ ဒါပေမယ့် အခန်းထဲကမြင်ကွင်းကြောင့် မျက်လုံးတွေ ဝိုင်းသွားသည်။ ပြီးတော့ ဟီးခနဲရယ်ကာ ခေါင်းလေးကုတ်ရင်း ထွက်လည်း မသွား ..။

''ဟိတ်ကောင် .. သွားလေ .. မင်း ..''

''သွားမှာပါ .. အန်တီ့ကို ဖေကြီးပြောနေတာ တကယ်ဖြစ်မှာဆိုရင် သားလည်း လိုက်မှာလို့ ပြောမလို့''

''ကျွတ်!.. အရေးထဲမှာ၊ ပြေးကန်လိုက်ရရင် ကန်တော်ကြီးထဲ တစ်ခါတည်းရောက်သွားတော့မယ်''

နှစ်ယောက်စလုံး အိပ်ရာပေါ်ကနေ လူးလဲထထိုင်မိကြပုံက မြွေပွေးတွေ့လိုက်တာထက် ဆိုးသေးသည်။

သက် က သူ့ကျောနောက်မှာ ကွယ်ကပ်နေတာ ဇက်လေးတောင် ပုနေရှာ၏။ ခွေးသူခိုးလေးက အလိုက်ကမ်းဆိုး မသိ ..။





''အန်တီ့ကိုလည်း နောက်ဆို မေကြီးလို့ခေါ်မှာလို့ သားပြောပြီးပြီနော်၊ အန်တီ .. အန်တီ .. ကြားရဲ့လား ..''

ကွယ်နေတဲ့လူကို မျက်နှာလိုက်ရှာကြည့်ဖို့ ကိုချစ် က အခန်းထဲကိုတောင် ခြေလှမ်းကျွံ၍ ကုန်းကွ ရှာဖွေသေးသည်။

''တကယ်သွားကြမှာဆို သားကိုလည်း ခေါ် ..''

''တော့က် .. ချစ်ကိုကိုချစ် ..''

''ဗျာ ..''

''ပြန်မထူးနဲ့ .. သွားတော့ ..''

''ဖေကြီးတို့က သားကို ခေါ်မှာလား ..''

''ဟား!... မမ .. မမ .. ဘယ်မှာလဲ''

''အို!... ကိုကလဲ ..''

ရေခါး အသံပြဲကြီးနဲ့အော်ခေါ်တော့ သက် က နောက်ကနေ ခါးကိုလိမ်ဆွဲသည်။ ဒါပေမယ့် မလတ် က အခန်းရှေ့ရောက်နေပြီဖြစ်ကာ...

''ဘာတွေဖြစ်တာလဲ၊ ဟော .. သားသား ဒီမှာ .. ကြည့်စမ်း''

''မမသား ဒီမှာ လာရှုပ်နေတာ ..''

''ဖေကြီးသားပါ''

''တွေ့လား .. မျက်နှာပြောင်နေတာ ..''

''မဟုတ်ဘဲနဲ့ .. ဖေကြီးနော်''

ဆူမလို့ ဟန်ပြင်နေသည့် မအေကိုမော့ကြည့်ကာ ကိုချစ် က လည်သည်။

''ဖေကြီးနဲ့ အန်တီ တိုင်ပင်နေတာ သားက ကြားလို့ မေမေ၊ မနက်ကျရင် ဒီကနေထွက်သွားပြီး ဟိုအိမ်ကလေးမှာ သွားပြန်နေမယ်တဲ့''

''အိုကွယ် .. မဟုတ်တာ ..''

''အန်တီ ကြောက်နေလို့တဲ့ မေမေ၊ ဟိုမှာပဲ တစ်သက်လုံး သွား



www.burmeseclassic.com

www.burmeseclassic.com



နေတော့မယ်တဲ့ ..''

''ကို .. ချစ် ..''

''ဖေကြီး မဟုတ်လို့လား''

''ခွေးစုတ်လေး .. ချောင်းနားထောင်နေတာ .. ကြည့်စမ်း''

''ချောင်းတာ မဟုတ်ပါဘူး၊ အန်တီ့ကို ဖေကြီး ပွေ့ချီခေါ်လာတာ မြင်လို့ သားက အန်တီ ဘာဖြစ်တာလဲလို့ လိုက်ကြည့်တာပါ၊ စိတ်ပူလို့ဥစ္စာ ..''

စကားတတ်တိုင်း ပြောနေသမျှ ရေခါး တို့ ပိတ်လို့လည်း မရ၊ ဘယ်လိုဖြေရှင်းရမှန်းလည်း မသိဘဲ မျက်နှာတွေနီလျက် အထာမကျဖြစ်ကုန်၏။

''မေမေနော် .. ဖေကြီးနဲ့ သားသား နေရမှာဆိုရင် ဖေကြီးသွားတဲ့နောက် သား လိုက်ရမှာပေါ့ .. ဟုတ်တယ်မို့လား''

''အင်းပါ သားရယ်''

မလတ် က အခြေအနေကို သုံးသပ်မိသွားပြီမို့ မျက်နှာလေးကွယ်နေသည့် သက် ကို လှမ်းကြည့်လိုက်ပြီး ...

''ဘာကိုကြောက်ရမှာလဲ ညီမလေးရယ် .. ကြံဖန် ကြောက်ရအောင် ညီမတို့ဘေးမှာ ယောက္ခမ၊ ယောက်မ အတူတူကပ်နေကြမှာလည်း မဟုတ်ဘူး၊ ပေါ်ဘဒီ တိုက်ကြီး၊ ခြံကြီးထဲမှာ ညီမလေးတို့နှစ်ယောက်ပဲ နေကြရမှာ၊ မာမီတို့က ရောက်လာရင်လည်း ဧည့်သည်လိုနေ၊ ဧည့်သည်လိုပဲ ပြန်သွားကြမယ့်လူတွေ''

''မဟုတ်ပါဘူး မမရာ .. လောလောဆယ် သူ စိတ်လွတ်လပ်အောင် ခရီးထွက်သလိုမျိုးပါ၊ ကျွန်တော်လည်း အဲဒီနေရာလေးကို သတိရနေလို့ ..''

ရေခါး က မိန်းမကို မငြိုငြင်အောင် ကာကွယ်ဖို့ ကြိုးစား၏။ မလတ် မျက်နှာကလည်း ငြိုငြင်လို့ပြောနေတာမျိုးတော့ မဟုတ်ပါ။





''ရုံးမြေကနွားတို့၊ ရဲစခန်းတို့ဆိုတာ ထွက်ပြီးရင် ပြန်လှည့်မကြည့်ကောင်းသလို ဆင်းရဲခြင်းဆိုတာလည်း ဒုက္ခပဲ၊ ဒုက္ခဆိုတာ လွမ်းသင့်တဲ့နေရာမှ မဟုတ်တာ၊ ညီမလေး ..''

တိုက်ရိုက်ခေါ်လိုက်တော့ သက် က မျက်နှာလေးမော့လာသည်။

''ပျော်ရမယ့်အချိန်မှာ အနှောင့်အယှက်ဖြစ်မှာတွေကို မတွေးပါနဲ့၊ ခါးလေး စိစဉ်သလို ဒီကထွက်သွားကြမယ်ဆိုရင် မိဘက ရင်ကျိုးပြီပေါ့ကွယ်၊ ညီမလေးကိုပဲ အထင်လွဲပြီးရင်း လွဲကုန်ကြမှာလေ၊ သူ့အမေနဲ့ပြေလည်ချင်ရင် သူ့သားလေးကို တုန်နေအောင် ချစ်ပြလိုက်၊ ဒါဆို ပြီးပြီ''

မလတ် က သေချာပြောပြပြီးမှ သားကိုလက်ဆွဲပြီး ထွက်သွားသည်။ ဒါတောင် ကိုချစ် က လက်ကြားထဲက နောက်ပြန်လှည့်ကြည့်သွားလေသည်။

''ဘာမှန်းလည်း မသိဘူး၊ သူ့ကြောင့် ..''

ရေခါး ဒီတစ်ခါ မမေ့မလျော့ တံခါးပိတ်သည်။ သက် က ဆံပင်တွေ သပ်ရပ်အောင် ဖိသပ်ချရင်း နှုတ်ခမ်းစူ၏။

''ဘာ .. သူ့ကြောင့်လဲ''

''ကလေးပဲဟာ၊ ဘာဖြစ်လို့ မမကို လှမ်းခေါ်ရတာလဲ''

''မအေရောက်လာတာတောင် ခင်ဗျားရဲ့ ဝမ်းမနာသားလေးက ပြောဆိုကောင်းလို့လား''

''ရှင်ကိုက အသံပြတာ ..''

''ဘာရှင်လဲ .. ခုနက 'ကို'လို့ခေါ်တာ ကြားလိုက်တယ်နော်၊ ဒီတစ်ခါ ရေခါး လို့ ကြားရင် တွေ့ပြီ''

''ဘာတွေ့တာလဲ''

''သိချင်လား''

''ဟာ!... ရေခါး .. သွား ..''



www.burmeseclassic.com

www.burmeseclassic.com



"ပါလာပြန်ပြီ"

"မပါတော့ဘူး .. နည်းနည်းလွှတ် .."

"မလွှတ်နိုင်ဘူး .. ခုနကလို ငြိမ်ငြိမ်လေး ပြန်နေပေး"

"မရဘူး .. ခုနကနဲ့ ခုနဲ့ ဖီးလ်မတူတော့ဘူး"

"ဘာ!..."

"အား!... ရှင်နော် .. လက်ကျိုးတော့မယ်"

သက် လက်နာသွားကာ ကိုယ်ပါလန်ကျသွားသဖြင့် သူ့ရင်ခွင်ထဲမှာ မော့မော့လေး ဖြစ်သွား၏။

"မတူတော့ဘူးလို့ ပြန်ပြောဦးမှာလား"

သက် မျက်နှာလေး မဲ့လည်းမဲ့နေကာ ရယ်လည်း ရယ်မိရင်း

"ဟင့်အင်း .."

"ချစ်လား .."

"အင်း .."

"ဘယ်လောက်ချစ်လဲ .."

"အရမ်းချစ်တယ်"

"ဘယ်အချိန်ထိလဲ"

"သုံးပါးသွား'က'မယ်လို့ ရှင် မပြောမချင်း .."

"ဘယ်တော့မှ မပြောဘူး .. ကြောက်လွန်းလို့၊ ခင်ဗျားကို ..."

ရွှံ့ပြောလိုက်တာကိုလည်း ကျေနပ်သည်။

မျက်နှာကြီးတည်သွားတာကို ပြန်ပြုံးလာအောင် သက် သူ့ရဲ့ကျောပြင်ကို ပြန်လည်ဖက်ထားမိရင်း ...

'ကို့ ကို သက် အရမ်းချစ်တယ်' လို့ ...။

လရောင်ကျူးရှင့်



BURMESE CLASSIC .com

www.burmeseclassic.com